PERFUME

The Story of a Murderer

PATRICK SÜSKIND

လင်းခန့်

မြန်မာပြန်

ရေမွှေး

ဒုတိယအကြိမ်

Whisper Of Words

https://t.me/TheBookR

ရေမွှေး

ဘာသာပြန်ဝတ္ထု

လင်းခန့်

Perfume

The Story Of a Murderer

E-Books

ပုံနှိပ်မှတ်တမ်း

ရေမွှေး(လင်းခန့်)

E-Books Creator• Whispers of Words

OCR • Lynn Thu

စီစဉ်သူ • Whisper of Words

© (လင်းခန့်)မူပိုင်ဖြစ်ပါသည် (စာရေးသူခွင့်ပြုချက်မရှိပဲ-ဖြန့်ဝေခြင်း၊ ရောင်းချခြင်း၊

သွယ်ဝိုက်အကျိုးစီးပွားအတွက် အသုံးပြုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းများ မပြုလုပ်ရ)

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြား လာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။

ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။

ထိုအခက်ခဲများကို ကျနော်တို့တတ်နိုင်သည့်ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့် ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက်

လုံးဝ (လုံးဝ) အသုံးမပြုပါ။

“စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်”

စာပေထုတ်ဝေသူတို့နှင့် ဆရာ၊ ဆရာမများ အနေဖြင့် မြန်မာနိုင်ငံအတွင်းက e-Books Market အတွက်ကိုလည်း ဖြည့်ဆည်း ပေးနိုင်ရန် အကြံပြုလိုပါသည်။ eBooks Digital Market ဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာ ရှိနေပါပြီ။

Digital Product ဖြစ်သည့်အတွက် ဆရာ၊ ဆရာမများ အတွက်လည်း ပိုမိုအကျိုးများပါသည်။

ကျွန်ုပ်တို့ ယခုကဲ့သို မူပိုင်ခွင့် ချိုးဖေါက်နေမှုများကိုလည်း လိုအပ်ချက်အရဟု နားလည် ခွင့်လွှတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများ ဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည် ပေးကြပါရန် ပန်ကြား တောင်းဆိုအပ်ပါသည်။

“စာဖတ်သူများသို့ ပန်ကြားချက်”

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ eBook ဖတ်ပြီးလို့ “ကြိုက်နှစ်သက်တယ်” စာရေးသူများအား “အသိမှတ် ပြုသင့်တယ်” လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူ အားပေးကြပါ။

စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ် နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံ စာပေလောက အတွက် အနာဂတ် ကလေးငယ်များ အတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း (Ebook ရှိလျှင်) Ebook များကို အဓိက ဖတ်ကြပါသည်။

ပြီးလျှင် စာရေးဆရာတို့အား “အသိမှတ်ပြုသောအားဖြင့်” တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။

ထို့ကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူ အားပေးကြဖို့ တိုက်တွန်းပါသည်။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

WHISPER of WORDS

လင်းခန့်

အမည်ရင်းမှာ ဝေယံဖြိုးဖြစ်သည်။ ၁၉၈၉ ခုနှစ် ဇန်နဝါရီလတွင် အဖ ဦးတင်မောင်ဝင်း၊ အမိ ဒေါ်သန်းသန်းဆွေတို့မှ ဖျာပုံခရိုင်၊ ကျိုက်လတ် မြို့နယ်တွင် မွေးဖွားသည်။ ၂၀၀၅ ခုနှစ်တွင် ကျိုက်လတ်မြို့၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်း အောင်မြင်ခဲ့သည်။

၂၀၀၉ ခုနှစ်တွင် မအူပင်တက္ကသိုလ်မှ B.C.Tech ဘွဲ့ ကို ရရှိခဲ့သည်။ ၂၀၁၈ ခုနှစ်၊ မတ်လတွင် ကျော်စွာ(ဆေး-၂)၊ ကောင်းမြတ်လွန်းသော် တို့နှင့်အတူ "ကမ္ဘာကျော်တို့၏ ဝတ္ထုတိုများ"စာအုပ်တွင် ဘာသာပြန်ဝတ္ထုတိုများ စတင်ရေးသားခဲ့သည်။ ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် ပထမဆုံး ဘာသာပြန် ဝတ္ထုအဖြစ် Patrick Ness ၏ A Monster's Call ကို "သစ်မိစ္ဆာခေါ်သံ"အမည်ဖြင့် ကံ့ကော်ဝတ်ရည် စာအုပ်တိုက်မှ ထုတ်ဝေခဲ့သည်။ လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရန်ရိမြို့တွင် နေထိုင်သည်။

မိတ်ဆက်

ဂျာမန်စာရေးဆရာ ပက်ထရစ်ဇုစ်ကင့်ခ်ကို ၁၉၄၉ ခုနှစ် မတ်လ ၂၆ ရက်မှာ မွေးသည်။ ဖခင်မှာ စာရေးဆရာနှင့်ဂျာနယ်လစ်ဖြစ်၍ မိခင်မှာ အားကစားနည်းပြ ဖြစ်သည်။ သူသည် မြူးနစ် တက္ကသိုလ်တွင် အလယ် ခေတ်နှင့် ခေတ်သစ်သမိုင်းဘာသာရပ်ကို သင်ကြားခဲ့သည်။ သို့သော် ပြီးဆုံးသည့်တိုင် တက်ရောက်ခဲ့ခြင်း မရှိချေ။ နောက်ပိုင်းတွင် မိဘများ၏ ထောက်ပံ့မှုဖြင့် ပါရီသို့ ပြောင်းရွှေ့နေထိုင်သည်။

၁၉၈၀ ပြည့်နှစ်တွင် ပထမဆုံး ရေးခဲ့သော The Double Bass အမည်ရှိ ပြဇာတ်မှာ ၁၉၈၄-၈၅ နှစ်နှစ်အတွင်း၌ အကြိမ်ပေါင်း ၅၀၀ ကျော် တင်ဆက်ကပြခဲ့ရသည်အထိ အလွန် အောင်မြင်ခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ပထမဆုံး ဝတ္ထုရှည် Perfume(Das Perfum ဟူသော ဂျာမန်အမည်ဖြင့်)ကို ထုတ်ဝေသောအခါ နိုင်ငံတကာ အထိ ထိုးဖောက်အောင်မြင်သွားသည်။ ဤဝတ္ထုဖြင့် စာပေဆုပေါင်းများစွာ ရရှိခဲ့သော်လည်း အများစုကို ပက်ထရစ်ကိုယ်တိုင်က ဆုယူဖို့ ငြင်းဆန်ခဲ့သည်။ သိုသိုသိပ်သိပ်သာ နေထိုင်တတ်သဖြင့် သူ့အကြောင်းကို လူသိပ်မသိကြချေ။

Perfume သည် နှစ်ဆယ်ရာစုအတွင်း ရောင်းအားအကောင်းဆုံး ဂျာမန်စာအုပ်များအနက်မှ တစ်အုပ်ဖြစ်သလို ဘက်ဆဲလား စာရင်းတွင် ကိုးနှစ်ကြာအောင် ဗိုလ်စွဲထားခဲ့သည်။ ဘာသာပေါင်း ၄၉ မျိုးသို့ ပြန်ဆိုခဲ့ပြီး ကမ္ဘာတစ်ဝန်း အုပ်ရေသန်း ၂၀ ကျော် ရောင်းချခဲ့ရသည်။

Perfume ဝတ္ထုကို နှစ်သက်ကြသဖြင့် တေးသီချင်းအဖြစ် အမြောက်အမြား ရေးစပ် သီဆိုခဲ့ကြရာ နာမည်ကျော် အဆိုတော် ကာ့ထ်ကိုဘိန်းက ဤဝတ္ထုကို နှစ်သက်လှသောကြောင့် ဆယ်ကြိမ်လောက် ဖတ်ဖြစ်သည်ဟု အင်တာဗျူး တစ်ခုတွင် ဖြေဆိုခဲ့သည့်အပြင် ဝတ္ထုထဲက ဇာတ်ကောင် ယန်းဘပ် တစ်ဂန်နီကို အစွဲပြု၍ Scentless Apprentice ဟူသော အမည်ဖြင့် သီချင်းရေး စပ်သီဆိုခဲ့လေသည်။ Perfume ကို ၂၀၀၆ ခုနှစ်တွင် ဒါရိုက်တာ တွမ်တိုင်ကွာက ဘန်ဝစ်ရှော၊ ဒပ်စတင် ဟော့ဖ်မန်း၊ အလန်ရစ်ခ်မန်းတို့နှင့် ရုပ်ရှင်ရိုက်ခဲ့သည်။ လက်ရှိတွင် မြူးနစ် မြို့မှာ နေထိုင်၍ စာရေးသားနေဆဲ ဖြစ်သည်။

ဤ၀တ္ထုကို ဂျွန်အီးဝုဒ်စ်က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ရာ ၁၉၈၇ ခုနှစ်တွင် PEN Translation Prize ဆုကို ဆွတ်ခူးရရှိခဲ့သည်။ ဂျွန်သည် ဂျာမန်စာရေးဆရာ သောမတ်စ်မန်း၏ စာအုပ်များကို အဓိကထား၍ ပြန်ဆိုခဲ့သူ ဖြစ်သည်။ လက်ရှိတွင် ဘာလင်မြို့၌ နေထိုင်သည်။

*****

ပထမပိုင်း

အခန်း (၁)

လွန်ခဲ့သော နှစ်ပေါင်း ၁၈၀၀ ဝန်းကျင်က ပြင်သစ်ပြည်တွင် လူတစ်ယောက်ရှိခဲ့သည်။ သူ၏ ထူးခြားသော အထုံပါရမီကြောင့် ထိုခေတ်က ဒိတ်ဒိတ်ကြဲ နာမည်ကျော်များအနက် တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။ သို့သော် အနီပုဂ္ဂိုလ်သည် နာမည်ကောင်းနှင့် ကျော်စောခြင်းတော့ မဟုတ်။ အော့နှလုံးနာ ရွံရှာစက်ဆုပ်ဖွယ်၊ ကြောက်ရွံ့ ထိတ်လန့်ဖွယ်ကောင်းသောကြောင့် နာမည်ဆိုးနှင့် ကျော်ကြားခြင်း ဖြစ်လေသည်။ ထိုသူ၏အမည်ကား ယန်းဘပ်တိစ်ဂရန်နွီ ဟူ၏။

ပြင်သစ်သမိုင်းတွင် နာမည်ဆိုးနှင့် ထင်ရှားကြသူများရှိသည်။ ရာဂဘီလူးဟု သမုတ်ကြသည့် မားကစ်ဒီဆာ့ထ်၊ တစ်နိုင်ငံလုံးကို သွေးမြေကျစေခဲ့သည့် ပြင်သစ်တော်လှန်ရေးကြီးကို ဆင်နွှဲခဲ့သော လူဝီအန်တွိုင်း ဒီစိန့်ရုပ်၊ တစ်ကမ္ဘာလုံးကို စစ်မီးလျှံ ဟုန်းဟုန်းတောက်အောင် မွှေခဲ့သော နပိုလျံဘိုနာပတ်တို့နှင့် ယှဉ်လျှင်တော့ ယနေ့ခေတ်တွင် သူ့နာမည်ကို မည်သူမျှ အမှတ်ရကြမည် မဟုတ်ချေ။

ထိုသူများသည် မာန်မာန ထောင်လွှားခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း၊ လူသားတိုင်းကို မုန်းတီးစက်ဆုပ်ခြင်းတို့ကြောင့် ယုတ်ကန်းသည့် နေရာတွင် ဂရန်နွီ့ထက် ပို၍ နာမည်ကျော် သွားသဖြင့် လူအများက သူ့ကိုမသိကြခြင်း မဟုတ်။ မွေးကတည်းကပါလာသော သူ၏ပါရမီထူးနှင့် တစ်ကိုယ်တည်း နေထိုင်တတ်သော အလေ့အကျင့်ကြောင့် လူသားတို့ လက်လှမ်းမမီနိုင်သော ဂန္ဓာရုံလောကကြီးထဲ လွင့်ပါးပျောက်ကွယ်သွားသည့် ဂရန်နွီ့ကို မည်သူမှ မသိကြခြင်း ဖြစ်သည်။ ထို့ကြောင့် သမိုင်းစာမျက်နှာထဲတွင်လည်း သူ့အကြောင်း တစ်စွန်းတစ်စသော်မှ မကျန်ရစ်ခဲ့ပေ။

ထိုစဉ်က မြို့တော်ဟူသည်မှာ ယခု ကျွန်ုပ်တို့မြင်နေရသလို ခေတ်မီသော မြင်ကွင်းမျိုးနှင့် မဟုတ်ဘဲ ညစ်ပတ်နံစော်နေသော လူအများနှင့်သာ ရှုပ်ထွေးစည်ကားနေလေသည်။ လမ်းတို့သည် နောက်ချေးနံ့ စာသင်းသင်းနှင့် အုတ်တံတိုင်း၊ ဝင်းထရံများမှာလည်း ကျင်ငယ်နံ့ စွဲနေသည်။ အိမ်ရှေ့လှေကားထစ်များမှ မှိုစော်နံနေသည့် ပျဉ်ချပ်များက ကြွက်ချေးများဖြင့်

ပွထည်စ်ပတ်လျှက်။ မီးဖိုချောင်များတွင် ဂေါ်ဖီပုပ်နံ့နှင့် အစိမ်းလိုက် ခုတ်ထစ်ထားသော သိုးသား အဆီလွှာအနံ့များ ဖုံးအုပ်နေသည်။ ဖုန်ထူ၍ အောက်သိုးသိုး အနံ့ထွက်နေသော ဧည့်ခန်းကလည်း အသက်ရှုမဝစရာ။ အိပ်ခန်းများကား ကြေးညှော်များဖြင့် ချောကျိနေသော အိပ်ရာခင်းစများ၊ စိုထိုင်းထိုင်း မွေ့ရာများ၊ အညစ်အကြေး စွန်းသည့်အိုးများမှ ထွက်သော အော်ဂလီဆန်စရာ အနံ့စူးစူးများနှင့် မွှန်ထူနေသည်။

မီးခိုးခေါင်းတိုင်များက ညှော်နံ့တလှုလှု ထွက်နေသည်။ သားသတ်ရုံများက တိရစ္ဆာန်များ၏ သွေးစိမ်းနံ့ လှိုင်လှိုင်ထနေသည်။ အရေခွံခွာသော အလုပ်ရုံများမှ ကြေးချွတ်ဆေးနံ့များကလည်း ပြင်းထန်လှသည်။ လူတို့သည် ချွေးစော်ချဉ်စော် နံ့ဟောင်နေပြီး အင်္ကျီကိုလည်း တစ်ခါမှ လျှော်ဝတ်သည့်ပုံ မရကြ။ ပါးစပ်ဟလိုက်လျှင် သွားချေးအထပ်ထပ်နှင့် ညစ်ထည်းနေသော သွားများကို တွေ့ရသည်။ လူကြီးဆိုလျှင် ဗိုက်ခေါက်နားတွင် ကြွက်သွန်နံ့ နံ့သည်။ ကလေးဆိုလျှင် ဒိန်ချဉ်လိုလို ချဉ်စုတ်စုတ်အနံ့ ထွက်နေတတ်သည်။

မြစ်ရေကလည်း နံ့သည်။ ဈေးထဲမှာလည်း နံ့သည်။ ဘုရားရှိခိုး ကျောင်းကလည်း နံ့သည်။ တံတားအောက်ကလည်း နံ့သည်။ ဂိုဏ်းချုပ် ဘုန်းကြီး၏အိမ်က နံ့သလို ဘုန်းကြီး၏ ခန္ဓာကိုယ်ကလည်း နံ့သည်။ ဘုန်းကြီး၏ အနံ့လိုပင် ကျေးလက်နေ တောသူတောင်သားများ၏ ကိုယ်က လည်း နံ့သည်။ တပည့်လက်သားများ၏ ကိုယ်မှာမူ ၎င်းတို့ ဆရာသမား များ၏ ဇနီးမယားအနံ့မျိုး နံ့သည်။ မင်းမျိုးနွယ်ဝင် အထက်တန်းလွှာတို့၏ ကိုယ်မှာလည်း နံ့လှသည်။ ဘုရင်ကိုပင် အနံ့ခံကြည့်လျှင် ခြင်္သေ့တစ် ကောင်၏ အနံ့မျိုး ရမှာဖြစ်သလို ဘုရင်မကြီးကလည်း ဆိတ်အိုမကြီး တစ်ကောင်၏ အနံ့မျိုး ထွက်နေပေလိမ့်မည်။ ဆင်းရဲချမ်းသာ လူတန်းစား မရွေး၊ ရာသီမရွေး၊ နေရာမရွေး လူတိုင်းလိုလို နံ့စော်နေကြသည်။

ထိုအချိန်က သစ်သီးဝလံနှင့် သားငါးများကို ပုပ်သိုးဆွေးမြည့်စေသော ဘက်တီးရီးယား ပိုးမွှားများကို ဘယ်အရာကမှ တားဆီးလို့ မရချေ။ အပုပ်နံ့ ထွက်မလာအောင် ကာကွယ် ထိန်းသိမ်း ဖို့လည်း ဘယ်သူကမှ ဆောင်ရွက်ခြင်း မရှိပေ။ ပါရီမြို့သည် ပြင်သစ်နိုင်ငံ၏ အကြီးမားဆုံး မြို့တော် ဖြစ်သည့်အလျောက် အပုပ်နံ့သည်လည်း ပါရီမြို့တွင် အဆိုးရွားဆုံး ဖြစ်နေတော့သည်။ ဤမျှ နံ့စော်ပုပ်ဟောင်လှသော အနံ့ဆိုးကြီးသည် ပါရီမြို့၏ အချက်အချာ တစ်နေရာမှ အဓိက ထွက်ပေါ်သည်။ ထိုနေရာမှာ အော့စ်ဖဲနှင့် ဒီလဖယ်ရွန်နရီ အမည်ရှိသော လမ်းနှစ်ခုကြားတွင် တည်ရှိသည်။ အတိအကျဆိုရပါမူ ထိုနေရာသည် “အင်နိုးစန့်” ဟုအမည်ရသည့် သင်္ချိုင်းမြေပင် ဖြစ်သည်။

ဟိုတယ်ခြူးဆေးရုံနှင့် အနီးပတ်ဝန်းကျင်ရှိ ဘုရားကျောင်းများမှ

အသုဘများကို ထိုသချိုင်း နယ်မြေထဲ လာ၍ မြှုပ်နှံသင်္ဂြိုဟ်ကြသည်မှာ နှစ်ပေါင်း ရှစ်ရာမျှ ကြာခဲ့လေပြီ။ နေ့စဉ်လိုလို ဒါဇင်နှင့် ချီသည့် အလောင်းများကို လက်တွန်းလှည်းပေါ်တင်၍ ထိုနေရာသို့ ယူလာတတ်ကြသည်။ ၎င်းတို့ကို လှည်းပေါ်မှတစ်ဆင့် ရေခမ်းနေသော မြောင်းရှည်ကြီးများထဲ ပစ်ချထားတတ်ကြသည်။ ထို့ကြောင့် အုတ်ဂူများ၊ အရိုးဂူများထဲတွင် အနှစ်ရှစ်ရာခန့် ကြာညောင်းနေသည့် လူရိုးများမှာ တစ်ခုပေါ် တစ်ခု ဆင့်ကာ အရိုးပုံကြီး ဟည်းထလျက် ရှိသည်။

ပြင်သစ်တော်လှန်ရေးကြီး ပြီးခါစတွင် ထိုသချိုင်း၌ အလောင်းပေါင်းများစွာကို ဂူသွင်း၍ မြှုပ်နှံခဲ့သည်။ နောက်ပိုင်းတွင် ထိုသချိုင်းကို စွန့်ပစ်နယ်မြေအဖြစ် ပိတ်ပင်၍ သန်းနှင့်ချီသော အရိုးခေါင်းများနှင့် အရိုးစုများကို တူးဖော်လျက် မွန့်မာ့ထ်တောင်ကုန်းရှိ ဂူသချိုင်းကြီးထဲ ပြောင်းရွှေ့ လိုက်သည်။ ထို့နောက် ယင်းနယ်မြေတွင် အသားငါးနှင့်ဟင်းချက်စရာများ ရောင်းချသော ဈေးတန်းကြီး တစ်ခု ပေါ်ပေါက်လာလေသည်။

၁၇၃၈ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့၌ ယန်းဘပ်တိစ်ဂရန်နွီကို မွေးဖွားသည်။ တစ်နိုင်ငံလုံး၌ အနံ့စော်ဆုံးဖြစ်သော ထိုနေရာမှာမှ သူ့ကို မွေးဖွားခြင်း ဖြစ်သည်။ ထိုနေ့သည် တစ်နှစ်ပတ်လုံး၏ အပူဆုံး နေ့များထဲက တစ်ရက်ဖြစ်သည်။ အပူရှိန်က သချိုင်းမြေပေါ် အလျှံညီးညီး တောက်လောင် နေသဖြင့် ပုပ်အဲ့အဲ့ အနံ့ဆိုးကို ညှစ်ထုတ်နေသည့်နှယ်။ သခွားမွှေးသီးအပုပ်နံ့နှင့် မီးကင်ခံထားရသည့် သတ္တဝါ တစ်ကောင်၏ ဦးချိုမှ ထွက်လာသော ညှော်နံ့တို့ ရောနှောနေသော အနံ့ဆိုးတစ်ခုကို အနီးနားရှိ လမ်းကြိုလမ်းကြားထဲမှပင် ရနေသည်။

ဂရန်နွီ၏ကိုယ်ဝန်ကို လွယ်ထားသော ငါးစိမ်းသည်မိန်းမသည် အော့စ်ဖဲလမ်းထဲရှိ ခုံတစ်လုံးတွင် မတ်တတ်ရပ်၍ ငါးကိုအကြေးခွံနွာကာ ကလီစာများကို နှိုက်ထုတ်နေသည်။ ဆဲန်မြစ်ထဲမှ ရလာသော ထိုငါးသည် ယူလာကတည်းက ပုပ်အဲ့ညှီစို့သော အနံ့ထွက်နေပြီးသား ဖြစ်သောကြောင့် သချိုင်းကုန်းမှ လွင့်လာသော လူသေကောင်ပုပ်နံ့နှင့် သိပ်ကွဲထွက်မနေတော့ချေ။ ထိုအချိန်မှာပင် ဗိုက်က စ၍ နာလာသည်။

ဂရန်နွီ၏ မိခင်သည် အနံ့ဆိုးများနှင့် ယဉ်ပါးနေသဖြင့် ငါးညှီနံ့ကိုရော လူသေကောင်ပုပ်နံ့ကိုပါ ထူးပြီး မခံစားရချေ။ ထို့အပြင် ဗိုက်ထဲက နာကျင်မှု ကို သေလောက်အောင် ခံစားနေရသဖြင့် ထိုအနံ့များကို သတိပြုမိရန် အာရုံမရပေ။ သူမစိတ်ထဲ၌ ထိုနာကျင်မှုကိုသာ ပျောက်သွား စေချင်သည်။ မွေးထုတ်လို့ရလျှင် တတ်နိုင်သမျှ အမြန်ဆုံး ညှစ်၍သာ မွေးချလိုက်ချင်သည်။ ယခုကိုယ်ဝန်သည် သူမအတွက် ငါးကြိမ်မြောက် ဖြစ်သည်။ ကျန်အားလုံးကိုလည်း ဤငါးစိမ်းတန်း ထဲမှာပင် မွေးပစ်ခဲ့တာ ဖြစ်သည်။ ကလေးမွေးလျှင်လည်း အသေကလေးတွေချည်း

ဖြစ်သည်။ မဟုတ်လျှင် လည်းမွေးပြီး မကြာမီ သေသွားသည်ချည်း ဖြစ်သည်။ သူမသည် ဝမ်းမှကျွတ်ခါစ သွေးသံရဲရဲနှင့် ထိုကလေးအသေကို ခုံနောက်မှာ ပစ်ထားလိုက်သည်။ ထိုအခါ ကလေးသည် အသား၊ ငါး၊ ကလီစာများ၏ အမှိုက်သရိုက်နှင့် မခြားနားတော့ဘဲ ရောထွေးသွားလေသည်။

ညနေကျလျှင် ဈေးထဲရှိ အမှိုက်သရိုက်များ အားလုံးကို ဂေါ်ပြားနှင့် ကျုံးကာလှည်းပေါ်တင်၍ သချိုင်းကုန်းသို့ဖြစ်စေ၊ မြစ်ထဲသို့ဖြစ်စေ သွား၍ စွန့်ပစ်ကြသည်ဖြစ်ရာ အကယ်၍ ထိုကလေးသာ အသက်ရှင်ခဲ့လျှင်လည်း အချိန်သိပ်ကြာကြာ ခံမှာမဟုတ်ချေ။ ဂန်ဒီ၏ မိခင်အတွက်တော့ ဤယနေ့ သည်လည်း ယခင်နေ့များနှင့်အလားတူ ပြုမူဆောင်ရွက်ရမည့်နေ့ဖြစ်သည်။ သူမသည် အသက် နှစ်ဆယ်ကျော် မိန်းမရွယ်တစ်ယောက် ဖြစ်သည်။ ဆံဖြူသွားကျိုး အရွယ် မဟုတ်သဖြင့် ငယ်ဂုဏ်ကြောင့် လှသည်ဟု ဆိုရမည်။ အဆစ် အမျက်များ ယောင်ယမ်းတတ်သည့် ဂေါက်ရောဂါ၊ ဆစ်ဖလစ် ကာလသားရောဂါနှင့် တီဘီဖြစ်ချင်သလိုလို ရှိသော်လည်း ကြီးမားလှသော အနာရောဂါ ဟူ၍ မရှိသဖြင့် နောက်ထပ် လေးငါးဆယ်နှစ်လောက်အထိ ကောင်းကောင်းမွန်မွန် နေထိုင် သွားရလိမ့်မည်ဟု သူမကတော့ မျှော်လင့်သည်။ တစ်နေ့နေ့ကျလျှင် မုဆိုးဖို ကုန်သည် တစ်ယောက်ယောက်နှင့် ညားကာ ကလေးများ မွေးဖွား၍ ဂုဏ်သရေရှိ ဇနီးမယားတစ်ယောက်လည်း ဖြစ်လာနိုင်သည်။

နောက်ဆုံးတွင် ဗိုက်ထဲမှ တစ်စတစ်စ ပို၍ နာကျင်လာသဖြင့် ဂန်နွဲ့မိခင်၏ စိတ်ကူးများမှာ တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည်။ သူမသည် ယခင်လေးကြိမ်တုန်းက လုပ်ခဲ့သည့်အတိုင်း ခုံအောက်သို့ ဝင်၍ ဒူးနှစ်ဖက်ထောင်ကာ ဖင်ထိုင်ချလိုက်သည်။ ကလေးကိုညှစ်၍ မွေးထုတ် လိုက်ပြီးသောအခါ ချက်ကြိုးကို သားလှီးဓားဖြင့် ဖြတ်သည်။ နေပူရှိန်နှင့် အနံ့ဆိုး ထောင်းထောင်း ထနေသည့် ပတ်ဝန်းကျင်ကို သတိမမူနိုင်သော သူမအတွက်ကား နှင်းပန်းလွှင်ပြင်ကြီးထဲ သို့မဟုတ် ဒက်ဖ်ဒေးပန်းများဖြင့် ဝေဆာနေသော အခန်းငယ်လေးထဲ ရောက်နေသည့်အလား ထုံထိုင်းရီဝေ နေသည်။ သူမသည် မိုက်ခနဲ မူးမေ့တော့မလို ဖြစ်လာ၍ ကိုယ်ကိုတစ်ဖက်သို့ လှဲချလိုက်ရာ ခုံအောက်မှ တစ်ဆင့် လူသွားလမ်းပေါ်သို့ ဓားကိုင်လျက်သား ထွက်ကျသွားသည်။

လူအများ ရုတ်ရုတ်သဲသဲ ဖြစ်သွားပြီး လန့်ဖျပ်၍ ရေရွတ်လိုက်သံများ ထွက်ပေါ်လာသည်။ လူအုပ်က သူမကိုဝိုင်း၍ ကြည့်နေကြစဉ် လူတစ်ယောက်က ပုလိပ်ကို အော်ခေါ်သည်။ လက်ထဲမှာ ဓားကိုင်ထားတဲ့ မိန်းမတစ်ယောက် လမ်းပေါ်မှာ လဲနေလို့ဟူသော အသံတစ်ခု ထွက်လာသည်။ သူမက ဖြည်းညင်းစွာ ထလာသောအခါ ဘာဖြစ်တာလဲဟု ဝိုင်းမေး ကြသည်။

"ဘာမှ မဖြစ်ဘူး"

ဒါဆို ခားကြီးကိုင်ပြီး ဘာလုပ်နေတာလဲဟု မေးကြပြန်သည်။

"ဘာမှ မလုပ်ဘူး"

ထိုအခါ ဂါဝန်မှာ ဘယ်ကသွေးတွေ ပေနေတာလဲဟု မေးကြပြန်သည်။

"ငါးခုတ်တဲ့ဆီက..."

သူမက မတ်တတ်ထရပ်ကာ ခားကို ခုံပေါ်ချထားလိုက်ပြီး ရေဆေးဖို့ ဒယီးဒယိုင်နှင့် ထထွက်သွားသည်။ ထိုစဉ် မမျှော်လင့်သော အဖြစ်အပျက် တစ်ခုပေါ်လာသည်။ ခုံအောက်မှ မွေးကင်းစကလေးငယ် သည် တအဲ့အဲ့ အသံပြုကာ စငိုသည်။ လူများက ခုံအောက်ကို ကြည့်လိုက် သောအခါ ယင်တလောင်းလောင်း အုံနေသော ငါးခေါင်းများ၊ တိရစ္ဆာန် ကလီစာများ အလယ်မှ မွေးခါစ ကလေးငယ်ကို တွေ့လိုက်ကြရသည်။ သူတို့သည် ကလေးငယ်အား အပြင်သို့ ဆွဲထုတ်လိုက်သည်။

မိခင်ဖြစ်သူကို ဖမ်းဆီးလိုက်ကြပြီးနောက် ကလေးကို တရား ဥပဒေအရ နို့အငှား တိုက်သည့် မိန်းမတစ်ယောက်ထံ ပို့လိုက်ကြသည်။ ငါးစိမ်းသည်မိန်းမက ကလေးကို သေအောင် ယင်းသို့ ပြုခြင်းဖြစ်သည်။ ကျန်ကလေး လေးယောက်ကိုလည်း ဤနည်းအတိုင်း ပြုခဲ့ပါသည်ဟု ပွင့်ပွင့်လင်းလင်း ဝန်ခံသည်။ ဤသို့ ကလေးများအား ရက်စက်စွာ ညှဉ်းပန်းသတ်ဖြတ်မှု၌ အပြစ်ရှိကြောင်း ပေါ်လွင်ထင်ရှားသည့်အတွက် ရက်ပေါင်းများစွာ ကြာသောအခါ သူမကို သင်္ချိုင်းကုန်းတွင် ကြိုးပေး၍ သတ်လိုက်ကြလေသည်။

ထိုရက်များအတွင်း ကလေးသည် နို့ထိန်းသမ သုံးယောက်တိတိ ပြောင်းသွားသည်။ သူ့ကို ဘယ်သူမှ အကြာကြီး ခေါ်မထားချင်ကြ။ ကလေးက နို့သိပ်စို့လွန်းသည်၊ တစ်ခါစို့လျှင် နှစ်ယောက်စာလောက် စို့သည့်အတွက် တခြားကလေးများအတွက် နို့သိပ်မထွက်တော့ဟု ဆိုကြသည်။ နို့ထိန်းသမများသည် နို့ချိုတိုက်ကျွေး၍ အသက်မွေးသူများ ဖြစ်သောကြောင့် ကလေးတစ်ယောက်တည်းကိုသာ ကွက်၍ နို့တိုက်ရမည်ဆိုပါက တွက်ခြေမကိုက်ပေ။

တစ်နေ့တစ်နေ့ ရောက်လာသမျှ အမှုပေါင်း သောင်းခြောက်ထောင်ကို ဒိုင်ခံ ဖြေရှင်းပေးရသော လာဖိုစ်အမည်ရှိ ပုလိပ်မင်းကြီးမှာ ဤကဲ့သို့သော အမှုမျိုးကို စိတ်ကုန်လှပြီ ဖြစ်၍ ကလေးကို မိဘမဲ့ဂေဟာ တစ်ခုခုဆီသာ ပို့ပစ်လိုက်ချင်သည်။ ထို့ကြောင့် ကလေးအား စိန့်အန်တွိုင်း လမ်းအဆုံးရှိ မိဘမဲ့ကျောင်းတစ်ခုတွင် ထားလိုက်သည်။ ထိုကျောင်းမှ ကလေးများကို ရူအန်မြို့ရှိ အစိုးရ မိဘမဲ့ဂေဟာကြီးဆီ နေ့စဉ်လိုလို ပို့လေ့ရှိသည်။

ရူအန်မိဘမဲ့ဂေဟာသို့ တစ်ခေါက်လျှင် မွေးကင်းအရွယ်

ကလေးလေးယောက် ပို့လေ့ ရှိသည်။ ကုန်ပစ္စည်းတင်ပို့ရာတွင် အစောင့်အဖြစ် လိုက်ပါကြသူများက အပိုဝင်ငွေကလေးများ ရှာကြံဖန်တီးရန်အလို့ငှာ အမြတ်ရနိုင်သည့် ပစ္စည်းကလေးများကို ထန်းခေါက်ဖာလေးများနှင့် ထည့်၍ သယ်ယူတတ်ကြသည်။ ထိုသူများက ကလေးငယ်များကို ထန်းခေါက်ဖာထဲ ထည့်၍ သယ်ကြသဖြင့် လမ်းတွင် သေကြသည့် ကလေးအရေအတွက်က မနည်းမနော။ ထို့ကြောင့် ဂေဟာမှုတာဝန်ရှိသူက ပစ္စည်းသယ်သူများအား နှစ်ခြင်းမင်္ဂလာပြုထားသည့် တစ်နှစ်သားနှင့် အထက် ကလေးများကိုသာခေါ်လာရန်နှင့် ငွေချေသည့်အခါ ရှုအန်မြို့သို့ ရောက်ရှိကြောင်း တရားဝင် ထောက်ခံချက် စာရွက်ပေါ်တွင် တံဆိပ်တုံးထုပေးမှသာ ကလေးကို လက်ခံမည်ဟု မှာကြားသည်။

ဂန်နီကား နှစ်ခြင်းလည်း မခံခဲ့ရသလို ထောက်ခံချက်စာရွက်ထဲ ထည့်ရေးစရာ အမည် သညာလည်း မရှိချေ။ ပုလိပ်ဌာနအနေဖြင့် ပိုင်ရှင်မဲ့ ကလေးတစ်ယောက်ကို မိဘမဲ့ကျောင်း၌ အပ်နှံ စရာ ဘာစာရွက်စာတမ်းမှ မရှိသဖြင့် လူတိုင်းက တခြားကိစ္စ အကြောင်းပြကာ ခေါင်းရှောင်၍သာ နေကြသည်။ သို့သော် ကြာကြာရှောင်၍ မရဘဲ သူ့ခေါင်းပေါ်သာကျလာ သဖြင့် ပုလိပ်မင်းကြီး လာဖို့စ်သည် မူလဆုံးဖြတ်ချက်ကို ဖျက်ကာ ထောက်ခံစာတွင် ထည့်စရာ အမည်ရဖို့အရေး ကလေးအား ဘုရားကျောင်းတစ်ခုခု သို့ ပို့၍ နှစ်ခြင်းခံစေဟု ခိုင်းရတော့သည်။ ဤနည်းဖြင့် စိန့်မာတင် လမ်းရှိ စိန့်မာရီ ဘုရားကျောင်းတွင် သူ့ပြဿနာကို ဖြေရှင်း လိုက်လေသည်။

ဘုန်းကြီးများက ကလေးအား ယန်းဘပ်တိစ်ဟု အမည်ပေး၍ နှစ်ခြင်းမင်္ဂလာ ပြုပေးလိုက်သည်။ ထိုနေ့တွင် ပုလိပ်မင်းကြီးက စိတ်ကောင်း ဝင်နေသဖြင့် သူ့ကို ရှုအန်မြို့သို့ မပို့တော့ချေ။ သို့သော် ဘုရားကျောင်းကို အလှူငွေ ထည့်မည့်အစား စိန့်ဒန်းနစ်လမ်းတွင် နေထိုင်သည့် ယန်းဘတ်စီ ဟုခေါ်သော နို့ထိန်းသမတစ်ယောက်ဆီ ပို့ကာ တစ်ပတ်လျှင် ဖရန့်ငွေ သုံးကျပ်ပေးပါမည်ဟု ကတိပေး၍ အပ်နှံလိုက်လေသည်။ ယန်းဘတ်စီသည် ဂန်နီကြောင့် ကြုံရမည့် ဒုက္ခအဝဝကို မသိဘဲ အမှုမဲ့အမှတ်မဲ့ပင် လက်ခံလိုက်သည်။

*****

အခန်း (၂)

ရက်ပေါင်းများစွာ ကြာပြီးနောက် တစ်နေ့သောအခါ နို့ထိန်းသမဘတ်စီသည် ဈေးခြင်းတောင်းကို ဆွဲလျက် စိန့်မာရီဘုရားကျောင်း၏ ဂိတ်ပေါက်ဝအမိုးအောက်တွင် မတ်တတ်ရပ်နေမိသည်။ ထိုစဉ် ဦးပြည်းပြောင်ပြောင်နှင့် အသက်ငါးဆယ်အရွယ် ဘုန်းကြီး တစ်ပါးက ဂိတ်တံခါးကို ဖွင့်လိုက်သောအခါ သူမက "ဟော..." ဟု ရေရွတ်လျက် ဈေးခြင်းတောင်းကို ခြေနင်းဖတ်မှာ ချလိုက်သည်။

ဘုန်းကြီး၏ ဘွဲ့အမည်မှာ ဖာသာတာရီယာ ဟူ၏။ ဖာသာတာရီယာ၏ ကိုယ်မှ ရှာလကာရည်နံ့ ခပ်သင်းသင်း ထွက်နေသည်။ ဖာသာတာရီယာက စားစရာတစ်ခုခု ပါလိုပါငြား အောက်ချလိုက်သော ခြင်းတောင်းကို ကုန်း၍ နှာခေါင်းတစ်ချက် ရှုံ့၍ နမ်းကြည့်ကာ...

"ဘာတွေ ပါလာလဲ" ဟု မေးသည်။ သူမက

"ဘာပါရမလဲ။ သူ့ကလေး သူပြန်သတ်တယ်ဆိုတဲ့ အော့စ်ဖဲလမ်းက မိန်းမရဲ့ ဟာကလေးပေါ့" ဟုဖြေသည်။

ဘုန်းကြီးက ခြင်းတောင်းပေါ် လွှားထားသော အဝတ်စကို လက်ညှိုးဖြင့် အသာ လှပ်ကြည့်သောအခါ အိပ်ပျော်နေသော မွေးကင်းစ ကလေးငယ်၏ မျက်နှာကလေး ပေါ်လာသည်။

"အံမယ်...။ ရုပ်ရည်ကတော့ သနားကမားကလေးပဲ။ ပါးလေးတွေများ နှင်းဆီရောင် သန်းလို့။ နို့ဝဝ စို့ရပုံပဲ"

"ဝဆို ဒင်းက ကျုပ်ကိုယ်ကနေ ခွာမှ မခွာဘဲ။ နို့စို့လွန်းလို့ ကျုပ်တောင် ပိန်ကပ်ပြီး အရိုး ချည့် ကျန်တော့တယ်။ ဒီလောက်နဲ့တင် တော်ပါပြီ။ ကဲ ခုတော့ ဒင်းကို ဆိတ်နို့ပဲတိုက်တိုက်၊ ဆန်ပြုတ်ပဲတိုက်တိုက်၊ သကြားမုန်လာဥပဲ အရည်ညှစ်တိုက်တိုက် လုပ်ပေတော့။ ဒင်းကြည့်ရတာ ဘာကျွေးကျွေး အငမ်းမရစားမယ့်ပုံ"

ဖာသာတာရီယာသည် ခပ်ပေါ့ပေါ့ သဘောထားတတ် သည့် ဘုန်းကြီးတစ်ပါး ဖြစ်သည်။ သူ၏ တာဝန်မှာ ဘုရားကျောင်းအလှူငွေအား စီမံခန့်ခွဲ၍ ဆင်းရဲနွမ်းပါးသူများကို ပေးကမ်း စွန့်ကြဲဖို့ ဖြစ်သည်။ ကျေးဇူးတင်စကား

ကြားရဖို့မှလွဲ၍ တခြားဘာမှ မရှိချေ။ သို့သော် ချေးက သေးက အစ လိုက်လုပ်ပေးရမှာကိုတော့ သူ အလွန်မုန်းသည်။ ထိုသို့ လိုက်ဂရုစိုက်ပေးရလျှင် ဆောက်တည်ထားသော သီလသမာဓိပျက်၍ တရားရှာဖို့ အချိန်ရရန် ခက်ခဲသွားလိမ့်မည်ဟု ထင်သည်။ ဤကဲ့သို့ သူ့ဆီ ရောအင့်လုပ်လာသည်ကိုလည်း လွယ်လွယ်နှင့် လက်မခံနိုင်ပါ။

ထို့ကြောင့် ဂိတ်တံခါး လာဖွင့်မိသည့် သူ့ကိုယ်သူပင် စိတ်တိုသွားသည်။ ဤမိန်းမအား သူ့ခြင်းတောင်းကို သူ့ဟာသူ အိမ်ပြန်ယူသွား၍ သူမပြဿနာကို သူမဘာသာ ရှင်းစေလိုသည်။ ယခုတော့ ဘုန်းကြီးအမူ ရှာပတ်မဟုတ်ဘဲ နို့စို့ကလေးအမူ ဘုန်းကြီးလာပတ်နေသည်။ သူက ကုန်းကြည့်နေရာမှ ကိုယ်ကို ဖြည်းညင်းစွာ မတ်လိုက်ရာ နို့ထိန်းသမဆီမှ ချွေးနံ့နှင့်ရော၍ ပျံ့လွင့်လာသော နို့နံ့လိုလို၊ ဒိန်ခဲနံ့လိုလို အနံ့တစ်မျိုးကို ရမိသည်။ နှစ်လိုဖွယ် ရနံ့ပါတကား။

“မင်းပြောတဲ့အဓိပ္ပာယ်ကို ကိုယ်တော်မသိဘူး။ ဘာဖြစ်စေချင်တာလဲ၊ တကယ် နားမလည်ဘူး။ ကိုယ်တော်ပြောဝံ့တာကတော့ ကလေးကို မင်းပဲ ဆက်ပြီး နို့တိုက်နေရင် သူ့အတွက် ဘာဘေးဥပါဒ်မှ ရှိမလာနိုင်ဘူး”

ဘတ်စီက…

“ကျုပ်မှာ သူ့ကို တိုက်စရာ ဘာမှ မရှိတော့ဘူး”ဟု ဒေါသတကြီးအော်ငေါက်ကာ…

“နို့ကတော့ ထွက်သေးတာပေါ့။ ဒါပေမဲ့ ကျုပ်မှာ ဆယ်ပေါင်တောင် ဝိတ်ကျသွားတယ်။ အစားကိုလည်း လူသုံးယောက်စာလောက် စားရတယ်၊ ဘာအတွက် မှတ်လို့လဲ။ ဟောဒီကလေးကို နို့တိုက်ဖို့ စားရတာ။ ကျုပ်ရတာကျ တစ်ပတ်မှ သုံးဖရန့်တည်းရယ်” ဟု ပြောသည်။

သူမစကားကြောင့် ဖာသာတာရီယာက စိတ်သက်သာရာ ရသွားလုနီးပါး ဖြစ်သွားသည်။

“သြော် သိပြီ။ မင်းပြောတာ ကိုယ်တော် သဘောပေါက်ပြီ။ လိုရင်းကတော့ ပိုက်ဆံကိစ္စပဲ မဟုတ်လား” ဟု ပြောလိုက်သည်။

“မဟုတ်ပါဘူး…”

“ဟုတ်ပါတယ်…။ နောက်ဆုံးတော့ ဘူတာက ပိုက်ဆံကိစ္စပဲ ဆိုက်တာ။ ဂိတ်တံခါး လာခေါက်လို့များ ဖွင့်ကြည့်လိုက်ရင် ပိုက်ဆံတောင်းတဲ့သူချည်းပဲ။ တစ်ခေါက်လောက်တော့ အပေါက်ဝမှာ မတ်တတ်ရပ် စောင့်နေတဲ့သူကို

ပိုက်ဆံမတောင်းဘဲ တခြားတစ်ခုခု တောင်းတာ ဖြစ်စေချင်ပါရဲ့။ ဥပမာ အသီးအနှံလေး ဘာလေးဖြစ်ဖြစ်ပေါ့လေ။ ဆောင်းဦး ပေါက်ကာလများဆို လာတောင်းစမ်းပါလေ့။ ပန်းတွေတောင် ထည့်ပေးလိုက်လို့ ရတယ်။ ဒါမှမဟုတ်လည်း ဘာကိစ္စမှ မရှိတောင် "ဘုရားသခင် ကောင်းချီးပေးပါစေ ဖာသာတာရီယာရေ။ အစစ အရာရာ အဆင်ပြေပါစေ" လို့များ တရင်းတနှီး လာနှုတ်ဆက်တာမျိုးလေး ကြုံချင်ပါသေးရဲ့။ ဒါမျိုးကျ ကိုယ်တော် ပျံလွန်တော်မူသွားရင်တောင် ကြုံရမှာ မဟုတ်ဘူး ထင်ပါတယ်။ လာသမျှလူက သူတောင်းစား ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် ဈေးသည်ပဲ။ ဈေးသည် မဖြစ်ရင်လည်း ပွဲစားဖြစ်နေတတ်တယ်။ လှူဖွယ်ဝတ္ထုက လိုချင်တာမျိုး မဟုတ်ခဲ့ရင်လည်း ကျေးဇူးတင်စကားလေးတော့ ပြောသွားသင့်ပါတယ်။ အခုဆို ကိုယ်တော့်မယ် လမ်းတောင် မထွက်ဝံ့တော့ဘူး။ လမ်းထွက်လိုက်တာနဲ့ ခြေသုံးလှမ်းလောက်မှ မရောက်ခင် ပိုက်ဆံဝိုင်းတောင်းတာများ ပြေးပေါက်တောင် ရှာမရဘူး။

"ကျုပ်က သူတောင်းစားမှ မဟုတ်ဘဲ"

"မင်းသိအောင် ကိုယ်တော်ပြောပြမယ်။ ဒီဝန်းကျင်မှာ နို့ထိန်းသမက မင်းတစ်ယောက်တည်းရှိတာ မဟုတ်ဘူးကွယ့်။ ဟောဒီလို ကလေး ချောချောလှလှလေး တစ်ယောက်ကို နို့တိုက်ဖို့ တစ်ပတ် သုံးဖရန့်သာ ရမယ်ဆို ဒီလိုအခွင့်အရေးမျိုး လိုချင်တဲ့ ကလေးထိန်းတွေမှ အများကြီး။ ရာနဲ့တောင် ချီနေဦးမယ်။ သူ့ဟာသူ နို့မကလို့ အသီးဖျော်ရည်တိုက်တိုက်၊ ဘာပဲကျွေးကျွေး..."

"ဒါဆိုလည်း ဒင်းကို အဲဒီလူတွေထဲက တစ်ယောက်ယောက်ဆီသာ ပို့ပေးလိုက်ပေါ့တော်"

"အဲ...၊ တစ်ဖက်က ကြည့်ပြန်တော့ ကလေးတစ်ယောက်ကို ဒီလို ဟိုပို့ဒီပို့ လုပ်တာတော့ ဘယ်ကောင်းမလဲ။ သူများနို့ကျ မင်းဆီမှာလို စို့ချင်မှ စို့မှာပေါ့။ အခုဆို သူက မင်းရဲ့ နို့နံ့နဲ့ နှလုံးခုန်သံကို အသားကျနေပြီပဲ"

ဖာသာတာရီယာက နို့ထိန်းသမဆီမှ လွင့်ပျံလာသော ပူပူနွေးနွေးအနံ့ကို နောက်တစ်ကြိမ် တရှိုက်မက်မက် ရှုလိုက်ပြန်သည်။ သို့သော် သူ့စကားများက ဘတ်စီ့ကို လုံးဝ အာရုံပြောင်းသွားအောင် မလုပ်နိုင်မှန်း သတိထားမိသွားသည်။

"ကဲ ကဲ အခုတော့ ကလေးကို ကိုယ့်ဟာကို အိမ်ပြန်ယူသွားချေ။ ကိုယ်တော် အထက်ကို ဒီကိစ္စ ပြန်ပြောပြလိုက်မယ် ဟုတ်ပြီလား။ နောင်ကျ တစ်ပတ်ကို လေးဖရန့်ပေးဖို့ အကြံပေးလိုက်ပါ့မယ်"

"မဟုတ်ဘူးလေ..."

"ကဲပါလေ… ငါးဖရန့် ပေးမယ်"

"ဟင့်အင်း"

ဖာသာတာရီယာက သူမအား…

"ဒါဆို မင်းက ဘယ်လောက်တောင် လိုချင်လို့လဲကွ ဟင်။ ငါးဖရန့်ဆိုတာ ကလေးကို နို့တိုက်ဖို့ သိပ်များတဲ့ ပမာဏပဲဥစ္စာ" ဟု အော် ဟစ်လေသည်။ သူမက…

"ကျုပ် ငွေမလိုချင်ဘူး။ ဒင်းကိုပဲ အိမ်မှာ မထားချင်တော့တာ" ဟုပြောသည်။

ဖာသာတာရီယာက ခြင်းတောင်းကို နောက်တစ်ဖန် အသာ လှပ်ကြည့်ကာ…

"ဘာကြောင့်ပါလိမ့်… ။ သူက တကယ် ချစ်ဖို့ကောင်းတဲ့ ကလေး လေးပဲဟာ။ အသားလေးတွေများ နှင်းဆီသွေးကို ရဲနေတာပဲ။ ငိုလည်း မငိုဘူးနော်။ ပြီးတော့ နှစ်ခြင်းလည်း ပြုပေးထားပြီးသား" ဟု ပြောသည်။

"ကလေးက သရဲဝင်စီးနေတာ"

ဖာသာတာရီယာက ခြင်းတောင်းပေါ်မှ လက်ကို ကမန်းကတန်း ရုပ်လိုက်မိသည်။

"ဟေ…။ မဖြစ်နိုင်တာ…။ ဒီလို မွေးကင်းစ ကလေးလေး တစ်ယောက်ကို သရဲဝင်စီးနေတယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ လူတောင် မဖြစ်သေးတဲ့ဟာကို။ မွေးခါစ ကလေးတစ်ယောက်ဟာ အသက်ဝိညာဉ် တောင် အပြည့်အဝ မဖွံ့ဖြိုးသေးဘဲနဲ့ ဘယ်လိုလုပ်ပြီး သရဲက ဝင်စီးလို့ ရမှာလဲ။ စကားရော ပြောတတ်သေးလို့လား။ တွန့်လိမ်ကောက်ကွေးနေ တတ်သလား။ အခန်းထဲမှာ ပစ္စည်းတွေကို ရွှေ့တတ်ပြီလား။ သူ့ဆီက မကောင်းဆိုးဝါးတွေရဲ့ အငွေ့အသက်များ ထွက်နေလို့လား။ အေး… ဒါတွေ မရှိဘဲနဲ့ သရဲက ဝင်စီးဖို့ မပြောနဲ့၊ စိတ်တောင် ဝင်စားမှာ မဟုတ်ဘူး"

"ကလေးက လုံးဝ အနံ့မထွက်ဘူး"

"အေးလေ… ခုနက ကိုယ်တော်ပြောတဲ့ လက္ခဏာတွေမှ မရှိတာ… ဒါဆို ရှင်းနေပြီပဲ။ သရဲဝင်စီးတယ်ဆို အနံ့အသက်ကအစ နံစော်လာမှာပေါ့"

ဖာသာတာရီယာက ဘတ်စီအား ချော့မော့ပြောကာ လုပ်စရာရှိဆက်လုပ်ဖို့ ပြင်သည်။ သူက ဈေးခြင်းတောင်းကို ကောက်ယူကာ နှာခေါင်းဝအထိ မြှောက်၍

တရှုံ့ရှုံ့ အနံ့ခံကြည့်သည်။

"ကိုယ်တော်တော့ မှူမမှန်တာ ဘာအနံ့မှ မရဘူး။ တကယ်ပြောတာ... သူ့အနီးထဲက အနံ့တစ်ခုခု ထွက်လာရင်တော့ အနံ့ခံလို့ ရမှာပဲ"

ဖာသာတာရီယာက သူ့အမြင်ကို မှန်ကန်ကြောင်း ထောက်ခံစေလိုဟန်ဖြင့် ခြင်းတောင်းကို သူမဆီ ထိုးပေးသည်။ ဘတ်စီက ခြင်းတောင်းကို အထိမျှပင် မခံလိုဟန်ဖြင့် ခပ်ကြမ်းကြမ်း တွန်းထုတ်ကာ...

"ကျုပ်ပြောတာ ဒီလိုမဟုတ်ဘူးတော့်။ အနီးထဲက ထွက်လာတဲ့ အနံ့ကိုတင် ပြောတာမဟုတ်ဘူး။ ကလေးက ချွေးထွက်လာရင်တော့ နံမှာပေါ့။ ဒါ အမှန်ပဲ။ ဒါပေမဲ့ ဒင်းဆီက တခြားဘာအနံ့မှကို မထွက်တာ" ဟု ပြောသည်။ ဖာသာတာရီယာက...

"အဲဒါ ကျန်းမာလို့ပေါ့... " ဟု အော်ထည့်လိုက်ပြီး...

"ကျန်းမာလို့ ဘာအနံ့မှ မထွက်တာပေါ့။ မကျန်းမာတဲ့ ကလေးတွေသာ အနံ့နံတာ၊ အဲဒါ လူတိုင်း သိနေတာပဲ။ ကျောက်ပေါက်တဲ့ ကလေးဆို မြင်းချေးနံ့ ထွက်တယ်၊ အင်ပျဉ်ထွက်နေတဲ့ ကလေးဆို ပန်းသီးပုပ်နံ့ ထွက်တယ်။ သည်းခြေမကောင်းတဲ့ ကလေးဆို ကြက်သွန်နီနံ့ ထွက်မှန်း လူတိုင်း သိနေကြတာပဲ။ သူက ကျန်းမာပြီးသား၊ ဘာမှ မဖြစ်ဘူး။ ဘာလဲ ကလေးက နံစော်နေမှ ဖြစ်မှာလား။ မင်းရဲ့ ကလေးတွေကော နံစော်နေတတ်သလား" ဟုပြောသည်။

"မဟုတ်ဘူးလေ... ။ ကျုပ်ကလေးတွေဆီမှာ လူသားတစ်ယောက် ရှိသင့်ရှိအပ်တဲ့ အနံ့တွေရတယ်"

ဖာသာတာရီယာက ခြင်းတောင်းကို မြေပေါ်သို့ အသာအယာ ပြန်ချထားလိုက်သည်။ စိတ်ထဲတွင် တော်တော်ခေါင်းမာတဲ့ မိန်းမပါလားဟု တွေးကာ ဒေါသလှိုင်းများ တလိပ်လိပ် ကြွလာသည်။ သူ့အနေဖြင့် အချေအတင် မပြောချင်လျှင် လက်နှစ်ဖက် ခါပြလိုက်ရုံသာ။ သို့သော် ဤသို့ ပြုလိုက်မိ၍တော့ ကလေးကို ဘေးဥပါဒ် တစ်စုံတစ်ရာ ဖြစ်မလာစေချင်ပေ။

သူက ဘတ်စီအား...

"မင်းပြောသလိုဆို လူသားကလေးတစ်ယောက်ဆိုရင်... ထပ်သတိပေးလိုက်ဦးမယ်။ ဟောဒီကလေးက နှစ်ခြင်းခံထားပြီးဖြစ်တဲ့ ဘုရားသခင်ရဲ့ ကလေးနော်။ အေး... ၊ မင်းသိထားသလိုဆို လူသားကလေး တစ်ယောက်ဆိုရင် နံကိုနံရမယ်ပေါ့ ဟုတ်လား" ဟု ပြတ်သားစွာ မေးလိုက်သည်။

"ဟုတ်တယ်... "

ဖာသာတာရီယာက ဘတ်စီ၏ မျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုး၍ ခြိမ်းခြောက်ကြိမ်းမောင်းသလိုမျိုး..

"ဒီလိုဆို မင်းပြောတဲ့အတိုင်း ထပ်မေးမယ်။ ကလေးက မင်းသိထားထင်ထားသလို အနံ့မထွက်ဘူးဆိုရင် နတ်ဆိုးရဲ့ ကလေးပေါ့ ဟုတ်လား" ဟု မေးလိုက်သည်။

ဘတ်စီက သွားပြီဟု စိတ်ထဲမှ တွေးလိုက်သည်။ သူမတို့စကားဝိုင်းက ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာရေးကို မေးခွန်းထုတ်သလို ဖြစ်လာသောကြောင့် စိတ်မသက်မသာ ဖြစ်သွားသည်။ သည်အတိုင်းဆိုလျှင် ဤစကားဝိုင်း၌ သူမသာ ရှုံးလိမ့်မည်။ သူမက...

"ကျုပ်ပြောချင်တာ ဒီလို မဟုတ်ဘူးလေ။ တော်တို့ ဘုန်းကြီးတွေကတော့ ဘယ်ကိစ္စမဆို နတ်ဆိုးနဲ့သာ အညှာကိုင်ပြီး ဆုံးဖြတ်ကြမှာပေါ့။ ဒါပေမဲ့ ကျုပ်ပြောချင်တာက ဒီသဘောမှ မဟုတ်ဘဲ ဖာသာတာရီယာရဲ့။ ကျုပ်သိတာတော့ တစ်ခုပဲ ရှိတယ်။ အဲဒါက ဒီကလေးဟာ အသွေးနဲ့အသားနဲ့တော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ ကလေးအနံ့မျိုးထွက်မနေဘူးလေ" ဟု ရှောင်ရှောင်တိမ်းတိမ်း ဖြေသည်။

ဖာသာတာရီယာက ကျေနပ်သွားဟန်ဖြင့် လက်မောင်းတစ်ဖက်ကို ဆတ်ခနဲ လွှဲကာ...

'အဟား... ။ နတ်ဆိုးအကြောင်း ပါလာတော့ ပြန်လျှောချသွားပြီ မဟုတ်လား။ ကောင်းတယ်... ။ ကဲ ကိုယ်တော့်ကို ဖြေစမ်းပါဦး။ ကလေးက မင်းတွေးထားသလို ထွက်သင့်တဲ့အနံ့ မထွက်ဘဲ ဘာအနံ့ထွက်နေသလဲ ကဲ" ဟု မေးသည်။ ဘတ်စီက...

"သူ့အနံ့က မွှေးတော့ မွှေးပါတယ်" ဟု ဖြေသည်။

"မွှေးတယ် ဟုတ်လား။ အဲဒါ ဘာကို ပြောချင်တာလဲ။ အနံ့မွှေးတာတွေ အများကြီး ရှိတယ်။ ဥပမာ လာဗန်ဒါ ပန်းစည်းရဲ့ အနံ့ကလည်း မွှေးတာပဲ။ အသားကင်အနံ့ကလည်း မွှေးတာပဲ။ အာရေဗျဥယျာဉ်ထဲက အနံ့ကလည်း မွှေးတာပဲ။ ဒါပေမဲ့ ကလေးအနံ့ မွှေးတယ်ဆိုတာကျ ဘာနဲ့တူသလဲ။ အဲဒါ ကိုယ်တော်သိချင်တဲ့ အဖြေပဲ"

ဘတ်စီ ချီတုံချတုံ ဖြစ်သွားသည်။ ကလေးများ၏ အနံ့ကို သူမ ကောင်းကောင်း သိသည်။ သူမသည် ကလေးများကို နို့တိုက်ခြင်း၊

ပွတ်သပ်ချော့မြူခြင်း၊ နမ်းရှုပ်ခြင်းတို့ကို ပြုသည့်အတွက် ညအခါ၌ နှာခေါင်းဖြင့် အနံ့ခံ၍ ရှာလျှင်ပင် တွေ့နိုင်လောက်အောင် တိတိကျကျ သိပါသည်။ ထိုအနံ့မှာ သူမအတွက် ယဉ်နေပြီဖြစ်သောကြောင့် ယခုပင်လျှင် ကလေး၏ အနံ့မျိုး နှာခေါင်းဝတွင် ရှင်းရှင်းကြီး ရနေသကဲ့သို့ ထိုအနံ့ကို ငြီးငွေ့လှပြီ။ သို့သော် ကလေးနံ့ကို ဘယ်လိုနေသည်ဟူ၍တော့ စကားလုံးဖြင့် မဖော်ပြတတ်ချေ။

ဖာသာတာရီယာက လက်ချောင်းထိပ်အချင်းချင်း ထိခတ်၍ စောင့်ဆိုင်းနေရာမှ စိတ်မရှည်တော့ဟန်ဖြင့်…

"ကဲ… " ဟု ခပ်ဆတ်ဆတ် ရေရွတ်လိုက်သည်။ ဘတ်စီက… "ဩော် အဲဒါကလေ… ၊ ရှင်းပြဖို့တော့ ခက်တယ်။ ဘာလို့လဲဆိုတော့… ဟိုလေ… သူတို့အနံ့က တစ်သမတ်တည်းရယ်လို့မှ မရှိဘဲ။ မွှေးတယ်လို့ ပြောရတာက ဟိုလေ… ဖာသာကလည်း ကျုပ်ပြောချင်တဲ့ အဓိပ္ပာယ်ကို သိရဲ့သားနဲ့။ ဥပမာ သူတို့ခြေထောက်လေးတွေက ကျောက်စရစ်ခဲ ပူပူနွေးနွေးလေးတွေရဲ့ အနံ့လိုပဲ။ မဟုတ်သေးဘူး…။ ဒိန်ခဲနံ့ထက်တော့ ပိုမွှေးတယ်။ မဟုတ်ရင်လည်း ထောပတ်နံ့… လတ်လတ်ဆတ်ဆတ် ထောပတ်နံ့။ ဟုတ်တယ် အဲဒီအနံ့ အတိအကျပဲ။ ကလေးနံ့က လတ် ဆတ်တဲ့ ထောပတ်နံ့နဲ့ တူတယ်။ သူတို့ကိုယ်နံ့က… ၊ နို့နဲ့စိမ်ထားတဲ့ ကိတ်မုန့်နံ့လေးလိုပဲ။ ခေါင်းထိပ်တည့်တည့်ဆိုရင်၊ ဟိုလေ ဦးစွန်းဖုတ်လို ဆံပင်မွေးအစုလိုက်လေး ရှိတဲ့နေရာ..။ ဟောဒီနေရာလေ… ၊ တွေ့လား။ ဖာသာ့မှာတော့ ဆံပင်မွေး ဘယ်ရှိပါ့မလဲ… " ဟု ပြောရင်း ဘုန်းကြီး၏ ဦးပြည်းပြောင်ပြောင်ပေါ်သို့ လက်ညှိုးတစ်ချောင်းဖြင့် ထောက်ပြလိုက်ရာ သူမ၏ ရိုင်းစိုင်းသည့် အပြုအမူအား ဆွံ့အမှင်တက်သွားသည့် ဖာသာတာရီယာခမျာ အငိုက်မိကာ ယောင်ယမ်း၍ ခေါင်းကို ငုံ့ပေးလိုက်မိလေသည်။

"ဟောဒီနေရာပေါ့… ။ အဲဒီနေရာက ထွက်တဲ့အနံ့က အမွှေးဆုံး။ ကုလားအုတ်နံ့နဲ့ တူသလိုလို ချိုချိုအီအီလေး။ သိပ်အံ့ဩဖို့ကောင်းတာ ဖာသာရဲ့။ ရှင်သိမှာလည်း မဟုတ်ပါဘူး။ အဲဒီနေရာက အနံ့ကိုသာ တစ်ခါလောက် ရကြည့်၊ ကိုယ့်သွေး သွေးသားဟုတ်ဟုတ် မဟုတ်ဟုတ်၊ ကလေးတိုင်းကို ချစ်သွားလိမ့်မယ်။ ကလေးတွေဆီက ရတဲ့အနံ့ဆိုတာ တခြားမဟုတ်ဘူး၊ အဲဒါပဲ။ သူတို့ဆီက ဒီလိုအနံ့မျိုး မရရင်၊ ဒင်းကလေးလို ဘာအနံ့မှ ဘယ်လို ရှင်းမလဲ ပြော။ ကျုပ်တော့… "

ဘတ်စီက လက်ပိုက်၍ ခြေရင်းက ဈေးခြင်းတောင်းအား ဖားပြုပ်များ ထည့်ထားသကဲ့သို့ စက်ဆုပ်စွာ တစ်ချက် ငုံ့ကြည့်လျှက်…

"… ဟောဒီက ယန်းဘတ်စီဆိုတဲ့ ကျုပ်ကတော့ ဒင်းကို ပြန်ယူမသွားနိုင်ပါဘူး" ဟု ပြောလိုက်သည်။

ဖာသာတာရီယာသည် ငုံ့နေသော ခေါင်းကို ဖြည်းညင်းစွာ မော့လျက် ဦးပြည်းပြောင်ပြောင်ကို ဆံပင်ရှိသည့်အလား လက်ဖြင့် ကုတ်လိုက်သည်။ ထို့နောက် နှာခေါင်းထိပ်ကို လက်ညှိုးနှင့် အမှတ်တမဲ့ ပွတ်၍ စဉ်းစားတွေးတောသည့်ဟန်ဖြင့် နှာတစ်ချက် ရှုံ့လိုက်သည်။

"ကုလားအုတ်နံ့နဲ့ တူတယ် ဟုတ်လား။ ကုလားအုတ်အကြောင်း မင်း ဘာသိလို့လဲ။ ကုလားအုတ်သား စားဖူးလို့လား"

မေးလိုက်သည့် ဖာသာတာရီယာ လေသံက ခပ်တင်းတင်း။ ဘတ်စီက...

"ဘယ်စားဖူးပါ့မလဲတော်။ ဒါပေမဲ့ စိန့်အောနာလမ်းက စံအိမ်ကြီး တစ်ခုထဲ ကျူပ်ရောက်တုန်းက ကုလားအုတ်သားကို သကြားထည့်ပြီး အနှစ်ရအောင် ချက်နေတာ တွေ့ဖူးတယ်။ အနံ့က မွှေးလွန်းလို့ ဘယ်တော့မှ မမေ့ဘူး" ဟု ပြောသည်။

ဖာသာတာရီယာက နှာခေါင်းပေါ်မှ လက်ကို ရုပ်ကာ...

"ဟုတ်ပါပြီ... ၊ ဟုတ်ပါပြီ။ ကျေးဇူးပြုပြီး တော်လိုက်ပါတော့။ မင်းနဲ့ ဒီလောက် ပြောရတာတောင် ကိုယ်တော်လည်း အတော်မောလှပါပြီ။ ဘာကြောင့်ပဲဖြစ်ဖြစ် ကလေးကို နို့လည်း မတိုက်ချင်ဘူး၊ တာဝန်လည်း မယူချင်ဘူးဆိုပြီး ဘုရားကျောင်းမှာ ယာယီထိန်းသိမ်းဖို့ ပြန်လာပေးတယ် ဆိုပါတော့။ ကိုယ်တော်တော့ ဒီလိုပဲ ယူဆတယ်။ နားချလို့ ရမယ့်ပုံလည်း မရှိဘူးဆိုတော့ ဘယ်တတ်နိုင်ပါ့မလဲ။ ကဲ ကဲ မင်းလည်း သွားလိုရာ သွားတော့" ဟု ပြောသည်။

သူက နို့နံ့သင်းသင်းကို နောက်ဆုံးအနေနှင့် တစ်ချက် ရှူလိုက်ပြီး ခြင်းတောင်းကို ကောက်ဆွဲကာ တံခါးမကြီးကို ဝုန်းခနဲ ပိတ်ချလိုက်သည်။ ထို့နောက် သူ့ရုံးခန်းဆီ ထွက်သွားသည်။

*****

အခန်း (၃)

ဖာသာတာရီသည် ပညာတတ်တစ်ဦးဖြစ်သော်လည်း ဘာသာရေး စာပေကျမ်းဂန် များကိုတော့ နည်းနည်းလေးမျှ မလိုက်စားချေ။ သို့သော် တွေးခေါ်ပညာရှင်များ၏ စာအုပ်များကို ဖတ်ရှုလေ့ရှိကာ ဖိုထိုးခြင်းနှင့် ရက္ခဗေဒဆိုင်ရာ ပညာရပ်များကိုလည်း ဟိုစပ်စပ် သည်စပ်စပ် လေ့လာလိုက်စားသည်။ ထို့ကြောင့် ပင်ကိုဉာဏ်ဖြင့် ဝေဖန်ပိုင်းခြားသည့် စွမ်းရည်ကတော့ အတော် မြင့်မားသည်။ တန်ခိုးပြာဋိဟာနှင့်ဆိုင်သော ဖြစ်ရပ်များ၊ နတ်ဝင်သည်များ၊ သမ္မာကျမ်းစာထဲမှ တရားတော်များအကြောင်းနှင့် ပတ်သက်၍လည်း အယူသီးလေ့မရှိပေ။ ထို့ကြောင့် ယင်းကိစ္စများနှင့် ပတ်သက်လျှင် သူနှင့်အပြိုင် မကြာခဏ ဝိရောဓိဖြစ်ကြရသည်။ သူမကျွမ်းကျင်သော ယင်းပြဿနာများ၌လည်း တော်ရုံတန်ရုံ ဝင်ရောက်စွက်ဖက်လေ့ မရှိသလို သမာဓိအပျက်ခံ၊ စိတ်အရှုပ်ခံ၊ အချိန်ကုန်ခံ၍လည်း ထိုအကြောင်းအရာများကို ငြင်းခုံလေ့ မရှိပေ။

သို့သော် အဆောင်လက်ဖွဲ့ဝတ်ဆင်ခြင်း၊ ကျိန်စာတိုက်ခြင်း၊ အပမှီခြင်း၊ အမှောင့်ပယောဂ ပူးကပ်ခြင်း၊ နတ်ဆိုးနှင့် ကတိကဝတ်ပြုခြင်း၊ စုန်းကဝေ၊ ဗေဒင်ဟောစာတမ်း၊ ပဥ္စလက်အတတ် စသည့် အယူသီးသော ဓလေ့များကိုတော့ တခ်ဏုပ္ပတ္တိဉာဏ်ဖြင့် ကောင်းကောင်းကြီး နှိပ်ကွပ်လေ့ရှိသည်။ ခရစ်ယာန်ဘာသာ ပေါ်ပေါက်လာပြီး နှစ်ထောင်ပေါင်းများစွာ တည်တံ့လာသည့်တိုင် ရှေးရိုးစွဲ မိစ္ဆာဒိဋ္ဌိအယူဝါဒများသည်လို အမြစ်တွယ်လျက် ရှိသေးသည်ကို မြင်တွေ့နေသေးသည်မှာ သူ့အတွက် အလွန်မျက်မုန်းကျိုးစရာ ဖြစ်သည်။ သို့သော် ယင်းကိစ္စများကို အပြိုင် ငြင်းခုံမည်ဆိုလျှင်တော့ ဖာသာတာရီယာနှင့် တွေ့ဆုံရန် မလိုပေ။ စေတန်နတ်ဆိုး ရှိ၊ မရှိ၊ အစွမ်း ထက်၊ မထက် ငြင်းခုံရန် သူလို သာမန်ဘုန်းကြီးတစ်ပါးနှင့်စာလျှင် ဘာသာရေးစာပေကျမ်းဂန်များကို အခြေခံမှုစ၍ သင်ကြားထားသော အခြားဘုန်းကြီး အမြောက်အမြား ရှိလေသည်။

သာမန်လူတစ်ယောက်ဖြစ်သော နို့ထိန်းသမက ဤလူမမည် ကလေးငယ်အား သရဲစီးနေပါသည်ဟု ဘွင်းဘွင်းကြီး ပြောချသွားသည်။ နတ်ဆိုးကတော့ သူ့ကိုယ်သူ မကောင်းဆိုးရွားဖြစ်ပါသည်ဟု ကြေညာမည် မဟုတ်ချေ။ ကလေးငယ်၌ မကောင်းဆိုးဝါး ဖြစ်လောက်စရာလည်း ဘာမှ မရှိသည်ကို သိပြီးသားပင်။ အကယ်၍ ကလေးငယ်သာ မကောင်းဆိုးရွားစင်စစ် ဖြစ်ငြားအံ့၊ မင်းသားခေါင်း ဆောင်းထားသည့် ဘီလူးရုပ်ကိုတော့ ယန်းဘတ်စီအား ချွတ်ပြရလောက်အောင် မိုက်မဲလိမ့်မည် မဟုတ်ချေ။ အနံ့ခံ၍ လူမှန်း၊ မကောင်းဆိုးရွားမှန်း ခွဲခြားခြင်းက ပို၍ပင် ယုတ္တိမရှိချေ။

နှာခေါင်းသည် အာရုံငါးပါးတွင် ဂန္ဓာရုံဟူသော အနံ့အာရုံအတွက် ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုသာ ဖြစ်သည်။ ဘတ်စီပြောသည့်အတိုင်းဆိုလျှင် ငရဲသည် ဆာလဖာနံ့ဟု ခေါ်သည့် ကြက်ဥပုပ်နံ့ ထွက်၍ နိဗ္ဗာန်သည် အမွှေးတိုင်နံ့ ထုံသင်းနေရပေမည်။ ထိုသို့ အယူသီးမှုကား အဆိုးရွားဆုံးပင်။ အရိုင်းခေတ်၌ တိရစ္ဆာန်သာသာ နေထိုင်ခဲ့ကြသည့် လူတို့သည် မျက်စိပါသော်လည်း အမြင်အာရုံဖြင့် ခွဲခြားသိရှိနိုင်စွမ်း မရှိသဖြင့် ရန်သူနှင့် မိတ်ဆွေကို အနံ့ခံ၍ ခွဲခြားဆုံးဖြတ်ကြသလို ဖြစ်နေရော့မည်။ ဘယ်လောက် ရွံရှာစက်ဆုပ်ဖို့ ကောင်းလိုက်သလဲ။

"သူရူးသည် မျက်စိဖြင့် မသိ၊ နှာခေါင်းဖြင့် သိ၏" ဟူသော ဆိုရိုးလည်း ရှိသည်မဟုတ်လား။

"အဖြစ်ဆိုးလိုက်တဲ့ ကလေးငယ်ပါလား။ ကြည့်ပါဦး ခြင်းတောင်းထဲမှာ ခွေခွေလေး အိပ်နေပုံများ၊ ဘယ်လောက်အပြစ်ကင်းလိုက်သလဲ။ မသင်္ကာစရာ ဘာမှလည်း မရှိဘဲနဲ့၊ ကလေးကို လူနံ့မထွက်လို့ မလိုချင်ဘူးဆိုပဲ၊ ပြောရက်လိုက်တာ။ ရိုင်းကလည်း ရိုင်းလိုက်ပါဘိ။ အင်းလေ... ဘာပြောလို့ရမှာလဲ။ အိုအေးအေးအို... " ဖာသာတာရီယာသည် ခြင်းတောင်းကို ညင်သာစွာလွဲ၍ ကလေး၏ ဦးခေါင်းကို ပွတ်သပ်ကာ ပါးစပ်မှလည်း "အိုအေးအေးအို"ဟု တတွတ်တွတ် ရွတ်နေသည်။ သူက ကလေးပိစိကွေးလေးများကို ဤသို့ ညင်သာစွာ ပြုမူ၍ ချော့သိပ်ရမည်ဟု ထင်နေသည်။

"ကုလားအုတ်နံ့ ထွက်မှတဲ့လား။ အဓိပ္ပာယ် မရှိတာတွေ။ အို အေးအေးအို... "

သူက လက်ကို ရုပ်ကာ နှာခေါင်းဝသို့တေ့၍ အနံ့ခံကြည့်သည်။ နေ့လယ်စာအဖြစ် သူစားခဲ့သော ဂေါ်ဖီသနပ်အနံ့မှလွဲ၍ ဘာအနံ့မှမရ။ သူက လမ်းလျှောက်နေရာမှ ခဏလောက် တုံ့ခနဲ ရပ်သွားကာ ဘယ်သူများ ကြည့်နေသလဲဟု ဘေးဘီဝဲယာကို လှည့်ပတ်ကြည့်လိုက်သည်။ ထို့နောက် အနံ့တစ်ခုခု ရလိုရငြား ခြင်းတောင်းထဲသို့ သူ့နှာခေါင်းပွပွကြီးကို ငုံ့၍ ကလေး၏ ဦးခေါင်းပတ်လည်ကို ရှုကြည့်သည်။ သူ့နှာခေါင်းမှာ ကလေး၏ ဦးခေါင်းနှင့် နီးကပ်လွန်းလှသဖြင့် နှာခေါင်းဝက ဆံပင်မွေးနီနီလေးများနှင့် ထိသွားသည်။

ကလေး၏ ဦးခေါင်းမှ ဘာနံ့ထွက်သည်ကို သူလုံးဝ မသိချေ။ ကုလားအုတ်နံ့တော့ မဟုတ်တာ သေချာသည်။ ကုလားအုတ်သားကို သကြားရည်နှင့် ချက်သည် ဆိုကတည်းက နို့ရည်သာ စို့သော ကလေးထံမှ သကြားနံ့ ဘယ်လိုလုပ် ထွက်ပါတော့မလဲ။ ထွက်မည့်ထွက် နို့ထိန်းသမ၏ နို့နံ့သာ ထွက်ရမည်။

သို့သော် ကလေးဆီမှ နို့နံ့လည်း မထွက်ချေ။ ဆံပင်၊ အရေပြား၊ အမွှေးနှင့်

ကလေးချွေးနံ့ အနည်းငယ်တော့ ရလိမ့်မည်။ တာရီယာက ဆံပင်၊ အရေပြား၊ အမွေးနှင့် ကလေးချွေးနံ့ အနည်းငယ် ရလိုရငြား အနံ့ခံကြည့်သော်လည်း ကလေးဆီက ဘာအနံ့မှ မရချေ။

ကေန္တ သည်ကလေးမှာ အနံ့အသက်ဟူ၍ လုံးဝ မရှိခြင်း ဖြစ်ရမည်။ မွေးကင်းစ ကလေးငယ် တစ်ယောက်သည် သန့်သန့်ရှင်းရှင်း ထားပါက ဘာအနံ့မှ မထွက်ဟု သူက ယူဆ လိုက်သည်။ စကားပြောတတ်လာလျှင်၊ လမ်းလျှောက်တတ်လာလျှင်၊ စာရေးတတ်ဖတ်တတ် လာလျှင်တော့ အနံ့ထွက်လာမည်လား မပြောတတ်၊ ထိုအရာများကလည်း ကလေးအရွယ် ရောက်ဦးမှ။ ကတ်သတ်၍ ပြောရလျှင် လူသားတိုင်း အရွယ် ရောက်လာသည့်အခါ အနံ့တစ်ခုခု ထွက်ကို ထွက်သည်။ ရောမကဗျာဆရာ ဟိုးရေ့စ်က "နပျိုခြင်းက အညွန့်တလူလူ ထွက်အလာ၊ အပျိုစင်၏ ရနံ့က အဖြူရောင် နာဆစ်ဆပ်ပန်းလေး တစ်ပွင့်လို ပွင့်အာ..." စသဖြင့် စပ်ဆိုခဲ့သည် မဟုတ်လား။ ရောမသားများသည် အရွယ်ရောက်ခြင်း ပတ်သက်သည့် အရာအားလုံးကို သိနေခဲ့သည်။ လူသားတို့၏ အနံ့မှာ အသွေးအသားတို့၏ အငွေ့အသက်တို့ အမြဲဖုံးလွှမ်း နေသည်ပဲ။ ထိုအနံ့သည် ဒုစရိုက်၏ ရနံ့ဖြစ်သည်။ ဒုစရိုက်မှုကို ဖြူသလား မည်းသလား မသိ၊ အိပ်မက်ပင် မမက်ဖူးသေးသည့် နို့စို့ကလေးငယ်၌ အဘယ်မှာ ထိုအနံ့မျိုး ရှိပါမည်နည်း။ ထိုအနံ့ကား အသို့နည်း။

ဖာသာတာရီယာသည် ခြင်းတောင်းကို ဒူးပေါ် တင်၍ ညင်သာစွာ လွှဲပေးလိုက်သည်။ ကလေးငယ်ကတော့ နှစ်ခြိုက်စွာ အိပ်မြဲ။ ကလေး၏ နီရဲသော ညာဘက်လက်သီးဆုပ်လေးက စောင်အောက်မှ ထွက်လာသည်။ ပါးပြင်ကလေး ဆတ်ခနဲ တွန့်သွားပုံက ချစ်ဖို့ကောင်းလှသည်။ ထိုအခြင်း အရာကို မြင်လိုက်ရသည့်အခါ ဖာသာတာရီယာသည် တစ်ကိုယ်တည်း ပြုံးလိုက်မိသလို ရင်ထဲမှာလည်း ရုတ်တရက် နွေးခနဲ ခံစားလိုက်ရသည်။ ထိုခဏတွင် သူသည် ကလေး၏ ဖခင်ဟု ထူးဆန်းစွာ တွေးလိုက်မိသည်။ ထိုသို့ စိတ်ကူးယဉ်မိသည်ကိုလည်း သူ့ဘာသာ ကျေနပ်နေသည်။ စိတ်ကူးထဲတွင် သူသည် ဘုန်းကြီးတစ်ပါး ဖြစ်မနေဘဲ သာမန်တိုင်းသူပြည်သား တစ်ယောက်သာ ဖြစ်သည်။ ရိုးသားကြိုးစားသော လက်မှုပညာသည် တစ်ယောက်ယောက် ဖြစ်ချင်ဖြစ်နိုင်သည်။ သူယူထားသော ဇနီးသည်ထံမှ ပူနွေးသော နို့နှင့် သိုးမွေးနံ့ ထွက်နေမည်။ သူမနှင့် သားကလေး တစ်ယောက်ရသည်။ ယခု ထိုသားကလေးကို ဒူးပေါ်တင်၍ လွှဲပေးနေသည်။ အိုအေးအေးအို...။

ထိုစိတ်ကူးကြောင့် ကြည်နူးနေသဖြင့် နေလို့ထိုင်လို့ ကောင်းလှသည်။ ယင်းသို့ စိတ်ကူးယဉ်ရသည်မှာလည်း သာမန်အတွေးတစ်ခုနယ်ပင်။ ဖခင်တစ်ယောက်က သူ၏သားငယ်ကို ဒူးပေါ်တင်၍ "အိုအေးအေးအို... " ဟု

ချော့သိပ်ကာ လွှဲပေးနေသတဲ့။ ဖာသာတာရီယာ၏ စိတ်နှလုံးကား ကြည်နူးမှုဖြင့် သိမ့်သိမ့်တုန်၍ ရင်ထဲမှာ လှိုက်ဖိုနေလေသည်။

ထို့နောက် ကလေးငယ် အိပ်ရာမှ နိုးလာသည်။ ပထမဆုံး နိုးလာသည်က ၎င်း၏ နှာခေါင်းကလေး ဖြစ်သည်။ နှာခေါင်းသေးသေးလေးသည် အထက်သို့ ပင့်၍ တရှုံ့ရှုံ့ အနံ့ခံလျက် လှုပ်ရှားလာသည်။ နှာခေါင်းကလေးက လေကို ရှူသွင်းလိုက်၊ မှုတ်ထုတ်လိုက်နှင့် နှာချေတော့မည့်အတိုင်း။ ထို့နောက် နှာခေါင်းကလေးက တွန့်လိမ်ရှုံ့တွကာ မျက်လုံးလေးများ ပွင့်လာသည်။ အရည်ကြည်တစ်မျိုး ဖုံးနေသော မျက်လုံးကလေးများမှာ မီးခိုးနှင့် နို့နှစ်ရောင်ကြား မသဲကွဲသော အရောင်တစ်မျိုးနှင့် တူသည်။ ကလေးငယ်သည် အမြင်အာရုံကောင်းစွာ ဖွံ့ဖြိုးသေးပုံ မရချေ။ ဖာသာတာရီယာသည် ကလေး၏ မျက်လုံးကို သေသေချာချာ မကြည့်မိသဖြင့် မည်သို့မျှ မထင်သော်လည်း နှာခေါင်းကိုတော့ သေချာကြည့်မိသွားသည်။ တစ်ဝက်တစ်ပျက် ပွင့်လာသော ကလေး၏ မျက်လုံးများသည် ကြည့်သာ ကြည့်နေသော်လည်း ဘာကိုမှ မြင်ပုံမရ။ နှာခေါင်းကတော့ ထိုသို့ မဟုတ်ဘဲ လိုချင်သည့်နေရာကို တန်းခနဲ သိနေသည့်အလား ဖာသာတာရီယာ့ဆီ တည့်တည့်ကြီး ချိန်ရွယ်ထားသည်။ ထိုပစ်မှတ်သည် သူကိုယ်တိုင်ဖြစ်နေမှန်း ရိပ်မိလိုက်သဖြင့် ဖခင်အဖြစ် စိတ်ကူးယဉ်နေသော ဖာသာတာရီယာ၏ စိတ်ထဲတွင် တစ်မျိုးကြီး ခံစားလိုက်ရသည်။ ကလေး၏ နှာခေါင်းပေါက်သေးသေးလေးနှစ်ခုက ပွင့်အာလာသည့် ပန်းဖူးလေးလို ရှုံ့ချည်ပွချည် ဖြစ်နေသည်။ တကယ်တော့ ထိုနှာခေါင်းပေါက်လေးများသည် တော်ဝင်ရက္ခဗေဒဉယျာဉ်ထဲက သားစားပင်ငယ်တစ်မျိုးက သားကောင် ဖမ်းယူရန် ဖွင့်ဟထားသော စုပ်ခွက်လေးများနှင့် ပိုတူသည်။ ထိုသားစားပင်၏ စုပ်ခွက်များလိုပင် နှာခေါင်းပေါက်လေးများက တစ်ခုခုကို စုပ်ယူရန် ကြိုးစားနေပုံရသည်။ ဖာသာတာရီယာမှာ ထိုနှာခေါင်း ပေါက်လေးများကို ကြည့်ရင်း ရင်တထိတ်ထိတ် ဖြစ်လာသည်။

ကလေးငယ်၏ နှာခေါင်းပေါက်လေးများသည် သူ့အား မမှိတ်မသုန် စူးစိုက်၍ သေချာကြည့်နေသည့်အလား။ ကလေးငယ်သည် ဖာသာတာရီယာအား မျက်စိဖြင့် မမြင်ရသော်လည်း နှာခေါင်းဖြင့် သိနေသည့်နယ်။ ထိုနှာခေါင်းလေးများဖြင့် ထွင်းဖောက်ကြည့်ရှုနေပုံက မျက်လုံးဖြင့် အကြည့်ခံရသည်ထက် ပို၍ ခံရခက်သည်။ မသိလျှင် ထိုနှာခေါင်းလေးများသည် ဖာသာတာရီယာ့ဆီမှ ဖုံးကွယ်ထားလို့ မရသည့် တစ်စုံတစ်ရာကို စုပ်ယူဝါးမျို ပစ်လိုက်တော့မည့် အတိုင်းပင်။ ထိုအရာက ဘာလဲ။ ရှင်းပါသည်။ အနံ့မထွက်သော ထိုကလေးငယ်သည် သူ့ကို အနံ့ခံ၍ မှတ်သားနေခြင်းဖြစ်သည်။ ရှက်ဖွယ်လိလိပါတကား။ ထိုအခါ သူ့ကိုယ်မှ ဂေါ်ဇီသနပ်နံ့ ထွက်နေသလိုလို၊ ချွေးစော်ချဉ်စော်ပဲ နံနေသလိုလို၊ ဝတ်ထားသည့် မလျှော်ရသေးသော အဝတ်အစားများမှပဲ အနံ့ထွက်နေသလိုလို ခံစားရသည်။ တစ်ယောက်ယောက်က

သူ့အဝတ်အစား အားလုံးကို အကုန်ချွတ်ချ၍ အရုပ်ဆိုးသော သူ၏ အဝတ်မဲ့ခန္ဓာကိုယ်အား သေချာစိုက် ကြည့်နေသကဲ့သို့ မလုံမလဲ ခံစားရသည်။ ကလေးငယ်သည် သူ့အရေပြား ကို ထွင်းဖောက်၍ အသွေးအသား၊ ကိုယ်တွင်းကလီစာများအထိ အနံ့ခံနေသည့်အလား။ သာမန်နှာခေါင်းတစ်ခုနှင့် လုံးဝမတူတော့ဘဲ ဝက်နှတ်သီးလို ကော့တက်ကာ တွန့်လိမ်ရှုံ့ပွ၍ အငမ်းမရ အနံ့ခံနေသော ထိုနှာခေါင်းလေးကို မြင်ရသည့်ထိုခဏတွင် ခုနက လှိုက်ဖိုရင်ခုန်သော ကြည်နူးမှုအစား စက်ဆုပ်ရွံရှာမှုသာ အစားထိုးဝင်ရောက်လာပြီး ကြက်သီးဖြန်းဖြန်း ထသွားသည်။ ထိုခံစားချက်ကြောင့် ဗိုက်ထဲမှာပင် မအီမသာ ဖြစ်လာသည်။

ဖာသာတာရီယာသည် ရွံရှာဖွယ် အနံ့တစ်ခုခု ရလိုက်သလို နောက်ဆုတ်သွားသည်။ သူ့သွေးသူ့သားဟု သားအဖလို ခံစားချက်များလည်း မရှိတော့။ ခုနက စိတ်ကူးယဉ်မိသမျှ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်သည်။ သူ့ဒူးပေါ် တင်ထားမိခဲ့သည်မှာ ရန်လိုတတ်သည့် ထူးဆန်းသော သတ္တဝါလေး တစ်ကောင်ဟု အေးစက်စက် ခံစားရသည်။ ၎င်းသည် ဘယ်နည်းနှင့်မှ လူသားတစ်ယောက် မဖြစ်နိုင်။ ပင့်ကူတစ်ကောင် ခုန်တက်လာသလိုမျိုး ကြက်သီးမွေးညင်းများ ထလာမိသဖြင့် အော်ဟစ်လိုက်ချင်သည်။

ဖာသာတာရီယာသည် ခြင်းတောင်းကို စားပွဲပေါ် တင်ထားလိုက်သည်။ ဤသတ္တဝါလေးကို တတ်နိုင်သမျှ အမြန်ဆုံး ရှင်းထုတ်ပစ်လိုက်ချင်သည်။ ဖြစ်နိုင်လျှင် ယခုချက်ချင်းပင် ကောက်၍ လွှင့်ပစ်လိုက်ချင်သည်။ ထိုစဉ် ကလေးက တအီအီ စငိုသည်။ ကလေးငယ်သည် မျက်လုံးစုံမှိတ်ကာ အာခေါင်ခြစ်၍ စူးရှစွာ ဖျစ်ညှစ်အော်ငိုလိုက်ရာ တာရီယာမှာ သွေးကြောများ အေးခဲသွားမတတ် လန့်ဖျပ်သွားသည်။ သူက ကလေးအငိုတိတ်အောင် ခြင်းတောင်းကို လက်တစ်ဖက်ဖြင့် ဆွဲခါ၍ "အိုအေးအေးအို" ဟု ဆောင့်ကြီး အောင့်ကြီး အော်လိုက်သည်။ သို့သော် ကလေးငယ်က ပို၍ ကျယ်လောင်စွာ အော်ငိုသည်။ အော်ရလွန်းသဖြင့် ကလေး၏ မျက်နှာက လုံးဝ ပြာနှမ်း သွားသည်။

တာရီယာသည် "ဒင်းနဲ့ မြန်မြန်ဝေးမှ အေးမယ်" ဟု တွေးရင်း နှုတ်မှ "မကောင်းဆိုးရွားလေး" ဟု ပြောမိတော့မလို ဖြစ်သွားသည်။ သို့သော် သူ့ကိုယ်သူ သတိဝင်လာသဖြင့် နှုတ်မှ "ဒင်း..." ဟုသာ ထွက်သွား သည်။ ဘယ်ကို သွားထားရပါ့မလဲ။ အနီးအနားရှိ မိဘမဲ့ကျောင်းများနှင့် နို့ထိန်းသမများကို သိသော်လည်း သူနေထိုင်ရာနှင့် နီးနေသေးသည်။ သူ မကြားနိုင်လောက်သည့် နေရာသို့ ပို့ရမည်။ မုခ်တံခါးဝကို ပြန်လာ ချမထားနိုင်သည့် နေရာမျိုး။ တခြားဘုန်းကြီးကျောင်းသို့ ယူသွား၍ ရလောက်သည်။ မြစ်ထဲသာ ပစ်ချလိုက်လို့ရလျှင် ပိုတောင် ကောင်းဦးမည်။ ညဆိုလျှင် မြို့အဝင်ဂိတ်တံခါးကို

သော့ခတ်၍ ပိတ်ထားတတ်သည့် ဘက်စ်တေးလ်ခံတပ်၏ နောက်ကျောက ဖောဘုစိန့်အန်တွိုင်း ဆင်ခြေဖုံး ရပ်ကွက်… ။ ဟုတ်သည်။ သူနေထိုင်ရာ အရှေ့ပိုင်းနှင့် အလှမ်းဝေးသည့် ထိုနေရာသည်သာ ဤသတ္တဝါလေးအတွက် အကောင်းဆုံး။

တာရီယာသည် အချိန်မဆိုင်းတော့ဘဲ သင်းပိုင်ကို ကောက်ရုံကာ အော်ငိုသံ တပြုံပြုံ ထွက်နေသည့် ခြင်းတောင်းကို ဆွဲ၍ ကျောင်းထဲမှ အပြေးတစ်ပိုင်း ထွက်လိုက်သည်။ ထို့နောက် ဆဲန်မြစ်၏ မြစ်ညာဘက်၊ မြို့ပြင်ရှိ ဖောဘုစိန့်အန်တွိုင်းရပ်ကွက်ထဲက လမ်းကြားများဆီ ရောက်လာသည်။ ချာရွန်လမ်းအဆုံးရှိ မယ်ဒလင်း ဒီထရန်နဲလ် ဘုရားကျောင်းအနီးတွင် မဒမ် ဂါယာဟူသော မိန်းမတစ်ယောက် နေသည်။ သူမသည် ပိုက်ဆံရလျှင် ဘယ်အသက်အရွယ် ကလေးကိုမဆို လက်ခံသည်။

ဖာသာတာရီယာက အော်ငိုနေဆဲ ဖြစ်သည့် ကလေးငယ်အား သူမဆီအပ်ကာ တစ်နှစ်စာ ကြိုတင်၍ ငွေပေးချေလိုက်ပြီး မြို့ထဲသို့ ခပ်သုတ်သုတ် ပြန်ဝင်လာသည်။ ကျောင်းသို့ ပြန်ရောက်ရောက်ချင်း အဝတ်အစားများကို ချွတ်ကာ ကိုယ်တိုင်လည်း ခေါင်းစခြေဆုံး ရေမိုးချိုး၍ သန့်စင်လိုက်သည်။ ထို့နောက် အိပ်ဆောင်ထဲဝင်ကာ လက်နှစ်ဖက်ယှက်၍ ဆုတောင်းစာများကို အကြာကြီး ရွတ်ဖတ်နေမိသည်။ နောက်ဆုံးတွင်မှ စိတ်သက်သာရာရကာ အိပ်ပျော်သွားလေသည်။

*****

အခန်း (၄)

မဒမ်ဂါယာသည် အသက်သုံးဆယ်ပင် မပြည့်သေးသော်လည်း လောကဓံကို အရွယ်နှင့် မလိုက်အောင် ခံစားခဲ့ရသူဖြစ်သည်။ သူမသည် အသက်ရှိ၍သာ ရှင်သန်နေသော်လည်း စိတ်ခံစားချက်ဟူသမျှကတော့ သေဆုံးခဲ့တာ ကြာလှပြီ။ ငယ်စဉ်က သူမ၏ ဖခင်သည် မီးဆွသည့် သံချောင်းဖြင့် နဖူးကို ရိုက်နှက်ခဲ့ရာ မတော်တဆ နှာခေါင်းရိုးကျိုးသွားပြီး အနံ့အာရုံကို ခံစားနိုင်စွမ်း မရှိတော့ချေ။

ဤမျှသာမဟုတ်၊ လူသားတစ်ယောက်တွင် ရှိသင့်သည့် မေတ္တာ၊ စေတနာ၊ ကရုဏာလည်း သူမမှာ မရှိတော့ချေ။ ပျော်တယ်ဆိုတာ ချိုနဲ့လားဟု မေးရမည့် သူမအတွက် နူးညံ့သိမ်မွေ့ခြင်းဟူသည် တစ်ခါမှ မကြားဖူးသော စကားလုံး ဖြစ်သည်။ ကလေးများနှင့် နေရတာ ပျင်းလာလျှင် ယောက်ျားတစ်ယောက်ယောက်နှင့် သွားအိပ်တတ်သည်မှလွဲ၍ ဘာကိုမှ လေးလေးနက်နက် မခံစားတတ်ပေ။ ကလေးများ သေဆုံးသွားလျှင်လည်း ပူဆွေးမနေတတ်သလို ကျန်ရစ်သည့် ကလေးများ အတွက်လည်း ဝမ်းသာခြင်း မရှိချေ။ လင်ဖြစ်သူက ရိုက်နှက်လျှင်လည်း နည်းနည်းကလေးမျှ တွန့်မသွားသလို ဟိုတယ်ဒြိုးဆေးရုံတွင် ကာလဝမ်းရောဂါနှင့် ဆုံးပါးသွားသဖြင့် မုဆိုးမ ဖြစ်သွားသောကြောင့်လည်း ဝမ်းနည်းမနေပေ။ သူမကို လှုပ်ရှားစေသည့် ခံစားချက်နှစ်ခုသာရှိသည်။ ၎င်းမှာ လစဉ် ဓမ္မတာလာသည့်အခါ ကိုက်ခဲ၍ စိတ်ဓာတ်ကျသည်ဆိုရုံသာ ကျတတ်ခြင်းနှင့် ပြီးဆုံးသည့်အခါတွင်လည်း ဝမ်းသာသည်ဆိုရုံ စိတ်သက်သာရာရခြင်းသာ ဖြစ်သည်။ ယင်းမှအပ ထိုမိန်းမတွင် ဘာခံစားချက်မှ မရှိချေ။

စိတ်ခံစားချက်ဟူ၍ လုံးဝမရှိသော သူမ၏ အပြုအမူကြောင့်ထင့်၊ မဒမ်ဂါယာသည် ဘယ်ကလေးကိုမှ ကျောသားရင်သားခွဲခြားခြင်း မရှိဘဲ မျှမျှတတသာ ဆက်ဆံတတ်သလို အကြင်နာတရားကင်းမဲ့စွာ အမိန့်ပေးလေ့ ရှိသည်။ တစ်နေ့လျှင် ထမင်းသုံးနပ် ကျွေးသည်။ အဆာပြေမုန့်တော့ နည်းနည်းမျှ မပါ။ ကလေးပိစိကွေးလေးများဆိုလျှင် နှစ်နှစ်သားအရွယ်အထိ တစ်နေ့ သုံးကြိမ် အနီးလဲပေးသည်။ ဘောင်းဘီထဲ ချေးပါချထားလျှင်တော့ အပြစ်ပေးသည့်အနေဖြင့် တစ်ချက်ရိုက်ကာ ထမင်းတစ်နပ် လျှော့သည်။ သူမရသည့် အခကြေးငွေ တစ်ဝက်တိတိကို ကလေးများနေထိုင်ရာ အဆောင်အတွက် သုံးကာ ကျန်တစ်ဝက်တိတိကိုတော့ ထိန်းသိမ်းခအဖြစ် ယူသည်။ ကုန်ဈေးနှုန်း ကျလျှင်လည်း အမြတ်ပိုယူဖို့ မကြိုးစားသလို ငွေကျပ်တည်းချိန် များတွင်လည်း သေခါမှ သေရော့၊ တစ်ပြားမှ ပိုမတောင်းချေ။

တကယ်တော့ ဤလုပ်ငန်းသည် သူမအတွက် ဘာအမြတ်အစွန်းမျှ မကျန်ချေ။ သူမလိုချင်သည်က သက်ကြီးစရိတ်ရန်ပုံငွေ ထည့်သွင်းရန် လိုအပ်သည့် ငွေပမာဏလောက်သာ ဖြစ်သည်။ တစ်နေ့ အသက်ကြီးလာလျှင် သူမ၏ ယောက်ျားကဲ့သို့ ဟိုတယ်ဒြုံးဆေးရုံတွင် ဒုက္ခဆင်းရဲခံကာ သေမသွားချင်ပေ။ သည့်အစား သက်ကြီးစရိတ်ကို ပုံမှန် ထုတ်ယူသုံးစွဲရင်း သူမ၏ နေအိမ်တွင်သာ သေသွားချင်သည်။ သေဆုံးခြင်းဟူသည် အချိန် နေရာမရွေး ရောက်လာတတ်သော်လည်း သူမအနေဖြင့် ဆေးရုံရှိ သူစိမ်း ရာပေါင်းများစွာကြားထဲတော့ အုတ်ရောရောရော ကျောက်ရောရော အသေမခံနိုင်။ သေလျှင်လည်း ကျကျနနကလေးတော့ သေသွားချင်သည်။ ထို့ကြောင့် အဆောင်ကြေးထဲမှ ဖြတ်ယူရခြင်းဖြစ်သည်။

ဆောင်းတွင်းဆိုလျှင် နှစ်ဒါဇင်လောက်ရှိသော သူမ၏ ကလေးများထဲက သုံးလေးယောက်တော့ သေတတ်သည်။ သာသနာပြု မိဘမဲ့ကျောင်းများနှင့် အခြားက အခြားကလေးစောင့်ရှောက်သည့် အငှားမိခင်များမှာ ကလေး ဆယ်ယောက် ရှိလျှင် ကိုးယောက်လောက် မကြာခဏ သေဆုံးတတ်သဖြင့် သူမ၏ စံချိန်က တခြားသူများနှင့် စာလျှင်တော့ အပုံကြီး သာသည်။ ပါရီမြို့သည် မိဘမဲ့ကလေးများ၊ လူဆိုးသူခိုးများကို တစ်နှစ်လျှင် တစ်သောင်းကျော် မွေးထုတ်လျက်ရှိရာ ရှိရာ သေဆုံးသွားသော ကလေးများနေရာတွင် တခြား ကလေးများက အစားထိုး ဝင်ရောက်လာမြဲ ဖြစ်သည်။ သည်ပမာဏလောက် လျော့ပါးသွားမှုလည်း တန်ကာကျသည်။

ဂရ်နွီလေးအတွက်မူ မဒမ်ဂါယာ၏ ပြုစုပျိုးထောင်မှုက အကျိုးထူး တခြားနေရာဆိုလျှင် သူ့အနေဖြင့် အသက်ရှင်ချင်မှ ရှင်နိုင်လိမ့်မည်။ စိတ်သဘောထား သေးနုပ်သိမ်ဖျင်းလှသော မိန်းမတစ်ယောက်ဆီမှာ နေရသည့် အတွက် ဒူပေနာပေတော့ အတော်လေး ခံနိုင်ခဲ့သည်။ တခြား ကလေးများသာ သူ့လို အမိုက်တောထဲ မွေးလာခဲ့လျှင် ဤမျှသက်ဆိုးရှည်လိမ့်မည် မဟုတ်ချေ။ နို့ချိုကို ငတ်တစ်လှည့် ပြတ်တစ်လှည့်သာ စို့ရရှာသော်လည်း ရေလုံပြုတ် ဟင်းရည်ဖြင့် တင်းတိမ်နိုင်အောင် ကြိုးစားခဲ့သည်။ အသီးအရွက်နှင့် အသားငါးဟင်းလျာ အပုပ်အသိုး များကိုလည်း စားတတ်အောင် ကျင့်သားရလာခဲ့သည်။

ဂရ်နွီငယ်စဉ်က ဝက်သက်ရောဂါ၊ ဝမ်းကိုက်နာ၊ ရေကျောက်ရောဂါ၊ ကာလဝမ်းရောဂါတို့မှ ကံအားလျော်စွာ လွတ်မြောက်ခဲ့သည်။ ပေနှစ်ဆယ်နက်သော ရေတွင်းထဲ ပြုတ်ကျဖူးသလို ရင်ဘတ်ပေါ်သို့လည်း ရေနွေးပူ လောင်ခဲ့ဖူးသည်။ သူ့တစ်ကိုယ်လုံး၌ အမာရွတ်တို့ ဗရပွဖြစ် နေရုံသာမက ထိုဒဏ်ရာများကြောင့် ယိုင်နဲ့ကြုံလှီသော ခန္ဓာကိုယ်သာ ကျန်ရစ်ခဲ့သော်လည်း အသက်ကတော့ ပြင်းလှသည်။ သူသည် ဘက်ဒီးရီးယားပိုးမွှားပေါင်းစုံ၏ ဒဏ်ကို ခံနိုင်ရည်ရှိရုံမက

သွေးတစ်စက်သာ ကျန်တော့လျှင်တောင် နှစ်ပေါင်းများစွာ ရှင်နေဦးမည့်ပုံရသည်။ သူ့အတွက် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်က အချိုးကျ ခွဲဝေရရှိသောစားစရာနှင့် တစ်ကိုယ်စာ ဝတ်စရာရလျှင် ပြီးသည်။ မေတ္တာ၊ စေတနာ၊ အကြင်နာ ဆိုသည့်စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကတော့ သူနှင့်လားလားမှ မသက်ဆိုင်ချေ။

ဂန်နီ့အတွက် ထိုအရာများ မရှိလည်း ဘာမှမဖြစ်။ မွေးကတည်းကလည်း တစ်ခါမှ မခံစားခဲ့ရဖူးချေ။ သူ့ကို မွေးစဉ်က ပထမဆုံး အော်ငိုလိုက်သံကို လူအများ အာရုံစိုက် ခဲ့ကြဖူးသည်။ သို့သော် သူ့အော်သံကြောင့် မိခင်ကတော့ ကြိုးစင်တက်လိုက်ရသည်။ သူ့အော်သံသည် မေတ္တာ၊ ကရုဏာ တောင်းခံသည့် အသံမျိုး ဟုတ်ပုံမရချေ။ သည့်အစား သူအသက်ရှင်ဖို့ ဆုံးဖြတ်လိုက်သဖြင့် မိခင်ကို သေမိန့်ချလိုက်သည့် အသံသာ ဖြစ်သည်။ အခြေအနေကိုက တစ်ဦးအသက်ရှင်ရန် တစ်ဦးက သေကိုသေရပေမည်။ သူ့ဆုံးဖြတ်ချက်ကြောင့် ဆိုးရွားသော အကျိုးဆက်များ ဖြစ်လာမည်ကို သိ၍ အော်ဟစ်ခြင်း မဟုတ်တာကတော့ သေချာသည်။ လမ်းဘေးမှ ပဲတစ်စေ့ အညှောက်ပေါက်ခြင်း၊ မပေါက်ခြင်းပင်လျှင် ရေခံ မြေခံနှင့် သက်ဆိုင်သလို ဂန်နီ၏ အသက်နှင့်ခန္ဓာ အိုးစားကွဲ၊ မကွဲဟူသည် ပတ်ဝန်းကျင်၏ အခြေအနေ အပေါ် များစွာမူတည်နေသည်။

ပမာဆိုရသော် သွေးကိုစုပ်သော သေးငယ်လှသည့် သန်းလေးတစ်ကောင်သည် သတ္တဝါ တစ်ကောင်၏ ကိုယ်ပေါ်ရှိမနေဘဲ သစ်တစ်ပင်၌ တွယ်ကပ် ပေါက်ဖွားလာသည်ဆိုပါစို့။ ၎င်းသည် ပတ်ဝန်းကျင်၏ ဒဏ်ကိုကြံ့ကြံ့ခံရင်း ထိုသစ်ပင်အနီးမှ ဖြတ်သန်းလာမည့် သားကောင်၏ သွေးနံ့ကို မရမချင်း အနံ့ခံလျက် စောင့်ဆိုင်းနေပေလိမ့်မည်။ သို့တည်းမဟုတ် သေမထူးနေမထူး သဘောဖြင့် သစ်ပင်ပေါ်မှ ခုန်ချချင် ခုန်ချမည်။ သားကောင်၏ အသွေးအသားကို ကုပ်တွယ် မိလျှင်ကား ဘယ်သောအခါမှ လွှတ်တော့မည် မဟုတ်။

ဂန်နီသည်လည်း ထိုသန်းလေးကောင်နှင့် တူသည်။ သေမထူး နေမထူးဘဝတွင် ငြိမ်သက်တိတ်ဆိတ်စွာ နေထိုင်၍ အခွင့်ကောင်းကို စောင့်သည်။ လောကကြီးသည် သူ့ထံမှ အပြုံးကလေး တစ်ခုမပြောနှင့်၊ အနံ့တောင် မရချေ။ သူ့ဆီမှ ရသည်က သူ စွန့်ထုတ်လိုက်သော မစင်ပုံသာ ဖြစ်သည်။ ကလေးအရွယ်ပင်ဖြစ်ငြား မိန်းမတိုင်းက သူ့ကို မကောင်းဆိုးရွား တစ်ကောင်အလား ကန်ကျောက်လွှင့်ပစ်ကြမည်သာ။ ထိုမိန်းမထဲတွင် မဒမ်ဂါယာ မပါ။ ဂန်နီ့ဆီမှ အနံ့မထွက်သလို မဒမ်ဂါယာကလည်း အနံ့ ခံနိုင်စွမ်း မရှိပေ။ ဂန်နီအား ကြီးလာလျှင် ဘာဖြစ်ရမည်၊ ညာဖြစ်ရမည်ဟု မမျှော်လင့်သလို သူမကိုယ်တိုင်ကိုက စိတ်သိပ်မနှံ့ချေ။

ဂန်နီ ရောက်လာလာချင်းမှာပင် ရှိနှင့်ပြီးသော အခြားကလေးများက ဝိုင်း၍ စပ်စုကြသည်။ ကလေးများသည် ပထမဆုံးနေ့တွင်ပင် ဂန်နီကို ကြည့်၍

ကြောက်ရွံ့သွားကြသည်။ သူတို့သည် ဂန်နီထည့်ထားသော သစ်သားပုံးကို ခုတင်ခြေရင်းတွင် ထားကာ ရှောင်ကွင်း၍ သွားကြသည်။ ခုတင်ခြေရင်းသည် အခန်းထဲတွင် အခြားသော နေရာများထက် ပို၍အေးသည်။ ညအခါ၌ ကလေးငယ်အချို့မှာ ထ၍ ငိုတတ်ကြသည်။ ထိုအခါ မဒမ်ဂါယာက ခြေထောက်မှ တရွတ်တိုက် ဆွဲခေါ်၍ အပြစ်ပေးတတ်သည်။

တစ်နေ့သ၌ အသက်ကြီးသော ကလေးများက ဂန်နီအား အသက်ရှုကျပ်၍ သေအောင် တိတ်တဆိတ် ဝိုင်း၍ ကြံကြသည်။ သူတို့သည် စောင်များနှင့် အခင်းများကို အုတ်ခဲများ လိပ်ထည့်ကာ ဂန်နီမျက်နှာပေါ် အုပ်၍ဖိထား လိုက်ကြသည်။ နောက်တစ်နေ့မနက်၌ မဒမ်ဂါယာက သူ့အား လာကြည့်သောအခါ တစ်ကိုယ်လုံး ပြာနှမ်းနေသော်လည်း သေတော့ မသေချေ။

ထိုကလေးများက သူ့ကို သတ်ဖြတ်ရန် အမျိုးမျိုး ကြံစည်ကြသည်။ နောက်ဆုံး ပါးစပ်နှင့် နှာခေါင်းကို လက်ချည်းသက်သက်ဖြင့် အုပ်၍ သတ်ရန် စိတ်ကူးကြသည်။ သို့သော် သူ့ကို မည်သူကမှ ထိလည်း မထိရဲ၊ တို့လည်းမတို့ချင်ကြပေ။ ထိုသို့ လုပ်ကြံရန်မှာ ပင့်ကူဝဝဖီးဖီးကြီးတစ်ကောင်ကို လက်နှင့် ကိုင်ရသလို အသည်းတယားယား၊ ရင်တဖိုဖို ရှိလိမ့်မည်ဟုတွေးကာ ရွံရှာစက်ဆုပ်ကြသဖြင့် ထိုစိတ်ကူးက လက်တွေ့တွင် ဖြစ်မလာချေ။ ဂန်နီ အရွယ်ရောက်လာသည်နှင့်အမျှ သတ်မည့်အကြံကို လက်လျှော့လိုက်ကြသည်။ သို့တည်းမဟုတ် သူ့အား ပျက်စီးရာပျက်စီးကြောင်း ကြံရွယ်၍ မရသည်ကို နားလည်သွားသောကြောင့်လည်း ဖြစ်နိုင်သည်။ ယင်းအစား သူတို့သည် ဂန်နီ့ကို လက်ဖျားနှင့်ပင်မတို့ဘဲ သူ့အပါးမှ ဝေးရာသို့သာ ရှောင်ခွာထွက်ပြေးကြလေသည်။

သူတို့သည် သူ့ကို မမုန်းချေ။ မနာလိုလည်း မဖြစ်သလို သူစားသော စားစရာများကိုလည်း ဝန်တိုငြူစုခြင်း မရှိကြ။ မဒမ်ဂါယာ၏ အိမ်တွင် သူရှိနေသည်ကိုသာ များစွာ စိတ်အနှောင့်အယှက် ဖြစ်ကြသည်။ သူ့ဆီမှ ဘာအနံ့မှ မထွက်သည်ကိုလည်း သည်းမခံနိုင်ကြ။ သူတို့သည် ဂန်နီ့အား ကြောက်ရွံ့ခြင်းသာ ဖြစ်ကြလေသည်။

*****

အခန်း (၅)

ဂန္ဒီ့အကြောင်းကို သေချာသိမည်ဆိုလျှင် ကြောက်ရွံ့ထိတ်လန့်စရာလည်း ဘာမှမရှိပါ။ သူသည် အသက်သာကြီးလာသော်လည်း ရုပ်ဆိုးလာသည်မှလွဲ၍ အထူးသဖြင့် လူကောင်က ထွားကျိုင်းမလာသလို ခွန်အားလည်း ကြီးမားသန်မာလာခြင်း မရှိချေ။ ရုပ်ဆိုးသည် ဆိုရာတွင်လည်း မြင်မြင်သမျှ လူအပေါင်းတို့က သူ့အား သရဲတစ္ဆေကို မြင်ရသလို ကြောက်ရွံ့ လောက်အောင် ဆိုးရွားနေသည်တော့ မဟုတ်ချေ။ သူသည် ရန်လိုခြင်း၊ အလစ်သုတ်ခြင်း၊ ရမ်းကားခြင်း မရှိသလို လူတကာကိုလည်း ရန်လိုက်မစ တတ်ချေ။ သူကိုယ်တိုင်က လူတွေနှင့် ခပ်ကင်းကင်းသာ နေလိုသဖြင့် လူကြောက်တတ်သည်ဟုပင် ဆိုရမည်။ ဂန္ဒီသည် အသက် သုံးနှစ်ကျမှ မတ်တတ်စရပ်ပြီး လေးနှစ်ကျမှ စကားစပြောသည်။

သူစပြောသည့် စကားလုံးက 'ငါး' ဟူ၍ဖြစ်သည်။ ထိုစဉ်က ငါးစိမ်းသည် တစ်ယောက်သည် ချာရွှန်လမ်းမထက်မှ "ဟောဒီက ငါးတွေ ရမယ်။ ငါး" ဟု အော်သွားသည်။ ဂန္ဒီသည် ငါးစိမ်းသည်ကို ခပ်လှမ်းလှမ်း တစ်နေရာမှ စိတ်ဝင်တစား ကြည့်ရင်း ရုတ်တရက် စိတ်လှုပ်ရှားစွာ 'ငါး' ဟု ပါးစပ်မှ လွှတ်ခနဲ ထွက်သွားသည်။ နောက်ထပ် တစ်ပိုင်းတစ်စထွက်လာသည့် စကားလုံးများမှာ ပန်း၊ ဆိတ်ခြံ၊ ဂေါ်ဖီထုပ်နှင့် ဂျက်ကီးလော်ရာ ဟူ၍ဖြစ်သည်။ ဂျက်ကီးလော်ရာ ဆိုသည်မှာ အနီးအနားရှိ ဖဲလက်စ်ဒီလာခရွိုက်စ် သီလရှင်ကျောင်းမှ ဥယျာဉ်မှူးအကူ၏ နာမည်ဖြစ်သည်။ သူသည် ကြိယာ၊ နာမဝိသေသနနှင့် အာမေဍိတ် စကားလုံးများကို သိပ်စိတ် မဝင်စားချေ။ "ဟုတ်ကဲ့" နှင့် "ဟင့်အင်း" မှလွဲ၍ အရာဝတ္ထုများ၊ အပင်များ၊ တိရစ္ဆာန်များနှင့် လူများကို နာမ်စကားလုံးများဖြင့်သာ သုံးတတ်သည်။ ထို "ဟုတ်ကဲ့၊ ဟင့်အင်း" ကိုပင်လျှင် အသက်အတော်ကြီးမှ ပြောခြင်း ဖြစ်သည်။ ရုတ်တရက် အနံ့တစ်ခုခုကို ရလိုက်လျှင် အထူးသဖြင့် ထိုအနံ့ကို သူစိတ်ဝင်စားသွားလျှင် ထိုအရာ၏ အနက်အဓိပ္ပာယ်ကို သူက အနံ့ဖြင့် မှတ်သားသည်။

နေအလွန်ပူသော မတ်လတွင် ဖြစ်သည်။ တစ်နေ့သ၌ သူသည် ထင်းပုံတစ်ခုရှိ သစ်တုံး တစ်တုံးပေါ် ထိုင်၍ ထင်းချောင်းအတိုအစများကို ချိုးဖဲ့နေစဉ် "ထင်း" ဟူသော စကားလုံးကို ရေရွတ်မိသည်။ ထင်းကို ယခင်က အကြိမ်ပေါင်းများစွာ မြင်ဖူးသလို "ထင်း" ဟူသော စကားလုံးကိုလည်း အကြိမ်ပေါင်းများစွာ ကြားဖူးသည်။ ဆောင်းတွင်းဆိုလျှင် မီးလှုံရန် မကြာခဏ ထင်းသယ်ရသည်ကို အမှတ်ရသဖြင့် ထင်း၏ အဓိပ္ပာယ်ကို သူ နားလည်သွားသည်။ သို့သော် ထင်းဟူသော အရာဝတ္ထု၏ နာမည်နှင့် အဓိပ္ပာယ်ကို

သိပ်စိတ်မဝင်စားတော့သဖြင့် ထင်းပုံပေါ် တက်ထိုင်ကာ တောင်တောင်အီအီ လျှောက်စဉ်းစားသည်။ ထင်းတုံးများကို တဲကလေး၏ လက်ယာဘက် တံစက်မြိတ်အောက်တွင် အလျားလိုက်လှဲကာ ပုံထားသည်။ နေပူသဖြင့် အပေါ်ဆုံးရှိ ထင်းတုံးဆီမှ မီးကင်ထားသလို မွှေးပျံ့သောအနံ့တစ်မျိုး ထွက်နေပြီး အောက်ဘက်ရှိ ထင်းတုံးများဆီက ရေညှိတက်နေသဖြင့် စိုထိုင်းထိုင်း အနံ့တစ်ခု ထွက်နေသည်။

ဂန်နီသည် ခြေထောက်စင်း၍ တဲနံရံကို မှီထိုင်ရင်း မျက်လုံးများ မှိတ်ထားလိုက်သည်။ ဘာမှ မမြင်ရ၊ မကြားရသဖြင့် ဘာကိုမှလည်း မခံစားရချေ။ သူထိုင်နေရာ ပတ်ပတ်လည်မှ ထွက်နေသည့် ထင်းနံ့ကိုသာ ရှူနေလိုက်သည်။ ထိုအနံ့ကို သူသောက်သုံးသည်။ ထိုအနံ့သည် သူ၏ မွေးညင်းပေါက်များမှ ဖြတ်သန်းစီးဝင်ကာ သူကိုယ်တိုင် ထင်းတုံးတစ်ခု ဖြစ်သွားသည်ဟု ခံစားရသည်အထိ ရနံ့ထဲမှာ ပျော်ဝင်နစ်မြုပ်ပစ်လိုက်သည်။ သူသည် “ပီနိချီယို” သစ်သား ရုပ်လေးတစ်ရုပ်လို ငြိမ်သက်စွာ ထိုင်နေသည်မှာ မသိလျှင် အသက်ဝိညာဉ် ကင်းမဲ့သွားသည့် နှယ်ပင်။ နာရီဝက်ကျော်ကျော် ကြာသောအခါ “ထင်း” သည် သူ့ကို မွန်းကျပ်တစ်ဆို့လာစေသည်။ “ထင်း” သည် သူ၏ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် အစာအိမ်ကို ပြည့်တင်း ကျပ်သိပ်လာစေ သဖြင့် ထိုစကားလုံးကို သူ ဖွင့်ဟအန်ချလိုက်ရသည်။

“ထင်း...”

ထင်း၏ ဖြစ်တည်မှု၊ ထင်း၏ရနံ့က သူ့ကို ဝါးမျိုမသွားခင် သူ့ကိုယ်သူ ကယ်တင် လိုက်နိုင်သည်။ ဂန်နီသည် ခေါင်းတခါခါဖြင့် ထင်းပုံပေါ်မှ လျှောဆင်း၍ ထွက်သွားသည်။ သူလမ်းလျှောက်သွားပုံက သစ်သားခြေထောက်များနှင့် လျှောက်နေရသလို ယိုင်တိယိုင်တိုင်။ နောက်ရက်ပေါင်းများစွာ ကြာသည့်တိုင် အင်အားကြီးမားသော ထိုရနံ့၏ လွှမ်းမိုးမှုဒဏ်ကြောင့် ရီဝေထုံထိုင်းနေသည်။ ထိုအနံ့ကို ပြန်အမှတ်ရလာတိုင်း တစ်ခုခုကို တောင်းပန်ခယသလိုမျိုး “ထင်း...၊ ထင်း...” ဟု ထပ်ခါ တလဲလဲ ရေရွတ်နေတတ်သည်။

ဂန်နီသည် ထိုသို့လေ့လာရင်း စကားပြောတတ်လာသည်။ သို့သော် အနံ့မရှိသော အရာဝတ္ထုများ၊ စိတ်ကူးယဉ်အတွေးများ၊ အထူးသဖြင့် ကိုယ်ကျင့်တရားနှင့် သက်ဆိုင်သော နီတိစကားလုံးအတွက်တော့ အထူးပင် အခက်ကြုံရသည်။ ဥပမာ တရားမျှတမှု၊ ဘုရားသခင်၊ ပျော်ရွှင်မှု၊ တာဝန်၊ လူသားဆန်ခြင်း၊ ကျေးဇူးတင်ခြင်း စသည့် စကားလုံးများကို သူ့အသိဖြင့် အဓိပ္ပာယ်ဖော်ရန် ဉာဏ်မမီချေ။ ထိုစကားလုံးများကို နားလည်း မလည်သလို သူ့အတွက် ဘယ်နေရာတွင် ဘာစကားလုံးသုံးရမှန်း မသိအောင် ရှုပ်ထွေးခက်ခဲလှသဖြင့် မကြာခဏ မှားယွင်း၍ သုံးစွဲမိတတ်သည်။

နေ့စဉ်သုံးစကားလုံးများ၌ အနံ့အာရုံနှင့် သက်ဆိုင်သော စကားလုံးများမှာ လောက်ငမှု မရှိသော်လည်း ဂရန်နွီ၏ ဦးနှောက်ထဲမှာတော့ သီးသန့်မှတ်ဉာဏ်များအဖြစ် တဖြည်းဖြည်း များပြားလာသည်။ သူသည် သစ်သားဟူသမျှကို အနံ့ပင် မခံတော့ချေ။ သို့သော် သာမန်လူများက ဝက်သစ်ချ၊ မေပယ်၊ အင်၊ ကျွန်း၊ ပျဉ်းကတိုး စသည့် အပင်များကို မျက်စိဖြင့်ကြည့်၍ ၎င်းတို့၏ သက်တမ်းအနု အရင့်၊ အညှိတက်ခြင်း၊ ဆွေးမြည့်ခြင်းကို မသိနိုင်သော်လည်း ဂရန်နွီကမူ ယင်းသစ်တုံး၊ ထင်းချောင်းတို့၏ အခေါက် အလိပ်၊ အတိုအစမှ အနံ့ရရုံဖြင့် ခွဲခြားသိရှိလေသည်။

အလားတူပင် မဒမ်ဂါယာ သူမ၏ ဒူးမနာသားများကို နေ့စဉ် တိုက်ကျွေးသည့် အဖြူရောင် အရည်ကို နွားနို့ဟု ဂရန်နွီ မသိသေးသော်လည်း အနံ့ခံလိုက်သည်နှင့် ဘယ်လောက်ပူသည်၊ ဘယ်နွားထံက ရသည်၊ ထိုနွား ဘာစားသည်၊ မလိုင် ဘယ်လောက် ကျန်သေးသည် စသဖြင့် သူ့အာရုံထဲမှာ သိနေလေ့ရှိသည်။ ထိုအချက်အလက်များကို မူတည်၍ မနက်တိုင်း သောက်ရသည့် နွားနို့က တစ်ရက်နှင့် တစ်ရက် လုံးဝ မတူမှန်း သိနေခဲ့သည်။

မီးဖိုတစ်ခုမှ ထွက်သော အခိုးအငွေ့တစ်ခုတွင် မတူညီသော ဂုဏ်သတ္တိများ၊ အသစ် အသစ်သော အနံ့ရာပေါင်းများစွာ ရောနှောပေါင်းစပ် နေမည်ဆိုလျှင် မီးခိုးဟူသော အမည်နာမ တစ်ခုတည်းဖြင့် လုံလောက်ပါမည်လား။ မြေ၊ ရေ၊ လေဟူသော ဓာတ်ကြီးသုံးပါးသည် တခြား အနံ့တစ်ခုခုနှင့် ရောနှောပေါင်းစပ်သွားလျှင် မြေနံ့၊ ရေနံ့၊ လေနံ့ဟူ၍ တစ်သမတ်တည်း ခေါ်လို့ မရတော့ချေ။ ခြေလှမ်းတစ်လှမ်း၊ လေတစ်ချက်အဟေ့မှာပင် ရနံ့အမျိုးမျိုး ပြောင်းလဲ နေသောကြောင့် ရနံ့မျိုးစုံဖြင့် ကြွယ်ဝသော ကမ္ဘာလောကကြီးတွင် ရနံ့တစ်ခုချင်းစီကို အမည် သတ်မှတ်ပေးရန် စကားလုံးကတော့ ရှားပါးလွန်းလှသည်။ ထို့ကြောင့် စကားလုံးဟူသည် ဂရန်နွီ အတွက် နားလည်ရခက်သော ဘာသာဗေဒဖြစ်နေပြီး တခြားသူနှင့် ထိတွေ့ဆက်ဆံ မှသာ ကျင့်သားရ၍ ပြောတတ်သည်။

အသက်ခြောက်နှစ်အရွယ်တွင် ဂရန်နွီသည် အနံ့အာရုံဖြင့် သူ့ပတ်ဝန်းကျင်က အရာ အားလုံး အကြောင်းကို အလုံးစုံ သိမြင်နေလေသည်။ မဒမ်ဂါယာ၏ အိမ်ထဲက ဘယ်ပစ္စည်းမဆို၊ ချာရွန် လမ်းမ၏ မြောက်ဘက် ပိုင်းတစ်လျှောက်ရှိ ဘယ်နေရာမဆို၊ သူမသိသော လူ၊ သူမသိသော ကျောက်ခဲလေးတစ်လုံး၊ သစ်တစ်ပင်၊ ချုံပုတ်တစ်ခု ယုတ်စွအဆုံး အစက်အပျောက်ကလေး တစ်ခုပင် မကျန်အောင် အကုန်သိသည်။ ထိုအရာအားလုံးကို ၎င်းတို့၏ ပင်ကိုရနံ့နှင့် တွဲဖက်လျက် သူ၏မှတ်ဉာဏ်ထဲတွင် စွဲမြဲစွာ မှတ်မိလေသည်။

အနံ့မျိုးပေါင်း ထောင်သောင်းမက ကွဲပြားခြားနားပါစေ၊

သူ့မှတ်ဉာဏ်ထဲတွင် တစ်ခုချင်း စီကို ရှင်းလင်းပီသစွာ မှတ်မိလေ့ရှိသည်။ ပို၍ထက်မြက်လာသည်ကား အနံ့တစ်ခုချင်းစီကို ပေါင်းစပ်၍ အသစ်ထပ်မံ ရရှိလာမည့် အနံ့မျိုးကိုပင် ခန့်မှန်းတတ်လာခြင်းဖြစ်သည်။ ထိုသို့ ပါရမီဉာဏ် ရင့်သန်လာခြင်းကြောင့် ကမ္ဘာပေါ်တွင် မရှိခဲ့ဖူးသော အနံ့သစ်မျိုးစုံကို တီထွင် ဖန်တီး နိုင်လိမ့်မည်ဟု ထိုစဉ်က နားမလည်သေးချေ။ အကယ်၍ သူသာ ဝေါဟာရတို့၏ အနက် အဓိပ္ပာယ်ကို ကိုယ်တိုင် ကြွယ်ဝစွာ တတ်မြောက် နားလည်ခဲ့လျှင် ရနံ့နှင့် ပတ်သက်သည့် စကားလုံးပေါင်း ထောင်သောင်းမက ထွက်ပေါ်လာပေလိမ့်မည်။

သူ၏ပါရမီဉာဏ်ကို အနီးစပ်ဆုံး နှိုင်းယှဉ်ပြရလျှင် သံစဉ်နှင့် တေးသွားကို နားထောင်ရုံဖြင့် အသံ၏ အနိမ့်အမြင့်၊ အပြင်းအပျော့ကို ဂီတသင်္ကေတဖြင့် နားလည်သဘောပေါက်၍ သံစဉ်အသစ်၊ တေးသွားအသစ်ကို မိမိဘာသာ တီထွင်ဖန်တီးနိုင်သော မွေးရာပါ ပင်ကိုယ် အရည်အချင်းနှင့် တူသည်ဟု ဆိုရမည်။ သို့သော် ရနံ့သင်္ကေတသည် ဂီတသင်္ကေတနှင့် လုံးဝမတူဘဲ ကွဲပြားခြားနားလှသောကြောင့် ဂရန်နွီ၏ အနံ့မှတ်သားနိုင်စွမ်းမှာ တခြားမည်သူနှင့်မျှ မတူဘဲ လူတကာထက် ထူးကဲသာလွန်နေလေသည်။

ဂရန်နွီသည် သိုသိုသိပ်သိပ်သာ နေလိုဟန်ရှိသည်။ သူအဖြစ်ချင်ဆုံး ဆန္ဒကား သီးပင်စားပင် စိုက်ခင်းများ၊ ပန်းဥယျာဉ်များ၊ စပျစ်ခြံနှင့် မြက်ခင်းလွင်ပြင်များကို ဖြတ်သန်း၍ ဖောဘုစိန့်အန်တွိုင်း၏ မြောက်ဘက်ပိုင်း တစ်နံတစ်လျားသို့ ခြေဦးတည့်ရာ တစ်ကိုယ်တည်း လျှောက်သွားလိုခြင်း ဖြစ်သည်။ တစ်ခါတစ်ရံ ညနေဘက်တွင် အိမ်သို့ ပြန်မလာတတ်ဘဲ ရက်အတန်ကြာ ပျောက်နေတတ်သည်။ ပြန်လာသောအခါ အပြစ်ပေးမည့် ကြိမ်လုံးက အသင့်စောင့်နေလေသည်။ သူ့ကို ရိုက်လျှင်လည်း အသံတစ်ချက်မှ မထွက်ဘဲပေပြီး ခံလေ့ရှိသည်။ သူ့ပုံက နာကျင်၍ အော်ရမည်ကိုပင် ငြီးငွေ့နေသည့်နှယ်။ သူ့ကို အိမ်ထဲမှာ ပိတ်လှောင်ထားထား၊ အစာရေစာ မကျွေးဘဲနေနေ၊ အလုပ်မည်မျှ ပင်ပန်းအောင်ခိုင်းခိုင်း သူ့အပြုအမူကတော့ တစ်စက်ကလေးမျှ ပြောင်းမသွားချေ။

နိုထရာဒမ်ဒီဘွန်ဆီကော်အမည်ရှိ သာသနာပြုစာသင်ကျောင်းတွင် ဆယ့်ရှစ်လခန့် ပြတ်တောင်းပြတ်တောင်း တက်ရောက်သော်လည်း စာလုံးပေါင်း အနည်းငယ်သာ ပေါင်းဖတ်တတ်ခြင်းနှင့် သူ့နာမည်ကို ရေးတတ်ခြင်းမှလွဲ၍ ဘာမှ ထူးထူးခြားခြား တတ်မြောက်လာခြင်း မရှိသလို ထို့ထက်လည်း ပို၍သင်လို့ မရချေ။ ဆရာက သူ့အား စာသင်ကြား၍ မရနိုင်အောင် ဉာဏ်ရည် ထုံထိုင်းသည်ဟု ယူဆလိုက်သည်။

မဒမ်ဂါယာကမူ ဂရန်နွီ့တွင် သဘာဝလွန်ဟု ပြောမရလျှင်တောင် သာမန်ထက် ထူးကဲသော စွမ်းရည်ရှိသည်ကို လုံးဝ သတိမထားမိချေ။ သူသည်

တခြားကလေးများလို ည၊ အမှောင်ထု စသည်ကိုလည်း လုံးဝ အကြောက်အလန့်မရှိ။ ညဘက်မီးလှုံရန် ထင်းအလို့ငှာ မြေတိုက်ခန်း မှောင်ကြီးမည်းကြီးထဲ သွားယူစရာရှိလျှင် တခြားကလေးများမှာ မီးအိမ်ပါ သည့်တိုင် မည်သူမျှ ဆင်းမသွားရဲကြ။ ဂန်နီကတော့ မီးအိမ်ပင် မယူဘဲ မြေတိုက်ခန်းထဲ ချက်ချင်းဆင်းကာ အလိုရှိရာ စာရွက်၊ အဝတ်စ၊ ထင်းဟူသမျှ ကို အမှားအယွင်း မရှိစေဘဲ သွားယူတတ်လေသည်။ သော့ခတ်ထားသည့် တံခါး၊ အုတ်နံရံ အပြောင်းအလဲ ရှိပါစေ၊ သူသွားရာ လမ်းတစ်လျှောက် မည်သည့်အရာဝတ္ထုနှင့်မှ ခလုတ်မတိုက်မိတတ်ချေ။

ဂန်နီသည် အိပ်ဆောင်ထဲ မဝင်မီကပင် အထဲ၌ ဘယ်နှစ်ယောက်ရှိ၍ ဘယ်နေရာတွင် ဘယ်လိုနေကြသည်ကိုပါသိသလို ပန်းဂေါ်ဖီကိုပင် အပေါ်အခွံ ပွင့်အာမလာမီ အထဲ၌ ပိုးကောင် ရှိမရှိကိုလည်း သိသည်။ မဒမ်ဂါယာသည် ပိုက်ဆံကို နေရာအမျိုးမျိုး ပြောင်းလဲသိမ်းဆည်း တတ်ပြီး ရှာမတွေ့သည့်အခါ ဂန်နီက နှစ်ခါမရှာဘဲ လက်ညှိုးထိုးပြသည်နှင့် ထိုနေရာတွင် တွေ့တတ်သည်။ ထိုမျှသာမဟုတ်၊ လူတစ်ယောက် လာမည်ဆိုလျှင် ဂန်နီက ထိုသူ မရောက်မီ ကြိုသိနေလေ့ရှိသည်။ ကောင်းကင်၌ တိမ်တစ်စပင် မရှိသော်ငြား မိုးသက်မုန်တိုင်း တိုက်တော့မည်ကိုလည်း ကြိုသိသည်။ ပန်းဂေါ်ဖီ၊ သိမ်းထားသော ပိုက်ဆံ၊ လာလတ္တံ့သောလူ စသည့်အရာ အားလုံးကို သိနေခြင်းမှာ ဂန်နီ၌ ဆဋ္ဌမအာရုံ ရှိနေသောကြောင့်မဟုတ် တစ်နေ့ထက် တစ်နေ့ ပို၍တိကျထက်မြက်လာသော သူ၏ အနံ့ခံစွမ်းရည် ထူးကြောင့်သာ ဖြစ်လေသည်။

သို့သော် မဒမ်ဂါယာကတော့ ထိုသို့ မယူဆမိပေ။ မီးဆွတံဖြင့် အရိုက်ခံရ၍ အနံ့ခံအင်္ဂါအစိတ်အပိုင်း မပျက်စီးလျှင်တောင် အကြောင်းရင်းမှန်ကို စဉ်းစားတွေးခေါ်တတ်သည့် ဉာဏ်ရည်မျိုး သူမတွင် မရှိပေ။ သူမက ဤသူငယ်ကလေး၌ ဆဋ္ဌမအာရုံရှိသည်ဟုသာ ထင်မှတ်သည်။ မဒမ်ဂါယာသည် ထိုသို့ ထူးခြားဆန်းကြယ်သော စွမ်းရည်ရှိသူများက ကောင်းကျိုးမပေးတတ်ဟု ယုံကြည်သူဖြစ်သည်။ ဂန်နီ၏ ဖြစ်အင်ကို သံသယဝင်လာသည်နှင့် မဒမ်ဂါယာမှာ ပို၍ အစိုးရိမ်ကြီးလာပြီး သူ့ကို ဖယ်ရှားရန် စိတ်ကူးတော့သည်။

ထိုအချိန်တွင် ဂန်နီသည် အသက်ရှစ်နှစ်အရွယ် ရောက်လာပြီး စိန့်မာရီ ဘုရားကျောင်း ကလည်း သူ့အတွက် နှစ်စဉ်ပေးနေကျ အဖိုးအခကို အကြောင်းမည်မည်ရရ မရှိဘဲ ဖြတ်တောက်လိုက်သည်။ မဒမ်ဂါယာသည် ပိုက်ဆံကို တကျီကျီ သွားမတောင်းဘဲ တစ်ပတ် နှစ်ပတ်လောက် ထပ်စောင့်လိုက်သေးသည်။ ပိုက်ဆံမရတော့မှန်း သေချာသွားသောအခါ သူငယ်ကလေးကို လက်ဆွဲ၍ မြို့ထဲသို့ ခေါ်လာခဲ့သည်။

ဆဲန်မြစ်အနီးရှိ မွန်တယ်လာရီလမ်းတွင် သူမနှင့်သိကျွမ်းသည့် ဂရီမယ်ဆိုသူ

နေထိုင်သည်။

ဂရီမယ်သည် သူ့အလုပ်တွင် အလုပ်သင် လက်ထောက်များ၊ ကျွမ်းကျင်လုပ်သားများကို တန်ရာတန်ကြေး ပေး၍ မခေါ်ဘဲ ဈေးပေါသော ကူလီအလုပ်သမားများကို ခေါ်ခိုင်းလေ့ရှိသည်ဟု နာမည်ဆိုး ထွက်သည်။ သူ့အတွက် ကလေးလူကြီးမရွေး ဈေးပေါလျှင် ရသဖြင့် အလုပ်သမားက အမြဲလိုသည်။ သူ့အလုပ်မှာ သားရေကုန်ကြမ်း ထုတ်လုပ်ခြင်း ဖြစ်သည်။ ထိုလုပ်ငန်းများမှာ တိရစ္ဆာန်၏ အသားကို လှီးခြစ်၍ အရေခွံချွတ်ခြင်း၊ သားရေလုပ်ရန် ဆေးဆိုး၍ အဆိပ်ရှိသော အရည်များနှင့် ရောနယ်ခြင်း စသည့် အန္တရာယ်များသော အလုပ်များဖြစ်လေရာ ကျွမ်းကျင် သားရေ လုပ်သားများပင် ငွေမည်မျှပေးပေး အချိန်ကုန်ခံ၍ မလုပ်ဝံ့ကြချေ။ ထို့ကြောင့် ဂရီမယ်သည် ထိုလုပ်သားများအစား အလုပ်အကိုင်မဲ့ လူတန်းစားများ၊ အိမ်ခြေရာမဲ့များ၊ နေရာအတည်တကျမရှိသော လေလွင့်ကလေးငယ်များကိုသာ ပေါပေါပဲပဲ ခိုင်းစေခြင်းဖြစ်သည်။ မဒမ်ဂါယာသည် ဂရီမယ်၏ သားရေလုပ်ငန်းအကြောင်းကို အကုန်သိသော်လည်း ဂန်နီ့ကို ထိုနေရာသို့ ပို့လိုက်ရသဖြင့် စိတ်ထဲမှာ မည်သို့မျှ မခံစားရချေ။ ဂန်နီ ဒဏ်ခံနိုင်၊ မခံနိုင်ဆိုသည်မှာလည်း သူမနှင့် မသက်ဆိုင်ဟုသာ သဘောထားသည်။ ဂန်နီနှင့် ပတ်သက်သမျှ သူမ၏ တာဝန်က ပြီးဆုံးသွားပြီ။ သူမ၏အိမ်က ထွက်သွားသမျှ ဘယ်သူ ဘာဖြစ်ဖြစ် သူမ အလုပ်မဟုတ်။ ဂန်နီရင်ဆိုင်နိုင်လျှင်လည်း ဘာမှမဖြစ်၊ သေသွားလျှင်လည်း မည်သို့မျှ ခံစားရမှာ မဟုတ်ချေ။ သူမနှင့်ဆိုင်သည်က သူ့အား လက်လွှတ်ခွက်ကျွတ် တရားဝင် ရှင်းလင်းဖယ်ရှားဖို့သာ ဖြစ်သည်။ ထို့ကြောင့် ဂန်နီ့အား မွန်စီယာဂရီမယ်ထံ ဆယ့်ငါးဖရန့်နှင့် လက်လွှဲရောင်းကာ လက်ခံရရှိကြောင်း ပြေစာရသည်နှင့် ချာရွန်လမ်းရှိ သူမအိမ်သို့ တန်းပြန်သွားသည်။

သူမအကြောင်းကို ဆက်ရလျှင် ငယ်စဉ်ကတည်းက ခံစားချက်ဟူသမျှ သေဆုံးနှင့်ပြီးသော မဒမ်ဂါယာသည် ကံဆိုးစွာပင် အိုမင်းမစွမ်းဖြစ်သည်အထိ သက်ဆိုးရှည်ခဲ့သည်။ ၁၇၈၂ ခုနှစ်တွင် သူမလက်ရှိ လုပ်ကိုင်နေသော လုပ်ငန်းကို စွန့်လွှတ်ကာ သက်ကြီးစရိတ်ရန်ပုံငွေနှင့် နေထိုင် စားသောက်ရင်း သေမည့်အချိန်ကို စောင့်ဆိုင်းသည်။ သို့သော် သေခြင်းတရားက ရောက်မလာဘဲ ပြင်သစ်တော်လှန်ရေးကြီးသာ ရောက်လာခဲ့သည်။ ထိုအချိန်တွင် မဒမ်ဂါယာမှာ အသက် ရှစ်ဆယ်နီးပါး ရှိလေပြီ။

သက်ကြီးစရိတ် ထုတ်ပေးသူက ထိုရန်ပုံငွေအပါအဝင် ပိုင်ဆိုင်သမျှ အရာအားလုံးကို ပုံအောကာ ဘောင်းဘီစက်ရုံတစ်ခုကို လေလံဆွဲ၍ ဝယ်ယူခဲ့သည်။ ပထမတော့ ဘောင်းဘီ စက်ရုံက သူမကို သက်ကြီးစရိတ် ဆက်ပေးသေးသော်လည်း တစ်နေ့တွင် သေတမ်းစာနှင့် ပစ္စည်း လွှဲအပ်ရန် စကားဦးသန်းထားသော စာရွက်ဖြတ်ပိုင်းများ ရောက်လာသည်။ နှစ်နှစ်အတွင်းမှာပင် သက်ကြီးစရိတ်သည်

ထင်းဝယ်ဖို့ပင် မလောက်ငှတော့သဖြင့် တခြားသူများက သူမအိမ်ကို ရောင်းခိုင်းသည်။ ထိုစဉ်က အိမ်ရောင်းသော လူ့အရေအတွက်မှာ ရုတ်ခြည်းဆိုသလို ထောင်ဂဏန်းလောက် တက်လာသဖြင့် အိမ်ရောင်းရသောငွေမှာ မဖြစ်စလောက်သာ ရလေသည်။ ၁၇၉၇ ခုနှစ်တွင် အသက်ကိုးဆယ်နား ကပ်နေပြီဖြစ်သော မဒမ်ဂါယာမှာ အနှစ်နှစ်အလလ ခြစ်ကုတ်စုဆောင်းထားသမျှ စည်းစိမ်ဥစ္စာအားလုံး ပြုတ်ပြုတ်ပြုန်း၍ လက်ထဲ၌ ခြူးတစ်ပြားမှ မကျန်တော့ပေ။ ကော့ကီးလပ်စ်လမ်းထဲရှိ အိမ်ခန်းကျဉ်းလေးတစ်ခုတွင် ဆင်းဆင်းရဲရဲ နေထိုင်ရသော အချိန်ကျမှ သေခြင်းတရားက လည်ချောင်းကင်ဆာ အယောင်ဆောင်၍ သူမထံ ရောက်လာသည်။

ထိုရောဂါကြောင့် ပထမဆုံး အစားမဝင်တော့၊ နောက်ပိုင်း အသံပါပျောက်သွားသဖြင့် လူများက သူမအား ဟိုတယ်ဒြူးဆေးရုံသို့ လှည်းဖြင့်တင်၍ ခေါ်ဆောင်သွားသောအခါ ဘာကန့်ကွက်စကား တစ်ခွန်းမှ မဟနိုင်တော့ချေ။ ထိုဆေးရုံတွင် သူမကို သေကောင်ပေါင်းလဲ ဖြစ်နေသော လူမမာ ရာပေါင်းများစွာရှိသည့် အိပ်ဆောင်တွင်ထားသည်။ ထိုအိပ်ဆောင်သည် သူမ၏ခင်ပွန်း ကွယ်လွန်စဉ်က နေခဲ့သောအဆောင် ဖြစ်သည်။ ခုတင်တစ်လုံးတည်းကို သူမနှင့် လုံးဝမသိကျွမ်းသည့် အခြားမိန်းမ ငါးယောက်နှင့်အတူ တစ်ဦးကိုယ်ပေါ် တစ်ဦးထပ်၍ အိပ်ရသည်။ သုံးပတ်မျှ ကြာပြီးနောက် လူမြင်ကွင်းမှာပင် မဒမ်ဂါယာ အသက် ပျောက်သွား လေသည်။

သူမ၏အလောင်းကို ဂုန်နီအိတ်တစ်လုံးထဲ ထည့်ကာ မနက်လေးနာရီတွင် အခြား မသာငါးဆယ် နှင့်အတူ အမိုးပွင့်လှည်းပေါ် ပစ်တင်လိုက်ကြသည်။ ထို့နောက် မြို့အဝင် ဂိတ်ပေါက် တစ်မိုင်အကွာရှိ အသစ်တူးဖော်ထားသော ခလေမတ်သင်္ချိုင်းတွင် မြှုပ်နှံလိုက်သည်။ ထို့ကြောင့် သူမ၏နောက်ဆုံး လဲလျောင်းရာကား ထုံးထူထူဖြူးထားသော မြေပုံသာ ဖြစ်သွား လေတော့သည်။

ယင်းအဖြစ်အပျက်များမှာ ၁၇၉၉ ခုနှစ်ကျမှသာ ဖြစ်ပေါ်လာမည် ဖြစ်သည်။ လောလောဆယ် ၁၇၄၆ ခုနှစ်တွင်တော့ မဒမ်ဂါယာသည် ဂရန်နွီ့ကို ထားရစ်ကာ ရှေ့ဆက် ဖြစ်ပေါ်လာမည့် ကံတရားကို စိုးစဉ်းမျှမသိဘဲ အိမ်သို့သာ လမ်းလျှောက်၍ ပြန်သွားခဲ့လေသည်။

*****

အခန်း (၆)

ဂန်နီသည် မွန်စီယာဂရင်မယ်ကို စတွေ့လိုက်ကတည်းက...၊ မဟုတ်သေး။ ထိုလူကြီး၏ အနံ့ကို စရလိုက်မိကတည်းက သူ့အား သေသည်အထိ လက်လွတ်စပယ် ရိုက်နှက်နိုပ်စက်မည့် လူကြီးဟု သိလိုက်သည်။ သူခိုင်းသည့် အလုပ်ကို ပြီးအောင် မလုပ်နိုင်ခဲ့လျှင် အသက်နှင့်ခန္ဓာ အိုးစားကွဲမှာ သေချာသည်။ ထို့ကြောင့် ဂန်နီသည် ဂရင်မယ်ခိုင်းသမျှ ဘာတစ်ခုမှ မငြင်းဆန်ရဲတော့ချေ။

ဂန်နီသည် ရသမျှ နေ့ရက်တိုင်းကို သန်းလေးကောင်၏ နည်းလမ်းအတိုင်း ကြိတ်မှိတ်၍ အန်တုရင်ဆိုင်သည်။ ဂရင်မယ်၏ လက်က တစ်နေ့နေ့ လွတ်ရမည်ဟူသော မျှော်လင့်ချက် ရေးရေးကလေး ဖြင့်ပင် အရာရာကို သည်းခံချုပ်တည်းသည်။ အလုပ်တွင် လုံ့လစိုက်ခြင်း၊ သင်လွယ်တတ်လွယ်ခြင်း၊ အကြွင်းမဲ့ နာခံတတ်ခြင်း၊ ပေးသမျှကျွေးသမျှနှင့် တင်းတိမ် ရောင့်ရဲတတ်ခြင်း တို့ကြောင့် အခြားလုပ်သားများကပင် သူ့ကို စံနမူနာ ယူရလေသည်။ ညဆိုလျှင် လုပ်ငန်းသုံး ကိရိယာ တန်ဆာပလာများနှင့် ဆားရည်စိမ်ထားသော သားရေပြားများ တွဲလောင်း ချိတ်ထားသည့် အခန်းကြီးတစ်ခု၏ ကြမ်းပြင်မှာ အိပ်ရသည်။ ကြမ်းပြင်ကား မာကျောသော မြေသားအတိဖြစ်ပြီး အခန်းကိုလည်း အပြင်မှ သော့ခတ်၍ ပိတ်ထားတတ်သည်။

ဆောင်းတွင်းဆိုလျှင် တစ်နေ့ ရှစ်နာရီခန့်၊ နွေဆိုလျှင် တစ်နေ့ ဆယ့်ခြောက်နာရီ လောက်အထိ အလင်းရောင်ရှိသမျှ အလုပ်လုပ်ရသည်။ ဂန်နီသည် နံစော်သော တိရစ္ဆာန် အရေတို့၏ အတွင်းသားများကို ခြစ်၍ ရေဆေးရသည်။ အမွေးရိတ်ကာ ထုံးသုတ်၍ ခါချရသည်။ နောက်ချေးလူး၍ မီးကင်ရသည်။ ထို့နောက် ဓာတုဆေးနံ့များ မွှန်ထူနေသည့် ဆေးဆိုးသော မြေအောက်ထပ်သို့ ဆင်း၍ အလုပ်သမားများ ခိုင်းသည့်အတိုင်း သားရေလွှာ များကို အထပ်လိုက် စီကာ ဆိုးဆေးမှုန့် ဖြူးပေးရသည်။ ပြီးလျှင် ထင်းရှူးသားကို မီးရှို့ထားသော ပြာမှုန့်များ သိပ်ကာ မြေကြီးထဲ မြှုပ်ရသည်။ နှစ်အတန်ကြာမှ ဆေးဆိုး၍ မြှုပ်နှံထားသော ထိုသားရေလွှာများကို ပြန်လည် တူးဖော်ရမည်ဖြစ်သည်။

ဂန်နီသည် ယခင်က မြှုပ်ထားသော သားရေလွှာများကို တူးဖော်ခြင်း၊ သားရေလွှာ အသစ်များကို မြှုပ်နှံခြင်းတို့ မပြုလုပ်ရသည့်အခါ ပုံးအလွတ် တစ်လုံးဖြင့် မြစ်ထဲမှာ ရေသွားခပ်ရသည်။ သားရေစိမ်ခြင်း၊ ပြုတ်ခြင်း၊ ဆေးဆိုးခြင်းစသည့် လိုအပ်သော ရေပမာဏ အတွက် ထိုရေနှစ်ပုံးဖြင့် တစ်နေ့လျှင် အခေါက်ပေါင်း ရာနှင့်ချီအောင် မရပ်မနား သယ်ပို့ ပေးရသည်။ ထိုအခါများ၌

ညနေဆိုလျှင် သူ့အဝတ်အစားအားလုံး ရေတောက်တောက် ကျကာ စိုရွှဲနေတတ်ပြီး အသားများလည်း အေးစက်၍ ပဲကြီးရေ တွန့်နေတော့သည်။

တိရစ္ဆာန်တစ်ကောင်နှယ် လူမဆန်စွာ တစ်နှစ်လောက် လုပ်ပြီးသောအခါ ဂန်နီတွင် ထောင့်သန်းနာရောဂါ စွဲကပ်လာသည်။ ထိုရောဂါက အသက်ဆုံးသည်အထိ ပြင်းထန်တတ်သဖြင့် ဆိုးဆေးလုပ်သားများ အလွန်ကြောက်ရွံ့ကြသည်။ ဂရင်မယ်သည် စိတ်မကောင်းဖြစ်သည့် စကား တစ်ခွန်းမှမဟဘဲ ဂန်နီအား အလုပ်မှရပ်စဲကာ သူ့နေရာ အစားထိုးဖို့ လူရှာသည်။ သို့သော် ဂန်နီ့လို အလုပ်ရှင်အပေါ် ကျိုးနွံ၍ အလုပ်ကြိုးစားသူ ကိုတော့ လုံးဝမရ တော့ချေ။

အားလုံးက သူ့ကို သေမည်ဟု ထင်ကြသော်လည်း ဂန်နီကတော့ ကံကောင်းထောက်မစွာပင် သေတွင်းမှ လွတ်မြောက်ခဲ့သည်။ လက်၊ ပါးပြင် နှင့် နားရွက်နောက်တွင် အမည်းရောင် အနာပဆုပ်ကြီးများ ပေါက်ခဲ့သဖြင့် ရောဂါပျောက်သွားသောအခါ အမာရွတ်ကြီးများ ကျန်ရစ်ခဲ့သည်။ ထိုအခါ ယခင်ကတည်းက အရုပ်ဆိုးသော ဂန်နီမှာ ယခုအခါ မဖော်ပြနိုင်လောက်အောင်ပင် ပို၍ အကျည်းတန်သွားလေသည်။

အကျိုးဆက်အနေဖြင့် ဂန်နီသည် ထောင့်သန်းနာ ရောဂါကို ခံနိုင်ရည် ရှိသွားသောကြောင့် အသားခြစ်သည့် အလုပ်တွင် ဓားရှရာ ရသည့်တိုင် ရောဂါပိုးမွှားကူးစက်သည့် ဒဏ်ကိုပါ ခံနိုင်ရည် ရှိသွားသည်။ ထို့ကြောင့် အခြားအလုပ်သမားများနှင့် တစ်မူကွဲထွက်ကာ လုပ်ငန်းအတွက် အားကိုးရသည့်သူ ဖြစ်လာသလို သူ့နေရာတွင် အစားထိုးမည့်သူကို အလွယ်တကူ ရှာမတွေ့ နိုင်သဖြင့် လုပ်ငန်းခွင်ရော သူ့ဘဝအတွက်ပါ တစ်မဟုတ်ချင်း အကျိုးရှိလာသည်။ ယခင်လို မြေကြီးပေါ်တွင် မအိပ်ရတော့။ အခန်းထဲတွင် ကွပ်ပျစ်တစ်လုံးကို ကောက်ရိုးမြက်ခြောက်များ ဖုံးကာ အိပ်ရာပြင်ပေးသည်။ သူ့ကို စောင်တစ်ထည်လည်း အပိုင်ပေးသလို အခန်းကိုလည်း သော့ခတ်မထား တော့ချေ။ အစာရေစာလည်း ယခင်ကထက် ပို၍လုံလောက်စွာ ပေးထားသည်။ ဂရင်မယ်သည် သူ့ကို အခိုင်းအစေ တိရစ္ဆာန်လို မဆက်ဆံတော့ဘဲ အိမ်မွေးတိရစ္ဆာန်လို ဆက်ဆံလာသည်။

အသက်ဆယ့်နှစ်နှစ်သို့ ရောက်သောအခါ တနင်္ဂနွေနေ့တစ်ပိုင်း အားလပ်ချိန်ပေးသည်။ ဆယ့်သုံးနှစ်တွင် အလုပ်နားသည့် အားလပ်ရက် ညနေတိုင်း အပြင်ထွက် လည်ခွင့်ပြုသလို လုပ်ချင်တာ လုပ်လို့ရသည်။ ခွေးလို နွားလို အသက်ဆက်ရသည့် နေ့ရက်များ ကုန်လွန်ခဲ့ပြီ။ အသက်ဆက်ရှင်ဖို့ လွတ်လပ်ခွင့်ကလေး အနည်းငယ်မျှသာ ရသော်လည်း ကြိုးစား ရုန်းကန်ခဲ့သည့်အတွက် အကျိုးရလဒ်ကို ခံစားရလေပြီ။ မနက်ခင်း၏ ရနံ့ကို အမိအရ ဖမ်းဆုပ်နိုင်ခဲ့ပြီ။ ရနံ့မျိုးစုံအတွက် တစ်ကမ္ဘာလုံးတွင် အကြီးကျယ်

အခမ်းနားဆုံးသော နေရာကြီးက သူ့အရှေ့မှာ တည်ရှိနေသည်။ ယင်းကား ပါရီမြို့တော်ကြီးပင် ဖြစ်လေသည်။

*****

အခန်း (၇)

ပါရီမြို့တော်သည် မသိလျှင် လောကနိဗ္ဗာန်သို့ ရောက်နေသည့်နှယ် စိန့်ယာ့ဒ်မျှော်စင်နှင့် စိန့်အူစတက်ရှ် ဘုရားကျောင်း တစ်ဝိုက်မှာ အုံ့ဩဖွယ် ကောင်းလှသည်။ စိန့်ဒန်းနစ်လမ်း၊ စိန့်မာတင်လမ်းဘေးတို့၌ လူများက ပြွတ်သိပ်ကျပ်ညပ်စွာ နေထိုင်ကြသည်။ အိမ်တစ်လုံးစီသည် လေးငါးခြောက်ထပ်ရှိပြီး ကောင်းကင်ကို မော့ကြည့်၍မျှ မမြင်ရလောက်အောင် တစ်လုံးနှင့် တစ်လုံး ပူးကပ်နေကြသည်။ အောက်ဘက်ရှိ လေထုက လတ်လတ်ဆတ်ဆတ် ဖုတ်ထားသော ပေါင်မုန့်နံ့၊ ရှာလကာရည်နှင့် ပြုတ်ထားသော ကြက်ဥနံ့၊ ခေါက်ဆွဲပြုတ်နံ့၊ ဆပ်ပြာနံ့၊ သားရေနံ့၊ အရောင်တင်ဆီသုတ် လိမ်းထားသော ကြေးနံ့၊ ကျောက်စရစ်ခဲ၊ ရေနှင့် ပြာမှုန်တို့ ရောထွေး နေသည့် အနံ့၊ ပင်စိမ်းနံ့၊ ဗျစ်ရည်နံ့၊ ကောက်ရိုးခြောက်နံ့၊ ကောက်ရိုးအစိုနံ့၊ အမဲဆီနံ့၊ လူနံ့၊ တိရစ္ဆာန်နံ့တို့ဖြင့် လိုဏ်ခေါင်းထဲ ရောက်နေသည့် အလား တစ်လမ်းလုံး မွှန်ထူနေသည်။

ဆန်ပြုတ်၊ ယာဂု စသည်ကို မမြင်ရသော်လည်း ၎င်းတို့၏ အနံ့များက အိမ်ခေါင်မိုးမှ တစ်ဆင့် လေထဲမှာ ပျံ့နေသည်။ ထိုနေရာမှာ နေထိုင် သူများကတော့ ယင်းစားစရာနံ့များကို တစ်ခါမှ ရဖူးသည့်ပုံ မပေါ်ချေ။ အကြောင်းမှာ ထိုအနံ့များသည် မီးခိုးခေါင်းတိုင်များမှတဆင့် အထက်ရှိလေထုထဲသို့သာ လွင့်မျောသွားသောကြောင့်ဖြစ်ပြီး လူများကလည်း ခပ်ပါးပါး သင်းပျံ့ နေသည့် ထိုအနံ့အား အဝတ်အစားမှ ထွက်သည့် မိမိအနံ့ကို ယဉ်ပါးနေသလိုမျိုး ထူး၍ သတိမထားမိသောကြောင့်ဖြစ်သည်။

သို့သော် ဂရန်နွီကား ပထမဆုံးအကြိမ်မှာပင် ထိုအနံ့အားလုံးကို ခံစားမိရုံသာမက အနံ့ တစ်ခုစီမှာ ပါဝင်သည့် အမျိုးအမည် တစ်ခုချင်းစီကိုလည်း ခွဲခြမ်းစိတ်ဖြာနိုင်သည်။ အလုံးစုံ သိမြင်နိုင်သည့် သူ၏ နှာခေါင်းသည် ရှုပ်ထွေးနေသော ချည်ခင်ကို တစ်စချင်း ဆွဲထုတ်၍ ဖြေသလိုမျိုး အမျိုးစုံ ရောနှောနေသော အနံ့ပေါင်းစုကြီးထဲက အနံ့တစ်ခုချင်းကို လိုက်လံ ဆွဲထုတ်လေရာ အနံ့မှတစ်ဆင့် မူလဇာစ်မြစ်ကို သိလာလေ၊ သူ့စိတ်ထဲမှာ ပြောမပြ တတ်အောင် ဝမ်းသာပျော်မြူးလာလေ ဖြစ်သည်။

သူသည် လမ်းလျှောက်နေရာမှ မကြာခဏ ရပ်တန့်ကာ အုတ်နံရံကို မှီလိုက်၊ မှောင်မည်းသော ချောင်တစ်ခုထဲ တရွေ့ရွေ့လှမ်းလိုက်နှင့် မျက်လုံးကိုမှိတ်၊ ပါးစပ်ကို မပွင့်တပွင့် ဖွင့်ဟ၍ ငြိမ်သက်စွာ အနံ့ခံသည်။ ထိုအခါ ရှုံ့ချည်သွင်းချည် ပြုနေသော

သူ့နှာခေါင်းအဝက အကျယ်ကြီး ပွင့်နေတတ်သည်။

နောက်ဆုံးတွင် သူ့နှာခေါင်းထဲသို့ နူးညံ့သော အရာတစ်ခုမှ လွင့်ပျံလာသည့် ရနံ့လေးတစ်ခု ဝင်လာသည်။ သူက ထိုရနံ့ကို ဆတ်ခနဲ ရှုသွင်းလိုက်ပြီး ပြန်မထုတ်ဘဲ အောင့်ထားသည်။ ဂန်နွီသည် တခြားအနံ့များကို လုံးဝမခံစားတော့ဘဲ ထိုရနံ့ကို သူ့ကိုယ်ထဲ စီးဝင်စေသည်။ ထိုရနံ့ကို ရင်းရင်းနှီးနှီး သိသလိုလို ခံစားရသည်။ ထိုရနံ့သည် သူသိထားသော တစ်စုံတစ်ရာဆီက အနံ့ပြောင်းပြီး ထွက်လာသလိုလို၊ သူ တစ်ခါမှ အနံ့မရဖူးသည့် အသစ်အဆန်း တစ်ခုခုဆီက ထွက်လာသလိုလို။ ထိုရနံ့သည် ပိုးသားဆံနွယ်နံ့လိုလို၊ ပန်းတစ်မျိုးမျိုးနှင့် နှပ်ထားသော လက်ဖက်ရည်နံ့လိုလို၊ ငွေချည်မျှင်နှင့် ရက်ဖောက်ထားသည့် ဘရိုကိတ် အထည်စနံ့လိုလို၊ နှစ်ချို့ဝိုင်ပုလင်း၏ အဆို့နံ့လိုလို၊ လိပ်ခွံဘီးနံ့လိုလို။ ဂန်နွီသည် သူမှတ်မိသမျှ ရနံ့များနှင့် တိုက်ဆိုင်ကြည့်သော်လည်း ရှင်းရှင်းလင်းလင်း မသိချေ။ ထိုအခါ ထိုရနံ့ကို သူ့ကိုယ်ထဲမှာ ရသလောက် သိုလှောင်သိမ်းဆည်းထားလိုက်သည်။

သူသည် ထိုရနံ့ကို တဖြည်းဖြည်း ပါးလျပျောက်ကွယ်သွားသည်အထိ လိုက်ရှူကြည့် သောအခါ လက်စ်ဟောစ်ဈေးကြီးထဲ ရောက်လာသည်။ ဈေးသည် ပျားပန်းခပ်သွားလာ နေကြသည့် လူများ၊ ပျံကျဈေးသည်များနှင့် စည်ကားနေသည်။ ခြင်းတောင်းများထဲတွင် ဟင်းသီး ဟင်းရွက်နှင့် ကြက်ဥများ၊ စည်ပိုင်းကြီးများထဲတွင် ရှာလကာရည်နှင့် ဝိုင်ပုလင်းများ ထည့်ထားပြီး ဟင်းခတ် အမွှေးအကြိုင်၊ အာလူး၊ ဂျုံမုန့် စသည်ကို အထုပ်များဖြင့် ထုပ်ထားသည်။ အသားငါး ခုတ်သည့် စားပွဲများ၊ သံရိုက်ထားသော သစ်သားပုံးများ၊ အိုးခွက်ပန်းကန်နှင့် ဖိနပ်အောက်ခံပြား အရောင်းဆိုင်များ စသဖြင့် ရာနှင့်ချီသော ပစ္စည်းများ အလယ်တွင် သူလိုက်ရှာသည့် ရနံ့က ပျောက်ကွယ်သွားလေသည်။

ဂန်နွီသည် ထိုရနံ့ကို အနံ့ပေါင်းစုံ ထွက်နေသည့် တစ်ဈေးလုံးတွင် နေရာအနှံ့ လိုက်ရှာသည်။ ထိုအခါ သူ့မိခင်ကို ကြိုးပေး သတ်ခဲ့သော နေရာဖြစ်သည့် သင်္ချိုင်းမြေသို့ ရောက်လာသည်။ ထိုမြေနေရာသည် ဆဲန်မြစ်ကို လျှာနှင့် လျက်နေသည့်အလား ကမ်းပါးက မြစ်ပြင်ပေါ် ထိုးထွက်နေသည်။ မြစ်ဆိပ်တွင် လှေ၊ သင်္ဘောများ ဆိုက်ကပ်နေပြီး ကျောက်မီးသွေး၊ ဆန်စပါး၊ ကောက်ရိုးနှင့် စိုစွတ်နေသော ကြိုးများအနံ့က လှိုင်လှိုင်ထနေသည်။

ပါရီမြို့ကို ဆဲန်မြစ်က ခြားထားသည်။ အနောက်အရပ်မှ တိုက်ခတ်သော လေက နီလီဒေသတစ်ဝိုက်မှ ပန်းခင်း၊ စိန့်ဂျာမိန်းနှင့် ဗာဆေးနယ်မြေကြားမှ တောအုပ်၊ ရှုအန်နှင့်ကာအန်စသော ဝေးလံသည့်မြို့များကို ဖြတ်သန်းလာပြီး တစ်ခါတစ်ရံ ပင်လယ်၏ အငွေ့အသက်တို့ ပါလာတတ်သည်။ ရေ၊ ဆားနှင့် အေးစက်စက် နေရောင်ခြည်ကို ဖမ်းဆုပ်ထားသော ရေလှိုင်းတို့ဆီမှ ပင်လယ်နံ့ဟု

ခေါ်ကြသော အနံ့တစ်မျိုး ထွက်သည်။ ပင်လယ်၏ ရနံ့သည် ဘာမှမထူးခြားသော်လည်း ဘာအနံ့နှင့်မှ မတူချေ။ ဂန်နီသည် ချိုတုံချတုံဖြင့် ပင်လယ်နံ့ကို ရှူရှိုက်ရင်း ငါး၊ ဆား၊ ပင်လယ်ရေမှော်၊ လတ်ဆတ်သောလေ အစရှိသဖြင့် စိတ်ထဲမှ ခွဲခြမ်းစိတ်ဖြာကြည့်သည်။ သူသည် ပင်လယ်၏ရနံ့ကို အာရုံထဲ၌ နှစ်သက်မက်မောစွာ မှတ်သားထား လိုက်သည်။ ငယ်ငယ်က ပင်လယ်၏ရနံ့ကို တောင့်တဖူးသဖြင့် ယခုလိုလက်တွေ့ခံစားရသောအခါ အတိုင်းမသိ ကြည်နူးမိသည်။

တစ်သက်လုံး ပင်လယ်အစစ်ကို တစ်ခါမှ မတွေ့ဖူးသော ဂန်နီသည် ပင်လယ်လေညင်းကို နှာခေါင်းဖြင့် ခံစားပုံဖော်ကြည့်ရင်း သတိဝင်လာသောအချိန်တွင် ညရောက်၍ မှောင်နေလေပြီ။ ထိုအခါ အိမ်အပြန်လမ်းကို အနံ့ခံ၍ ရှာရင်း ဖောဘတ်စိန့်၊ အောနာ၊ စိန့်အန်တွိုင်း စသည့် လမ်းများအတိုင်း လျှောက်လာရာ နောက်ဆုံးတွင် လူချမ်းသာများနေထိုင်ရာ မြစ်တစ်ဘက်ကမ်းရှိ ဆော်ဘွန်းနှင့် ဖောဘတ်စိန့်ဂျာမိန်းရပ်ကွက်ထဲ ရောက်လာသည်။ ဂန်နီသည် ခြံဝရှိ သံမဏိ ဂိတ်တံခါးမှ မြင်းလှည်း၏ သားရေနံ့၊ ဆံပင်တုများထဲမှ ပေါင်ဒါနံ့၊ မြင့်မားသော အုတ်တံတိုင်းကိုကျော်၍ ပျံ့လွင့်လာသော ဥယျာဉ်ထဲမှ နှင်းဆီပန်းနံ့နှင့် စီရရီ စိုက်ထူထားသော ခြံစည်းရိုးများ၏ လတ်ဆတ်သော အနံ့တို့ကို ရလာသည်။

ထိုအခါ ဂန်နီသည် ပထမဆုံးအကြိမ်အဖြစ် ရေမွှေးနံ့ကို ရသည်။ ပျော်ပွဲရွှင်ပွဲများ ကျင်းပရာ နေရာများဆီမှ ပျံ့လွင့်လာသော လာဗန်ဒါပန်း သို့မဟုတ် နှင်းဆီရည်တို့၏ ခပ်ပါးပါးအနံ့သာ ဖြစ်သည်။ ထို့နောက် ပိုးဖဲကတ္တီပါတို့ ဆင်ယင်ထားသော မြင်းလှည်းများဆီမှ ဈေးကြီးသော မွှေးရနံ့ပေါင်းစုံက ညနေခင်းလေညင်းနှင့်အတူ မျောလွင့်လာသည်။ သူသည် ရသမျှ မွှေးရနံ့ပေါင်းစုံကို စူးစမ်းလိုစိတ်ဖြင့် မှတ်သားသည်။ ထိုအခါ မူးယစ်ရီဝေစွာ ညှို့ငင်ရန်ဟူသော ရေမွှေးတို့၏ ရည်ရွယ်ချက်ကို နားလည်လာသလို ထိုရနံ့များ၌ ပါဝင်သော အဆီအနှစ် တစ်မျိုးစီ၏ မူလရင်းမြစ်ကိုလည်း သိလာသည်။ ထိုမျှမက မည်သည့်ပါဝင်ပစ္စည်းကို ဖယ်ရှားလိုက်လျှင် မည်သို့သောရနံ့မျိုး ကွဲပြားစွာ ထွက်ပေါ်လာ မည်ကိုလည်း သိသည်။ ဈေးထဲရှိ ပန်းများနှင့် အမွှေးအကြိုင် ပစ္စည်းများကို သူသိပြီးဖြစ်သော်လည်း ကြောင်ကတိုး၊ နံ့သာဖြူ စသည့် တစ်ချို့အရာများ ကတော့ သူ့အတွက် အသစ်အဆန်း ဖြစ်နေသဖြင့် အနံ့ဖြင့်သာ မှတ်သားထားလိုက်သည်။

သူ့အတွက် ဘယ်အနံ့က မွှေးသည်၊ ဘယ်အနံ့က နံသည်ဟူ၍ မရှိသလို ထိုဂုဏ်သတ္တိများ၏ အဓိပ္ပာယ်ကိုလည်း နားမလည်ချေ။ မြင်းချေးနံ့သည် ပြင်းထန်ကာ ပွင့်အာခါစ နှင်းဆီဖူး၏ရနံ့က နူးညံ့ပျော့ပျောင်းသည်ကိုလည်း

မခွဲခြားတတ်သလို မင်းစိုးရာဇာတစ်ဦး၏ မီးဖိုချောင်မှ ဟင်းလျာ၏ အနံ့က မည်မျှတန်ဖိုးကြီးမှန်းလည်း မသိချေ။ ဂန်နီ၏ ကြီးမားသော ရည်ရွယ်ချက်မှာ အရာအားလုံး၏ အနံ့ကို ပိုင်ဆိုင်လိုခြင်းနှင့် အနံ့အသစ်များ ဖန်တီးလိုခြင်းပင် ဖြစ်သည်။ သူသည် လောဘကြီးသူဖြစ်သောကြောင့် အရာအားလုံး၏ အနံ့ကို အငမ်းမရ စုပ်ယူဝါးမျိုသည်။ မနှစ်သက်သော အနံ့ဆိုလျှင် ထိုအရာကို မည်သို့ဖန်တီးထားသည် ဖြစ်စေ၊ ကလေးတစ်ယောက် မလိုချင်သော ပစ္စည်းတစ်ခုရသလို ချက်ချင်းပင် ပြန်ဖျက်ဆီးပစ်တတ်သည်။

*****

အခန်း (၈)

၁၇၅၃ ခုနှစ် စက်တင်ဘာလ တစ်ရက်နေ့သည် လူဝီဘုရင်(၁၅)၏ နန်းတက်ပွဲ နှစ်ပတ်လည်နေ့ ဖြစ်၍ ပါရီမြို့တော်ရှိ ပွန့်ရွိုင်ရယ်တံတားတွင် မီးရှူးမီးပန်းများ ဖောက်ကြသည်။ ဘုရင်ကြီး၏ မင်္ဂလာပွဲနှင့် အိမ်ရှေ့မင်းသား မွေးဖွားစဉ်က ပြုလုပ်သော မီးပန်းလွှတ်ပွဲ အခမ်းအနားလောက် မကြီးကျယ်သော်လည်း သူ့ဟာနှင့်သူတော့ စည်ကား သိုက်မြိုက်လှသည်။ သင်္ဘောများတွင် ရွှေရောင်လေရဟတ်များ ဆင်ယင်ထားသလို လေထဲမှာ ဖွာလန်ကျဲ လွင့်စဉ်နေသော မီးပွားများကြောင့် မြစ်ရေပြင်တွင် ကြယ်ပွင့်များ ဖြန့်ကြက်ထားသလို တလက်လက် တောက်ပလင်းလက်နေသည်။ နေရာအနှံ့တွင် မီးပန်းဖောက်သံ တဝေါဝေါ ထွက်နေသလို ကောင်းကင်သို့ ထိုးတက်သွားသည့် မီးရှူးများက တဒိုင်းဒိုင်း ပေါက်ကွဲနေကြသည်။ ထိုမြင်ကွင်းကို ဆိပ်ကမ်းတစ်လျှောက်ရှိ လူထောင်များစွာက လက်တမြှောက်မြှောက်ဖြင့် ဟေးခနဲ ဟားခနဲ ဆူညံစွာအော်ဟစ်၍ သြဘာပေးနေကြသည်။ ဘုရင်နန်းတက်ခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း ထိုအသံများက သက်တော်ရာကျော်ရှည်ပါစေကြောင်း ဆုမွန်ကောင်း တောင်းနေကြသည့်နှယ်။

ဂရန်နွီသည် ပွန့်နျူတံတား ညာဘက်ခြမ်း ကမ်းပါးနားက ပါဗီလီယန်ဒီဖလော ဘုရားကျောင်း၏ မှောင်ရိပ်ထဲတွင် တိတ်ဆိတ်စွာ မတ်တတ်ရပ်နေသည်။ သူသည် လူအများ အော်ဟစ်အားပေးနေသလို လက်တစ်ချောင်းမှ မြှောက်မထား။ ကောင်းကင်သို့ ထိုးတက်သွားသည့် မီးရှူးမီးပန်းများကိုလည်း မော့ကြည့်မနေချေ။ သူသည် အနံ့အသစ်တစ်ခုခု ရလိုရငြား မျှော်လင့်ချက်ဖြင့် ဤနေရာသို့ ရောက်အောင် လာခဲ့သော်လည်း မီးပန်းများ၏ ယမ်းငွေ့အနံ့က လွှဲ၍ ဘာမှမရ။ မီးပန်းများ တရားလွန် ဖောက်ကြသဖြင့် ဆာလဖာနံ့၊ ဆီချေးနံ့နှင့် ပိုတက်ဆီယမ်နိုက်တြိတ်နံ့များသာ ထောင်းထောင်းထ ကျန်ရစ်ခဲ့သည်။ မျှော်လင့်သလို ဖြစ်မလာသဖြင့် စိတ်ညစ်သွားသော ဂရန်နွီသည် သူနေထိုင်ရာအရပ်သို့ ပြန်ရန် လှည့်ထွက်လိုက်သည်။ ထိုစဉ်မှာပင် တိုက်ခတ်လာသော လေထဲမှ အနံ့သင်းသင်းကလေး တစ်စ လွင့်ပျံလာသည်။ ထိုရနံ့ကို ယခင်က တစ်ခါမှ မရဖူးတာ သေချာလှသည်။ သူက ဘုရားကျောင်း အုတ်နံရံကိုမှီကာ မျက်စိမှိတ်၍ နှာခေါင်းကို အစွမ်းကုန် ဖွင့်ဟလိုက်သည်။ ထိုရနံ့သည် သူ့ကိုယ်ထဲတွင် သိမ်းဆည်းမထားနိုင်လောက်အောင် နူးညံ့မွှေးပျံ့လွန်းသဖြင့် မယုံနိုင်အောင် ဖြစ်နေမိသည်။ ထိုခဏတွင် မီးပန်းများ၏ ယမ်းမှုန့်နံ့၊ လူအုပ်ကြီးဆီမှ လူနံ့နှင့် မြို့ထဲက အနံ့ပေါင်းစုံက ထိုရနံ့ကို ဖုံးအုပ်သွားသည်။ ထို့နောက် ရနံ့က ရုတ်တရက်

ဒုတိယအကြိမ် တစ်ရှိုက်စာခန့် ထပ်၍ပေါ်လာပြီး ချက်ချင်းလိုလိုပြန်ပျောက်သွားသည်။

ဂန်နီသည် ထိုရနံ့ကြောင့် ပထမဆုံးအကြိမ်အဖြစ် ရူးမတတ် ဖြစ်သွားသည်။ သူ၏ ပင်ကိုသဘာဝက အလိုရမ္မက်ကြီးလှသဖြင့် ထိုရနံ့ကို အရူးအမူး တောင့်တသောကြောင့် မဟုတ်သော်လည်း သည်းအူပြတ်လုမတတ် ခံစားရသည်။ ထိုရနံ့သည် အနံ့အားလုံး၏ သော့ချက်ပင် ဖြစ်ကြောင်း သူ့တွင်ရှိသော သာမန်ထက် ထူးကဲသည့် အသိအာရုံက ပြောပြနေသည်။ ထိုရနံ့၏ အရင်းအမြစ်ကိုသာ သိရလျှင် အနံ့ဟူသမျှကို အကုန်အစင် သိရှိနားလည်နိုင်လိမ့်မည်။ ထိုရနံ့ကိုသာ မပိုင်ဆိုင်ရလျှင် သေတော့မလောက် ခံစားရသည်။ ထိုရနံ့ကို သူလိုချင်သည်၊ ရမှ ဖြစ်မည်။ သူ့ကိုယ်ထဲမှ ဆူပွက်နေသော နှလုံးသွေးတို့ ငြိမ်းအေးစေဖို့ရာ ထိုရနံ့ကို ပိုင်ဆိုင်ရမှ ဖြစ်မည်။

စိတ်လှုပ်ရှားမှုကြောင့် ဂန်နီ ဖျားချင်သလိုလို ဖြစ်လာသည်။ သို့သော်ထိုရနံ့ လွင့်ပျံလာသော အရပ်ကိုပင် ရှာမတွေ့သေးချေ။ လေနှင့်အတူပါလာသော တစ်ရှိုက်စာ ရနံ့ကလေး ပြန်ပြန်ပေါ်လာဖို့ ကြားထဲမှာ အချိန်အတော်ကြာသည်။ ထိုသို့ပေါ်လာတိုင်း ထိုရနံ့လေးကို ထာဝရ ဆုံးရှုံးသွားမှာ ကြောက်သောစိတ်ဖြင့် ဆိုးဆိုးရွားရွား ပူလောင်လာသည်။ နောက်ဆုံးတွင် ထိုရနံ့ ထွက်ပေါ်လာသည်ဟု ထင်ရသော အရပ်ကို သိလာသလိုလိုရှိသည်။ ထိုရနံ့သည် မြစ်တစ်ဖက်ကမ်း တစ်နေရာရာမှ လွင့်ကာ သူရှိနေသော အရှေ့တောင်အရပ်သို့ ရောက်လာသည်ဟု ထင်ရသည်။

ထိုအခါ သူသည် ပါဗီလီယန်ဒီဖလောဘုရားကျောင်း၏ အုတ်နံရံမှခွာ၍ တံတားကို ကျော်ဖြတ်ကာ လူအုပ်ကြားထဲ အတင်းတိုးဝင်သွားသည်။ သူသည် လမ်းခဏ လျှောက်လိုက်၊ ခြေဖျားထောက်၍ လူခေါင်းများအထက်က ရနံ့ကို တရှုံ့ရှုံ့ အနံ့ခံလိုက် လုပ်သည်။ ပထမတော့ ဘာအနံ့မှ မရသဖြင့် စိတ်ပျက်သွားသေးသော်လည်း တဖြည်းဖြည်း ထိုရနံ့ကို ယခင်ကထက် ပို၍ထင်ရှားစွာ ရလာသည်။ ထိုအခါ ရနံ့လာရာ လမ်းကြောင်းအမှန်ပေါ် ရောက်နေပြီဟု သိလိုက်သဖြင့် လူအုပ်ထဲ အတင်း တိုးတော့သည်။ မီးပန်းလွှတ်ပညာရှင်များက မီးရှူးတိုင်များကို မီးတို့နေသဖြင့် ညှော်နံ့များ မရပ်မနားထွက်နေပြီး သူရှာနေသော ရနံ့လေး ပျောက်သွားသည်။ ဂန်နီသည် လူကြားထဲသို့ ပခုံးဖြင့် တွန်းတိုက်၍ ရှေ့ကို တရကြမ်း တိုးထွက်သည်။

အချိန်အတော်ကြာသောအခါ မြစ်ကမ်းနဖူးနှင့် အတော်လှမ်းသော မေးလီ ရပ်ကွက်ရှိ ဆဲန်လမ်းမပေါ်မှ ကေးမလကွစ်ဟိုတယ် အဝင်ဝသို့ ရောက်လာခဲ့လေ တော့သည်။ ဂန်နီသည် သွားနေရာမှ ရပ်တန့်ကာ ရှိသမျှ အားကုန်သုံး၍ ရှုကြည့် လိုက်သည်။ ထိုရနံ့ကို ရှင်းရှင်းကြီးရပြီ။ သူက ထိုရနံ့ကို တင်းကျပ်စွာ

ဆုပ်ကိုင်ထားသည်။ ထိုရနံ့သည် လေထဲတွင် ဖဲကြိုးလေးတစ်ချောင်း လွင့်မျောနေသလို ဆဲန်လမ်းမအတိုင်း နူးညံ့ညင်သာစွာ၊ ထုံသင်းမွှေးကြိုင်စွာ တလွင့်လွင့် သင်းပျံ့လျက် ရှိသည်။ ဂရန်နွီ၏ ရင်အစုံသည် ထိန်းမနိုင်သိမ်းမရ ခုန်ပေါက်နေသည်။ ထိုသို့ ခုန်ပေါက်နေရခြင်းမှာ အပြေးအလွှား လာရသောကြောင့်မဟုတ်၊ ရနံ့လေး၏ တည်နေရာကို ရောက်ပြီဟူသော အသိက သူ့ရင်ကိုထိန်းချုပ်မရအောင် စိတ်လှုပ်ရှားစေသောကြောင့် ဖြစ်သည်။

ထိုရနံ့ကို သူမှတ်သားထားသော အခြားအရာများနှင့် တူမတူ နှိုင်းယှဉ်ကြည့်သော်လည်း ဘာနှင့်မှမတူဟုသာ အဖြေရသည်။ ထိုရနံ့သည် ပျိုမျစ် လတ်ဆတ်သည်။ သို့သော် သံပရာသီး၊ သလဲသီး စသော အသီးအနံ့တို့၏ လတ်ဆတ် ပုံမျိုးနှင့်လည်း မတူ၊ သစ်ကြံပိုး၊ ကရမက် စသော သစ်ဥသစ်ခေါက်တို့၏ မွှေးအီ ပုံမျိုးနှင့်လည်း မတူသလို မေလမှာ ရွာသောမိုး၊ တွင်းရေကြည်၊ နှင်းငွေ့ပါသောလေလို အေးမြလတ်ဆတ်မှုမျိုးလည်း မဟုတ်ပြန်ချေ။ လတ်ဆတ်သော ထိုရနံ့သည် တစ်ချိန်တည်းမှာပင် နွေးထွေးမွှေးပျံ့သည်။ ထိုသို့ မွှေးပျံ့ပုံမှာလည်း စံပယ်၊ ဒဖ်ဒေးလ် စသောပန်းရနံ့ မျိုးမဟုတ်သလို အိုင်းရစ်၊ သစ်နက် စသော သစ်ပင်နံ့မျိုးလည်း မဟုတ်ချေ။

ထိုရနံ့ထဲတွင် ဆန့်ကျင်ဘက် ဂုဏ်သတ္တိများ ရောနှောနေသည်။ ပါးလျဖျော့တော့ သော်လည်း ကြည်လင်ပီသသည်။ ထွင်းဖောက်မြင်ရသည့် ပိုးလွှာပါးကလေးတစ်စနှင့် တူသည်။ ဂျုံဖြင့် ဖုတ်သော ပတ်စ်ထရီမုန့်၏ အပေါ်ယံအခွံလွှာကို နွားနို့၊ ပျားရည်တို့ဖြင့် စိမ်ထားသည့် အနံ့မျိုး။ ဂရန်နွီသည် နွားနို့နှင့် ပိုးပဝါစကို ပေါင်းစပ်ပုံဖော်ကြည့်သော်လည်း ထိုရနံ့မျိုး ထွက်မလာချေ။ ထိုရနံ့ကို စိတ်ကူး၍ မရသလို ဖော်ပြ၍လည်း မရသဖြင့် မည်သို့မျှ အဓိပ္ပာယ်ဖွင့်ဆို၍ မရချေ။ ထို့ရနံ့သည် လောကကြီးတွင် အမှန်တကယ် ထင်ရှားစွာ တည်ရှိနေသော်လည်း မည်သူမျှ အတိအကျ ပြောပြတတ်မှာ မဟုတ်ချေ။

ဂရန်နွီသည် တရစပ်ခုန်နေသော ရင်အစုံနှင့် ထိုရနံ့နောက် တကောက်ကောက် လိုက်သည်။ တကယ်တော့ ရနံ့နောက်သို့ သူလိုက်နေခြင်း မဟုတ်၊ ရနံ့ကသာ သူ့ကို ရုန်းထွက်မရအောင် ညှို့ယူဆွဲငင်၍ ဖမ်းဆီးနေခြင်းပေလောဟု သံသယ ဝင်လာမိသည်။ သူလျှောက်နေသည့် ဆဲန်လမ်းမတစ်ခုလုံး မည်သူမျှ မရှိ။ အိမ်များကလည်း လူသူကင်းမဲ့၍ ငြိမ်သက် တိတ်ဆိတ်နေသည်။ လူအများသည် မီးပန်းဖောက်ပွဲကို ကြည့်ရှုရန် မြစ်ရိုးတစ်လျှောက်မှာသာ သွားလာနေကြသဖြင့် လူနံ့မရှိတော့သလို မသတီစရာ ယမ်းနံ့လည်း မရှိတော့ချေ။ လမ်းသည် ပုံမှန်ထွက်နေကျ ခြံစည်းရိုး၊ ရေ၊ ကြွက်၊ အပင် စသည့်အနံ့များသာ ရှိသည်။ သို့သော် ထိုအနံ့များ၏ အထက်တွင် နူးညံ့သော မွှေးရနံ့က ဖဲကြိုးလေးတစ်စလို လွင့်မျောနေသည်။

ညဉ့်၏ အလင်းရောင်ကို ရှည်လျားမြင့်မားသော အဆောက်အအုံတို့၏ အရိပ်များက ဝါးမျိုထားသည်။ ဂန်နီသည် မှောင်ရိပ်ထဲတွင် လမ်းဆက်လျှောက်နေမိသည်။ ရနံ့က သူ့ကို တိကျသေချာစွာ ခေါ်ဆောင်နေသဖြင့် သူသွားနေသော လမ်းကို မျက်စိ ဖွင့်ကြည့်စရာပင် မလိုချေ။ ကိုက်ငါးဆယ်ခန့် ထပ်သွားပြီးသောအခါ မားရစ် လမ်းဘက် တည့်တည့်ကို ချာခနဲ လှည့်လိုက်သည်။ ထိုလမ်းသည် အိမ်နောက်ဖေး လမ်းကြားလေး တစ်ခုလို ကျဉ်း မြောင်းလှပြီး မှောင်မည်းတိတ်ဆိတ်နေသည်။ ထူးဆန်းစွာပင် ထိုရနံ့သည် မူလကတည်းက လုံလောက်သော ပမာဏထက် ပို၍ပြင်းထန်မှု မရှိမှန်း သိသွားသည်။ ထိုရနံ့တွင် သန့်စင်မှုတစ်ခုသာ ရှိသည်။ သန့်စင်လေလေ၊ ဆွဲငင်အား ပိုများလေလေ။

ဂန်နီသည် စိတ်ဆန္ဒမပါသော်လည်း ခြေထောက်က အလိုအလျောက် ဆက်လျှောက် နေမိသည်။ တစ်နေရာအရောက်တွင် ရနံ့သည် အုတ်နံရံဟု ထင်ရသော အရာကို ဖြတ်သန်း၍ သူ့အား ထင်ထင်ရှားရှားကြီး ဆွဲငင်နေလေသည်။ သူသည် အိပ်နေရင်းယောင်၍ လမ်းထလျှောက်နေသလို ရွှေ့လျားနေပြီး ခြံနောက်ဘက် တစ်ခုထဲ ရောက်လာသည်။ ခြံဝင်းထောင့်ချိုး တစ်ခုကို ကွေ့ဝင်လိုက်သောအခါ ပို၍ သေးငယ်သော ခြံနောက်ဘက် ဝင်းကလေးကို တွေ့ရသည်။

ခြံဝင်းအတွင်းဘက် အုတ်တံတိုင်းနံရံတွင် သစ်သားအမိုးကလေး တစ်ခုရှိသည်။ ထိုခြံဝင်းကလေး ပတ်ပတ်လည်သည် ပေအနည်းငယ်သာ ကျယ်ဝန်းပြီး တစ်နေရာတွင် အလင်းရောင် ထွက်နေသည်။ မိန်းကလေးတစ်ယောက်သည် စားပွဲခုံတစ်လုံးတွင် ဖယောင်းတိုင်ထွန်း၍ ထိုင်ကာ အဝါရောင် ဆီးသီးများကို နွှင်နေသည်။ သူမသည် ခြင်းတောင်းထဲမှ ဆီးသီးကိုယူကာ ဓားဖြင့် ထက်ဝက်ခြမ်း၍ အောက်ကရေပုံးထဲ ပစ်ပစ်ချသည်။ သူမအသက်က ဆယ့်သုံးနှစ်၊ ဆယ့်လေးနှစ်သာ ရှိမည်ထင်သည်။ ဂန်နီသည် ထိုအခြင်းအရာကို တောင့်တောင့်ကြီး ရပ်ကြည့်နေမိသည်။ မြစ်တစ်ဖက်ကမ်း မိုင်ဝက်လောက်က သူရလာသော ရနံ့၏ မူလဇာစ်မြစ်ကား ခြံဝင်းမှလည်းမဟုတ်၊ ဆီးသီးများလည်း မဟုတ်ဘဲ ထိုမိန်းကလေးဆီမှ ဖြစ်နေသည်။

ဂန်နီသည် မိန်းကလေး၏ အရိပ်အယောင်နှင့် ပုံသဏ္ဌာန်ကို ဖယောင်းတိုင် မီးရောင်ဖြင့် နောက်ကျောဘက်မှသာ မြင်ရသော်လည်း သူ့ဘဝတွင် သည် မိန်းကလေးလောက် လှသည့် ဘယ်အရာကိုမှ မမြင်ဖူးသလို ခံစားရသည်။ သူ့အတွက်တော့ သည်မိန်းကလေး၏ ရနံ့လောက် လှပသည့် ဘယ်ရနံ့မျိုးကိုမှ မရဖူးသလို ဖြစ်သည်။ လူသားတစ်ယောက်တွင် သည်လောက် နူးညံ့မွှေးပျံ့သော ရနံ့မျိုး ရှိလိမ့်မည်ဟု သူတစ်ခါမှ တွေးမကြည့်မိဖူးချေ။ ပုံမှန်အားဖြင့် လူနံ့သည် တခြား အနံ့များနှင့် ဘာမှသိပ်မထူးချေ။ တစ်ခါတလေ အော်ဂလီဆန်စရာပင်

ကောင်းသည်။ ကလေးများသည် ဘာအနံ့မှမရှိ။ ယောက်ျားများသည် ချဉ်စုတ်စုတ်နှင့် ကျင်ငယ်နံ့ ထွက်နေတတ်သလို မိန်းမများက ငါးညှီနံ့ ထောင်းထောင်း ထနေတတ်သဖြင့် လူနံ့က ရွံရှာစက်ဆုပ်ဖွယ် ကောင်းလှသည်။

ဤရနံ့မျိုး ကြုံရသည်မှာ သူ့ဘဝတွင် ပထမဆုံးအကြိမ် ဖြစ်သောကြောင့် သူ့နှာခေါင်းကိုပင် သူမယုံချေ။ ထို့ကြောင့် ဂရနွီ့ခမျာ သူရသောရနံ့အား လူသားဆီမှ ထွက်မထွက် သေချာစေရန် သူ့မျက်လုံးကိုပါ အကူခေါ်ရသည်။ မျက်စိနှင့်ရော နှာခေါင်းနှင့်ပါ သုံးသပ်၍ သေချာသောအခါမှသာ အကြွင်းမဲ့ ယုံကြည်လက်ခံသွားသည်။ ထိုအခါ မိန်းကလေး၏ ချိုင်းကြားမှ ချွေးနံ့၊ ဆံပင်မှဆီနံ့၊ အင်္ဂါဇာတ်မှ အညှီနံ့တို့ကို ပျော်ပျော်ကြီး ရှူလိုက်လေသည်။ သူမ၏ ချွေးနံ့သည် ပင်လယ်လေညင်းလို လတ်ဆတ်သည်။

ဆံနွယ်များမှ သစ်ကြားသီးအဆီနံ့က ချိုမြသည်။ အင်္ဂါဇာတ်က ကြာပန်းစည်းနံ့ သင်းသည်။ အသားအရေက ဖူးပွင့်ခါစ တရုတ်ဆီးသီးပင်၏ ပန်းရနံ့ မွှေးသည်။ ထိုအရာအားလုံးကို သဟဇာတဖြစ်အောင် ပေါင်းစပ်လိုက်သောအခါ ဂရနွီ ယခုရှူရှိုက် နေသော ပဥ္စလက်ဆန်သည့် မွှေးရနံ့မျိုး ထွက်လာတော့သည်။ စိတ်ထဲတွင် ထိုရနံ့မျိုး ဖြစ်ပေါ်လာအောင် သူ့ဘာသာကျိတ်၍ ပုံဖော်ကြည့်သော်လည်း ဘယ်လိုမှ အချိုးမကျချေ။ ဤရနံ့ရှိနေသမျှ ထောင်သောင်းမကသော အခြားမွှေးရနံ့တို့ ဘာတန်ဖိုးမှ ရှိမည် မဟုတ်တော့။ ဤရနံ့သည် အခြားရနံ့များ ဖြစ်ပေါ်လာစေသည့် အခြေခံ နိယာမလည်း ဖြစ်သလို ပကတိ အလှတရားလည်း ဖြစ်သည်။

ထိုရနံ့ကို မပိုင်ဆိုင်ရလျှင် လူဖြစ်ရှုံးတော့မလို သူ့ဘဝကြီး အဓိပ္ပာယ် မဲ့သွားလိမ့်မည်ဟု ခံစားရသည်။ ထိုမွှေးရနံ့၏ နူးညံ့လှပသော အဖျားအနားလေးအထိ အသေးစိတ် နားလည်ချင်သည်။ သို့သော် ချည့်နဲ့ နုံချာလှသော သူ့မှတ်ဉာဏ်က ရှုပ်ထွေးလှသော သဘောတရားကို လိုက်မမီချေ။ ထိုအခါ အသွေးအသားထဲမှ ထူးဆန်းစွာ ထွက်ပေါ်လာသည့် ထိုရနံ့ ဖော်စပ်နည်းကို စူးစမ်းချင်စိတ်က ပို၍ ထိန်းမနိုင်သိမ်းမရ ပြင်းထန်လာသည်။

သူသည် မိန်းကလေးရှိရာ အမိုးအောက်သို့ တဖြည်းဖြည်း ချဉ်းကပ်သွားလေရာ သူမနှင့် ခြေတစ်လှမ်းစာအကွာအထိ ရောက်လာသည်။ မိန်းကလေးက ဘာမှမကြား။ အနီရောင်ဆံပင်နှင့် ထိုမိန်းကလေးသည် မီးခိုးရောင် လက်ပြတ်အင်္ကျီ ဝတ်ထားသည်။ သူမ၏ လက်မောင်းကလေးများက ဖြူနုဖွေးဥကာ လက်ဖဝါးများမှာ ဆီးသီးခြမ်းများ၏ အရည်များပေ၍ ဝါထိန်နေသည်။ ဂရနွီသည် သူမဆီ ကုန်း၍ လည်ကုပ်၊ ဆံစ စသည်မှ ထွက်လာသော ပင်ကိုရနံ့ကို စုပ်ယူလိုက်သည်။ ထိုရနံ့ကို လေညင်းခံသလိုမျိုး အသွေးအသားထဲအထိ စိမ့်ဝင်သွားအောင် ရှူသွင်းလိုက်သည်။ သည်လို ထူးခြား ဆန်းကြယ်သော ရနံ့မျိုးကို

သူတစ်ခါမှ မခံစားရဖူးချေ။

မိန်းကလေးသည် အသည်းထဲမှာ အေးခနဲ ဖြစ်သွားသလို ခံစားလိုက်ရသည်။ ဂန်နီ့ကို မမြင်သော်လည်း ဘာကြောင့်မှန်းမသိ နေရထိုင်ရ ခက်လာပြီး မမြင်နိုင်သည့် အန္တရာယ်တစ်ခုခု ရုတ်တရက် ကျရောက်တော့မလိုမျိုး မသိစိတ်မှ ကျောချမ်းလာသည်။ တစ်ယောက်ယောက် ခြံတံခါး ဖွင့်လိုက်သဖြင့် နောက်ကျောဘက်မှ လေဟပ်သလို အေးခနဲ ခံစားရသောကြောင့် ဓားကို ဘေးချကာ ရင်ဘတ်ကိုဖိ၍ လှည့်ကြည့်လိုက်သည်။

မိန်းကလေးသည် ဂန်နီ့ကို မြင်သောအခါ ထိတ်လန့်တကြား အသွင်သို့ ပြောင်းသွားသည်။ သို့သော် ဂန်နီက သူမ မအော်ခင် လည်တိုင်ကို လက်နှစ်ဖက်ဖြင့် ဖမ်းကိုင်၍ ညှစ်ထားလိုက်သဖြင့် အသံထွက်မလာတော့ချေ။ ဂန်နီသည် မှဲ့ခြောက်များနှင့် အတူ နူးညံ့လှပသော သူမ၏ မျက်နှာ ကိုလည်း မကြည့်၊ နီထွေးသော နှုတ်ခမ်း အစုံကိုလည်း မမြင်၊ တလဲ့လဲ့ စိမ်းနေသော မျက်လုံး ဝိုင်းဝိုင်းကြီးများကိုလည်း သတိမထားမိဘဲ မျက်စိကို စုံမှိတ်၍ လည်ပင်းကိုသာ တင်းကျပ်စွာ ညှစ်ထားလေရာ သူမသည် ခုခံဖို့ ဝေးစွ၊ တစ်ချက်မျှပင် မလှုပ်ရှားနိုင်တော့ဘဲ အသက်ထွက်သွားလေသည်။ လောလောဆယ် သူ့အစိုးရိမ်ဆုံးအရာက သူမဆီမှ နောက်ဆုံးကျန်ရှိနေသော ရနံ့လေး ပျောက်မသွားဖို့ပင် ဖြစ်သည်။

မိန်းကလေး သေသွားသောအခါ ဂန်နီက သူမကို ဆီးသီးခြမ်းများ ပြန့်ကျဲနေသော မြေပေါ်လှဲချလိုက်ပြီး သူမ၏ အဝတ်အစားများကို ဆုတ်ဖြဲပစ်လိုက်သည်။ ထိုအခါ သူမဆီက မွှေးရနံ့မှာ လုံးခနဲ ကြွတက်လာသည်။ ဂန်နီက သူမ၏ အရေပြားပေါ် မျက်နှာအပ်ကာ ဝမ်းဗိုက်မှ ရင်ညွှန့်သို့ လည်းကောင်း၊ မျက်နှာမှ ဆံပင်သို့လည်းကောင်း၊ တစ်ဖန် ဝမ်းဗိုက်မှ အင်္ဂါဇာတ်သို့ လည်းကောင်း၊ ပေါင်မှ ခြေထောက်သို့လည်းကောင်း၊ ဦးခေါင်းမှ ခြေဖျားအထိ နှာခေါင်းဖြင့်ဖိ၍ တရကြမ်း ပွတ်သပ်နမ်းရှုပ်လေသည်။ ဂန်နီသည် သူမတွင် နောက်ဆုံး ကျန်ရှိသော မေးစေ့၊ ချက်၊ လက်ပြင်တို့မှ အနံ့များအထိ ကုန်စင်အောင် နမ်းရှုပ်၍ စုစည်း ယူလိုက်သည်။

သူသည် မိန်းကလေး၏ ဘေးတွင် ကျုံ့ကျုံ့ကလေး ဝပ်လျက် သူမ၏ရနံ့ကလေး တစ်စက်မျှပင် ထွက်ကျ မသွားအောင် သူ့တစ်ကိုယ်လုံးတွင် စီးဝင်ပျံ့နှံ့စေလိုက်သည်။ ထို့နောက် မတ်တတ်ထရပ်ကာ ဖယောင်းတိုင်မီးကို မှုတ်လိုက်သည်။ ထိုစဉ် လူအများသည် သီချင်း တကြော်ကြော် အော်ဆိုလျက် ပေါ့ပေါ့ပါးပါးဖြင့် ဆဲန်လမ်း အတိုင်း အိမ်ပြန်လာကြသည်။ ဂန်နီသည် မှောင်မည်းနေသော လမ်းကြားထဲမှ ဆဲန်လမ်းမနှင့်အပြိုင် မြစ်ဘက်သို့ ဦးတည်နေသော ပက်တစ်ဩဂတ်စတင်း လမ်းမ ဘက်သို့ အနံ့ခံလျက်

ပြန်သွားသည်။

အချိန်အနည်းငယ်ကြာသောအခါ မိန်းကလေး၏ အလောင်းကို လူအများ တွေ့သွားကြပြီး အော်ဟစ်သံများ ထွက်လာကာ ဝိုင်းကြည့်ကြသည်။ ထိုအချိန်တွင် ဂရန်နွီက မြစ်တစ်ဖက်ကမ်းသို့ ရောက်သွားခဲ့လေပြီ။

ထိုညက သူ့အခန်းသည် နန်းတော်အလား၊ သူအိပ်သည့် ကွပ်ပျစ်သည် ဘုရင် စက်တော် ခေါ်သည့် သလွန်ညောင်စောင်းအလား ထင်မှတ်မှားမိသည်။ သူ့ဘဝတွင် တစ်ခါမှသည်လောက် စိတ်မချမ်းသာခဲ့ဖူးချေ။ တိရစ္ဆာန်သာသာ လူ့အနွအဖြစ်မှ ဘဝအသစ်သို့ တစ်ဖန် ပြန်မွေးဖွားလာသကဲ့သို့ ခံစားရပြီး ဖရဏာပီတိ ဝွမ်းဆီထိသည့် အလား တစိမ့်စိမ့် ကြည်နူး နေလေသည်။ သူသည် အများနှင့်မတူ တစ်မူထူးခြားသည့် ပါရမီရှင်တစ်ဦးမှန်း သူ့ကိုယ်သူ သိလာသည်။ သူ့ဘဝ၏ အဓိပ္ပာယ်၊ ရည်မှန်းချက်၊ ပန်းတိုင်သည် လောကရှိ အနံ့ဆိုးဟူသမျှ တော်လှန်ဖယ်ရှားရေးပင်ဖြစ်သည်။

သူ၏ထက်မြက်သော နှာခေါင်း၊ ထူးခြားသော မှတ်ဉာဏ်နှင့် မားရစ်လမ်းရှိ မိန်းကလေးထံမှ မွှေးရနံ့တို့ကို နည်းလမ်းတကျ အသုံးချ ကြည့်ချင်စိတ်က သူ့ကို ဖိစီး နှိပ်စက်နေသည်။ ထိုရနံ့ထဲတွင် အရာအားလုံးကို အနံ့ထွက်လာစေသည့် မှော်ဆန်သော စွမ်းအင်တစ်မျိုး ကိန်းဝပ်နေသည်။ ထိုရနံ့ကို အသုံးပြု၍ နူးညံ့သော၊ အစွမ်းထက်သော၊ တည်ငြိမ်သော၊ ခံစားချက်အမျိုးမျိုး ပေးစွမ်းနိုင်သော၊ စိတ်အာရုံကို ကိုင်လှုပ်နိုင်သော၊ ငြင်းရက်စရာ မရှိသည့် အလှတရားတို့ဖြင့် ထုံမွှမ်းသော ရေမွှေးနံ့တစ်ခုကို ကောင်းကောင်းကြီး ဖန်တီးနိုင်သည်။ ထိုရနံ့သည် ရှေ့ဆက်၍ ဘာလုပ်သင့် သည်ကို လမ်းညွှန်ပေးသော သူ့အနာဂတ်ဘဝ၏ သံလိုက်အိမ်မြှောင်ဖြစ်သည်။ သည်အရွယ်အထိ မသေရုံတစ်မည် ဘဝကို ပင်ပန်းဆင်းရဲကြီးစွာ ကုတ်ကတ်ရှင်သန်ခဲ့ရခြင်း၏ အကျိုးဆက်ကို ရှင်းလင်းစွာ မြင်လာသည်။ သူသည် ရနံ့တို့၏ ဖန်ဆင်းရှင် ဖြစ်ကို ဖြစ်လာရမည်။ သာမန်ရနံ့ ဖော်စပ်သူတစ်ယောက်အဆင့် မည်ကာမတ္တ မဟုတ်၊ တစ်လောကလုံးတွင် အကြီးကျယ်ဆုံး ရေမွှေးပညာရှင်တစ်ယောက် ဖြစ်ကို ဖြစ်ရမည်။

ထိုညမှာပင် ဂရန်နွီသည် နဖူးပေါ်လက်တင်၍ သူမှတ်သားထားသမျှ ရနံ့များကို အပြန်ပြန်အလှန်လှန် သုံးသပ်သည်။ အိပ်မက်ထဲမှာလည်း ဆက်၍ စဉ်းစားသည်။ သူ၏မှတ်ဉာဏ်ထဲမှ သိန်းသန်းမကသော ရနံ့အမျိုးအစားတို့ကို ရှူလို့ကောင်းသောအနံ့၊ ရှူလို့မကောင်းသောအနံ့၊ ချောမွတ်သောအနံ့၊ ကြမ်းတမ်းသောအနံ့၊ သင်းသောအနံ့၊ ဟောင်သောအနံ့ စသဖြင့် ခွဲခြမ်းစိတ်ဖြာသည်။

ဤသို့ဖြင့် တစ်ရက်ပြီးတစ်ရက် အချိန်ကြာလာလေလေ၊ ထိုနည်းဖြင့်

ရနံ့များကို ပို၍ရှင်းလင်းစွာ ခွဲခြားသိမြင်လာလေလေ ဖြစ်သည်။ သူ၏ ရနံ့စာရင်းသည် ကွဲပြားသော ခေါင်းစဉ်မျိုးစုံဖြင့် ပို၍ စနစ်ကျပြည့်စုံလာပြီး ရနံ့ဖြစ်ပေါ်လာပုံအဆင့်ဆင့်ကိုလည်း ရှင်းရှင်းလင်းလင်း သိလာသည်။ ဤသို့ ခမ်းနားကြီးကျယ်သည့် အရည်အသွေးသည် ထိတ်လန့်ဖွယ် လူသတ်မှုမှ စတင်ခဲ့သော်ငြား ဂရနွီ့အတွက်တော့ ထိုအဖြစ်သည် လှပဆန်းကြယ် သည့် အတွေ့အကြုံတစ်ခုသာ ဖြစ်သည်။ သူသည် မိန်းကလေး၏ မျက်နှာ၊ ခန္ဓာကိုယ်နှင့် အသွင်သဏ္ဍာန်ကို လုံးဝမမှတ်မိတော့သော်လည်း အကောင်းဆုံး အစိတ်အပိုင်းဖြစ်သည့် သူမ၏ ရနံ့ကိုတော့ မူလပကတိအတိုင်း မှတ်မိနေအောင် ထိန်းသိမ်းထားနိုင်ခဲ့လေသည်။

*****

အခန်း (၉)

ထိုအချိန်က ပါရီမြို့တွင် ရေမွှေးဖော်စပ်သူ ဆယ့်သုံးယောက် တိတိ ရှိသည်။ ခြောက်ယောက်သည် မြစ်၏ညာဘက်ကမ်းတွင် နေထိုင်ပြီး ကျန်ခြောက်ယောက်မှာ ဘယ်ဘက်ခြမ်းတွင် နေသည်။ တစ်ယောက်သော သူကား ဆဲန်မြစ်အလယ်တည့်တည့်ရှိ ပွန့်အော်ရှန့်တံတားပေါ်တွင် တည်ဆောက်ထားသော အဲ့ဒလာစိတိုက်တန်းလျားကြီးတွင် နေထိုင်သည်။ ထို တိုက်တန်းလျားသည် လေးထပ်မြင့်မား၍ လူအများ ပြွတ်သိပ် ကျပ်ညပ်စွာ နေထိုင်ကြသည်။

နာမည်ကြီးဈေးဆိုင်များ ဤတစ်နေရာတည်းတွင် လာရောက်စုဝေးနေကြသဖြင့် ပွန့်အော်ရှန့်သည် မြို့တော်၏ထင်ရှားသော နေရာတစ်ခု ဖြစ်သည်။ ထိုနေရာတွင် ရွှေပန်းထိမ်ဆရာများ၊ ပရိဘောဂသမားများ၊ ဆံပင်တုဖန်တီးရှင်များ၊ ပိုက်ဆံအိတ် ပြုလုပ်သူများ၊ အမျိုးသမီးခြေအိတ်ရှည်နှင့် အတွင်းခံ ထုတ်လုပ်သူများ၊ ပန်းချီကား မှန်ပေါင် ပြုလုပ်သူများ၊ မြင်းစီးဘွတ်ဖိနပ် ကုန်သည်များ၊ ယူနီဖောင်းဝတ်စုံ ပခုံးဒေါက်တွင် တပ်ဆင်သော ဇာပန်းဖွားထိုးသူများ၊ ရွှေကြယ်သီး ပုံစံခွက်ဖော်သူများ၊ ဘဏ်လုပ်ငန်းရှင်များ၏ နာမည်အကြီးဆုံး ဈေးဆိုင်များ ရှိသည်။ ထိုနေရာတွင် နေထိုင်သည့် ရေမွှေးပညာရှင် ဂျူဆက်ပီဘာဒီနီသည် သူ၏ ဆိုင်ခန်းကို နေအိမ်နှင့် တွဲဖွင့်ထားသည်။ သူသည် လက်အိတ်များကိုလည်း ပြုလုပ်ရောင်းချသည်။

ဆိုင်ပေါက်ဝမှစ၍ မျက်နှာကြက်တစ်ခုလုံးသည် အစိမ်းရောင် မှန်ကူကွက်များဖြင့် ခမ်းနားထည်ဝါလှသည်။ သူ၏ ကိုယ်ပိုင်အမှတ်တံဆိပ်ကိုလည်း ဒိုင်းတစ်ခုပေါ် ရွှေသား အတိဖြင့် ပုံဖော်၍ ချိတ်ဆွဲထားသည်။ ထိုသင်္ကေတမှာ ရွှေပန်းအိုးထဲတွင် ထိုးထားသော ပန်းစည်းမှ ရွှေပန်းပွင့်များ ငွားငွားစွင့်စွင့် ပွင့်လန်းနေပုံဖြစ်သည်။ ဆိုင်တံခါးဝမှစ၍ အထဲထိ အနီရောင်ကော်ဇောကို ခင်းထားသည်။ ထိုကော်ဇောတွင်လည်း ခနက အမှတ် တံဆိပ်ကိုပင် ရွှေချည်ထိုး၍ ပုံဖော်ထားသည်။ ဆိုင်တံခါးကို ဖွင့်လိုက်သည်နှင့် တံခါးပေါင်သည် အထက်တွင် ချိတ်ဆွဲထားသော ပါရှားနိုင်ငံလုပ် ခေါင်းလောင်း ကလေးများနှင့် တိုက်၍ သံစုံမြည်လာမည်။ ထိုအခါ ငွေသားဖြင့် ပြုလုပ်ထားသည့် ငဟစ်ငှက်ရုပ် နှစ်ကောင်၏ နှုတ်သီးမှ ဝိုင်အိုလက်ပန်းရနံ့ ရေမွှေးရည်များကို ရွှေရေတကောင်းထဲသို့ ပန်းထုတ်မည်ဖြစ်သည်။ ထိုရေ တကောင်းပေါ်တွင်လည်း ဘာဒီနီ၏ အမှတ်တံဆိပ်ကို ပုံဖော်ထားသည်။

ဆိုင်ကောင်တာနောက်တွင်တော့ ရွှေဖားရုပ်များဖြင့် တန်ဆာဆင်

ပုံဖော်ထားသော အပြာရောင် ကုတ်အင်္ကျီကိုဝတ်၍ ပေါင်ဒါရိုက်ထားသည့် ဆံပင်တုကိုစွပ်ကာ ကျောက်တိုင်တစ်တိုင်ကဲ့သို့ မတ်မတ်ကြီး တောင့်တင်းစွာရပ်နေသော အဘိုးကြီး ဘာဒီနီ ရှိနေတတ်သည်။ မနက်တိုင်းလိုလို သူ့တစ်ကိုယ်လုံး ဖုံးနေအောင် ဖျန်းထားသည့် တရုတ်စံကားပန်းနံ့ ရေမွှေးကြောင့် လူကို သိသိသာသာ မမြင်ရခင်မှာပင် သူ့အနံ့ကို ခပ်ဝေးဝေးကတည်းက အရင်ရနေတတ်သည်။ ကောင်တာနောက်တွင် မလှုပ်မရှား ရပ်နေသော သူ့အသွင်က မသိလျှင် ဆိုင်မှာ ထောင်ထားသော အရုပ်တစ်ရုပ်နှယ်။ သို့သော် ခေါင်းလောင်းသံနှင့် ငှက်ရုပ်များ၏ နှုတ်သီးမှ ရေပန်းထွက်လာလျှင်တော့ ထိုအရုပ်ကြီးက ရုတ်တရက်ဆိုသလို အသက်ဝင်လာပြီး ကောင်တာ နောက်မှထွက်၍ ဝယ်သူကို ပျာပျာသလဲ ခရီးဦးကြိုပြုသည်။ ထိုအခါ တရုတ်စံကားပန်းနံ့သည် သူ့ဆီမှ ပျောက်ကွယ်လုမတတ် ဖြစ်သွားသည်။ ဝယ်သူက ကုလားထိုင်တွင် အကျအန နေရာယူပြီးသောအခါတွင်ကား သူ၏ အထူးကောင်းမွန်သော ရေမွှေးနှင့် အလှကုန် ပစ္စည်းများကို တစ်ခုပြီးတစ်ခု ထုတ်ပြ၍ ရောင်းချဖို့ အားထုတ်လေတော့သည်။ ဘာဒီနီတွင် အလှကုန်ပစ္စည်း ထောင်နှင့်ချီ၍ ရှိသည်။ ပန်းပွင့်များမှ ထုတ်ယူထားသော အမွှေးဆီ၊ တင်ချာ၊ အနည်အနှစ်၊ အဆီခဲ၊ အလှဆီ၊ အရည်ကြည်နှင့် အခြား အလှကုန်များကို အရည်၊ အခဲ၊ အဆီ ပုံစံအမျိုး မျိုးရှိသည်။ ဆံပင်အတွက် လိမ်းဆေး၊ ကော်ရည်၊ ပေါင်ဒါမှုန့်၊ ဆပ်ပြာ၊ ခရမ်၊ အရောင်တင်ဆီများကို အထုပ်ကြီးငယ်၊ ဘူး၊ ပုလင်းများဖြင့် ရနိုင်သည်။ သူ့ဆိုင်တွင် မုတ်ဆိတ်မွေးအတွက်သုံးသော ဖယောင်း၊ အမွှေးကျွတ်ဆေး၊ ရေချိုးဆပ်ပြာဆီ၊ လိုးရှင်း၊ အသားအရေမွှေးအောင် ပွတ်သည့် ဆားမှ အစ ရေမွှေးစစ်စစ်များအထိ အလှအပဆိုင်ရာ ကုန်ပစ္စည်းမျိုးစုံ မရေတွက်နိုင်အောင် ရှိသော်လည်း ဘာဒီနီက ဤမျှနှင့်မတင်းတိမ်၊ မကျေနပ်ချေ။ သူ၏ ရည်ရွယ်ချက်မှာ အမွှေးနံ့ထွက်သော ပစ္စည်းမှန်သမျှ သူ့ဆိုင်တွင် ရှိစေလိုခြင်း ဖြစ်သည်။ သူ့ဆိုင်သည် အမွှေးရနံ့ ထုတ်လုပ်သည့်ဌာနကြီး ဖြစ်ရမည်ဟု ဘာဒီနီက ရည်ရွယ်ထားသည်။

ထို့ကြောင့် ပါးစပ်မွှေးသည့် ငုံဆေးပြား၊ ရေမွှေးကြိုးခွေ၊ ရေမွှေး ဖယောင်းတိုင် သာမက စမုံစပါးမှအစ ဇာတိပ္ဖိုလ်သီးအထိ အစေ့အဆန် အမျိုးမျိုး၊ ဆိုက်ပရက်၊ မာလကာ၊ ကော်ရှူ့သ်မြို့များမှ သစ်သီးဘရန်ဒီနှင့် ဝိုင်အရက်များ၊ ပျားရည်၊ ကော်ဖီစေ့၊ လက်ဖက်ရွက်၊ သကြားလုံး၊ သစ်သီး ခြောက်၊ ချောကလက်၊ သစ်အယ်သီး၊ သခွားသီး၊ ကြက်သွန်နီ၊ ပန်းအဖူး အငုံမျိုးစုံနှင့် ဟင်းခတ်အမွှေးအကြိုင်များ စိမ်ထားသော တူနာငါးကိုပင် ဖြည့်ဆည်းစုဆောင်းထားသည်။ ထိုမျှမက သမီးရည်းစားအချင်းချင်း ပေးစာရေးရာတွင် သုံးသည့် နှင်းဆီနံ့မင်ရည်၊ စပိန်နိုင်ငံလုပ် သားရေထည် စာရေးကိရိယာများ၊ နံ့သာဖြူသား ဖောင်တိန်ထည့်ခွက်၊ ထင်းရှူးသား စားပွဲခုံနှင့် သေတ္တာ၊ အခန်းတွင်း အနံ့မွှေးရန် ပန်းပွင့်ချပ်များ ထည့်ထားသည့် ပန်းကန်လုံးနှင့် ဖန်ပုလင်းများ၊ အနံ့မွှေးသောလက်အိတ်၊ လက်ကိုင်ပဝါ၊ အခင်းနှင့် ရာစုနှစ်

တစ်ခုလောက် မွှေးနေစေမည့် နံ့ရံကပ်စက္ကူများပါ ထပ်ထည့်ထားသည်။

ထိုမျှ များပြားသော ပစ္စည်းများကို သူ့တစ်အိမ်လုံး ထပ်ခိုးမျှပင် မကျန်အောင် စုဆောင်းထားသောကြောင့် ဘာဒီနီ၏အိမ်တစ်ဝိုက်တွင် ဖော်ပြ၍မရသော အနံ့ပေါင်းစုံ သင်းပျံ့နေသည်။ ဝယ်ယူထားသော ပစ္စည်းတစ်မျိုးစီတွင်လည်း အမြင့်မားဆုံး အရည်အသွေးရှိနေသဖြင့် ၎င်းတို့တစ်ခုချင်းစီမှ အနံ့များ ရောနှော၍ထွက်လာသော အနံ့ကား ထောင်ပေါင်းများစွာသော ဂီတပညာရှင်များ စုပေါင်း၍ မတူညီသော သံစဉ် မျိုးစုံကို အတူတကွ တစ်ပြိုင်တည်း ကျယ်လောင်စွာ တီးမှုတ်နေသလိုမျိုး သည်းမခံနိုင်စရာ ကောင်းလောက်အောင် ပြင်းထန်၍ နေလေသည်။

ဘာဒီနီနှင့် သူ့လက်ထောက်သည် ထိုအနံ့အသက်ကြားတွင် ခက်ခက်ခဲခဲ အလုပ် လုပ်ရသလို စတုတ္ထထပ်တွင် နေထိုင်သော ဇနီးသည်ခမျာလည်း သိုလှောင်ထားသော အလုကုန်များ၏ မွှန်ထူသောအနံ့များကြောင့် တခြားအနံ့ကိုပင် သတိမထားမိနိုင်အောင် မွန်းကျပ်နေလေသည်။ ဘာဒီနီ၏ဆိုင်သို့ ယခုမှ ပထမဆုံးစဝင်မည့် ဝယ်သူဆိုလျှင် တံခါးဖွင့် လိုက်သည်နှင့် အထဲမှလုံးထွေး၍ ထွက်လာသော မွှေးရနံ့ထုကြီးက မျက်နှာကို လက်သီးနှင့်ဆောင့်၍ ထိုးထည့်လိုက်သလိုခံစားရပေလိမ့်မည်။

မွှန်ထူကျပ်ပိတ်နေသော ထိုရနံ့ကြောင့် လာရသည့် အကြောင်းရင်းကိုပင် မေ့သွားတတ်သည်။ ဆိုင်အနီးမှ ဖြတ်သွားသည့် ကောင်လေးများမှာ ထိုရနံ့ကြောင့် မှာလိုက်သောအရာကို မေ့သွားတတ်သည်။ အကြောင်း တစ်ခုခုကြောင့် တင်းမာခက်ထန်နေသော အမျိုးကောင်းသားတို့မှာ ထိုရနံ့ကို ရသည်နှင့် လည်ချောင်းထဲမှ ပျို့တက်သွားတတ်သည်။ အမျိုးသမီးများမှာ ငိုမလို၊ ရယ်မလို ဖြစ်ချင်သူကဖြစ်၊ ရှိုပြီးသားရောဂါ ပြန်ဖောက်လာသူကဖောက်၊ ကျိန်ဆဲသူကကျိန်ဆဲနှင့် အချို့ဆိုလျှင် သတိပင်လစ်၍ လဲသွားတတ်ကြသည်။ ထိုအခါ လေးညှင်းဆီ၊ ပရုတ်အေး၊ အမိုးနီးယား၊ ဆားတို့ကို အသားကုန် ရှူချလိုက်မှသာ သက်သာရာ ရကြသည်။

အထက်ပါ အခြေအနေများကြောင့် ဂျူဆက်ပီဘာဒီနီ၏ ဆိုင်တံခါးဝမှ ပါရှားနိုင်ငံလုပ် ခေါင်းလောင်းက တစ်နေ့တခြား အသံမြည်ခြင်း ကျဲလာသလို ငှက်ရုပ်ကလေးများ၏ နှုတ်သီးမှာလည်း ရေပန်းအကျ နည်းသထက် နည်းလာခဲ့လေသည်။

*****

အခန်း (၁၀)

ကောင်တာနောက်တွင် နာရီပေါင်းများစွာ ကြာအောင် ကျောက်ရုပ်လို မတုန်မလှုပ် ရပ်နေသော ဘာဒီနီက ဆိုင်တံခါးဝကို ကြည့်ရင်း…

"ရှီးနျား…၊ ဆံပင်တု စွပ်ထားလေ" ဟု အော်ပြောသည်။ ဝက်ပေါင်ခြောက်များ ချိတ်ထားသော သံလွင်ဆီ စည်ပိုင်းများကြားမှ ဘာဒီနီ၏လက်ထောက် ရှီးနျားက ခေါင်းထောင်ကြည့်သည်။ ရှီးနျားက ဘာဒီနီထက် ငယ်သော်ငြား သူလည်းအဘိုးအိုအရွယ် ရောက်နေပြီဖြစ်သည်။ ရှီးနျားက ဆိုင်ရှေ့သို့သွား၍ သူ၏ကုတ်အကျီအိတ်ထဲမှ ဆံပင်တုကို ထုတ်၍ ခေါင်းပေါ် စွပ်လိုက်သည်။

"ဆရာ အပြင်ထွက်ဦးမှာလား မွန်စီယာ ဘာဒီနီ"

"မထွက်ဘူး။ ငါ ခဏနားပြီး အလုပ်လုပ် လိုက်ဦးမယ်။ ဘာအကြောင်းကြောင့် ဖြစ်ဖြစ် လာမနှောင့်ယှက်နဲ့နော်"

"ဪ သိပြီ။ ရေမွှေးအသစ်တစ်မျိုး ဖန်တီးတော့မယ်ပေါ့"

"မှန်တာပေါ့။ မြို့စားကြီး ဗာဟားမွန့်အတွက် စပန်းနစ်ရှ်ဟိုဒ်ဆိုတဲ့ ရေမွှေးတစ်မျိုး ဖန်တီးပေးမလို့ပဲ။ သူလိုချင်တာက ဟိုဟာကွာ…၊ အဲမို အန်ဆိုက်ကီလို အနံ့မျိုးလို့ ပြောသလားလို့။ စိန့်အန်ဒရေဒက်စ်အာ့စ်လမ်းက ဟိုအကောင် ပြီးစလွယ် လုပ်တဲ့ဟာ"

"ပယ်လစ်ဆီယာကို ပြောတာလား"

"အေး..။ သူ့ရေမွှေးနာမည်က ပယ်လစ်ဆီယာရဲ့ အဲမိုအန်ဆိုက်ကီတဲ့။ မင်းသိလား"

"သိပ၊ သိပ့။ ဒီရက်ပိုင်း ဘယ်သွားသွား အဲဒီအနံ့ကို နေရာတကာ ရနေမှတော့ မသိဘဲ နေပါ့မလား။ ကျွန်တော့်ကို ဘာထူးလဲ မေးမလို့ မဟုတ်လား။ ဘာမှလည်း ထူးထူးခြားခြားကြီး မဟုတ်ပေါင်ဗျာ။ ခင်ဗျား ဖန်တီးမယ့် ရေမွှေးနဲ့တော့ ဘယ်ယှဉ်နိုင်ပါ့မလဲ မွန်စီယာဘာဒီနီရဲ့"

"ဟုတ်တာပေါ့၊ ဘယ်ယှဉ်နိုင်ပါ့မလဲ"

“အဲမိုအန်ဆိုက်ကီက သာမန်ရေမွှေးအနံ့ပါပဲဗျာ”

“သာမန်အနံ့ ဟုတ်လား”

“လုံးဝကို သာမန်အနံ့။ ပယ်လစ်ဆီယာ ထုတ်သမျှ အကုန်လုံး ဒီလိုဟာတွေချည်းပဲ။ သံပရာဆီတော့ပါမှာ သေချာတယ်”

“တကယ်လား၊ နောက်ကော ဘာရှိသေးလဲ”

“လိမ္မော်ပွင့် အဆီလည်း ပါမယ်ထင်တယ်။ ရို့စ်မေရီ ပါမလားတော့ မသိဘူး။ သေချာတော့ မပြောတတ်ဘူး”

“ငါလုပ်တာနဲ့တော့ တစ်ခုမှ တူမှာ မဟုတ်ဘူး”

“ဒါပေါ့၊ ဘယ်တူပါ့မလဲ”

“ပယ်လစ်ဆီယာ သူ့ရေမွှေးထဲ ဘာထည့်ထည့် ဂရုမစိုက်ပါဘူး။ ငါက သူ့နည်းတွေကနေ အတုယူစရာ ဘာအကြောင်းမှ မရှိဘူးလေ”

“သိပ်ဟုတ်တာပေါ့ မွန်စီယာ”

“ငါဆိုတဲ့ကောင်က ဘယ်သူ့နည်းကိုမှ မယူတာ မင်းလည်း သိသားနဲ့။ ငါက ငါ့ကိုယ်ပိုင်ရေမွှေးအနံ့တွေပဲ ဖန်တီးတာ”

“သိပ်သိတာပေါ့ မွန်စီယာ”

“ဘယ်သူနဲ့မှ မတူအောင် ငါ့ဘာသာပဲ တီထွင်တာ”

“သိပါတယ်”

“အခုတော့ မြို့စားကြီး ဗာဟားမွန့်အတွက် ဘာနဲ့မှ မတူတဲ့ ရနံ့တစ်ခုကို ဖန်တီးရအောင် စဉ်းစားနေတယ်။ လူတွေ အကုန်လုံး ကျွက်ကျွက်ညံအောင် စိတ်ဝင်စားလာမယ့် အနံ့မျိုး”

“အဲဒီအနံ့ကို ဆရာ ဖန်တီးလို့ရမယ်ဆိုတာ ကျွန်တော် သိနေတယ် မွန်စီယာဘာဒီနီ”

“ဆိုင်ကို သေချာကြည့်ထား။ အေးအေးဆေးဆေး တိတ်တိတ် ဆိတ်ဆိတ် ဖြစ်မှ ရှာန်ဝင်မှာ။ ဘယ်သူ့အသံမှ ငါ မကြားချင်ဘူး ရှီးနျား”

ထို့နောက် ဘာဒီနီသည် အလုပ်ခန်းရှိရာ ဒုတိယထပ်သို့ လှေကားအတိုင်း

ဖြည်းညင်းစွာ တက်သွားလေသည်။ ရှီးနျားသည် သူ့ဆရာ ခုနက ရပ်သွားသည့် ကောင်တာနောက်ရှိ နေရာအတိအကျတွင် သွား၍ နေရာယူကာ ဘာဒီနီအတိုင်း မတ်တတ်ရပ်၍ ဆိုင်တံခါးဝသို့ မမိုတ်မသုန် စိုက်ကြည့်နေလေသည်။ သိပ်မကြာမီ ဘာဆက်ဖြစ်တော့မည်ကိုလည်း သူသိနေသည်။ ထိုအဖြစ်အပျက်က သူရှိရာ ဆိုင်ထဲမှာ ဖြစ်မှာမဟုတ်ဘဲ ဘာဒီနီ၏ အလုပ်ခန်းထဲမှာ ဖြစ်နေကျအတိုင်းဖြစ်မှာပါပဲ။

ဘာဒီနီသည် တရုတ်စံကားပန်းနဲ့ လွှမ်းနေသော သူ၏အပြာရောင် ကုတ်အင်္ကျီကို ချွတ်ကာ စိတ်ကူးအသစ်အဆန်း ထွက်လာလို ထွက်လာငြား စားပွဲခုံမှာ ထိုင်၍ စဉ်းစားနေမည်။ ဘာစိတ်ကူးမျှ ထွက်မလာသည့်အခါ အပြေးအလွှားထ၍ စင်ပေါ်ရှိ ပုလင်းငယ် ရာပေါင်းများစွာကိုယူပြီး စိတ်ကူးတည့်ရာ ရောနှောကြည့်မည်။ ရရှိလာသည့် ဒြပ်ပေါင်းက တလွဲကြီး ဖြစ်နေမည်။ ထိုအခါ သူသည် မိုးမွှန်အောင် ဆဲဆို၍ ပြတင်းပေါက်ကို ဖွင့်ကာ မြစ်ထဲသို့ ထိုအရာများကို သွန်ပစ်လိုက်မည်။ ထို့နောက် နောက်တစ်မျိုး ထပ်မံကြိုးစားကြည့်မည်။ ထိုအရာကလည်း လွဲချော်မှားယွင်းနေသောအခါ အနားမှာ ရှိသမျှ ပုလင်းခွက်ယောက်ကို လွှင့်ပစ်မည်။ ထိုအခါ အလုပ်ခန်းထဲတွင် အနံ့ပေါင်းစုံ မွှန်ထူသွားလိမ့်မည်။ ညခုနစ်နာရီခန့်လောက်တွင် အောက်ထပ်သို့ စိုးရိမ်သောကကြီးစွာ ငိုယိုလျက် တုန်တုန်ယင်ယင် ပြန်ဆင်းလာပြီး...

"ရှီးနျားရေ၊ ငါ့နှာခေါင်းတော့ သွားပါပြီကွာ။ ရေမွှေးကို မတီထွင်နိုင်တော့ဘူး။ မြို့စားကြီးကို စပန်းနစ်ရှ်ဟိုဒ် လုပ်မပေးနိုင်တော့ဘူး။ အားလုံး ရေစုန်မျောသွားပြီ။ ငါ သေချင်တယ် ရှီးနျား။ တကယ်တော့ ငါဟာ အတွင်းမှာ သေနေပြီးသားကွ။ ငါ့ကို သေလို့ရအောင် ကူညီစမ်းပါကွာ" ဟု ပြောလိမ့်မည်။

ထိုအခါ ရှီးနျားက တစ်ယောက်ယောက်ကို လွှတ်၍ ပယ်လစ်ဆီယာ၏ အဲမိုအန်ဆိုက်ကီ ရေမွှေးတစ်ပုလင်း အဝယ်ခိုင်းဖို့ အကြံပေးမည်။ ဘာဒီနီက ခေါင်းညိတ် သဘောတူ လိုက်သော်လည်း သူ့ဟာသူ ရှက်၍ ထိုရေမွှေးကို တို့၍ပင် ကြည့်မှာ မဟုတ်။ ထိုအခါ ရှီးနျားကပင် ဘာဒီနီကို တိတ်တိတ်နေဖို့ ပြော၍ မြို့စားကြီး ဗာဟားမွန့်၏ သားရေထည်ပစ္စည်းပေါ် ပယ်လစ်ဆီယာ၏ ရေမွှေးကို ဆွတ်ကြမည်။ အဖြစ်ကတော့ သည်အတိုင်းသာ ဆက်လက် လည်ပတ်နေမှာ ဖြစ်သည်။ ရှီးနျားခမျာ ထိုသံသရာကို ပြီးပါစေတော့ဟုသာ ဆုတောင်း နေမိသည်။

လွန်ခဲ့သော အနှစ်သုံးလေးဆယ်တုန်းကတော့ ငယ်ရွယ်သော ဘာဒီနီသည် "တောင်အရပ်က နှင်းဆီ"၊ "ဘာဒီနီ၏ လုပတင့်တယ်သော ပန်းစည်း" ဟူသည့် ရေမွှေးနှစ်မျိုးကို ဖန်တီးခဲ့သည်။ အမှန်အကန် ကောင်းမွန်လှသော ထိုရေမွှေးနှစ်ခုကြောင့် ကျိကျိတက် ချမ်းသာခဲ့သည်။

အခုတော့ ဘာဒီနီသည် ကြီးမြတ်တော့ ရေမွှေးပညာရှင် မဟုတ်တော့ချေ။ သူသည် အိုမင်း၍ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့သလို ခေတ်ရေစီးကြောင်းကိုလည်း မသိတော့။ သူ့ကိုယ်ပိုင်ဟန်ဖြင့် ရေမွှေးအသစ် ဖော်စပ်လိုက်တိုင်း လုံးဝ ခေတ်နောက်ကျ၍ ဈေးကွက် မဝင်သော အနံ့များသာ ထွက်လာသည်။ ရှီးနျားသည် မုန်ရှေ့တွင် သူ့ဆံပင်တု နေရာကျ၊ မကျ စစ်ဆေးရင်း ရှက်ဖို့ကောင်းလိုက်တာဟု တွေးမိသည်။

ရှက်စရာ ကောင်းလိုက်တဲ့ အဘိုးကြီး ဘာဒီနီ။ ဟောဒီ ဆိုင်လှလှလေးအတွက် သိပ်ရှက်ဖို့ ကောင်းတာပဲ။ ဆိုင်ကို သူဖြုတ်ပစ်တော့မှာ သေချာတယ်။ ငါကော ဘာထူးလဲ။ ဒီဆိုင်လေးကို လက်လွှဲယူဖို့ သိပ်အိုသွားပြီ။ ရှက်စရာ သိပ်ကောင်းတာပဲ။

*****

အခန်း (၁၁)

ဒုတိယထပ်ကို တက်လာသော ဂျူဆက်ပီဘာဒီနီက တရုတ်စံကားပန်းနဲ့ ပြင်းစွာထွက်နေသည့် သူ့ကုတ်အင်္ကျီကို ချွတ်လိုက်သည်။ သူ့အတွက်တော့ ထိုအနံ့နှင့် ဆယ်စုနှစ်တစ်ခုလောက်ကြာအောင် ယဉ်ပါးနေပြီဖြစ်၍ မည်မျှပြင်းထန်နေသည်ကို လုံးဝ သတိမထားမိတော့ချေ။ သူက အလုပ်ခန်းတံခါးကို ပိတ်လိုက်သည်။ တိတ်ဆိတ်အေးချမ်းစွာ အာရုံဝင်စား ကြည့်သော်လည်း စိတ်ကူးသစ်များ လုံးဝပေါ်ထွက်မလာသည်ကို ရှီးနျားထက် ကာယကံရှင် သူကိုယ်တိုင်က သိနေနှင့်ပြီးဖြစ်၍ စားပွဲခုံမှာလည်း ဝင်မထိုင်တော့ချေ။ အခုတော့ သူသည် အိုမင်း၍ ခြေကုန်လက်ပန်းကျနေပြီ။ ဤအဖြစ်သည် ငြင်းဆန်၍ မရသော အမှန်တရား ဖြစ်သည်။ သူသည် ယခင်ကလို ကြီးမြတ်သော ရေမွှေးပညာရှင် မဟုတ်တော့။

တကယ်တော့ သူသည် ရေမွှေးပညာရှင်တစ်ယောက် ဘယ်တုန်းကမှ မဟုတ်ခဲ့မှန်း သူ့ကိုယ်သူ သိသည်။ “တောင်အရပ်က နှင်းဆီ” ရေမွှေးဖော်စပ်နည်းကို သူ့ဖခင်ထံမှ အမွေရခဲ့တာဖြစ်ပြီး “ဘာဒီနီ၏ လှပတင့်တယ်သောပန်းစည်း” ရေမွှေး ဖော်မြူလာကိုလည်း ဂျီနိုအာမြို့သား ခရီးသွား အမွှေးနံ့သာ အရောင်းသမားတစ်ဦးထံမှ ဝယ်ယူခဲ့ခြင်း ဖြစ်သည်။ ကျန်ရေမွှေးများကတော့ သူသိပြီးသား ဖော်မြူလာ အဟောင်းများကို ရောနှော ဖော်စပ် ထားခြင်းသာ ဖြစ်သည်။ သူသည် မည်သည့် အရာကိုမျှ တစ်ခါမှ တီထွင်ဖန်တီးခဲ့ဖူးခြင်း မရှိချေ။ တကယ်တော့ ဘာဒီနီသည် အသစ်အဆန်းကို တီထွင်ဖန်တီးသူတစ်ယောက် မဟုတ်၊ သမားရိုးကျရနံ့များကို ဂရုတစိုက် ထုတ်လုပ်သူသာ ဖြစ်သည်။ သူသည် ခမ်းနားကြီးကျယ်သော မီးဖိုချောင်ကြီးထဲက အသင့်ရှိပြီးသား ဟင်းချက်နည်းများဖြင့်သာ စီမံတတ်သော၊ ကိုယ်ပိုင် ဟင်းလျာ ချက်ပြုတ်နည်း တစ်ခုမှ မတီထွင်နိုင်သော စားဖိုမှူး တစ်ယောက် နှင့်သာ တူသည်။

သူ့စိတ်ကူး၊ သူ့စမ်းသပ်ချက်၊ သူ့အလုပ်ခန်းဟူသမျှသည် လူအမြင်ကောင်းအောင် လုပ်ထားသည့် အပြသက်သက်သာ ဖြစ်သည်။ ကျွမ်းကျင်သော ရေမွှေးပညာရှင်ဟူသော ဂုဏ်ပုဒ်ကို သူကထိုနည်းဖြင့် ဖုံးအုပ်ထားခဲ့သည်။ လူတိုင်း အလိုရှိသော ရေမွှေးပညာရှင် ငါးဆယ်ရာခိုင်နှုန်းသည် အံ့ဖွယ်များကို ဖန်တီးနိုင်သော အဂ္ဂိရတ်သမားများ ဖြစ်ကြသည်။ ဘာဒီနီ၏ လက်ရာသည် တခြားရေမွှေးနံ့များနှင့် တူနေတတ်သည်။ ဤအချက်ကို သူ့ဘာသာ အသိဆုံး ဖြစ်သော်လည်း သူကတော့ ပြောင်ပြောင်တင်းတင်းပင် ဂုဏ်ယူ နေသည်။ သူသည် တီထွင်သူလည်း မဖြစ်ချင်ပေ။ အသစ်အဆန်းကို တီထွင် ဖန်တီးသူသည်

သမားရိုးကျ နည်းလမ်းအတိုင်း လုပ်၍မရ၊ သတ်မှတ်ထားသော ပုံသေနည်းကို တစ်မျိုးတစ်ဖုံ ချိုးဖောက်၍ ဖန်တီးရတတ်သည်။ ဘာဒီနီသည် ထိုသို့ စဉ်းစားတွေးခေါ်တတ်သည့် လူမျိုးမဟုတ်ဘဲ တီထွင်ဖန်တီး အသစ်အဆန်းများ အပေါ်တွင်လည်း ကောင်းမှ ကောင်းပါ့မလားဟု အလွန်သံသယဝင်တတ်သူ ဖြစ်သည်။

မြို့စားကြီး ဗာဟားမွန့်အတွက် ရေမွှေးအသစ် ဖန်တီးဖို့လည်း မကြုံစည်တတ်ပေ။ သည်ညနေတော့ ရှီးနျားကို ပယ်လစ်ဆီယာ၏ အဲမိုအန်ဆိုက်ကီရေမွှေး သွားဝယ်ခိုင်းဖို့ သူပြောမှာ မဟုတ်ပါ။ အကြောင်းမှာ ထို ရေမွှေးပုလင်းအချို့ကို သူဝယ်ထားနှင့်ပြီး ဖြစ်သောကြောင့်တည်း။ လွန်ခဲ့သော ရက်ပိုင်းက ဝယ်ထားသည့် ထိုရေမွှေး ပုလင်းလေးကို ပြတင်းပေါက်နားက သူ့စားပွဲခုံမှာ တင်ထားသည်။ ၎င်းကို သူကိုယ်တိုင် သွားဝယ်တာတော့ မဟုတ်၊ ရှီးနျားကိုလည်း သူကိုယ်တိုင် သွားမဝယ်ခိုင်းပါ။ ကြားလူ တစ်ယောက်က တစ်ဆင့် သွားဝယ်ခိုင်းခြင်း ဖြစ်သည်။ သူသည် စပန်းနစ်ရှ်ဟိုဒ် ရေမွှေး အတွက် အဲမိုအန်ဆိုက်ကီ၏ အနံ့ကို ဆင်တူယိုးမှား တုပ ချင်နေသည်။ ဤအဖြစ်သည် ကာယကံရှင် ပယ်လစ်ဆီယာ မသိလျှင်တောင် အတော် မသင့်လျော်သော လုပ်ရပ် ဖြစ်သည်။ ပြိုင်ဘက်၏ ရေမွှေးကို တုပဖန်တီးကာ တခြားနာမည်ဖြင့် ရောင်းချသည့်လုပ်ရပ်က အလွန်ရုပ်ပျက်လှသည်။ အကယ်၍ ထိုလုပ်ရပ် ပေါ်သွားလျှင်လည်း သူအရှက်ကွဲဖို့သာ ရှိသည်။ ထို့ကြောင့် ဘာဒီနီက ရှီးနျားမသိအောင် တိတ်တဆိတ် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ရှီးနျားကတော့ ဘာမှမသိသဖြင့် လူတွေ သွားပုပ်လေလွင့် လျှောက်ပြောကြသည်ဟုသာ ထင်ပေမည်။

ရိုးသားသည့် လူတစ်ယောက်အဖြစ်မှ လိမ်လည်လှည့်ဖြားတတ်သည့် လူတစ်ယောက် အဖြစ် ပြောင်းလဲသွားပုံက စက်ဆုပ်ဖွယ် ကောင်းလှသည်။ အနှစ်နှစ် အလလ တည်ဆောက် လာသည့် ဂုဏ်သိက္ခာကိုပင် မငဲ့ကွက်သည့် ထိုလုပ်ရပ်က ရှက်ဖွယ်လိလိပင်။ သို့သော် ရှားရှားပါးပါး တစ်ဦးတည်းသာ ကျန်ရှိတော့သည့် ဝယ်သူမြို့စားကြီး ဗာဟားမွန့်ကို သူလက်လွှတ် မခံရဲချေ။ ဘာဒီနီ အသက် နှစ်ဆယ်ကျော်အရွယ်က ပစ္စည်းများကို သေတ္တာတစ်လုံးနှင့်အပြည့် ထည့်လွယ်ပြီး လမ်းတကာ လှည့်လည်၍ ရောင်းချခဲ့ရသည်။ အကြောင်းတိုက်ဆိုင်၍သာ ထိုဘဝမှ ပါရီမြို့၏ အကြီးဆုံးသော ရေမွှေးဆိုင်ပိုင်ရှင်အဖြစ် ရောက်ခဲ့သည်။ ဝယ်သူသာ မရှိတော့လျှင် အသက်ခြောက်ဆယ်ကျော်မှ ယခင်ဘဝဟောင်းသို့ ပြန်ရောက် ရချေတော့မည်။ ထိုအချိန်တွင် ဒျူဖင်းလမ်းက ဘရူးအက်ဆိုသူက ဥရောပတစ်ခွင်ရှိ ဆံပင်လိမ်းဆေးဈေးကွက်၌ ရုတ်တရက် နာမည်ကြီးလာသလို စိန့်အန်ဒရေ ဒက်စ်အာ့စ် လမ်း က အန်တွိုင်းပယ်လစ်ဆီယာ ရာသီအလိုက် ဖန်တီးတတ်သော ရေမွှေးနံ့ အသစ်များကို တစ်ကမ္ဘာလုံးက ထင်မှတ်မထားလောက်အောင် အရူးအမူး

နှစ်သက်လာကြသည်။

ပယ်လစ်ဆီယာ၏ ရေမွှေးများက ဈေးကွက်ကို အမြဲကိုင်လှုပ်သလို ကုန်ကြမ်း ပစ္စည်းများလည်း ခန့်မှန်းထားသလို သိုလှောင်ထားလို့မရ။ ဥပမာ သည်နှစ် “ဟန်ဂေရီဝါးတား” ရေမွှေး ခေတ်စားနေသည်ဆိုပါစို့၊ ဘာဒီနီက ဈေးကွက် လိုအပ်ချက် အရ လာဗန်ဒါ၊ ရို့စ်မေရီ စသည့် ကုန်ကြမ်းများကို ဖြည့်ထားသော်လည်း ပယ်လစ်ဆီယာက ဒရယ်ဖို၏ လိင်အင်္ဂါမှရသည့် အနံ့အလွန်ပြင်းသော ကုန်ကြမ်းဖြင့် “အဲရ်ဒီမူ့စ်” အမည်ရှိ ရေမွှေးကို ထုတ်သည်။ ထိုအခါ လူတိုင်းက ထိုတိရစ္ဆာန်၏ အနံ့အသက်မျိုးကိုမှ သဘောကျလာပြီး ဘာဒီနီလည်း လာဗင်ဒါကို အထုပ်ငယ်များဖြင့် လည်းကောင်း ရို့စ်မေရီကို ဆံပင်လိမ်းဆီအတွက်လည်းကောင်း၊ ပြန်၍ ပြုပြင် ရောင်းချရတော့သည်။ နောက်နှစ် သူက ဒရယ်ဖိုအင်္ဂါ၊ ကြောင်ကတိုးနံ့သာ၊ ကြက်ဆူသီး စသည်များကို လုံလောက်အောင် စုဆောင်းထားလျှင် ပယ်လစ်ဆီယာက “တောပန်းကလေး” အမည်ရှိ ရေမွှေးကို ထုတ်သည်။ ထိုအခါ ပန်းပေါင်းစုံရနံ့သင်းသော ထိုရေမွှေးက ချက်ချင်းလိုလို အောင်မြင်လာပြန်သည်။ “တောပန်းကလေး” ကို ဘာဒီနီက ညပေါင်းများစွာ ကြာအောင် အချိန်ကုန်ခံ၊ ငွေကုန်ခံ၊ အပင်ပန်းခံ စမ်းသပ်ပြီး ပါဝင်ပစ္စည်းများကို ဖော်ထုတ်နိုင်သောအချိန်တွင် ပယ်လစ်ဆီယာက ‘တူရကီညများ’၊ ‘လစ္စ ဘွန်းရနံ့’ ‘တရားရုံး ကပန်းစည်း’ စသော နာမည်များဖြင့် ရေမွှေးများထပ်၍ ထွက်လာသည်။

ရေမွှေးကို စိတ်ရှိတိုင်း ပစ်စလက်ခတ် ဖန်တီးနေသော ပယ်လစ်ဆီယာက ကုန်သွယ်ရေးတစ်ခုလုံးအတွက် အန္တရာယ်ပင် ဖြစ်သည်။ သူ၏လုပ်ငန်းလိုင်စင်ကို တရားဝင် သိမ်းသင့်သည်၊ မဟုတ်လျှင်လည်း သင်းကို ပညာတစ်ခုခုတော့ ပေးသင့်သည်ဟု ဘာဒီနီက ယူဆသည်။ ပယ်လစ်ဆီယာသည် သေချာ လေ့ကျင့်ထားသော ရေမွှေးပညာရှင် မဟုတ်ချေ။ သူ၏ဖခင်က ရှာလကာရည် ဖော်ရောင်းသူ ဖြစ်သလို ပယ်လစ်ဆီယာလည်း ရှာလကာရည် ဖော်စပ်သူသာ ဖြစ်ရမည်။ သည့်ထက်မပို။ သူလုပ်ချင်လျှင် အရက်စပ်နည်းသာ ဖော်သင့်သည်၊ အခုတော့ သူ့ကြောင့် အမှန်အကန် ရေမွှေးပညာရှင်တို့ အကြီးအကျယ် ဒုက္ခတွေ့ရသည်ဟု ဘာဒီနီ ထင်သည်။ ရာသီတစ်ခု ပြောင်းတိုင်း ဘာအတွက် ရေမွှေးအသစ်လိုမှာလဲ။ ရှိနှင့်ပြီးသား ရေမွှေးတွေအပြင် ဘာကိုများ ထပ်လိုဦးမှာလဲ။ အရင်ကတည်းက လူတွေက ဒီလောက်နဲ့ပဲ ကျေနပ်နေကြတာပဲ။ ဆင်လက်မောင်းပွင့်ကို ရိတ်ယူမှရတာ သူ သိရဲ့လား။ စံပယ်ပန်းဟာ နေထွက်လာရင် အနံ့ပျောက်သွားတတ်တာ သူသိရဲ့လား။ ပယ်လစ်ဆီယာသည် ပါရီမြို့မှလွဲ၍ တခြားနေရာသို့ ရောက်ဖူးမှာ မဟုတ်၊ စံပယ်ပန်းကိုရော သူ့ဘဝမှာ မြင်ဖူးရဲ့လားမသိ။ အဆီ တစ်စက်ရဖို့ စံပယ်ပွင့် အရာအထောင်ကို ကြိတ်ညှစ်ခြေမွရမှန်းလည်း သိမှာမဟုတ်။ ပယ်လစ်ဆီယာ့အတွက် စံပယ်ဆီဆိုသည်မှာ ခေတ်မီ ရေမွှေးအသစ်တစ်ခု ဖန်တီးရန် ရောစပ် ရမည့် စင်ပေါ်ရှိ

ပုလင်းများစွာထဲက အညိုရင့်ရောင် ပုလင်းလေးတစ်လုံးသာ ဖြစ်လိမ့်မည်။ အမှန်အကန် လက်မှုပညာသည်တို့ ထွန်းကားခဲ့သည့် ရှေးခေတ်မှာဆိုလျှင် ပယ်လစ်ဆီယာလို ကောင်မျိုးကို အိမ်အဝပင်အလာခံမှာ မဟုတ်။ သူ့မှာ သီလ၊ သမာဓိ၊ ပညာ၊ မျိုးရိုး ဘာမျှမရှိ၊ နတ္ထိ။

အနံ့သည် ပြုပြင်ထားသော အရည်တွင် ပျော်ဝင်ကြောင်း တွေ့ရှိခဲ့သည့် အီတလီလူမျိုး ပါရမီရှင် မော်ရစ်ရှပ်ဖရန်ဂျီပန်နီသာ မရှိခဲ့လျှင် ပယ်လစ်ဆီယာတစ်ယောက် ရေမွှေးလောကမှာ အောင်မြင်မှာမဟုတ်။ ဖရန်ဂျီပန်နီသည် အမွှေးနံ့သာမှုန့်များကို အရက်ဆီအရည်နှင့် ရောစပ်ကာ အငွေ့ပျံလွယ်သော အရည်တစ်မျိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ သူသည် ထိုအနံ့ကို အဆင့်ဆင့်သန့်စင်၍ ရေမွှေးအဖြစ် ဖန်တီးနိုင်ခဲ့သည်။ ထိုတီထွင်မှုမှာ ပလေတို၏ စိတ်ကူးများ၊ ဂရိလူမျိုးတို့ ရှာတွေ့ခဲ့သော စပျစ်သီးမှ ဝိုင်အရက်သို့ အဆင့်ဆင့်ပြောင်းလဲပုံ၊ ဂရိလူမျိုးတို့ ဖော်ထုတ်ခဲ့သော ဂျီဩမေတြီပညာတို့လိုပင် လူသားမျိုးနွယ်တို့အတွက် အကြီးကျယ်ဆုံး အောင်မြင်မှု တစ်ခုဖြစ်သည်။

ဖရန်ဂျီပန်နီ၏ လုပ်ရပ်က မီးကို လူသားတို့အတွက် ပထမဦးဆုံးပေးခဲ့သော ပရိုမီးသီးယပ်စ်၏ အပြုအမူနှင့်တူသည်။ မီးရောင်သည် အလင်းရောင်ရော အရိပ်ကိုပါ ဖန်တီးသလို ရေမွှေးကြောင့် အကျိုးရှိသလို ဒုက္ခလည်း ရောက်ရသည်။ သူ၏ ထူးခြားပြောင်မြောက်သော တီထွင်မှုကြောင့် အပွင့်၊ အခက်နှင့် တိရစ္ဆာန်တို့မှ အဆီကို ထုတ်၍ ရောနှောပေါင်းစပ်ကာ ရေမွှေးဖော်စပ်ခြင်းဟူသော အနုပညာတစ်ခု ဖြစ်ပေါ်လာခဲ့သည်။ သို့သော် ဘာမဟုတ်သည့် ပယ်လစ်ဆီယာလိုကောင်မျိုးက တန်ဖိုးမဖြတ်နိုင်သည့် ပညာရှင်တို့၏ လက်ရာကို ငွေရှာရန်သက်သက် ကိုယ်ကျိုးအတွက် အသုံးချလိုက်သောအခါ ရေမွှေး၏ အဆင့်အတန်းက တဖြည်းဖြည်း နိမ့်ကျလာကာ မည်သူမဆို အလုဆင်နိုင်သည့် ပေါပေါပဲပဲ ပစ္စည်းတစ်ခု ဖြစ်သွားသည်။ ဘာဒီနီတို့ မျိုးရိုးသုံးဆက်လောက် အသားကုန်ရှာမှ ရနိုင်သော စည်းစိမ် ချမ်းသာတို့ကို ပယ်လစ်ဆီယာက သုံးဆယ့်ငါးနှစ်အရွယ်မှာ ပိုင်ဆိုင်နေလေပြီ။ ပယ်လစ်ဆီယာက တစ်နေ့တခြား ကြီးထွားလာပြီး ဘာဒီနီက တစ်စတစ်စ ကျုံ့ဝင်သွားသည်။

ဘာဒီနီက ပြတင်းပေါက်နားတွင် မတ်တတ်ရပ်၍ မြစ်ကိုမေးတင်နေသော နေလုံးကြီးကို ခါးသီးစွာ စိုက်ကြည့်နေမိသည်။ အိမ်အောက်ဘက် တံတားအောက်မှ ထွက်ပေါ်လာသော လှေသမ္ဗန်များက အနောက်အရပ်ရှိဆိပ်ကမ်းသို့ ဖြည်းညင်းစွာ ရွေ့လျားသွားကြသည်။ ဘယ်လှေသမားမှ လှော်ခတ်သွားခြင်း မရှိ၊ မြစ်ရေစီးကြောင်းအတိုင်း မျောလိုက်သွားသည်။ တံတားအောက်ကို ငုံ့ကြည့်လိုက်တော့ ဝန်စည်အပြည့်နှင့် သင်္ဘောများ၊ လှေငယ်များ၊ ကုန်မပါသော သင်္ဘောအလွတ်များ၊ တံငါသည်တို့၏ ဝမ်းပြား သောလှေများ တရွေ့ရွေ့

မျောသွားသဖြင့် ရွှေအိုရောင်ရေပြင်တွင် လှိုင်းဂယက်များ ထနေကြသည်။

တံတားပေါ်မှာ အိမ်ဝယ်ခဲ့တာ မှားသည်။ ထိုအိမ်က အနောက်အရပ်ကို မျက်နှာမူထားတာလည်း မှားသည်။ သူ့စိတ်ထဲတွင် အနုစ်နုစ်အလလ စုဆောင်းထားခဲ့သော ဤအိမ်နှင့်တကွ အရာရာက သူ့ဆီမှ ထွက်ခွာနေသယောင် ထင်မိသည်။ စီးဆင်းနေသောရေက တံတား အောက်ခြေကို စုပ်ယူနေကြသလိုလို။ ဘာဒီနီသည် စွမ်းအားကြီးသော ခေတ်ရေစီးကြောင်းကို ဆန့်ကျင်ဖို့ အိုမင်း၍ အင်အားချည့်နဲ့နေပြီ။ ထိုမြင်ကွင်းကို ကြည့်ရင်း သူမူးလာသည်။

အကယ်၍ သူ့အိမ်နှင့် အလုပ်သာ အရှေ့အရပ်ကို မျက်နှာမူထားသော မြစ်ကမ်းဘယ်ဘက်ရှိ ဆော်ဘွန်း သို့မဟုတ် စိန့်ဆာလ်ပိုက်စ် ရပ်ကွက်တွင် ရှိနေလျှင် အရာရာက သူ့ဆီစီးဝင်လာသလို မြင်ရလိမ့်မည်ဟု တွေးနေမိသည်။ သူ့စိတ်အလျဉ်က အရှေ့အရပ်သို့ ရောက်သွားပြီး ထိုနေရာမှတစ်ဆင့် ပွန့်အော်ရှန့်တံတားပေါ်မှ ရှည်လျားမြင့်မားသော်လည်း ပြိုပျက်ကျိုးပဲ့လွယ်သော သူ့အိမ်ကိုသူ ပြန်ကြည့်နေမိသည်။ အခု လောလောဆယ် ဒုတိယထပ်ရှိ အလုပ်ခန်း ပြတင်းပေါက်တွင် မြစ်ရေပြင်ကို မတ်တတ်ရပ်ကြည့်နေသော သူ့ကိုယ်သူလည်း ပြန်မြင်ရသည်။ ထိုအခါ သူ၏လှပသော စိတ်ကူးမြင်ကွင်းက ရုတ်ခြည်း ပျောက်ကွယ်သွားသည်။ ဘာဒီနီသည် ပြတင်းပေါက်မှ မျက်နှာလွှဲ၍ အလုပ်စားပွဲတွင် ဝင်ထိုင်လိုက်သည်။

*****

အခန်း (၁၂)

သူ့ရှေ့တွင် ပယ်လစ်ဆီယာ၏ ရေမွှေးပုလင်း ရှိသည်။ ပုလင်းထဲရှိမြူတစ်မှုန်မျှပင် နောက်ကျိခြင်း မရှိဘဲ သန့်စင်ကြည်လဲ့ကာ နေရောင်ခြည်ကြောင့် ရွှေအိုရောင် တောက်နေသည်။ ရေမွှေးရည်များက အဖတ်မပါသော ရေနွေးကြမ်းလို သန့်စင်ကြည်လင်လှသည်။ ထိုအရည်ထဲတွင် အရက်ဆီ ငါးပုံလေးပုံနှင့် တစ်မြို့လုံး၏ စိတ်ကို ဆွဲယူကိုင်လှုပ်နိုင်သော ထူးခြားသည့် ဒြပ်ပေါင်း ငါးပုံတစ်ပုံ ပါဝင်သည်။ ထိုဒြပ်ပေါင်းထဲတွင် အမျိုးမျိုးသော ပါဝင်ပစ္စည်း အနည်းဆုံး သုံးခုမှ သုံးဆယ်အထိ ပါရမည်။ ပါဝင်သည့် အမယ်များလေလေ အချိုးကျ ဖော်စပ်ရသည့် ပမာဏက ပို၍တိကျရန် လိုအပ်လေလေ ဖြစ်သည်။ ထိုအရာသည် ရေမွှေး၏ အသက်ဝိညာဉ် ဖြစ်သည်။ အခုလောလောဆယ် သူ့တာဝန်က ထိုဒြပ်ပေါင်းထဲက ပါဝင်ပစ္စည်းများကို ရှာဖွေဖော်ရန် ဖြစ်သည်။

သဘာဝအလျောက် မဟုတ်ဘဲ ဖန်တီးထားသော အနံ့တိုင်းကို နေရောင်ခြည် တိုက်ရိုက် ထိတွေ့ပါက ရနံ့၏သိပ်သည်းဆ ပြောင်းလဲသွားတတ်သည်။ ထို့ကြောင့် ဘာဒီနီက ပုလင်းကို နေရာရွှေ့လိုက်ပြီး အံဆွဲထဲမှ အသစ်စက်စက် လက်ကိုင်ပဝါ တစ်ထည်ကို ထုတ်၍ ဖြန့်ကိုင်လိုက်သည်။ ထို့နောက် အသက်အောင့်၍ ပုလင်းဆီမှ သူ့မျက်နှာကို ခပ်ခွာခွာယို့ကာ ဘူးဆို့ အဖုံးကို ညင်သာစွာ ဖွင့်လိုက်သည်။ ရေမွှေးပုလင်းထဲမှ သင်းခနဲ ပျံ့လွင့်ပေါ်ထွက်လာမည့် ရှေ့ပြေး ရနံ့ကိုပင် သူမခံလို။ သူက ရေမွှေးကို လက်ကိုင်ပဝါပေါ် တစ်စက်နှစ်စက် ဖျန်းသည်။ ထို့နောက် လက်ကိုင်ပဝါကို လေထဲသို့ ဝှေ့ယမ်းလိုက်ပြီး နှာခေါင်းထိုး၍ အနံ့ခံကြည့်သည်။ နှာခေါင်းကို ရှုံ့ချည်နှပ်ချည် သုံးခါလောက် ရှူကြည့်ပြီး ချက်ချင်းပင် ဟင်းခနဲ နှာမှုတ်လိုက်သည်။ ထို့နောက် လေကို နှာခေါင်းဝသို့ လက်နှင့်ခတ်ယူ၍ ရှုကြည့်သည်။ နောက်ဆုံး၌ အသက်ကို ရှည်လျား လေးပင်စွာ ရှူသွင်းလိုက်ပြီးနောက် တုံ့ဆိုင်းတုံ့ဆိုင်းနှင့် ဖြည်းညင်းစွာ ရှူထုတ် လိုက်လေသည်။ ထို့နောက် လက်ကိုင်ပဝါကို လုံးခြေ၍ စားပွဲခုံပေါ် ပစ်ပေါက်လိုက်ပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ရေမွှေးနံ့သည် (သူ့အတွက် ရွံရှာစက်ဆုပ်ဖွယ် ကောင်းလောက်အောင်) မွှေးကြိုင် လှသည်။

"ပယ်လစ်ဆီယာဆိုတဲ့ သင်းဟာ ပင်ကိုအရည်အချင်း မရှိဘဲ စိုင်ကော်လို့ ချုံပေါ်ရောက်တဲ့ အကောင်။ မဟုတ်တဲ့ ဘက်မှာသာ ပါရမီရှင် ဖြစ်နေတာပဲ။ ဟောဒီ အဲမိုအန်ဆိုက်ကီကိုလည်း သူ့ဘာသာ စိတ်ကူးပေါက်သလို ဖော်စပ်ရင်း အကြောင်းတိုက်ဆိုင်လို့သာ အစပ်အဟပ် တည့်သွားတာနေမှာ။ ဒီရနံ့က သာမန်အနံ့မျိုး လုံးဝ မဟုတ်ဘူး။ ဂန္ဓဝင်ဟန်အပြည့်နဲ့ လိုက်ဖက် ညီအောင်

ထူးခြားဆန်းသစ်တဲ့ ရန့်မျိုး။ ပန်းရန့် ထွက်ပေမယ့် သင်းနေတာလည်း မဟုတ်ပြန်ဘူး။ အနံ့က အသစ်အဆန်းပေမဲ့ လူတွေ အုတ်အော်သောင်းတင်း ဖြစ်လောက်အောင်လည်း မဟုတ်ပါဘူး။ နက်ရှိုင်းတယ်၊ ခမ်းနားတယ်၊ စွဲကျန်တယ်၊ ညို့ငင်တယ်၊ သို့ပေမယ့် အရူးအမူး ဖြစ်လောက်စရာလည်း မဟုတ်ပါဘူး”

ဘာဒီနီက မတ်တတ်ရပ်၍ လက်ကိုင်ပဝါကို ပြန်ကောက်ကာ နှာခေါင်းဝသို့ တေ့ကြည့် ပြန်သည်။ ထို့နောက် အငမ်းမရ ရှူကြည့်ရင်း…

“အံ့ဩစရာ ကောင်းလိုက်တာ၊ သိပ်အံ့ဩဖို့ ကောင်းပါလား…” ဟု ရေရွတ် မြည်တမ်း မိသည်။

“လန်းဆန်း တက်ကြွသွားတာပဲ။ စွဲမက်စရာ ကောင်းလိုက်တာ။ ဂီတသံစဉ်လေး တစ်ခုလိုပါပဲလား။ စိတ်ကို ချက်ချင်း ချမ်းမြေ့သွားတာပါလား။ မဟုတ်တာ…၊ ဘယ့်နှယ် စိတ်ချမ်းမြေ့စရာ ကောင်းရမလဲ”

ဘာဒီနီက ရေမွှေးနံ့တွင် မျောကာ ချီးကျူးမိသည့် သူ့စိတ်သူ ပြန်ရှက်သွားပြီး ဒေါသ ဖြစ်ဖြစ်နှင့် လက်ကိုင်ပဝါကို စားပွဲပေါ်သို့ အားကုန် လွှင့်ပစ်လိုက်ပြန်သည်။ ထို့နောက် အခန်းထောင့်သို့ လှည့်ထွက်သွားသည်။

“လန်းဆန်း တက်ကြွသွားတာ ပဲတဲ့လား၊ အံ့ဩစရာ ကောင်းသတဲ့လား၊ စိတ်ချမ်းမြေ့စရာ ကောင်းသတဲ့လား၊ ကလေးဆန်လိုက်တဲ့ ငါ၊ မိုက်လိုက်တာ။ ခဏလေး ဆွဲဆောင်ခံလိုက်ရတာနဲ့ သာယာသွားပါကလား။ ပျော့ညံ့လိုက်တာ၊ အသိဉာဏ် မဲ့လိုက်တာ။ ငါဟာ အနံ့ဖြင့် သေချာ မခံရသေးဘဲ အကဲဖြတ်မိတာပဲ။ အနံ့ခံတဲ့အချိန်မှာ အနံ့ပဲခံ၊ သေချာအနံ့ခံပြီးမှ ဆုံးဖြတ်ဆိုတဲ့ စည်းမျဉ်းနံပါတ်တစ်ကို မေ့သွားပြီလားဟဲ့ ဘာဒီနီဆိုတဲ့ ငတုံးရဲ့။ အဲမိုအန်ဆိုက်ကီဟာ ရေမွှေး တစ်ခုအနေနဲ့ လက်ခံနိုင်စရာ တစ်ဝက်ပဲ ရှိသေးတယ်။ ရေမွှေးစစ်စစ် မဟုတ်သေးဘူး။ အောင်မြင်မှု ရအောင် အကွက်ချ ထုတ်လုပ်ထားတဲ့ ကုန်ပစ္စည်းတစ်ခုပဲ။ ရေမွှေးလို့ ထင်ယောင် ထင်မှားဖြစ်အောင် ပါးနပ်စွာ ဖော်စပ်ထားတဲ့ အရောအနှော တစ်ခုသာသာပဲ။ အေးလေ၊ ပယ်လစ်ဆီယာ ဆိုတဲ့ကောင်က သမားရိုးကျ ရေမွှေးတွေကိုမှ မထုတ်တာ။ သူ့ရဲ့ ပြောင်မြောက်တဲ့ လက်ရာတွေနဲ့ မင်းရဲ့ အနံ့ခံအာရုံတွေကို ရှုပ်ထွေးသွားအောင် ပြုစားတဲ့ နေရာမှာတော့ ဆရာတစ်ဆူပဲ။ သူဟာ လူမဆန်တဲ့ အရည်အချင်းတွေနဲ့ သတ္တဝါ တစ်ကောင်၊ သိုးရေခြုံထားတဲ့ ဝံပုလွေလို လူစား၊ အမှန်တရားကို လက်တစ်လုံးခြား လှည့်ဖြားတတ်တဲ့ လူလိမ်ပဲ။

ဘာဒီနီဆိုတဲ့ မင်းက သူ့အလှည့်စား မခံရစေနဲ့။ ဟောဒီ ရေမွှေး အတုအယောင်ကြောင့် မင်း အံ့ဩမိတာက ခဏလောက်ပဲကြာမှာ။ တစ်နာရီလောက်

ကြာလို့ အနံ့ပြယ်လာရင် ဘယ်လိုအနံ့ထွက်လာမလဲ မင်း မသိဘူးလား။ အခုက ပါဝင်ပစ္စည်းတွေရဲ့ အနံ့က ထင်းထင်းကြီး ပေါ်လာမှာ။ ပန်းရနံ့လွှာအောက်မှာ ငြိမ်နေတဲ့ အနံ့စူးစူးတွေက အချိန်ကြာလာရင် ဘယ်လိုအနံ့မျိုး ထွက်လာမလဲ စောင့်ကြည့်ပါဦး ဘာဒီနီ။

ဒုတိယစည်းမျဉ်းဟာ အချိန်ပဲ။ ရေမွှေးမှာ နုပျိုမှု(အစ)၊ ရင့်ကျက်မှု(အလယ်)၊ ဟောင်းနွမ်းမှု(အဆုံး)ဆိုတဲ့ သက်တမ်းရှိတယ်။ သက်တမ်း သုံးဆင့်လုံး ပြောင်းလဲလာတဲ့ အချိန်တိုင်း စိတ်ကျေနပ်စရာ ရနံ့မျိုး အညီအမျှ ထွက်မှ ရေမွှေးကောင်းတစ်ခုလို့ သတ်မှတ် ရမယ်လေ။ ဆွတ်ဆွတ်ချင်းတော့ လတ်ဆတ်ပြီး စွဲမက်စရာ ကောင်းပါရဲ့၊ အချိန်ကြာလာတာနဲ့ သစ်သီး ပုပ်နံ့မျိုး ပြောင်းလာရင်း နောက်ဆုံးကျ ကြောင်ကတိုးနံ့ကလွဲပြီး ဘာအနံ့မှ မရှိတော့ရင် ရေမွှေးလို့ ဆိုနိုင်ပါ့မလား။ ကြောင်ကတိုးနံ့က အဆိုးဆုံး၊ အရည်တစ်စက်လောက် အချိုးစပ် မှားသွားတာနဲ့ သွားလေရော့ပဲ။ ပယ်လစ်ဆီယာရော မမှားဘူးလို့ ဘယ်သူပြောနိုင်မှာလဲ။ တော်ကြာ ညကျ အဲဒီအနံ့ဆိုက်ကီက ကြောင်သေးနံ့တောင် ထွက်လာချင် ထွက်လာဦးမယ်။ အဆုံးထိ အနံ့ခံကြည့်ရမယ်။ သစ်တုံးတစ်ခုကို ထက်မြတဲ့ ပုဆိန်နဲ့ ထင်းချောင်းလေးတွေ ဖြစ်တဲ့အထိ ခုတ်ထစ်ပစ်လိုက်သလိုမျိုး ငါ့နှာခေါင်းနဲ့ ဟောဒီရေမွှေးရဲ့ အနံ့တစ်ခုချင်းကို အသေးစိတ် ခွဲခြားပြမယ်။ အဲဒီအခါကျမှ မော်ဆန်လှပါတယ်ဆိုတဲ့ ဒီရနံ့ကို သမားရိုးကျ နည်းလမ်းတွေနဲ့ပဲ ရိုးရိုးလေး ဖော်စပ်ထားပါလားလို့ အံ့အားသင့်သွားမယ်။ ဘာဒီနီဆိုတဲ့ ရေမွှေးပညာရှင် ငါက ပယ်လစ်ဆီယာဆိုတဲ့ ရှာလကာရည်စပ်တဲ့ မင်းရဲ့ လိမ့်လုံးတွေကို လက်ပူးလက်ကြပ်မိအောင် ဖမ်းပြမယ်။ အသစ်အဆန်းတွေ တီထွင်တတ် သူကြီးဆိုတဲ့ မင်းဟာ ရှေးရိုးနည်းတွေနဲ့ပဲ လုပ်စားနေတာဆိုတဲ့အကြောင်း သက်သေပြမယ်။ မျက်နှာဖုံးအောက်က မင်းရဲ့ မျက်နှာဆိုးကြီးကို ငါကိုယ်တိုင် ဆွဲချွတ်ပြမယ်။ ခေတ်စားလှပါတယ်ဆိုတဲ့ မင်းရဲ့ ရေမွှေးအတိုင်း တစ်သဝေမတိမ်းတူအောင် တုပြမယ်။ ဟောဒီ ရေမွှေးဟာ ငါတို့လက်မှာ အသစ်တစ်ဖန် ပြန်မွေးဖွားလာလိမ့်မယ်။ ဒါမှ မင်းလို လူလိမ်က ကျွန်တော့်ဟာပါလို့ မပြောရဲတော့မှာ။ ဟင့်အင်း၊ ဒီလောက်နဲ့ မကျေနပ်နိုင်ပါဘူး။ ငါတို့က ဟောဒီ ရေမွှေးကို မွမ်းမံပြီး မင်း မှားစပ်ခဲ့တဲ့ အချိုးအစားတွေကို ရှင်းထုတ်ပစ်လိုက်မှာ။ ပြီးတော့ မင်းနှာခေါင်းဝကို ရေမွှေးပုလင်းတော့ပြီး 'ဟော့ ပယ်လစ်ဆီယာ မင်းအဆင့်က အပျော်တမ်းလောက်ပဲ ရှိပါသေးတယ်ကွာ' လို့ကို ပြောပစ်ဦးမှာ။

အင်း၊ အခုလောလောဆယ်တော့ ငါသာ လူအိုနံ့နံနေတဲ့ အဘိုးကြီးပါလား။ ငါဟာ ရေမွှေးပစ္စည်း အရောင်းသမားဆိုတာထက် ဘာမှမပိုဘူး။ ကဲပါ၊ အလုပ်ကိုသာ အာရုံစိုက်စမ်း ဘာဒီနီရာ။ တောရောက်တောင်ရောက် လျှောက်မတွေးဘဲ နှာခေါင်းကိုသာ အာရုံခံနိုင်ဖို့ ကြိုးစားစမ်း။ စည်းမျဉ်း

အတိုင်းသာ အနံ့ကို ခွဲခြားစိတ်ဖြာဖို့ လုပ်စမ်းပါ။ ဖော်မြူလာကို ဒီညအမီ ရမှ ဖြစ်မှာ”

ဘာဒီနီသည် စားပွဲဆီ ဝုန်းခနဲသွား၍ လက်ကိုင်ပဝါ အသစ်တစ်ထည်၊ မင်အိုးနှင့်စာရွက်များကို ဆွဲယူကာ အလုပ်စတော့သည်။ လက်ကိုင်ပဝါကို ရေမွှေးဆွတ်သည်။ နှာခေါင်းဝမှာ ဖျတ်ခနဲ ဝှေ့ယမ်း၍ အနံ့ခံသည်။ လက်ဖြင့် တစ်ချက်နှစ်ချက် ခတ်၍ သေချာရှုကြည့်သည်။ ရှာတွေ့သော ပါဝင်ပစ္စည်းအမည်ကို အခြားလက်တစ်ဖက်ဖြင့် စာရွက်ပေါ် ချရေးသည်။ ထို့နောက် ယင်းအတိုင်းပင် ထပ်ခါတလဲလဲ အစီအစဉ်တကျ ပြုလုပ်သည်။ လက်ကိုင်ပဝါကို ရေမွှေးဆွတ်၊ နှာခေါင်းဝမှာ ဝှေ့ယမ်း၊ အနံ့ခံ၊ ချရေး စသဖြင့်။

*****

အခန်း (၁၃)

ဘာဒီနီသည် လက်ကိုင်ပဝါကို ရေမွှေးဆွတ်၍ နှာခေါင်းနားတေ့လိုက်၊ စာရွက်ထဲ ချရေးလိုက်နှင့် နှစ်နာရီကြာအောင် မရပ်မနား အလုပ်လုပ်သည်။ ရေမွှေးဆွတ်သောပမာဏ ပိုများလာသလို ဖောင်တိန်ကိုင်၍ ရေးနေသော စာလုံးများက ပို၍သေ့လာသဖြင့် ဘာရေးမိမှန်းပင် ကွဲကွဲပြားပြား မသိတော့ချေ။ ရှူရဖန်များလွန်းသဖြင့် နှာခေါင်းကလည်း တခြားအနံ့ကိုပင် မခံစားနိုင်လောက်အောင် ထုံလာသည်။ လုပ်ငန်းစတုန်းက ဝင်ခဲ့သော သံသယနှင့် အတွေးများကိုလည်း သူ မမှတ်မိတော့ချေ။ အနံ့ဆက်ခံနေလည်း ဘာအကျိုးမှရှိလာမှာ မဟုတ်မှန်း သိလာသည်။ သူ့နှာခေါင်း မူလအတိုင်း ပြန်ကောင်းသွားလျှင်လည်း ရေမွှေးနံ့အသစ်ထဲက ပါဝင်ပစ္စည်းများကို ဒီနေ့ မနက်ဖြန် သို့မဟုတ် နောင်ဘယ်သောအခါမှ သိလာမှာ မဟုတ်ချေ။ အကြောင်းမှာ သူသည် ဘယ်တုန်းကမှ အနံ့ခံ၍ မခွဲခြားနိုင်ခဲ့သောကြောင့်တည်း။

အမျိုးမျိုးသော ဒြပ်ပေါင်းတို့ စုစည်းရောနှောနေသည့် အရာတစ်ခုကို အနံ့ခံ၍ တစ်မည်ချင်း ခွဲခြမ်းစိတ်ဖြာခြင်းသည် ခေါင်းကိုက်၍ စိတ်ရှုပ်စရာကောင်းလှသည်။ တကယ်တော့ ဤအလုပ်ကို သူစိတ်မဝင်စားသလို ဆက်လည်း မလုပ်ချင်ပါ။ သို့သော် သူ့နှာခေါင်းနှင့် လက်များကတော့ အကြိမ်ပေါင်း ထောင်ချီလေ့ကျင့်ထားသကဲ့သို့ တစ်ချက်မှ ရပ်တန့်မသွားဘဲ စည်းချက်ညီစွာ အလိုအလျောက် လှုပ်ရှားနေသည်။

နောက်ဆုံးတွင် အအေးမိ၍ နှာစေးကာ ဘာအနံ့မှ မရတော့သလို ခံစားရသည်အထိ သူ့နှာခေါင်းသူ နှိပ်စက်ပြီးနောက် ယခုမှ သတိဝင်လာသည့်နှယ် ရပ်တန့်လိုက်သည်။ အာရုံစူးစိုက်လွန်းသောကြောင့် မျက်ဝန်း ထောင့်များမှာလည်း မျက်ရည် အနည်းငယ် စိုနေသည်။ သူ၏တာဝန်ကို စည်းမျဉ်းစည်းကမ်းအတိုင်း အစွမ်းကုန် ဆောင်ရွက်ပြီးသည့်နောက် ယခင် အကြိမ်များလိုပင် ကျရှုံး သွားလေသည်။

မြို့စားကြီး ဗာဟားမွန့် အော်ဒါမှာထားသော စပန်းနစ်ရှ်ဟိုဒ် ရေမွှေးထဲ ရောထည့်ရန် မနက်ဖြန်မနက်ကျလျှင် ပယ်လစ်ဆီယာ၏ အဲမိုအန်ဆိုက်ကီရေမွှေး ပုလင်းကြီးတစ်လုံးကို လူလွှတ်၍ ဝယ်ခိုင်းရဦးမည်။ ပြီးလျှင် အရင်ခေတ်က သုံးကြသော ဆပ်ပြာ၊ ခေါင်းလိမ်းဆီ၊ အမွှေးနံ့သာ ထုပ်များကို လက်ဆွဲအိတ်တစ်လုံးထဲ ထည့်ကာ အသက်ကြီးကြီး မြို့စားကတော်များ ရှိတတ်သည့် အလှပြင်ဆိုင်တစ်ဝိုက်တွင် အရောင်းအဝယ် ဖြစ်လိုဖြစ်ငြား လျှောက်ကြည့်ရမည်။

အကယ်၍ သူ၏ နောက်ဆုံးဖောက်သည်ဖြစ်သော မြို့စားကတော် တစ်ဦးဦးသာ သေဆုံးသွားခဲ့လျှင် သူ့လုပ်ငန်း ကို ပယ်လစ်ဆီယာ သို့မဟုတ် အလားအလာရှိသည့် ကုန်သည်တစ်ယောက် ယောက်ထံ ရောင်းချခဲ့မည်။ ထိုအခါ ထောင်ဂဏန်းလောက်တော့ မြိုးမြိုး မြက်မြက်ကလေး ရချင်ရမည်။ ပြီးလျှင် အိတ်တစ်လုံးနှစ်လုံး ကောက်ဆွဲ၍ အိုမင်းမစွမ်း ဖြစ်နေသည့် ဇနီးသည်နှင့်အတူ အီတလီနိုင်ငံသို့ ပြောင်းသွားတော့မည်။ သူမသာ ထိုအချိန်အထိ မသေသေးဘူးဆိုလျှင်ပေါ့လေ။ ထိုခရီးသာ ချောချောမောမော ဖြစ်ခဲ့လျှင် မက်ဆီနာမြို့နားက ဈေးပေါသော တောဘက်တစ်နေရာမှာ အိမ်သေးသေးလေးတစ်လုံး ဝယ်မည်။ တစ်ခါတုန်းက ပါရီမြို့တော်မှာ အကြီးမြတ်ဆုံး ရေမွှေးပညာရှင် ဖြစ်ခဲ့သည့် ဂျူဆက်ပီဘာဒီနီသည် ထိုနေရာတွင် ဆင်းရဲနုံချာသော ဘဝကို ခါးသက်နာကျင်စွာ ဖြတ်သန်းရင်း ကွယ်လွန်သွားလိမ့်မည်။ ဘုရားသခင်ရဲ့ အလိုတော်အတိုင်း ပေါ့လေ။ ဘာဒီနီက ပုလင်းကို အဖုံးပိတ်၍ ဖောင်တိန်ကို ချလိုက်သည်။ နဖူးကို စို့ရွဲနေသော လက်ကိုင်ပဝါနှင့် နောက်ဆုံးအကြိမ်အဖြစ် တစ်ချက်သုတ်လိုက်သောအခါ အငွေ့ပျံနေသော အရက်ဆီကြောင့် အေးခနဲ ဖြစ်သွား သည်မှလွဲ၍ ဘာမှမခံစားရချေ။ ထို့နောက် နေဝင်သွားလေသည်။

ဘာဒီနီက ထိုင်ခုံမှ ထကာ မှန်သားအထပ်ထပ်နှင့် လိုက်ကာပြတင်းကို ဖွင့်လိုက်သည်။ နေဝင်ချိန် ဖြစ်သောကြောင့် လိုက်ကာမှတစ်ဆင့် အခန်းထဲသို့ ထိုးဖောက်ဝင်လာသော အလင်းရောင်က အလျှံတညီးညီး တောက်လောင်နေသော မီးရောင်များသဖွယ် သူ့တစ်ကိုယ်လုံးကို လာဟပ်သည်။

လုပ်ပြတိုက်၏ အနောက်ဘက် ကောင်းကင်ယံတွင် နေလုံးကြီး၏ နီနီရဲရဲ အလင်းရောင် တစ်ပိုင်းတစ်စနှင့် မြို့ထဲက အိမ်ခေါင်မိုးများမှ မီးခိုးတလူလူ ထွက်စပြုနေသည်ကို မြင်ရသည်။ သူ့အောက်ဘက်က ရွှေရောင်တောက်နေသော မြစ်ပေါ်တွင်တော့ လှေသင်္ဘောများ ပျောက်ကွယ်သွားလေပြီ။ အဆီးအတားမရှိ၍လား မသိ၊ မြစ်ရေပြင်ပေါ် လျှပ်တိုက်လာသောလေက လက်ဝါးကြီးဖြင့် သပ်ချနေသလိုမျိုး ရေပြင်ကို အကွက်အကွက် ထလာစေသည်။ ထိုခဏတွင် မြစ်ရေစီးကြောင်းက ဦးတည်ရာ ပြောင်းသွား ရော့ထင့်၊ ရွှေရောင် တလက်လက်ထနေသော ရေပြင်က သူ့ဆီ စီးဝင်လာသလို ထင်မိသည်။

ဆွတ်ပျံ့လွမ်းမောဖွယ် ကောင်းလှသည့် ထိုမြင်ကွင်းကို ငေးကြည့်ရင်း အချိန်အတော်ကြာအောင် မလှုပ်မယှက် မတ်တတ်ရပ်နေမိသော ဘာဒီနီ၏ မျက်လုံးများက ဝမ်းနည်းမှုဖြင့် စိုလက်နေသည်။

ထို့နောက် ရုတ်တရက် သူက ပြတင်းပေါက်ကို အကျယ်ကြီး ဖွင့်ကာ ပယ်လစ်ဆီယာ၏ ရေမွှေးပုလင်းကို အဝေးဆုံးသို့ ရောက်အောင် အားကုန်

လွှင့်ပစ်လိုက်သည်။ ပုလင်း ပွင့်ထွက်ကာ ရေမွှေးရည်များ ဖျန်းခနဲ ထွက်ကျလာပြီး တလက်လက် တောက်နေသော ရေပြင်နှင့် တစ်သားတည်း ရောနှော သွားသည်ကို သူနောက်ဆုံး မြင်လိုက်ရသည်။

လတ်ဆတ်သော လေညင်းက အခန်းထဲ တိုးဝင်လာသည်။ ဘာဒီနီက လေကို အငမ်းမရရှုလိုက်သော်လည်း သူ့နှာခေါင်းက ခံစားနိုင်စွမ်း လျော့ကျနေသည်ကို သတိထားမိသွားသည်။ ထို့နောက် သူက ပြတင်းပေါက်ကို ပိတ်လိုက်သည်။ ထိုခဏတွင် နေလုံးပျောက်ကွယ်သွားပြီး ရုတ်တရက် ညရောက်သွားသလို ခံစားရသည်။ ရွှေရောင် တလက်လက် လွှမ်းခြုံထားသော ရေပြင်နှင့် မြို့တော်၏ မြင်ကွင်းသည် မီးခိုးရောင် အရိပ်သဏ္ဌာန်များအဖြစ် ပြောင်းလဲသွားသည်။

အခန်းထဲမှာ ချက်ချင်း မှောင်ကျသွားသည်။ ဘာဒီနီက ခုနကလိုပင် မလှုပ်မယှက် ပြန်ရပ်ကာ ပြတင်းပေါက်မှတဆင့် အပြင်ဘက်ကို ငေးကြည့်နေပြန်သည်။ ထို့နောက် ခုံတွင် ပြန်ထိုင်ကာ လက်တန်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်၍...

"မနက်ကျရင် ပယ်လစ်ဆီယာရဲ့ ရေမွှေးကို သွားမဝယ်ခိုင်းတော့ဘူး။ ငါ ဒီလို မလုပ်တော့ဘူး။ အလုပြင်ဆိုင်တွေကိုလည်း မသွားတော့ဘူး။ ဒီအစား မနက်ဖြန်မနက်ကျရင် နိုတြီရှေ့နေဆီသွားပြီး ဆိုင်နဲ့အိမ်ကို ရောင်းဖို့ လုပ်မယ်။ ငါလုပ်ရမှာက အဲဒါပဲ။ တော်ပြီ..." ဟု သူ့ဘာသာ တစ်ယောက်တည်း ရေရွတ်နေလေသည်။

သူ့မျက်နှာ အမူအရာက ဘာကိုမှ ထိမထင်သည့် လူငယ်တစ်ယောက်လို မခန့်လေးစား ဖြစ်နေသည်။ ရုတ်တရက် သူ စိတ်ချမ်းသာသွား သည်။ ထို့နောက် မျက်နှာက အိုသွားပြန်သည်။ သူ့ဆုံးဖြတ်ချက်သူ မပိုင်နိုင်သလို ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ ဘဝဟူသည် ကောင်းချည် ဆိုးချည်၊ နိမ့်ချည်မြင့်ချည် ဖြစ်သော်လည်း သူကတော့ အဆိုးဒဏ်ကို ခံနိုင်ရည်မရှိ၊ ကြုံလည်း မကြုံချင်ပေ။

"ရွှေရောင်တွေ၊ သွေးရောင်တွေ တောက်နေတဲ့ မြို့တော်ရဲ့ ပုံရိပ်ဟာ ငါ့ကို နိမိတ်အဖြစ် ပြတာပဲ။ နောက်မကျသေးခင် ဆုံးဖြတ်၊ အခု ချက်ချင်း လုပ်ပါတော့လား ဘာဒီနီ။ မင်းရဲ့ အိမ်လည်း ခိုင်ခိုင်မာမာရှိတုန်း၊ စတိုခန်း တွေမှာ ကုန်တွေပြည့်နေတုန်း၊ မင်းရဲ့ လုပ်ငန်းအတွက် ဈေးကောင်းကောင်း ခေါ်လို့ရတုန်း လုပ်ရမှာ။ ဆုံးဖြတ်ချက်က မင်းလက်ထဲမှာပဲ ရှိသေးတယ်"

တကယ်တော့ အိုမင်းမစွမ်း ဖြစ်လာချိန်၌ မက်ဆီနာမြို့တွင် နေထိုင်ရန်မှာ သူ့ဘဝ၏ ရည်မှန်းချက် မဟုတ်ချေ။ သို့သော် ၎င်းသည် ပါရီမြို့တွင် လုံးပါးပါးသွားသည်ထက်တော့ ပို၍ ဂုဏ်ရှိပေမည်။ ဘရူးအက်တို့

ပယ်လစ်ဆီယာတို့ သူတို့ဘာသာ အောင်မြင်ကြပါစေတော့၊ ငါနဲ့မှ မဆိုင်ဘဲလေဟု စိတ်ထဲက မပါသော်လည်း ဖြေတွေးကြည့်သည်။ ထိုအခါ ပထမဆုံး အကြိမ်အဖြစ် စိတ်သက်သာရာ ရလာပြီး ဝန်ထုပ်ဝန်ပိုးတစ်ခု လျော့သွားသလို ခံစားရသည်။

တင်းနေသောစိတ်များ လျော့သွားသဖြင့် သူ့ကိုယ်သူ ကျေနပ်ကာ ပေါ့ပါးသွက်လက်စွာ မတ်တတ်ထရပ်လိုက်သည်။ အသက်ရှူရာတွင်လည်း နှာခေါင်းက ပုံမှန် ပြန်ဖြစ်လာသဖြင့် အခန်းထဲတွင် သင်း၍ ကျန်နေခဲ့သော အဲမိုအန်ဆိုက်ကီ၏ ရနံ့ကို ရှင်းလင်းပြတ်သားစွာ ပြန်ရလာသည်။ သို့သော် ထိုရနံ့ကြောင့်တော့ ထပ်၍ အာရုံနောက် မခံတော့ချေ။ သူ့ဘဝသူ ပြောင်းလဲရန် ဆုံးဖြတ်လိုက်ပြီးနောက် စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးနေသည်။ အပေါ် ထပ်ရှိ ဇနီးသည်ထံသွား၍ သူ့အကြံကို ပြောပြမည်။ နိုထရာဒမ်ဘုရား ကျောင်းသို့သွား၍ ဝပ်ပြုမည်။ ဤသို့သော ခွန်အားကို ပေးသနားတော်မူသော ဘုရားသခင်ကို ကျေးဇူးတင်သည့်အနေဖြင့် ဆီမီးဖယောင်းတိုင် လှူဒါန်းပူဇော်မည်။

ဘာဒီနီသည် လူငယ်တစ်ယောက်လို စိတ်သားထက်သန်စွာဖြင့် ဆံပင်တုကို ခေါင်းပြောင်ပြောင်ပေါ် စွပ်ချလိုက်ပြီး ကုတ်အင်္ကျီကောက်ဝတ်ကာ စားပွဲပေါ်ရှိ ဖယောင်းတိုင်တစ်ချောင်းကို ယူ၍ အလုပ်ခန်းထဲမှ ထွက်လိုက်သည်။ အိမ်အပေါ်ထပ်သို့ တက်သော လှေကားခွင်ပေါ်ရှိဖယောင်းတိုင်ကို မီးထွန်းလျက်ရှိစဉ် အောက်ထပ်မှ တံခါးခေါင်းလောင်းသံကို ကြားရသည်။

ထိုအသံသည် ဆိုင်တံခါးဝမှ ခေါင်းထောင်းမြည်သံ မဟုတ်၊ အစေခံတန်းလျားဝင်ပေါက်မှ အသံဖြစ်သည်။ နားကလောစရာ ထိုအသံကို ကြားရတိုင်း သူအမြဲ စိတ်အနှောင့်အယှက် ဖြစ်ရသည်။ ထိုနေရာကို သာယာနာပျော်ဖွယ် အသံမျိုး ထွက်သည့် အခြားခေါင်းလောင်းတစ်ခုခုဖြင့် အစားထိုးဖို့ မကြာခဏ စဉ်းစားမိသော်လည်း အပိုကုန်ကျစရိတ်ဟုသာ မြင်ပြီး မပြင်ဖြစ်ခဲ့ချေ။ အခုလည်း ထိုသို့ အတွေးတစ်ချက် ရုတ်တရက် ပေါ်လိုက်သော်လည်း အိမ်ကို ရောင်းချလျှင် ထိုခေါင်းလောင်းပါ တစ်ခါတည်း ပါသွားမှာပဲလေဟု တွေးမိကာ ရယ်ချင်သလိုလို ဖြစ်သွားသည်။ ဘယ်လောက်ပိုင်တဲ့ အကြံလဲ။

တံခါးခေါင်းလောင်းသံက စူးရှစွာ ထပ်ထွက်လာသည်။ သူက အောက်ထပ်မှ အသံကို ထပ်နားစွင့်ကြည့်သည်။ ကြည့်ရတာ ရှီးနျားတစ်ယောက် ဆိုင်ပိတ်ပြီး ပြန်သွားပြီ ထင်ပါရဲ့။ အစေခံမိန်းကလေးကလည်း တံခါးသွားဖွင့်ပုံမရ။ ထို့ကြောင့် သူကိုယ်တိုင် ဖွင့်ရန် အောက်ထပ်သို့ ဆင်းလာလိုက်သည်။

တံခါးလက်ကိုင်ဘုကို ဆွဲ၍ ဖွင့်ကြည့်လိုက်တော့ အပြင်မှာ ဖယောင်းတိုင်မီးရောင်ပင် တိုးမပေါက်အောင် မှောင်ပိန်းနေသဖြင့် ဘာမှ

မမြင်ရချေ။ နောက်မှ ကလေးသာသာ အရွယ်ရောက်စ လူငယ်တစ်ယောက်၏ အရိပ်သဏ္ဍာန်ကို တဖြည်းဖြည်း မြင်ရသည်။ ထိုလူရွယ်က တစ်ခုခုကို လက်တစ်ဖက်ဖြင့် မ၍ ထမ်းထားသည်။

“ဘာလိုချင်လို့လဲ”

“ကျွန်တော် မစ္စတာဂရင်မယ်ဆီက ဆိတ်သားရေတွေ လာပို့တာ”

လူရွယ်က ရှေ့တစ်လှမ်းတိုး၍ လက်တစ်ဖက်ကို ဆန့်ကာ သားရေထုပ်ကို လှမ်းပေးသည်။ သူ့အသွင်က မြားကို လေးပေါ်တင်၍ ပစ်ရန် ချိန်ရွယ်ထားသလိုမျိုး။ ဘာဒီနီက စူးစမ်းသော မျက်လုံးအစုံနှင့် ဖယောင်းတိုင်မီးရောင်ဖြင့် လူရွယ်၏ မျက်နှာကို သေချာကြည့်လိုက်သည်။ ထိုသူမှာ ဂန်နီ ဖြစ်လေသည်။

*****

အခန်း (၁၄)

လွန်ခဲ့သော ရက်အနည်းငယ်က သားရေလက်အိတ်လုပ်ရန် ဂရင်မယ်ဆီ ဆိတ်သားရေ မှာထားမိမှန်း ဘာဒီနီ ပြန်သတိရသွားသည်။ သူက မြို့စားကြီး ဗာဟားမွန့်၏ စာရေးစားပွဲခုံအတွက် တစ်ပိုင်းကို ဆယ့်ငါးဖရန့် ပေးရသော အနူးညံ့အပျော့ပျောင်းဆုံး ဆိတ်သားရေနှင့် ခုံခင်းတစ်ခု ပြုလုပ်ပေးဖို့ ရည်ရွယ်ထားခဲ့သည်။ အခုတော့ ခုံခင်း ပြုလုပ်ပေးရန်လည်း မလိုတော့သဖြင့် အပိုသက်သက် ဖြုန်းတီးသလို ဖြစ်တော့မည်။ သို့သော် ကောင်လေးကို သားရေထုပ် ပြန်ယူသွားခိုင်းဖို့ ကျတော့လည်း သိက္ခာကျမှာ စိုးပြန်သည်။ တော်ကြာ လူတွေက ဘာဒီနီတစ်ယောက်တော့ အခြေမခိုင် အော်ဒါမှာထားတာတွေတောင် ပိုက်ဆံချေစရာ မရှိလို့ မယူနိုင်ဘူးဆိုပြီး သွားပုပ်လေလွင့် လျှောက်ပြောမှဖြင့် ခက်ရချည်ရဲ့။ ထိုသတင်းစကားတွေသာ ပြန့်သွားလျှင် သူ့လုပ်ငန်းကို ရောင်းချသည့်အခါ ဗိုက်နာနေသည်ဟု ထင်ပြီး ဈေးနှိမ်ခံရနိုင်သည်။ ဤဆိတ်သားရေဖိုး လောက်နှင့်တော့ မွဲသွားစရာ အကြောင်းမရှိ၊ လက်ခံလိုက်တာ ကောင်းမည်။ ဘဝနှင့် ရင်းထားရသည့် သူ့ဆုံးဖြတ်ချက်ကို မည်သူကမျှ သူ့ထက်အရင် ဦးအောင် သိစရာမလို။

"အထဲဝင်ခဲ့"

ဘာဒီနီက ကောင်လေးကို ကျောခိုင်းကာ ဖယောင်းတိုင်ကိုင်၍ အရှေ့မှ ဦးဆောင်ပြီး ဆိုင်အတွင်းဘက်မှ ဖြတ်လျှောက်လာခဲ့သည်။ ဂရန်နွီက သားရေထုပ်နှင့် အနောက်မှ လိုက်လာသည်။ သူသည် ရေမွှေးပစ္စည်းဆိုင်ထဲသို့ ပထမဆုံးအကြိမ် ရောက်ဖူးခြင်း ဖြစ်သော်လည်း မရဲတရဲ ဖြစ်မနေဘဲ စိတ်အားထက်သန်နေသည်။

တကယ်တော့ ဂရန်နွီသည် မြို့ထဲရှိ ရေမွှေးဆိုင်နှင့် ပရဆေးဆိုင် တစ်ခုချင်းစီကို သေချာသိသည်။ ညဆိုလျှင် ဆိုင်မှန်နံရံ ပြတင်းပေါက်တွင် မတ်တတ်ရပ်ကာ တံခါးကို နှာခေါင်းဖြင့် ဖိ၍ အနံ့ခံလေ့ရှိသည်။ ဤနေရာတွင် ရှိနေသော အနံ့တစ်ခုချင်းစီကိုလည်း သူ သိသည်။ ၎င်းတို့ကို အသုံးပြု၍ အမွှေးမြဆုံး ရေမွှေးများကို စိတ်ထဲမှာ ကျိတ်၍ စိတ်ကူးဖြင့် ဖော်စပ်နေခဲ့ ဖူးသည်။ ထို့ကြောင့် သူ့အတွက် ဤနေရာက အသစ်အဆန်း မဟုတ်တော့။

ဂီတပါရမီ ပါလာသော ကလေးငယ်သည် သံစုံတီးဝိုင်းကို အနားကပ်၍ ကြည့်မှာ ဖြစ်သလို ဂရန်နွီသည်လည်း ရေမွှေးပစ္စည်းဆိုင်ထဲကို ဝင်ကြည့်လိုလှသည်။ ဘာဒီနီက ဂရင်မယ်အား သူ့ဆီ သားရေထုပ် လာပို့ခိုင်းသည်ကို ကြားသည့်အခါ

ဂန်နီက ရှိသမျှ သူ့တာဝန်ကို မြန်မြန်ပြီးအောင် ကြိုးလုပ်ထားသည်။ ထိုအခါ အခြားသူများက အလုပ်မပြီးသေးသည့်အတွက် သားရေထုပ်ကို သူပဲ သွားပို့ရတော့သည်။

အခုတော့ ပါရီမြို့ရှိ ကျွမ်းကျင်ပညာရှင်များသာ အသုံးပြုသော ရေမွှေးပစ္စည်းများ အပြည့်အမောက် စုစည်းနေသည့် ဘာဒီနီ၏ ဆိုင်ထဲကို သူရောက်လာလေပြီ။ မှိတ်တုတ်မှိတ်တုတ်သာ လင်းနေသည့် ဖယောင်းတိုင် မီးရောင်ဖြင့် ဆိုင်ကောင်တာ၊ ရေကရားပေါ်မှ ငှက်ပျောရုပ် နှစ်ကောင်၊ ဝယ်သူထိုင်သည့် ခုံ၊ နံရံကပ် ဗီရိုများ၊ ကြေးနီရောင် မီးဖိုချောင်သုံးပစ္စည်းများနှင့် ပုလင်းပေါ်မှ အဖြူရောင် တံဆိပ်များကိုသာ မြင်ရသော်လည်း သူကတော့ အထဲမှာရှိသမျှ အရာရာ၏ အနံ့ဖြင့် ဘယ်နေရာမှာ ဘာရှိသည်ကို သိနေပြီး ဖြစ်သည်။ ထို့ကြောင့် သူက ဘာဒီနီ၏ အရိပ်နောက်မှ ဖြောင့်ဖြောင့် တန်းတန်းပင် လိုက်ပါလာသည်။

ဘာဒီနီကတော့ သူ့ဆိုင်ထဲ တစ်ခါမျှ မရောက်ဖူးသည့် လမ်းဘေးမှ သားရေနယ်သမား တစ်ယောက်က အဘယ့်ကြောင့် ခလုတ်တစ်ချက်မျှ မတိုက်မိဘဲ သူ့နောက်က လိုက်လာနိုင်သည်ကို မစဉ်းစားအားချေ။ သူ့ခေါင်းထဲတွင် ပါရီမြို့တော်မှာ အစုံလင်ဆုံး ဖြစ်သည့် ဤရေမွှေးပစ္စည်း ဆိုင်ကြီးကို မည်သို့ အရည်ဖျော်ပစ်ရမည်ကိုသာ တွေးနေသည်။ သို့သော် ဂန်နီကတော့ သူ့အတွေးနှင့် လုံးဝ ဆန့်ကျင်ကွဲပြားစွာ မျှော်လင့်ချက်တွေ မွေးဖွားနေသည်။ ဤဆိုင်သည် ဂရင်မယ်ထံ သူ ဘယ်တော့မှ ပြန်ရောက်စရာလမ်း မရှိသည့် တစ်ခုတည်းသော အကြောင်းရင်း ဖြစ်သည်။ နှစ်ပေါင်းများစွာ သည်းခံချုပ်ထိန်း၍ စောင့်ဆိုင်းနေခဲ့သော သန်းလေးသည် သွေးကို အနံ့ခံ မိလေပြီ။ မိမိရရ ကိုက်ခဲစုပ်ယူဖို့သာ ရှိတော့သည်။

ဆိုင်အတွင်းကို ဖြတ်လာပြီးနောက် ဘာဒီနီက မြစ်ကို မျက်နှာမူထားသော စတိုခန်းလည်း ဆိုင်နောက်ခန်းကို ဖွင့်လိုက်သည်။ ထိုအခန်းသည် စတိုခန်း ဖြစ်သလို အလုပ်ခန်းလည်း ဖြစ်သည်။ ထိုနေရာတွင် ဆပ်ပြာချက်သည်။ ခေါင်းလိမ်းဆီအိုး မွှေသည်။ ပုလင်းဖောင်းဖောင်းကြီးများဖြင့် ရောနှောထားသော အမွှေးနံ့သာရည်များလည်း ရှိသည်။ ဘာဒီနီက ပြတင်းပေါက် အရှေ့မှပစ္စည်းကိရိယာ ပြည့်နှက်နေသော စားပွဲကြီး တစ်ခုကို ညွှန်ပြကာ “ဟိုမှာ ချထားလိုက်” ဟု ပြောသည်။

ဂန်နီက စားပွဲခုံပေါ်သားရေထုပ်ကို တင်လိုက်ပြီး လျင်မြန်စွာ နောက်ဆုတ်၍ ဘာဒီနီနှင့် ပြတင်းပေါက်ကြားတွင် နေရာယူလိုက်သည်။ ဘာဒီနီက စားပွဲပေါ် ဖယောင်းစက်ကျမှာ စိုး၍ မီးတိုင်ကို လက်ပြောင်းကိုင်လိုက်ပြီး ချောမွတ်နေသော သားရေမျက်နှာပြင်ကို လက်ခုံဖြင့် ပွတ်၍ ဆွဲကြည့်သည်။

ထို့နောက် သားရေကို လက်သည်းနှင့် ဆိတ်ကာ "ရေမွှေးလက်အိတ်လုပ်ဖို့ အရည်အသွေး သိပ်ကောင်းတဲ့ ဆိတ်သားရေတွေပဲ။ နေရောင်နဲ့ အခြောက်ခံရင်တောင် ကျုံ့သွားမှာ မဟုတ်ဘူး။ ငါးနှစ်ကနေ ဆယ်နှစ်လောက်အထိ အနံ့လည်း ပျောက်မှာ မဟုတ်ဘူး" ဟု တွေးသည်။ မက်ဆီနာမြို့သို့ သွားမည့် ခရီးအတွက် ဤသားရေများဖြင့် သူ့အတွက် လက်အိတ်သုံးစုံ၊ သူ့မိန်းမအတွက် လက်အိတ်သုံးစုံချုပ်လို့ ရလောက်သည်။

ဘာဒီနီက လက်ကိုရုပ်ကာ သူ၏ အလုပ်စားပွဲကို ထိုနည်းအတိုင်း ကိုင်ကြည့်ပြန်သည်။ ရေမွှေးနှင့်ဆေးရန် ကြွေကန်၊ အခြောက်ခံရန် ကြွေပန်းကန်ပြား၊ တင်ချာနှင့် ရောစပ်ရန်ဆုံ၊ ကျည်ပွေ့၊ ယောက်မ၊ ဝက်မှင်ဘီး၊ ခြစ်တံ၊ ရေတံလျှောက်စသည့် လက်အိတ်ပြုလုပ်ရာတွင် သုံးသော အရာအားလုံး အဆင်သင့် ရှိနေသည်။ မှောင်မည်းနေသဖြင့် ထိုကိရိယာ တန်ဆာပလာများက အိပ်စက်နေကြပြီး မနက်ကျမှ အသက်ဝင် နိုးထလာကြတော့ မယောင်ယောင်။

မက်ဆီနာကို ဒီစားပွဲခုံကြီး သယ်သွားလို့ ရပါ့မလား။ အရေးအကြီးဆုံး ကိရိယာ အနည်းငယ်ကိုပဲ ယူသွားရမှာလား။ ဤစားပွဲကြီးက ထိုင်၍ အလုပ်လုပ်လို့ သိပ်ကောင်းသည်။ ခုံခြေထောက်ကအစ ဝက်သစ်ချသားဖြင့် ပြုလုပ်ထားသဖြင့် တွန့်လိမ်ပဲ့ရွဲ့သွားမှာလည်း မပူရ။ အက်ဆစ်စားခြင်းလည်း မရှိသလို ဓားမှ စီးကျသည့် အဆီ၊ အစက်များ ဘေးသို့ ဖိတ်စဉ်စရာလည်း မရှိ။ ဤခုံကို မက်ဆီနာသို့ သင်္ဘောဖြင့် သယ်မည်ဆိုလျှင်တောင် ကုန်ကျစရိတ်က စည်းစိမ် တစ်ဝက် ပြုတ်လောက်သည်။ ရောင်းလိုက်တာပဲ ကောင်းမည်။ မနက်ဖြန် ရောင်းမည်။ ခုံပေါ်မှာ တင်ထားသမျှ ပစ္စည်းအားလုံးကိုလည်း ရောင်းပစ်လိုက်တော့မည်။

ဘာဒီနီသည် စိတ်ကသာ နုသော်လည်း လူကတော့ တင်းခံတတ်သည်။ ထို့ကြောင့် စိတ်မည်မျှ မပြတ်သားသည်ဖြစ်စေ၊ ဆုံးဖြတ်ထားသည့်အတိုင်း လုပ်မှာ ဖြစ်သည်။ မျက်ရည်သာ ကျချင်ကျမည်၊ ဆုံးဖြတ် ချက်ကိုတော့ ပြင်မှာမဟုတ်။ သူ့လုပ်ရပ် မှန်ကြောင်း စိတ်ထဲမှာ သိနေသည်။ နိမိတ်ပြသည်ကိုလည်း တွေ့ပြီးပြီ။ သူက လှည့်ထွက်လိုက်သည်။ တံခါးဝနား ရောက်တော့မှ အထဲမှာ ကျန်ခဲ့သည့် လူရွယ်ကို သတိရသွားသည်။

"သားရေတွေက အတော်ကောင်းပါတယ်လို့ မင်းဆရာကို ပြောလိုက်ပါဦး။ နောက်ရက်ကျမှ ငွေလာရှင်းပေးမယ်လို့"

"ဟုတ်ကဲ့ပါ ဆရာ"

ဂရ်နွီက ပြန်ဖြေလိုက်သော်လည်း ရပ်နေရာက ရွှေ့မသွားချေ။ ဘာဒီနီက တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသည့် လူရွယ်၏အပြုအမူကို မခန့်လေးစားနိုင်သည်ဟု

သံသယမဝင်ဘဲ ရုက်ရှံ့နေခြင်းသာ ဖြစ်မည်ဟု တွေး လိုက်မိသည်။

"ဘာလဲကွ။ ငါ မင်းကို ဘာလုပ်ပေးစရာ ရှိသေးလို့လဲ။ ပြောကြည့်"

ဂန်နီက ပြင်းပြသောဆန္ဒကို ဖွင့်ပြောရန် ကြောက်သလို ရှံ့သလိုနှင့် ခန္ဓာကိုယ်ကို ကျုံ့လျက် ဘာဒီနီကို မဝံ့မရဲ မော့ကြည့်ကာ...

"ကျွန်တော် ဆရာ့ဆီမှာ အလုပ် လုပ်ချင်ပါတယ်ခင်ဗျာ။ ဆရာ့အလုပ်မှာပါ" ဟု ပြောလိုက်သည်။

သူ့အသွင်က အသနားခံသည့် ပုံစံမဟုတ်ဘဲ ယုံကြည်မှုအပြည့်နှင့် တောင်းဆိုလိုက်ခြင်း ဖြစ်သည်။ ဘာဒီနီက လူရွယ်၏ အူကြောင်ကြောင် အပြုအမူကို အလုပ်လိုချင်စိတ်များသဖြင့် အဆီအငေါ်မတည့် ဖြစ်နေသည်ဟု အဓိပ္ပာယ်တလွဲကောက်၍ ခင်မင်ရင်းနှီးစွာ ပြုံးပြလိုက်ပြီး...

"မင်းက သားရေနယ်သမားရဲ့ အလုပ်သင်ပဲ မောင်ရင်ရဲ့။ ဦးဆီမှာ သားရေနယ်သမားမှ မလိုဘဲ။ ပြီးတော့ ဦးဆီမှာ ကောင်းကောင်း လေ့ကျင့်ပေးထားတဲ့ လက်ထောက် တစ်ယောက်လည်း ရှိပြီးသား။ ဒီတော့ အလုပ်သင်တစ်ယောက် မလိုသေးပါဘူး" ဟု ပြောလိုက်သည်။

"ဆရာက ဟောဒီ ဆိတ်သားရေတွေကို အနံ့မွှေးအောင် လုပ်ချင်တာ မဟုတ်လား။ ကျွန်တော် ယူလာတဲ့ သားရေထည်တွေကို မွှေးအောင်လုပ်မှာ မဟုတ်လား မစ္စတာဘာဒီနီ။ ဟုတ်တယ် မဟုတ်လား"

ဂန်နီက ဘာဒီနီ့ အဖြေကို အနည်းငယ်မျှ ဂရုမစိုက်ဘဲ သူ ပြောချင်ရာကိုသာ ရှုုးရှုုးရှားရှားနှင့် ပြောချလိုက်သည်။

"ဒါပေါ့၊ အမှန်ပဲ"

ဂန်နီက ခန္ဓာကိုယ်ကို ခုနကထက် ပို၍ကျုံ့သွားကာ...

"ပယ်လစ်ဆီယာရဲ့ အဲမိုအန်ဆိုက်ကီနဲ့လား" ဟု မေးလိုက်သည်။

ထိုခဏတွင် တုန်လှုပ်ချောက်ချားမှုဟူသော လှိုင်းတစ်ခုက ဘာဒီနီ၏ တစ်ကိုယ်လုံးကို ဖြတ်သန်း စီးဆင်းသွားသည်။ ဤလူရွယ်က သည်အကြောင်းကို ဘယ်လိုများ အတိအကျ သိနေရသလဲဟု သူ့ဘာသာ ဇဝေဇဝါ ဖြစ်သွားသောကြောင့် မဟုတ်၊ ပါဝင်ပစ္စည်းများကို သူကိုယ်တိုင် ဖော်ထုတ်ရန် ကြိုးစားသော်လည်း လုံးဝမအောင်မြင်ဘဲ အကြိမ်ကြိမ်ကျရှုံးခဲ့သည့် ရေမွှေး၏ အမည်ကို ဤလူရွယ်က အတိအကျ ဖွင့်ပြောလိုက်သောကြောင့်သာ ဖြစ်သည်။

"မင်းနယ်…၊ ငါက သူများ ရေမွှေးကို သုံးလိမ့်မယ်လို့ ဘယ်လို စိတ်ကူးမျိုးနဲ့များ ပြောထွက်ပါလိမ့်"

"ဆရာ့ဆီက အနံ့ ရလို့ပါ။ အဲဒီရေမွှေးကို ဆရာ့နဖူးမှာ တင်ခဲ့တယ်။ ဆရာ့ကုတ်အင်္ကျီ ညာဘက် အိတ်ကပ်ထဲမှာ အဲဒီရေမွှေးတွေ အများကြီး ဆွတ်ထားတဲ့ လက်ကိုင်ပဝါတစ်ထည် ရှိတယ်။ အဲမိုအန်ဆိုက်ကီက သိပ်လည်း မကောင်းပါဘူး။ ဆိုးတယ်လို့တောင် ပြောလို့ ရသေးတယ်။ ရှောက်ဘီလူးတို့၊ ရိုဲ့စ်မေရီတို့ရဲ့ အဆီတွေ များလွန်းတယ်၊ နှင်းဆီနံ့ကျ လုံလောက်အောင် မပါဘူး"

ဘာဒီနီက လုံးဝ အံ့အားသင့်သွားဟန်ဖြင့် "ဟေ…" ဟု တလိုက်မိပြီး…

"နောက်ကော ဘာများ ရှိသေးလဲ" ဟု ထပ်မေးလိုက်သည်။

"လိမ္မော်ပွင့်၊ သံပရာ၊ သုံးရွက်ဆိုင်ပင်၊ ဒရယ်သို၊ စံပယ်ပန်း၊ အရက်ဆီနဲ့ ကျွန်တော် နာမည် မခေါ်တတ်တဲ့ အရာတစ်ခု၊ ဟိုဟာ…၊ ဟိုပုလင်းထဲကဟာ"

ဂရန်နွီက အမှောင်ထဲသို့ လက်ညှိုးထိုးပြသည်။ ဘာဒီနီက သူညွှန်ပြရာကို ဖယောင်းတိုင် မီးကို မြှောက်ကြည့်တော့ နံ့သာရောင် အဆီများ ပြည့်နေသော ပုလင်းတစ်လုံးကို တွေ့ရသည်။

"စတောရက်ပန်းဆီပဲ"

ဂရန်နွီက ခေါင်းညိတ်ပြရင်း…

"ဟုတ်တယ်။ စတောရက်ပန်းဆီလည်း ပါတယ်" ဟု ဆိုသည်။

ဂရန်နွီက ထိုနာမည်ကို အလွတ်ကျက်မှတ်သလိုမျိုး "စတောရက်…၊ စတောရက်…" ဟု တဖွဖွ ရွတ်နေသည်။

ဘာဒီနီက သူ့ကို မီးရောင်မြှောက်၍ ကြည့်ကာ ဤသူငယ်သည် လူလိမ်လော၊ တကယ်ပင် ပါရမီရှင် ဖြစ်သလောဟု တွေးနေသည်။ သူပြောပြသော ပစ္စည်း အမည်စာရင်းကို အချိုးကျ ရောနှောလိုက်လျှင် အဲမိုအန် ဆိုက်ကီရေမွှေးနဲ့ ထွက်လာလောက်သည်။ အကယ်၍ ထိုအတိုင်း ထွက်လာလျှင်တောင် အကျိုးရှိမည်။ ညနေတုန်းက ပင်ပန်းဆင်းရဲကြီးစွာ ရှာဖွေဖော် ထုတ်ခဲ့သော အနံ့များထဲ၌ နှင်းဆီ၊ သုံးရွက်ဆိုင်ပင်နှင့် စတောရက်ပန်းနံ့ သုံးမျိုးကို ရခဲ့တာတော့ သေချာသည်။ အခု ထပ်သိရသည့် အရာများကို ထပ်ထည့်၍ ပေါင်းစပ်ကြည့်ရုံသာ ရှိသည်။

သို့သော် ဘာကို ဘယ်လောက် အချိုးကျ ထည့်ရမလဲဟူသည့် မေးခွန်းတော့ ကျန်သေးသည်။ ထိုအဖြေကို ရှာဖို့က ပို၍ ခက်ခဲနက်နဲသည်။ ရောစပ်မည့်

အခြေခံပစ္စည်း တစ်ခုစီ၏ပမာဏကို ချိန်တွယ်၍ မှတ်တမ်းရေး ရမည်။ ပါဝင်ပစ္စည်း တစ်ခုစီ၏ အတိုင်းအတာကို သိဖို့ပင် ရက်ပေါင်းများစွာ ကြာအောင် အသေအလဲ ဖော်ထုတ်ရမည်။ တစ်စက်လောက် မှားယွင်း စမ်းသပ်လိုက်မိသွားသည်နှင့် ဒြပ်ပေါင်းတစ်ခုလုံး ပစ်လိုက်ရလိမ့်မည်။ အမွှေးနံ့သာပစ္စည်းများက ကြောက်ခမန်းလိလိ တန်ဖိုးကြီးလှသဖြင့် အကြိမ်ရေများစွာသာ မှားယွင်းခဲ့ပါက မိမိ၏ စည်းစိမ်ဥစ္စာကိုပါ ထိပါးလာနိုင်သည်။ ဤသူငယ်ကို အဲမိုအန်ဆိုက်ကီ၏ ဖော်မြူလာ အတိအကျကို မေးကြည့်ရမည်။ အကယ်၍ သိသည်ဆိုဦးတော့၊ သူသည် ဘာဒီနီထံ ဝင်ခွင့်ရရန် ပယ်လစ်ဆီယာထံမှ ထိုဖော်စပ်နည်းကို တစ်နည်းနည်းဖြင့် ရယူလာခြင်းလည်း ဖြစ်နိုင်သည်။ ပင်ကိုပါရမီကြောင့် သိလာခြင်း ဖြစ်လျှင်တော့ ဤသူငယ်လောက် စိတ်ဝင်စားစရာ ကောင်းတာ ရှိမှာ မဟုတ်ချေ။

သို့သော် ယခုအဖြစ်ကြောင့်တော့ သူ့ဆုံးဖြတ်ချက်ကို အထိခိုက်ခံမှာ မဟုတ်ချေ။ ပယ်လစ်ဆီယာ၏ ရေမွှေးကလည်း သူ့အတွက် သိပ်အရေးမကြီးပါ။ ဤလူရွယ်က သူ့ကို ရေမွှေးတွေ ဂါလံလိုက် သယ်လာပေးလျှင်တောင် မြို့စားကြီး ဗာဟားမွန့်အတွက် စပန်းနစ်ရှ်ဟိုဒ် ရေမွှေးနံ့ကို ဖန်တီးပေးဖို့ စိတ်ကူးမယဉ်တော့ပါ။ သူသည် တစ်သက်လုံး ရေမွှေးပညာရှင် ဖြစ်ခဲ့ခြင်း မဟုတ်ခဲ့သလို သူ့ဘဝကိုလည်း အနံ့များ ရောနှောပေါင်းစပ်ခြင်းဖြင့် ကုန်လွန်ခဲ့သည် မဟုတ်။ သို့သော် သူ့ကို လတ်တလော အကြီးအကျယ် စိတ်ဒုက္ခရောက်စေသည့် ဤရေမွှေး ဖော်စပ်နည်းကိုတော့ စိတ်ဝင် စားမိလေသည်။ သူ့နဖူးပေါ် ရေမွှေးပဝါစ တင်ခဲ့သည်ကိုပင် သိနေသည့် လျှို့ဝှက်ဆန်းကြယ်သော လူရွယ်၏ အရည်အချင်းကိုလည်း စမ်းသပ်ကြည့် ချင်သေးသည်။ သည်အဖြစ်၏ နောက်ကွယ်မှာ ဘာတွေရှိနေမလဲ စူးစမ်း ကြည့်ချင်သေးသည်။

"ကေန္တ မင်းမှာ တော်တော် အနံ့ခံကောင်းတဲ့ နှာခေါင်းပါလာပုံရတယ် လူလေး"

ဘာဒီနီက အလုပ်ခန်းထဲ ပြန်လျှောက်လာကာ မီးတိုင်ကို စားပွဲခုံပေါ်သို့ ဂရုတစိုက် ချလိုက်သည်။ ဂရန်နွီ့ဆီမှ ထွက်နေသော နှာမှုတ်သံ တရှုံ့ရှုံ့က ပျောက်သွားသည်။ ဘာဒီနီက......

"တော်တော် အနံ့ခံကောင်းတဲ့ နှာခေါင်းပဲ။ မှန်း..." ဟု ဆိုလိုက်စဉ် သူ့စကားမဆုံးခင် ဂရန်နွီက ရှီခနဲ နှာတစ်ချက် မှုတ်ကာ...

"ကျွန်တော့်နှာခေါင်းက ပါရီမြို့မှာ အကောင်းဆုံးပါပဲ မစ္စတာ ဘာဒီနီ" ဟု ဖြတ်၍ ပြောလိုက်သည်။

"တစ်လောကလုံးမှာ ရှိရှိသမျှ အနံ့တွေကို ကျွန်တော် သိတယ်။

တချို့ဟာကိုတော့ နာမည် မခေါ်တတ်ဘူး။ ဒါပေမဲ့ နာမည်သိရင် မှတ်ထားလို့ရတာပဲ။ နာမည်ရှိတဲ့ ရနံ့တွေက ထောင်ဂဏန်းလောက်ပဲ ရှိတာ။ နာမည်တပ်လို့ မရတဲ့ အနံ့တွေ အများကြီး ရှိသေးတယ်။ ခုနက အဆီကို စတောရက်လို့ ခေါ်တာ ကျွန်တော် ဘယ်တော့မှ မေ့တော့မှာ မဟုတ်ဘူး။ စတောရက်...၊ စတောရက်...”

“တိတ်စမ်း”

ဘာဒီနီက ဂရန်နွီကို အော်ထည့်လိုက်ပြီး...

“ငါ စကားပြောနေတုန်း ဖြတ်မပြောစမ်းနဲ့။ မင်းကများ ရာရာစစ၊ ငါ့ကို စော်စော် ကားကားနဲ့ သိပ်ရိုင်းတာပဲ။ ထောင်နဲ့ချီတဲ့ ရနံ့တွေရဲ့ နာမည်ကို ဘယ်သူမှသိမှာ မဟုတ်ဘူး။ ငါသိတာတောင် အများဆုံး ရာဂဏန်းလောက်ပဲ ရှိတာ။ ငါ့လုပ်ငန်းမှာသုံးတဲ့ ရနံ့တွေကလည်း ရာဂဏန်းထက် မပိုဘူး။ ကျန်တာတွေက ရနံ့မဟုတ်ဘူး။ စူးရှတဲ့ အနံ့သက်သက်တွေပဲ” ဟု ပြောသည်။

ဘာဒီနီဆီမှ ခပ်ကြမ်းကြမ်း ပေါက်ကွဲထွက်လာသော စကားများကြောင့် ဂရန်နွီ၏ ကျုံ့ထားသော ခန္ဓာကိုယ်က ဆန့်သွားပြီး လက်နှစ်ဖက်ကိုမြှောက်၍ ကာတော့မလို တွန်းထုတ်တော့မလို ယက်ကန်ယက်ကန် ဖြစ်နေသည်။ သို့သော် ဘာဒီနီ၏ စကားဆုံးတော့ သားကောင်ကို ချောင်းမြောင်း တိုက်ခိုက်တော့မည့် ဖားပြုပ်နက်ကြီးတစ်ကောင် ငြိမ်သက်စွာ ဝပ်နေသလိုမျိုး ဂရန်နွီက ခန္ဓာကိုယ်ကို ပြန်၍ ကျုံ့ထားလိုက်သည်။ ဘာဒီနီက...

“အဲမိုအန်ဆိုက်ကီမှာ စတောရက်၊ နှင်းဆီ၊ သုံးရွက်ဆိုင်ပင်၊ ရှောက်ဘီလူး၊ ရိုစ့်မေရီ စတာတွေပါမှန်း ငါလည်း သတိထားမိပါတယ်။ ဒါတွေကို သိဖို့ နှာခေါင်းနဲ့ ကောင်းကောင်း အနံ့ခံနိုင်ဖို့ပဲ လိုတယ်။ ဘုရားသခင်က မင်းကို ဒီလို အနံ့ခံနိုင်တဲ့ နှာခေါင်းမျိုး ပေးထားတာပဲ။ မင်းအသက်အရွယ်လောက်နဲ့ ဒီလိုနှာခေါင်းပိုင်ရှင်တွေ လောကမှာ အများကြီးမှ အများကြီး။ အေး ဒါပေမဲ့ ရေမွှေးတစ်ခုကို ဖန်တီးဖို့ကျတော့ ဒီလောက်နဲ့ မရဘူးကွ” ဟု ပြောသည်။ ထို့နောက် သူ့ရင်ဘတ်သူ လက်ညှိုးဖြင့် ထိုးကာ...

“ရေမွှေးပညာရှင်တစ်ယောက် ဖြစ်ဖို့ကျတော့ နှာခေါင်းကောင်းရုံနဲ့ မပြီးဘူး။ ဒြပ်ပေါင်းမျိုးစုံ ရောနှောနေတဲ့ ရနံ့ထဲက ပစ္စည်းအမည် တစ်ခုချင်းစီရဲ့ အချိုးအစား ပါဝင်မှုကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာနိုင်ဖို့ ဆယ်စုနှစ်ပေါင်းများစွာ ကြာအောင် သင်ယူလေ့ကျင့်ရတယ်။ ဒီတော့မှ နာမည်တပ်လို့ မရတဲ့ ရနံ့သစ်တစ်ခုကို ဖန်တီးနိုင်မယ်” ဟု ပြောရင်း သူ့နှာခေါင်းကို လက်ညှိုးဖြင့် တို့ပြကာ...

“ဒီလို နှာခေါင်းမျိုးကမှ ဘယ်သူနဲ့မှ မတူဘဲ အဖိုးတန်တယ်လို့ ခေါ်တယ် လူလေးရဲ့။ ဒါမျိုး ရဖို့ကလည်း ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ပြီး အပတ်တကုတ် ကြိုးစားရတယ်။ အဲမိုအန်ဆိုက်ကီရဲ့ ဖော်မြူလာ အတိအကျကို မင်းပေးနိုင်မယ်ဆိုရင်တော့ တစ်မျိုးပေါ့လေ။ ကဲ ဘယ်လိုလဲ မင်းတတ်နိုင်လို့လား” ဟု ပြောလိုက်သည်။

ဂန်န္တိက ဘာမှ ပြန်မဖြေပါ။ ဘာဒီနီက သူ့အား ကုန်း၍ အနီးကပ် ကြည့်လိုက်ပြီး…

“ဒီလို ဖော်မြူလာမျိုး မင်း အတိအကျ ပေးနိုင်လို့လားကွ… ပြောလေ၊ ပြောပါဦး ပါရီမြို့က အကောင်းဆုံး နှာခေါင်းပိုင်ရှင်ရဲ့” ဟု ငေါ့တော့တော့ ပြောလိုက်သည်။

ဂန်န္တိက နှုတ်ဆိတ်နေသည်။ ဘာဒီနီက ကျေနပ်သွားသလို စိတ်အနှောင့်အယှက်လည်း ဖြစ်သွားဟန်ဖြင့် ကိုယ်ကို ပြန်မတ်၍ …

“ကဲ ကြည့် တွေ့လား။ မင်းမှ လုပ်မပြနိုင်ဘဲ။ အေးလေ၊ လုပ်နိုင်မှာလည်း မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ မင်းက စွပ်ပြုတ်ထဲမှာပါတာ တရုတ်နံနံလား၊ ရိုးရိုးနံနံပင်လား လောက်ကိုပဲ သိတဲ့သူမျိုးလေ။ ဒီလိုသိတာ ကောင်းပါတယ်၊ ဒါပေမဲ့ အဲဒီအသိလောက်နဲ့တော့ စားဖိုမှူး တက်လုပ်လို့မှ မရတာ။ မသွားခင် တစ်ခါတည်း မှတ်သွားလိုက်ဦး။ ပညာရှာ ပမာသူဖုန်းစားတဲ့။ အနုပညာ၊ အတတ်ပညာဆိုတာ ရိုရိုသေသေနဲ့ ကြိုးကြိုးစားစား သင်ယူမှ အတွေ့အကြုံကောင်းကောင်းရတဲ့ အမျိုးကွ။ မဟုတ်ရင် အလကားပဲ” ဟု ပြောလိုက်သည်။

ဘာဒီနီက ခုံပေါ်မှ မီးတိုင်ကို ပြန်ယူ၍ ထွက်သွားသည်။ သို့သော် တံခါးဝနား ရောက်သောအခါ ဂန်န္တိက…

“ဖော်မြူလာဆိုတာ ဘာလဲ ကျွန်တော် မသိပါဘူး ဆရာ။ ဒါပေမဲ့ ကျွန်တော် ကျန်တာ အကုန်သိတယ်” ဟု အရဲစွန့်၍ ပြောလိုက်သည်။ ဘာဒီနီက စကားကို သည်လောက်မျှနှင့်ပင် ရပ်ပစ်ချင်သဖြင့်…

“ဖော်မြူလာဆိုတာ ရေမွှေးကို ဖော်စပ်တဲ့ အချိုးအစားပဲ။ ပါဝင်ပစ္စည်းတစ်ခုချင်းစီရဲ့ အရည်လေး တစ်စက်တောင် လွဲချော်လို့မရတဲ့ အချိုးအစားကို ပြောတာ။ ဒါမှ လိုချင်တဲ့ ရနံ့မျိုးကို အမှားအယွင်းမရှိတန်းရမှာ။ အဲဒါ ဖော်မြူလာပဲ။ မင်းနားလည်အောင် ပြောရရင် ဖော်စပ်နည်းပဲ” ဟု တင်းမာစွာ ပြောလိုက်သည်။

ဂန်န္တိက “ဖော်မြူလာ…၊ ဖော်မြူလာ…” ဟု ရေရွတ်ရင်း…

“ကျွန်တော့်အတွက် ဖော်မြူလာမှ မလိုဘဲ။ ဖော်စပ်နည်းက ကျွန်တော့်နှာခေါင်းထဲမှာတင် ရှိတယ်။ ကျွန်တော် ဆရာ့ကို ဖော်စပ်ပြနိုင်ပါတယ်။ အခု စပ်ပြရမလားခင်ဗျ” ဟု မေးလိုက်သည်။

ဘာဒီနီက ကျယ်လောင်သော အသံဖြင့်…

“မင်းဟာက ဘယ့်နှာတုံးဟ” ဟု အော်ထည့်လိုက်ကာ ဂရန်နွီ့မျက်နှာကို ဖယောင်းတိုင် မီးဖြင့် မြှောက်ကြည့်သည်။

“မင်းက ဘယ်လိုများ ဖော်စပ်ပြမှာတုံး”

ဂရန်နွီသည် ပထမဆုံးအကြိမ်အဖြစ် ခန္ဓာကိုယ်ကို ကျုံ့နေရာမှဆန့်၍ ခေါင်းမော့ ရင်ကော့လာပြီး…

“ဘာဖြစ်လို့လဲ။ လိုအပ်တာ အကုန် ဟောဒီအခန်းထဲမှာတင် ရှိနေတာပဲဟာ။ ဟောဟိုမှာက နှင်းဆီနံ့၊ ဟိုဟာက လိမ္မော်ပွင့်၊ ဟိုဟာက သုံးရွက်ဆိုင်ပင်၊ ဟိုဟာက ရိုစ့်မေရီ၊ ဟိုဟာက……” ဟု ပြောကာ အမှောင်ထဲသို့ လက်ညှိုးထိုးပြသည်။ ဘာဒီနီက…

“ဒီမှာတော့ အကုန် ရှိတာပေါ့ဟ။ ဖော်မြူလာ မရှိဘဲ ဒါတွေကို ဘယ်လိုသုံးမလဲ ငတုံးရဲ့။ မင်းကို ပြောရတာ အာပေါက်လိုက်တာ” ဟု ဟောက်ထည့်လိုက်သည်။

“ဟိုမှာ စံပယ်၊အရက်ဆီက ဟိုဘက်မှာ၊ ရှောက်ဘီလူးဆီက ဟိုနားမှာ၊ စတောရက်က ဟိုမှာ…”

ဂရန်နွီက ကိုယ်ကို ပြန်ကျုံ့ကာ လက်ညှိုးတထိုးထိုးနှင့် ဆက်ပြောသည်။ သို့သော် သူ ပြောသည့်နေရာများမှာ ပုလင်းများအပြည့်ထားသည့် စင်များ ဖြစ်သော်လည်း သဲသဲကွဲကွဲ မမြင်ရအောင် မှောင်နေသည်။ ဘာဒီနီက…

“မင်းက အမှောင်ထဲမှာတောင် မြင်ရလို့လားကွ ဟေ…။ ဘာလဲ မင်းမှာ အကောင်းဆုံး နှာခေါင်းရှိရုံတင်မကဘူး၊ မင်းမျက်စိကလည်း ပါရီတစ်မြို့လုံးမှာ အစူးရှဆုံးပေါ့ ဟုတ်လား။ ကြည့်ရတာ မင်းရဲ့နားကလည်း အတော်ပါးပုံပဲ။ ဒီအချက်အလက်တွေကိုလည်း ပယ်လစ်ဆီယာ့ ဆီကနေ တစ်နည်းနည်းနဲ့ စုံစမ်းပြီးသိလာတာ ဖြစ်မယ်။ ဟုတ်တယ်မလား လူလိမ်ကလေးရဲ့။ အခုတော့ ငါ့ဆီလာပြီး လိမ်ဦးမယ်ပေါ့ ဟုတ်လား” ဟု တရစပ် ပြောချလိုက်သည်။

ဂရန်နွီက ကြမ်းပြင်ကို အသေကုပ်တွယ် စွဲကပ်ထားသည့် ပင့်ကူနက်ကြီး တစ်ကောင်လိုမျိုး ခန္ဓာကိုယ်ကို ဆန့်ကာ ခြေကားရား လက်ကားရားနှင့်

တောင့်တောင့်ကြီး ရပ်နေသည်။ သူက ပုံမှန်လေသံဖြင့်…

"ကျွန်တော့်ကို အချိန်ခဏလောက် ပေးပါ။ ကျွန်တော် ဆရာ့ကို အဲမိုအန်ဆိုက်ကီရေမွှေး ဖော်စပ်ပြပါ့မယ်။ ဟောဒီအခန်းထဲမှာပဲ အခုချက်ချင်း လုပ်ပြပါ့မယ်။ ခဏလေးပဲ စောင့်ပါ" ဟု ပြောသည်။

"ငါ့အလုပ်ခန်းထဲမှာ ထင်တိုင်းကြဲဖို့ မင်းကို ငါက ခွင့်ပြုပေးရမယ်ပေါ့ ဟုတ်လား။ အဲဒီ ရေမွှေးပစ္စည်းတွေက ဘယ်လောက်တန်ဖိုးကြီးလဲ မင်းသိလား"

"သိပါတယ်"

"ဘာကွ…"

ဘာဒီနီက ရှုထားသမျှလေတို့ သူ့ခန္ဓာကိုယ်ထဲမှ အကုန်အစင် ပွင့်ထွက်သွားမတတ် ရှူးရှူးရှားရှားနှင့် အော်ထည့်လိုက်မိသည်။ ထို့နောက် အသက်ကို ရှည်လျားလေးပင်စွာ တစ်ချက်ရှူ၍ ဂရန်နွီ့ကို အကြာကြီး စိုက်ကြည့်နေမိသည်။

အခုမှတော့ ဘာမှ မထူးတော့ပါဘူးလေ။ မနက်ဖြန်ဆို ဆုံးဖြတ်ထားတဲ့အတိုင်း အားလုံး ပြောင်းလဲသွားတော့မှာပဲဟာ။ ဒီသူငယ်ဟာ သူ ဖော်စပ်နိုင်ပါတယ်လို့ တွင်တွင် ပြောနေတဲ့ ရေမွှေးကိုလည်း တကယ်လုပ်ပြနိုင်မှာ မဟုတ်ပါဘူး။ ရေမွှေးပညာရှင်ကြီး ဖရန်ဂျီပန်နီထက်များ သူက ပိုတော်နေဦးမတဲ့လား။

တကယ်လို့များ သူက အံ့ဖွယ်ပါရမီရှင် ဖြစ်နေခဲ့ရင်ကော။ မက်ဆီနာမြို့ရောက်တဲ့ တစ်နေ့နေ့ကျတော့မှ ဒါကိုတွေးပြီး ခွင့်မပြု လိုက်မိတာကို နောင်တရမိမယ် ထင်တယ်။ အဲဒါဆို စိတ်ဆင်းရဲလွန်းလို့ အသေတောင် ဖြောင့်ပါမလား မသိဘူး။ ဘာပဲဖြစ်ဖြစ် ဟုတ်၊ မဟုတ် သိရအောင် လုပ်ပြခိုင်းကြည့်မယ်။ အကြောင်းတစ်ခုခုတော့ သိရတာပေါ့လေ။ မျက်စိရှေ့မှာ မြင်နေရတာပဲကို။ ဒီအရူးကို နှင်းဆီနဲ့ အမွှေးဆီ၊ ဒရယ်သို အရည်လေး တစ်စက်နှစ်စက်လောက် ဖြန်းခိုင်းလိုက်ရုံနဲ့လည်း ထူးပြီး ထိခိုက်စရာ အကြောင်း မရှိတော့ပါဘူး။ ပယ်လစ်ဆီယာ့ ရေမွှေးကို ကိုယ့်ဘာသာ စမ်းဖော်စပ်ကြည့်ရင်လည်း ကုန်မှာပဲကို။ တန်ဖိုးကြီးတာတော့ ကြီးတာပေါ့လေ၊ ဒါပေမဲ့ နောင်အခါကျ ကိုယ့်စိတ်ကိုယ် လိပ်ခဲတည်းလည်း ဖြစ်နေမှာထက်စာရင် ကုန်ခါမှ ကုန်ရော့။

ဘာဒီနီက ဟိတ်ကြီးဟန်ကြီး လေသံခပ်တင်းတင်းဖြင့်…

"ကဲ…၊ ငါ ပြောမယ် နားထောင်၊ ဒါနဲ့ နေစမ်းပါဦး။ မင်းနာမည်

ဘယ်လိုခေါ်လဲ” ဟု မေးလိုက်သည်။

“ဂန်နီပါ။ ယန်းဘပ်တိစ်ဂန်နီ”

“ဩော်...၊ ဟုတ်ပြီ။ ကဲ ငါပြောမယ် နားထောင်စမ်း ယန်းဘပ်တိစ်ဂန်နီ။ ငါအခုပဲ စဉ်းစားပြီးပြီ။ မင်းကို ငါ အခွင့်အရေးပေးမယ်။ မင်း အသက်အရွယ်နဲ့ ရှိသေယဉ်ကျေးမှုမရှိတဲ့ စရိုက်ကို ပညာပေးချင်လို့ အကုန်အကျများလည်း ခံလိုက်ဖို့ပဲ ပြင်ထားတော့တယ်။ ဒီညနေ ငါ စိတ်ကောင်းဝင်နေတာမို့လည်း ပါပါတယ်။ တစ်နေ့ကျ အခုအဖြစ်ကို ပြန်တွေးတိုင်း အမှတ်တရအနေနဲ့ ပျော်ဖို့ကောင်းမှာပါ။ အေး...၊ ဒါပေမဲ့ ငါ့ကို တစ်ပတ်ရိုက်ဖို့တော့ စိတ်မကူးနဲ့နော်။ လူသာ အိုရင် အိုသွားမယ်၊ ဂျူဆက်ပီဘာဒီနီရဲ့ နှာခေါင်းက အခုထိ စူးရှထက်မြက်နေတုန်းပဲ။ မင်းဖော်စပ်ထားတဲ့ အရည်နဲ့ ဟောဒီလက်ကိုင်ပဝါမှာ ဆွတ်ထားတဲ့ ရေမွှေး တူ၊ မတူ ကောင်းကောင်းကြီး ခွဲခြားနိုင်သေးတယ်ဆိုတာ မမေ့နဲ့”

ဘာဒီနီက အိတ်ကပ်ထဲမှ အဲမိုအန်ဆိုက်ကီရေမွှေး ဆွတ်ထားသော လက်ကိုင်ပဝါကို ထုတ်၍ ဂန်နီ့ နှာခေါင်းနား ယမ်းပြရင်း...

“ကဲ လာ...၊ စားပွဲခုံနား လာခဲ့။ ငါ့ကို မင်း ပြောသလို လုပ်ပြစမ်းပါဦး ပါရီက အကောင်းဆုံး နှာခေါင်းရယ်။ ဘာအရည်တစ်စက်မှ မဖိတ်စေနဲ့။ မဆိုင်တာကိုလည်း လျှောက်မကိုင်နဲ့။ ငါ မီးထွန်းပါရစေဦး။ ထင်သာမြင်သာရှိမှ အလုပ်လုပ်လို့ ကောင်းမှာပေါ့ မဟုတ်ဘူးလား” ဟု ပြောသည်။

သူက ဝက်သစ်ချစားပွဲခုံကြီး၏ အဆုံးနှစ်ဖက်တွင် ဖယောင်းတိုင်တစ်တိုင်စီ ထွန်းညှိလိုက်သည်။ ခုံပေါ်မှ ဆိတ်သားရေကို ဘေးချကာ ကိုင်ထားသည့် ဖယောင်းတိုင် သုံးတိုင်တွဲ မီးတိုင်ကို တင်လိုက်ပြီး စားပွဲအလယ်ကို လျင်မြန်သွက်လက်စွာ ရှင်းလင်းလိုက်သည်။ ထို့နောက် လိုအပ်သည့် ကိရိယာတန်ဆာပလာများ ဖြစ်သော ဆေးဖျော်သည့် ပုလင်း၊ ဖန်ပြောင်းရှည်၊ အဝကျယ် ဖန်ပြွန်၊ ဖန်ခွက် အကြီးအသေးများကို စင်ငယ်တစ်ခုမှ သွားယူပြီး ခုံပေါ်မှာ အစီအစဉ်တကျ တင်ထားလိုက်သည်။

ဂန်နီသည် အစောကတည်းက ဒေါသတကြီး ပြောနေသည့် ဘာဒီနီ၏စကားများကို အလုံးစုံ နားမလည်သော်လည်း သူ၏တောင်းဆိုမှုကို သဘောတူခွင့်ပြုသည့် စကားလုံးကိုတော့ သိသာထင်ရှားစွာ ကြားရသဖြင့် ကလေးတစ်ယောက် အလိုရှိရာ ရသွားသလိုမျိုး အူမြူးသွားသည်။ သူ့ဘဝတွင် ပထမဆုံးအကြိမ်အဖြစ် သူတစ်ပါးအပေါ် သူ့စကားအောင်ခြင်း ဖြစ်သည်။

ဘာဒီနီက စားပွဲပေါ်ဖယောင်းတိုင်ထွန်းဖို့ အလုပ်များနေချိန်တွင် သူက

အမှောင်ထဲရှိ စင်ပေါ်မှ ရှားပါး၍ တန်ဖိုးကြီးလှသော အမွှေးနံ့သာ အဆီအနှစ်များ ထည့်ထားသည့် ပုလင်းကိုးလုံးတိတိကို နှာခေါင်းဖြင့် အနံ့ခံ၍ ဆွဲယူသည်။ ၎င်းတို့မှာ လိမ္မော်ပွင့်၊ သံပရာဆီ၊ သုံးရွက်ဆိုင်ပင်အဆီ၊ နှင်းဆီနံ့ အမွှေးဆီ၊ စံပယ်၊ ရောက်ဘီလူး၊ ရိုစ့်မေရီတို့၏ အဆီများ၊ ဒရယ်သို အဆီ၊ စတောရက်ပန်းဆီတို့ ဖြစ်သည်။ သူက ထိုပုလင်းများကို အဖုံးဖွင့်၍ စားပွဲခုံစွန်းတွင် အဆင်သင့် တင်ထားသည်။ ထို့နောက် ကြိမ်နှီးဖြင့် ကွပ်ထားသော လည်ပင်းပေါက် ကျဉ်းသည့် အရက်အိုးကြီး တစ်လုံးကို တရွတ်တိုက် ဆွဲလာ၍ ဖန်ပြွန်များနှင့် အလုပ်ရှုပ်နေသော ဘာဒီနီ၏ နောက်ကွယ်တွင် စိတ်မရှည်သလို ရပ်စောင့်နေလေသည်။

နောက်ဆုံးတွင် ဘာဒီနီက ဘေးဖယ်၍...

"ကဲ ငါကတော့ မင်း လိုသမျှကို နေရာတကျ စီထားပေးပြီးပြီ။ ဘာမှမကွဲစေနဲ့၊ မှောက်လည်း မကျစေနဲ့။ မင်း မှတ်ထားဖို့က ဖော်စပ်ဖို့ သုံးရမယ့် အရာတွေဟာ သိပ်ရှားပါးပြီး တန်ဖိုးကြီးတယ်။ ဒီလို အဆီအနှစ်ပုံစံမျိုး မင်း တစ်သက်လုံး ဖော်တောင် ပြန်ရမှာမဟုတ်ဘူး" ဟု ပြောသည်။ ဂရန်နွီက နားငြီးလာဟန်ဖြင့်...

"ကျွန်တော် ဘယ်လောက် ဖော်စပ်ပေးရမှာလဲ ဆရာ" ဟု ခပ်ပြတ်ပြတ် မေးသည်။ စကားစ မပြတ်သေးသော ဘာဒီနီက အူကြောင်ကြောင်နှင့်

"ဘာရယ်...၊ ဘာကိုလဲ" ဟု ပြန်မေးသည်။ ဂရန်နွီက တစ်ဂါလံလောက် အနည်းဆုံး ဆံ့သည့် ဆေးဖျော်သည့် ပုလင်းကြီးကို လက်ညှိုးထိုး ပြကာ...

"ရေမွှေး ဘယ်လောက်များများ စပ်ပေးရမှာလဲလို့။ ဆရာ ဘယ်လောက် လိုချင်လဲ။ ဒီပုလင်းနှုတ်ခမ်းအထိ ပြည့်သွားအောင် ထည့်ပေးရမလား" ဟု မေးသည်။ ဘာဒီနီက...

"ဘာ...၊ မထည့်ရပါဘူး" ဟု အလန့်တကြား ထအော်သည်။ ပြီးမှ သူ့အော်သံသူ ပြန်ရှက်ကာ...

"ငါ စကားပြောနေတုန်း ဖြတ်မပြောနဲ့လေ" ဟု ဟောက်ထည့်လိုက်သည်။ ထို့နောက် သူ့ကိုယ်သူ စိတ်ပြန်ထိန်းကာ တည်ငြိမ်သော လေသံဖြင့်...

"ဘာလို့ တစ်ဂါလံလောက် လိုမှာလဲ။ မများလွန်းဘူးလား။ အရမ်းနည်းသွားရင်လည်း ပစ္စည်းပမာဏကိုတိုင်းဖို့ သိပ်ခက်သွားမယ်။ မင်းကို ဒီပုလင်းရဲ့ သုံးပုံတစ်ပုံပဲ ခွင့်ပြုမယ်" ဟု ပြောသည်။ ဂရန်နွီက...

"ကောင်းပါပြီ။ ဒီပုလင်းရဲ့ သုံးပုံတစ်ပုံကို အဲမိုအန်ဆိုက်ကီ စပ်ပေးမယ်။

ဒါပေမဲ့ ကျွန်တော်က ကိုယ့်ဘာသာ လုပ်တတ်သလို လုပ်မှာနော်။ ပညာရှင်တွေ ဘယ်လိုလုပ်လဲဆိုတာ ကျွန်တော်မှ မသိဘဲ။ ကျွန်တော်က ကိုယ့်နည်းနဲ့ကိုယ်လုပ်မှာ” ဟု ပြောသည်။

ဤလုပ်ငန်းတွင် သူ့နည်း၊ ကိုယ့်နည်းဟူ၍ မရှိ၊ မည်သည့်အဆီအနှစ်ကို အချိုးမည်မျှ အတိအကျ ထည့်စပ်ရမည်ဟူသော ဖော်မြူလာသာ ရှိသည်။ တခြားနည်း ဘာမျှ မရှိ၊ ဤသည်ကို သိသည့် ဘာဒီနီက…

“လုပ်ပါ။ မင်း လုပ်တတ်သလိုသာ လုပ်ပါ” ဟု ပြောလိုက်သည်။ ဘာဒီနီသည် သူ့မျက်စိဖြင့် တပ်အပ်မြင်ရတော့မည့် အံ့ဖွယ်ဖြစ်ရပ်ကို ပထမတော့ လှောင်ပြောင်သရော်သလို မောက်မာစွာ၊ ထို့နောက် တုန်လှုပ်ချောက်ခြားစွာ၊ နောက်ဆုံး၌ အံ့ဩမှင်တက်စွာ စိန်ခေါ်လိုက်ခြင်း ဖြစ်သည်။ သို့သော် ထိုမြင်ကွင်းသည် သူ့မှတ်ဉာဏ်ထဲတွင် သေသည်အထိမေ့ပျောက်မရအောင် ခိုင်မာစွဲမြဲစွာ ထင်ကျန်ရစ်ခဲ့လေတော့သည်။

*****

အခန်း (၁၅)

ဂန်နီမည်သော ထိုလူရွယ်သည် ပထမဆုံး အရက်ဆီအိုးကြီး၏ ဘူးဆို့ကို ဖွင့်သည်။ ထိုအိုးကြီးကို ခက်ခက်ခဲခဲ မရသည့်ကပင် လေးလံလှသည်။ သူသည် ချင်ခွက်ကို လုံးဝမသုံးဘဲ ဖျော်ရည်ပုလင်းအဝနှင့် တော့ကာ တိုက်ရိုက်လောင်းထည့်သည်။ လူရွယ်၏ ဖြစ်ကတတ်ဆန်း လုပ်ရပ်ကို တွေ့လိုက်ရသော ဘာဒီနီခမျာ မျက်စိအပြူးသား၊ ပါးစပ်အဟောင်းသား ဖြစ်သွားကာ အရက်ပုလင်းကြီး ဘယ်တော့များ ကျကွဲမလဲဟု ရင်တမမနှင့် ကြည့်နေမိသည်။ စိတ်ထဲတွင်လည်း "ဘုရားရေ...၊ ဖယောင်းတိုင်မီးနဲ့သာ တွေ့လိုက်လို့ကတော့ ထပေါက်တော့မှာပဲ။ အမလေး...၊ ငါ့အိမ်တော့ ဒီအရူးကြောင့် မီးလောင်တော့မှာပဲ" ဟု ဘုရားတ နေမိသည်။

ဂန်နီ ထည့်ပြီး၍ အိုးကို ကြမ်းပြင်ပေါ် ပြန်ချလိုက်သည်နှင့် သူက အရှေ့သို့ ဆတ်ခနဲ တိုးကာ အဖုံးကို လုမ်းပိတ်လိုက်သည်။ ကြည်လင်သော အရက်ဆီ အရည်များက တစ်စက်မှ မဖိတ်မစဉ်ဘဲ ဖျော်ရည်ပုလင်းထဲ ရောက်သွားလေပြီ။ ဂန်နီက အခက်ခဲဆုံး အလုပ်တစ်ခု ပြီးမြောက်အောင်မြင် သွားသလိုမျိုး ကျေနပ်အားရသော အမူအရာနှင့် သက်ပြင်း တစ်ချက်ချသည်။ ဘာဒီနီက သူလုပ်သမျှကို တစ်စက်ကလေးမျှ အလွတ်မပေးဘဲ မျက်စိ ဒေါက်ထောက် ကြည့်နေသည်။ ဂန်နီက သူစီထားသော ပုလင်းများထဲမှကြုံရာ ပုလင်းတစ်လုံးကို ဆွဲယူကာ ဖန်ဘူးဆို့ကိုဖွင့်၍ နှာခေါင်းဝကို ဖျတ်ခနဲတေ့ရှူပြီး ဖျော်ရည်ပုလင်းထဲသို့ အစက်ချ၍ ထည့်သည်။ နောက်ပုလင်း များကိုလည်း ထိုသို့ပင် ပြုလုပ်သည်။ ဖန်ပြောင်းရှည်၊ အဝကျယ် ဖန်ပြွန်၊ ဖန်ခွက် စသည့် မည်သည့်ရေမွှေးစပ်ကိရိယာကိုမျှ လက်နှင့်တို့၍ပင် မကြည့်ချေ။ သူ့အသွင်က ရေ၊ မြက်၊ ရွှံ့ စသည်တို့နှင့် ချက်ပြုတ်တမ်း ကစားနေသော ကလေးတစ်ယောက် အလုပ်ရှုပ်နေသလိုပင်။

ဘာဒီနီက "ဟုတ်ပါရဲ့။ သူ့ပုံစံက ကလေးတစ်ယောက်လိုပါလား" ဟု စိတ်ထဲမှ တွေးနေမိသည်။ အမာရွတ်များ၊ ချိုင့်ခွက်ရာများ အပြည့်နှင့် မျက်နှာ၊ ရှည်လျားပွယောင်းသော နှာခေါင်း၊ ကိုးရိုးကားရားနိုင်သော လက်တံများ ရှိလင့်ကစား သူ့အသွင်က ကလေးတစ်ယောက်၏ အမူအရာနှင့် တူသည်။ သူ့ရုပ်ရည်က အသက်ထက်ပို၍ အိုစာနေတာပဲ။ တကယ်တော့ သူ့အသက်က ဘာဒီနီ ထင်ထားတာထက်ပင် အများကြီး ပိုငယ်မည့်ပုံ ရသည်။ မဝံ့မရဲ ကြောက်ရွံ့နေတတ်ပုံ၊ စကားအပြောအဆို မတတ်ပုံ၊ သူ့စကားကို လုံးစေ့ပတ်စေ့ နားမလည်ပုံ၊ ရှက်ကိုးရှက်ကန်း ဖြစ်နေတတ်ပုံက အပြစ်ကင်းစင်သော သုံးလေးနှစ်သားအရွယ်

ကလေးငယ် တစ်ယောက်နှင့် ဆင်သည်။ သူ့ကြည့်ရတာ စဉ်းစားဆင်ခြင်နိုင်သည့် ဦးနှောက်သိပ်ရှိပုံ မရ၊ တစ်ယောက်ယောက် ပြောဆိုခိုင်းစေသည့်အတိုင်း တစ်သဝေမတိမ်း လိုက်လုပ်မည့် ပုံစံမျိုး ဖြစ်သည်။ စားပွဲခုံနားတွင် မတ်တတ်ရပ်၍ တစ်လောကလုံးကို မေ့ကာ ဝင်းလက်သော မျက်လုံးအစုံနှင့် လုပ်ချင်ရာလုပ်နေသော ဤလူရွယ်သည် သူ ထင်ထားသည့်အတိုင်း အမှန်ပင် ဖြစ်လာလိမ့်မည်ဟူသော ကလေး တစ်ယောက်၏ တစ်ယူသန်ယုံကြည်မှုမျိုးဖြင့် အဲမိုအန်ဆိုက်ကီ ရေမွှေးကို ဖော်စပ်နေလေသည်။

ဘာဒီနီသည် ဖယောင်းတိုင်မီးရောင်အောက်တွင် ဖျော်ရည်ပုလင်းထဲ တွေ့ကရာ ကောက်ထည့်နေသော လူရွယ်ကို ကြည့်ကာ ရင်တလှပ်လှပ်နှင့် အသည်းယားလာသည်။ နေဝင်ရီတရော အချိန်တုန်းက သွေးရောင်လက်နေသော မြို့ကြီးကို ငေးကြည့်ရင်း ဝမ်းနည်းကြေကွဲခဲ့ရသည်၊ ယှူကျုံးမရ ဒေါသထွက်ခဲ့ရသည်။ ယခုမူ စိတ်မရှည်သော ကောင်လေးတစ်ယောက်က သူ့ကို အိမ်တိုင်ရာရောက်လာ၍ ပညာပေးနေသလို ခံစားရသည်။ ၎င်း၏ ခပ်ကြောင်ကြောင် သရုပ်ပြမှု ပြီးဆုံးသည့်အခါ ပိုးစိုးပက်စက်ကို ဆဲလွှတ်လိုက်ဦးမည်။ ဘာဒီနီသည် အသက်ကြီးမှ အစော်ကားခံရလေခြင်းဟု သူ့ဘာသာ အတွေးနယ်ချဲ့ကာ တစ်ယောက်တည်း ဒေါသထွက်နေလေသည်။

ထိုအချိန်တွင် ဂရ်နွီသည် ပုလင်းအားလုံး စုံအောင် ထည့်ပြီးသဖြင့် အဖုံးများ ပြန်ပိတ်သည်။ ဖျော်ရည်ပုလင်းအဝကို ဘယ်လက်ဖဝါးဖြင့် ပိတ်၍ ပုလင်းလည်တံကို ညာလက်ဖြင့် ဆုပ်ကိုင်ပြီးလျှင် အားနှင့်မာန်နှင့် လှုပ်ခါလေသည်။ ထိုအခါ ပုလင်းထဲရှိ ပျော်ရည်များမှာ ပုလင်းလည်တံအထိ မြောက်တက်လာလိုက်၊ ပုလင်းဖင်သို့ ပြန်ကျသွားလိုက်နှင့် သံပရာရည်ဖျော်သလိုမျိုး အထက်အောက် ရွေ့လျားကာ ပြောင်းဆန်နေတော့သည်။ ထိုအခြင်းအရာကို မြင်လိုက်သောအခါတွင်မူ ဘာဒီနီခမျာ တုန်လှုပ်ချောက်ချားမှုနှင့် ဒေါသကို ထိန်းနိုင်စွမ်းမရှိတော့ဘဲ...

"တော်လိုက်တော့..." ဟု အသံကုန်ဟစ်၍ စူးရှစွာ အော်ထည့် လိုက်သည်။

"ဒီလောက်ဆိုရပြီ သူတောင်းစားရဲ့၊ အခု ရပ်လိုက်စမ်း။ ပုလင်းကို ခုံပေါ် ပြန်တင်။ ဘာတစ်ခုမှ ထပ်မထိနဲ့တော့။ နားလည်လား၊ ဘာဆိုဘာမှ မကိုင်နဲ့။ မင်းပြောတဲ့ ပေါက်ကရ စကားတွေကို ယုံမိတဲ့ ငါကိုက မိုက်တာ။ ဒီပစ္စည်းတွေကို ဖြဲလရမ်း ကိုင်တွယ်တာ မြင်လိုက် ကတည်းက မင်းဟာ လမ်းဘေးက အောက်တန်းစား၊ အရိုင်းအစိုင်း သတ္တဝါမှန်း ငါသိသွားပြီ။ ဘာမှ ထပ်လုပ်ပြစရာ မလိုတော့ဘူး။ မင်းလုပ်ပုံနဲ့ဆို ရေမွှေးပညာရှင် ဖြစ်လာဖို့ မပြောနဲ့၊ သံပရာရည်တောင် ဖျော်ရောင်းလို့ရမှာ မဟုတ်ဘူးဟဲ့ လူမိုက်ရဲ့။ မင်းဆရာက မင်းကို သားရေနယ်ခိုင်းတာကိုပဲ ကျေးဇူးတင်။ ဒီပစ္စည်းတွေကို ထပ်ထိရဲရင်

ထိကြည့်လိုက်စမ်း။ ငါ့ရေမွှေးဆိုင်ကိုလည်း အရိပ်တောင်နင်းမယ် မကြံနဲ့၊ ကြားလား” ဘာဒီနီ ထိုသို့ ပြောဆိုနေစဉ်ပင် အဲမိုအန်ဆိုက်ကီ၏ ရနံ့က လေထဲမှာ သင်းလာသည်။ ရနံ့သည် စကားလုံး၊ အပြုအမူနှင့် ခံစားချက်တို့ထက် ပို၍ အားကောင်းစွာ ဆွဲငင်ညှို့ယူနိုင်စွမ်း ရှိသည်။ ရနံ့သည် အသက်ရှူ လိုက်သည်နှင့် ချက်ချင်း အဆုတ်ထဲသို့ အပြည့်အနက် ဝင်ရောက်သွားသဖြင့် ဆေးမိုဝဲသည် ထက်ပင် ပို၍ လျင်မြန်စွာ အာနိသင် ပြလေသည်။

ဂရန်နွီက ပုလင်းအဝကို ပိတ်ထားသော လက်ကိုရုပ်ကာ ခံ့ပေါ်သို့ ပြန်ချထားလိုက်ပြီး လက်ဖဝါးကို သူ့အင်္ကျီအနားစနှင့် သုတ်သည်။ ထို့နောက် ကုန်းတော့မလို ကွတော့မလို အူတိအူကြောင်နှင့် ကိုယ်ကိုရှို့ကာ အနောက်သို့ ခြေတစ်လှမ်းနှစ်လှမ်း ဆုတ်သွားသည်။ သူ့ပုံစံမှာ ဘာဒီနီ၏ စွပ်စွဲအပြစ်တင်စကားများက လှိုင်းအသွင် ပြောင်းကာ သူ့ကို လာရိုက်ခတ်သဖြင့် လွင့်စဉ်သွားသည့်နှယ်။ ဘာဒီနီကိုလည်း ဘာမှ ထပ်ပြောစရာ မလိုတော့။ အကြောင်းမှာ ဘာဒီနီ မှားယွင်းနေကြောင်း ဂရန်နွီ သက်သေပြလိုက်ပြီး ဖြစ်သောကြောင့်တည်း။ ဂရန်နွီက နှုတ်ဆိတ်၍သာ နေသည်။ ဘာဒီနီလည်း သူ့လိုပင် အသံတိတ်သွားသည်။ အကြောင်းမှာ ဂရန်နွီက သူ့အလုပ်သူ ပြီးမြောက်သွားပြီဖြစ်ကြောင်း ဘာဒီနီကိုယ်တိုင်လည်း သိသွားသောကြောင့် ဖြစ်သည်။

အဲမိုအန်ဆိုက်ကီရေမွှေးနံ့က တဖြည်းဖြည်း မွှေးအီလာသည်။ ဘာဒီနီက ကုတ်အင်္ကျီ အိတ်ကပ်ထဲမှ ဖြူဆွတ်နေသော လက်ကိုင်ပဝါတစ်ထည်ကို ထုတ်၍ ဖြန့်လိုက်သည်။ ဖျော်ရည်ပုလင်းမှ ရေမွှေးကို ဖန်ပြွန်ရှည်တစ်ချောင်းနှင့် စုပ်ယူ၍ လက်ကိုင်ပဝါပေါ် တစ်စက်နှစ်စက် ချသည်။ ထို့နောက် လက်ကိုင်ပဝါကို လေထဲသို့ ဆတ်ခနဲ ဝှေ့ယမ်းကာ နှာခေါင်းထိုး၍ ရှူကြည့်သည်။ နှာခေါင်းကို တစ်ချက်နှစ်ချက် ရှုံ့ကြည့်ပြီးနောက် ခွေးခြေ တစ်လုံးပေါ် ထိုင်ချလိုက်သည်။ ခနက ဒေါသကြောင့် နီမြန်းနေသော သူ့မျက်နှာက ချက်ချင်း လိုလို ဖြူဖျော့သွားသည်။ ဘာဒီနီက လက်ကိုင်ပဝါကို နှာခေါင်းနှင့် ဖိကပ်၍ ထပ်ရှူကြည့်လိုက်ပြီး ခေါင်းကို တွင်တွင်ခါလျက်...

“ဘုရား...၊ ဘုရား...၊ အံ့ဩစရာ ကောင်းလှချည်လား” ဟု တဖွဖွ ရွတ်နေမိသည်။

ထိုရနံ့သည် အဲမိုအန်ဆိုက်ကီ အစစ်ဖြစ်မှန်း သံသယဖြစ်စရာ လုံးဝမရှိ။ ယခုရနံ့ကို ပယ်လစ်ဆီယာကိုယ်တိုင်ပင် သူ့ရနံ့နှင့် ခွဲခြား၍ သိနိုင်မည် မဟုတ်။ ကြီးမြတ်သော ရေမွှေး ပညာရှင်ကြီး ဘာဒီနီသည် လက်ကိုင်ပဝါကို ကိုင်လျက် ရယ်ရမလို၊ ငိုရမလို ဖြူဖပ်ဖြူရော် မျက်နှာဖြင့် ခွေးခြေခုံတွင် ထိုင်ရင်း ငိုင်နေသည်။ “အံ့ဩစရာ ကောင်းလိုက်တာ” ဟူသော စကားတစ်ခွန်းမှလွဲ၍ သူဘာမှ

မပြောနိုင်တော့ချေ။

ထို့နောက် ထိုစကားလုံးကိုပင် မပြောနိုင်တော့ဘဲ စားပွဲပေါ်မှ ရေမွှေးပစ္စည်းများကိုသာ ကြည့်ရင်း ခေါင်းတညိတ်ညိတ်နှင့် ဟင်း...၊ ဟင်း.. ဟင်း.. ဟူသော အသံသာ ထွက်နေသည်။ ထိုစဉ် ဂန်နီက သူ့အနားသို့ အရိပ်တစ်ခုလို တိတ်တိတ်ကလေး ချဉ်းကပ်လာပြီး...

"အဲဒါက မွှေးတယ်လို့ ခေါ်ရမယ့် ရေမွှေး မဟုတ်သေးပါဘူး။ ဒီရေမွှေးမှာ ပါတာတွေက တော်တော် ညံ့သေးတယ်" ဟု ဆိုသည်။ ဘာ ဒီနီက "ဟင်း...၊ ဟင်း.. ဟင်း..." ဟုသာ ရေရွတ်နိုင်သည်။ ဂန်နီက ဆက်၍...

"ဆရာ ခွင့်ပြုမယ်ဆိုရင် ဒီထက် ပိုကောင်းတာကို ကျွန်တော် လုပ်ပြပါ့မယ်။ ခဏပဲ စောင့်ပါ။ ဘာနဲ့မှမတူတဲ့ ရေမွှေးတစ်ခု ကျွန်တော် လုပ်ပြမယ်" ဟု ပြောသည်။

ဘာဒီနီက "ဟင်း...၊ ဟင်း...၊ ဟင်း..." ဟုသာ ရေရွတ်၍ ခေါင်းညိတ်ပြသည်။ ဂန်နီက အရက်အိုးကို ဒုတိယမွှဲ မြှောက်ကာ ဖျော်ရည် ပုလင်းထဲသို့ လောင်းထည့်သည်ကိုလည်း သူဝင်မနှောင့်ယှက်နိုင်တော့။

ဂန်နီသည် လက်လှမ်းမီရာ အမွှေးနံ့သာ အဆီအနှစ်ပုလင်းများထဲသို့ ဖန်ပြွန်ကို ထိုးထည့်၍ စုပ်ယူကာ ဖျော်ရည်ပုလင်းထဲ တစ်စက်ချင်းချ၍ ရောစပ်သည်။ ဤတစ်ကြိမ်တွင် သူသည် ပုလင်းကို ယမ်းခါမနေတော့ဘဲ ခွက်တစ်လုံးထဲ ရေခဲတုံးနှင့် ဘရန်ဒီအရက်စပ်၍ လှုပ်ခါသလိုမျိုး ညင်သာစွာ ဝှေ့ဝိုက်၍ လှုပ်သည်။ ဘာဒီနီ့အကြိုက်ကို လိုက်၍ နူးညံ့ ညင်သာစွာ ပြုမူခြင်းလား၊ သို့မဟုတ် ဤတစ်ကြိမ် ထည့်စပ်သောအရာများက ပို၍ တန်ဖိုးကြီးနေသောကြောင့်လားတော့ မသိ။ ပုလင်းထဲမှာ ဝဲကတော့ လည်နေသော အရည်များကို ကြည့်ရင်း ဘာဒီနီက သတိဝင် လာသလိုမျိုး မတ်တတ်ထရပ်သည်။ နှာခေါင်းကိုတော့ နောက်တစ်ခါ ထပ်မံ အတိုက်ခိုက်ခံရမှာ စိုးသောဟန်ဖြင့် လက်ကိုင်ပဝါဖြင့် ဖိကပ်ထားဆဲ။ ဂန်နီက...

"ပြီးပြီ ဆရာ။ အခုဟာကမှ တကယ်မွှေးတဲ့ အနံ့" ဟု ဆိုသည်။ ဘာဒီနီက...

"အေး...၊ အေး...၊ ဟုတ်ပါပြီကွာ" ဟု ဆိုကာ လက်တစ်ဖက်ဖြင့် "သွားပါတော့" ဟူသော အမူအရာ လုပ်ပြသည်။ ဂန်နီက...

"စမ်းမကြည့်ချင်တော့ဘူးလား ဆရာ၊ စမ်းမကြည့်ချင်တော့ဘူးလား။ ဒီရနံ့ကို ဆရာ နမ်းမကြည့်တော့ဘူးလား" ဟု မေးသည်။

"နောက်မှ နမ်းကြည့်တာပေါ့ကွာ။ အခုတော့ စိတ်မပါသေးဘူး။ ငါ့စိတ်ထဲမှာ တခြားဟာတွေ ရောက်နေတယ်။ ကဲ သွားတော့၊ ပြန်ပါတော့"

ဘာဒီနီက ပြောပြီးပြီးချင်း ဖယောင်းတိုင် တစ်တိုင်ကိုယူကာ စတိုခန်းထဲမှ ထွက်၍ ဆိုင်ထဲ ရောက်သွားသည်။ ဂန်နီက သူ့အနောက်မှ လိုက်လာသည်။ သူတို့သည် အစေခံတန်းလျားဘက်သို့ ထွက်လာကြသည်။ ဘာဒီနီက တံခါးကို ဖွင့်ကာ ဂန်နီ ထွက်လို့ရအောင် လမ်းဖယ်ပေးသည်။ ဂန်နီက တံခါးရွက်နားတွင် ရပ်၍...

"ကျွန်တော် ဆရာ့ဆီမှာ အလုပ်လုပ်လို့ ရမလားဟင်။ မရဘူးလား" ဟု မေးသည်။

သူသည် ယခင်လို ခိုးကြောင်ခိုးဝှက် မျက်လုံးနှင့် ကုပ်ချောင်း ကုပ်ချောင်း ပုံစံ ပြန်ဖြစ်သွားသည်။ ဘာဒီနီက...

"မသိဘူး။ ငါ စဉ်းစားထားလိုက်ပါ့မယ်။ သွားတော့" ဟု ပြောလိုက်သည်။

ဂန်နီက ဖျတ်ခနဲ အမှောင်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားသည်။ ဘာဒီနီသာ ထိုနေရာတွင် မတ်တတ်ရပ်၍ ညအမှောင်ကို ငေးကြည့်ရင်း ကျန်နေခဲ့သည်။ ညာဘက်လက်တွင်တော့ ဖယောင်းတိုင်ကို ကိုင်လျက်၊ ဘယ်ဘက်လက်က နှာခေါင်းကို လက်ကိုင်ပဝါနှင့် ဖိလျက်သား။ မသိလျှင် နှာခေါင်းသွေး လျှံနေသလိုလို။ အမှန်မှာ သူ ကြောက်လန့်နေခြင်းသာ။ သူက တံခါးလက်ကိုင်ဘုကို ဆွဲ၍ လျင်မြန်စွာ ပိတ်ချလိုက်ပြီး ဆိုင်ထဲမှ တစ်ဆင့် စတိုခန်းထဲ ပြန်လျှောက်လာခဲ့သည်။

ဂန်နီ ဖော်စပ်ထားခဲ့သော ရေမွှေးကို နမ်း၍ပင် မကြည့်ရသေး၊ ဖျော်ရည်ပုလင်း တင်ထားသည့် စားပွဲခုံနား သွားရပ်၍ အသက်ရှုရုံနှင့်ပင် မွှေးရနံ့က မျက်ရည်စို့လာအောင် သင်းပျံ့ မွှေးကြိုင်လွန်းလှသည်။ သူ့ရေမွှေး ၏ အစွမ်းက ကြီးကျယ်ခမ်းနားလှပေစွ။ ဤရေမွှေးသာ သံစုံတီးဝိုင်း ဖြစ်ပါမူ အဲမိုအန်ဆိုက်ကီသည် အဖော်မဲ့စွာ တစ်ခုတည်း ချွန်ထွက်နေသော တယောတစ်လက်သာ ဖြစ်လိမ့်မည်။ မဟုတ်သေး၊ ဒီထက် ပိုသည်။ ဘာဒီနီက မျက်လုံးမှိတ်ကာ စိတ်ထဲမှာ နိုးထလာသော လှပသည့် အမှတ်တရ အဖြစ်အပျက်များကို မြင်ယောင် ကြည့်လိုက်သည်။ နေပယ်လ်မြို့က ပန်းဥယျာဉ်ထဲမှာ လမ်းလျှောက်နေသော ငယ်ရွယ်သည့် သူ့ကိုယ်သူ ပြန်မြင်သည်။ အနက်ရောင် ဆံခွေလိပ်များနှင့် မိန်းမတစ်ယောက်၏ လက်မောင်းမှာ လဲလျောင်းနေသော သူ့ကိုယ်သူ ပြန်မြင်သည်။ ပြတင်းပေါက်ပေါင်ပေါ်က နှင်းဆီပန်းစည်းအား ညလေညင်းကလေး တသုန်သုန် ဖြတ်သန်းတိုက်ခတ်သွားသည့်

ပုံရိပ်ကို မြင်သည်။ ကျေးငှက်သာရကာတို့၏ ကျီကျီကျာကျာ တေးသံကို ကြားသည်။ ဆိပ်ကမ်းရှိ ပျော်ပွဲစားရုံမှ လွင့်ပျံလာသော အဝေးက ဂီတသံကို ကြားသည်။ သူ့နားမှာ လေသံတိုးတိုးကလေးနှင့် ပြောသွားသော စကားလေးတစ်ခွန်းကို ကြားယောင်သည်။ ရှင့်ကို ချစ်တယ်။ ကြည်နူးမှုနှင့်အတူ သူ့ဆံပင်များထဲ ထိုးဖွသွားသည့် အရသာ။ အို…၊ ဒါတွေဟာ အခုလောလောဆယ်မှာများ ဖြစ်နေသလား။

ဘာဒီနီ မျက်လုံးဖွင့်ဖို့ ကြိုးစားကြည့်သည်။ ကျေနပ်ဝမ်းမြောက်မှုနှင့်အတူ ဟီးခနဲ ညည်းညူလိုက်မိသည်။ ဤရေမွှေးသည် သူ ယခင်ကသိခဲ့သော ဘာရေမွှေးနှင့်မျှ မတူ။ ၎င်းသည် ရေမွှေးတစ်ခုမှ လာသော ရနံ့တစ်ခုပင် ဟုတ်ပါလေစ။ ၎င်းသည် လောကသစ်တစ်ခုကို ဖန်တီးနိုင်သော၊ ပဥ္စလက်ဆန်သော၊ ပြည့်စုံကြွယ်ဝသော ကမ္ဘာကြီးတစ်ခု ဖြစ်ပေါ် လာစေသော၊ လက်ရှိခံစားနေရသည့် ဆင်းရဲဒုက္ခမှန်သမျှကို တစ်မဟုတ်ချင်း မေ့ပျောက်သွားစေသော၊ လွတ်လပ်သော၊ သာယာသော၊ မွှေးမြသော စသည့် မဆုံးနိုင်သော ခံစားချက်များကို မွေးဖွားပေးသော အရာတစ်ခု ဖြစ်သည်။ ငြိမ်းချမ်းမှုက သူ့တစ်ကိုယ်လုံးကို စီးဝင်၍ နှလုံးသားထဲအထိမူးယစ်ရီဝေနေစေသည်။

ဘာဒီနီသည် ဆိတ်သားရေများကို ဓားနှင့် လှီးဖြတ်သည်။ ထို့နောက် ၎င်းတို့ကို ကြွေလက်ဆေးကန်ထဲနှစ်ကာ ရေမွှေးအသစ်ကို ပုလင်းငယ်နှစ်လုံးထဲ ခွဲထည့်ပြီး ကျန်တာအကုန် သွန်ပစ်လိုက်သည်။ လက်ဆေးကန်ပေါ် ဖန်ပြားတစ်ချပ်ဖြင့် လုံအောင် ပိတ်သည်။ ခွဲထည့်ထားသော ပုလင်းငယ် နှစ်လုံးပေါ်တွင် “နေပယ်လ်ည” ဟု တံဆိပ်ကပ်သည်။ ထို့နောက် ဖယောင်းတိုင်မီးကို မှုတ်ကာ အခန်းထဲမှ ထွက်သွားသည်။

အိမ်ပေါ်ထပ်သို့ တက်၍ ဇနီးသည်နှင့်အတူ ညစာစားသောအခါတွင်လည်း သူဘာစကားမျှ မပြောတော့။ ညနေက ချမှတ်ထားသည့် ဂုဏ်သိက္ခာအကြောင်း ဆုံးဖြတ်ချက်များကိုလည်း တစ်ခွန်းမှ မဟတော့။

သူစိတ်ကောင်းဝင်နေမှန်း သတိထားမိသဖြင့် ဇနီးသည်ကလည်း ဘာမှ မပြောချေ။ သူမအတွက် သည်မျှနှင့်ပင် လုံလောက်နေပြီ။ သူသည် နိထရာဒမ်ဘုရားကျောင်းသို့ သွားမှာလည်း မဟုတ်တော့။ ထိုညက သူ့ဘဝ တွင် ပထမဆုံးအကြိမ်အဖြစ် ဘုရားရှိခိုးဖို့ကိုပင် မေ့လျော့သွားခဲ့လေသည်။

*****

အခန်း (၁၆)

နောက်တစ်နေ့မနက်တွင် ဘာဒီနီသည် ဂရင်မယ်ထံ တန်းတန်းမတ်မတ် သွားကာ ဆိတ်သားရေများကို တစ်ပြားမှ ဈေးမဆစ်ဘဲ ငွေပေးချေ လိုက်သည်။ ထို့နောက် ဂရင်မယ်ကို တောဒီအားဂျန့် အမည်ရှိ အရက်ဆိုင်သို့ခေါ်ကာ ဝိုင်ဖြူတစ်ပုလင်း တိုက်ပြီး ဂန်နီ့အား ဝယ်ယူလိုကြောင်း ပြောသည်။ ဘာအတွက် ဝယ်သည်ဟူသော အကြောင်းပြချက်ကိုတော့ မပြော။ အနံ့မွှေးသည့် သားရေထည် အော်ဒါ အများအပြား ဝယ်ယူစရာရှိကြောင်း ဇာတ်လမ်းဆင်၍ ဂန်နီ့ကို လိုလိုမည်မည် ခိုင်းရန်ဟုသာ ပြောသည်။ သူက ဝိုင်နောက်တစ်ပုလင်း ထပ်မှာပေးကာ ဂန်နီ့အတွက် ဂရင်မယ်ကို ဖရန့်ငွေ နှစ်ဆယ် ပေးသည်။

ထိုပမာဏသည် ဂရင်မယ်အတွက် အလွန် များပြားသောငွေကြေး ဖြစ်သည်။ သူ့ဘဝမှာ တစ်ချီတည်း သည်လောက် မြိုးမြိုးမြက်မြက် တစ်ခါမှမရဖူးသော ဂရင်မယ်က ချက်ချင်း လက်ခံလိုက်သည်။ အပေးအယူ တည့်သွားကြသောအခါ သူတို့နှစ်ယောက်သား ဂန်နီ စောင့်ဆိုင်းနေသည့် သားရေနယ်ရုံသို့ ပြန်ကြသည်။ ဂန်နီက အလုပ်ရှင်အသစ် ဘာဒီနီနှင့်အတူ ပွန့်အော်ရှန့်သို့ လိုက်သွားသည်။ ဂရင်မယ်က ထိုညနေတွင် လိုင်ယွန်းဒီအော် အရက်ဆိုင်မှာ ထပ်သောက်သည်။ ထို့နောက် ညနက်ပိုင်းအထိ မူးမူးရူးရူးနှင့် တောဒီအားဂျန့်ဆိုင် ပြန်သွားမည်ဟုဆိုကာ နွယ်နော်ချယ်လမ်းမှ သွားရမည့်အစား ဂျီယိုဖရေးအာညီလမ်းကို မှားရောက်သွားသည်။ ထိုလမ်းအဆုံးတွင် ကီဒက်အော်မက် အမည်ရှိ ဆိပ်ကမ်းသာ ရှိသည်။ သူသည် ခြေလှမ်းပင် မမှန်အောင် မူးရူးနေသောကြောင့် ကမ်းစပ်မှတစ်ဆင့် မြစ်ထဲသို့ မွေ့ရာကြီးတစ်ခုလို ထိုးကျသွားပြီး ရေနစ်၍ သေဆုံးသွားလေသည်။ မြစ်ရေက စီးအားကောင်းသော်လည်း သူ့အလောင်းကို ရေတိမ်ပိုင်းမှ ရေနက်ပိုင်းသို့ အချိန် အတော်ကြာအောင် ဆွဲယူရသည်။

သူ့အလောင်းသည် ပွန့်အော်ရှန့်တံတားအောက်မှ ငြိမ်သက်စွာ မျောပါသွားသည်။ တံတားပေါ်ရှိ ဘာဒီနီ၏အိမ်၌ အိပ်စက်အနားယူရန် ပြင်ဆင်နေသော ဂန်နီနှင့်ဆိုလျှင် ပေခြောက်ဆယ်သာ ကွာဝေးသည်။ အလုပ်ရှင်ဟောင်းက အေးစက်သော ဆဲန်မြစ်ထဲ၌ ခြေကားရား လက်ကားရား မျောပါသွားချိန်တွင် ဂန်နီက ဘာဒီနီ၏ စတိုခန်းတစ်ဖြစ်လဲ အလုပ်ရုံထဲမှာ အထုပ်အပိုးများကို နေရာချလျက် ရှိသည်။ မနက်မိုးလင်းသောအခါ အနောက်အရပ်ရှိ မြစ်ဝတွင် ပေါလောမျောလျက်ရှိသော ဂရင်မယ့်အလောင်းကို လူအများက တွေ့ရသည်။

ဂန်နီကတော့ သန်းလေးကောင်လို ကွေးကွေးကလေးခွေလျက် အိပ်စက်နေသည်။ အိပ်မက်ထဲမှာ ရန့်ပေါင်းစုံ စားသောက်ပွဲကြီး ကျင်းပကာ အောင်ပွဲခံနေသည်။ သူသည် အိပ်မက်ထဲက အမွှေးနံ့သာ အခိုးအငွေ့ထုကြီးများထဲ နစ်သထက် နစ်မြုပ်ရင်း အိပ်မောကျလျက် ရှိလေသည်။

*****

အခန်း (၁၇)

ဂန်နီ၏ အကူအညီဖြင့် ဂျူဆက်ပီဘာဒီနီ၏ စံအိမ်သည် တစ်ဖန်ပြန်၍ စည်ကားလာသည်။ ဥရောပတစ်လွှားမှာ ပို၍ နာမည်ကြီးလာသည်ဆိုလျှင် ပိုမှန်မည်။ ပွန့်အော်ရှန့်ရှိ သူ့ဆိုင်ကလေးတွင် ပါရှားနိုင်ငံလုပ် ခေါင်းလောင်းကလေးက မြည်သံမစဲတော့သလို ငှဟစ်ငှက်ရပ် နှစ်ကောင်လည်း ရေမွှေးများ ပန်းထုတ်၍ မဆုံးတော့ချေ။

ဂန်နီက စရောက်ရောက်ချင်း ညနေခင်းမှာပင် "နေပယ်လ်ည" ရေမွှေးကို အရက်အိုးအပြည့် ဖော်စပ်ပေးလိုက်သည်။ နောက်တစ်နေ့တွင် သူတို့၏လုပ်ငန်း နေ့ချင်းညချင်း ပေါက်မြောက်အောင်မြင်လာခြင်းမှာ အလုပ်သင်ဟုဆိုသော လူရွယ်နှင့် တစ်နည်းနည်း ပတ်သက်ရမည်ဟု ထင်သည်။ ထိုလူရွယ်သည် အလုပ်ခန်းထဲက ခွေးကလေးတစ်ကောင်လို ကုပ်တိကုပ်ချောင်းနှင့် အိမ်ထဲ၌သာ အောင်းနေတတ်သည်။ သူ့ဆရာအခန်းအပြင် ထွက်လာသည့်အခါ နောက်ကွယ်တွင် ဖန်ခွက်များ သုတ်လိုက်၊ ဆုံကို ဆေးကြောလိုက်နှင့်သာ မတ်တတ်ရပ်၍ ကျန်နေခဲ့တတ်တာကို မြင်ရသည်။ ဧကန္တ ဤအရာများကို ထိုလူရွယ်က ပြုလုပ်ခြင်းသာ ဖြစ်တန်ရာသည်။ ဘာဒီနီ ဆိုင်ထဲသို့ ယူဆောင်လာသမျှ သို့မဟုတ် ရှီးနျားကို ရောင်းချရန် ပေးထားခဲ့သမျှကို ဂန်နီကသာ ဖော်စပ်ပေးခြင်း ဖြစ်ရမည်။ ဘာဒီနီသည် အနံ့ခံရာတွင် ထိုလူရွယ်လောက် ထက်မြက်ပုံ မရ။ ဂန်နီ ထုတ်လုပ်သမျှကို သူက ရွေးချယ်စိစစ်ပေးခြင်းသာ ဖြစ်ရမည်ဟု တွေးသည်။

အချိန်ကြာလာသောအခါ အမွှေးနံ့သာများကို ဖြစ်သလို ရောစပ်နေသော ဂန်နီ၏ ပုံမကျပန်းမကျ နည်းလမ်းများက ဘာဒီနီအတွက် သိပ်မထူးဆန်းတော့ချေ။ သို့သော် ပြင်မပေးလျှင်လည်း ပြောင်းသွားမည့်ပုံ မရသဖြင့် တစ်နေ့တွင် ဘာဒီနီက ဂန်နီ့အတွက် မလိုအပ်ဟု ယူဆသည့်တိုင် ချိန်ခွင်၊ ခြင်ခွက်နှင့် ဖန်ပြောင်းများကို အသုံးပြု၍ ရေမွှေးဖော်စပ်ပုံကို သင်ပေးသည်။

နောက်ပိုင်းတွင် ဂန်နီသည် အရက်ဆီကို ရနံ့တစ်ခုအဖြစ် မယူဆတော့ဘဲ ရောစပ်ရသည့် အရည်တစ်မျိုးအဖြစ် သဘောထား ပြောင်းလာသလို ပြီးပြီးရော မပြုလုပ်တော့ဘဲ တဖြည်းဖြည်း ပညာရှင်ဆန်ဆန် လုပ်တတ်ကိုင်တတ်လာသည်။ ထိုအခါ ပထမဆုံးအကြိမ်အဖြစ် ဘာဒီနီက ဂန်နီ၏ ဖော်စပ်နည်းကို စနစ်တကျ လေ့လာနိုင်သွားသည်။ သူသည် ဂန်နီ၏ ဘေးမှာထိုင်၍ စာရွက်နှင့် ဖောင်တိန်ကို ကိုင်ကာ ဘယ်ဟာက အလေးချိန် ဘယ်နှအောင်စ ရှိသည်၊ ဘာပုလင်းကို ဘာပုလင်းနှင့် ရော၍ ဘယ်နှစက် ချရသည် စသဖြင့် လိုက်၍ ရေးမှတ်သည်။

ဖော်စပ်နည်း တစ်ခုချင်းစီကို နည်းလမ်းတကျ လေ့လာဆန်းစစ်သည်။ ဤသို့ဖြင့် နောက်ဆုံးတွင် ဘာဒီနီ ကိုယ်တိုင် ဂန်နီ၏ ဖော်မြူလာအတိုင်း လိုက်၍ ဖော်စပ်နိုင်လာသည်။

သို့သော် ဖော်မြူလာမရှိဘဲ ဖော်စပ်နိုင်သည့် ဂန်နီ၏ အစွမ်းကိုတော့ ပဟေဠိပဲ ဖြစ်ရမလား၊ အံ့သြဘနန်းပဲ ဖြစ်ရမလား မသိချေ။ အနည်းဆုံးတော့ ထိုအံ့ဖွယ်ကို ဖော်မြူလာတစ်ခုအဖြစ် ဖမ်းဆုပ်ရယူနိုင်ခဲ့ သည်။ သူ၏ ကိုင်ပိုင်ရေမွှေးကမ္ဘာလေး ပျက်တော့မည့်ဘေးမှ တားဆီး လိုက်နိုင်သောကြောင့်လည်း ကျေနပ်ဝမ်းမြောက်နေမိသည်။ ထိုအတောတွင်း ဘာဒီနီသည် ဂန်နီ တီထွင်သမျှ ရေမွှေးအားလုံး၏ ဖော်စပ်နည်းများကို သိလာသည်။ ဂန်နီ့ကိုလည်း မျက်စိဒေါက်ထောက် ကြည့်၍ မှတ်တမ်း မတင်နိုင်သမျှ ရနံ့အသစ်ကို ဖန်တီးခြင်း မပြုရဟု တားမြစ်လိုက်သည်။ သူ၏ ပဲပင်ပေါက်လက်ရေးဖြင့် ရေးထားသော ဖော်မြူလာပေါင်းများစွာကို စာအုပ်ငယ်နှစ်အုပ်တွင် ကူးရေးသည်။ တစ်အုပ်ကို မီးခံသေတ္တာထဲမှာ သော့ခတ်၍ သိမ်းဆည်းထားပြီး ကျန်တစ်အုပ်ကို သွားလေရာ သယ်သွားသည်။ ညဘက် အိပ်လျှင်တောင် စာအုပ်ကို အနားမှာ ထားမှ စိတ်ချသည်။

ဤဖော်မြူလာများကို စုဆောင်းထားခြင်းဖြင့် တပည့်ကျော်၏ ဖြစ်ကတတ်ဆန်း ဖန်တီးမှု အစွဲအလမ်းကို ချွတ်နိုင်လိမ့်မည်ဟု ယုံကြည်ထားသည်။ ဂန်နီရေမွှေးဖော်စပ်နေလျှင်လည်း ဘေးမှ ငအကြီးတစ်ယောက်လို မတ်တတ်ရပ်၍ ကြည့်မနေရတော့ဘဲ စူးစမ်းလေ့လာခြင်း၊ မှတ်တမ်းတင်ခြင်းဖြင့် ဖန်တီးမှု လုပ်ငန်းစဉ်ထဲ ပါဝင်ဆောင်ရွက်ရသဖြင့် သူ့ကိုယ်သူ ယုံကြည်မှုလည်း တိုးလာသည်။ ဤရနံ့များ၏ အောင်မြင်မှုက သေးသေးဖွဲဖွဲ မဟုတ်ကြောင်း ယုံကြည်လာသည်နှင့်အမျှ စာအုပ်ထဲသို့ ရေးမှတ်သည့်အခါတိုင်း တခြားစီးပွားရေးသမားဆီ ရောက်မသွားအောင် သေသေချာချာ ရင်ဝယ်ပိုက်၍ ထိန်းသိမ်းစောင့်ရှောက်ရမည်ဟု ခိုင်မာစွာ ဆုံးဖြတ်မိသည်။ ယခုတော့ ဤဖော်မြူလာများက သူပိုင်ပစ္စည်း ဖြစ်လာပြီ မဟုတ်လား။

ဘာဒီနီက အလုပ်ကို စည်းနှင့်ကမ်းနှင့် ခိုင်းစေခြင်းက ဂန်နီ့အတွက်လည်း အမြတ်ထွက်သည်။ ရေမွှေးတစ်ခုကို ပြန်လည်ဖော်စပ်ရသည့်တိုင် ဂန်နီက ဖော်မြူလာကို ဘယ်တော့မှ ပြန်မကြည့်တတ်ချေ။ အကြောင်းမှာ ထိုရေမွှေး၏ရနံ့ကို သူ လုံးဝ မမေ့သောကြောင့်ဖြစ်သည်။ သို့သော် ခြင်ခွက်များ၊ ချိန်ခွင်များကို အသုံးပြုခြင်းဖြင့် ရေမွှေးဖော်စပ်ပုံ နည်းလမ်းအဆင့်ဆင့်ကို သင်ယူလာနိုင်ခဲ့သည်။

ရက်ပေါင်းများစွာ ကြာသောအခါ ဂန်နီသည် ဘာဒီနီ၏ အလုပ်ခန်းထဲမှ ရနံ့များ၏ အမည်များသာမက ကိုင်ပိုင်ရေမွှေးဖော်မြူလာများကိုလည်း သူ့နည်းသူ့ဟန်ဖြင့် မှတ်သားလာနိုင်သည်။ အပြန်အလှန်အားဖြင့် အခြားသူများ၏

ရေမွှေးဖော်မြူလာများကိုရော အခြားပစ္စည်းများတွင် ပါဝင်သည့် မွှေးရနံ့ပမာဏများကိုပါ သိရှိလာသည်။ ထိုမျှသာမက အစက်ပေါင်း မည်မျှပါဝင်သည်ကို တဖြည်းဖြည်း ခန့်မှန်းလာနိုင်သည်နှင့်အမျှ တစ်ဆင့်ချင်း စမ်းသပ်ထုတ်ဖော်ကြည့်ဖို့ပင် မလိုအပ်တော့ပေ။ ဘာဒီနီက ရေမွှေးလက်ကိုင် ပဝါ၊ မျက်နှာချေ၊ အမွှေးထုပ် တစ်ခုခုကို အနံ့သစ် လိုချင်သည်ဟု တာဝန်ပေးလိုက်သည်နှင့် ပုလင်းများ၊ အမှုန့်များကို သွားယူစရာမလိုဘဲ ဖော်မြူလာကို တစ်ထိုင်တည်း လက်တန်းရေးချပေးနိုင်သည်အထိ ကျွမ်းကျင် လာသည်။ ယခုဆိုလျှင် စိတ်ထဲတွင် သိရုံသာ မဟုတ်၊ သူ သိသမျှ ဖော်မြူလာကို ချရေးပြနိုင်သည်။ ထိုကိစ္စသည် သူလုပ်နေကျ ပုံစံနှင့် သွေဖည်နေသော်လည်း ဘာဒီနီ၏ အမြင်မှာတော့ နည်းလမ်းတကျ ထုတ်ဖော်ခြင်းသာ ဖြစ်သည်။

ဂရန်နွီ၏ အံ့ဖွယ်စွမ်းပကားကတော့ အရင်အတိုင်း ပြောင်းလဲမသွားချေ။ လုပ်ငန်းသုံး ကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်လာလေလေ၊ ပို၍ သာလွန်ကောင်းမွန်သော ရေမွှေးများကို ဖော်စပ်နိုင်လာလေလေ ဖြစ်သည်။ ထိုအခါမှ သူ့ဆရာ ဘာဒီနီကလည်း သူ့အပေါ် ယုံကြည်ကာ ဟင်းချနိုင်တော့သည်။ သူ၏ ထူးခြားသော ပါရမီကြောင့် ဘာဒီနီက ဂရန်နွီ့ကို ဒုတိယ ဖရန်ဂျီပန်နီဟုပင် မယူဆနိုင်တော့ဘဲ ရေမွှေးမှော် အောင်ထားသည့် လူထူးလူဆန်းတစ်ယောက်အဖြစ် အသိအမှတ် ပြုလာသည်။ ဂရန်နွီသည် ဘာဒီနီလိုပင် လှုပ်သည် ဆိုရုံမျှနှင့် နှာခေါင်းဝသို့ ရေမွှေးနံ့ သင်းပျံ့လာအောင် ကိုင်တွယ်တတ်လာသည်။ သည်ကြားထဲတွင် အရည်စစ်ထုတ်ဖို့ မေ့လျော့ ခြင်း၊ အချိန်အတွယ် မှားယွင်းခြင်း၊ ဖော်မြူလာထဲတွင် ပစ္စည်းပမာဏ လွဲမှားနေခြင်း မဖြစ်အောင် ဘာဒီနီက ဆူ၍ တစ်မျိုး၊ ဆဲ၍တစ်ဖုံ သွန်သင်သည်။

တစ်လောကလုံးတွင် သူ့ကို ဘာဒီနီလို သင်ကြားပေးနိုင်မည့်သူ ရှိမည်မဟုတ်သလို ဘယ်ဆိုင်မှ ဘာဒီနီ၏ ဆိုင်လောက် ရေမွှေးပစ္စည်း စုံလင်စွာ မရှိသဖြင့် ဂရန်နွီသည် ရေမွှေးဖော်စပ်တတ်လာရုံသာ မဟုတ်၊ ရေမွှေးအစစ်ဟူသည် အဘယ်ကဲ့သို့သော ရနံ့မျိုး ဖြစ်ရမည်ဟူသော အသိပညာပါ ရလာလေသည်။ သို့သော် ဘာဒီနီ့ဆီမှာ ဖန်တီးလို့ရသည့် ရနံ့များမှာ သူ့စိတ်ထဲမှာရှိနှင့်နေသော ရနံ့များနှင့် နှိုင်းစာလျှင် ကစားစရာသာသာ ဖြစ်လေသည်။ ထိုရနံ့များကို တစ်နေ့နေ့ ဖန်တီးနိုင်ရမည်ဟု သူ မှန်းထားသည်။ သည့်အတွက် မရှိမဖြစ် ရှိရမည့် အရာနှစ်ခု သူ့မှာ လိုသေးသည်။ ပထမတစ်ခုမှာ သူ့စိတ်ထဲက ဆန္ဒ သို့မဟုတ် ရည်ရွယ်ချက်

အစစ်အမှန်ကို ဖုံးကွယ်ထားနိုင်သည့် အဆင့်သတ်မှတ်ချက် တစ်ခုခု ဖြစ်သည်။ ဥပမာ အလုပ်သင်ဆိုသည်ထက် အနည်းဆုံး ပို၍ အဆင့်မြင့်သော ရာထူးတစ်ခုခု ဖြစ်သည်။ ဒုတိယတစ်ခုမှာ ရနံ့တစ်ခု မည်သို့ သီးခြားဖြစ် တည်လာသလဲဟူသော မူလအရင်းခံ၊ မည်မျှအချိန်အထိ မွှေးပျံ့နိုင်သလဲ ဟူသော

ရန့်တစ်ခု၏ သက်တမ်း၊ မူလရန့်ကို မပျောက်ပျက်အောင် မည်သို့ ထိန်းသိမ်းနိုင်မလဲဟူသော အတတ်ပညာပင် ဖြစ်သည်။ ဂန္ဓသည် ကမ္ဘာ ပေါ်တွင် အနံ့ကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာနိုင်သော အထူးခြားဆုံး နှာခေါင်းပိုင်ရှင် ဖြစ်သော်လည်း သူသိသမျှ ရန့်များအားလုံးကို လက်တွေ့မှာ ရုပ်လုံးပေါ်လာအောင် ဖန်တီးနိုင်သော စွမ်းရည်တော့ မရှိသေးချေ။

*****

အခန်း (၁၈)

ဂန်နီသည် ဝက်ဆီမှ ဆပ်ပြာကိုလည်းကောင်း၊ ရှမ္ပိုင်းဟုခေါ်သော ဒရယ်သားရေဖြင့် လက်အိတ်ကို လည်းကောင်း၊ အယ်လ်မွန်မှုန့်၊ ဂျုံနှင့် ဝိုင်အိုလက်အမြစ်တို့ဖြင့် ကိုယ်လိမ်း ပေါင်ဒါမှုန့်ကို လည်းကောင်း၊ မီးသွေး၊ နံ့သာဖြူခေါက် စသည်ဖြင့် ဖယောင်းတိုင်မွှေးကို လည်းကောင်း၊ ပယင်းမှုန့်၊ ကရမက်တို့ဖြင့် ခံတွင်းမွှေးငုံဆေးပြားကိုလည်းကောင်း၊ သစ်ကြံပိုးခေါက်၊ နံ့သာစေး စသည့်ဖြင့် အမွှေးတိုင်ကိုလည်းကောင်း၊ နှင်းဆီပွင့်၊ လာဗန်ဒါပွင့် စသည်ဖြင့် မျက်နှာချေကိုလည်းကောင်း ဖြူနီပြာဝါ ရောင်စုံနှုတ်ခမ်းဆိုးဆေး၊ လက်သည်း ဆိုးဆေးမှုန့်၊ ပရုတ်အေး သွားတိုက်မှုန့် စသည့် ကုန်ပစ္စည်း အမျိုးမျိုး ပြုလုပ်နည်းများကို ဝမ်းမြောက်စွာ သင်ယူသည်။

ထိုမျှမက ဘာဒီနီက သူ့ဆိုင်အတွက် သီးသန့် သင်ကြားပို့ချသော နေလောင်၊ တင်းတိပ် စသည့် အစက်အပြောက်များကို ဖယ်ရှား၍ အသား အရေချောမွေ့အောင် ပြုလုပ်နည်း၊ ဆံပင်ကောက်ဆေး၊ ကြွက်နို့၊ အသားမာ ပျောက်ဆေး၊ မျက်လုံးတစ်ဝိုက်ကို အားဖြည့်ပေးသော ညလိမ်းခရင်မ်၊ ပူစီနံအရသာ သွားတိုက်ဆေးမှုန့် စသည့် အလှအပဆိုင်ရာ အရည်၊ အမှုန့်၊ အဆီအနှစ်များသာမက အမျိုးသားများအတွက် ကာမအားတိုးအဆီနှင့် အမျိုးသမီးများအတွက် သန့်စင်ဆေးရည်လုပ်နည်းတို့ကိုပါ ဘာမျှအထွန့် မတက်ဘဲ အောင်မြင်စွာ သင်ယူနိုင်ခဲ့သည်။

ဘာဒီနီ ဘယ်အချိန် ထသင်သင် သူက တစ်ချက်မျှ မညည်းမညူဘဲ အကုန် လိုက်လုပ်သည်။ အယ်လ်မွန်စေ့ကို ထောင်းသည့်အခါ၊ ဒရယ်သိုကို မွှေရသည့်အခါ၊ ဝိုင်အိုလက် အမြစ်ကို ခြစ်ထုတ်သည့်အခါ ဘယ်တော့မှ မောသည်ပန်းသည် မရှိ။ ဖန်ပြွန်ဝမှ သန့်စင်သည့် သံပရာဆီ တစ်စက်ချင်း ကျလာအောင် သူ ကြိုးစားသည်။ ပူနွေး၍ အရိပ်ရသော နေရာများ၌ အပွင့်အရွက်တို့ကို အခြောက်ခံ၍ မြေအိုး၊ ဖန်ပေါင်းချောင် စသည်တို့တွင် ဖယောင်းဖြင့် ပိတ်၍ အနံ့မပျောက်အောင် ထိန်းသိမ်းသည်။ အရည်စစ်ထုတ်ခြင်း၊ အနှစ်ရအောင်ကျိုခြင်း၊ သန့်စင်ခြင်း၊ ပေါင်းခံခြင်း၊ ရောစပ်ခြင်း စသည့် နည်းနာအဖြာဖြာကို အသေးစိတ် သင်ယူသည်။ ဘာဒီနီ၏ အလုပ်ခန်းသည် အပွင့်၊ အရွက်၊ အခက်၊ အလက် ကုန်ကြမ်းများ စုံလင်အောင် ရှိသော်လည်း လတ်ဆတ်သော အရည်အသွေး ရရှိအောင် ထားဖို့တော့ မလွယ်ကူချေ။

ဈေးပေါပေါဖြင့် ရလာသည့် ရိစ်မေရီ၊ ကလျာဏီ၊ ပူစီနံ၊ နာနတ်ပွင့်

လတ်လတ် ဆတ်ဆတ်တို့ကိုလည်းကောင်း၊ သဘော်ဖြင့် တင်ပို့လာသည့် ကရဝေးစေ့၊ ဗယ်လာရီယမ်အမြစ်၊ ဇာတိပ္ဖိုလ်သီး၊ သုံးရွက်ဆိုင်ပွင့်ခြောက် တို့ကိုလည်းကောင်း ဖိုဝိဋ္ဌာကြီး ဘာဒီနီက ကြေးပေါင်းဖိုကြီး တစ်လုံးဖြင့် အဆီရအောင် ပေါင်းခံသည်။

ထိုကြေးပေါင်းဖိုကြီးကို လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်က လင်ဂူရီးယားနှင့် လူဘာရှန် တောင်တန်း တစ်ဝိုက်က ကွင်းပြင်များတွင် လာဗန်ဒါပန်းများကို အဆီထုတ်သည့်အခါ အသုံးပြုခဲ့ဖူးသည်ဟု ဂုဏ်ယူစွာ ကြွားလုံးထုတ်သည်။ ဂရ်နွီက ဘုသိဘမသိဖြင့် ဖိုကို မီးပြင်း တိုက်သည့်အခါ ဘာဒီနီခမျာ ဆောက်တည်ရာမရ ယောက်ယက်ခတ်၍ သူ့အား အလျင်အမြန် တားဆီးကာ ပေါင်းခံသည့်နေရာတွင် မီးအရှိန်က အလွန်အရေးပါကြောင်း၊ ကြေးပေါင်းဖို အောက်ခြေရှိ ရေကို မပြတ်အောင် ဖြည့်၍ မီးအရှိန်ကိုလည်း အပိုအလို မရှိအောင် ထိန်းပေးရကြောင်း ဆုံးမရသည်။ သူက အပင်များကို နုပ်နုပ်စဉ်း၍ ထည့်လိုက်၊ ကြေးပိုက်ခေါင်းနှင့် သွယ်ထားသည့် ပိုက်များကို ရေဖြည့်လိုက် လုပ်ပြသည်။ ထိုဖိုကြီးသည် အအေးခံရမည့် အချိန်ရောက်လျှင် ကျယ်လောင်သော မြည်သံကြီးနှင့်အတူ လေမှုတ်ထုတ်သည်။ ကြေးပေါင်းဖိုကြီးသည် တဖြည်းဖြည်း ဆူပွက်လာပြီး ပေါင်းခံရည်များက ပိုက်မှတစ်ဆင့် ဘာဒီနီ အသင့်ခံထားသော ဖန်အိုးထဲသို့ ပထမ တစ်စက်ချင်း၊ ထို့နောက် ချည်မျှင်လို တန်း၍ စီးကျလာသည်။ ထိုဖန်အိုးကို အနည်ထိုင်အောင် စောင့်လိုက်သောအခါ အောက်ဘက်တွင် ပန်းရည်ကြည်၊ အပေါ်ဘက်တွင် အဆီအနှစ်အဖြစ် နှစ်လွှာကွဲထွက်သွားသည်။ အနံ့ပျော့သော ပန်းရည်ကြည်ကို တခြားဖန်ပုလင်းထဲသို့ ဂရုတစိုက်လောင်းထည့် ဖယ်ရှားပြီးသောအခါ မွှေးရနံ့ ပြင်းသော ပန်းအဆီအနှစ်တို့သာ ကျန်ရစ်ခဲ့တော့သည်။ ဂရ်နွီ မြင်ရသမျှထဲ၌ အဆွဲဆောင်နိုင်ဆုံးမှာ မွှေးရနံ့ ထုံသင်းနေသော အဆီအနှစ်ကို ထုတ်ယူသည့် ဤအပိုင်းပင် ဖြစ်သည်။

ပေါင်းခံခြင်းလုပ်ငန်းစဉ် ပြီးစီး၍ ကြေးပေါင်းဖိုထဲမှ ထည့်ထားသမျှကို ထုတ်ယူ ကြည့်လိုက်သောအခါ ၎င်းတို့မှာ စိုထိုင်းနေသော ကောက်ရိုးများ၊ အရောင်ချွတ်ထားသော ၄က်ရိုးများ၊ ကြာရှည်စွာ အပြုတ်ခံထားရသော ဟင်းသီးဟင်းရွက်များလို ဖြူဆုတ်၍ ပျော့အိတွဲကျလျက် မူလအသွင် လုံးလုံးပျောက်ကွယ်နေသလို ဘာအနံ့မှလည်း စွဲကျန်ရစ် မနေခဲ့တော့ချေ။ သူတို့က ထိုအရာများကို ပြတင်းပေါက်မှတစ်ဆင့် မြစ်ထဲသို့ လွှင့်ပစ် လိုက်ကြသည်။ ထို့နောက် အသစ်များ ထပ်ထည့်၍ ပေါင်းကြပြန်သည်။ ကြေးပေါင်းဖိုကြီး ဆူ၍ စီးကျလာသော ပန်းတို့၏ အသက်သွေးကို ဖန်အိုးဖြင့် ခံယူပြန်သည်။ ဤသို့ဖြင့်တစ်ညလုံး အကြိမ်ကြိမ် အဖန်ဖန် အဆီထုတ်ကြသည်။

နောက်တစ်သုတ် ပြန်မစရမချင်း ဘာဒီနီက မီးဖိုကို စောင့်ကြည့်နေသလို

ဂန်နီကလည်း ဖန်အိုးဆီမှ အကြည့်မလွှဲချေ။ သူတို့သည် မီးဖိုဘေးမှာ ခွေးခြေခုံကလေးများဖြင့် ထိုင်စောင့်ကြသည်။ ဘာဒီနီက ကြေးပေါင်းအိုးကြီးကို ကြည့်လိုက်၊ ထင်းများ မီးလောင်ကျွမ်းသံ တဖြောက်ဖြောက်ကို နားထောင်လိုက်၊ မီးတောက်များကို ကြည့်လိုက်၊ ရေပွက်သံ တဗွမ်းဗွမ်းကို နားထောင်လိုက်နှင့် ဟိုးအရင်နေ့ရက်များကို ပြန်သတိရကာ ပျော်မြူးနေသည်။

မီးအပူရှိန်ကြောင့် ရေဆာသဖြင့် ဘာဒီနီက ဆိုင်ထဲမှ ဝိုင်တစ်ပုလင်း သွားယူသောက်သည်။ အရင်ကလည်းသည်လိုပဲ ပြုနေကျပင်။ ထို့နောက် အတိတ်က အကြောင်းများကို စပြောတော့သည်။ သူကိုယ်တိုင် ပါဝင်ဆင်နွှဲ ခဲ့ရသည့် ဩစတီးယားလူမျိုးများကို အောင်နိုင်ခဲ့သော စပိန်စစ်ပွဲအကြောင်း၊ ဆေးဗန်းတောင်မှာ သရဲခြောက်ခံရသည့်အကြောင်း၊ အစ်စတာဟဲမြို့က ပြင်သစ်ပရိတက်စတင့် ခရစ်ယာန်ဘာသာဝင်တစ်ယောက်၏ သမီးက လာဗန်ဒါပန်းနံ့ကို အရူးအမူး စွဲလမ်းသည့်အကြောင်း၊ တောထဲမှာ မီးဖိုရင်း မီးတောက်များက ဒေသကြီးတစ်ခုလုံး ပါသွားလောက်အောင် ကြီးလာသည့် အကြောင်း၊ ကောင်းကင်ဘုံ ရှိသကဲ့သို့ ငရဲလည်း ရှိကြောင်း၊ ပြင်သစ်တောင်ပိုင်းမှာ လေထန်သည့်အကြောင်း စသဖြင့် မဆုံးနိုင်အောင်ပင်။ ထပ်တလဲလဲ ပြောသည်ကတော့ ကွင်းပြင်ထဲမှာ ကြေးပေါင်းဖိုကြီးဖြင့် ပန်းဆီ ထုတ်သည့်အကြောင်း ဖြစ်သည်။ ညဘက်များတွင် လရောင်ဖြင့် ဝိုင်ပုလင်းကို အဖော်ပြုရင်း ပုစဉ်းရင်ကွဲသံများကို နားထောင်ရသည့် အကြောင်း၊ သူဖန်တီးခဲ့သော လာဗန်ဒါပန်းဆီတစ်မျိုးမှာ လွန်စွာ မွှေးပျံ့သည့်အကြောင်း၊ ဂျီနိုအာမြို့က လက်ထောက်တစ်ယောက်အကြောင်း၊ ဂရက်ဆေးမြို့က အလုပ်သမားအကြောင်း၊ ထိုမြို့တွင် ရေမွှေးပညာရှင်များမှာ ဖိနပ်ချုပ်သမားများလို များပြားလှကြောင်း၊ တချို့ဆိုလျှင် မင်းသားတစ်ပါးလို ပန်းဥယျာဉ်ပါသော စံအိမ်တော်ကြီးများဖြင့် ချမ်းသာကြွယ်ဝစွာ နေထိုင်ကြသည့်အကြောင်း၊ ရွှေအတိပြီးသော ဇွန်းခက်ရင်းများ၊ ကြွေသားပန်းကန်ခွက်ယောက်များနှင့်သာ ပွဲတော်တည်တတ်ကြောင်း စသဖြင့်။

ထိုဇာတ်လမ်းများကို စိတ်ပါလက်ပါ ပြောပြနေစဉ် တစ်လျှောက်လုံး ဘာဒီနီ၏ ပါးပြင်သည် ဝိုင်မူးသည့် အရှိန်ကြောင့်ရော မီးတောက်များ အရောင်ဟပ်သောကြောင့်ပါ နီမြန်းနေလေသည်။ သို့သော် မှောင်ရိပ်ထဲတွင် ထိုင်နေသော ဂန်နီကတော့ သူ့စကားကို တစ်လုံးမျှ နားထောင်၍ မနေသလို စိတ်ဝင်စားခြင်းလည်း လုံးဝမရှိချေ။ သူ စိတ်အဝင်စားဆုံးက မျက်စိရှေ့ တွင် မြင်နေရသည့် ကြေးပေါင်းဖိုကြီး၏ လုပ်ဆောင်မှုသာ ဖြစ်သည်။

ဂန်နီသည် အပေါ်သို့ ဝေ့တက်၍ ပြွန်မှတစ်ဆင့် ဖြတ်သန်းစီးဆင်းလာသော ပေါင်းခံရည်ကို မျက်တောင်မခတ်တမ်း ငေးကြည့်ရင်း သူ့ကိုယ်သူ ကြေးပေါင်းဖိုကြီးအဖြစ် မြင်ယောင်ကြည့်သည်။ သူ့ကိုယ်ထဲမှာ မှတ်သား

သိမ်းဆည်းထားသော အနံ့များကို ဤသို့ အဆီအနှစ် ထုတ်လိုက်ရလျှင် မည်မျှကောင်းမည်နည်းဟု တွေးသည်။ ကမ္ဘာကြီးကို ပန်းပေါင်းစုံရနံ့တို့ ကြိုင်လှိုင်သင်းပျံ့နေသည့် ဒေင်ပန်းဥယျာဉ်ကြီးအဖြစ် ပြောင်းလဲပစ်လိုက်ချင်သည်။ သို့သော် ကမ္ဘာလောက်ကြီးသည့် ဖိုကို ပြုလုပ်ရန် မဖြစ်နိုင်ရကား သူ့စိတ်ကူးကို လက်လျှော့လိုက်ရသည်။

သို့သော် ဘာဒီနီကတော့ ဝိုင်အရှိန်ဖြင့် အရင်က ဇာတ်လမ်းများကို နားထောင်သူ ရှိသည့်အလား ပြော၍ မဆုံးချေ။ ဂန်နွီက ပြောချင်ရာ ပြောနေသော ဘာဒီနီကို လွှတ်ထားလိုက်ပြီး သူ့ရည်မှန်းချက် အောင်မြင်ဖို့ မည်သို့ ဆက်၍ပြုရမည်ကိုသာ ကြံဆနေလေသည်။

*****

အခန်း (၁၉)

သိပ်မကြာသော အချိန်မှာပင် ဂန်နီသည် ပေါင်းခံပညာကို အထူးကျွမ်းကျင်လာသည်။ ပေါင်းခံရာတွင် မီးအပူရှိန်သည် အဓိက ဖြစ်ကြောင်း သူ့နှာခေါင်းက ဘာဒီနီ၏ စည်းမျဉ်းများထက် ပို၍တိကျစွာ သိလာသည်။ အပင်တိုင်း၊ အပွင့်တိုင်း၊ အဆီထွက်သော အစေ့တိုင်းတွင် သူ့သတ်မှတ်ချက်အလိုက် ပေါင်းခံမီး အတိုးအလျှော့ရှိသည်။ တချို့အပင်များကို မီးပြင်းတိုက်ရသော်လည်း တချို့ကိုတော့ ရေပွက်ရုံသာ ထားရသည်။ တချို့အပွင့်များမှာ မီးတောက်ရုံသာ အပူပေးရန် လိုသည်။ ပြင်ဆင်ပုံလည်း သူ့နည်း သူ့ဟန်နှင့် တစ်မျိုးစီ ကွဲပြားသည်။ လာဗန်ဒါ၊ ပူစီနံ စသည်များကို အစည်းလိုက် ထည့်ရသည်။ အခြားအရာများမှာ အပွင့်ချည်း ခြွေ၍သော် လည်းကောင်း၊ အပိုင်းပိုင်း ခုတ်ထစ်၍သော်လည်းကောင်း၊ တစ်စစီဖြစ်အောင် ထုနက်ခြေမွ၍သော်လည်းကောင်း၊ အချို့ဆိုလျှင် အနယ်အနှစ်ရအောင် မွှေနှောက်ကြိတ်ခြေပြီးမှ ထည့်ရသည်။ ပေါင်းခံရည် လုံးဝထုတ်၍ မရသည့် အရာများလည်း ရှိသည်။ ထိုအရာများကိုတော့ ဂန်နီ အသည်းအယားဆုံး ဖြစ်သည်။

ဘာဒီနီက သူ့ကို ပေါင်းဖိုကြီးအပ်ကာ စိတ်ကြိုက် စမ်းသပ်ခွင့်ပေးလိုက်သောအခါ သူစမ်းချင်ရာကို လွတ်လွတ်လပ်လပ် စမ်းသပ်ခွင့်ရသွား သည်။ ဂန်နီသည် နေ့ဘက်တွင် ရေမွှေးနှင့် အခြားနံ့သာပစ္စည်းများကို ပုံမှန် ထုတ်လုပ်ပေးသည်။ ညဘက်တွင်တော့ စိတ်ထဲပေါ်လာသမျှကို ပေါင်းဖိုထဲထည့်၍ အဆီရအောင် ကြိုးစားလေသည်။ ပထမတော့ သူ့ဟာနှင့်သူ ဟုတ်သလိုလို ရှိသည်။ ဖက်ယားပင်မှ အဆီထုတ်ကြည့်သည်။ ထင်းရှူးအခက်၊ အယ်ဒါပင်၏ အကိုင်း စသည်မှ အရည်ထွက်အောင် ကြိုးစားကြည့်သည်။ ထွက်လာသော အဆီအနှစ်တို့သည် မူလအနံ့ရှိပါသော်လည်း အမွှေးနံ့သာ စပ်သည့်အခါ ထူးခြားပေါ်လွင်လာခြင်း မရှိသလောက်ပင်။

ဂန်နီသည် ဖန်၊ ရွှံ့၊ ငွေထည်၊ ကြေးထည်၊ ကြွေထည်၊ သားရေ၊ ကျောက်ခဲစသည်တို့မှ အဆီအနှစ်ရအောင် ကြိုးစားကြည့်သော်လည်း အမှိုက်သရိုက်များအဖြစ်သာ ပြောင်းသွားသည်။ အဆီလည်း မရ၊ အရည်လည်း မရချေ။ သွေး၊ သစ်သား၊ ငါးနှင့် သူ့ဆံပင်များပါ ထည့်၍ စမ်းသပ်သည်။ နောက်ဆုံး ဆဲန်မြစ်ရေနံ့ကို လိုချင်သဖြင့် ရေချည်းသက်သက် ပေါင်းခံကြည့်သည်။

သူ့စိတ်ထဲတွင် ဤကြေးပေါင်းဖိုကြီးသည် လာဗန်ဒါ၊ ကရဝေးစေ့ စသည်တို့လို အရာရာကို အဆီထွက်အောင် ပေါင်းခံ၍ ရလိမ့်မည်ဟု

ယုံကြည်ထားသည်။ ပေါင်းခံခြင်းဟူသည်မှာ ငွေ့ရည်ဖွဲ့လွယ်သည့် အရာဝတ္ထုများအတွက်သာ အသုံးပြုရမှန်း သူနားမလည်ချေ။ အပင်ဟူသမျှ ပေါင်းခံတိုင်းလည်း အဆီထုတ်၍ မရသည်ကို သူမသိချေ။ မူလကိုက အဆီအနှစ်မရှိသော အရာဝတ္ထုကို မည်သည့်နည်းနှင့်မျှ အဆီထုတ်၍ မရမှန်းလည်း သူ သဘောမပေါက်ချေ။ လနှင့်ချီအောင် ညတိုင်းလိုလို ထိုကြေးပေါင်းဖိုကြီးဘေးတွင် ထိုင်ကာ စဉ်းစားလို့ရသမျှ နည်းအမျိုးမျိုးဖြင့် စမ်းသပ်ကြည့်သော်လည်း ဘာအကျိုးမှ ထူးမလာပေ။

သိပ္ပံပညာတိုးတက်သော ခေတ်တွင်တော့ ဤသဘောတရားကို ရှင်းပြဖို့ လွယ်ကူကောင်း လွယ်ကူနိုင်သော်လည်း သူ့အတွက်တော့ ထိုအမှန်တရားက သူ့ရင်ကို ထိချက်ပြင်းစွာ နာကျင်စေလေသည်။ ဂန်နီသည် မှန်းထားသမျှ အရာရာတိုင်း အနံ့ထုတ်၍ မရနိုင်ကြောင်း ရှင်းလင်းပြတ်သားစွာ သိလာသည့် နောက်ဆုံး၌ ထိုစမ်းသပ်မှုများကို မုန်းတီးလာကာ အပြင်းဖျား၍ အိပ်ရာထဲ လဲသွားလေတော့သည်။

*****

အခန်း (၂၀)

အဖျားရောဂါ ပြင်းထန်သည့် ပထမရက်များတွင် ဂန်နီသည် ချွေးသီးချွေးပေါက်ကြီးများသာ ကျနေသော်လည်း နောက်ပိုင်းတွင် အရေပြားပေါ်၌ ဝက်ခြံလို အဆံပါသည့် အဖုကလေးများ ပေါက်လာသည်။ ထို့နောက် တစ်ကိုယ်လုံး၌ နေရာမလပ်မကျန်အောင် ပြည်တည်နာများ ပေါ်လာလေတော့သည်။ ပြည်ဖုကို ဖောက်ထုတ်လိုက်သော်လည်း ပြန်၍ ပြည့်ဖောင်းလာသဖြင့် အချို့အဖုများမှာ သွေးပုပ်၊ ပြည်ပုပ်များဖြင့် နီရဲတင်းပွ နေတော့သည်။ ထိုအခါ ဂန်နီ၏ အသွင်မှာ မြေပုံမှ ပြန်၍တူးဖော်လိုက်သော အာဇာနည်စစ်သည်ရုပ်အလောင်းလို ရိရွဲသော ဒဏ်ရာများနှင့် အနာပရပွ ဖြစ်နေသည်။

သူ့အဖြစ်ကို ကြည့်၍ ဘာဒီနီလည်း အလွန် စိတ်ပူလာသည်။ ပါရီမြို့သာမက တစ်နိုင်ငံလုံးသို့ စီးပွားရေးချဲ့ထွင်ရန် မျှော်မှန်းထားသော ဘာဒီနီမှာ သူ၏ အဖိုးတန် လက်ထောက်ကလေးအတွက် လွန်စွာ စိတ်မချမ်းမသာ ဖြစ်ရသည်။

ယခုအခါ သူတို့ဆိုင်မှ ထူးခြားဆန်းသစ်သည့် မွှေးရနံ့များကို ပါရီတစ်မြို့လုံးက အရူးအမူး စွဲလမ်းနေကြသည်။ ပြည်တွင်းသာမက နိုင်ငံရပ်ခြားမှပင် အမှာစာများ တိုး၍ ရောက်လာသည်။ ဘာဒီနီမှာ စိတ်ကူးတစ်ခု ရှိသည်။ မြို့စွန်ရှိ ဖောဘုစိန့်အန်တွိုင်းရပ်ကွက်တွင် ဆိုင်ခွဲတစ်ခု တည်ထောင်ကာ အော်ဒါများကို လက်ခံဖို့ ဖြစ်သည်။ ထိုနေရာတွင် စက်ရုံအသေးစား တစ်ခုဆောက်၍ ရနံ့များကို အမြန်ထုတ်လုပ်ကာ အရေအတွက် ပိုများများရရန် လုပသော ပုလင်းငယ်များနှင့် ထုပ်ပိုးမည်။ မိန်းမငယ်လေးများကို အလုပ်ခန့်၍ ဟော်လန်၊ အင်္ဂလန်၊ ဂျာမနီ စသော နိုင်ငံများအထိ တင်ပို့နိုင်အောင် ကြိုးစားမည်။

ဤသို့သော လုပ်ငန်းမျိုးကို ပါရီမြို့ရှိ ဘယ်ရေမွှေးပညာရှင်ကိုမှ တရားဝင် ပြုလုပ်ခွင့် မပေးချေ။ သို့သော် ဘာဒီနီသည် ထောက်ပို့အရာရှိ၊ အခွန်ရုံး ဌာနမှူး၊ ကောင်စစ်ဝန် စသည့် အထက်တန်း အရာရှိကြီးများ၏ ကာကွယ်မှုကို မကြာသေးမီကပင် ရရှိထားသည်။ ငွေကြေးဆိုင်ရာ တော်ဝင်ကောင်စီအသင်းဝင် တစ်ဦးနှင့်ပင် ရင်းနှီးကျွမ်းဝင်ထားသဖြင့် လုပ်ငန်းအတွက် ဘာနောက်ဆံတင်းစရာမှ မလိုသည့်အပြင် စည်းစိမ်ချမ်းသာဟူသမျှ မှာလည်း ဘာဥပဒေနှင့်မျှ ငြိစွန်းခြင်း မရှိအောင် လုံခြုံသည်။

ဘာဒီနီ သဘောအကျဆုံး စိတ်ကူးတစ်ခုလည်း ရှိသေးသည်။ ယင်းမှာ လူတိုင်းအတွက် အမွှေးနံ့သာပစ္စည်းများကို ဖောဘုစိန့်အန်တွိုင်းတွင် စက်ရုံဖြင့်

ထုတ်လုပ်နေသော်လည်း တစ်ဖက်တွင် အထက်တန်းလွှာမှ ဖောက်သည်တစ်ဦးချင်းအတွက် ရာထူးဂုဏ်သိမ်အဆင့်အတန်းအလိုက် သီးသန့်ရေမွှေးများကို ဖန်တီးဖို့ ဖြစ်သည်။ ဥပမာ "ဆာနေးမြို့က မားကစ်" အစ်ဂူအီယွန်က ဘယ်သူ၊ ဘယ်ဝါ စသဖြင့်။ ရေမွှေးကို အဝတ်တစ်ထည်လို ကာယကံရှင် စိတ်ကြိုက် နာမည်မှည့်၍ ဆင်မြန်းနိုင်မည်ဖြစ်သည်။ ပုလင်းအောက်ခြေတွင် "ရေမွှေးပညာရှင် ဂျူဆက်ပီဘာဒီနီ" ဟု ရေးထွင်းထားမည်။ ကံကောင်းလျှင် သူ့အမည်သည် ဘုရင်မင်းမြတ်၏ နာမည်နှင့် တစ်ပုလင်းတည်းမှာပင် ဖြစ်ချင်ဖြစ်နေနိုင်သည်။ ဘာဒီနီ၏ ရည်မှန်းချက်က ကြီးကျယ်မြင့်မားလှသော်လည်း အခုတော့ ဂန်နီွက အပြင်းဖျားနေသည်။

ဂရင်မယ်ပင် သေချိန်ကပင် သည်လို ဆိုးဆိုးဝါးဝါး ခံစားမသွားခဲ့ရဟု ဘာဒီနီ ထင်သည်။ ဂန်နွီကတော့ သေလုမတတ် ဖျားနာနေသည်။ သူသာ သေသွားလျှင် မည်သို့ လုပ်ရပါ့မည်နည်း။ စက်ရုံတည်ထောင်ဖို့၊ မိန်းမငယ်လေးတွေကို အလုပ်ခန့်ဖို့၊ လုပ်ငန်းချဲ့ဖို့၊ ဘုရင်မင်းမြတ်အတွက်ရေမွှေး ဖန်တီးပေးဖို့ဟူသော သူ့စိတ်ကူးများ ရေစုန်မျောရတော့မည်။ ဘာဒီနီသည် သူ့လက်ထောက်ကလေး၏ တန်ဖိုးရှိလှသော အသက်တစ်ချောင်းကို ကယ်တင်ဖို့ ဆုံးဖြတ်လိုက်သည်။ ဂန်နွီ့ကို သူကိုယ်တိုင် လက်မောင်းမှ တွဲ၍ အလုပ်ခန်းထဲမှ ရွှေ့ကာ အိမ်အပေါ်ဆုံးထပ်တွင် သန့်ရှင်းသော အိပ်ရာတစ်ခုနှင့် ထားသည်။ ပိုးသားချည်ထည်ဖြင့် ရက်လုပ်ထားသော စောင်နှင့် ခြုံပေးသည်။ ဇနီးသည်ကို ဝိုင်နှင့် ကြက်စွပ်ပြုတ် ပူပူလေး လုပ်ခိုင်းသည်။ တစ်ခါ ခေါ်ပြလျှင် ဖရန့်ငွေနှစ်ဆယ် ကြိုပေးရသော အကောင်းဆုံး ဆေးဆရာနှင့် ကုသသည်။

ဆရာဝန်ရောက်လာတော့ စောင်ကို လက်နှင့်အသာမကာ ကျည်ဆန် အချက်တစ်ရာလောက် အပစ်ခံထားရသလို ဖြစ်နေသော ဂန်နွီ ခန္ဓာကိုယ်ကို တစ်ချက်ကြည့်သည်။ ထို့နောက် ဆရာဝန်က တပည့်သယ်လာသော ဆေးအိတ်ကိုပင် မဖွင့်တော့ဘဲ အခန်းထဲမှ ပြန်ထွက်သွားသည်။

ဆရာဝန့်စကားအရ ဂန်နွီ့ရောဂါကို ရှင်းရှင်းလင်းလင်း သိလိုက်ရချိန်တွင် ကုရာနတ္တိ ဆေးမရှိကြောင်း ခိုင်မာသွားသည်။

"ဒေါက်တာပရိုကုပ် အမည်ရှိသော ထိုဆရာဝန်က ဂန်နွီသည် ဆစ်ဖလစ်ရောဂါ ခံစားနေရခြင်း ဖြစ်ကြောင်း၊ ဖျားနာသည့်အဆင့်ကို ဝက်သက်နှင့် မှားယွင်းယူဆတတ်ကြောင်း၊ ထိုရောဂါမှာ ကူးလို့ကူးမှန်း မသိဘဲ လက္ခဏာပြမှသာ သိရတတ်ကြောင်း၊ နောက်ထပ် လေးဆယ့်ရှစ်နာရီသာ ခံတော့မည့်အကြောင်း ရှင်းပြသည်။ ဆရာဝန်ကို ခြေကြွခ ဖရန့်ငွေနှစ်ဆယ် ထပ်ပေးရသည်။ ဆရာဝန်က ရောဂါအခြေအနေကို ကြည့်၍ မဟာန်မှန်း သိသောကြောင့် အသုဘစရိတ် ငါးဖရန့် ပြန်ပေးခဲ့ပြီး ပြန်ကြွသွားသည်။

ဘာဒီနီသည် ဝမ်းနည်းပူဆွေးလျက် ဂန်နို့ဘေးတွင် ထိုင်၍ ငိုသည်။ သူ့ကံကြမ္မာကို ယိုးမယ်ဖွဲ့ကာ လက်သည်းကို ကိုက်ထားမိသည်။ သူ၏ စိတ်ကူးအိပ်မက်တို့ကား ပန်းတိုင်သို့ ရောက်ခါနီးမှ ပျက်စီးရတော့မည်။ ပယ်လစ်ဆီယာတို့ လူတစ်သိုက် ချမ်းသာကြွယ်ဝလာဦးမည်ကိုလည်း သိနေ သည်။ ရန့်သစ်များ မကုန်ခန်းနိုင်အောင် ထုတ်လုပ်နိုင်သော ဤလူဖလံလေးသည် သူ့ကိုယ်အလေးချိန်လောက်ရှိသော ရွှေပမာဏထက်ပင် ပို၍ အဖိုးတန်သည်။ နောက်နှစ်နှစ်လောက်ပဲ ရှင်ရှင်၊ ဆွဲဆန့်လို့ ရလျှင် ဆွဲထားလိုက်ချင်သည်။ နှစ်နှစ် မရတောင် တစ်နှစ်လောက်များ မခံတော့ဘူးလား၊ နောက်နှစ်မှ သေပါတော့လား။ အခုတော့ နောက်လေးဆယ့်ရှစ်နာရီအတွင်း သေရတော့မည်တဲ့။

ထိုခဏတွင် ဂန်နို ပြန်လည်ကျန်းမာလာဖို့ ဘာဒီနီက နိုထရာဒမ်ဘုရားကျောင်းကို သွား၍ ဆီမီးပူဇော်ကာ ဆုတောင်းရလျှင် ကောင်းမလားဟု စဉ်းစားသည်။ သို့သော် သေရေးရှင်ရေး ဖြစ်နေချိန်မို့ ထိုစိတ်ကူးကို လက်လျှော့လိုက်သည်။

ဘာဒီနီက စာရွက်နှင့်မင်အိုးကို ပြေးယူ၍ ဇနီးသည်ကို အခန်းထဲမှ တိတ်တိတ်လေး ထွက်သွားရန် အချက်ပြသည်။ ထို့နောက် အိပ်ရာဘေးတွင် ခုံတစ်လုံးနှင့် ထိုင်စောင့်၍ အဆင်သင့် ချရေးနိုင်ရန် စာရွက်ကို ပေါင်ပေါ်တင်ကာ ဂန်နို့ကို ရန့်ဖော်မြူလာများအကြောင်း မေးသည်။ သို့သော် ဂန်နို့ဆီမှ ဘာစကားတစ်ခွန်းမှ ထွက်မလာချေ။ ဘာဒီနီက ဂန်နို့ နားရွက်နားကပ်ကာ လေသံတိုးတိုးဖြင့် တောင်းပန်တိုးလျှိုးသလိုမျိုး...

"ပါရီမြို့က ရေမွှေးပညာရှင် ယန်းဘပ်တိစ်ဂန်နို..." ဟု စကားစကြည့်သည်။

ဂန်နို့အနာများမှ သားငံရည်များ ထွက်လာသည်ကလွဲ၍ ဘာသံမှမကြားရ။ စောင်ကိုသာခွာ၍ အသံတိတ်နေသည်။ သူ့ကိုကြည့်၍ ဘာဒီနီ မချင့်မရဲ ဖြစ်ကာ ရိုက်နှက်ကန်ကျောက်ပစ်လိုက်ချင်သည်။ သို့သော် သူက လေသံကို အချိုသာဆုံးထား၍ ဖော်မြူလာ ရလိုရငြား အစ်ထုတ်ကြည့်ရင်း ဝိုင်ကို ဇွန်းဖြင့်ခပ်ကာ လူနာ၏ပါးစပ်ထဲ ထည့်ပေးသည်။

တစ်ညလုံး ဤသို့ အစွမ်းကုန် ကြိုးစားသော်လည်း ဘာမှမရသဖြင့် အရုဏ်ပျို့လာချိန်တွင် သူလက်လျှော့လိုက်သည်။ ထို့နောက် ကုလားထိုင်တွင် မောပန်းစွာ ထိုင်ချလိုက်သည်။ ဒေါသလည်း ထွက်မနေတော့ဘဲ အိပ်ရာထဲမှာ သေလုမျောပါး ဖြစ်နေသည့် ဂန်နို့ကိုသာ နှုတ်ဆိတ်၍ ငေးကြည့်နေမိသည်။ သူ့ကို ကယ်လို့လည်း မရတော့သလို သူ့ဆီက ဘာကိုမှလည်း အတင်းအဓမ္မ မေးမြန်းလို့ မရတော့။ သူ့အသွင်က သင်္ဘောမြုပ်သွားသည်ကို ထိုင်ကြည့်နေရသော

ကပွတိန်တစ်ယောက်လို ဂန်နီ သေတော့မည့်အချိန်ကိုသာ ထိုင်ကြည့်နေရသည်။ သဘော်ကြီး ရေအောက်သို့ စုံးစုံးမြုပ်သွားသလို ဘာဒီနီ၏ စည်းစိမ်ချမ်းသာအားလုံးသည်လည်း ဂန်နီနှင့်အတူ ပျောက်ကွယ်သွားရတော့မည်။ ထိုအချိန်မှာပင် သေအံ့မူးမူး ဖြစ်နေသည့် ဂန်နီ၏ နှုတ်ခမ်းများ ပွင့်ဟလာသည်။

"ရန့်ကို ခွဲထုတ်ဖို့ ပေါင်းခံတာအပြင် တခြားနည်းလမ်းရှိသေးရင် ကျွန်တော့်ကို ပြောပြပါလား ဆရာ"

ပင်ပန်းလွန်းသဖြင့် မျက်လုံးမှိတ်ထားသော ဘာဒီနီက ထိုအသံကို သူ့ဘာသာ စိတ်ကူးထဲမှာ ကြားနေရသည်ဟု ထင်မှတ်မှားကာ အလို အလျောက်ပင်...

"ရှိတာပေါ့" ဟု ပြန်ဖြေလိုက်သည်။

"အဲဒါ ဘာလဲဟင်"

ထိုမေးခွန်းက အိပ်ရာဆီမှလာနေမှန်း သိသွားသဖြင့် ဘာဒီနီက မျက်လုံးများကို အားယူ၍ ဖွင့်ကြည့်လိုက်သည်။ ဂန်နွသည် ခေါင်းအုံးများကြားတွင် မလှုပ်မယှက် ငြိမ်သက်စွာ လဲလျောင်းနေသည်။ အလောင်းကောင်ကများ စကားထပြောလေသလားဟု တွေးကာ ဘာဒီနီ ခေါင်းနားပန်းကြီးသွားသည်။

"အဲဒါ ဘာလဲလို့"

ခုနက မေးခွန်းကို ထပ်မေးသံ ကြားတော့မှ ဂန်နီ့နှုတ်ခမ်းများ လှုပ်ရှားနေသည်ကို သူသတိထားမိသွားသည်။ ဩော် အခုတော့ အဖျားပျောက်သွားရှာပြီကိုးဟု တွေးသည်။ ဘာဒီနီက မတ်တတ်ထရပ်ကာ အိပ်ရာနားကပ်၍ လူမမာကို ငုံ့ကြည့်လိုက်သည်။ ဂန်နီ၏ မျက်လုံးများက ပွင့်နေပြီး ထူးဆန်းသော အကြည့်ဖြင့် ဘာဒီနီကို ပြန်ကြည့်နေသည်။ သူတို့ ပထမဆုံး ဆုံတွေ့ခဲ့စဉ်က အကြည့်မျိုး။ ဂန်နီက...

"အဲဒါ ဘာလဲ" ဟု မေးသည်။

ဘာဒီနီ၏ ရင်ခုန်သံ ဒိန်းခနဲ ဖြစ်သွားသည်။ သေခါနီး လူမမာတစ်ယောက်၏ နောက်ဆုံးဆန္ဒကို သူ မငြင်းရက်နိုင်ချေ။

"သုံးနည်း ရှိတယ် သား။ အပူပေးပြီး အဆီထုတ်တာရယ်၊ အအေးခံပြီး အဆီထုတ်တာရယ်၊ ဆီသုတ်ပြီး အဆီထုတ်တာရယ်။ ဒါတွေဟာ ပေါင်းခံပြီး အဆီထုတ်တာထက် ပိုအဆင့်မြင့်တဲ့နည်းတွေပေါ့။ စံပယ်၊ နှင်းဆီ၊ လိမ္မော်ပွင့်တွေကို အမွှေးဆုံးဆိုတဲ့ ရန့်မျိုး ဖန်တီးဖို့ ဒီနည်းတွေကို သုံးကြတယ်"

"ဘယ်မှာ သုံးတာလဲ"

"တောင်ပိုင်းမှာပေါ့။ ဂရက်ဆေးမြို့ရှိတဲ့ ပြင်သစ်တောင်ပိုင်းမှာ"

"ဟုတ်ပြီ"

ဂန်နီ့မျက်လုံးများ ပြန်မှိတ်သွားသည်။ ဘာဒီနီက ဖြည်းညင်းစွာ မတ်တတ်ရပ်လိုက်သည်။ သူ အလွန် စိတ်ဓာတ်ကျနေသည်။ တစ်လုံးမျှ ရေးမထားသော မှတ်စုစာရွက်များကို ပြန်သိမ်းသည်။ နေရောင် ထွက်လာပြီဖြစ်၍ ဖယောင်းတိုင်မီးကို မှုတ်လိုက်သည်။

ဘာဒီနီ သေလုအောင် နွမ်းနယ်နေသည်။ တစ်ယောက်ယောက်ကို ဘုန်းကြီးသွားပင့်ခိုင်းရင် ကောင်းမည်ဟုတွေးသည်။ ထို့နောက် ညာလက်ဖြင့် လက်ဝါးကပ်တိုင်သဏ္ဌာန် ဘုရားတကာ အခန်းထဲမှ ထွက်သွားသည်။

ဂန်နီကား ငြိမ်သက်စွာ ကျန်ရစ်နေခဲ့သော်လည်း အသက်ထွက်သွားခြင်း မဟုတ်ဘဲ နှစ်ခြိုက်စွာ အိပ်မောကျ၍ နေလေသည်။ သူ့အရေ ပြားပေါ်က ပြည်တည်နာများစ၍ ခြောက်ကပ်လာကာ အနာဖေးများ တက်လာသည်။ ဒဏ်ရာများလည်း သက်သာလာကာ တစ်ပတ်အတွင်းမှာပင် လူကောင်းပကတိ ပြန်ဖြစ်လာလေသည်။

*****

အခန်း (၂၁)

ဘာဒီနီစကားအရဆိုလျှင် အဆီထုတ်နည်း အသစ်များကို သင်ယူရန် ဂန်နီက တောင်ပိုင်းသို့ ထွက်ခွာမည် ဖြစ်သည်။ ဂန်နီ နလန်ပြန်ထူလာသည့်အတွက် အစတုန်းကတော့ ဘာဒီနီ ပျော်သွားသည်။ သို့သော် သူ့ထံမှ ထွက်သွားတော့မည်ကို သိလိုက်ရသောအခါ စိတ်ပျက်သွားပြန်သည်။ ဂန်နီသည် ရေမွှေးပညာရှင်၏ အလုပ်သင်တစ်ယောက်သာ ဖြစ်သည်။ ရှင်းရှင်းပြောရလျှင် ဘာကောင်မှမဟုတ်၊ တကယ်တော့ ဂန်နီ့ဘဝက သည်ထက်ဆိုးသည်။ သူ့မှာ မိဘဆွေမျိုးဟူ၍ မရှိ၊ မွေးစာရင်းပင် မရှိ။ အလုပ်အကိုင် စာချုပ်စာတမ်းဆိုသည်က ဝေလာဝေး၊ တရားဝင် အထောက်အထားပြစရာ စာရွက်စာတမ်း ဘာမျှမရှိချေ။

ဘာဒီနီဆီမှာ အလုပ်သမားအဖြစ်ဆက်၍ လုပ်ကိုင်လျှင်တော့ တစ်နေ့နေ့တွင် လူလိုသူလို ဖြစ်လာနိုင်သည်။ သို့သော် ထိုအချိန်အထိရောက်အောင် အနည်းဆုံး သုံးနှစ်လောက်တော့ ဤနေရာမှာ ဆက်လက်နေထိုင်၍ သူ၏ ထူးခြားသောပါရမီဖြင့် ဘာဒီနီ၏ ဆန္ဒများ ပြည့်ဝလာအောင် ဖြည့်ဆည်းပေးရမည်။ တစ်သက်လုံးလည်း ဖြစ်ချင် ဖြစ်သွားနိုင်သည်။ ဂန်နီ့အတွက် ဘာအကျိုးမှ ရှိလာမည့်ပုံမရ။ ရှိလာမည်ဟု မထင်တာလည်း ဖြစ်မည်။

ထိုကာလအတွင်း၌ ဂန်နီ၏ မြင့်မားသော အိပ်မက်ကို နားလည်သည့် ဘာဒီနီက သူ့ဆီမှ အကူအညီ ရသလောက် ယူသည်။ ဖောဘုစိန့်အန်တွိုင်းတွင် စက်ရုံဆောက်သည်။ သူ့ရေမွှေးက ရုံးပြင်ကနားများ အထိထိုးဖောက်အောင်မြင်ခဲ့သဖြင့် တော်ဝင်အမိန့်ပြန်တမ်းလွှာဖြင့် မူပိုင်ခွင့်ကို လက်ခံရရှိခဲ့သည်။ သူ့ရေမွှေးများကို စိန့်ပီတာစဘတ်၊ ပယ်လာမို၊ ကိုပင်ဟေဂင်န် စသောမြို့များအထိရောင်းချနိုင်ခဲ့သည်။ ရေမွှေးထဲ ထည့်စပ်သည့် ဒရယ်သိုကိုတော့ တူရကီနိုင်ငံရှိ ကွန်စတန်တင်နိုပယ်မြို့အထိ အရှာထွက်ရသည်။

ဘာဒီနီ၏ ရေမွှေးများသည် လန်ဒန်မြို့နှင့် အီတလီနိုင်ငံ ပါးမားမြို့ရှိအထက်တန်းအဆင့် ရုံးတော်လွှတ်တော်များ၊ ပိုလန်နိုင်ငံ ဝါဆောမြို့ရှိ တော်ဝင်ရဲတိုက်နှင့် ဂျာမန်နိုင်ငံရှိ ဂရပ်ဖွန်အန်ဇလစ်ပီဒက်မိုးနန်းတော်အထိ ပျံ့နှံ့ရောက်ရှိသွားသည်။ ဘာဒီနီသည် အိုမင်းမစွမ်းချိန်၌ မက်ဆီနာမြို့တွင် ဆင်းဆင်းရဲရဲဖြင့် ဘဝကို ကုန်ဆုံးမည်ဟူသော စိတ်ကူးကို သူ့ဘာသာ ပြန်၍ စွန့်လွှတ်လိုက်သည်။ လောလောဆယ် အသက်ခုနစ်ဆယ်ရှိပြီဖြစ်သည့် ဘာဒီနီသည် ဥရောပတစ်လွှားတွင် အကြီးကျယ်ဆုံး ရေမွှေးပညာရှင်ဟု ငြင်း၍ မရသလို ပါရီမြို့ရှိ အချမ်းသာဆုံး စာရင်းဝင် သူဌေးကြီးတစ်ဦးလည်း ဖြစ်လာခဲ့လေပြီ။

ထိုကာလအတွင်းမှာပင် ဘာဒီနီက ပွန့်အော်ရှန့်တံတားကြီးပေါ်တွင် မူလအိမ်နှင့် ဘေးချင်းကပ်နေသော အဆောက်အအုံကြီးတစ်ခုကို ဝယ်ယူလိုက်သည်။ အိမ်အဟောင်းမှာ ထပ်ခိုးအထိ အမွှေးနံ့သာပစ္စည်းများဖြင့် ပြွတ်သိပ်ကျပ်ညပ်နေသည်။ ယခုအခါ ဘာဒီနီက ဂန်နွီ့ကို ဆက်၍ ဆွဲမထားချင်တော့ကြောင်း ဖွင့်ပြောသည်။ သို့သော် သူက ဂန်နွီ့ကို အချက်သုံးခု တောင်းဆိုသည်။

ပထမအချက်မှာ နောင်အခါ ဘာဒီနီ၏ အိမ်တွင် သူ့ကို ရေမွှေးဖော်စပ်ခွင့် ပြုမည်မဟုတ်သလို ပြိုင်ဘက်များကိုလည်း သူ့ဖော်မြူလာများ ပြန်မရောင်းရန်ဖြစ်သည်။ ဒုတိယအချက်မှာ ဘာဒီနီ အသက်ရှင်နေသမျှ ကာလပတ်လုံး ဂန်နွီက ပါရီမြို့သို့ နောက်တစ်ကြိမ် ပြန်မလာတော့ရန်ဖြစ်သည်။ တတိယအချက်မှာ ပထမနှင့် ဒုတိယအချက်များကို လျှို့ဝှက်ချက်အဖြစ် တစ်သက်လုံး ထိန်းသိမ်းသွားရန်ဖြစ်သည်။ ဘာဒီနီက ဂန်နွီ့အား ထိုသုံးချက်ကို ရိုသေလေးမြတ်စွာ လိုက်နာပါမည့်အကြောင်း ကွယ်လွန်လေပြီးသော သူ့မိခင်နှင့်တကွ သူတော်စင်အပေါင်းကို တိုင်တည်၍ ကျိန်ဆိုခိုင်းသည်။

ရိုသေလေးမြတ်မှုကိုလည်း နားမလည်၊ ဘယ်သူတော်စင်ကိုမှလည်း မယုံကြည်သည့်အပြင် သူ့မိခင် ဘယ်သူဘယ်ဝါမှန်းပင် မသိသည့် ဂန်နွီက ဘာကိုပဲ ကျိန်ခိုင်းခိုင်း ကျိန်ပြောမည်သာ ဖြစ်သည်။ ထို့ကြောင့် ဘာဒီနီ လုပ်ခိုင်းသည့်အတိုင်း ကတိပေးလိုက်သည်။ ဘာဒီနီ ဘာကိုပဲ တောင်းဆိုသည်ဖြစ်စေ သူကတော့ လက်ခံပေးလိုက်မည်သာ။

သူလိုချင်သည်က လူမသိသူမသိဘဝမှ လွတ်မြောက်၍ အနှောင့်အယှက်ကင်းစွာ ခရီးထွက်နိုင်ရန်နှင့် အလုပ်တစ်ခုခု ရှာဖွေနိုင်ရန် လိုအပ်သော ထောက်ခံချက် စာရွက်စာတမ်းများသာ ဖြစ်သည်။ ဤသည်ကလွဲ၍ သူ့အတွက် ကျန်တာ ဘာမှအရေးမကြီးသလို ဘယ်လိုအခြေအနေမျိုး ကျန်ရစ်ခဲ့သည်ဖြစ်စေ၊ ကိစ္စမရှိ။ ပါရီသို့ ပြန်မလာရလည်း ဘာမှမဖြစ်။ ဘာအတွက် ပြန်လာရဦးမှာလဲ။ ဘယ်နေရာမဆို သူသွားလို့ ရနေပြီပဲ။ ဘာဒီနီ၏ အရောင်းရဆုံး ရေမွှေးများကိုလည်း သူပြန်ထုတ်မှာ မဟုတ်သလို တခြားသူကိုလည်း ဖော်မြူလာပေးရန် အကြောင်းမရှိ။ သူသိလိုသမျှကို သိလာလျှင် ဒီထက် ပိုကောင်းသော ရနံ့ထောင်ပေါင်းသောင်းမက ဖန်တီးလို့ရသည်။ ဘာဒီနီရော တခြားဘယ်ရေမွှေးပညာရှင်နှင့်မျှ ပြိုင်ဖို့မလို။ သူ့ပညာနှင့် စည်းစိမ်ချမ်းသာ ရလာအောင် လုပ်ဖို့လည်း ဂန်နွီက မရည်ရွယ်။ရလာနိုင်မည်ကို သိနေလည်း တခြားနည်းဖြင့်သာ အသက်မွေးချင်သည်။ သူ့စိတ်ကိုက လောကကြီးဆီမှ ရသလောက် သင်ယူဖို့ ဖြစ်သည်။ ထို့ကြောင့်လည်း ဘာဒီနီဆီမှာ ဆက်နေလျှင် သူ့အတွက် ဘာအကျိုးမျှရှိလာမည် မဟုတ်ဟု ယူဆသည်။

နွေဦးရာသီ မေလ၏ တစ်ခုသော မနက်စောစောတွင် ဂန်နီသည် ဘာဒီနီအိမ်မှ ထွက်လာခဲ့သည်။ ဘာဒီနီက သူ့ကို ကျောပိုးအိတ်လေး တစ်လုံး၊ တစ်ပတ်နွမ်း ရှပ်အင်္ကျီတစ်ထည်၊ ခြေအိတ်နှစ်စုံ၊ အသားချောင်းကြီး တစ်ချောင်း၊ မြင်းခြုံစောင် တစ်ထည်နှင့် နှစ်ဆယ့်ငါးဖရန့် ထည့်ပေး လိုက်သည်။ ဤအရာများသည် သူရရှိထားသည့် ပညာနှင့်စာလျှင် ဘာမှမဟုတ်၊ တကယ်ဆို နှစ်ဖရန့်ထက် ပို၍ ပေးစရာမလိုဟု ဘာဒီနီက ဆိုသည်။

ဂန်နီကတော့ သူ့စရိုက်အတိုင်း ငြင်းလည်း မငြင်း၊ ဘာမှလည်း မတုံ့ပြန်ပေ။ ဘာဒီနီက ခရီးလမ်း သာယာဖြောင့်ဖြူးပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း ပေးထားသည့် ကတိကိုလည်း မမေ့ဖို့ မှာသည်။ ထို့နောက် ဂန်နီ စတင်ဝင်ရောက်လာခဲ့သော အစေခံတန်းလျား ဝင်ပေါက်မှ အထွက်ကို လိုက်ပို့သည်။ လက်ကိုတော့ဆွဲ၍ နှုတ်မဆက်ချေ။ ထိုသို့ ပြုရလောက်အောင်လည်း စေတနာရှိပုံမရ။ ဘာဒီနီသည် ဂန်နီနှင့် ဘယ်တုန်းကမှ လက်ဆွဲမနှုတ်ဆက်ခဲ့ဖူးချေ။ သူ့ကို ထိမိလျှင် ရောဂါကူးစက်တော့ မှာလိုလို၊ ရန်ပြုခံရမှာလိုလို တစ်ခုခုကို ရွံရှာစက်ဆုပ်သည့်ပုံဖြင့် အမြဲ ရှောင်ရှားနေတတ်သည်။

ဘာဒီနီသည် ဂန်နီကို နှုတ်ဆက်စကားပင် သေချာမပြောသော်လည်း ဂန်နီက ခေါင်းညိတ်နှုတ်ဆက်သည်။ ထို့နောက် ခေါင်းငိုက်စိုက်ချလျက် ထွက်သွားလေတော့သည်။ လမ်းပေါ်မှာတော့ လူသူကင်းမဲ့နေသည်။

*****

အခန်း (၂၂)

ဘာဒီနီက ဂန်န္ဒီ တံတားတစ်ဖက်သို့ ရောက်သွားသည်အထိစောင့်ကြည့်နေမိသည်။ ကျောပိုးအိတ်လွယ်ကာ ခေါင်းငိုက်စိုက် ကျနေသော ဂန်န္ဒီ့အသွင်က မသိလျှင် ခါးကုန်းကြီးတစ်ယောက်နှင့် တူသည်။ နောက်ကျောဘက်က ကြည့်လျှင် ကုန်းကုန်းကုန်းကုန်းနှင့် တရွေ့ရွေ့ ထွက်သွားသော အဘိုးအို တစ်ယောက်နယ်။ လမ်းအဆုံးသည် အဝေးတစ်နေရာရှိ ပါလီမန်နန်းတော်ဘက် ကွေ့သွားသည်။ သူ့မြင်ကွင်းမှ ဂန်န္ဒီ လုံးလုံးပျောက်ကွယ်သွားသောအခါမှပင် စိတ်ကို တုံးတုံးချနိုင်တော့သည်။

ဒင်းကို သူဘယ်တုန်းကမှ ကြည့်မရခဲ့။ နောက်ဆုံးတော့ သူ့ကိုယ်သူ ဝန်ခံလိုက်သည်။ သူ့အိမ်သို့ အဓမ္မဝင်လာ၍ အိမ်မှာ ရောက်နေသည့် ကာလပတ်လုံး ဂန်န္ဒီ့ကြောင့် စိတ်မဖြောင့်ခဲ့ချေ။ သူ့အစွမ်းကို ပထမဆုံး မြင်ရသည့် အချိန်ကတည်းက ဤလူရွယ်သည် လူရုပ်သူရုပ် မပေါ်ဟု ခံစားရသည်။ ဆင်ခြင်တုံတရား နည်းပါးလှသဖြင့် လူတိုင်းနှင့် အဆင်ပြေ မည့်ပုံမရသော်လည်း သူ့အောင်မြင်မှုကတော့ ကြီးမားလှသည်။ ဂန်န္ဒီ၏ ကျေးဇူးကြောင့် သူအောင်မြင်လာသော်လည်း အကျိုးအမြတ်ကို ခွဲဝေမပေးခဲ့သည့်အတွက် သူ့လိပ်ပြာကတော့ ဘာဒီနီကို အစဉ် ခြောက်လှန့်နေမှာပဲ ဖြစ်သည်။

အကယ်၍ သူသာ ဂန်န္ဒီ့ကို အစကတည်းက ခွင့်မပြုခဲ့လျှင် အခုလို အောင်မြင်နိုင်ပါ့မလား။ ဘာဒီနီသာ အစောကတည်းက မစွန့်စားခဲ့လျှင် အရင်က စဉ်းစားထားသလို ဘုရားပဲ ဆက်ရှိခိုးနေရမည်လား။ သူ့လုပ်ရပ်က မှားများ မှားနေပြီလား။ ဒါကိုတော့ ဘုရားသခင်သာ အသိဆုံး ဖြစ်မည်။ သူ့ဘဝမှာ ခက်ခဲကျပ်တည်းခဲ့သည့် အချိန်များကို ကျော်ဖြတ်ခဲ့ရသည်။ သည်တစ်ခါတော့ ဘုရားသခင်ကိုယ်တိုင်က သူ့ကို စောင်မကြည့်ရှုတာ ဖြစ်မည်။ သူ့လုပ်ရပ် မှားသည် ဆိုဦးတော့၊ ဘယ်နေရာ မှားနေသလဲ ပြန်စဉ်းစားကြည့်သည်။

အဆိုးဆုံးက ဘာများ ဖြစ်နိုင်မလဲ။ ထူးခြားသော စွမ်းရည်ရှိသည် ကလွဲ၍ လုပ်ငန်းအကြောင်း ဘာမျှနားမလည်သော အလုပ်သမားတစ်ယောက်ကို စွန့်စွန့်စားစား ယုံကြည်မိသည်ကပင် အဆိုးဆုံး ဖြစ်နိုင်သည်။ ထိုသူ၏ အရည်အချင်းကို မိမိလက်ဝယ်ရရှိအောင် ဖန်တီးခဲ့ခြင်းက အဆိုးဆုံး ဖြစ်နိုင်သည်။ ဤလုပ်ရပ်ကလည်း သူတော်ကောင်းတို့ ကျင့်သုံးသည့်လမ်းစဉ်နှင့် အနည်းငယ်ကလေး လွဲသည်ဆိုရုံသာ လွဲသည်။ ကုန်ကုန်ပြောရလျှင် အတိတ်ကအကြောင်းကို ပြန်တွေးကာ ယခုလို ကိုယ့်ကိုယ်ကိုယ်

အပြစ်ရှာနေသည်ကိုက အဆိုးဆုံး ဖြစ်မည်။

သူ့လုပ်ရပ်က ရာဇဝတ်မှုများ မြောက်နေလို့လား။ ယခုလို အခွင့်အရေးက တစ်သက်မှာ တစ်ခါသာရသော အခွင့်အရေးမျိုး ဖြစ်သည်။ ဘုရားသခင်ကိုယ်တိုင်က သူ့ကို ကြည်ဖြူစွာ ပေးသနားတော်မူခြင်းပင် ဖြစ်နိုင်သည်။ သူ့အိမ်သို့ မော်ဆရာတစ်ယောက် စေလွှတ်ကာ ပယ်လစ်ဆီယာတို့ လူသိုက်ကြောင့် အရှက်ကွဲရမည့်ဘေးမှ ကယ်တင်လိုက်ခြင်း ဖြစ်မည်။ အရာအားလုံးက ဘုရားသခင် အလိုတော်ကျ ဖြစ်နေရသည် မဟုတ်လား။ ဘုရားသခင်သည် ပယ်လစ်ဆီယာတို့ကို ပညာပေးဖို့ သူ့ဘဝကို မြှင့်တင်ပေးခဲ့သည်။ ဒီအဖြေက လွဲ၍ ဘာများ ဖြစ်နိုင်ဦးမည်နည်း။ သူကလည်း ဤအဖြစ်ကို ဘုရားသခင်၏ အလိုတော်ကျ လက်ခံလိုက်တာပဲ ဖြစ်သည်။ ရှက်စရာ ဘာရှိသလဲ။ နောင်တရစရာ ဘာရှိလို့လဲ။

မနက်တိုင်း အိမ်ပေါ်ထပ်မှ ဆိုင်ထဲသို့ ဆင်းလာသည့်အခါဖြစ်စေ၊ ညနေဘက် ဆိုင်ပိတ်၍ ပိုက်ဆံသေတ္တာကို သယ်ကာ ပြန်တက်သည့်အခါဖြစ်စေ ဘာဒီနီသည် လေ့ကားထစ်များကို နင်းရင်း ထိုသို့ တွေးတတ်သည်။ ညအခါ သူ့ဇနီးက အိပ်ပျော်၍ ဟောက်နေတတ်သော်လည်း သူကတော့ ထိုအတွေးများဖြင့် အိပ်မပျော်နိုင်ပေ။ သို့သော် တဖြည်းဖြည်းနှင့် ထိုအတွေးများ ပျောက်ကွယ်သွားသည်။ ဂန်နီဟူသည့် ထူးဆန်းသော ဧည့်သည်သည် သူ့ရှေ့မှာ ပျောက်သွားကတည်းက နောက်တစ်ခါ ပြန်ပေါ်လာမှာ မဟုတ်တော့ချေ။ သူ၏ စည်းစိမ်ဥစ္စာများသည်လည်း ပို၍သာ တိုးပွားလာပြီး အနာဂတ်မှာလည်း လုံခြုံစိတ်ချစွာ ရှိနေမှာဖြစ်သည်။

ဘာဒီနီသည် ရင်ဘတ်ပေါ် လက်တင်ကာ လဲလျောင်းနေသည်။ ရင်ဝယ်ပိုက်ထားသော မှတ်စုစာအုပ်ငယ်ကလေးကို လက်နှင့် စမ်းကြည့်တော့ စာအုပ်အောက်က ရင်ဘတ်ထဲမှ သူ့နှလုံးခုန်သံကို ခံစားရသည်။ စာအုပ်ထဲမှာ ဖော်မြူလာပေါင်းခြောက်ရာ ရေးမှတ်ထားသည်။ ထိုအရေအတွက်သည် ရေမွှေးပညာရှင် မျိုးဆက်တစ်ခုလုံး ဖော်ထုတ်နိုင်တာထက် ပိုများသည်။

သူသာ ယနေ့ ပျောက်ကွယ်သွားရမည်ဆိုလျှင် ဤစာအုပ်ကလေးကို ပိုက်ရင်း သေရလျှင် တော်ပါပြီဟု တွေးသည်။ နောက်ထပ် ဘာမျှ မတောင်းဆိုချင်တော့။

မနက်ခင်း၏ နေရောင်ခြည်က ရွှေရောင်လင်းကာ မြင်းမိုရ်ပိတ်မှ တစ်ဆင့် သူ့မျက်နှာပေါ် နွေးခနဲ ဖြာကျလာသည်။ ဘာဒီနီက အိမ်ပေါ်ထပ်မှ နေ၍ တောင်အရပ်ရှိ လွှတ်တော်ခန်းမရှိရာ လမ်းမဘက်သို့ ကြည့်လိုက် သည်။ ဂန်နီ့အရိပ်အယောင်ကို မမြင်ရသဖြင့် ဝမ်းသာမိသည်။ ဘုရားတရားကို သတိရလာသဖြင့် နိုထရာဒမ်ဘုရားကျောင်းသို့ သွားဦးမှဟု ဆုံးဖြတ်လိုက်သည်။

အလှူခံပုံးထဲသို့ ရွှေဒင်္ဂါးတစ်ပြား ထည့်မည်။ ဖယောင်းတိုင် သုံးတိုင်နှင့် ဆီမီးပူဇော်မည်။ ဤသို့ ချမ်းသာကြွယ်ဝအောင် စောင်မတော်မူသည့် ဘုရားသခင်ကို ကျေးဇူးတင်ကြောင်း ဆုတောင်းမည်။ ဤသို့ ပြုလိုက်ရလျှင် သူခံစားရသမျှ အပြစ်တို့ ကင်းစင်သွားလိမ့်မည်။

ထိုနေ့လည်၌ ဘာဒီနီ ဘုရားကျောင်းသွားဖို့ ပြင်နေစဉ် အင်္ဂလိပ်တို့က ပြင်သစ်ကို စစ်ကြေညာကြောင်း ကောလာဟလများ ကြားရသည်။ ထိုနေ့တွင် လန်ဒန်သို့ သင်္ဘောဖြင့် ရေမွှေးများတင်ပို့ရန် စီစဉ်ထားသဖြင့် ဘုရားကျောင်းသွားမည့် စိတ်ကူးကို ရက်ရွှေ့ကာ ယင်းအစား မြို့ထဲသို့ အမှာစာ သွားကောက်သည်။ ထို့နောက် ဖောဘုစိန့်အန်တွိုင်းရှိ သူ့စက်ရုံသို့ သွားကာ လန်ဒန်ပို့မည့် ကုန်ပစ္စည်းများကို လောလောဆယ် ရပ်ဆိုင်းထားလိုက်သည်။

ထိုညက အိပ်ရာထဲတွင် လှဲလျက် အိပ်မပျော်ခင် အလွန်ထူးခြား ဆန်းသစ်သော အကြံတစ်ခု ရသည်။ အကယ်၍ ရုတ်တရက် စစ်တွေဘာတွေ ထဖြစ်လျှင် “ကူးဘတ်ပြည်နယ်ရဲ့ ဂုဏ်သိက္ခာ” အမည်နှင့် ရေမွှေးတစ်မျိုး ထုတ်မည်။ သူရဲကောင်းဆန်သော ရနံ့မျိုးကြောင့် ထိုရေမွှေးက အောင်မြင်မှာ သေချာသည်။ ထိုအောင်မြင်မှုက အင်္ဂလန်နိုင်ငံကြောင့် ထိခိုက်ရသည့် စစ်လျော်ကြေးပမာဏထက်ပင် ပို၍ မြတ်ဦးမည်။ နံ့ချာအိုမင်းသော သူ့ဦးခေါင်းထဲက ချိုမြသော ထိုစိတ်ကူးကြောင့် ဘာဒီနီသည် ဖော်မြူ လာစာအုပ်ငယ်ကို ပိုက်ရင်း ချမ်းမြေ့ကြည်နူးစွာ စိတ်ချလက်ချ အိပ်ပျော်သွားသည်။ နောင်ဘယ်သောအခါမှ ပြန်နိုးလာမှာ မဟုတ်မှန်းတော့ မသိရှာချေ။

ထိုညက အသေးစား သဘာဝဘေးအန္တရာယ် တစ်ခုဖြစ်ပွားသည်။ ထိုအဖြစ်ကြောင့် နောက်ပိုင်းတွင် တော်ဝင်အမိန့်ပြန်တမ်းတစ်ခု ထုတ်ကာ ပါရီမြို့တံတားများပေါ်ရှိ အဆောက်အအုံအားလုံးကို နည်းနည်းချင်းစီ ဖြိုချခိုင်းသည်။ ထိုအဖြစ်မှာ ပွန့်အော်ရှန့်တံတား၏ တတိယမြောက်နှင့် စတုတ္ထမြောက် အောက်ခံတိုင်ကြားမှ ဖောင်ဒေးရှင်းသည် ဘာအကြောင်းပြချက်မျှ ရေရေရာရာ မရှိဘဲ ပြိုကျသွားခဲ့ခြင်းဖြစ်သည်။ တံတားပေါ်ရှိ အဆောက်အအုံနှစ်ခုမှာ မြစ်ထဲသို့ အစအန မကျန်အောင် ရုတ်တရက် ပြုတ်ကျသွားသည်။ ဘာတစ်ခုမှ ဆယ်ယူ၍ မရခဲ့။ အခြားသူများမှာ ကံကောင်းထောက်မစွာပင် ဘာတစ်ခုမှ မဖြစ်ခဲ့သော်လည်း လူနှစ်ယောက် ပါသွားသည်ဟု ဆိုကြသည်။ ၎င်းတို့မှာ ဂျူဆက်ပီဘာဒီနီနှင့် သူ့ဇနီး ထရီဆာတို့ ဖြစ်ကြသည်။ ထိုအချိန်တွင် အစေခံတို့မှာ အပြင်သို့ ရောက်နေကြပြီး ရှီးနျားမှာလည်း ဆိုင်ပိတ်၍ အပြင်မှာ အရက် အနည်းငယ် သွားမော့နေသည်။ သူ ပြန်လာသောအခါ အိမ်မရှိတော့ချေ။

သူ့မှာ အားကိုးစရာ သားသမီးလည်းမရှိ၊ ဆွေမျိုးညာတိလည်း မရှိပေ။

အနှစ်သုံးဆယ်လောက် သူ့ဘဝကို ဘာဒီနီဆီမှာသာ စတေးခဲ့သည်။ ဘာဒီနီ၏ ဆန္ဒအရလည်း အဘိုးကြီး ရိုးနှားသာလျှင် အမွေဆက်ခံမည့်သူ ဖြစ်သည်။ အခုတော့ မျက်စိတစ်မှိတ်အတွင်း ဘာမှမရှိတော့။ အိမ်၊ ဆိုင်၊ ကုန်ပစ္စည်း၊ အလုပ်ခန်း ဘာဆိုဘာမျှ မကျန်ရစ်ခဲ့။ ဘာဒီနီက သူ့ကိုစက်ရုံပါ အပိုင်ပေးခဲ့ဖို့ ရည်ရွယ်ကောင်း ရည်ရွယ်ခဲ့မည်ဖြစ်သော်လည်း အထောက်အထားပြစရာ ဘာမျှမရှိချေ။ အလောင်း၊ မီးခံသေတ္တာ၊ ဖော်မြူလာ ခြောက်ရာပါသည့် မှတ်စုစာအုပ် ဘာဆိုဘာမှ ရှာမတွေ့တော့။

ဥရောပ၏ အကြီးကျယ်ဆုံး ရေမွှေးပညာရှင် ဂျူဆက်ပီဘာဒီနီ၏ အမှတ်အသားဟူ၍ တစ်ခုတည်းသာ ကျန်ရစ်ခဲ့သည်။ ယင်းမှာ ပါရီမြို့မှ လီဟာဗရေးဆိပ်ကမ်းမြို့အထိ ဆဲန်မြစ်တစ်လျှောက် တစ်လလောက် ထင်ထင်ရှားရှား မျောလွင့်နေသော သစ်ကြံပိုးခေါက်၊ ရှာလကာ၊ ဆိတ်သို၊ လာဗန်ဒါနှင့် အခြား ရေမွှေးပစ္စည်း ထောင်ပေါင်းများစွာ၏ မွှေးရနံ့သာ ဖြစ်လေသည်။

*****

ဒုတိယပိုင်း

အခန်း (၂၃)

ဘာဒီနီ၏ အိမ်ပြိုကျသွားချိန်တွင် ဂန်နီသည် အော်လျံစ်နယ်ဘက်သို့ သွားရာလမ်းတွင် ရောက်နေလေပြီ။ မြူနှင်းတို့ ဝေသီ၍ ကျန်ရစ်ခဲ့သော ပါရီမြို့ကြီးနှင့် ဝေးလာသည်နှင့်အမျှ လေထုက ပို၍ သန့်စင်လတ်ဆတ်လာသလို လူနေအိမ်ခြေများမှ ထွက်လာသော အနံ့အမျိုးမျိုးတို့သည်လည်း ပါးလျလွင့်ပြယ်လာသည်။ ယင်းအစား လမ်းပေါ်မှ သဲ၊ သစ်ပင်ပန်းမန်၊ မြေကြီး၊ အပင်၊ ရေ စသည့် သဘာဝ၏ အနံ့များသာ ရှိတော့သည်။

ဂန်နီက ယခုမှပင် ဝဋ်ကျွတ်သွားသလို ခံစားရသည်။ စိတ်ချမ်းမြေ့စရာ ရနံ့များက သူ့နှာခေါင်းကို ချော့မော့နေသယောင်ယောင်။ သူ့ဘဝတွင် ပထမဆုံးအကြိမ်အဖြစ် သဘာဝ၏ ရနံ့သစ်ကို တစ်ခါမှ သေသေချာချာ မခံစားရဖူးသေးကြောင်း သဘောပေါက်လာသည်။ အခုမှပင် လေကို လွတ်လပ်စွာ ရှူရှိုက်ရသလို ခံစားရသည်။ ယခင်က သူသည် ပြင်ပမှ မည်သည့် အနံ့ကိုမဆို သူ့ကိုယ်ထဲသိမ်းထားဖို့သာ အမြဲ အာရုံရောက်နေမိသည်။

ပါရီမြို့နှင့် ဝေးလေလေ၊ နေရထိုင်ရ ပိုကောင်းလာလေ၊ ခြေလှမ်းတို့ ပိုသွက်လာလေ ဖြစ်သည်။ အခုမှပင် သူ့အသွင်က သာမန်ခရီးသွား တစ်ယောက်နှင့် တူလာသည်။ ပါရီသည် ကမ္ဘာပေါ်ရှိ အခြားမြို့ကြီးများထက် ပို၍ လူအနေများသဖြင့် လူဦးရေ သိပ်သည်းလှသည်။ ပါရီတစ်မြို့တည်းမှာပင် လူခြောက်သိန်း၊ ခုနစ်သိန်းလောက် နေထိုင်ကြသည်။ လမ်းပေါ်မှာလည်း ပျားပန်းခပ်မျှ သွားလာနေသူတွေရှိသလို အိမ်တိုင်းမှာလည်း မြေအောက်ခန်းမှ ထပ်ခိုးအထိ လူပြည့်သိပ်နေသည်။ ကျောက်ခဲတစ်လုံး၊ မြေသားတစ်ကွက်မျှ လူနှင့် လွတ်ကင်းသည်ဟူ၍ မရှိ၊ လူမရှိသည့် လမ်းထောင့်ဟူ၍ ရှားလှသည်။

လူအများနှင့် ကင်းကွာလာသောအခါမှပင် အသက်ဆယ့်ရှစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် လူ့ကိုယ်မှထွက်သော အနံ့ဆိုးများကို ရှင်းလင်းစွာ သိလာသည်။ လူနံ့သည် ဂန်နီ့အတွက်တော့ မုန်တိုင်းကျခါနီး တိုက်ခတ်သည့်

လေပြင်းကဲ့သို့ စူးနစ်ပြင်းထန်သည်။ ထိုလူများနှင့် ပြည့်နေသော ကမ္ဘာကြီးပေါ်မှ ဝေးရာသို့ ထွက်သွားလိုက်ချင်သည်။ ၎င်းသည် ကမ္ဘာကြီး၏အပြစ် မဟုတ်၊ လူတွေ၏ အပြစ်သာ ဖြစ်သည်။ လူသူကင်းမဲ့သော ကမ္ဘာသာရှိလျှင် ထိုနေရာသို့သာ သွားနေလိုက်ချင်သည်။

ခရီးထွက်၍ သုံးရက်မြောက်သောအခါ အော်လျံစ်၏အနံ့ကို သူ စတင်ခံစားမိသည်။ မြို့ကိုပင် မမြင်ရသေးသော်လည်း ဂန္ဓိသည် လူသားတို့၏ အနံ့အသက်ကို လေထဲမှတစ်ဆင့် ခံစားရသည်။ ထိုအခါ မူလအကြံကို စွန့်လွှတ်၍ အော်လျံစ်ကို ရှောင်ကွင်းသွားဖို့ ဆုံးဖြတ်လိုက်သည်။ မကြာသေးမီကမှ ရှာတွေ့ထားသော သဘာဝ၏ အနံ့သစ်ကို လူများကြောင့် အပျောက်မခံချင်ပေ။ ထို့ကြောင့် မြို့ကို ကွေ့ပတ်၍ သွားသည်။ ရှသုနပ်မြို့နားက လွာမြစ်၏ အထက်သို့ ဆန်တက်သည်။ ထိုမှ ဝေးလံစွာ သွားလိုက်ရသဖြင့် ပါလာသော အသားချောင်း ကုန်သွားသည်။ သို့နှင့် မြစ်တစ်ဘက် ကမ်းမှ ဆူလစ်ဆာလွာမြို့ထဲဝင်၍ အသားချောင်း ထပ်ဝယ်ရသည်။ ထို့နောက် တောထဲဝင်၍ ခရီးဆက်သည်။

သူသည် မြို့များကိုသာမက ရွာများကိုလည်း ရှောင်ကွင်း၍ သွားသည်။ တောနံ့၊ တောင်နံ့ကို ပိုနှစ်ခြိုက်လာလေလေ၊ လူသားတို့ နေထိုင်ရာကို သွားချင်စိတ် မရှိတော့လေလေ ဖြစ်သည်။ ပေါင်မုန့်စသည့် အစာရေစာ လိုချင်လျှင် ရွာပြင်၊ လယ်ကွင်းတို့မှ လယ်စောင့်တဲကဲ့သို့ သီးခြားနေထိုင်သော လူနေအိမ်ခြေများဆီသွား၍ ဝယ်သည်။ ပြီးလျှင် တောထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားတော့သည်။ ထိုသို့ သွားနေရင်းကပင် လမ်းတွင် ခရီးသည် အနည်းငယ်နှင့် ဆုံသည်။ ထိုခရီးသည် အနည်းငယ်၏ အနံ့ကိုပင် တဖြည်းဖြည်းနှင့် သည်းညည်း မခံနိုင်တော့။ သိုးအုပ်တို့ဘာတို့နှင့် တွေ့လျှင်လည်း ရှောင်ကွင်းသွားသည်။ သိုးနံ့ကို မခံနိုင်၍ မဟုတ်၊ သိုးကျောင်းသားအနံ့ကို မခံလို၍ ဖြစ်သည်။

တစ်ခါ၌ မြို့ဘက်သို့ မျက်နှာမူလိုက်ရာ မိုင်ပေါင်းများစွာအကွာမှ စစ်သည်တော် တစ်စု၏ အနံ့ကို အကြာကြီး ရမိသည်။ စစ်ဖြစ်နေသည်ကို သူ မသိ။ သူ့ကို အရပ်ခိုင်း၍ စစ်လားဆေးလား မေးမြန်း၍ စာရွက်စာတမ်းများ ထုတ်ပြခိုင်းမှာကိုသာ သူကြောက်သည်။ မြင်းစီးစစ်သည်တို့၏ အနံ့ကိုလည်း မုန်းသည်။ ထိုအခါ ဂရက်ဆေးမြို့သို့ သွားရန်အကြံမှာ တဖြည်းဖြည်း မှိန်ဖျော့လာပြီး သွားချင်စိတ်ပါ ပျောက်လာသည်။ ဘယ်မှလည်း မသွားချင်တော့သလို လူတွေနဲ့လည်း မနေချင်တော့။

နောက်ဆုံးတွင် ညအခါ၌သာ ခရီးဆက်တော့သည်။ နေ့ဘက်ဆိုလျှင် ချုံပုတ်ထဲ ဝင်အိပ်သည်။ ပါလာသော မြင်းခြုံစောင်ကို ခေါင်းမှ ခြေဖျားအထိ လုံအောင်ခြုံ၍ တိရစ္ဆာန်တစ်ကောင်လို ခွေခွေကလေး ကွေးနေတတ်သည်။

ပြင်ပအနံ့များ ဝင်မလာအောင် မျက်နှာနှင့် နှာခေါင်းကို လက်ပိုက်၍ ခေါင်းနှစ်ထားလိုက်သည်။ နေဝင်ချိန်တွင် နိုးလာပြီး နှာခေါင်း တရှုံ့ရှုံ့ဖြင့် အနံ့ခံ၍ ခရီးဆက်သည်။ သူ့အတွက် အလင်းရောင် မလိုချေ။ နေ့ဘက်တွင်ပင် မျက်လုံးမှိတ်၍ နှာခေါင်းဖြင့် သွားလာတတ်သည်။ လရောင်ကို ပိုတောင် သဘောကျသည်။ လရောင်ထဲတွင် ဘာအရောင်ကိုမှ သဲသဲကွဲကွဲ မမြင်ရ။ သူ့အတွက် အရောင်ကို သိစရာမှမလို၊ အနံ့သာ လိုသည်။ တစ်ခါတစ်ရံ လေတိုက်သည့်အခါ တစ်တောလုံး အရိပ်ထိုးနေသလို ယိမ်းနွဲ့လှုပ်ရှား နေတတ်သည်။ ထိုအခါမျိုးတွင် ကမ္ဘာကြီး၏ ရနံ့အစစ်ကို သူ ရသည်။

သူ့တွင် သံလိုက်အိမ်မြှောင် မပါသော်လည်း နှာခေါင်းဖြင့် သိနိုင်သဖြင့် တောင်အရပ်သို့ ဦးတည်၍ သွားသည်။ မြို့၊ ရွာ၊ လူနေအိမ်ခြေမှန်သမျှ ရှောင်သွားသည်။ ထိုရက်များတွင် ဘယ်သူနှင့်မျှ လူချင်း မဆုံရချေ။ ထို့ကြောင့် တစ်လောကလုံးမှာ သူ တစ်ယောက်တည်း ရှိနေသလို ခံစားရသည်။ ကမ္ဘာကြီးသည် ပိန်းပိတ်အောင် မှောင်လျက် လရောင်က အေးတိစက်အေးစက်။

လူသားဟူသည်မှာ ညအခါတွင်လည်း တည်ရှိနေမှာပဲ ဖြစ်သည်။ လူသည် ညအခါတွင် အိပ်စက်နေမည် ဖြစ်သော်လည်း အနံ့ကတော့ ထွက်မြဲ ထွက်နေမှာ ဖြစ်သည်။ ဂရန်နွီသည် သန့်စင်သည့်လေကို ကျင့်သားရလာသည်နှင့်အမျှ ညအခါ၌ ရုတ်တရက် မျောလွင့်လာတတ်သော လူနံ့ပါသည့် လေကိုလည်း ချက်ချင်း ခွဲခြားသိရှိလာသည်။ သိုးကျောင်းသား၏ တဲ၊ မီးသွေးဖုတ်သမား၏ ဖိုရုံ၊ သူခိုး၏ မစင်ပုံ စသဖြင့်။ ထိုအခါ ရောက်နေရာအရပ်မှ ပိုဝေးအောင် သွားသည်။ လူနံ့မရတာ ကြာလေလေ၊ လူနံ့မှန်း ပိုသိလာလေလေ။

နှာခေါင်းသည် ဂရန်နွီ့ကို လူသားများနှင့် ဝေးရာအရပ်သို့ ခေါ်ဆောင်သွားလေရာ တဖြည်းဖြည်း ကမ္ဘာ့အစွန်အဖျားသို့ပင် ရောက်အောင် တွန်းပို့နေသလားဟုပင် ထင်ရလေသည်။

*****

အခန်း (၂၄)

ကလာမွန့်မြို့၏ တောင်ဘက်သို့ ငါးရက်ခန့် ခရီးဆက်ပြီးသောအခါ အူဗယ်နီအရပ်မှ မက်ဆစ်ဖ်တောင်တန်းများအလယ်သို့ ရောက်လာသည်။ ထိုနေရာသည် လူသားများနှင့် အလွတ်ကင်းဆုံး နယ်မြေတစ်ခု ဖြစ်သည်။ သူသည် ပေခြောက်ထောင်အမြင့်ရှိ ပလွမ်ဒူကန်တဲလ် အမည်ရှိသော မီးတောင်တစ်ခုပေါ် တက်လာခဲ့သည်။ ထိုတောင်ကို အပြာရောင်မှိုင်းမှိုင်းနှင့် ကျောက်တုံးကြီးများက ရှုမဆုံးအောင် ဝိုင်းပတ်ကာရံထားသည်။ မြင့်မားလှသော ထိုတောင်ပေါ်တွင် မိုးကြိုးခ၍ မည်းနက်နေသော သစ်ပင်အနည်းငယ်သာ ရှိသည်။ နေရာတိုင်း အညိုရောင် ချုံနွယ်ပိတ်ပေါင်းများစွာ ဖုံးနေသည်။ အချို့နေရာများတွင် ကျောက်တုံးကြီးများက ကြေးအထပ်ထပ်နှင့် သွားများလို ငေါ်ထွက်နေသည်။ ကျောက်တုံးများကလွဲ၍ ထိုဒေသတစ်ဝိုက်လုံး လွင်တီးခေါင်သဖွယ် ဖြစ်နေသဖြင့် နေ့ဘက်တွင်ပင် ဘယ်သိုးကျောင်းသားမှ သိုးလာကျောင်းပုံ မရချေ။ ညအခါ လသာသော အချိန်မှာလည်း နေချင်စဖွယ် မကောင်းလှအောင် အရိုင်းဆန်လှသည်။ မည်သူမျှ ရောက်လာနိုင်မှာ မဟုတ်သဖြင့် ပုန်းကွယ်နေထိုင်ရန်လည်း မလိုအပ်ချေ။ တောင်ပတ်လည် မိုင်ပေါင်းများစွာအတွင်း လူတစ်ယောက်မျှ မနေထိုင်ကြသလို သားရဲတိရစ္ဆာန်များလည်း မရှိ။ လင်းနို့အနည်းငယ်၊ နွားချေးပိုး တစ်ကောင်နှစ်ကောင်နှင့် အက်ဒါ မြွေပွေးများသာ ရှိသည်။ ထိုတောင်ထွတ်ပေါ်သို့ ဆယ်စုနှစ်ပေါင်းများစွာ ကြာသည်အထိ မည်သူမျှ ခြေချဖူးပုံမရ။ သည်နေရာမှာ နေထိုင်လျှင် ရှင်လျက်နှင့် သေနေသလို အထီးကျန်စွာ နေရမည်။

ဂရန်နွီသည် ထိုတောင်ပေါ်သို့ ၁၇၅၆ ခုနှစ် ဩဂုတ်လ၏ ညတစ်ညမှာ ရောက်လာခဲ့သည်။ အရုဏ်တက်လာချိန်တွင် တောင်ထွတ်ပေါ်မှာ သူ မတ်တတ်ရပ်နေသည်။ သူ့ခရီးက ဤနေရာမှာ အဆုံးသတ်၊ မသတ်ကိုတော့ မသိသေး။ သို့သော် ဤနေရာတွင် အသန့်စင်ဆုံးလေကို ရနိုင်သဖြင့် ခရီးတစ်ထောက် ရပ်နားလို့ ရသည်ဟု ထင်သည်။

ဂရန်နွီက အရှေ့အရပ်သို့ မျက်နှာမူကာ လူကို ဖြည်းဖြည်းချင်း တစ်ပတ်ပြည့်အောင် လှည့်၍ နှာခေါင်းကို အစွမ်းကုန်ဖွင့်ကာ အနံ့ခံကြည့် သည်။ အရှေ့အရပ်တွင် စိန့်ဖလောမြို့နှင့် ရီရူးမြစ်၏စိမ့်မြေ ရှိသည်။ မြောက်အရပ်တွင် သူလာခဲ့သောဒေသနှင့် ထုံးကျောက်တောင်တန်းများ ရှိသည်။ အနောက်အရပ်တွင် မနက်ခင်း လေညင်းနှင့် ပါလာသော ကျောက်တုံးနှင့် မြက်ရိုင်းနံ့မှလွဲ၍ ဘာမှမရှိ။ တောင်အရပ်တွင် ပလွမ်ဘ်မြို့၏ တောင်ကုန်းများက ထီရယ်မြစ် စီးဆင်းနေသော လျှိုမြောင်တောင်ကြားများအထိ ရှည်လျားလှသည်။ ဤနေရာသည် ဘယ်အရပ်က

ကြည့်ကြည့် လူတွေနှင့် ကင်းဝေးသည်။ သူ့ရည်မှန်းချက်ဆီတော့ ရောက်လေပြီ။ တစ်ချိန်တည်းမှာပင် သူသည် တစ်နေရာတည်းမှာ ခြေချုပ်မိသွားပြီဖြစ်သည်။

နေထွက်လာသည်အထိ သူက တောင်ထိပ်ပေါ်မှာပင် မတ်တတ်ရပ်ကာ လေကိုသာ ဆက်ရှူနေသည်။ ဤနေရာသည် ငြိမ်းချမ်းလုပါတကား။ ကျောက်ခဲ၊ ညိုမွဲမွဲ ရေညှိ၊ တွန့်လိမ်ယိမ်းခါနေသော မြက်ခင်းနံ့နှင့် လေညင်းသည် ညင်သာပြန့်ပြူးစွာ တိုးဝှေ့တိုက်ခတ်နေသည်။ သူ အသက်ရှူနေခြင်းသာ ဖြစ်သည်၊ အနံ့ခံနေခြင်း မဟုတ်ဟု ယုံကြည်လာအောင် အချိန်အတော်ကြာ စောင့်ဆိုင်းရသည်။ ထိုခဏတွင် သံသယစိတ် ဝင်လိုက်မိသေးသည်။ သို့သော် နေထွက်လာသည်ကိုပင် မျက်လုံးနှင့် ဖွင့်ကြည့်တတ်လာသည်။ ကျွဲအုပ်၊ နွားအုပ်၊ တဲခေါင်မိုး၊ တံတား၊ မီးခိုး၊ ခြံစည်းရိုး စသည့် လူသူအရိပ်အယောင်များ တွေ့ရမလားဟု မိုးကုပ်စက်ဝိုင်းတစ်ခုလုံးကို လှမ်း၍ မျှော်ကြည့်သည်။ မြက်ခုတ်သံ၊ ခွေးဟောင်သံ၊ ကလေးငိုသံကြားရမလားဟု နားရွက်ကို လက်ဖြင့်ကာ၍ နားစွင့်ကြည့်သည်။ ပလွမ်ဒူကန်တဲလ်တောင်ထွတ်ပေါ်တွင် နေပူထဲ၌ တစ်နေကုန် မတ်တတ်ရပ်ကာ လူရှိ၊ မရှိ အစွမ်းကုန် စောင့်ကြည့်သည်။ နေဝင်သွားသောအခါမှသာ သူ့သံသယတို့ တဖြည်းဖြည်း လွင့်ပါးပျောက်ကွယ်သွားသည်။ ထိုအခါ ယခင်ထက် ပို၍ ဝမ်းသာကြည်နူးလာမိသည်။ စက်ဆုပ်ရွံရှာဖွယ် ရာဟုသမျှတို့မှ သူ လွတ်ကင်းလေပြီ။ အခုတော့ လုံးဝ သူတစ်ယောက်တည်း ဖြစ်သည်။ လောကမှာ လူသားဟူ၍ သူတစ်ဦးတည်းသာ ရှိတော့သလို ခံစားရသည်။

သင်္ဘောပျက်၍ ပင်လယ်သမုဒ္ဒရာထဲမှာ ရက်ပေါင်းများစွာ မျောနေသော သင်္ဘောသားတစ်ယောက် ကျွန်းတစ်ခုကို မြင်လိုက်ရသလိုမျိုး သူ ပျော်နေသည်။ ဤတောင်ပေါ် ရောက်ရှိသည့်အနေဖြင့် အောင်ပွဲခံရမည်ဟု တွေးသည်။ ထို့နောက် ပျော်ရွှင်ကျေနပ်မှုအပြည့်နှင့် ဟေးခနဲ အော်ဟစ်လိုက်သည်။ ကျောပိုးအိတ်၊ စောင်၊ တောင်ဝှေးတို့ကို ဘေးသို့ ချကာ လက်သီးလက်မောင်း တန်း၍ ထခုန်သည်။ လှည့်ပတ်ကသည်။ သူ့နာမည်ကို အော်ဟစ်ကြုံးဝါးသည်။ တောင်အောက်ခြေမှာ လဲလျောင်းနေသော မြို့တော်ကြီးကို အနိုင်ရသည့်ဟန်ဖြင့် အောင်ပွဲခံသည်။ တောင်ထိပ်ဖျားပေါ်က သူ့အသွင်က ယခုမှ မိုးပေါ်ကကျလာသော လူတစ်ယောက်နှယ်။ သူသည် အရူးတစ်ယောက်လို ဝမ်းသာအူမြူးစွာ ညနက်သည့်တိုင် အောင်ပွဲခံနေလေသည်။

*****

အခန်း (၂၅)

ဂန်နီသည် ရက်အတန်ကြာအောင် တောင်ပေါ်မှာပင် နေသည်။ တိတ်ဆိတ်အေးချမ်းသော ထိုနေရာမှာပင် စိတ်ရှိသလောက်နေမည်ဟု ဆုံးဖြတ်သည်။ သောက်ဖို့ ရေကို အနံ့ခံ၍ ရှာကြည့်သောအခါ ကျောက်တုံး အက်ကွဲရာကြားတွင် အပေါ်ယံလျှပ်၍ စီးနေသည်ကို တွေ့သည်။ ထိုမဖြစ်စလောက် ရေအနည်းငယ်ကိုပင် တစ်နာရီလောက်ကြာအောင် စိတ်ရှည် လက်ရှည်လျှာဖြင့် လျက်ရသည်။ သူ့ခန္ဓာကိုယ်အတွက် နေ့စဉ် လိုအပ်သော အရည်ဓာတ်မှာ ဤမျှနှင့်ပင် လုံလောက်သွားသည်။ အစာအတွက် အဆိပ်မရှိသော မြက်လျှောမြွေနှင့် ပုတတ်ငယ်လေးများကို ဖမ်းဆီးကာ ခေါင်းဖြုတ်၍ အကောင်လိုက် ကိုက်စားသည်။ မြက်၊ ရေညှိခြောက်နှင့် မော့စ်ဘယ်ရီသီးများကိုလည်း စားသည်။ ထိုအရာများမှာ အာဟာရမဖြစ် သော်ငြား ဆာလောင်မှုကို ပြေပျောက်စေခြင်းငှာ ရှိရှာမနေအားချေ။ ယခင် ရက်ပေါင်းများစွာကပင် ပေါင်မုန့်၊ အသားချောင်း၊ ဒိန်ခဲတို့ကို မစားခဲ့ရတာ ကြာပြီ။ ထိုစဉ်ကတည်းက လမ်းမှာ တွေ့သမျှ စားလို့ရတာ မှန်သမျှ အကုန်စားခဲ့ပြီးဖြစ်၍ ထူး၍ မနေတော့။ စားတော်ကဲလည်း မဟုတ်၍ ကြေးမများချေ။ သူ့အတွက် သန့်စင်သောရနံ့များ ရှိနေလျှင် လုံလောက်ပြီ။ နေစရာအတွက် အစက ကျောက်သားပြ င်တစ်ခုခုပေါ်တွင် စတည်းချရန် စဉ်းစားသော်လည်း ပိုကောင်းသည့်နေရာကို တွေ့သွားသည်။ ရေသောက်သည့်နေရာနားတွင် လိုဏ်ခေါင်းတစ်ခု၏ အပေါက်ဝကို ရှာတွေ့သည်။ အထဲတွင် အကွေ့အကောက် များလှပြီး ကျောက်နံရံတစ်ခုတွင် အဆုံးသတ်သွားသည်။ လိုဏ်ခေါင်းသည် အထဲတွင် တဖြည်းဖြည်း ကျဉ်းမြောင်းသွားသဖြင့် ဘေးနံရံနှစ်ဖက်သည် သူ့ပခုံးနှင့် ထိလာသည်။ လိုဏ်ခေါင်းမျက်နှာကြက်က ခေါင်းနှင့် မလွတ်တော့သဖြင့် ကုန်း၍ တွားဝင်ရသည်။ သို့သော် ထိုင်လို့ရသည်။ ခွေ၍ နေလျှင် လှဲလို့ရသည်။ ဤမျှလောက်နှင့်ပင် သူကျေနပ်သည်။

သူ့အတွက်တော့ ထိုနေရာက အလွန်အကျိုးရှိလှသည်။ လိုဏ်ခေါင်းအဆုံးသတ်နေရာသည် နေ့အခါ၌ပင် ညရောက်နေသလို ပိန်းပိတ်အောင် မှောင်သည်။ ဘာသံမှ မကြားရအောင် တိတ်ဆိတ်ငြိမ်သက်သည်။ အသက်ရှူရသည့် လေကလည်း ဆားနံ့သင်း၍ စိုစွတ်အေးမြသည်။ ထိုနေရာသို့ ဘယ်သတ္တဝါမျှ ဝင်ရောက်ဖူးခြင်း မရှိမှန်း အနံ့တစ်ချက် ခံကြည့်လိုက်ရုံဖြင့် သိသွားသည်။ လုံခြုံစိတ်ချရမှန်း သိသဖြင့် မကြောက်မိတော့ချေ။ သူက မြင်းခြုံစောင်ကို စားပွဲခင်းလွှာသလိုမျိုး မြေပြင်ပေါ် ဂရုတစိုက် ဖြန့်ခင်းသည်။ ထို့နောက်

စောင်ပေါ်မှာလှဲ၍ အနားယူလိုက်သည်။

သူ အခု အလွန် စိတ်ချမ်းသာနေသည်။ မြေပြင်မှ ပေတစ်ရာ ငါးဆယ်အကွာမှာ လှဲနေသည်။ ပြင်သစ်နိုင်ငံရှိ တောင်တစ်လုံးထဲမှာ။ သူ့အုတ်ဂူထဲမှာ သူ့ဘာသာ နေနေသလိုမျိုး။ ဘဝမှာ တစ်ခါမျှ သည်လောက် လုံခြုံစိတ်ချရသည့် အရသာကို မခံစားရဖူးချေ။ သူ့မိခင်၏ ဝမ်းဗိုက်ထဲမှာပင် ထိုသို့ မခံစားခဲ့ရ။ အပြင်လောကတွင်တော့ စစ်မီးလျှံများက တဟုန်းဟုန်း တောက်လောင်လျက် ရှိသည်။ သူကတော့ ဘာမှ မသိ၊ သတိတောင် မထားမိချေ။ ထို့နောက် တသိမ့်သိမ့် ညင်သာစွာ စငိုသည်။ ဤမျှ ကောင်းလွန်းသည့် သူ့ကံကြမ္မာအတွက် မည်သူ့ကို ကျေးဇူးတင်ရမှန်း သူမသိချေ။ နေ့ဘက်တွင် ဂူပြင်သို့ထွက်၍ ရေကို လျှာဖြင့် လျက်သည်။ ကျင်ကြီး ကျင်ငယ် စွန့်သည်။ မြွေ၊ ပုတ်သင်ညို စသည့် အကောင်ပလောင်များကို လိုက်ဖမ်းသည်။ ၎င်းတို့သည် ညအခါတွင် ကျောက်တုံးအောက်၊ တွင်းငယ် စသည့်နေရာများတွင် ခိုအောင်းနေတတ်၍ ဖမ်းရပိုလွယ်သည်။ သူတို့သွားရာလမ်းကြောင်းကို နှာခေါင်းဖြင့် အနံ့ခံ၍ လိုက်ဖမ်းလို့ ရသည်။ ပထမဆုံး နေထိုင်သည့် ကာလတွင် တောင်ထွတ်ပေါ်သို့ ခဏခဏ တက်၍ မိုးကုပ်စက်ဝိုင်းတစ်ဆုံး အနံ့ခံလေ့ရှိသည်။ ထိုအပြုအမူသည် မကြာခင် အကျင့်တစ်ခုလို ဖြစ်သွားကာ နောက်ပိုင်းတွင် ပျင်းပျင်းရှိတော့မှသာ သွား၍ အနံ့ခံတော့သည်။

နောက်ဆုံးတွင် အနံ့ပင်ခံမကြည့်တော့ဘဲ မသေရုံတစ်မည် အသက်ဆက်ရသည့် တစ်နေ့တာ လုပ်ငန်းကို တတ်နိုင်သမျှ အမြန်ဆုံးပြီးအောင် ဆောင်ရွက်ကာ နားနေရာ လိုဏ်ဂူထဲသို့ ပြန်ဝင်သည်။ ထိုဂူသာလျှင် သူ၏ အမှန်အကန် နေထိုင်ရာ ဖြစ်သည်။ ကုန်ကုန်ပြောရလျှင် နှစ်ဆယ့်လေးနာရီပတ်လုံး မှောင်အတိ ကျနေသော၊ အသံတစ်စမျှ မကြားရသော ထိုလိုဏ်ဂူထဲမှာပင် နေသည်။ သူသည် မြင်းခြုံစောင်ပေါ်တွင် ထိုင်ကာ ကျောက်နံရံကို မှီ၍ မလှုပ်မယှက် နေသည်။ ထိုသို့ နေရတာကို ပျော်သည်။ တောထွက်၍ စိတ်အေးငြိမ်းမှုကို ရှာဖွေကြသော ပညာရှိ၊ သူတော်စင်၊ တမန်တော်၊ အပြစ်သား စသဖြင့် လူအမျိုးမျိုး ရှိသည်။ သူတို့သည် လွင်တီးခေါင်၊ တောအုပ် စသည့် လူသူကင်းမဲ့သော အရပ်များတွင် နေထိုင် လိုကြသည်။ ပျားရည်၊ သစ်ဥသစ်ဖု၊ အင်းဆက်ပိုးမွှားတို့ကိုသာ စားသည်။ အချို့မှာ လိုဏ်ဂူထဲတွင်လည်းကောင်း၊ ကျွန်းတစ်ခုပေါ်တွင် တဲဆောက်၍ လည်းကောင်း၊ အံ့ဩဘနန်း အစွမ်းရှိသည့် ပုဂ္ဂိုလ်ထူးများဆိုလျှင် လူသူမရောက် ခရီးမပေါက်နိုင်သည့် အမြင့်ထိပ်ဖျား တစ်နေရာရာတွင်လည်းကောင်း တစ်ဦးတည်း နေထိုင်၍ ကေစာရီ ကျင့်တတ်ကြသည်။ သူတို့သည် ဘုရားသခင်နှင့် နီးစပ်မည့် နည်းလမ်းအမျိုးမျိုးကို ရှာဖွေကြံဆကြသည်။ ဘုရားသခင်၏ နည်းလမ်းများအတိုင်း ယုံကြည်စွာ ကျင့်ကြံအား ကျင့်ကြံအားထုတ်ကြသည်။ ဘုရားသခင်က လူအများဆီ သတင်းစကား အမှာတော်ပါးသည့်အခါမှသာ လူတောထဲ ပြန်ဝင်တတ်ကြသည်။

ထိုသို့ ဖြစ်သည့်တိုင် ရက်၊ နှစ်များစွာ ကြာအောင် စောင့်ရတတ်သည်။ ဂန္ဒီသည် ထိုသူတို့နှင့် လားလားမျှ မသက်ဆိုင်ချေ။ ထိုအဖြစ်မျိုးကြောင့် လူသူလေးပါး ကင်းဝေးရာမှာလာ၍ နေထိုင်ခြင်းလည်း လုံးဝ မဟုတ်။ သူ့ခေါင်းထဲတွင် အနည်းဆုံး ဘုရားသခင်ဟူသော အသိပင်မရှိချေ။ သူသည် ဧကစာရီကျင့်နေသောကြောင့်လည်း မဟုတ်၊ အပြစ်လုပ်မိ၍ တစ်ကိုယ်တည်း အာပတ်လာဖြေခြင်းလည်း မဟုတ်၊ တန်ခိုးဣဒ္ဓိပတ် တစ်စုံတစ်ရာ ရလိုရငြား တရားလာကျင့်ခြင်းလည်း မဟုတ်ချေ။ ပြင်ပရှိအရာအားလုံးနှင့် ကင်းပြတ်စွာ သူ၏ ဖြစ်တည်မှုကို သူ့ဘာသာ ရှာဖွေလိုသောကြောင့် သူ့အကြောင်းနှင့်သူ စိတ်ချမ်းသာသလို လာနေခြင်း ဖြစ်သည်။ သူသည် အလောင်းကောင်တစ်ခုလို နှလုံးခုန်ခြင်း၊ အသက်ရှူခြင်း ကင်းလုနီးပါး ငြိမ်သက်နေသည်။ သူသည် ထိုလိုဏ်ဂူထဲတွင် တစ်ကိုယ်တည်း နေထိုင်ရင်း ပြင်ပလောကနှင့် အဆက်အသွယ်လုံးလုံး ပြတ်တောက်၍ နေလေသည်။

*****

အခန်း (၂၆)

ဂန်န္တီ့အတွက် ကာမဂုဏ်အာရုံခံစားမှုဟူသည်မှာ မွေးကတည်းက သူ့ကိုယ်ထဲမှာ သိုလှောင်သိမ်းဆည်းထားသော ရနံ့များထဲက ကောင်းနိုးရာရာများကို ရွေးချယ်ခံစားခြင်းဖြစ်သည်။ ထိုခံစားမှုကို မြှင့်တင်လိုလျှင် ပထမဆုံးအနေဖြင့် မလိုအပ်သော ရနံ့အသိများကို ဖယ်ရှားပစ်ရသည်။ မဒမ်ဂါယာ၏ အိပ်ခန်းမှာ ရတတ်သော သူမ၏ ပိန်လှီခြောက်ကပ်သော လက်များအနံ့၊ ဖာသာတာရီယာ၏ ချဉ်စုတ်စုတ် ကိုယ်သင်းနံ့၊ နို့ထိန်းသမ ဘတ်စီ၏ ပူပူနွေးနွေး ချွေးနံ့၊ 'အင်နိုးစန့်' သင်္ချိုင်းက လူသေကောင်ပုပ်နံ့၊ ကိုယ့်ရင်သွေးများ၏ အသက်ကို ပြန်ရန်ရှာသော မိခင်၏အနံ့။ သူ့တစ်ဘဝလုံးမှာ ကြုံခဲ့ရသော ပါရီမြို့သား ခြောက်သောင်းလောက်၏ အနံ့ကိုလည်း ပြန်အမှတ်ရကာ ဒေါသထွက်လာသည်။ ထိုအနံ့များကို ပြန်အမှတ်ရမိသောအခါ ကြက်သီးမွေးညင်းထအောင် မုန်းတီးစက်ဆုပ်၍ ထိတ်လန့်မိသည်။ သူသည် စပါးခင်းကို ဟာရီကိန်းမုန်တိုင်း တိုက်ချလိုက်သလိုမျိုး ထိုအနံ့ဆိုးများကို အာရုံထဲက ဖယ်ရှားပစ်လိုက်သည်။ မသတီစရာ ထိုအနံ့ အသက်ပိုင်ရှင်များကိုလည်း လက်စားချေသည့်အနေဖြင့် ပေါင်းဖိုကြီးတစ်ခုထဲထည့်၍ ဒေါသတကြီး အရည်ဖျော်ပစ်လိုက်သည်။ လုလိုက်တဲ့ မြင်ကွင်း ပါလား။

သူသည် အတွေးနှင့်ပင် စိတ်လှုပ်ရှားကာ တွန့်ခနဲဖြစ်သွားပြီး ဝမ်းသာအားရ ကုန်းထလိုက်ရာ လိုဏ်ခေါင်းအမိုးနှင့် ခေါင်းနှင့်ဆောင့်ကာ ပြန်လဲကျသွားသည်။ ထိုအခါ အသိစိတ်ပြန်ဝင်ကာ အနားယူရန် ပြင်သည်။

သူ့ခန္ဓာကိုယ်ကို ကျဉ်းမြောင်းသော ထိုနေရာနှင့် ဆံ့အောင် ဆန့်ထုတ်သည်။ စိတ်ထဲရှိ မကောင်းသော အတွေးများ၊ အာရုံများကို ဖယ်ရှား ရှင်းလင်းသည်။ နှာခေါင်းထဲမှာ နူးညံ့သော အနံ့အသက် တစ်ခုရသည်။ နွေဦးပေါက်မှာ ရတတ်သော သစ်ပင်ပန်းမန်တို့၏ ဖူးသစ်စရနံ့။ ဂူအပြင်ဘက်တွင် မေလ၏ လေညင်းက စိမ်းမြသော သစ်ရွက်နုကလေးများကို ဖြတ်သန်းတိုက်ခတ်နေသည်။ ထိုလေညင်းထဲတွင် ဆားလူးထားသော ဗာဒံစေ့၏ ခါးသက်သက် ရနံ့နှင့်အတူ ပင်လယ်၏ ရနံ့လည်း ပါသည်။

လှဲနေရာမှ ထလိုက်တော့ အပြင်မှာ ညနေစောင်းနေပြီ။ ဂန်န္တီ့စိတ်ထဲမှာတော့ ညနေလည်း မရှိ၊ မနက်လည်း မရှိ၊ အလင်းလည်း မရှိ၊ အမှောင်လည်း မရှိ၊ နွေဦးလည်း မရှိ၊ သစ်ရွက်နုလည်း မရှိ၊ ရနံ့များသာ ရှိသည်။ မကောင်းသည့် အနံ့အသက်များကို ကုန်စင်အောင် ထုတ်ပစ်လိုက်ပြီ ဖြစ်၍ စိတ်ထဲမှာ

အေးချမ်းနေသည်။ ဂန်နီက မတ်တတ်ထရပ်လိုက်သည်။

ဤအဖြစ်အပျက်မှာ တကယ်တော့ ဂန်နီ့စိတ်ထဲမှာသာ ဖြစ်ပေါ် နေခြင်း ဖြစ်သည်။ အတိတ်က မကောင်းသည့် အနံ့များ လုံးဝမရှိတော့သဖြင့် အာရုံမှာထင်လာသမျှ မွှေးပျံ့သော ရနံ့များသာ ကျန်တော့သည်။ သူသည် စိတ်ကူးဖြင့် ဂူအပြင်သို့ ထွက်သွားသည်။ အပြင်လောကသည် ပန်းဥယျာဉ်ကြီးတစ်ခုဖြစ်ပြီး သူက ဥယျာဉ်မှူး ဖြစ်သည်။ ရနံ့လောကကြီးကို သူအုပ်ချုပ်သည်။ သူ့ဘွဲ့အမည်က မဟာဂန်နီ ဟူ၏။

မဟာဂန်နီသည် ထွန်ထားသော ကွင်းပြင်များဆီ ရောက်လာပြီး ရနံ့မျိုးစေ့များ ကျဲသည်။ မိုးဖွဲကလေးများ ညင်ညင်သာသာ ကျဆင်းစေလိုက်သောအခါ မျိုးစေ့များမှ ရနံ့ပင်များ ချက်ချင်းပေါက်လာသည်။ ပင်စည်သည် ရေဓာတ်ပြည့်ဝလာပြီး အဖူးကလေးများ စထွက်သည်။ ထို့နောက် အဖူးကလေးများသည် ပန်းများအဖြစ် ပွင့်အာလာတော့သည်။ ရပ်တော့ဟု သူအမိန့်ပေးလိုက်သောအခါ မိုးဖွဲကလေးများ ကျဆင်းနေရာမှ ရပ်တန့် သွားသည်။ သူပြုံးလိုက်သောအခါ ပန်းအဖူးကလေးများပေါ်သို့ နေခြည်နုနု ဖြာကျလာလေသည်။ အသက်ရှူလိုက်သောအခါ ထိုမြေပေါ် လေတစ်ချက် တိုက်ခတ်သွားသည်။ ထိုခဏမှာပင် ညရောက်သွားသဖြင့် နေရောင်ပျောက် သွားသည်။ သင်းပျံ့နေဆဲ ပန်းရနံ့များကတော့ အပြာရောင်ညနှင့် ပေါင်းစပ်ကာ ထူးဆန်းသော လေညင်းအဖြစ် ပြောင်းလဲသွားသည်။

မဟာဂန်နီက အနည်းငယ် ပင်ပန်းသွားသဖြင့် သမ်းဝေရင်း "ငါသည် ကြီးကျယ်ခမ်းနားသော အမှုကိစ္စတစ်ခုအား ပြုခဲ့ပြီ။ သည့်အတွက် ကျေနပ်အားရလှသည်။ သို့သော် ဤအမှုတို့ကို ပြုပြီးသည်နှင့် ပျင်းသွားသည်။ ယနေ့တော့ ဤမျှနှင့်ပင် တော်ပြီ။ ဝမ်းမြောက်ပျော်ရွှင်မှုကို ငါ၏ နှလုံးအိမ်ထဲ၌သာ ကိန်းဝပ်စေတော့မည်" ဟု မိန့်မြွက်လိုက်လေသည်။

မဟာဂန်နီက ဤသို့မိန့်တော်မူလိုက်သောအခါ သူ့အောက်တွင် မွှေးမြသောရနံ့များက အောင်ပွဲခံသည့်အနေဖြင့် ကခုန်နေကြသည်။ သူသည် ရွှေရောင်တိမ်တိုက်များအောက်တွင် တောင်ပံများကို ဖြန့်ကား၍ ပျံဝဲကာ ထိုအခြင်းအရာကို ကြည့်သည်။ ထို့နောက် ကွင်းပြင်များအထက်မှ ဖြတ်သန်း၍ နှလုံးအိမ်ရှိရာသို့ ပျံသန်းသွားလေသည်။

*****

အခန်း (၂၇)

အိမ်အပြန်လမ်းက အေးချမ်းသာယာလှသည်။ မဟာဂန်နီသည် လောကကို ဖန်ဆင်းသူဖြစ်သလို ဒဏ်ခတ်သူလည်း ဖြစ်သည်။ သူ၏တာဝန်က ပေါ့သေးသေး မဟုတ်။ မဟာဂန်နီသည် ဤမျှကြီးကျယ်သော တာဝန်များကို ထမ်းဆောင်ပြီးသည့်နောက် သာယာချမ်းမြေ့စွာ အနားယူဖို့ တောင့်တမိသည်။

သူ၏ နှလုံးအိမ်သည် ခရမ်းရောင် ရဲတိုက်ကြီးတစ်ခု ဖြစ်သည်။ ထိုရဲတိုက်သည် ကျောက်ခဲများ ပြန့်ကျဲနေသော ကန္တာရကြီးတစ်ခုအလယ်မှာ တည်ရှိသည်။ သဲတောင်ပို့ကြီးများ ကွယ်နေသဖြင့် ထိုရဲတိုက်ကို အလွယ်တကူ မမြင်ရသလို ပတ်ပတ်လည်တွင်လည်း စိမ့်မြေ၊ ရေအိုင်များ ဝိုင်းနေသည်။ ပြီးတော့ ရဲတိုက်ကို ကျောက်တံတိုင်းကြီးများဖြင့် ကာရံထားသဖြင့် လေထဲကသွားမှသာ ရောက်နိုင်သည်။

ရဲတိုက်ထဲတွင် အခန်းပေါင်း ထောင်ချီရှိသည်။ မြေတိုက်ထဲက အိပ်ဆောင်များ၊ တင့်တယ်သော ခန်းမ ကျယ်ကြီးများလည်း ရှိသည်။ တစ်နေ့တာလုပ်ငန်းများ ပြီးစီးသွားသောအခါ ခရမ်းရောင် ဆိုဖာခုံရှည် တစ်လုံးရှိသော အခန်းမှာ သူ အနားယူသည်။ ရဲတိုက်၏ သီးသန့်ခန်းများထဲတွင် ကြမ်းပြင်မှ မျက်နှာကြက်အထိ မြင့်မားသောစင်များ ရှိသည်။ ထိုစင်ပေါ်တွင် ဂန်နီ တစ်သက်လုံး စုဆောင်းလာခဲ့သော ရနံ့သန်းပေါင်းများစွာ ရှိသည်။ မြေတိုက်ထဲတွင်မူ ဘဝမှာ အကောင်းဆုံးဟူသော ရနံ့များကို စည်ပိုင်းများဖြင့် သိုလှောင်ထားသည်။ သင့်လျော်သော သက်တမ်းရောက်သောအခါ စည်ထဲမှ ရနံ့များကို ပုလင်းများဖြင့် ခွဲထည့်၍ အေးမြစိုစွတ်သော စင်္ကြံလမ်းများတွင် တန်းစီ၍ ထားသည်။ ထိုပုလင်းများမှာ တစ်သက်လုံး သောက်လို့ မကုန်အောင် များပြားလှသည်။

ဂန်နီသည် အိမ်တော်ကို ပြန်ရောက်သည်နှင့် စီးထားသော ဘွတ်ဖိနပ်ကို ချွတ်၍ ခရမ်းရောင်ခန်းမထဲရှိ ဆိုဖာပေါ်မှာ လှဲသည်။ သူတစ်ခုခု ပြောလိုလျှင် လက်ခုပ်တီးလိုက်သည်နှင့် စိတ်ကူးထဲက အစေခံများ ရောက်လာသည်။ ထိုအစေခံများကို မမြင်ရသလို ထိတွေ့ကိုင်တွယ်၍လည်း မရ။ အနံ့အသက်လည်း မရှိကြ။ သူက သောက်တစ်ရာ တစ်ခုခုကို သီးသန့်ခန်းထဲမှ ယူလာခိုင်းလိုက်လျှင် အစေခံများက အလျင်အမြန် သွားရောက်ယူ ဆောင်ပေးကြသည်။

ဂန်နီ၏ ဝမ်းမှာ ဆာလောင်မှုဖြင့် တကျုတ်ကျုတ် မြည်လာသည်။

အရက်ဆိုင်က အကြောင်းတစ်ခုခုကြောင့် အရက်မရောင်းတော့မှာ ကြောက်နေသော အရက်သမားတစ်ယောက်လို ရုတ်တရက် ခံစားရသည်။

မြေတိုက်ထဲမှာ ဘာမှ မရှိတော့ဘူးလို့ ပြန်ပြောရင် ဘယ်လိုလုပ်ရပါ့မလဲ။ စည်ထဲက ရန့်တွေ ရုတ်တရက် ပျောက်ကွယ်သွားလျှင် ဘယ်လိုလုပ် ရပါ့မလဲ။ ဒါလေး သွားယူတာ ဘာလို့ ဒီလောက်ကြာနေရတာလဲ။ ဘာလို့ ခုထိ ရောက်မလာသေးတာလဲ။ စိတ်အေးအေးထားစမ်း ယန်းဘပ်တိစ်၊ စိတ်ကို ထိန်းပါ သူတို့လာနေပြီ။ မင်းတောင်းဆိုတာကို ယူဆောင်လာကြပြီ။ အစေခံများက သူ့ဆီသို့ တောင်ပံတဖျတ်ဖျတ်ခတ်၍ လာနေသည်။

ကိုယ်ပျောက် လင်ဗန်းတစ်ချပ်ပေါ်မှာ ရန့်စာအုပ်ကို တင်၍ သယ်လာသည်။ မမြင်ရသော လက်များဖြင့် ပုလင်းများ ကိုင်လာသည်။ ထို့နောက် ပုလင်းများကို အောက်သို့ ဂရုတစိုက်ချကာ အရိုအသေပေး၍ ပျောက်ကွယ် သွားကြသည်။

သွားကြ၊ ဘယ်သူမှ ငါ့အနား လာမ နား လာမနေနဲ့၊ ထွက်သွားကြ။

ဂန်နီွက ပထမဆုံး ပုလင်းကိုဖွင့်ကာ ရန့်များကို ဖန်ခွက်နှုတ်ခမ်း ပြည့်သည်အထိ လောင်းထည့်သည်။ ထို့နောက် ဖန်ခွက်ကို သူ့နှုတ်ခမ်းနှင့် တေ့၍ သောက်လိုက်သည်။

အေးမြသော ရန့်တစ်ခွက်ကို သောက်လိုက်ရသဖြင့် အမောပြေသွားသည်။ ထူးကဲလှသော အရသာကြောင့် ကြည်နူးမှုဖြင့် မျက်ရည်ပင် ဝိုင်းလာမိသည်။ သူက နောက်တစ်ခွက် ချက်ချင်း ငှဲ့သည်။

ဒုတိယရန့်သည် ၁၇၅၂ ခုနှစ်က ရန့်တစ်ခု ဖြစ်သည်။ ထိုရန့်ကို အရက်မတက်မီ တစ်ခုသော နွေဦးမှာ ပွန့်ရှိုင်ရယ်တံတားပေါ်၌ ရှုမိခဲ့သည်။ ထိုညက သူသည် ဂရင်မယ်၏ ခွင့်ပြုချက်မရှိဘဲ ပါရီမြို့ထဲသို့ ပထမဆုံးအကြိမ် သွားရောက်ခဲ့သည်။ အနောက်အရပ်မှ လေညင်းသည် ပင်လယ်၊ တောအုပ်နှင့် မြစ်ကမ်းနဖူးတွင် ချည်နှောင်ထားသော ကတ္တရာနံ့ ထွက်နေသည့် ကုန်သဘော်တစ်စီးကို တို့ထိတိုက်ခတ်၍ သူ့ဆီ ရောက်လာခဲ့သည်။ ထိုရန့်တွင် မနက်ခင်းသို့ ချဉ်းနင်းဝင်ရောက်လာသော လတ်ဆတ်မှုတို့ ပါသည်။ ထိုရန့်သည် လွတ်လပ်ခြင်း၏ သက်သေဖြစ်သည်။ ထိုမနက်ခင်း ၏ ရန့်သည် ဂန်နီွ့အတွက် မျှော်လင့်ချက်၏ ရန့် ဖြစ်သည်။ ထိုရန့်ကို မပျောက်မပျက်ရအောင် ဂရုတစိုက် စောင့်ကြပ်၍ နေ့တိုင်း သောက်သည်။

ဒုတိယတစ်ခွက် ကုန်သွားသောအခါ စိတ်လှုပ်ရှားမှု၊ သံသယနှင့် စိုးရိမ်သောကများ လွင့်ပျောက်သွားကာ ကျေနပ်အားရခြင်းများ ပြည့်သွားသည်။ သူက နူးညံ့သော ဆိုဖာကို ကျောဖြင့်မှီ၍ လှဲချလိုက်သည်။ ထို့နောက် စာအုပ်ကို

ဖွင့်၍ သူ၏ ကိုယ်တွေ့မှတ်တမ်းကို စဖတ်သည်။ သူ၏ ကလေးဘဝ၊ ကျောင်းတက်သော နေ့ရက်များ၊ လမ်းမကျယ်နှင့် ချောင်ကြိုချောင်ကြားက အနံ့အသက်များ၊ လူနံ့များ။ စက်ဆုပ်ရွံရှာဖွယ် အနံ့ဆိုးများအား သူ့ကိုယ်ထဲမှ ဖယ်ရှားလိုက်နိုင်သည်ကို တွေးရင်း ကျေနပ်သွားသည်။ ထိုအနံ့များကို သူ ဘာလို့ စိတ်ဝင်စားမိပါလိမ့်ဟု စဉ်းစားကာ စာအုပ်ကို ဘုန်းခနဲ ဒေါသတကြီး ဆောင့်ပိတ်လိုက်ပြီး ဘေးချထားလိုက်သည်။ ထို့နောက် ရန့်များကို တစ်ခွက်ပြီး တစ်ခွက် မရပ်မနား ဆက်သောက်သည်။

လွတ်လပ်မှုနှင့် မျှော်လင့်ချက်ဟူသော ရန့်ပုလင်းကို သောက်ပြီးနောက် ၁၇၄၄ ခုနှစ်က ပုလင်းအဆို့ကို ထပ်ဖွင့်သည်။ ထိုပုလင်းထဲတွင် မဒမ်ဂါယာ၏ အိမ်အပြင်က ထင်းပုံ၏ ပူနွေးသော ရန့်များဖြင့် ပြည့်နေသည်။ ထိုပုလင်းကို သောက်ပြီးသောအခါ နွေညနေ၏ရန့် ပုလင်းကို ထပ်၍ သောက်သည်။ ထိုရန့်ကို ၁၇၅၃ ခုနှစ် နွေရာသီ၏ တစ်ခုသော ညနေမှာ ရခဲ့သည်။ ပန်းနှင့်ရေမွှေး ရောနှောနေသည့် မွှေးအီလှသော ထိုရန့်ကို စိန့်ဂျာမိန်း ရပ်ကွက်ထဲက ပန်းခြံတစ်ခု၏ အစွန်နားတွင် စုဆောင်း သိမ်းဆည်းခဲ့သည်။

ဂရန်နွီသည် ရန့်ဆိပ်တက်၍ မူးယစ်ရီဝေလာသည်။ လက်နှင့် ခြေထောက်တို့မှာ လေးလံလာပြီး ဆိုဖာထဲသို့ တစ်ကိုယ်လုံး နစ်ဝင်သွားသလို ခံစားရသည်။ စိတ်ထဲမှာ ရီဝေမှုန်မှိုင်းလာသော်လည်း အသိတော့ လွတ်မသွားသေးချေ။ မျက်လုံးများ မှေးစင်းပြီး လက်ထဲမှ စာအုပ်လွတ်ကျသွားသည်။ နောက်ဆုံးကျန်သည့် ပုလင်းကို မသောက်ရသေး။ ထိုပုလင်းထဲက ရန့်သည် အားလုံးထဲတွင် အထူးခြားဆုံးနှင့် အကောင်းဆုံး။ ထိုရန့်သည် မိန်းကလေးတစ်ယောက်၏ ရန့်ဖြစ်သည်။

လှဲနေရာမှ ထလိုက်သောအခါ မူးယစ်နေသည်ဖြစ်၍ လှုပ်ရှားလိုက်တိုင်း မျက်လုံးထဲမှာ မြင်ရသော ခရမ်းရောင်ခန်းမက လည်နေသည်။ သူသည် ကျောင်းသားလေးတစ်ယောက်ကဲ့သို့ ဒူးနှစ်ဖက်ကို ကျုံ့၍ ရို့ကျိုးစွာ ထထိုင်သည်။ ပြီးမှ နောက်ဆုံးပုလင်းကို တရိုတသေယူ၍ ခွက်ထဲသို့ ငှဲ့သည်။ မြေတိုက်ထဲမှ တန်ဖိုးအကြီးဆုံး ထိုရန့်ကို တစ်ခွက်ပြီး တစ်ခွက် သောက်လိုက်တိုင်း ပို၍ ဝမ်းနည်းလာသည်။ အသောက်လွန်သွားမှန်း သူ့ကိုယ်သူ သိနေသော်လည်း ရပ်မပစ်ချင်လောက်အောင် သောက်၍ ကောင်းပါဘိခြင်း။ တစ်ပုလင်းလုံး ပြောင်မှပင် အသောက်ရပ်သည်။

ခြံဝင်းတစ်ခု၏နောက်ဘက်ထဲက လမ်းကျဉ်းလေးအတိုင်း အမှောင်ထဲမှာ လမ်းလျှောက်နေသလို ခံစားရသည်။ အလင်းရောင်ဟူ၍ မှုန်ပျပျသာ မြင်ရသည်။ မိန်းကလေးတစ်ယောက် အဝါရောင်ဆီးသီးများကို အခွံသင်နေသည်။ အဝေးမှ မီးရှူးမီးပန်းဖောက်သံ တအုန်းအုန်း ကြားရသည်။ ခွက်ကို ပြန်ချကာ

အတန်ကြာအောင် ငိုင်၍ ထိုင်နေမိသည်။ ထိုရန့်ကို စွဲလမ်းယစ်မူးစွာ အငမ်းမရ သောက်ခဲ့ပြီးနောက် ထိုရန့်သည် နှာဝမှာ မေ့ဖျောက်မရနိုင်အောင် တသသ စွဲကျန်ရစ်သည်။ သူသည် ရှေ့တူရူသို့ ငူငူကြီး ငေးကြည့် နေမိသော်လည်း အသိစိတ် ကင်းမဲ့နေသည်။ သူသည် ခရမ်းရောင်ဆိုဖာပေါ် ဘေးတစောင်း လဲကျသွားကာ သတိလက်လွတ် အိပ်ပျော်သွားသည်။ တစ်ချိန်တည်းမှာပင် ပြင်ပလောကရှိ ရုပ်နာမ် ခန္ဓာကိုယ်နှင့် ဂန္ဓီသည်လည်း မြင်းခြုံစောင်ပေါ်တွင် အိပ်ပျော်နေလေသည်။

အိပ်ရာမှ နိုးလာသောအခါ အမှောင်ထဲရှိ လိုဏ်ခေါင်းအဆုံးက ကျောက်သားမြေပြင်ပေါ် လဲလျောင်းနေမှန်း သတိဝင်လာသည်။ ဆာလောင်နေသောကြောင့် မအီမသာ ဖြစ်နေသည်။ ချမ်းစိမ့်ကာ အရက်နာ ကျနေသလိုလို တစ်မျိုးကြီး ခံစားရသည်။ သူသည် လိုဏ်ခေါင်းထဲမှ လေးဖက်ထောက်၍ အပြင်သို့ ထွက်သည်။

နေ့သစ်တစ်ခု စတော့မှာလား၊ ညသို့ ရောက်တော့မှာလား မသိ၊ အချိန်တစ်ခုခုတော့ ရောက်နေပြီ။ တကယ်တော့ ညသန်းခေါင်ယံ ဖြစ်သည်။ သို့သော် ကြယ်ရောင်ကပင် သူ့မျက်လုံးကို အပ်များနှင့် ထိုးဆွနေသလို စူးလှသည်။ တိုက်ခတ်လာသော လေက ဖုန်တောထဲမှ လွင့်လာသလို မွန်ထူသည်။ အသက်ရှူလိုက်တိုင်း အဆုတ်ကို မီးဟပ်သလို ပူစပ်ပူလောင်နှင့် ခံရခက်လှသဖြင့် ကျောက်တုံးများနှင့် ကွယ်ထားမိသည်။ ယခုအခါ အနူးညံ့ဆုံး အနံ့သည်ပင် သူ့နှာခေါင်းအတွက် ဓားတစ်ချောင်းအလား ထက်မြနေသည်။ သူ့နှာခေါင်းသည် ပြင်ပလောကနှင့် အသားမကျသေးသလိုမျိုး အသက်ရှူလိုက်လျှင် လေက နှာခေါင်းကို တိုက်စားသွားသလို ခံစားရသည်။ ဝင်ကစွပ်တစ်ကောင် အခွံချွတ်၍ ပင်လယ်ကို ဖြတ်ကူးနေရသလိုမျိုး။

ရေသောက်နေကျ နေရာကို သွား၍ ကျောက်ပြင်ပေါ်က ရေလွှာကို လျှာဖြင့် လျက်သည်။ ကျောက်တုံးပေါ်မှ ရေညှိကို ခွာစားသည်။ လုပ်စရာရှိသည်ကို တစ်ခါတည်း ပြီးသွားအောင် စားနေလျက်ကပင် ငုတ်တုတ်ထိုင်၍ မစင်စွန့်သည်။ သူ့အသွင်သည် သိမ်းငှက်၊ စွန်ရဲတို့ အမဲလိုက်ခံနေရသော အသားပျော့ပျောင်းနူးညံ့သည့် သတ္တဝါတစ်ကောင်လို ကိစ္စပြီးသည်နှင့် ဂူထဲသို့ အမြန်ဆုံး ပြန်ပြေးဝင်သည်။ မြင်းခြုံစောင် ခင်းထားသည့် လိုဏ်ဂူအဆုံးအထိ ရောက်တော့မှ စိတ်ချလက်ချ ရပ်တန့်သည်။ ထို့နောက် ခြေလက်တို့ကို ဆန့်၍ ကျောက်နံရံကို မှီကာ ငြိမ်သက်စွာ ထိုင်သည်။

ရေပြည့်လျှံနေသော စဉ့်အိုးတစ်လုံး ဘောင်ဘင်မခတ်အောင် တည်ငြိမ်နေသလိုမျိုး သူ့ခန္ဓာကိုယ်က မလှုပ်မယှက် ငြိမ်သက်နေသည်။ အသက်ရှူနှုန်းကို တဖြည်းဖြည်း ထိန်းချုပ်လာနိုင်သောအခါ နှလုံးခုန်သံပါ နှေးကွေးလာကြောင်း သတိထားမိသည်။ ရုတ်တရက် အထီးကျန်သလို ခံစားရသည်။

သို့နှင့် မျက်လုံးများကို မှိတ်ထားလိုက်သည်။

မှောင်ကြီးမည်းကြီးထဲ တံခါးများ ပွင့်လာသဖြင့် သူ ဝင်သွားသည်။ ထိုအခါ ဂန္ဒီ၏ စိတ်သန္တာန်ထဲတွင် နာမ်ဝိညာဉ်တစ်ခု ခွဲ၍ ထွက်ပေါ်လာလေသည်။

*****

အခန်း (၂၈)

ဤသို့ဖြင့် ရက်မှလ၊ လမှနှစ်သို့ ကူးပြောင်းသွားရာ ခုနစ်နှစ်မျှ ကြာညောင်းသွားလေသည်။ ထိုကာလအတွင်း၌ အပြင်လောကတွင် စစ်ဖြစ်နေသည်။ ဆေလေးရှားနှင့် ဆက်ဆွန်ညီဒေသများ၊ ဟန်နိုဗာမြို့နှင့် ၎င်း၏ အောက်ဘက်ရှိ နိုင်ငံများ၊ ဘိုဟီးမီးယားနှင့် ပွန်မာရေးနီးယားဒေသများတွင် အုံကြွမှုများ ဖြစ်နေသည်။ ဘုရင့်စစ်တပ်သည် ဟက်ဆေးနှင့် ဝက်စ်ဖလေးယား ပြည်နယ်များ၊ ဘယ်လီယာရစ်ကျွန်း၊ မစ္စစ္စပီ၊ ကနေဒါ၊ အိန္ဒိယတို့တွင် ကျဆုံးကုန်ကြသည်။ စစ်ကြီးကြောင့် လူတစ်သန်းလောက် သေကျေကြသည်။ နောက်ဆုံးတွင် ပြင်သစ်လက်အောက်ခံ ကိုလိုနီနယ်မြေများနှင့် စက်မက်ဖြစ်ပွားနေသည့် ချမ်းသာကြွယ်ဝသော အခြားနိုင်ငံများအားလုံးက စစ်ပွဲကို အဆုံးသတ်ကြရန် သဘောထားကြီးစွာ ဆုံးဖြတ်လိုက်သည်။

တစ်ခုသော ဆောင်းရာသီတွင် ဂရ်နွီ အေးခဲတောင့်တင်း၍ သေမလို ဖြစ်သည်။ ငါးရက်ကြာအောင် ခရမ်းရောင် ခန်းမထဲတွင် လှဲနေခဲ့ပြီးနောက် နိုးလာသောအခါ တစ်ကိုယ်လုံး အေးစက်ပြီး လှုပ်မရတော့ချေ။ သို့နှင့် မျက်လုံးများကို ပြန်မှိတ်ထားလိုက်ပြီး အိပ်နေလျက်က သေရန် ကြံသည်။

သို့သော် ရာသီဥတုက ပြောင်းလဲသွားကာ ခဲနေသောအရာများ အရည်ပျော်၍ သူလည်း သေတွင်းမှ လွတ်သွားသည်။ တစ်ကြိမ်တွင် နှင်းများ ထူထပ်စွာကျ၍ ရေညှိပင်ကို ရှာမတွေ့ချေ။ ထိုအခါ တောင့်ခဲနေသော လင်းနို့အသေကောင်များကို စားရသည်။ တစ်ခါတော့ ကျီးသေတစ်ကောင် တွေ့သဖြင့် ကောက်စားလိုက်သည်။

သူ့အတွက်တော့ အပြင်လောကမှာ ခုနစ်နှစ်လုံးလုံး ကြုံရသည့် ထူးခြားသော ဖြစ်စဉ်ဟူ၍ ဤမျှသာ ရှိသည်။ ကျန်အချိန်များမှာတော့ ဂူထဲမှာပင် သူ နေသည်။ ပို၍တိကျစွာ ပြောရလျှင် သူ့စိတ်ဝိညာဉ်ထဲမှာ နေသည်။ သူသည် အစာရေစာပြတ်၍ အသက်သေသည်အထိ ဤဂူထဲမှာ ဝင်နေထိုင်သွားမည့်ပုံ ရသည်။ သို့သော် တောင်တန်းသည် သူ့ကို လက်ခံချင်ပုံ မရ၊ အပြင်လောကသို့ ပြန်၍ အန်ထုတ်လိုက်သည်။

*****

အခန်း (၂၉)

တောင်တန်းဆီမှ သူ ထွက်လာခဲ့သည်မှာ လျှောက်လှုပ်၍လည်း မဟုတ်၊ တောမီးလောင်၍လည်း မဟုတ်၊ တောင်ပြို၍လည်း မဟုတ်။ သူ့ကို ဤတောင်ပေါ်မှ ထွက်ခွာအောင် လှုံ့ဆော်သည့် ထိုအရာမှာ ပြင်ပလောက၏ ပယောဂကြောင့် လုံးလုံး မဟုတ်ချေ။ ထိုအရာသည် သူ အိပ်ပျော်နေစဉ် စိတ်ထဲမှာ ဖြစ်ပွားခဲ့သည်။ ထိုအရာကား နှလုံးသားရဲတိုက်ထဲမှာ သူအိပ်ပျော်နေစဉ် မက်ခဲ့သော အိပ်မက်တစ်ခု ဖြစ်သည်။

သူသည် ခရမ်းရောင်ခန်းမထဲက ဆိုဖာပေါ်တွင် လှဲနေသည်။ သူ့အနားက ပုလင်းအားလုံး ပြောင်တလင်းခါနေသည်။ ဆံပင်နီနှင့် ကောင်မလေးရနံ့ကို နှစ်ပုလင်းလုံးကုန်အောင် သောက်ခဲ့သဖြင့် အလွန် မူးရီနေသည်။ ကြည့်ရတာ များသွားပုံရသည်။ ယခင်က အိပ်ပျော်သွားလျှင် အိပ်မက်မမက်တတ်သော်လည်း သည်တစ်ကြိမ်တွင် အိပ်မက်သည် မီးတောက် တစ်ခုပမာ ထ၍ လက်လေသည်။

ပါးလွှာသော ထိုမီးတောက်ကလေးမှာ ရနံ့မီးတောက် ဖြစ်သည်။ ပထမတော့ ၎င်းသည် ဂန်နွီ၏နှာခေါင်းတွင် မျှဉ်းမျှဉ်းကလေးသာ မျှောလွင့်နေသော်လည်း တဖြည်းဖြည်း တိမ်တိုက်ပမာ ထူထပ်ကျယ်ပြန့်လာသည်။ ထိုရနံ့မြူထုအလယ်တည့်တည့်မှာ သူ မတ်တတ်ရပ်နေသည်။ မြူတိမ်တိုက်သည် တဖြည်းဖြည်း မြင့်မားလာပြီး သူ့ကို လွှမ်းခြုံရစ်ပတ်သွားရာ သူသည် မြူနှင့် တစ်သားတည်း ပျော်ဝင်နစ်မြုပ်သွားလေသည်။ မြူငွေ့ကြောင့် သူ အသက်ရှူကျပ်လာသည်။ မွန်းကျပ်၍ မသေချင်လျှင် အသက်ကိုရအောင် ရှူရမည်။ ထိုမြူထုသည် ရနံ့ထုတစ်ခု ဖြစ်သည်။ သူ၏ ခန္ဓာကိုယ်မှ ထွက်လာသော သူ့ကိုယ်ပိုင်ရနံ့ပင် ဖြစ်သည်။ သို့သော် ထိုရနံ့ကို သူ ရှူ၍ မရ။ ထိုမြူထုတွင် ဘာအနံ့အသက်မှ မရှိ၊ အငွေ့သက်သက်သာ။ သူ အံ့သြ၍ စိတ်ပျက်သွားသည်။ သူ့မှာ အနံ့မရှိဟူသော အသိက သူ့ကို တုန်လှုပ်ချောက်ချားစေသည်။ သူသည် အရှင်လတ်လတ် မီးလောင်တိုက်သွင်းခံရသူလို ကြောက်လန့်တကြား ထအော်သည်။

သူ့အော်သံသည် ခန်းမန်ရံကို ပဲ့တင်ထပ် ရိုက်ခတ်ကာ နှလုံးသားရဲတိုက်၏ အပြင်ဘက်ရှိ စိမ့်မြေအထိ ပြန့်နှံ့သွားသည်။ ဂန်နွီ၏ စိတ်သန္တာန်ထဲမှ အော်သံသည် အပြင်လောကရှိ ရုပ်ခန္ဓာ၏ ပါးစပ်မှတစ်ဆင့် ကျယ်လောင်စွာ ပွင့်ထွက်သွားသည်။ သူ့အော်သံသည် တော်လည်းသံတစ်ခုလို လိုဏ်ခေါင်းမှတစ်ဆင့် ဂူအပြင်ဘက် ကွင်းပြင်များအထိ ဟိန်းထွက်သွားသည်။ မသိလျှင် တောင်တန်းကြီးက အော်ဟစ်နေသည့်အလား။

ဂန္ဓီသည် အော်သံနှင့်အတူ အိပ်နေရာမှ လန့်နိုးလာသည်။ သူ့ကို မွန်းကျပ်စေသော အနံ့အသက်မဲ့ မြူထုထဲ တကယ်ရောက်နေသည့်အလား တစ်ကိုယ်လုံးကို ပွတ်သပ်ခါချသည်။ သေမင်းနှင့် ရင်ဆိုင်လိုက်ရသလို ကြောက်ရွံ့နေသဖြင့် တစ်ကိုယ်လုံး တုန်ယင်နေသည်။ အိပ်မက်ထဲတွင် သူ့အော်သံက မြူထုကို ဖောက်ထွက်မသွားဘဲ သူသာလျှင် မြူခိုးများထဲ နစ်မြုပ်သေဆုံးသွားသည်။ ထိုအိပ်မက်ကို ပြန်စဉ်းစားတိုင်း ကြက်သီးထမိသည်။ သူသည် တုန်ယင်စွာ ထိုင်လျက် တစ်စစီ ပြန့်ကျဲနေသော အတွေးများကို ပြန်၍ စုစည်းရန် ကြိုးစားသည်။ သေချာတာ တစ်ခုတော့ ရှိသည်။ ဤသို့သော အိပ်မက်မျိုး ဒုတိယအကြိမ် ထပ်မမက်အောင် သူ့ဘဝကို ပြောင်းလဲပစ်မှ ရတော့မည်။ နောက်တစ်ခါဆို မုချ သေရလိမ့်မည်။ သူသည် ပခုံးထက်က မြင်းခြုံစောင်ကို ဖယ်ကာ ဂူဝသို့ သွားသည်။ အပြင်မှာ မိုးစင်စင်လင်းနေပြီ။ ဖေဖော်ဝါရီလနှောင်းပိုင်း၏ မနက်ခင်း တစ်ခု ဖြစ်သည်။ နေသာသည်။ မြေကြီးမှ ကျောက်တုံး၊ ရေညှိနှင့် ရေတို့၏ အနံ့ရသည်။ လေထုက အနီမိုနီပန်းနံ့ သင်းနေသည်။

ဂူဝမှာ ငုတ်တုတ်ထိုင်ချလိုက်တော့ နေရောင်ခြည်ကြောင့် နွေးသွားသည်။ လတ်ဆတ်သော လေကို ရှူသည်။ မြူထုထဲက လွတ်အောင် ထွက်ပြေးခဲ့သည်ကို တွေးတိုင်း ကျောရိုးထဲက စိမ့်ခနဲ ဖြစ်သွားသည်။ လောလောဆယ် ကျောပေါ်မှ နေရောင်၏ နွေးထွေးမှုကြောင့်လည်း ကြက်သီးမွေးညင်း ထနေသည်။ ပြင်ပလောကသည် ခိုကိုးရာမဲ့သူတို့၏ နားခိုရာမို့လားမသိ၊ နေလို့ထိုင်လို့ ကောင်းလှသည်။ ကြောက်မက်ဖွယ်၊ စက်ဆုပ်ဖွယ် စိတ်ကူးတို့ကို သူ ဆက်မတွေးရဲတော့။ ထိုစိတ်ကူးများထဲမှာ အလင်းရောင် မရှိ၊ ရနံ့ မရှိ၊ ထိတ်လန့်ဖွယ် မြူထုကလွဲ၍ ဘာမှမရှိ။ သွေးလန့်မှုက တဖြည်းဖြည်း ပြေပျောက်၍ စိုးရိမ်သောကများ လျော့ကျလာတော့မှ သူ့ကိုယ်သူ စိတ်ချလက်ချ ပြန်နေနိုင်လာသည်။ နေ့ခင်းရောက်သည်အထိ ငြိမ်သက်စွာ ထိုင်နေလိုက်သည်။ ထို့နောက် ဘယ်ဘက်လက်က လက်ညှိုးနှင့် လက်ခလယ်ကို နှာခေါင်းဝတေ့ကာ မှောက်လိုက်လှန်လိုက် လုပ်၍ ရှူကြည့်သည်။ အနီမိုနီပန်းနံ့နှင့် စိုစွတ်သော နွေဦး၏ လေကိုသာ ရှူမိသည်။ ဘာလက်ချောင်းနံ့မှ မရ။ သူက လက်ဝါးဖြန့်၍ ရှူကြည့်သည်။ လက်၏ ပူနွေးမှုသာ ရှိသည်။ ဘာနံ့မှမရ။ အင်္ကျီလက်ကို ခေါက်တင်ကာ တံတောင်ဆစ်အကွေးနားကို ရှူကြည့်သည်။ ထိုနေရာသည် လူသားတိုင်း အနံ့ထွက်ရာ နေရာတစ်ခုဖြစ်မှန်း သူသိသည်။ သို့သော် ထိုနေရာမှလည်း ဘာနံ့မှမရ။ ချိုင်းနှင့်ခြေဖဝါးကို ရှူကြည့်သော်လည်း ထို့အတူပင်။ အင်္ဂါဇာတ်ဆီ ရောက်အောင် ခါးကို ကုန်းနိုင်သမျှ ကုန်း၍ အစွမ်းကုန် ကြိုးစား ရှူကြည့်သော်လည်း ဘာနံ့မှမရပေ။

ဤအဖြစ်မှာ တော်တော် ကိုးရိုးကားရား နိုင်သည်။ မိုင်ပေါင်းများစွာ အဝေးက လူများကို အနံ့ခံနိုင်သော ဂန္ဓီသည် သူ့ကိုယ်ပိုင်အနံ့ကိုတော့ ခံလို့မရ

ဖြစ်နေသည်။ "ငါ့ကိုယ်က အနံ့မထွက်တာ မဟုတ်ဘူး။ ကိုယ့်အနံ့ကိုယ် မွေးကတည်းက ရင်းနှီးနေတာမို့ နှာခေါင်းက ယဉ်နေတာ ဖြစ်မယ်။ ငါ့လောက် အနံ့ခံကောင်းတာ ငါပဲရှိတာ" ဟု သူ့ဘာသာ ပြောမိသည်။

သူက မြင်းခြုံစောင်ပေါ် ထိုင်ကာ ဝတ်ထားသော အဝတ်များကို ချွတ်ပစ်သည်။ သို့သော် ၎င်းတို့မှာ ခုနစ်နှစ်လောက် ကြာအောင် တစ်ခါမှ မချွတ်ခဲ့သဖြင့် အဝတ်များဟုပင် ပြောရခက်လှအောင် စုတ်ပြဲရှိရှဲနေသည်။ သူ့မှာ အနံ့သာရှိပါက ထိုအဝတ်စုတ်များ၌ သူ့အနံ့များစွဲနေရပေမည်။ သူက ထိုအဝတ်များကို လုံးထွေး၍ ဂူပေါက်ဝ၌ လွှင့်ပစ်ခဲ့ပြီး တောင်ထိပ်ရှိရာ လျှောက်သွားသည်။ ခုနစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် တောင်ထွတ်ပေါ်သို့ ထပ်၍ တွယ်တက်ပြန်သည်။ ထို့နောက် ဤတောင်ထွတ်ပေါ် သူ စရောက်လာစဉ်က သွားခဲ့သည့် နေရာမှာပင် မတ်တတ်ရပ်သည်။

အနောက်အရပ်ကလေကို တစ်ဝကြီး ရှူရန် နှာခေါင်းကို အနောက်အရပ်သို့ မျက်နှာမူလိုက်သည်။ လေက အဝတ်ဗလာနှင့် သူ့ခန္ဓာကို တဝှီးဝှီး ဖြတ်တိုက်နေသည်။ ထိုလေထဲတွင် ပင်လယ်နှင့် စိုစွတ်သော မြက်ခင်းပြင်၏ရနံ့ ပါသည်။ ထိုလေသည် ကိုယ်ပေါ်ရှိ တခြားအနံ့များကို တိုက်စားသွားမည်ဖြစ်၍ သူ့အနံ့သာ ရှင်းရှင်းလင်းလင်း ပေါ်လာလိမ့်မည်။ သူသည် လည်ပင်းကို ရှေ့သို့ ဆန့်ထုတ်၍ လက်နှစ်ဖက်ကို နောက်ပစ်ကာ ကုန်းလိုက်သည်။ မသိလျှင် ရေကူးကန်ထဲ ဒိုင်ဗင်ထိုးတော့မည့် ရေကူးသမား တစ်ယောက်အလား။ သူသည် ထိုကိုယ်နေဟန်ထားအတိုင်း နာရီများစွာ အောင့်ပုံစံမပျက် ကုန်းနေသည်။

နောက်ဆုံးတွင် နေဝင်တော့မည်ဖြစ်၍ အလင်းရောင်က ခပ်ဖျော့ဖျော့သာ ကျန်တော့သည်။ သူ့အသားအရေသည် ညစ်ထည်းသော အဖြူရောင်မှ ကျောက်ပုစွန်ကင်လို နီမြန်းသွားသည်။ ညနေစောင်းတော့ တောင်ထွတ်ပေါ်မှ လိုဏ်ဂူဆီ ပြန်ဆင်းလာသည်။ အဝေးတစ်နေရာတွင် သူ့အဝတ်ပုံကို တွေ့ရသည်။ အဝတ်ပုံဆီ မရောက်ခင် ကိုက်အနည်းငယ် အကွာလောက်ကတည်းက နှာခေါင်းကို ပိတ်ထားလိုက်သည်။ အဝတ်ပုံဆီ ရောက်တော့မှ နှာခေါင်းကို ပြန်ဖွင့်ကာ ကုန်း၍ ရှူကြည့်သည်။ ထိုနည်းကို ဘာဒီနီဆီမှ တတ်လာခြင်း ဖြစ်သည်။

သူသည် အဝတ်များဆီက အနံ့ကို လက်ခုပ်ဖြင့် ခပ်ယူ၍ ရှူကြည့် သည်။ သူ့အနံ့ကို နည်းမျိုးစုံ သုံး၍ ရှူကြည့်သော်လည်း ဘာမှမရ။ ကျောက်တုံးနံ့၊ သဲနံ့၊ ရေညှိနံ့၊ ကျီးကန်းသွေးနံ့နှင့် လွန်ခဲ့သောနှစ်များက သူစားခဲ့သည့် အသားချောင်းအနံ့ပင် ရှိသော်လည်း သူနှင့်ပတ်သက်၍ ဘာအနံ့မှ ကပ်ငြိစွဲကျန်၍ မနေချေ။ ဤအဝတ်အစားများမှာ မရှိသည့် တစ်ခုတည်းသောအရာမှာ ခုနစ်နှစ်၊ ရှစ်နှစ်လောက် ကြာအောင် မချွတ်တမ်း ဝတ်လာခဲ့သော သူ၏အနံ့ပင် ဖြစ်သည်။ ဂရန်နွီသည် ယခုမှပင် အမှန်တကယ် ထိတ်လန့်သွားသည်။

နေဝင်သွားပြီ။ သူသည် ဂူပေါက်ဝတွင် အဝတ်ဗလာဖြင့် မတ်တတ်ရပ်နေမိသည်။ အေးစက်သော လေကြောင့် သူ့တစ်ကိုယ်လုံး တောင့်တင်း အေးခဲနေသည်။ သို့သော် သူ့ကိုယ်သူ ဘာဖြစ်နေမှန်း သတိမထားမိချေ။ သူ့ရင်ထဲတွင် အကြောက်တရားက ပြင်ပလောကနှင့် ဆန့်ကျင်၍ ပူပြင်းစွာ တောက်လောက်နေသည်။ ယခုလို ကြောက်လန့်ခြင်းမှာ အိပ်မက်ထဲ၌ ရုန်းရင်းကန်ရင်း မွန်းကျပ်လာသဖြင့် ထိတ်လန့်လာပုံမျိုးနှင့် မတူချေ။ သူ့ကိုယ်သူ ဘာမှန်းမသိသဖြင့် တစိမ့်စိမ့် ကြောက်ရွံ့လာမိပုံမျိုး ဖြစ်သည်။ သူ့မှာ အနံ့ရှိမရှိ သေချာသိရမှ ဖြစ်မည်။ အခုချက်ချင်း သိချင်သည်။

လိုဏ်ခေါင်းထဲ သူပြန်ဝင်သည်။ အထဲမှာ မှောင်မည်းနေသော်လည်း နေ့ဘက် လင်းလင်းကျင်းကျင်းထဲမှာ သွားနေသလိုမျိုး သူ့လမ်းသူ ဖြောင့်ဖြောင့်တန်းတန်း သွားသည်။ အကြိမ်ပေါင်း ထောင်ချီအောင် သွားနေကျဖြစ်၍ ခြေလှမ်းတိုင်း၊ အကွေ့တိုင်းကို သိနေသဖြင့် သူ့အတွက် မခက်ခဲချေ။ ခက်ခဲသည်က ထိုသို့ သွားနေရင်း ထိတ်လန့်စရာ အိပ်မက်ကို ပြန်ပြန်သတိရသဖြင့် စိတ်ထဲမှ မောင်းထုတ်နေရခြင်း ဖြစ်သည်။ သူ ခြေတစ်လှမ်း လှမ်းတိုင်း အိပ်မက်ကို သတိရစိတ်က ဒီရေလို တဖြည်းဖြည်း မြင့်တက်လာသည်။ သို့သော် သူက သတ္တိရှိသည်။

သူ့စိတ်ထဲမှာ အကြောက်တရားနှစ်ခု လွန်ဆွဲနေကြသည်။ အိပ်မက်ကို ကြောက်စိတ်နှင့် သူ့ကိုယ်သူ အဖြေရှာမရသော ကြောက်စိတ်။ အိပ်မက်ကို ကြောက်၍ အိပ်နေကျနေရာကို မသွားရဲလျှင် ယခုအဖြေကို သူသိရတော့မှာ မဟုတ်။ သူ့မှာ ရွေးချယ်စရာ မရှိ။ ဤပွဲမှာ အဖြေသိချင်စိတ်က အနိုင်ရသည်။ လိုဏ်ခေါင်းအဆုံးရှိ အိပ်နေကျနေရာကို သူ ရောက်သွားသည်။ ထိုအခါ ကြောက်စိတ်တို့ လွင့်ပျောက်ကာ တည်ငြိမ်လာသလို ခံစားရသည်။ သူ့စိတ်က အတော်လေး ကြည်လင်ရှင်းလင်းနေပြီး နှာခေါင်းကလည်း ဓားတစ်ချောင်းလို စူးရှထက်မြက်နေသည်။

သူက ငုတ်တုတ်ထိုင်ကာ မျက်လုံးကို လက်ဖြင့်ပိတ်၍ ရှူကြည့်သည်။ ဤနေရာမှာ ခုနစ်နှစ်လောက် သူ လဲလျောင်းနေခဲ့သည်ပဲ၊ သူ့အနံ့ တစ်ခုခုတော့ ရှိကိုရှိရမည်။ အသက်ကို ဖြည်းဖြည်းချင်းရှူကာ အနံ့ကို သေသေချာချာ ခွဲခြမ်းစိတ်ဖြာကြည့်သည်။ ဆယ့်ငါးမိနစ်လောက် ငုတ်တုတ်ထိုင်၍ စဉ်းစားသည်။ သူ အမှတ်မမှားပါ။ လွန်ခဲ့သော ခုနစ်နှစ်က ဤနေရာမှာ ရခဲ့သည့် အနံ့အတိုင်း အတိအကျ ပြန်ရသည်။ ယခင်က ဘယ်လူသား၊ ဘယ်တိရစ္ဆာန်မှ ဝင်လာခဲ့ဖူးခြင်း မရှိသဖြင့် ဤနေရာတွင် ကျောက်တုံးနံ့၊ စိုစွတ်သော၊ ဆားဓာတ်ပါသော၊ အေးမြသော၊ သန့်စင်သော ရနံ့ကလွဲ၍ ဘာမှမရခဲ့။ ယခုလည်း ထို့အတူပင်။

သူက တစ်ခုခုကို စဉ်းစားသလိုမျိုး ခေါင်းတညိတ်ညိတ်ဖြင့်

တည်ငြိမ်အေးဆေးစွာ ဆက်၍ ငုတ်တုတ် ထိုင်နေသည်။ ထို့နောက် ဂူပေါက်ဝသို့ လှည့်ထွက်သွားသည်။ ပထမ လေးဖက်ထောက်၍၊ ထို့နောက် ခါးကုန်း၍၊ နောက်ဆုံးတွင် မတ်တတ်ရပ်၍ ဂူထဲမှ ထွက်လာသည်။ အပြင်ဘက်ရှိအဝတ်စုတ်များကို ပြန်ယူဝတ်သည်။ ဖိနပ်မှာ လွန်ခဲ့သော နှစ်ကာလများကပင် ပျက်စီးသွားခဲ့သည်။ မြင်းခြံစောင်ကို ပခုံးပေါ် လွှား၍ ခြုံပြီးနောက် ပလွမ်ဒူကန်တဲလ်၏ တောင်အရပ်ဆီ ဦးတည်ကာ ညတွင်းချင်းပင် ထွက်လာခဲ့လေသည်။

*****

အခန်း (၃၀)

သူ့အသွင်က ရွံ့ရှာစက်ဆုပ်ဖွယ်အတိ။ ဆံပင်များက ဒူးအထိရှည်ကျနေသလို မုတ်ဆိတ်ကျင်စွယ်များကလည်း ချက်အထိ ရောက်နေသည်။ လက်သည်းခြေသည်းများက ငှက်လက်သည်းများလို ရှည်လျား၍ ကုပ်ကွေးနေသည်။ အဝတ်ဖုံးမထားနိုင်သည့် ခြေလက်ပေါ်က အရေပြားမှာလည်း ပွန်းပဲ့ပေါက်ပြဲရာ အပြည့်။

သူ့ကို ပထမဆုံး မြင်ကြသူများမှာ ပီယာဃေဖို့တ်ပြည်နယ် မြို့တစ်မြို့ရှိ လယ်ကွင်းတစ်ခုက လယ်သမားများ ဖြစ်သည်။ သူ့ကို တွေ့သောအခါ သူတို့က အော်ဟစ်၍ ထွက်ပြေးကြသည်။ မြို့ထဲသို့ ဝင်လာတော့ သူ့ကို လူရာပေါင်းများစွာက အထူးအဆန်း တစ်ခုလို ဝိုင်းကြည့်ကြသည်။ အများစုက သူ့ကို ကျွန်ပြုနှိပ်စက်ရာနေရာမှ ထွက်ပြေးလာခဲ့ခြင်းဖြစ်မည်ဟု ယုံကြည်ကြသည်။ အချို့ကတော့ သူ့ကို လူသားစင်စစ် မဟုတ်၊ လူနှင့် ဝက်ဝံပေါင်းစပ်၍ မွေးဖွားလာသော ထူးဆန်းသည့် တောတွင်းသတ္တဝါ တစ်ကောင် ဖြစ်ရမည်ဟုဆိုသည်။ ပင်လယ်သို့ ထွက်ဖူးသည့် လူတစ်ယောက်က သူ့ကို အင်ဒီးယန်းလူရိုင်းအဖွဲ့ဝင်တစ်ဦး ဖြစ်မည်ဟု ယူဆသည်။ သို့နှင့်သူ့အား မြို့တော်ဝန်ဆီ ခေါ်သွားကြသည်။

မြို့တော်ဝန်ဆီ ရောက်သောအခါ သူက အလုပ်သမား ထောက်ခံစာများ ထုတ်ပြလိုက်သည်။ ထိုအခါ လူထုမှာ အလွန်အံ့အားသင့်သွားကြသည်။ သူက လမ်းတွင် ဓားပြတိုက်ခံရပြီး ဂူတစ်ခုထဲတွင် ခုနစ်နှစ်ကြာအောင် ပိတ်ထားခံခဲ့ရကြောင်း ပြောသည်။ ထိုစကားများမှာ ခုနစ်နှစ်ကြာမှ ပြောသော ဂန်နို့၏ ပထမဆုံးစကား ဖြစ်သည်။

သူက အဖမ်းခံထားရသည့် ကာလအတွင်း နေ့အလင်းရောင်ကို မမြင်ရသလို တခြားလူသားများကိုလည်း မတွေ့ရကြောင်း၊ သို့သော် မမြင်ရသည့် လက်တစ်ဖက်က သူ့ကို ခြင်းတောင်းတစ်လုံးထဲ အစာထည့်ကာ အမှောင်ထဲမှလှမ်း၍ မသေရုံတစ်မည် ကျွေးခဲ့ကြောင်း၊ နောက်ဆုံးတွင် လှေကားတစ်ခုကို ချပေးသဖြင့် လွတ်လာခဲ့ရကြောင်း၊ သူ့ကို အဘယ့်ကြောင့် ဖမ်းသည်ကို မသိရသလို အဘယ့်ကြောင့် ပြန်လွှတ်ပေးမှန်းလည်း မသိကြောင်း၊ သူ့ကို ဖမ်းဆီးသူများကိုရော ကယ်တင်သူကိုပါ မမြင်ဖူးကြောင်း ရှင်းပြသည်။ အမှန်အတိုင်း ပြောလျှင် ယုံမှာမဟုတ်သဖြင့် သူက ထိုသို့ ဇာတ်လမ်းဆင်၍ ယုံအောင်ပြောလိုက်သည်။ ထိုအချိန်က ဆေးဗန်းနက်စ်၊ အော်ဗန်ဆဲ၊ လန်ဂွီဒေါက် စသော တောင်တန်းများတွင်

ခါးပြတိုက်မှုများ မကြာခဏ ဖြစ်ပေါ်နေတတ်သည်။ မြို့တော်ဝန်က ဘာမှ မကန့်ကွက်ဘဲ သူပြောသမျှကို မှတ်တမ်းရေးကာ မားကွစ်ဟုခေါ်သည့် အမတ်ငယ်ရာထူးဖြင့် သူကောင်းပြုခြင်း ခံရသော ဒီလာတိုင်လာဒီအက်စ်ပင်နက်စီကို ပေးလိုက်သည်။

မားကွစ်သည် ထိုမြို့တွင် အရေးပါသူ ဖြစ်သလို ထူလုဇ်မြို့ရှိလွှတ်တော်အဖွဲ့ဝင်လည်း ဖြစ်သည်။ သူသည် ဗာဆေးလ်မြို့ တရားရုံးတွင် အသက်လေးဆယ်အထိ အမှုထမ်းခဲ့ပြီးနောက် ပင်စင်ယူကာ ဇာတိမြို့သို့ တစ်ကိုယ်တည်း ပြန်၍ နေထိုင်သည်။သူသည် သိပ္ပံပညာလိုက်စားသည့် စာရေးဆရာလည်း ဖြစ်သည်။ နိုင်ငံရေးကြောင့် ပြောင်းလဲလာသည့် စီးပွားရေးအတွက် အရေးပါသည့် လုပ်ငန်းများအကြောင်းကိုလည်း ရေးသားသည်။ သူ၏စာအုပ်တွင် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ထုတ်ကုန်များ၊ လယ်ယာမြေပေါ်ရှိ အခွန်အတုပ်များ ဖျက်သိမ်းပုံနှင့် ဝင်ငွေခွန် အတက်အကျ မိတ်ဆက်တို့ ပါဝင်သည်။ သူ့စာအုပ်သည် ဆင်းရဲသော တိုင်းသူပြည်သားများကြားတွင် အလွန်နာမည်ကျော် ရေပန်းစားလှပြီး စီးပွားရေးလုပ်ငန်းစဉ်များ အင်တိုက် အားတိုက် တိုးမြှင့်ဆောင်ရွက်ကြရန် တိုက်တွန်းထားသည်။

မားကွစ်သည် အသက်ငါးနှစ်မှ ဆယ်နှစ်အတွင်း ယောကျ်ားလေး၊ မိန်းကလေးများကို စာသင်ကြားပေးသလို စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းအသစ်များကိုလည်း စမ်းသပ်သည်။ မြက်ခင်းအမျိုးမျိုးပေါ်သို့ နို့တိုက်သည့်အနေဖြင့် နွားသုက်ရည် ဖျန်းပက်ကာ တိရစ္ဆာန်နှင့် ဟင်းသီးဟင်းရွက် မျိုးစပ်ထုတ်လုပ်ရန် ကြိုးပမ်းသည်။ သူ၏ ကနဦး အောင်မြင်မှုအဖြစ် နို့စားမြက်မှ ချိစ်ကို ထုတ်လုပ်ရရှိသောအခါ လိုင်ယွန်သိပ္ပံ အကယ်ဒမီအသင်းက ‘မဆိုစလောက် ခါးသက်သော်လည်း ဆိတ်နို့အရသာ ထွက် ပါပေသည်’ ဟု ဖော်ပြလေသည်။ သို့သော် လယ်ကွင်းများပေါ် နွားသုက်ရည် ကွတ်ပေါင်းရာချီ၍ ဖျန်းပက်ရမည် ဖြစ်သောကြောင့် အကုန်အကျ များလှသဖြင့် ထိုစမ်းသပ်မှုကို ဆက်မလုပ်တော့ချေ။

သူသည် မြေကြီးနှင့် ဇီဝကမ္မဖြစ်စဉ် ပတ်သက်ဆက်နွယ်မှုကို သုတေသနပြုရန် အားသန်သည်။ ကမ္ဘာမြေကြီးမှ ဖလွတ်ဒမ်လက်တေးလ် ဟု ခေါ်သော ဓာတ်ငွေ့တစ်မျိုး ထုတ်လွှတ်သည်။ ထိုဓာတ်သည် သက်ရှိများ မရှိမဖြစ် လိုအပ်သော စွမ်းအင်များကို ဖြစ်ပေါ်စေသလို အနေးနှင့် အမြန် ပြိုကွဲစေသည်။ သက်တမ်းကြီးရင့်လာလေ၊ ထိုဓာတ်ငွေ့က လက်ခံသည့် သက်ရှိကို အဆိပ်သင့်လာလေဖြစ်ပြီး သေလွန်သွားသည့်နောက် ဆွေးမြည့် ပျက်စီးသွားသောအခါမှ ခန္ဓာကိုယ်ထဲက ထွက်သည်။

မားကွစ်သည် ဂူထဲတွင် ခုနစ်နှစ်ကြာ နေထိုင်ခဲ့ရသူကို တွေ့ရကြောင်း ပီယာယေဖို့တ်မှ သတင်းစကားကို လက်ခံရရှိသောအခါ စမ်းသပ်စရာ တစ်ခုရပြီဟု

တွေးမိကာ ပျော်သွားလေသည်။ ဖလွတ်ဒမ်လက်တေးလ်သည် အသက်နှစ်ဆယ့်ငါးနှစ်ရှိ ဂန်နီအား တိုက်ခိုက်ခဲ့ကြောင်း ချုံးချုံးကျနေသော ခန္ဓာကိုယ်က သက်သေပြနေသည်။ ၎င်းမှာ သူ့သီဝရီကို လက်တွေ့ကျကျ အရှင်းလင်းဆုံး တွေ့လိုက်ရခြင်း ဖြစ်သည်။ ပေါင်မုန့်၊ အသီးအနှံဟု ယူဆရသော အရာများကို စားခဲ့သောကြောင့်သာ ဂန်နီ မသေရခြင်းဖြစ်ကြောင်း ကြေညာသည်။ မူလအတိုင်း ကျန်းမာလာအောင် ခန္ဓာကိုယ်ထဲမှ ထိုဓာတ်ငွေ့များကို ဖယ်ထုတ်ပစ်ရမည်ဟု ဆိုသည်။ မွန်တီပယ်လာမြို့ရှိ သူ၏ စံအိမ်ကြီးတွင် သူကိုယ်တိုင် တီထွင်ထားသော လေပုပ်ထုတ်စက် ရှိသည်။

ဂန်နီသာ အစမ်းသပ်ခံရန် ဆန္ဒရှိပါက အဆိပ်ငွေ့များ သူ့ကိုယ်ထဲမှ ထုတ်ပယ်ပေးမည့်အပြင် ငွေအသပြာလည်း မက်လောက်အောင် ပေးမည်ဟု စည်းရုံးသည်။

နှစ်နာရီကြာသောအခါ နှစ်ယောက်သား မြင်းလှည်းဖြင့် မွန်တီပယ်လာသို့ ခရီးဆက်ကြသည်။ ခြောက်ဆယ့်လေးမိုင်ခန့်သာ ဝေးသော်လည်း လမ်းခရီးက ကြမ်းတမ်းလှသဖြင့် နှစ်ရက်ကြာမှ ရောက်သည်။ အကြောင်းမှာ မကြာခဏ နွံနစ်ခြင်း၊ ဝင်ရိုးပြုတ်ခြင်းတို့ကြောင့် နှောင့်နှေး ရသည်။ မားကွစ်သည် အသက်ကြီးရင့်သော်လည်း လှည်းပေါ်မှဆင်း၍ မောင်းသူကို ကူညီပေးသည်။ ဂန်နီကိုတော့ မဆင်းခိုင်းဘဲ မြေကြီးနှင့်ရွှံ့မံထားသော စောင်တစ်ထည်နှင့်ပတ်၍ လှည်းပေါ်မှာသာ ထိုင်နေစေသည်။ သူ့ကို ဟင်းသီးဟင်းရွက်တို့၏ အမြစ်များကိုသာ ကျွေးသည်။ ဤသို့ ပြုလုပ်ခြင်းဖြင့် အဆိပ်ဓာတ် လျော့ပါးသွားလိမ့်မည်ဟု မားကွစ်က မျှော်လင့်နေသည်။ မားကွစ်က မွန်တီပယ်လာရှိ သူ့စံအိမ်ကို ရောက်ရောက်ချင်းပင် ဂန်နီ့ကို ထပ်ခိုးပေါ်က စမ်းသပ်ခန်းထဲမှာ ထားလိုက်သည်။ ဆေးပညာဌာန၊ ရက္ခဗေဒအဖွဲ့အစည်း၊ စိုက်ပျိုးရေး သင်တန်းကျောင်း၊ ဓာတုဗေဒအသင်းနှင့် တစ်မြို့လုံးပေါင်းမှ ဆယ့်နှစ်ခု မပြည့်သော အခြားလေ့လာရေး လူမှုအဖွဲ့များဆီ ဖိတ်စာပို့သည်။

တောင်တန်းများဆီမှ ထွက်ခွာလာပြီး တစ်ပတ်တိတိ ပြည့်သောနေ့၌ ဂန်နီသည် မွန်တီပယ်လာတက္ကသိုလ်ခန်းမရှိ လူခုနစ်ရာရှေ့တွင် သရုပ်ပြ ဖြစ်နေလေသည်။ မားကွစ်က ဂန်နီသည် ဖလွတ်ဒမ်လက်တေးလ်သီဝရီ အတွက် သက်ရှိသက်သေဖြစ်ကြောင်း လက်ချာရိုက်သည်။ ဂန်နီ၏ အဝတ်ကို လှပ်ပြပြီး ခန္ဓာကိုယ်ပေါ်မှ အဖုအပိမ့်နှင့် ဒဏ်ရာအမာရွတ်များကို အဆိပ်သင့်ရာ နေရာများဟု ဆိုသည်။ ဓာတ်ငွေ့သည် အရိုးဖွဲ့စည်းပုံကိုလည်း ပျက်ယွင်းစေသဖြင့် ခါးကုန်းခြင်း၊ ခြေထောက်ခွင်ခြင်း အစရှိသည့် မြင်သာသော လက္ခဏာများသာမက အသည်း၊ အဆုတ်၊ ပန်ကရိယ၊ သည်းခြေအိတ် အစရှိသည့် ကိုယ်တွင်းအင်္ဂါများကိုပင် ထိခိုက်တတ်ကြောင်း ရှင်းပြသည်။ အချုပ်အားဖြင့် ဖလွတ်ဒမ်လက်တေးလ်၏

ဒဏ်ကို ခုနစ်နှစ်လောက် ခံစားခဲ့ရလျှင် သွက်ချာပါဒလိုက်ကာ ရှင်လျက်နှင့် သေသလို လူဖြစ်ရှိုးရကြောင်း၊ သင့်လျော်သော ဓာတ်စာကို မှီဝဲ၍ အဆိပ်ဓာတ်ထုတ် ကုသသည့် နည်းလမ်းဖြင့်သာ လူကောင်းပကတိဘဝသို့ ပြန်ရောက်နိုင်ကြောင်း ဟောပြောသည်။

ဟောပြောချက်မှာ အောင်မြင်မှု ကြီးမားလှသည်။ ပရိသတ်က မားကွစ်ကို သောသောညံအောင် ဩဘာပေးသည်။ ဂန်န္ဒီရပ်နေသည့် စင်ပေါ်တက်၍ တန်းစီကာ အမာရွတ်ဟောင်းများကို အနီးကပ် ကြည့်ရှုကြသည်။ သူသည် ကျန်းမာသန်စွမ်းနေသည်ဟု ခံစားရသော်လည်း လူတိုင်းက သူ့ကို နာလန်ထ လူမမာလိုသာ ယူဆနေကြသည်။ ဂုဏ်သရေရှိ လူကြီးလူကောင်းများစွာက သူ့ကို ပညာရှင်ဆန်စွာ တို့ကြည့်ကြ၊ ကိုင်ကြည့်ကြနှင့် မျက်လုံး၊ ပါးစပ်တို့ကိုပါ ဖြဲကြည့်သည်။ ဂူထဲတွင် ဘယ်လိုများ နေထိုင်ခဲ့သလဲဟု စပ်စုကြသည်။ သူက မားကွစ် သေသေချာချာ သင်ထားသည့်အတိုင်း လည်ချောင်းကို လက်ညှိုးထိုးပြကာ အသံမထွက်တော့သဖြင့် မဖြေနိုင်ကြောင်း အမူအရာ လုပ်ပြသည်။

သရုပ်ပြမှု ပြီးဆုံးသည့်အခါ မားကွစ်က သူ့ကို စံအိမ်ရှိ စတိုခန်းထဲ ပြန်ပို့သည်။ ထိုနေရာတွင် ဆေးပညာဌာနက ဆရာဝန်များစွာ ရောက်နေသည်။ မားကွစ်က သူတို့ရှေ့တွင်ပင် ဂန်န္ဒီ့ကို ထင်းရှူးသား သစ်သားပြားများဖြင့် ရိုက်ထားသည့် သေတ္တာတစ်လုံးနှင့်တူသော အဆိပ်ထုတ်စက်ထဲ ထည့်၍ သော့ခတ်လိုက်သည်။ လေစုပ်ပန်ကာကို အိမ်ခေါင်မိုးမှာ ဖောက်ထားသော မီးခိုးခေါင်းတိုင်နှင့် သွယ်ထားသည်။ ကြမ်းပြင်တွင် သားရေအဆို့ရှင်နှင့် လေပိုက်တစ်ခု ချထားသည်။ လေပိုက်ကို အစေခံတစ်ယောက်က နေ့ရောညပါ ဖွင့်ပေးထားသဖြင့် ခေါင်းတိုင်ထဲမှ လေစုပ်ပန်ကာများ မရပ်မနား လည်ပတ်လျက် ရှိနေတော့သည်။ ထိုအတောတွင်း ဂန်န္ဒီ့ကို ဘီလုံးငှက်သားပိုင်မုန့်၊ တောဘဲသားဟင်း၊ ချိုးသားဟင်းချို၊ အပင်မှ လတ်လတ်ဆတ်ဆတ် ခူးထားသော အသီးများ၊ ဂျုံအကောင်းစားဖြင့် ဖုတ်ထားသည့်ပေါင်မုန့်၊ ဒရယ်နို့၊ ဝိုင် စသည့် စားကောင်းသောက်ဖွယ်များ ကျွေးသည်။

ထိုသို့ ငါးရက်ကြာ ဆောင်ရွက်ပြီးသောအခါ လေစုပ်စက်များကို ရပ်၍ ဂန်န္ဒီ့ကို ရေချိုးသန့်စင်သည်။ မိုးရေကို ကြက်သီးနွေးရုံ အပူပေးထားသော ရေချိုးဇလုံထဲတွင် အသားများ နူးညံ့လာအောင် စိမ်ခိုင်းကာ ပိုတိုဆီမြို့ကလာသော ဗာဒံဆီဆပ်ပြာဖြင့် ခေါင်းအစခြေအဆုံး တိုက်ချွတ် ဆေးကြောပေးသည်။ လက်သည်းခြေသည်း တိပေးသည်။ ဒိုလိုမြို့တောင်မှ သံပရာမှုန့်ဖြင့် သွားတိုက်ပေးသည်။ မုတ်ဆိတ်ကျင်စွယ်များ ရိတ်ပေးသည်။

ဆံပင်ညှပ်ပေးသည်။ ဘီးဖြီးပေးသည်။ ပေါင်ဒါရိုက်ပေးသည်။ ဖိနပ်ချုပ်ဆရာနှင့် ခြေထောက်တိုင်းသည်။ အပ်ချုပ်ဆရာနှင့် ကိုယ်တိုင်းယူကာ

ပိုးသားရုပ်အင်္ကျီ ချုပ်ပေးသည်။

ဂန္ဒီသည် အဖြူရောင်လည်စီး၊ လက်ခေါက်၊ ပိုးသားခြေအိတ်၊ လက်အိတ်၊ ကုတ်အင်္ကျီအပွ၊ ဘောင်းဘီရှည်၊ အပြာရောင်ကတ္တီပါ ကိုယ် ကျပ်အင်္ကျီ၊ အနက်ရောင် သားရေဖိနပ်နှင့် သားနားနေသည်။ ဖိနပ်ဆရာ တော်သောကြောင့် ဆာတာတာဖြစ်နေသည့် အချိုးမကျသော ညာခြေထောက်ပင် မသိသာတော့ချေ။ မားကွစ်က အမာရွတ်များနှင့် ဂန္ဒီ့ မျက်နှာကို နတ်ကပ်လူး၍ ပေါင်ဒါဖို့ပေးသည်။ ပါးနီဆိုးသည်။ နှုတ်ခမ်း ပုံဖော်သည်။ မီးသွေးတောင့်ဖြင့် မျက်ခုံးမွေး ဆွဲသည်။ သူ့ကိုယ်ပိုင် ဝိုင်အိုလက်ပန်းနဲ့ ရေမွှေးကိုပင် ထုတ်၍ ဆွတ်ပေးလိုက်သည်။ နောက်ဆုံးတွင် ဒီမယ် မစ္စတာ...၊ ကျုပ်ဟာ ဉာဏ်ကြီးရှင် တစ်ယောက်ဖြစ်မှန်း သိပေမဲ့ ဒီလောက်တော်မှန်း မသိလို့ ကိုယ့်ဟာကိုယ်တောင် အံ့သြမိတယ်။ ကျုပ်ရဲ့ သိဝရီ မှန်ကန်မှုကို တစ်ခါမှ သံသယမဖြစ်မိဘူး။ ဒါပေမဲ့ ကုထုံးကို သေချာအောင် ဖော်ထုတ်ဖို့တော့ အခွင့်အရေး မရခဲ့ဘူး။ မင်းဟာ အရင်က သားရဲသတ္တဝါတစ်ကောင် ဖြစ်ခဲ့ပေမဲ့ အခုတော့ လူသားဖြစ်အောင် ကျုပ်က လုပ်ပေးနိုင်ခဲ့ပြီ။ ဒါဟာ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေသာ ဖန်တီးနိုင်တဲ့ အံ့ဖွယ်ဖြစ်ရပ်ပဲ။ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုမြင်လဲ ဟောဟိုက မှန်ရှေ့မှာ သွားကြည့်ပါဦး" ဟု ပြောလိုက်သည်။

ဂန္ဒီ့ဘဝတွင် "မစ္စတာ" ဟု အခေါ်ခံဖူးရသည်မှာ ယခုအကြိမ်က ပထမဆုံး ဖြစ်သည်။ မှန်ရှေ့သို့ လျှောက်သွားကာ ကြည့်လိုက်သည်။ ယခင်က သူ တစ်ခါမျှ မှန်မကြည့်ဖူးချေ။ မှန်ထဲတွင် အပြာရောင်ဝတ်စုံနှင့် ချောမောခန့်ညားသော အမျိုးကောင်းသား တစ်ဦးကို မြင်ရသည်။ သူက ခေါင်းကို အနည်းငယ်ငုံ့၍ အရိုအသေ ပေးလိုက်တော့ မှန်ထဲက လူကလည်း သူ့အတိုင်း လိုက်လုပ်သည်။ သူ မတ်မတ်ရပ်လိုက်တော့ ထိုလူကပါ လိုက်ရပ်သည်။ သူတို့နှစ်ဦး မျက်လုံးချင်း စိုက်ကြည့်ကြသည်။

ဂန္ဒီ အအံ့သြဆုံးမှာ သူ့ကိုယ်သူ သာမန်လူတစ်ဦးနှင့် တူနေသောကြောင့်တည်း။ မားကွစ် ပြောတာ မှန်သည်။ သူ့ရုပ်ရည်သွင်ပြင်သည် ဘာမှ ထူးထူးဆန်းဆန်း မရှိ၊ သာမန်ထက် ပို၍ ချောလည်း မချော၊ ဆိုးလည်း မဆိုးဟု ထင်သည်။ ပုံမှန်အရပ်ထက်တော့ အနည်းငယ် ပုသည်။

ကိုယ်နေဟန်ထားမှာ အနည်းငယ် ကိုးရိုးကားရားနိုင်သည်။ မျက်နှာသည် အနည်းငယ် ခံစားချက်မဲ့သည်။ တိုတိုပြောရလျှင် သူသည် အခြားလူထောင်ပေါင်းများစွာလိုပင် သာမန် ရုပ်ရည်၊ သာမန် အသွင်အပြင်ပဲ ဖြစ်သည်။ အခုနေ လမ်းလျှောက်ထွက်လျှင်လည်း သူ့ကို ဘယ်သူမှထူး၍ ကြည့်ကြမည့်ပုံ မရ။ ပုံမှန်မဟုတ်တာ ဘာမှမရှိ၊ တစ်ခုပဲ ရှိသည်။ ၎င်းကား သူ့မှာ ကိုယ်သင်းနံ့ မရှိခြင်းဖြစ်သည်။

လွန်ခဲ့သော ဆယ်ရက်ခန့်က သူ့ကို မြင်၍ အော်ဟစ်ထွက်ပြေးသွားသော လယ်သမားများ ရှိခဲ့သည်။ ထိုသူမှာလည်း သူပင် ဖြစ်သည်။ မျက်စိမှိတ်၍ သူ့ခန္ဓာကိုယ်မှ ထွက်လာသော အနံ့ကို ရှူကြည့်တော့ ပေါင်ဒါနံ့၊ မိတ်ကပ်နံ့၊ ပိုတိုဆီဆပ်ပြာနံ့၊ ပိုးသားအဝတ်အစားနံ့၊ ကတ္တီပါနံ့၊ လတ်လတ်ဆတ်ဆတ် ကော်တင်ထားသော ဖိနပ်မှ သားရေနံ့နှင့် ဆိုးဝါးသော ဝိုင်အိုလက်ပန်း ရေမွှေးနံ့သာ ရသည်။

သူမျက်စိမှိတ်တော့ မှန်ထဲက လူပါ လိုက်၍ မှိတ်သည်ကို တွေ့ရသည်။ နှုတ်ခမ်းကို ပြုံးကြည့်သော်လည်း ဆွဲဆောင်နိုင်သည့်ပုံ မတွေ့ရချေ။ အနံ့အသက်မရှိသော မှန်ထဲက သူ့ပုံရိပ်ကို ကြည့်ကာ ပြင်ပလောကမှာလည်း သူ့အသွင်က ဤအတိုင်းပင် ဖြစ်မည်ဟု တွေး၍ ခေါင်းညိတ်သည်။ ထိုအခါ မှန်ထဲက ပုံရိပ်သည်လည်း သူ့လိုပင် နာခေါင်းတရှုံ့ရှုံ့နှင့် ပြန်၍ ခေါင်းညိတ်ပြလေသည်။

*****

အခန်း (၃၁)

နောက်တစ်နေ့တွင် မားကွစ်က သူ့အား လူတောထဲ သွားသည့်အခါ ဝင်ဆံ့နိုင်ရန် အခြေခံကိုယ်ဟန်နေထား၊ အပြုအမူနှင့် အကတို့ကို သင်ခိုင်းသည်။ ဂန်နီက မူးမေ့လဲကျတော့မလို ဟန်ဆောင်၍ ဆိုဖာပေါ်မှာ ပစ်လှဲလိုက်သည်။ သူ့ဘေးနားက မားကွစ်သည် အစေခံများအား လေစုပ်စက်ကို အမြန်ပြင်ခိုင်းကာ ဂန်နီ့အား သက်သာအောင် လုပ်ပေးသည်။

သူက ဂန်နီ့အား ဝိုင်အိုလက်ပန်းနံ့ ဆွတ်ထားသော လက်ကိုင်ပဝါနှင့် ယပ်ခတ်ပေးရင်း လောလောဆယ် သေမသွားဖို့နှင့် သူ၏ သီဝရီနှင့်ကုထုံးကို လူပုံအလယ်တွင် သက်သေပြရန် သန်ဘက်ခါလောက်အထိ ရှင်ပေးဖို့ ဒူးထောက်၍ တောင်းပန်ခယသည်။

ဂန်နီက ဟိုဘက်သည်ဘက် လူးလိမ့်လိုက်၊ ချောင်းတဟွတ်ဟွတ် ဆိုး၍ ညည်းညူလိုက်နှင့် တွန့်လိမ်ရန်းကန်၍ လက်ကိုင်ပဝါကို ပုတ်ချသည်။ ထို့နောက် ဆိုဖာပေါ်မှ ကြမ်းပြင်ဆီ ပြုတ်ကျချင်ယောင်ဆောင်ကာ အခန်းထောင့်ဆီ လေးဖက်ထောက်၍ သွားသည်။ သူက...

"အဲဒီရေမွှေးနံ့ကို မခံနိုင်ဘူး။ အဲဒီရေမွှေးနဲ့ ယပ်ခတ်ရင် သေရပါလိမ့်မယ်" ဟု အော်ဟစ်သည်။

သူ့စကားဆုံးသည်နှင့် မားကွစ်က လက်ကိုင်ပဝါကို လုံးခြေ၍ ပြတင်းပေါက်မှ လွှင့်ပစ်လိုက်သည်။ အစေခံများကို ရေမွှေးနံ့ စွဲနေသော အနွေးထည်ကိုပါ တခြားအခန်းဆီ သွားထားခိုင်းသည်။ ထိုအခါ ရုန်းကန် အော်ဟစ်နေသော ဂန်နီက တဖြည်းဖြည်း ငြိမ်သက်သွားသည်။

ဂန်နီက သူသည် ရေမွှေးပညာရှင်တစ်ဦး ဖြစ်ကြောင်း၊ သူ့မှာ အာရုံခံစားမှု အလွန်ကောင်းသော နှာခေါင်းရှိကြောင်း၊ နာလန်ထစအချိန်တွင် ပြင်းထန်သော အနံ့အသက်များကို မခံစားနိုင်ကြောင်း ရှင်းပြသည်။ ဝိုင်အိုလက်ပန်းသည် မူလက သူ့ဟာနှင့်သူ မွှေးသော်လည်း မားကွစ်၏ ရေမွှေးထဲက ဝိုင်အိုလက်အမြစ် ပါဝင်နှုန်းက များပြားလှသဖြင့် အသက်ရှူ၍ပင် မဝအောင် မွန်းကျပ်ရကြောင်း၊ သူလို ဖလွတ်ဒမ်လက်တေးလ် ဝေဒနာရှင်အဖို့ ဆိုးကျိုးသာ ဖြစ်ကြောင်း၊ မနေ့ကဆိုလျှင် ထိုအနံ့ကြောင့် ပျို့အန်ချင်သလို ဖြစ်ခဲ့ပြီး ယနေ့တွင်တော့ ခုနစ်နှစ်လောက် ပိတ်မိခဲ့သော ဂူထဲသို့ ပြန်တွန်းချခံရသလို မွန်းကျပ်၍ ကြောက်လန့်မိကြောင်း၊ မားကွစ်သာ မကယ်လျှင် သေဖွယ်ရာသာ ရှိကြောင်း

သနားစဖွယ် ပြောဆိုသည်။ အကယ်၍ မားကွစ်သာ ခွင့်ပြုပါက ဝိုင်အိုလက်ပန်းနဲ့ မပါဘဲ ဗာဒံစေ့၊ လိမ္မော်ပွင့်၊ ယူကလစ်၊ ထင်းရှူး၊ ဆိုင်ပရက်စ်ပန်းတို့၏ အဆီဖြင့် သင်းပျံ့သည့် ရေမွှေးတစ်ခုကို ဖန်တီးပေးပါမည်ဟု တောင်းဆိုသည်။ မြေခါတ်မပါသော ထိုရနံ့ကသာ သူ့ကို ပို၍သက်သာစေကာ ကိုယ်ခံအားကို တိုးစေလိမ့်မည်ဟု ဆိုသည်။ ဂန်နီကြီက ချောင်းတဟွတ်ဟွတ် ဆိုးလိုက်၊ ဝေဒနာပြင်းစွာ ခံစားရသလို အသက်ပြင်းပြင်း ရှူလိုက်ဖြင့် တုန်ယင်သော လေသံနှင့် တစ်ချက်တစ်ချက် မျက်ဖြူလန်ကာ ဗလုံးဗထွေး ပြောဆိုသည်။ ထိုအခါ မားကွစ်က ဂန်နီ၏ လက္ခဏာမှာ သူ၏ကုထုံးကြောင့် မဟုတ်ဘဲ ရေမွှေးနံ့ကြောင့် ဖြစ်ပေါ်လာရသည်ဟု မှတ်ယူကာ ဘဝင်ကျသွားသည်။ ဂန်နွပြောမှ ထိုရေမွှေးကို နှစ်အတန်ကြာ သုံးစွဲလာခဲ့သော သူပင် ထိုသို့ ခံစားလာရသယောင် ထင်မိသည်။ သူခံစား နေရသော ကျီးပေါင်း၊ ဒူလာ၊ လိပ်ခေါင်းရောဂါနှင့် နားအူခြင်း၊ သွားများ ပျက်စီးယိုယွင်းလာခြင်းတို့၏ လက်သည် တရားခံမှာလည်း ထိုရေမွှေးနံ့ကြောင့်ပင် ဖြစ်ရမည်ဟု ယူဆလိုက်ပြီးနှယ်၊ “ကိုယ့်သေတွင်း ကိုယ် တူးမိ နေပါပကောလား” ဟု ထိတ်လန့်သွားသည်။ ထူးဆန်းသည့် ဤလူဖလံလေးကြောင့်သာ ဇာစ်မြစ်ကို သိရသည်ဟု တွေး၍ အခန်းထောင့်တွင် ခွေခွေကလေး ကွေးနေသော ဂန်နီ့အပေါ် သနားကရုဏာ ဖြစ်သွားသည်။

သူက ဂန်နီ့အနားသို့ ညင်သာစွာတိုး၍ သွားပြီး ကြင်နာစွာ ပွေ့ထူရန် ကြိုးစားသည်။ သို့သော် သူ့နှာခေါင်းထဲတွင် ဝိုင်အိုလက်ပန်းနံ့များ ရနေသဖြင့် ထိတ်လန့်ကာ အစေခံများကို အော်ခေါ်ပြီး အိမ်ထဲက ဝိုင်အိုလက် ရေမွှေးအားလုံးကို လွှင့်ပစ်ခိုင်းလိုက်သည်။ ဂန်နီသည် သူ ရည်ရွယ်ထားသလို ကွက်တိဖြစ်လာသဖြင့် မုန်းချက်နှင့်နှမ်းထွက် ကိုက်သွားသည်။

မွန်တီပယ်လာမြို့ရှိ ရေမွှေးဖော်စပ်နည်းမှာ ရှေးရိုးဆန်သဖြင့် ကျွမ်းကျင်သော လက်အိတ်နှင့်ရေမွှေးပညာရှင် အမြောက်အမြား ရှိသော်လည်း ပြိုင်ဘက် ဂရက်ဆေးမြို့ကို မကြာခဏ အရှုံးပေးရသည်။ ထိုအထဲတွင် ရူနဲလ် ဆိုသူလည်း ပါသည်။ သူသည် မားကွစ်၏စံအိမ်သို့ ဆပ်ပြာ၊ ဆီ၊ အမွှေးနံ့သာများ လာ၍ ရောင်းချတတ်သည်။ ရူနဲလ်က ပါရီမှ ရေမွှေးပညာရှင် လူထူးဆန်းကို သူ့အလုပ်ခန်း တစ်နာရီ ငှားမည်ဟု ဆိုသည်။ ရေမွှေးဖော်စပ်နည်းနှင့် သူ့ပစ္စည်းများကို လိုက်ပြမည်ဟု ပြောသောအခါ ဘယ်ပစ္စည်း ဘယ်နားရှိမှန်းပင် မသိသေးသည့် ဂန်နီက မလိုအပ်ကြောင်း ငြင်း၍ အလုပ်ခန်းထဲဝင်ပြီး သော့ခတ်ထားလိုက်သည်။ ရူနဲလ်က မားကွစ်၏ ဘဏ္ဍာစိုးနှင့် အရက်ဆိုင် တစ်ခုသို့ သွား၍ ဝိုင်သောက်သည်။ ထိုအခါ သူ၏ ဝိုင်အိုလက်ပန်းနံ့ ရေမွှေးကို မားကွစ်အား ရောင်းလို့ရတော့မည် မဟုတ်မှန်း သိလိုက်ရလေသည်။

ရူနဲလ်၏ အလုပ်ခန်းနှင့်ဆိုင်မှာ ပါရီမှ ဘာဒီနီ၏ ရေမွှေးပစ္စည်းဆိုင်လောက်

စုံလင်ခြင်း မရှိပေ။ သူ့ဆိုင်ရှိ ပန်းအဆီနှင့် အမွှေးနံ့သာများမှာ သာမန်ရေမွှေးဖော်စပ်သူ တစ်ယောက်အတွက်ပင် လောက်ငမည်မဟုတ်။ သို့သော် ဂရန်နွီကား ထိုပစ္စည်းများကို နှာခေါင်းတစ်ချက် ရှုံ့ကြည့်ရုံမျှဖြင့် သူရည်ရွယ်ထားသည်ကို ဖန်တီးဖို့ လုံလောက်နိုင်မှန်း သိသွားသည်။

မားကွစ်ကို ပြောခဲ့သည့် လိမ္မော်နံ့ရေမွှေးမှာ သူ့ရည်မှန်းချက် အစစ်မဟုတ်ချေ။ ယူကလစ်၊ ဆိုက်ပရက်စ်နှင့် လိမ္မော်နံ့မှာ သူ ယခု အမှန်အကန်ဖော်စပ်မည့် လူသားရနံ့ကို ဖုံးနိုင်ရန်သာ ကြံရွယ်ထားသည်။ သူ လိုချင်သည်မှာ လူသားတစ်ယောက်၏ ခန္ဓာကိုယ်မှထွက်သော ကိုယ်သင်းနံ့မျိုး ဖြစ်သည်။

ဂရန်နွီ့တွင် ကိုယ်သင်းနံ့ မရှိချေ။ လူနံ့ဟူသည်မှာ မျက်နှာလည်း မဟုတ်သဖြင့် ထင်ရှားစွာ တည်ရှိနေခြင်း မဟုတ်။ လူအမျိုးမျိုး၌ အနံ့ကလည်း အမျိုးမျိုး ရှိပေရာ သာမန်လူများအဖို့ တစ်ယောက်နှင့် တစ်ယောက် မည်သို့သော အနံ့မျိုးရှိသည်ဟု သိကြမှာ မဟုတ်ချေ။ သို့သော် ဂရန်နွီကတော့ သာမန်လူ မဟုတ်သဖြင့် လူနံ့ကို ခွဲခြားသိရှိလေသည်။

လူ့ခန္ဓာတွင် မွေးကတည်းက တွယ်ကပ်၍ ပါလာသော အငွေ့အသက် တစ်ခုရှိသည်။ ထိုအငွေ့အသက်မှာ ပြင်းအားချင်း တစ်ဦးနှင့်တစ်ဦး မတူညီကြ။ ထိုအငွေ့အသက်မှတစ်ဆင့် ချွေးစော်၊ ဆီစော်၊ ချဉ်စော် စသောအနံ့များ ထွက်ပေါ်လာသည်။ ယင်းမှာ ကိုယ်သင်းနံ့၏ အခြေခံအကြောင်းတရား ဖြစ်သည်။ ထိုအနံ့အသက်သည် လက်ဗွေရာကဲ့သို့ မမှားနိုင်သည့် လူတစ်ဦး၏ ကိုယ်ပိုင် အမှတ်သင်္ကေတဖြစ်သော်လည်း လူအများစု၌ ၎င်းကို သတိပြုမိနိုင်လောက်သော အစွမ်းမရှိချေ။ ကိုယ့်အနံ့ ကိုယ်ယဉ်နေသဖြင့် အခြားသူ တစ်ယောက်ယောက်၏ အနံ့ကို ထင်ရှားစွာ ရမှသာလျှင် သတိထားမိတတ်ကြသည်။ သို့သော် အဝတ်အစားနှင့် အခြားအသုံးအဆောင် ပစ္စည်းများ၏ အနံ့များ ဖုံးကွယ်သွားကြသောအခါ ကိုယ်သင်းနံ့က ပျောက်ကွယ်သွားလေတော့သည်။

ထိုနေ့က ဂရန်နွီ ဖန်တီးလိုက်သော ရေမွှေးမှာ ယခင်က ကမ္ဘာပေါ် တွင် တစ်ခါမျှ မရှိဖူးသည့် ထူးဆန်းသော ရေမွှေးတစ်ခုဖြစ်သည်။ ထိုအနံ့သည် ရနံ့တစ်ခုနှင့် မတူဘဲ လူ့ကိုယ်ခန္ဓာမှ ထွက်သော အနံ့တစ်ခုနှင့် တူသည်။ မှောင်မည်းနေသော အခန်းတစ်ခုတွင်သာ ထိုရေမွှေးနံ့ကိုရပါက လူတစ်ယောက်ယောက် ဘေးနားမှာ လာရပ်နေသလို ထင်မိပေမည်။ အကယ်၍ သာမန်လူတစ်ယောက်သာ ထိုရေမွှေးကို ဆွတ်ထားလျှင် လူနှစ်ယောက်အနံ့ ထွက်နေလိမ့်မည်။ ထို့ထက်ဆိုးလျှင်ကား လူကို မမြင်ရဘဲ အနံ့ကိုသာ ရနေသဖြင့် မကောင်းဆိုးရွား လာကပ်နေသယောင် ထင်မိပေလိမ့်မည်။ ဂရန်နွီသည် ပါးနပ်သူ ဖြစ်သည့်အလျောက် လူနံ့ကို တုပရန် လိုအပ်သော ပစ္စည်းများကို ရှုနဲလ်၏

အလုပ်ခန်းထဲမှာပင် စုဆောင်းရရှိသွားသည်။ ခြံထဲသို့ထွက်သည့် တံခါးပေါင်နောက်တွင် လတ်လတ်ဆတ်ဆတ် ပါသွားသည့် ကြောင်ချေးပုံလေးတစ်ပုံ ရှိသည်။ သူက ၎င်းကို လက်ဖက်ရည် ဇွန်းဝက်ခန့် ကော်ယူကာ ရှာလကာရည်၊ အိမ်သုံးဆားတို့နှင့်အတူ ဖျော်စပ်သည့် ပုလင်းထဲ ရောထည့်သည်။ စားပွဲခုံအောက်တွင် နေ့လယ်စာ စားစဉ်က ဖိတ်ကျခဲ့ဟန်တူသော လက်သည်းခွံအရွယ် ဒိန်ခဲအပိုင်းအစလေးတစ်ခု ရှာတွေ့သည်။ အချိန်ကြာ၍ထင့်၊ ဒိန်ခဲက အနံ့ပြောင်းစ ပြုနေသည်။ ဆိုင်နောက်ခန်းတွင် ဆားဒင်ငါးများ ထည့်ထားသည့် စည်ပိုင်းတစ်ခု ထောင်ထားသည်။ သူက ငါးညှီနံ့ထွက်သော အရာကို စည်ပိုင်းပေါ်က ကုတ်ခြစ်၍ ယူလိုက်သည်။ ထို့နောက် ဇာတိပ္ပိုလ်သီး၊ နံ့စော်ဖျံရည်၊ အမိုးနီးယား၊ ကြက်ဥပုပ်၊ ဝက်ခေါက်မီးမြိုက်နှင့် ချိုအကျိုးအပဲ့စများကို ထောင်း၍ ထည့်သည်။ ကြောင်ကတိုးနံ့သာများစွာ ထပ်ထည့်သည်။ အရက်ဆီ ထည့်၍ သမမျှတအောင် ရောစပ်ပြီးနောက် ပုလင်းတစ်လုံးထဲသို့ ထည့်သည်။ ထိုအခါ ပုပ်အဲ့အဲ့ အနံ့ဆိုးတစ်ခု ထွက်လာလေသည်။

ထိုပျော်ရည်၏ အငွေ့ကို လတ်ဆတ်သော လေထုနှင့် ရောနှောလိုက်လျှင် နွေရာသီ၏ နေပူသော နေ့တစ်နေ့၌ ပါရီမြို့၏ တစ်နေရာမှာ မတ်တတ်ရပ်နေမိသလို ခံစားရမည်။ ထုနေ ထိုနေရာကား အင်နိုးစန့်သင်္ချိုင်းရှိရာ လက်စ်ဟဲလက်စ်ဈေးနှင့် ထိုနေရာရှိ လူများ ပြွတ်သိပ်ကျပ်ညပ်စွာ နေထိုင်ရာများမှ ထွက်ပေါ်လာသော အနံ့များရှိသည့် အော့စ်ဖဲနှင့် ဒီလဖယ်ရွန်နရီ လမ်းထောင့်ပင် ဖြစ်သည်။

ဂရန်နွီသည် လူနံ့ထက် လူသေကောင်နံ့နှင့် ပို၍တူသော စက်ဆုပ်ဖွယ်ရာ ထိုအောက်ခံအနံ့ကို အပေါ်က လတ်ဆတ်သော အမွှေးနံ့တစ်လွှာနှင့် ဖုံးပစ်လိုက်သည်။ လာဗန်ဒါ၊ ပူစိန်၊ နှင်းဆီ၊ လိမ္မော်ပွင့်၊ ရေမွှေးပန်း၊ စံပယ်တို့၏ ပန်းအဆီများကို အချိုးကျ ရောစပ်၍ အရက်ဆီ၊ ရှာလကာရည်နှင့် ဒုတိယအကြိမ် ဖျော်လိုက်သောအခါ ရွံရှာဖွယ် အောက်ခံအနံ့ ပျောက်သွားလေသည်။ မွှေးပျံ့လတ်ဆတ်သော ပန်းရနံ့အောက်က နံစော်သောအနံ့ကို မည်သူမျှ သတိထားမိမှာ မဟုတ်တော့။ ဆန့်ကျင်ဘက်အနေဖြင့် ထိုရေမွှေးတွင် သက်ဝင်မြူးကြွသောရနံ့သာ ထွက်လာလေသည်။

ဂရန်နွီက ထိုရေမွှေးကို ပုလင်းငယ် နှစ်ခုထဲ ခွဲထည့်ကာ အဖုံးပိတ်၍ ဆိတ်ကပ်ထဲ ထည့်ထားလိုက်သည်။ ဖျော်စပ်သည့် ပုလင်းများ၊ ဆုံများ၊ ဖန်ပြွန်များ၊ ဇွန်းများကို ရေဖြင့် သေသေချာချာ ဆေး၍ အနံ့ပျောက်အောင် ဗာဒံဆီ ပွတ်သည်။

ထို့နောက် ဒုတိယ အဖျော်ပုလင်းထဲသို့ ပထမနည်းအတိုင်း ပါဝင်ပစ္စည်းများ ထည့်၍ ဖျော်စပ်ပြန်သည်။ ဤတစ်ကြိမ်တွင် ရွံရှာဖွယ် ပစ္စည်းများ မထည့်တော့ဘဲ ပန်းအဆီများသာ ထည့်စပ်သည်။ ထို့နောက် ကြောင်ကတိုးနံ့သာ အနည်းငယ်၊ သစ်ကတိုးဆီ၊ ဒရယ်သို၊ ဝေလငါးဆီ ထပ်ထည့်သည်။ ဒုတိယရေမွှေးနံ့သည်

ပထမရေမွှေးနံ့နှင့် လုံးဝ ခြားနားသည်။ လူနံ့ကို တုပနိုင်သော ပစ္စည်းအမည်များ မပါသဖြင့် ဤရေမွှေးနံ့ သည် ပို၍အပြစ်ကင်းစင်ပြီး နုပျိုသည်။ ဒုတိယရေမွှေးကို သာမန်လူတစ်ယောက်သာ ဆွတ်လိုက်လျှင် မူလကိုယ်သင်းနံ့နှင့် ပေါင်းစပ်ကာ ရနံ့တစ်မျိုး ထွက်လာလိမ့်မည်။ ထိုအခါမှသာ ဒုတိယရနံ့သည် ပထမရေမွှေးနံ့နှင့် ခွဲခြား၍ မရအောင် တူသွားပေလိမ့်မည်။ ပထမရေမွှေးကား ဂရ်နွီက သူ့အတွက် သီးသန့် ဖော်စပ်ထားသော ရေမွှေးပင် ဖြစ်လေသည်။

ဂရ်နွီက ဒုတိယရေမွှေးကို ပုလင်းငယ်များနှင့် ခွဲထည့်သည်။ အင်္ကျီ၊ ဘောင်းဘီတို့ကို ချွတ်သည်။ ပထမရေမွှေးကို ထုတ်ကာ သူ့အင်္ကျီစဉ့် ဆွတ်၍ ချိုင်း၊ ခြေဖျား၊ လိင်အင်္ဂါ၊ ရင်ဘတ်၊ လည်ပင်း၊ နားရွက်၊ ဆံပင်တို့တွင် သုတ်လိမ်းသည်။ ထို့နောက် အင်္ကျီပြန်ဝတ်ကာ အလုပ်ခန်းထဲမှ ထွက်သွားလေသည်။

*****

အခန်း (၃၂)

ဂန်နီ လမ်းပေါ် ထွက်လာသောအခါ ရုတ်တရက် လန့်သွားသည်။ ပထမဆုံးအကြိမ်အဖြစ် သူ့တွင် လူနံ့ထွက်နေသည်ကို သူ့ဘာသာ သိသည်။

သူ့အနံ့မှာ အတော်ဆိုးဝါး၍ ရွံစရာကောင်းမှန်း သိနေသည်။ သို့သော် အခြားသူများမှာ သူ့အနံ့ကို အနံ့ဆိုးတစ်ခုအဖြစ် သတိထားမိမှာ မဟုတ်မှန်း သူမသိချေ။ သူ့ကို စောင့်နေသော ရှုနဲလ်နှင့် မားကွစ်၏ဘဏ္ဍာစိုးတို့ရှိရာ အရက်ဆိုင်သို့ တန်းတန်းမတ်မတ် မသွားရဲသေးချေ။ သူ၏ အနံ့သစ်ကို လူမသိသူမသိ ပတ်ဝန်းကျင်တစ်ခုမှာ စမ်းကြည့်တာ ပိုကောင်းမည်ဟု တွေးသည်။

သူသည် အမှောင်ဆုံး၊ အကျဉ်းဆုံး လမ်းကြားများထဲက ဖြတ်၍ မြစ်ဘက်သို့ ဆင်းသွားသည်။ ထိုနေရာများတွင် ဆိုးဆေးလုပ်သားများ၊ သားရေနယ်သမားများက နံစော်သော လုပ်ငန်းခွင်မှာ အလုပ်လုပ်နေကြသည်။ တစ်ယောက်ယောက် အနားကပ်လာသောအခါ၊ မိန်းမများ ထိုင်နေသည်ကို တွေ့သောအခါ၊ ကလေးများ ကစားနေသည့် နေရာများကို ဖြတ်သွားသည့်အခါ သူ့အနံ့ကို တခြားသူများရအောင် အရှိန်လျှော့၍ လျှောက်သည်။

ငယ်စဉ်ကတော့ လူတွေ သူ့အနား ဖြတ်လျှောက်သွားသည့်အခါ သူ့ကို သတိမထားမိမှန်း သိသော်လည်း ကျင့်သားရနေခဲ့သည်။ ယင်းမှာ လူများက သူ့ကို အထင်သေးသဖြင့် အဖက်မလုပ်ခြင်း ဖြစ်မည်ဟု တစ်ချိန်တုန်းက ယုံကြည်ခဲ့ဖူးသည်။ သို့သော် ယင်းမှာ သူ့ကို အဖက်မတန်သဖြင့် မဆက်ဆံခြင်း မဟုတ်၊ သူရှိနေမှန်းပင် မသိသောကြောင့် ဖြစ်လေသည်။

လူတောထဲရောက်နေသော်လည်း သူ့ကို လူတွေက ရှိမှန်းပင် မသိခဲ့ကြ။ တစ်ယောက်ယောက်နှင့် ဝင်တိုးမိမလို ဖြစ်တော့မှသာ “ဒီလူ ဘယ်က ဘယ်လိုရောက်လာပါလိမ့်၊ ဝင်တိုက်မိတော့မှာပဲ”ဟူသော ထူးဆန်းသည့် အကြည့်မျိုးဖြင့် ခဏလောက် စိုက်ကြည့်ခံရသည်။ အခုတော့ မွန်တီပယ်လာမြို့၏ လမ်းများထဲမှာ သူ့ကို သတိပြုမိသူတွေရှိလာသည်ကို မျက်ဝါးထင်ထင် တွေ့လာသည်။ ထိုအခါ လူက မာန်တက်သလိုလို မြောက်ကြွမြောက်ကြွ ဖြစ်လာသည်။

ရေတွင်းတစ်ခုကို ငုံ့၍ငင်နေသော မိန်းမတစ်ယောက်နားက ဖြတ်လာသောအခါ သူမက ဂန်နီ့ကို စူးစမ်းသလိုမျိုး ခေါင်းထောင်၍ ကြည့်လိုက်တာ သတိထားမိသည်။ ထို့နောက် သူမက ရေပုံးဆီ ပြန်လှည့်သွားသည်။ သူ့ရှေ့မှာ

ကျောပေး၍ မတ်တတ်ရပ်နေသော လူတစ်ယောက်က စပ်စုလိုသည့် အမူအရာနှင့် ခဏလှည့်ကြည့်သည်။ ဂိတ်တံခါးဆီသို့

သူ့အနားမှ ဖြတ်ပြေးသွားကြသော ကလေးများက ဂန္ဒီ အနောက်ကလိုက်လာမည်ကို သိနေသလိုမျိုး တံခါးကို ဖွင့်ပေးထားကြသည်။

အနံ့သစ်၏ အစွမ်းကို ပို၍တိကျစွာ သိလာသည်နှင့် သူသည် သူ့ကိုယ်သူ ယုံကြည်မှုများ တိုးလာသည်။ လူတွေရှိရာ ခပ်သုတ်သုတ်သွား၍ အနီးအနားမှ ကျော်တက်သည်။ အခွင့်သာလျှင် ဖြတ်သွားသူ၏ လက်နှင့် မထိတထိဖြစ်အောင်ပင် လက်လှဲ၍ လျှောက်လိုက်သေးသည်။ တစ်ကြိမ်တွင် မတော်တဆလိုလိုနှင့် ရှေ့ကလူကို တိုးဝှေ့ကျော်တက်လိုက်ပြီးမှ ရပ်တန့်၍ တောင်းပန်သည်။ ထိုသူက ဘာမှမဖြစ်သည့်ဟန်ဖြင့် တောင်းပန်မှုကို လက်ခံကာ ပြန်ပြုံးပြပြီး ဂန္ဒီ့ပခုံးကိုပင် လက်နှင့်ပုတ် သွားသည်။

စိန့်ပီယာယေဘုရားကျောင်းရှေ့မှ ရင်ပြင်သို့ ဝင်လာသောအခါ ခေါင်းလောင်းသံများ မြည်နေသည်ကို ကြားရသည်။ ဘုရားကျောင်းတံခါးဝ တစ်ဖက်တစ်ချက်စီတွင် ရုတ်ရုတ်ရုတ်ရုတ် ဖြစ်နေသော လူအုပ်ကို တွေ့ရသည်။

မင်္ဂလာဆောင်တစ်ခု ပြီးသွားပြီ။ လူများက သတို့သမီးကို မြင်လိုကြသည်။ ဂန္ဒီက အမြန်ပြေးသွား၍ လူအုပ်ထဲ တိုးဝင်လိုက်သည်။ လူများ ပြွတ်သိပ်ကျပ်ညပ်နေသည့်ကြားမှ ဂန္ဒီက သူသွားလိုရာကို တိုးဝှေ့သွားသည်။ သူ့အနံ့က တခြားသူများ၏ နှာခေါင်းဝကို ပွတ်သပ်၍ ပျံ့နှံ့သွားအောင် ခြေကားရား လက်ကားရားနှင့် ကော်လာကြယ်သီးကို ဖြုတ်ထားလိုက်သည်။ လူများသည် ဂန္ဒီ့အနံ့ကို သူတို့အနံ့များနှင့် ရောနေသဖြင့် ထူး၍ သတိထားမနေကြ။ ဂန္ဒီသည် ကြီးကန်းဥများနှင့် ရောနေသော ဥဩဥကဲ့သို့ လူသားများကြားတွင် လူတစ်ယောက်အသွင်ဖြင့် ရပ်ကြည့်နေလေသည်။

ကလေးမလေး တစ်ယောက်က သူ့ခြေထောက်ကို လာမှီသောအခါ အရှေ့ကို ကောင်းကောင်းမြင်ရအောင် သူကကောက်ချီ၍ ပြလိုက်သည်။ ကလေးအမေက သူ့ကို ခွင့်ပြုရုံမက ကျေးဇူးတင်စကားဆိုသည်။ ကလေးမလေးက ဝမ်းသာအားရနှင့် အော်ဟစ်နေသည်။ တစ်နာရီလောက် ရပ်ကြည့်နေစဉ် ကလေးမလေးက သူ့ရင်ခွင်ကို မှီထားသည်။ လူတွေကို ကြောက်မနေတော့သလို မုန်းတီးစိတ်လည်း ဝင်မလာတော့ချေ။ သူ့စိတ်ထဲတွင် လူတွေဟာ အတော် တုံးပါကလား၊ သူလှည့်စားသမျှ ဘယ်သူမှ မသိကြပါလားဟု အထင်သေးမိသည်။ သူက လူအများနှင့်အတူ “အိုအောင်မင်းအောင် ပေါင်းရပါစေ” စသဖြင့် လိုက်၍ ဩဘာပေးသည်။

မင်္ဂလာပွဲပြီးတော့ လူစုခွဲကြသည်။ သူက ကလေးကို အမေဆီ ပြန်ပေးကာ ဘုရားကျောင်းထဲ ခဏဝင်နားသည်။ စားသောက်ဖွယ်ရာမျိုးစုံ ဆက်ကပ်ထားသည့် စားပွဲခုံရှည်၏ တစ်ဖက်စီတွင် အမွှေးနံ့သာခွက်များ ထွန်းညှိပူဇော်ထားသဖြင့် မီးခိုးတလူလူ ထွက်နေသည်။

ဂန်နီက ဓမ္မတေးအဖွဲ့နောက်က ခုံတန်းရှည်မှာ ဝင်ထိုင်သည်။ စိတ်ထဲတွင် နှစ်ထောင်းအားရ ကျေနပ်မိသည်။ ထိုခံစားမှုမှာ တောင်ပေါ်မှာ တစ်ကိုယ်တည်းနေရစဉ်က ကြည်နူးမှုမျိုးနှင့်တော့ မတူ။ သူ ဖြစ်ချင်သလို လုပ်နိုင်သည်ကို သိသဖြင့် ဝမ်းသာအားရခြင်းမျိုး။

လူနံ့ကို တုပနိုင်သော သူ့ကြံ့ရည်ဖန်ရည်ကို သူ့ဘာသာ ကျေးဇူးတင်မိသည်။ သည့်ထက်မက လုပ်ပြနိုင်သေးသည်ကိုလည်း သူ့ဘာသာ သိနေသည်။ ထိုရနံ့ကို ပို၍ ကောင်းမွန်အောင် သူဖန်တီးနိုင်သည်။ လူနံ့မျှသာ မဟုတ်၊ လူထက် သာလွန်သော နတ်တစ်ပါး၏ အနံ့မျိုးကိုပင် သူ ဖန်တီးလို့ရသည်။ ရှူလိုက်မိသည်နှင့် အချစ်စိတ် ယိုဖိတ်လာအောင် ပြုစားနိုင်မည့် ရနံ့မျိုး။

ဟုတ်သည်။ သူ လိုချင်တာ ဒါပဲဖြစ်သည်။ လူတွေ သူ့ကို ချစ်လာရမည်။ ရနံ့၏ ပြုစားမှုအောက်မှာ သူ့ကို အသိအမှတ်ပြု၍ အရူးအမူး ချစ်မြတ်နိုးစေရမည်။ ကိုယ့်ဘဝကိုယ် မေ့သွားစေရမည်။ ဝမ်းသာကြည်နူးမှုကြောင့် တုန်ယင်လှိုက်မော၍ အော်ဟစ်ငိုကြွေးစေရမည်။ ဘုရားသခင်ကို တိုင်တည်သလိုမျိုး သူ့နာမည်ကို တမ်းတကာ ဒူးထောက်ခစားကြရမည်။ ထိုရနံ့ကို သုံး၍ သူ၏ စိတ်ကူးထဲကလို လိုတိုင်းတ ရစေရမည်။ ဤတစ်ကြိမ်မှာတော့ စိတ်ကူးထဲမှာ မဟုတ်၊ လူအစစ်တွေနေသည့် ပြင်ပကမ္ဘာလောက ကြီးထဲမှာ။ သူ့မှာ ထိုသို့ ဖန်တီးနိုင်စွမ်းရှိမှန်း သူ့ကိုယ်သူ သိသည်။

မကောင်းမှုများ၊ အလုတရားများကို မမြင်ချင်လျှင် မျက်စိမှိတ်ထားနိုင်သည်။ အမင်္ဂလာစကားများ၊ ဂီတသံစဉ်များကို မကြားလိုလျှင် နားပိတ်ထားလို့ ရသည်။ အနံ့ကိုတော့ မရှူလို့ မရ။ အသက်ရှူသည်နှင့် အနံ့ပါ ရောယှက်၍ ပါသွားသည် မဟုတ်လား။ လူသားတစ်ယောက်သည် ထိုရနံ့ပါသော လေကို ရှူလိုက်မိသည်နှင့် အသိတွေ၊ သတိတွေ လွတ်သွားစေရမည်။ ထိုရနံ့သည် နှလုံးသားထဲ တိုက်ရိုက်ဝင်ရောက်ကာ အချစ်၊ အမုန်း၊ အလိုရမ္မက်၊ စက်ဆုပ်ခြင်း၊ ကရုဏာ၊ ဒေါသ စသည့် အကောင်းအဆိုး ခံစားမှုများကို သူလိုရာသို့ ပြောင်းလဲသွားစေမည်။ ထိုရနံ့၏ ဖန်ဆင်းရှင် ဂန်နီကတော့ လူ့စိတ်ကို စိတ်တိုင်းကျ စိုးမိုးခြယ်လှယ်နိုင်ပေမည်။

“သူသည် ခုံတန်းရှည်တွင် သက်သောင့်သက်သာ ထိုင်ရင်း ပြုံးလိုက်သည်။ သူ့မျက်လုံးထဲတွင် ရူးသွပ်သောလက္ခဏာ မပြသလို စိတ်ဖောက်ပြန်သွားသည့်

မျက်နှာလည်း မရှိ။ သူ မရူးပါ။ လုပ်ချင်ရာ လုပ်နိုင်တော့မည်ကို သိသဖြင့် ကျေနပ်သော မျက်နှာထားနှင့်သာ ကြည်လင်ရှင်းသန့်နေသည်။ ထိုသို့ လုပ်တော့မည်ဟုလည်း သူ့ဘာသာ ရေရွတ်နေမိသည်။ သူသည် မကောင်းဆိုးဝါး တစ်ကောင်သာ ဖြစ်သည်။ သို့သော် သူ့အသွင်က ကိုယ်စိတ်နှလုံး ရွှင်လန်းချမ်းမြေ့နေသော လူတစ်ယောက်လို အပြစ်ကင်းစင်လှသည်။

ဘုရားကျောင်းထဲက လေထုကို ရှူလိုက်သောအခါ အမွှေးနံ့သာများနှင့် ထုံမွမ်းနေသောရနံ့ကို ရသည်။ ထိုအခါ သူ့မျက်နှာတွင် ကောက်ကျစ်စဉ်းလဲသော စပ်ဖြဲဖြဲ အပြုံးတစ်ခု ပေါ်လာသည်။ ဘုရားသခင်၏ ရနံ့မှာ ဆန်းကြယ်လှပါတကား။ သစ်ကြံပိုးခေါက်၊ သစ်ပွပင်၊ ယမ်းစိမ်းတို့ ရောနေသော ဆိုးဝါးသည့် အမွှေးနံ့။ ဘုရားသခင်သည် ဤမျှ ဆိုးဝါးသောရနံ့ကို ကိုယ်တော်မှ မွှေးပျံ့စေသတဲ့လား။ သနားဖို့ ကောင်းလှပါတကား။ သူ အလိမ်ခံရပြီပဲ။ ဘုရားသခင်၏ရနံ့က သည်လိုအနံ့မျိုး ဖြစ်သည်ဆိုလျှင် ဘုရားသခင်ကိုယ်တိုင်က လူများကို လိမ်ညာနေခြင်းသာ ဖြစ်သည်။ မဟုတ်လျှင်လည်း ဘုရားသခင်၏ လက်ပါးစေများက လိမ်ညာနေခြင်း ဖြစ်ရမည်။ ဂန်နွီနှင့် ဘာကွာတော့လို့လဲ။ ဘုရားသခင်ကပင် ပို၍ ဆိုးဝါးပေမည်။

*****

အခန်း (၃၃)

ဂန်နီ၏ ရေမွှေးကို မားကွစ် အလွန်အားရသဖြင့် “အံ့ဩစရာပါပဲ”ဟု ဆိုသည်။ အစောပိုင်းက သတိလစ်မလို ဖြူဖျော့နေသော ဂန်နီသည် အခုတော့ သူမဟုတ်သည့်အလား ကျန်းမာသော လူတစ်ယောက်အသွင် ပြန်ဖြစ်နေသည်။ မသိလျှင် ထူးခြားသော စွမ်းရည်တစ်ခုခုကို ပိုင်ဆိုင်သွားသည့်နှယ် လူသစ်စိတ်သစ် ဖြစ်နေသည်။ မားကွစ်သည် မကြာမီ ထုတ်ဝေရန် ရေးသားနေသည့် ဖလွတ်ဒမ်လက်တေးလ် သီဝရီထဲတွင် သူ၏ ကုထုံး အဘာယ်မျှတာသွားကြောင်း ထည့်သွင်းရန် ဂန်နီနှင့် တိုင်ပင်ကြည့်ရမည်ဟု တွေးသည်။ လောလောဆယ် ရေမွှေးအသစ်ကို ဆွတ်ချင်နေသဖြင့် ဂန်နီက ရေမွှေးနှစ်ပုလင်း ကမ်းပေးလိုက်သည်။

မားကွစ်က ရေမွှေးကို သူ့ကိုယ်ပေါ် ဆွတ်ဖျန်းလိုက်သောအခါ စိတ်ထဲဝယ် အတော်ကြီး ကျေနပ်သွားသည်။ သူက နှစ်အတန်ကြာ ဝိုင်အိုလက်ပန်းနဲ့ကြောင့် ခံစားနေရသည့် ဝေဒနာအချို့မှ လွတ်မြောက်သွားသလို ခံစားရကြောင်း၊ သူ့အထင်မမှားဘူးဆိုလျှင် ဒူးနာခြင်း၊ နားအူခြင်းတို့မှာ ယူပစ်သလို ပျောက်သွားကြောင်း၊ ငယ်မူငယ်သွေးများ ပြန်ကြွကာ အတော်ပင် နုပျိုသွားသလို ခံစားရကြောင်း ပြောသည်။ သူက ဂန်နီကို ပွေ့ဖက်ကာ “ငါ့ညီ” ဟု ခေါ်သည်။ မားကွစ်၏ အပြုအမူမှာ အပေါ်ယံ ပေါင်းသင်းဆက်ဆံပုံနှင့် မတူဘဲ ညီရင်းအစ်ကိုသဖွယ် ရင်းနှီးလှသည်။ သူက ဂန်နီကို စာရွက်ပိုင်းတစ်ခုမှာ ရေမွှေးဖော်မြူလာ ရေးခိုင်းသည်။ ထို့နောက် အိတ်ကပ်ထဲထည့်ကာ ဖရန့်ငွေတစ်ထောင်နှင့် ညီမျှသော လူဝီဒင်္ဂါးငါးဆယ် ဆုချသည်။

ပထမဟောပြောပွဲအပြီး တစ်ပတ်တိတိကြာသောအခါ တက္ကသိုလ်ခန်းမထဲရှိ သူ့ရုံးခန်းတွင် နောက်တစ်ကြိမ် ပွဲလုပ်ပြန်သည်။ လာရောက်နားထောင်သော လူအုပ်ကြီးမှာ မခန့်မှန်းနိုင်အောင် များပြားလှသဖြင့် မွန်တီပယ်လာတစ်မြို့လုံး ရောက်လာသည့်နှယ်။ သူတို့အားလုံး စိတ်အဝင်စားဆုံးမှာ ဂူအောင်းလူသား ဂန်နီပင် ဖြစ်သည်။ မားကွစ်၏ ပြိုင်ဘက်များဖြစ်သော တက္ကသိုလ်ရက္ခဗေဒဉယျာဉ်မှ မိတ်ဆွေများနှင့် အဆင့်မြင့် လယ်ယာစိုက်ပျိုးရေးအသင်းမှ အဖွဲ့ဝင်များပါ လာရောက်နားထောင်ကြသဖြင့် အကြီးအကျယ် အောင်မြင်သည်ဟု ဆိုရမည်။

ဂန်နီ့ပရိသတ်ကို မားကွစ်က လွန်ခဲ့သောတစ်ပတ်က ဂူအောင်းလူသား၏ အရုပ်ဆိုးသော အခြေအနေအား ပြန်သုံးသပ်ပြသည်။ ထို့နောက် မကုသမီနှင့် ကုသပြီး အခြေအနေကို အပြာရောင် ကတ္တီပါကုတ်အကျီ၊ သပ်ရပ်စွာ

ဖြီးသင်ထားသော ဆံပင်၊ ပေါင်ဒါအဖွေးသား မျက်နှာ၊ ဝတ်ကောင်းစားလှများနှင့် ခန့်ညားနေသော ဂန္ဒီအသစ်နှင့် ယှဉ်ပြသည်။

ဂန္ဒီက စင်ပေါ်သို့ မြောက်ကြွမြောက်ကြွ လမ်းလျှောက်၍ တက်လာသည်။ ပရိသတ်အားလုံးကို ပြုံး၍ ခေါင်းညိတ်ပြသည်။ ဝေဖန်သံများကိုလည်း ဘာမှပြန်မဖြေဘဲ နှုတ်ဆိတ်၍သာ နေသည်။

ထူးခြားစွာ ပြောင်းလဲသွားသော သူ့အဖြစ်ကို မြင်ရသောအခါ တက္ကသိုလ်ရက္ခဗေဒဌာနမှ လူများပင် ဆွံ့အကုန်သည်။ လွန်ခဲ့သော တစ်ပတ်က ရက်စက်စွာ အနှိပ်စက်ခံထားရသည့် တိရစ္ဆာန်တစ်ကောင်လို ဖြစ်နေသော ဂန္ဒီမှာ အခုတော့ အမျိုးကောင်းသား တစ်ယောက်အသွင် ဖြစ်နေသည်။

ခန်းမထဲတွင် ဘုရားတသံများဖြင့် ညံနေသော်လည်း မားကွစ်စ၍ ဟောပြောသောအခါ တိခနဲ ငြိမ်ကျသွားကြသည်။ တကယ်တော့ သူက ကြားဖူးနေကျ ဖလွတ်ဒမ်လတ်တေးလ် သီဝရီ ဓာတ်ပြားဟောင်းကိုပင် ပြန်ဖွင့်ပြတာ ဖြစ်သည်။ အဆိပ်ထုတ်စက်နှင့် ဓာတ်စာသည် ခန္ဓာကိုယ်ကို မည်မျှအကျိုးသက်ရောက်ကြောင်း၊ လေပိုက်မှတစ်ဆင့် အဆိပ်ငွေ့များ ထုတ်ကာ လေကောင်းလေသန့်များဖြင့် အစားထိုးပုံ စသဖြင့်။ နောက်ဆုံးတွင် သူက မိုးပေါ်မော့၍ လက်နှစ်ဖက်ကို မြှောက်လိုက်သောအခါ ယောကျ်ားများအားလုံး သူ့လို လိုက်လုပ်ကြသည်။ မိန်းမများကတော့ မျက်ရည်တလည်လည် ဖြစ်နေလေသည်။

ဂန္ဒီသည် စင်ပေါ်တွင် မတ်တတ်ရပ်နေသော်လည်း မားကွစ်၏ စကားကို နားထောင်နေခြင်း မဟုတ်ချေ။ သူဆွတ်လာသော ရေမွှေးနံ့၏ အကျိုးသက်ရောက်မှုကို ကျေနပ်အားရစွာ စောင့်ကြည့်နေခြင်း ဖြစ်သည်။ သူသည် ခန်းမ၏ အရွယ်အစားနှင့် သင့်လျော်သော ရေမွှေးပမာဏကို တစ်ကိုယ်လုံး ဆွတ်လာခဲ့သည်။ စင်ပေါ်သို့ လူအများကြားထဲမှ ဖြတ်သန်း၍ တက်လာသောအခါ သူ့ကိုယ်သင်းနံ့က ပတ်ဝန်းကျင်သို့ သင်းပျံ့သွားသည်။ ထိုအနံ့က ပရိသတ်ကို မည်သို့ ဖမ်းစားသွားသည်ကို မျက်ဝါးထင်ထင် မြင်ရသည်။ ရေမွှေးနံ့သည် တံခါးဝရှိ အနောက်ဆုံးတန်းမှ စင်အရှေ့ဆုံးတန်းအထိ ပြန့်သွားရာ ရှုမိသမျှ လူအားလုံး၏ မျက်နှာသွင်ပြင်တွင် စိတ်ခံစားမှုများ သိသာထင်ရှားစွာ ပြောင်းလဲသွားသည်ကို တွေ့ရသည်။

ဂန္ဒီသည် ဝမ်းသာပျော်ရွှင်လွန်းသဖြင့် ရင်အစုံက တဒိတ်ဒိတ် ခုန်နေသည်။ ပရိသတ်သည် သူတို့စိတ်များ ပြောင်းလဲသွားသည်ကို သူတို့ ကိုယ်သူတို့ပင် သတိမထားမိချေ။ အစက သူ့ကို ဘာမှ အံ့ဩစရာမရှိပုံဖြင့် ပမာမခန့်နှင့် ကြည့်နေသူများပင် ထိုင်ခုံမှ ဖင်တကြွကြွနှင့် အသေအချာ စူးစိုက်ကြည့်ရှုနေကြသည်။ ခုနက မျက်ခုံးပင့်၍ ဝေဖန်ချင်သလို ကြည့်နေသူများ၏

မျက်နှာမှာ အခုတော့ ကလေးငယ်များလို ဘုမသိဘမသိ အမူအရာများ ဖြစ်နေသည်။ အစက သူ့ကို ကြောက်သလိုလို၊ ရွံ့သလိုလို ကြည့်နေသူများမှာ ယခုအခါ မေတ္တာ၊ ကရုဏာ သက်လာကြပုံရသည်။

ဟောပြောချက် ပြီးဆုံးသောအခါ ခန်းမထဲရှိ လူအားလုံး ခြေဖျားထောက်၍ မတ်တတ်ရပ်ကာ သောသောညံအောင် သြဘာပေးကြလေသည်။ “တိုင်လာဒီအက်စ်ပင်နက်စ်ဆီ သက်တော်ရာကျော် ရှည်ပါစေ၊ ဖလွတ် ဒမ်သီဝရီ အောင်မြင်ပါစေ” စသည့် အော်ဟစ်သံများ ထွက်လာသည်။ ထိုအချိန်သည် မားကွစ်အတွက် သူ့ဘဝတွင် အအောင်မြင်ဆုံးနှင့် အကျော်ကြားဆုံးပင် ဖြစ်တော့သည်။

သို့သော် ဂန်နီသည် စင်ပေါ်မှ ဆင်း၍ လူကြားထဲ သွားနေသည်။ ဤသို့ တစ်ခဲနက် ကြိုဆိုအားပေးနေခြင်းမှာ သူ့တစ်ယောက်တည်းအတွက်သာ ဖြစ်မှန်း သိနေသည်။ ချီးကျူးထောပနာပြုနေသော ခန်းမထဲရှိ လူများကတော့ ဘာတစ်ခုကိုမျှ သံသယ မဖြစ်မိကြပေ။

*****

အခန်း (၃၄)

ဂန်နီသည် မွန်တီပယ်လာမြို့တွင် ရက်ပေါင်းများစွာ ဆက်နေသည်။ သူသည်လည်း ထိုက်သင့်သလောက်တော့ ကျော်ကြားနေပြီဖြစ်၍ အိမ်အလည်လာဖို့ အဖိတ်ခံရသည်။ လူတွေက သူ့ကို ဂူထဲတွင် မည်သို့ နေထိုင်ခဲ့ရ၍ မားကွစ်က မည်သို့ ကုသပေးလိုက်သနည်းဟု မေးမြန်းကြသည်။ သူက ဓားပြတိုက်ခံရသည့် ဇာတ်လမ်းကို ထပ်ကာထပ်ကာ ပြောပြရသည်။ သူ့ကို မည်သို့ ဆွဲခေါ်သွားကြကြောင်း၊ အစာထည့်ထားသည့် ခြင်းတောင်း လာထားကြောင်း၊ လေ့ကားအကြောင်း။ တစ်ကြိမ်ထက် တစ်ကြိမ် ဇာတ်လမ်းကို ပိုပိုသာသာလေး ဖြည့်စွက်၍ ပြောသည်။ ထိုသို့ဖြင့် သူသည် စကားကို လည်လည်ပတ်ပတ် ပြောတတ်လာသည်။ ယခင်က လူအများကို ပြန်ရှင်းပြဖို့ ဝေးစွ၊ သူ့စကားကို သူ့ဟာသူပင် လိပ်ပတ်မလည်ချေ။ အခုတော့ သူသည် မှသားပြောရတာ အကျင့်တစ်ခုလို ဖြစ်လာသည်။

အမှန်မှာ လူတိုင်းကို သူပြောချင်ရာ ပြောလို့ ရသည်။ ဂန်နီ့အနံ့ အသက်ကို ရှူလိုက်မိသည်နှင့် သူ့ကို ယုံသွားသဖြင့် လူတွေက သူဘာပြောပြော အကုန်ယုံသည်။ ထိုအခါ ဂန်နီသည် အရင်က မရှိခဲ့သော ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုများပါ ရလာသည်။ အရင်လို ကုပ်ချောင်းကုပ်ချောင်း မဟုတ်တော့ဘဲ ထောင်ထောင်ထောင်ထောင် ဖြစ်လာသည်။ တစ်ယောက်ယောက်က သူ့ကို စကားစပြောလျှင် အရင်လို မရွံ့မရဲ မဖြစ်တော့ဘဲ တည့်တည့်မတ်မတ် ပြန်စိုက်ကြည့်တတ်လာသည်။

ဂန်နီသည် မတ်လ၏ တစ်ခုသော မနက်အစောပိုင်း၌ အထုပ်အပိုးပြင်၍ မြို့ဂိတ်တံခါး ဖွင့်ဖွင့်ချင်းပင် လျှို့ဝှက်စွာ ထွက်လာခဲ့သည်။ သူသည် တစ်နေ့က ဈေးမှ ဝယ်လာခဲ့သည့် အရောင်လွင့်နေသော အညိုရောင်ကုတ်အင်္ကျီ တစ်ပတ်နွမ်းကို ဝတ်ဆင်ထားသည်။ ဦးထုပ်အစုတ်တစ်လုံးကိုလည်း မျက်နှာတစ်ခြမ်းအုပ်အောင် ဆောင်းထားသည်။ ရေမွှေးကိုလည်း မဆွတ်ထားခဲ့သဖြင့် ထိုနေ့က သူ့ကို ဘယ်သူမှ မမှတ်မိသလို သတိလည်း မထားမိကြချေ။

နေ့လယ်လောက်တွင် မားကွစ်က သူ့ကို လိုက်ရှာသော်လည်း ဂိတ်စောင့်များက မြို့ထဲမှ မည်သူမျှ ထွက်သွားခြင်း မရှိကြောင်း၊ ဂန်နီဆိုလျှင် သူတို့လည်း သိနေသဖြင့် အသေအချာ သတိထားမိမည်ဖြစ်ကြောင်း ကျိန်တွယ်ပြောဆိုကြသည်။ ထိုအခါ မားကွစ်က ဂန်နီသည် ပါရီမြို့ရှိ မိသားစုကို

ကြည့်ရှုရန် သူ၏ခွင့်ပြုချက်ဖြင့် ပြန်သွားပြီ ဖြစ်ကြောင်း သတင်းလွှင့် လိုက်သည်။ သူ၏ သီဝရီကို တစ်နိုင်ငံလုံး လှည့်လည်ပြသရန် ဂန်နီ့ကို ခေါ်သွားဖို့ ရည်ရွယ်ထားသဖြင့် စိတ်ထဲမှာတော့ အတော်လေး ကသိကအောက် ဖြစ်မိသည်။ သို့သော် သူ၏ဂုဏ်သတင်းမှာ ဤသို့ လိုက်လံပြသရန်မလိုဘဲ ကျော်ကြားသွားပြီဖြစ်၍ စိတ်သက်သာရာ ရသွားပြန်သည်။

မားကွစ် ဖော်ထုတ်ခဲ့သော ဖလွတ်ဒမ်လတ်တေးလ်အကြောင်း ဆောင်းပါးရှည်မှာ စကက်ဗွန်ဂျာနယ်တွင်ပါလာပြီး ဥရောပတစ်လွှားသို့ ပြန့်နှံ့ရောက်ရှိသွားသဖြင့် ရပ်နီးရပ်ဝေးမှ လူနာများ ရောက်လာကြသည်။ သူသည် ၁၇၆၄ ခုနှစ် နွေရာသီ၌ မွန်တီပယ်လာမြို့တွင် အသင်းဝင် လူအယောက် နှစ်ဆယ်ဖြင့် ဖလွတ်ဒမ်ကုသဆောင်ကြီး တစ်ခုကို ပထမဆုံး အုတ်မြစ်ချ တည်ထောင်ခဲ့သည်။ ထို့နောက် မာဆယ်လီနှင့် လိုင်ယွန်မြို့တို့တွင်လည်း လက်ခွဲများ ဖွင့်လှစ်နိုင်ခဲ့သည်။

သူသည် သင်ကြားရေးနယ်ပယ်ကို ပါရီမြို့အထိ ချဲ့ထွင်ဖို့ ဆုံးဖြတ်သည်။ ဖလွတ်ဒမ်လက်တေးလ် သီဝရီကို ဂန်နီ့တုန်းကလို သက်သေပြ ချင်သည်။ ဂူအောင်းလူသားတစ်ယောက်ကို သူ၏ကုထုံးက မည်မျှ အကျိုးသက်ရောက်သည်ကို လက်တွေ့ စမ်းသပ်ပြချင်သည်။

ဒီဇင်ဘာလ အစောပိုင်းတွင် ကန်ညီဂူတောင်ထိပ်သို့ လေ့လာရေးထွက်မည့်အဖွဲ့နှင့် ပူးပေါင်းမိသည်။ ကန်ညီဂူတောင်သည် ပျင်ရနီတောင်တန်းများထဲတွင် အမြင့်ဆုံးတောင်ဟု မှတ်ယူထားသည်။ မားကွစ်က ပေပေါင်းကိုးထောင် မြင့်မားသော တောင်ထိပ်သို့တက်ကာ အသန့်စင်ဆုံး လေထဲမှာ သုံးပတ်ကြာ နေရစ်ခဲ့မည်၊ ခရစ္စမတ်အကြိုညတွင် အသက်နှစ်ဆယ်အရွယ် လူပျိုပေါက်လေး တစ်ယောက်အသွင်ဖြင့် တောင်ပေါ်မှ ပြန်ဆင်းလာမည်ဟု ဆိုသည်။

တပည့်များက ဝိုင်းတားကြသော်လည်း မားကွစ်က လက်မလျှော့ဘဲ ကိုယ်ပေါ်မှ အဝတ်အစားများကို ချွတ်ကာ တစ်ယောက်တည်း တောင်ထိပ်ပေါ် တက်သွားသည်။ သူတို့ နောက်ဆုံးမြင်လိုက်ရသည်မှာ သီချင်းတကြော်ကြော် အော်ဆို၍ တောင်ပေါ်သို့ တရွေ့ရွေ့ တက်သွားသော မားကွစ်၏ ပုံရိပ်သာ ဖြစ်သည်။ ထို့နောက် ဆီးနှင်းမှန်တိုင်းကျလာပြီး မားကွစ်၏ အရိပ်အယောင် ပျောက်ကွယ်သွားလေသည်။

နောက်လိုက်များမှာ မားကွစ် ပြန်လာနိုးနှင့် ခရစ္စမတ်အကြိုညအထိ စောင့်ဆိုင်းနေသော်လည်း သူ့ကို လူငယ်အသွင်နှင့်လည်း ပြန်လာတာ မတွေ့ရ၊ အဘိုးအိုအသွင်နှင့်လည်း ပြန်လာတာ မတွေ့ရတော့ချေ။ နောက်နှစ် နွေရာသီ အစောပိုင်းတွင် ရဲတင်းသော လူတစ်စုက နှင်းဖုံးနေသော ကန်ညီဂူတောင်ထိပ်အထိ

ရောက်အောင်တက်၍ ရှာဖွေသော်လည်း မားကွစ်၏ အရိပ်အယောင် ဘာတစ်ခုကိုမျှ မတွေ့ရ၊ အဝတ်အစား၊ ခန္ဓာကိုယ် အစိတ်အပိုင်း၊ ကုန်ကုန်ပြောရလျှင် အရိုးသော်မျှ မမြင်ရချေ။

သို့သော် ထိုအဖြစ်မှာ သူ၏ သင်တန်းများအား လုံးဝ မထိခိုက်ရုံမျှမက ဆန့်ကျင်ဘက်အနေဖြင့် ဒဏ္ဍာရီတစ်ပုဒ်သဖွယ် သတင်းပျံ့သွားသည်။ ဖလွတ်ဒမ်လက်တေးလ်သီဝရီအရ မားကွစ်သည် တောင်ထိပ်တွင် အဆုံးမဲ့ ရှင်သန်မှုကို ရရှိသွားသဖြင့် ငယ်ရွယ်နုပျိုသွားသည့်အပြင် ကိုယ်ရောင်ပါပျောက်သွားသည်ဟု ဆိုသည်။ သူသည် လေနှင့်အတူ ထာဝရ မျောလွင့်နေပြီး ပျင်ရနီတောင်တန်းများထက်တွင် ယခုထိ ရှိနေသည်၊ တောင်ထိပ်ပေါ် တက်ရောက်နိုင်သူ မည်သူမဆို သူနှင့် တွေ့ရလိမ့်မည်။ ထိုအခါ တစ်နှစ်ပတ်လုံး မအို၊ မနာ၊ မသေတော့ဟု ဆိုကြသည်။

ဆယ့်ကိုးရာစုတွင် မားကွစ်၏ သီဝရီကို ထောက်ခံသည့် ဆေးဘက်ဆိုင်ရာ ဌာနများ ထွက်ပေါ်လာပြီး သူ၏ကုထုံးကို လျှို့ဝှက်အဖွဲ့အစည်းတစ်ခုက စမ်းသပ်လေ့ကျင့်ကြသည်။ ယနေ့ခေတ်တွင်ပင် အထူးသဖြင့် ပါပီညံနှင့် ဗီဂွားရားစ်မြို့များ၌ မားကွစ်၏ သင်တန်းသားများ လျှို့ဝှက်စွာ တွေ့ဆုံ၍ ကန်ညီဂူတောင်ထိပ်ပေါ် တစ်နှစ်တစ်ခါ တက်ကြသည်။ အသင်းသားများသည် ဒီဇင်ဘာ ၂၁ ရက် ဆောင်းယဉ်စွန်းချိန်လောက်တွင် တောင်ထိပ်၌ မီးပုံပွဲကြီး ပြုလုပ်တတ်သည်။ အမှန်မှာ သူတို့၏ ဆရာ မားကွစ်ကို အရိုအသေပြုခြင်းသာ ဖြစ်လေသည်။

*****

WHISPER of WORDS

တတိယပိုင်း

အခန်း (၃၅)

ဂန်နီ၏ ပထမခရီးစဉ်မှာ ခုနစ်နှစ်ကြာမြင့်ခဲ့သော်လည်း ဒုတိယ ခရီးစဉ်ကတော့ ခုနစ်ရက်ပင် မကြာချေ။ လူရှုပ်သော လမ်းများ၊ မြို့များ မြို့များကို ရှောင်မသွားတော့ဘဲ လိုရာအရပ်ကိုသာ တည့်တည့်မတ်မတ် ခရီးဆက်သည်။ သူ့မှာ အနံ့ရှိသည်၊ ပိုက်ဆံရှိသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိသည်။ ထို့ကြောင့် ဘာအတွက်မျှ အချိန်ကုန် မခံလိုတော့။

မွန်တီပယ်လာမြို့မှ ထွက်သော ညနေမှာပင် လီဂရော်ဒူရှိုင်း ဆိပ်ကမ်းမြို့လေးသို့ ရောက်လာသည်။ သူသည် မာဆယ်လီမြို့သို့ ထွက်ခွာသည့် ကုန်တင်သင်္ဘောတစ်စီးကို စီးသည်။ မာဆယ်လီမြို့သို့ ရောက်သည်နှင့် အရှေ့ကမ်းရိုးတန်းတစ်လျှောက်သွားသည့် သင်္ဘောတစ်စီးပေါ် ချက်ချင်း တက်လိုက်သွားသည်။ သင်္ဘောသည် တူလောင်းမြို့တွင် နှစ်ရက်၊ ကန်းနက်စ်မြို့တွင် သုံးရက် ဆိုက်ကပ်သည်။ ကျန်ခရီးကိုတော့ ခြေကျင်ပဲ ခရီးဆက်သည်။

မြောက်အရပ်ရှိ တောင်ကုန်းများထဲ ဦးတည်သော လမ်းအတိုင်း လျှောက်သွား၍ နှစ်နာရီကြာသောအခါ မိုင်ပေါင်းများစွာ ကျယ်ဝန်းသည့် ချိုင့်ဝှမ်းကြီးတစ်ခုသို့ ရောက်လာသည်။ ချိုင့်ဝှမ်းပေါင်ရှိ တောင်ကုန်းများမှာ မတ်စောက်သော တောင်တန်းများအဖြစ် ပြေပြေကလေး မြင့်တက်သွားသည်။

ချိုင့်ဝှမ်းအလယ်ရှိ ကွင်းပြင်ကို သစ်ပင်များ ဖုံးနေပြီး သံလွင်ပင်များကို အတန်းလိုက် စိုက်ထားသည်။

တောင်ကုန်းထိပ်များမှ ကြည့်လိုက်လျှင် ပင်လယ်နှင့် အလွန် နီးကပ်သည်ကို မြင်ရသော်လည်း ဤချိုင့်ဝှမ်းမှာ ပင်လယ်၏ အငွေ့အသက် လုံးဝမရှိဘဲ သူ့ဟာနှင့်သူ ထူးခြားသော ရာသီဥတု ရှိသည်။ မြင့်မားသော တောင်တန်းများမှာ ဆီးနှင်းများ ဖုံးလွှမ်းလျက် ရှိသော်လည်း ချိုင့်ဝှမ်းထဲမှာ တိုက်ခတ်သော လေကတော့ စိမ့်အေးမနေချေ။ ဤနေရာသည် နွေဦးရာသီတွင် မွန်တီပယ်လာမြို့ထက် ပို၍ နေထိုင်လို့ ကောင်းသည်။ မြူနှင်းမှုန်တို့က ကွင်းပြင်များကို ခေါင်းလောင်းတစ်လုံးလို

လွှမ်းခြုံထားသည်။ ဗာဒံပင်နှင့် တရုတ်ဆီးသီးပင်များက အပွင့်ပွင့်နေသည်။ ပူနွေးသောလေက နာဆစ်ဆက် ပန်းနံ့နှင့် ရောနေသည်။

ချိုင့်ဝှမ်း၏ အဆုံးတစ်ဘက် နှစ်မိုင်အကွာလောက်ရှိ တောင်တန်းများထဲတွင် မြို့လေးတစ်မြို့ ရှိသည်။ အဝေးမှ ကြည့်လျှင် နေချင်စရာ မရှိ။ အိမ်ခေါင်မိုးများကြားမှ ထိုးထောင်ထွက်နေသည့် ဘုရားကျောင်းကြီး မရှိ၊ မြို့ရိုးကြီးကြီးမားမား မရှိ၊ မှတ်သားလောက်စရာ ခမ်းနားကြီးကျယ်သော အဆောက်အအုံမရှိ၊ ကြွားလုံးထုတ်လောက်စရာလည်း ဘာမျှမရှိချေ။ ကွင်းပြင်ကျယ်ထဲမှာ ဟိုတစ်အိမ် သည်တစ်အိမ် ဆောက်ထားသည့် အိမ်ကျိုးတိုးကျဲတဲသာ ရှိသည်။ ထိုမြို့ကို ချိုင့်ဝှမ်းထက်တွင် တည်ထားသည်ကသာ ထင်ရှားသော အမှတ်အသားတစ်ခု ဖြစ်ပုံရသည်။ ထိုမြို့ကား ရေမွှေး၊ ဆပ်ပြာစသည့် အမွှေးနံ့သာတို့ ထုတ်လုပ်ရောင်းချရာ အချက်အချာဖြစ်သော ဂရက်ဆေးမြို့ပင် ဖြစ်သည်။

ဂရန်နွီက ဂရက်ဆေးမြို့ကို အေးတိအေးစက် ငေးကြည့်နေသည်။ သူသည် ရေမွှေးပညာရှင်တို့ စုဝေးရာ နယ်မြေကို ရှာဖွေဖို့ ရောက်လာခြင်း မဟုတ်သဖြင့် ဤမြို့လေးကို တွေ့သည့်အချိန်တွင် မည်သို့မျှ ရင်မခုန်မိချေ။ သူလာရသည်မှာ ဤမြို့ကလွဲ၍ မည်သည့်နေရာမျှ မရှိသော ရနံ့ထုတ်ဖော်ပုံ နည်းအမျိုးမျိုးကို သင်ယူလိုခြင်းကြောင့်သာ ဖြစ်သည်။ ထိုနည်းလမ်းများကို ရမှသာ သူ့ရည်ရွယ်ချက်ကို အကောင်အထည်ဖော်လို့ ရမည်။ သူက အိတ်ကပ်ထဲမှ ရေမွှေးပုလင်းကို ထုတ်၍ ကိုယ်ပေါ်သို့ ခပ်ဖွဖွ ဆွတ်ဖျန်းလိုက်ပြီး လမ်းအတိုင်း ဆက်လျှောက်သွားသည်။ တစ်နာရီခွဲခန့်ကြာအောင် လျှောက်ပြီး၍ မွန်းတည့်ချိန်လောက်တွင် ဂရက်ဆေးမြို့ထဲသို့ ရောက်သွားသည်။

မြို့ဦးအနီးက ပျော်ပွဲစားရုံတစ်ခုမှာ နေ့လယ်စာ ဝင်စားသည်။ မြို့ကို ချောင်းငယ်တစ်ခုက ဖြတ်သန်းစီးဆင်းနေသည်။ ချောင်းနားတွင် သားရေနယ်သမားများက တိရစ္ဆာန်အရေများကို ဆေးကြော၍ အခြောက်လှန်းထားသည်။ သားရေနံ့မှာ ရှူရှာဖွယ်ရာ ဆိုးဝါးပြင်းထန်လှသဖြင့် လာနေကျ မဟုတ်သော ဧည့်သည်သာဆိုလျှင် စားထားသမျှ ပြန်အန်ထွက်လောက်သည်။ ဂရန်နွီကတော့ ထိုသို့ မဟုတ်ချေ။ ထိုအနံ့ကို သူ ယဉ်နေပြီးဖြစ်၍ စိတ်ချရသလိုတောင် ခံစားမိသည်။ သူဖြတ်သန်းခဲ့သမျှ မြို့တိုင်းတွင် သားရေနယ်သည့်နေရာကို အရင်ရောက်အောင် သွားတတ်သည်။ ထိုနေရာက အနံ့က သူ့ကို လူစိမ်းတစ်ယောက်လို မခံစားရတော့ချေ။ ထိုမှ တစ်ဆင့်သာ အခြားနေရာများကို ဆက်လက်ရှာဖွေလေ့ရှိသည်။

သူသည် တစ်ညနေလုံး မြို့ကို လျှောက်ကြည့်ရင်း အချိန်ဖြုန်း လိုက်သည်။ မြေပြင်ပေါ် စိမ့်ထွက်နေသော တွင်းရေ၊ ကန်ရေများက လမ်းတကာရှိ

အညစ်အကြေးများကို တိုက်စားသယ်ဆောင်ကာ ချောင်းငယ်၊ မြောင်းငယ်များထဲ စီးဝင်သွားကြသဖြင့် ရှုံရှာဖွယ် ကောင်းလှသည်။ တချို့ အိမ်များမှာ တစ်အိမ်နှင့်တစ်အိမ် နီးကပ်လွန်းသဖြင့် လေှကားနှင့် လူသွားလမ်းက တစ်ကိုက်လောက်သာ ကွာသည်။ လမ်းကျယ်လည်း သိပ်မရှိသဖြင့် ဝန်တင်လှည်းစသော ယာဉ်များမှာ တစ်ခုနှင့်တစ်ခု မတိုက်မိအောင် မနည်းရှောင်ကွင်း၍ သွားရသည်။ သို့သော် မည်မျှ ညစ်ပတ်စုတ်ပြတ်သည်ဖြစ်စေ ကုန်သွယ်ရေးကတော့ ကောင်းမွန်သည်။

တစ်မြို့လုံးကို ထိုသို့ ပတ်ကြည့်လိုက်သောအခါ ဆပ်ပြာလုပ်ငန်း ခုနစ်ခုထက် မနည်းရှိ၍ ရေမွှေးနှင့်လက်အိတ် ကျွမ်းကျင်ပညာရှင် တစ်ဒါဇင်သာ ရှိသော်လည်း ဆံပင်လိမ်းဆီလုပ်ငန်း၊ ဟင်းခတ်အမွှေးအကြိုင် ပစ္စည်းဆိုင်နှင့် အဆီအနှစ်ထုတ်သည့် လုပ်ငန်းငယ်များ မရေတွက်နိုင်အောင် ပေါများလှကြောင်း တွေ့ရသည်။ အမွှေးနံ့သာပစ္စည်း လက်ကားအရောင်းဆိုင်ကြီး ခုနစ်ဆိုင်ကိုလည်း တွေ့သည်။

လက်ကားဆိုင်သို့ သွင်းသည့် ကုန်သည်များလည်း ရှိသည်။ ထိုသူများ၏ အိမ်ကို အပြင်ပန်းက ကြည့်ရုံမျှဖြင့် ကုန်မည်မျှ သိုလှောင်ထားမှန်း အလွယ်တကူ သိနိုင်မည် မဟုတ်။ သို့သော် ဂရန်နွီကတော့ မည်မျှထူသည့် အုတ်တံတိုင်း ကာထားသည်ဖြစ်စေ၊ ဂိုထောင်များ၊ အိမ်ထပ်ခိုးများ၊ ဆီလှောင်ကန်များ၊ လာဗန်ဒါနံ့ ဆပ်ပြာထုပ်များ၊ ပန်းရနံ့ အမွှေးရည်များ ထည့်ထားသည့် စဉ့်အိုးများ၊ အရက်ဆီပုလင်းများ၊ အမွှေးရည် စိမ်ထားသည့် သားရေထည်များအားလုံးကို အနံ့ခံကြည့်ရုံဖြင့် အသေးစိတ်ကအစ သိလေသည်။ ထိုသူများမှာ မင်းညီမင်းသားများထက်ပင် ချမ်းသာကြွယ်ဝကြသည်။

ဂရန်နွီက သွားလိုရာကို အနံ့ခံကြည့်သောအခါ အရှေ့တွင် ဗိမ်ခံအဆောက်အအုံကြီးများကဲ့သို့ တည်ဆောက်ထားသော နေအိမ်များကို တွေ့ရသည်။ ခြံဝင်းထဲရှိ ဥယျာဉ်ထဲတွင် စကြာပန်းပင်နှင့် ထန်းပင်အများအပြား ရှိသည်။ ဥယျာဉ်အလယ်ရှိ ရေပန်းကို ပစောက်ပုံသဏ္ဍာန် လူသွားလမ်းကလေးက ဝန်းရံထားသည်။ အိမ်အပေါ်ထပ်ရှိ အိပ်ခန်းကို နေရောင်ခြည် တိုက်ရိုက်ရအောင် ဆောက်ထားသည်။ ရွှေဇွန်း၊ ရွှေခက်ရင်း၊ ရွှေပန်းကန်ပြားဖြင့် စားကြသည်ဟု ဘာဒီနီ တစ်ခါက ပြောဖူးသလိုပင် အောက်ထပ်ရှိ ထမင်းစားခန်းများမှာ ခမ်းနားလှပသည်။ ၎င်းတို့ကို လေဝင်လေထွက်ကောင်းအောင် တံခါးများစွာ ထည့်ထားသည်။

ဂရန်နွီသည် ဒရွိုက်လမ်းအစတွင် တည်ရှိသော စစ်စိမ်းရောင် စံအိမ်တော်ကြီး တစ်ခုရှေ့တွင် ရပ်လိုက်သည်။ အိမ်အဝင်လမ်းမှာ တစ်မြို့လုံးစာလောက် ရှည်လျားသည်။ ဂိတ်ပေါက်ဝတွင် စည်ပိုင်းများ တင်ထားသော

ကုန်တင်လှည်းတစ်စီး ရပ်ထားသည်။ စောင့်နေဟန်တူသော ရထားလုံး တစ်စီးလည်း ရှိသည်။ လူတစ်ယောက်က စာရွက်အချို့ကိုင်၍ ဂိတ်ပေါက်ဝရှိ ရုံးခန်းထဲ ဝင်သွားပြီး ခဏနေတော့ တခြားလူနောက်တစ်ယောက် နှင့်အတူ ပြန်ထွက်လာသည်။ ထို့နောက် နှစ်ယောက်သား ဂိတ်တံခါးကို ဖြတ်သန်း၍ အထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

ဂန်နီက လမ်းတစ်ဖက်တွင်ရပ်ကာ လူသွားလူလာကို စောင့်ကြည့်သည်။ ထိုအထဲမှာ ဘာတွေဖြစ်နေမှန်း သူစိတ်မဝင်စားသော်လည်း မတ်တတ်ရပ်၍ ကြည့်နေလိုက်သည်။ ထိုအခိုက် သူ့ကို တစ်ခုခုကလှမ်း၍ ဆုပ်ကိုင်လိုက်သလို ခံစားရသည်။ သူက မျက်လုံးမှိတ်ကာ အဆောက်အအုံဆီကတစ်ဆင့် လေကြောင်းအတိုင်း ပျံ့လွင့်လာသော အနံ့များကိုစုစည်း ကြည့်လိုက်သည်။

စည်ပိုင်းနံ့၊ ရှာလကာရည်နံ့၊ ဝိုင်နံ့နှင့် ကုန်တင်လှည်းရှိရာမှ အနံ့စုစုံများကို ရသည်။ အုတ်တံတိုင်းကို ဖြတ်သန်း၍ ထွက်လာသော ဥယျာဉ်နံ့က ဖျော့တော့သဖြင့် ဖမ်းမိဖို့ မလွယ်ကူလှ။ ၎င်းအနံ့များသည်

စံအိမ်၏ မြင်းမိုရ်ပိတ်မှ တလွင့်လွင့် မျောနေသော ဖဲကြိုးစလေးများလို ပါးလျနူးညံ့လှသည်။ တတိုင်းမွှေး၊ ဟိုင်ယားစင့်သ်၊ ဒက်ဖနီ၊ တောင်ဇလပ်နှင့် အခြား ပန်းနံ့များ။ ထို့အပြင် တခြားအနံ့တစ်မျိုးလည်း ပါသည်။ ထိုအနံ့ကို သူ့ဘဝမှာ တစ်ကြိမ်တော့ ရခဲ့ဖူးသလို ခံစားရသည်။ အနီးကပ် ရှူကြည့်လျှင် ပိုသေချာလိမ့်မည်။ ဂိတ်ဝကို ဝင်ခွင့်ရအောင် မည်သို့ လုပ်ရကောင်းမလဲဟု စဉ်းစားကြည့်သည်။

ထိုအချိန်တွင် လူများစွာ ရောက်လာပြီး လှည်းပေါ်မှ စည်များကို ၎င်းချသည်။ သူ့ကို သတိထားမိသွားမှာ စိုးသဖြင့် ဂန်နီက လာရာလမ်းအတိုင်း ပြန်လှည့်၍ လျှောက်သွားသည်။ ထိုစံအိမ်ဆီ တစ်ဖက်လမ်းမှ သွားနိုင်သော လမ်းကြားတစ်ခုခုကို ရှာကြည့်ရင်း ကိုက်အနည်းငယ်အကွာရှိမြို့အဝင် ဂိတ်ပေါက်သို့ ရောက်သွားသည်။

သူက ဂိတ်ပေါက်ကို ဖြတ်ကာ မြို့တံတိုင်းဆောက်ထားသည့် ဘောင်ကုန်းအတိုင်း ဆင်းသွားသည်။ ဥယျာဉ်နံ့က မြို့ပြင်ရှိ ကွင်းပြင်များမှ တိုက်ခတ်နေသော လေထုကြောင့် ပထမတော့ မှေးမှိန်သွားသော်လည်း တဖြည်းဖြည်း ယခင်ကထက် ပို၍ စူးရှလာသည်။ ထိုရနံ့က သူနှင့် အလွန်နီးကပ်နေမှန်း ဂန်နီ သိလိုက်သည်။

ဥယျာဉ်သည် သူနှင့် ဘေးကပ်ရက်ရှိ မြို့တံတိုင်းနှင့် တိုက်ရိုက် ဆက်စပ်နေသည်။ အုတ်တံတိုင်းနားမှ ခွာ၍ အနောက်နည်းနည်း ဆုတ်ကြည့်တော့

အပေါ်မှာ ထိုးထိုးထောင်ထောင် လိမ့်မော်ပင်အကိုင်းများကို အောက်က မြင်ရသည်။ သူက နောက်တစ်ခေါက် မျက်လုံးများကို မှိတ်လိုက်သည်။

ဥယျာဉ်နံ့ထဲက ရနံ့များကို သက်တံတစ်စင်း၏ အရောင်များလို ရှင်းလင်းစွာ ခံစားရသည်။ ထိုအထဲက ရနံ့တစ်ခုကတော့ အားလုံးထဲမှာ ထူးခြားသည်။ ထိုရနံ့ကြောင့် စိတ်ထဲမှာ ဝမ်းသာကြည်နူးမှုဖြင့် နွေးခနဲ ဖြစ်သွားသည်။ သို့သော် တစ်ပြိုင်နက်တည်းပင် ထိတ်လန့်မှုကြောင့် အေးစက်သွားရပြန်သည်။

ဂရန်နွီသည် မဟုတ်တာ တစ်ခုခု လုပ်ထားသော ကလေးတစ်ယောက် လက်ပူးလက်ကြပ် မိသွားသကဲ့သို့ ခေါင်းမွေးများပင် ထောင်ထလာသည်။ ထိုရနံ့သည် သူ့အာရုံကြောများကို ကပြောင်းကပြန် ဖြစ်အောင် နှိုးဆွနေသည်။ သူ့စိတ်ထဲတွင် အချိန်ကာလ ပျောက်ဆုံးသွားသလို ခံစားရသည်။ ဘယ်နေရာသို့ ရောက်နေမှန်းပင် မသိတော့။ ၁၇၅၃ ခုနှစ် စက်တင်ဘာလ။ ပါရီမြို့က မားရစ်လမ်း။ ဟုတ်သည်။ ဥယျာဉ်ထဲကရနံ့သည် ထိုညက သူ သတ်ပစ်ခဲ့သော ဆံပင်နီနှင့် မိန်းကလေး၏ ရနံ့။ ထိုရနံ့ကို ကမ္ဘာလောက၏ တစ်နေရာမှာ ပြန်ရှာတွေ့လိုက်သဖြင့် ဝမ်းသာမှုကြောင့် မျက်ရည်များပင် လည်လာသည်။ အကယ်၍ ထိုရနံ့သာ အမှန်မဟုတ်ဟု ဆိုလျှင် သေသွားမလားပင် မသိ။

မူးနောက်ရီဝေလာပြီး အနည်းငယ် ဒယီးဒယိုင် ဖြစ်သွားသောကြောင့် အုတ်တံတိုင်းကို လက်ထောက်၍ အားပြုထားရသည်။ စိတ်ကိုထိန်းကာ သေချာအောင် အနှစ်နှစ်အလလ သိမ်းဆည်းထားသည့် ယခင်ရနံ့နှင့် တိုက်ဆိုင်ကြည့်သည်။ ဥယျာဉ်ထဲက ရနံ့သည် ဆံပင်နီမလေး၏ရနံ့ လုံး၀ မဟုတ်သော်လည်း ချွတ်စွပ်တူသည်။ ထိုအခါ လက်ရှိရနံ့ကို သူ၏ အနံ့ခံစွမ်းရည်ဖြင့် စိတ်ကူးထဲမှာ ပုံဖော်ကြည့်သည်။

ဥယျာဉ်ထဲက မိန်းကလေးသည် ထိုင်နေခြင်း မဟုတ်၊ ခုန်နေသည်။ သွေးပူလာသဖြင့် ထိုင်၍ အအေးခံသည်။ လျှင်မြန်စွာ လှုပ်ရှားရသည့် ကစားနည်းတစ်ခုခုကို ဆော့နေခြင်း ဖြစ်နိုင်သည်။ နောက်တစ်ယောက် သူမအနား ရောက်လာတော့ လျှင်မြန်စွာ ထရပ်လိုက်သည်။ ဒုတိယတစ်ယောက်၏ ရနံ့က သာမန်လူနံ့များလို ဘာမှ မထူးခြားချေ။ ဂရန်နွီက အသက်ရှူ ခဏရပ်ကာ ဆံပင်နီမလေး၏ ရနံ့ကို ပြန်မှန်းဆကြည့်သည်။

သူမ၏ အသားအရေက ဖြူလွှဲသည်။ အစိမ်းရောင် မျက်လုံးများ ရှိသည်။ မျက်နှာ၊ လည်တိုင်နှင့် ရင်သားတွင် တင်းတိပ်ကွက်လေးများနှင့်။ ဤမိန်းကလေးမှာ ရင်သားပင် ကောင်းစွာ မဖွံ့ဖြိုးသေးဘဲ အပျိုဖော်ဝင်စသာ ရှိသေးသည်။ သူမသည် ကလေးတစ်ယောက်သာ ဖြစ်သည်။ ကလေးတစ်ယောက်မှာ ဘာလို့ သည်ရနံ့ ရှိနေပါလိမ့်။

ဂန်နီ့နဖူးမှာ ချွေးစို့လာသည်။ ကလေးများတွင် ဤသို့သော ရနံ့မျိုး မရှိတတ်မှန်း သူသိနေသည်။ သူမသည် ပန်းတစ်ပွင့်နှင့်မတူ၊ အဖူးအငုံလေး တစ်ခုနှင့်သာ တူသည်။ သို့သော် ပွင့်အာလာတော့မည့် ပန်းဖူးကလေးတစ်ခု ဖြစ်၍ ရနံ့တို့ ထွက်စပြုနေပြီ။ ထိုအခြင်းအရာကို ဂန်နီမှတစ်ပါး မည်သူမျှ သတိမထားမိကြချေ။

ဤကလေးမ၏ ရနံ့ကား လောကတွင် တစ်ခါမှ မရှိခဲ့ဖူးသော ရေမွှေးနံ့ကို ထုတ်လွှင့်နိုင်စွမ်းလေသည်။ သူမ၏ ရနံ့သည် ဆံပင်နီမလေးထက် အဆပေါင်းများစွာ သာလွန်မွှေးပျံ့၍ သဘာဝဆန်လေသည်။ ဤ ရနံ့နှစ်မျိုးမှာ ဆက်နွယ်မှု တစ်ခုရှိသည်။ ယခုရနံ့သည် တစ်နှစ်အတွင်း ထမင်းရနံ့မျိုး ပြောင်းလဲသွားလိမ့်မည်။ ယခုရနံ့သည် ယောကျာ်း၊ မိန်းမ ဘယ်သူ့ကိုမဆို ဟန်မဆောင်နိုင်အောင်၊ ထွက်ပြေး၍မျှ မလွတ်မြောက်နိုင်အောင် ဆွဲငင်ညှို့ယူနိုင်သည်။ လူတွေအားလုံး ဤရနံ့ပိုင်ရှင်မလေး စေခိုင်းသမျှ နာခံလိမ့်မည်။ ကျက်သရေရှိလှပါတကား၊ ချစ်စရာကောင်းလှပါတကား၊ မျက်လုံးကလေးက မြသားလို၊ သွားကလေးက ပုလဲလို၊ အမျိုးအဆစ်က ဆင်စွယ်လို တင့်တယ်လှပါတကားဟု ချီးမွမ်း၍ ကြည့်မဝ၊ ရှုမဝ ဖြစ်ကြလိမ့်မည်။ သူမကိုလည်း စံပယ်ဘုရင်မဟု တင်စားကာ ပုံတူပန်းချီ ရေးဆွဲကြလိမ့်မည်။ သူမသည် ပြင်သစ်နိုင်ငံတွင် အလှဆုံးဟုပင် ဆိုကြလိမ့်မည်။ ကာလသားများက ပြတင်းပေါက်အောက်တွင် မယ်ဒလင်တီး၍ ဖိုသံပေးကြမည်။ ပျိုပျိုအိုအို ယောကျာ်းကြီးငယ်မဟူ သူမနှင့် လက်ဆက်ဖို့ ဒူးထောက်တောင်းပန်ကြမည်။ မိန်းမဟူသမျှမှာ သူမကို မြင်သည်နှင့် သက်ပြင်းချမိရုံမှတစ်ပါး တစ်နေ့ကျလျှင် သူမလို ညှို့ငင်နိုင်စွမ်း ရှိပါစေသားဟု တောင့်တကြမည်။ ဤသည်မှာ သူမ၏ အလှကြောင့် မဟုတ်ဘဲ တုန္နိုင်းမဲ့ မွှေးပျံ့သော သူမ၏ ရနံ့ကြောင့်မှန်းကိုတော့ မည်သူမျှ သိမှာ မဟုတ်ချေ။ ထိုအချက်ကို သိသူမှာ ကမ္ဘာပေါ်တွင် ဂန်နီ တစ်ဦးတည်းသာလျှင် ရှိလေသည်။

ထိုရနံ့ကို သူ လိုချင်သည်။ သို့သော် ဆံပင်နီမလေး၏ ရနံ့တုန်းကလို အလဟဿ အဖြစ်မခံနိုင်။ ယခင်က ထိုရနံ့ကို သူ့ကိုယ်ထဲသို့ စုပ်ယူထားလိုက်မိသဖြင့် အသုံးချခွင့်မရခဲ့။ ဤမိန်းကလေး၏ ရနံ့ကို သူ့ရနံ့အဖြစ် ပြောင်းလဲချင်သည်။ ထိုရနံ့သာ အသားလွှာတစ်ခုဖြစ်လျှင် သူမဆီက ခွာယူကာ သူ့ကိုယ်မှာ စွပ်ချလိုက်ချင်သည်။ သို့သော် မည်သို့ လုပ်ရမှန်း သူမသိချေ။ ထိုပညာကို သင်ယူဖို့ သူ့မှာ အချိန်နှစ်နှစ်သာ ရသည်။ သည့်ထက်ကြာလျှင် ထိုရနံ့က ပျောက်ကွယ်သွားလိမ့်မည်။

ဂန်နီသည် ဘယ်သူမှ မမြင်ရ၊ မကြားရအောင် ကုန်း၍ ညင်သာစွာ လျှောက်သွားသည်။ ထိုရနံ့ ပျောက်သွား၍ ဆယ့်ငါးမိနစ်လောက်ကြာတော့

သူ့စိတ်က ပြန်၍ တည်ငြိမ်လာသည်။ မြို့ကို တစ်ကွေ့တစ်ပတ် သွား၍ နေဝင်ချိန်ကျမှ မြို့အနောက်ဂိတ်တံခါးရှိ ဒီလာလုပ်လမ်းက ပြန်ဝင်သည်။ လမ်းပေါ်မှ ပျံ့လွင့်လာသော အနံ့များကြောင့် လုံခြုံစိတ်ချသွားသလို ခံစားရသည်။ ထိုဥယျာဉ်အနီးသို့ ထပ်မသွားတော့ဟု တွေးသည်။ သွားဖို့လည်း မလိုတော့။ ထိုရနံ့သည် သူ့ကို စိတ်လှုပ်ရှားစေသည်။ သူ အလုပ်လုပ်ရမည်။ အလုပ်ထဲမှာ စိတ်နှစ်၍ ပညာရအောင် သင်ရမည်။ သို့မှသာ သူ့အစွမ်းကို ကောင်းကောင်း အသုံးချ၍ ရလိမ့်မည်။ သူ့မှာ အချိန်နှစ်နှစ် ရှိသည်။

*****

အခန်း (၃၆)

ဒီလာလုပ်လမ်းနှင့် မနီးမဝေးတွင် ရေမွှေးပညာရှင်တစ်ယောက်၏ အလုပ်ရုံလေးတစ်ခုကို တွေ့သည်။ ဂန်နီွက ထိုရုံသို့ ဝင်၍ အလုပ်လျှောက်သည်။ ထိုရေမွှေးပညာရှင်မှာ မစ္စတာအောနားအာနူဖီ ဖြစ်၍ လွန်ခဲ့သော ဆောင်းရာသီက ကွယ်လွန်သွားသည်။ သူ့ဇနီး မဒမ်အာနူဖီမှာ ဆံပင်အနက်ရောင်နှင့် အသက်သုံးဆယ်ခန့် ရှိသည်။ သွက်လက်ချက်ချာသော မုဆိုးမ မဒမ်အာနူဖီက အလုပ်သမားတစ်ယောက်၏ အကူအညီနှင့် လုပ်ငန်းကို တစ်ဦးတည်းဆက်၍ လုပ်ကိုင်သည်။

မဒမ်အာနူဖီက ဂန်နီွအား သူမ၏ ဘဝဇာတ်စုံ အဖုံဖုံနှင့် ငွေရေးကြေးရေး အခြေအနေကို ရှည်လျားစွာ ရှင်းပြပြီးနောက် နောက်ထပ် အလုပ်သမားတစ်ယောက်ခ ထပ်၍ အကုန်မခံနိုင်တော့ပါဟု ဆိုသည်။ အမှန်မှာ ဆက်လက်လုပ်ကိုင်ရမည့် ကိစ္စများအတွက် လူတစ်ယောက် ထပ်လိုနေသည်။ သူမက နောက်ထပ် အလုပ်သမားအတွက် အိမ်မှာထားရန် နေရာမရှိပါဟု ဆိုသည်။ အမှန်မှာ အိမ်နှင့် ဆယ်မိနစ်စာမျှ မဝေးသော နေရာတွင် သူမပိုင်ဆိုင်သည့် တဲအိမ်လေး တစ်ခုရှိသည်။ ထိုတဲလေးမှာ ဖရန်စစ်ကမ်ဘုရားကျောင်းနောက်ရှိ သံလွင်ပင်တန်းထဲမှာ ဖြစ်ပြီး ထုခွဲရောင်းချရန် လိုလိုမည်မည် ချန်ထားခြင်း ဖြစ်သည်။

မဒမ်အာနူဖီသည် အတော်အတန် ကြွယ်ဝသော်လည်း ကပ်စီးကုပ်သော အလုပ်ရှင်မှန်း ဂန်နီွ ရိပ်မိသည်။ သူကလည်း ငွေလိုချင်၍ လာလုပ်ခြင်း မဟုတ်သောကြောင့် တစ်ပတ်လျှင် နှစ်ဖရန့်ပေးပါက ကျေနပ်ကြောင်း ပြောလိုက်သည်။ သို့နှင့် နှစ်ယောက်သား လျင်မြန်စွာ သဘောတူညီမှု ရသွားလေသည်။

မဒမ်အာနူဖီက သူမမှာ ရှိပြီးသား အလုပ်သမားဟု ပြောခဲ့သော ဒြူးယော့ဆိုသူကို လှမ်းခေါ်လိုက်သောအခါ ထောင်ထောင်မောင်းမောင်းနှင့် လူထွားကြီးတစ်ဦး ရောက်လာသည်။ ဂန်နီွသည် ထိုသူကို အနံ့ခံလိုက်သည်နှင့် မဒမ်အာနူဖီနှင့် တစ်ခုတင်တည်း အတူတူ အိပ်သူဖြစ်ကြောင်း သိသွားလေသည်။ မဒမ်အာနူဖီသည် ထိုသူနှင့် မတိုင်ပင်ဘဲ ဘာမှလုပ်ပုံမရချေ။ ဒြူးယော့က ဂန်နီွ့ရှေ့တွင် ခြေနှစ်ချောင်းကိုကား၍ မတ်တတ်ရပ် လက်ပိုက်ကာ စူးစမ်းသည့်ဟန်ဖြင့် သူ့မျက်လုံးတည့်တည့်ကို စိုက်ကြည့်သည်။ နောက်ဆုံးတွင် သဘောတူသည့်ပုံဖြင့် စပ်ဖြဲဖြဲ ပြုံး၍ ခေါင်းတစ်ချက် ညိတ်ပြပြီး

လက်ဆွဲနှုတ်ဆက်သည်။ အဆာပြေစားရန် မုန့်တချို့၊ စောင်တစ်ထည်နှင့် တဲအိမ်တံခါးသော့ကို ပေးသည်။ သိုးချေးခြောက်နှင့် ကောက်ရိုးစော် နံနေသော တဲအိမ်လေးတွင် ပြတင်းပေါက် လုံးဝမရှိ။ နောက်တစ်နေ့တွင် မဒမ်အာနူဗီအတွက် အလုပ် စရသည်။

ဂျုံကေးလ်ပန်းရာသီချိန် ဖြစ်သောကြောင့် မဒမ်အာနူဗီက မြို့အောက်ပိုင်း ချိုင့်ဝှမ်းရှိ သူမပိုင်မြေကွက်ထဲတွင် စိုက်ထားသော ဂျုံကေးလ်ပန်းများကို ခူးသည်။ တခြားသူများဆီကလည်း ဈေးဆစ်၍ ဝယ်သည်။ ဂန်နီဗီက မနက်အစောကြီးထ၍ အလုပ်ရုံထဲမှ ထိုပန်းပွင့်များကို ခြင်းတောင်း အပြည့်ထည့်ကာ သယ်ပေးရသည်။ ခြင်းတောင်းကြီးများက ကြီးမားလှသော်လည်း ပေါ့သည်။

ထိုအချိန်တွင် ဒြူးယော့က ဒယ်အိုးကြီး တစ်လုံးထဲသို့ ရေ၊ ဝက်ဆီနှင့် အမဲဆီ ထည့်၍ ညောင်စေးကျအောင် ကျိုကာ ဂန်နီဗီ သယ်ယူလာသော ပန်းပွင့်များကို ဂေါ်ပြားနှင့် ဒယ်အိုးကြီးထဲသို့ ကျုံးထည့်သည်။ ဂန်နီဗီက ယောက်မကြီးတစ်ချောင်းနှင့် ဖြည်းဖြည်းမှန်မှန် မွှေပေးရသည်။ ပန်းများသည် မျက်လုံးအပွင့်သားနှင့် သေနေသလိုမျိုး အိုးမျက်နှာပြင်တွင် ခဏလောက် ပေါလောပေါ်နေကြပြီး အရောင်များ ကျွတ်သွားသည်။ သူက ၎င်းတို့ကို အိုးအောက်ခြေရှိ ဆီပူထဲသို့ ယောက်မဖြင့် ထိုးထည့်ရသည်။ တွန့်လိမ်ရှုံ့တွသွားသော ပန်းပွင့်များဆီက နောက်ဆုံးထွက်သက်အဖြစ် ရနံ့တစ်ခု ဝေ့တက်လာသည်။ ဂန်နီဗီက ထိုအခြင်းအရာကို ကြည့်ကာ တွေဝေမိန်းမောသွားသည်။ အိုးထဲသို့ ပန်းများ ပို၍ထည့်လေ၊ ဆီနံ့က ပို၍မွှေးအီလာလေ ဖြစ်သည်။ သေဆုံးသွားသော ပန်းများက ဆီထဲမှာ မွှေးရနံ့ထွက်နေခြင်း မဟုတ်၊ ဆီကသာ ပန်းရနံ့မွှေးလာခြင်း ဖြစ်သည်။ အိုးထဲမှ ပန်းဆီရည်များ ပျစ်လာသောအခါ ဆန်ခါခွက်ကြီး တစ်ခုထဲ လောင်းထည့်၍ စစ်ချသည်။ ထို့နောက် ရေ၊ ဆီနှင့် ပန်းများ အသစ်ထပ် ထည့်၍ ကျိုရပြန်သည်။ တစ်နေကုန် မရပ်မနား ကျိုလိုက်၊ စစ်လိုက်နှင့် ညနေစောင်းတော့ ပန်းများအားလုံး အဆီရည်အဖြစ် ပြောင်းသွားသည်။ ကျန်ရစ်သော အဖတ်များကို အရည်တစ်စက်မျှ မကျန်အောင် ညှစ်ချရသည်။ နောက်ဆုံးတွင် အိုးထဲ၌ အရောင်အဆင်းကင်းမဲ့သော အဖတ်များ လုံးထွေးနေသည့် အဖြူညစ်ညစ် အဆီခဲကြီးသာ ကျန်ခဲ့သည်။

နောက်တစ်နေ့တွင်လည်း “အရည်ညှစ်ခြင်း”ဟုခေါ်သော ဤလုပ်ငန်းကိုပင် ဆက်လုပ်ရပြန်သည်။ မနက်မှ ညနေအထိ ရက်ပေါင်းအတန်ကြာအောင် လုပ်ရသဖြင့် အတော်ပင်ပန်းကြသည်။ ဂန်နီဗီခမျာ လက်များတောင့်၍ ခါးများ အောင့်လာသည်။ ဒြူးယော့ကတော့ လုပ်နေရင်းတန်းလန်းမှ အပြင်ခဏထွက်၍ တစ်ခွက်တစ်ဖလား သွားမော့တတ်သည်။ ဒြူးယော့သည် သူ့ထက် သုံးဆမျှ လူကောင်ကြီးသော်လည်း မွှေခြင်းအမှုကို တစ်ခါမျှ လာမကူချေ။ ဂန်နီဗီကလည်း ဘာမှ အထွန့်မတက်ဘဲ မနက်မှ ညအထိ မွှေ၍သာနေသည်။ သူ့အသွင်က

မွှေရသည်ကိုပင် အနည်းငယ်မျှ သတိပြုမိပုံမရဘဲ ပြုစားခံထားရသလို အိုးထဲကိုသာ မမှိတ်မသုန် ငေးကြည့် နေတတ်သည်။

နောက်ဆုံးတစ်ခေါက်တွင် ဒြူးယော့က ပန်းဆီများကို မြေကရားအိုးများထဲသို့ ဆန်ခါစစ်၍ လောင်းထည့်လိုက်သည်။ ထိုအခါ အဆီရည်များ ခဲသွားကာ မွှေးပျံ့သော အဆီခဲများ ရရှိလာလေသည်။ မဒမ်အာနူဗီက ထိုပစ္စည်းများကို လာစစ်ဆေးပြီး တံဆိပ်ကပ်၍ အရည်အသွေးနှင့် အရေအတွက်ကို စာအုပ်ထဲတွင် ရေးမှတ်သည်။ သူမက မြေကရားများကို အဖုံးလုံအောင်ပိတ်၍ မြေတိုက်ခန်းထဲ ထည့်ကာ အအေးခံသည်။ ထို့နောက် မုဆိုးမသင်္ကေတအဖြစ် အနက်ရောင်ဝတ်စုံကို ဝတ်၍ ဇာပဝါလွှမ်းခြုံကာ မြို့ထဲရှိ လက်ကားဆိုင်များနှင့် ရေမွှေးကုန်သည်များဆီ လှည့်လည်ရောင်းချသည်။ သူမက ထိုလူကြီးလူကောင်းများအား မိန်းမသား တစ်ယောက်တည်း ရပ်တည်ရသည့် အခြေအနေကို သနားလောက်အောင် တဖွဲ့တနွဲ့ ပြောဆို၍ ဝယ်သူ့ဘက်မှ ဈေးကို အရင်စနည်းနာသည်။ သူမ၏ဈေးနှင့် ယှဉ်ကာ နည်းလွန်းကြောင်း သက်ပြင်းချ၍ ပြောသည်။ နောက်ဆုံးမှ မဖြစ်မနေ ရောင်းရသည့်ပုံစံဖြင့် ရောင်းသည်။ မရောင်းချင်လည်း မရောင်းချေ။

ရေမွှေးအဆီခဲများမှာ အေးမြသော နေရာတွင် ထားသိုလျှင် အချိန်အကြာကြီး ခံသည့်အတွက် လာမည့် ဆောင်းရာသီ သို့မဟုတ် နွေဦးအထိပေါက်ဈေးကို ဆွဲချင်ဆွဲထားတတ်သည်။ ထိုသို့ ခေါင်းရှုက်ဖျပ်ထိုး လိုက်ရောင်းမည့်အစား ဂျီနိုအာမြို့သို့ သင်္ဘောတစ်စီးဖြင့် တင်ဆောင်ကာ အသေးစားထုတ်လုပ်သူများဆီ သွားရောင်းလို့လည်း ရသည်။ မဟုတ်လျှင်လည်း ဘူရကဲမြို့မှ ဆောင်းဦးပေါက် အရောင်းပွဲတော်သို့ အစောင့်တစ်ယောက်ယောက်နှင့် ပို့လိုက်လို့ ရသည်။ ယင်းမှာ စွန့်စားလွန်းရာ ကျသော်လည်း အောင်မြင်သွားလျှင် အကြီးအကျယ် မြတ်နိုင်သည်။

မဒမ်အာနူဗီသည် ထိုအချက်များကို သိနေသဖြင့် သူမ၏ ကုန်များကို တစ်ခါတလေ ခွဲတမ်းဖြင့်သာ ရောင်းချတတ်သလို စာချုပ်စာတမ်းဖြင့်လည်း လက်မှတ်ထိုးခိုင်းတတ်သည်။ သူမက ကုန်ပစ္စည်း သုံးပုံတစ်ပုံကို လက်ထဲမှာ ကိုင်ထားတတ်သည်။ အကယ်၍ အဆီခဲ ဈေးကွက်အခြေအနေ မဟန်မုန်း သိလျှင် အိမ်သို့ အမြန်ပြန်ကာ ဒြူးယော့အား ပစ္စည်းများကို ပုံသဏ္ဌာန်ပြောင်းခိုင်းသည်။

ထိုအခါ ဒြူးယော့က မြေတိုက်ထဲမှ အဆီခဲအိုးများကို ဂရုတစိုက် အပူပေး၍ အရည်ဖျော်ပြီး အရက်ပျံနှင့် ရောသည်။ ဂန်နို့အကူအညီဖြင့် သမအောင် မွှေပြီးနောက် မြေတိုက်ခန်းထဲ ပြန်ထည့်၍ အအေးခံသည်။ အဆီရည်များသည် အရက်ဆီနှင့် ခွာတ်ပြုကာ ပျစ်လာပြီး ရေမွှေးတစ်မျိုး ရသည်။ ထိုအခါ အဆီခဲ၏ အနံ့ပျောက်သွားပြီး စူးရှပြင်းထန်သော မွှေးရနံ့အဖြစ် ပြောင်းလဲသွားသည်။

ထိုရေမွှေးရည်ကို အရည်တစ်စက်မျှ မကျန်အောင် ပိတ်ပါးတစ်စဖြင့် စစ်ထုတ်ပြီး ပေါင်းခံကိရိယာငယ်ထဲ ဖြည့်၍ မီးအရှိန်အနည်းဆုံးဖြင့် ပေါင်းခံရသည်။ ပေါင်းခံ၍ ရလာသော အဆီရည်တို့ကား ဘာဒီနီတို့ အသုံးပြုသော သန့်စင်သည့် ပန်းအဆီ ဖြစ်လေသည်။ အနံ့ကို အကြိမ်တစ်ရာလောက် စစ်ထုတ်ရသဖြင့် ထိုအဆီသည် မွှေးအီခြင်း မရှိတော့ဘဲ မခံမရပ်နိုင်အောင် စူးရှပြင်းထန်သည်။ ထိုအဆီတစ်စက်ကို အရက်ဆီ တစ်ကွတ်နှင့် ရောစပ်လိုက်လျှင် ပန်းခင်းကြီး တစ်ခင်းစာလောက် မွှေးပျံ့လေသည်။

ပန်းပွင့်ပေါင်း ထောင်သောင်းမက အကုန်ခံ၍ ထုတ်ယူရရှိသော ပမာဏမှာ အလွန့်အလွန် နည်းသဖြင့် ဖန်ပုလင်းငယ် သုံးလုံးစာမျှသာ ရလေသည်။ သို့သော် ထိုဖန်ပုလင်း သုံးလုံးသည် ဂရက်ဆေးမြို့မှာပင် အဆမတန် တန်ဖိုးရှိသည်။ ပါရီ၊ လိုင်ယွန်၊ ဂရမ်နိုဘဲလ်၊ ဂျီနိုအာ၊ မာဆယ်လီမြို့များမှာဆိုလျှင် ဆိုဖွယ်ရာပင် မရှိ။

ထိုပုလင်းသုံးလုံးကို ကြည့်နေသော မဒမ်အာနူဖီ၏ မျက်လုံးများက စူးရှတောက်ပြောင်နေသည်။ သူမက အဖုံးပိတ်ရုံမျှဖြင့် အားမရသဖြင့် အငွေ့မပျံ့ရအောင် ဖယောင်းအုပ်၍ ပုလင်းလည်တိုင်ကို ငါးစီဖောင်းနှင့် တင်းကျပ်စွာ ချည်နှောင်သည်။ ထို့နောက် ဂွမ်းလိပ်များခံထားသော သေတ္တာလေးတစ်လုံးထဲ ထည့်၍ သော့ခတ်ထားလိုက်လေသည်။

*****

အခန်း (၃၇)

ဧပရယ်လတွင် ဘရမ်းနှင့် လိမ္မော်ပွင့်များကို အရည်ညှစ်သည်။ နှင်းဆီပွင့်များကို အရည်ညှစ်သော မေလတွင်မူ တစ်မြို့လုံး နှင်းဆီနံ့ ဖုံးနေသည်မှာ တစ်လလုံးလုံး ကြာမြင့်သည်။

ဂန်နီသည် အစေခံတစ်ယောက်လို ကျိုးနွံ၍ မြင်းတစ်ကောင်လို အလုပ်လုပ်သည်။ ဒြူးယော့ခိုင်းသမျှ ဘာမဆို မညည်းမညူ လုပ်ကိုင်ပေးသည်။ သူသည် ဆီအိုးကို အပူပေးသည်မှအစ ဖန်ပုလင်းငယ်ထဲသို့ ရေမွှေးရည် လောင်းထည့်သည်အထိ ဒြူးယော့ လုပ်သမျှကို လေ့လာသည်။ ရနံ့ပြောင်းလဲပုံ အဆင့်ဆင့်ကိုလည်း နှာခေါင်းမှတစ်ဆင့် သိလာသည်။ မီးအရှိန်ကို ဒြူးယော့ သတိမထားမိခင် အပူလွန်ကဲသော ဆီနံ့ကို သူက အလျင်သိသည်။ ပေါင်းခံကိရိယာထဲက ရနံ့ ဘယ်အချိန်မှာ ဘယ်လို ပြောင်းလဲသွားသည်ကိုပင် သူသိသည်။

ဆီအပူလွန်လာလျှင် သို့မဟုတ် ဆန်ခါစစ်ရမည့် အချိန်ရောက်တော့မည် ဆိုလျှင် သူ့ကိုယ်သူ ရေရွတ်သလိုလိုနှင့် စောင်းပါးရိပ်ခြည် သတိပေးတတ်သည်။ ဒြူးယော့သည် ဉာဏ်ကောင်းသူ မဟုတ်သော်လည်း တုံးအသူ မဟုတ်သဖြင့် ဂန်နီ၏ “မီးအရှိန်က အရမ်းပူနေသလိုပဲနော် စစ်ရတော့မယ် ထင်တယ်” စသည့် စကားများကို အရေးတယူ နားထောင်၍ သင့်၊ မသင့် ဆုံးဖြတ်သည်။ ထိုသို့ ပြောသည့်အခါတွင်လည်း ဂန်နီက သူသိ၊ သူတတ်ပုံစံ ဆရာကြီးလေသံဖြင့် မပြော၊ အထူးသဖြင့် မဒမ်အာနူဖီ ရှိနေလျှင် ဘာမှမပြောချေ။ ဒြူးယော့သည် ဤအလုပ်များကို သူ့ထက်အလျင် လုပ်လာသူဖြစ်၍ နွားရှေ့ထွန်ကျူးသလို ဖြစ်မှာစိုးသောကြောင့်ပင်။

တဖြည်းဖြည်းနှင့် ဂန်နီသည် ဆီအိုးမွှေခြင်းသာ မဟုတ်တော့ဘဲ ဒြူးယော့ အရက်ဆိုင် သွားမော့နေစဉ် သို့မဟုတ် အိမ်ပေါ်ထပ်မှ မဒမ်အာနူဖီဆီ သွားနေစဉ် ပန်းများအား ဂေါ်ပြားနှင့် ကျုံးထည့်ခြင်း၊ အပူပေးခြင်း၊ ဆန်ခါစစ်ခြင်းတို့ကိုပါ လုပ်လာရသည်။ ဒြူးယော့သည် သူ့အလုပ်ကို ဂန်နီနှင့် လွှဲထား၍ရကြောင်း သိသည်။ ဂန်နီကတော့ နှစ်ဆ ပိုလုပ်ရသည်ကိုပင် ဂရုမစိုက်ဘဲ တစ်ယောက်တည်း ကျန်ရစ်ခဲ့လျှင် ပျော်နေတတ်သည်။ အကြောင်းမှာ သူစမ်းသပ်လိုသည့် နည်းလမ်းအသစ်များကို လွတ်လွတ်လပ်လပ် စမ်းကြည့်နိုင်သောကြောင့်တည်း။ သူ့ဘာသာ ပြုလုပ်ကြည့်သော အဆီခဲမှာ ဒြူးယော့နှင့်အတူတွဲ၍ ပြုလုပ်သော အဆီခဲထက်ပို၍ မွှေးပျံ့ကြောင်း သိလာသဖြင့် ဝမ်းသာသွားသည်။

ဇူလိုင်လကုန်၍ ဩဂုတ်လသို့ ရောက်သောအခါ စံပယ်ပန်းနှင့် ကျူးဘားရိစ့်ပန်းရာသီချိန် စလာသည်။ ထိုပန်းနှစ်မျိုး၏ အမွှေးရည်မှာ လွန်စွာ နူးညံ့မွှေးပျံ့လှသည်။ အပွင့်များကို နေမထွက်ခင် ခူးရသလို အနူးညံ့၊ အညင်သာဆုံးနည်းဖြင့် ကိုင်တွယ်ရသည်။ ပူနွေးခြင်းသည် ၎င်းတို့၏ရနံ့ကို လျော့ပါးစေသဖြင့် ရေပွက်ပွက်ဆူနေမှသာ ချက်ချင်းထည့်ရသည်။ မဟုတ်လျှင် အဆီထုတ်မရဘဲ သဲထဲရေသွန်သလို ကြိုးစားထားသမျှ အဖတ် မတင်တော့ချေ။

ဂုဏ်ရှိန်ကြီးမြတ်လှသော ထိုပန်းပွင့်တို့၏ ဝိညာဉ်ကို နုတ်ရာတွင်လည်း သုံးနေကျ ရိုးရိုးသာမန် နည်းလမ်းကို သုံး၍မရဘဲ ဖြည်းဖြည်းချင်း စနစ်တကျ ခွဲထုတ်ရသည်။ အထူးစီမံထားသော အခန်းတစ်ခုထဲတွင် အပွင့်များကို ဖန်ပန်းကန်ပြားများထဲ ဖြန့်၍ထည့်ကာ အေးမြသောအဆီနှင့် ရော၍လည်းကောင်း၊ ဆီစိမ်ထားသော အဝတ်စဖြင့် ထုပ်၍လည်းကောင်း ထားရသည်။ ထိုအခါမှသာ ပန်းပွင့်လေးများသည် အိပ်ပျော်နေလျက် အသက်ထွက်သွားသလို ဖြည်းဖြည်းချင်း သေဆုံးသွားကြသည်။ ထိုအပွင့်များ တွန့်လိမ်ရှုံ့တွ၍ ရနံ့များ ဆီထဲပျော်ဝင်ဖို့ သုံးလေးရက် ကြာသည်။ ရနံ့ထုတ်ထားသော ပွင့်ဖတ်များကို ဂရုတစိုက် ဖယ်ရှားပြီးနောက် အပွင့်သစ်များ ထပ်၍ထည့်သည်။ ထိုလုပ်ငန်းစဉ်ကို ဆယ်ကြိမ်၊ အကြိမ်နှစ်ဆယ်ခန့် သာသာလေး လုပ်ရသည်။

အဝတ်စများမှ ရနံ့ကို ညှစ်ယူ၍ မပြီးခင်မှာပင် စက်တင်ဘာလ ရောက်လာသည်။ "အအေးခံ၍ အဆီထုတ်ခြင်း" ဟုခေါ်သော ထိုနည်းသည် "အရည်ညှစ်ခြင်း" ထက်ပို၍ လက်ဝင်သော်လည်း ရရှိလာသော သန့်စင်မှု အရည်အသွေးကတော့ အံ့မခန်း ကောင်းမွန်လှသည်။ အထူးသဖြင့် စံပယ်ဆီ ထုတ်သောအခါ ပို၍ သိသာသည်။

အဆီရည်မျက်နှာပြင်သည် မှန်သားလို ကြည်လင်ကာ ရမ္မက်စိတ်ကို နှိုးဆွနိုင်သည့် စေးကပ်ချိုအီသော ရနံ့မျိုး သင်းနေသည်။ ဂရန်နွီ၏နှာခေါင်းမှာ ပန်းပွင့်၏ မူလရနံ့နှင့် မူလအခြေအနေအတိုင်း မပျက်မယွင်း ရရှိလာသော ပန်းဆီနံ့၏ ကွဲပြားမှုကို သိသိသာသာ ခွဲခြားမှတ်မိသွားသည်။ ပန်းဆီရနံ့သည် မူလရနံ့ကို နူးညံ့သော ပဝါပါးပါးလေး လွှမ်းခြုံထားသည်နှင့် တူသည်။ မည်သို့ပင်ဆိုစေ၊ အအေးခံ၍ အဆီထုတ်ခြင်းမှာ နူးညံ့သော ရနံ့များကို မူလအတိုင်း ဖမ်းဆုပ်ထိန်းချုပ်ထားနိုင်သည့် အထိရောက်ဆုံး နည်းလမ်းပင် ဖြစ်သည်။ သည့်ထက် ပိုကောင်းသောနည်း မရှိ။ ဂရန်နွီ့အနေဖြင့် ထိုမျှနှင့် မကျေနပ်သေးဘူး ဆိုလျှင်တောင် တစ်ကမ္ဘာလုံးရှိ နှာခေါင်းများကို ဤနည်းလမ်းဖြင့် လှည့်ဖြားနိုင်မှန်း ကောင်းကောင်းကြီး သိလေသည်။

ဂရန်နွီသည် အရည်ညှစ်ခြင်းလုပ်ငန်းစဉ်တွင် သူ့ဆရာ ဒြူးယော့ထက် သာလွန်အောင် ပြုလုပ်နိုင်သွားသလို အအေးခံ၍ ရေမွှေးထုတ်ခြင်းကိုလည်း

အောင်မြင်စွာ တတ်မြောက်သွားသည်။ ဒြူးယော့ကလည်း သူ့ကို စိတ်ချလက်ချ လွှတ်ထားသည်။ သူက ဂန်နီ့အား သားသတ်ရုံသို့လွှတ်ကာ သင့်လျော်မည့် အဆီကို ဝယ်ခိုင်းသည်။ ထိုတာဝန်မှာ အတော်ခက်ခဲ၍ ဒြူးယော့ပင် တစ်ခါတလေ မှားတတ်သည်။ ဝယ်ယူရမည့် ဝက်၊ သိုး၊ အမဲတို့၏ အဆီနံ့ ပြင်းထန်လွန်းလျှင် အဆီခဲထုတ်ရာ၌ ပြဿနာတက် တက်သည်။ သို့သော် ဂန်နီက အလွယ်တကူပင် ခွဲခြား၍ ဝယ်ယူနိုင်ခဲ့သည်။ အထူးခန်းထဲက အဆီပန်းကန်ပြားများကိုလည်း အလှည့်ကျ စီစဉ်ခိုင်းသည်။

တဖြည်းဖြည်း ဒြူးယော့သည် ဂန်နီ့ကို ဘာဒီနီ့လိုပင် အစစအရာရာ မျက်နှာလွှဲသွားသည်။ တစ်ခါတစ်ရံ ဒြူးယောစိတ်ထဲတွင် ဂန်နီသည် သူ့ထက် အဆတစ်ရာလောက် တော်သည်ဟု တွေးတတ်သလို ဂန်နီအား ကိုယ်ပိုင်အရည်အချင်းဖြင့် ငွေရှာနိုင်မှန်း မသိသော ငတုံးတစ်ကောင်ဟု ထင်မှတ်နေသည်။ ဂန်နီက သူလုပ်သမျှမှာ ဒြူးယော့ခိုင်းသောကြောင့်သာ ဖြစ်ထွန်းလာသလိုမျိုး အယုံသွင်းထားသဖြင့် နှစ်ယောက်သား ဟန်ကျနေသည်။

ထို့နောက် ဆောင်းရာသီ ရောက်လာသဖြင့် အလုပ်ရုံလေး အနားရသွားသည်။ ပန်းရနံ့များမှာ ပုလင်းငယ်များ၊ စည်ပိုင်းများနှင့် မြေတိုက်ထဲ ရောက်နေသည်။ မဒမ်အာနူဖီသာ အဆီခဲ မလိုချင်လျှင် ဘာမျှထပ်လုပ်စရာ မလိုတော့ချေ။ သံလွင်သီးများကိုတော့ အပတ်တိုင်း ခြင်းတောင်းအပြည့် ခူးကာ သံလွင်ဆီဦးရေ ကြိတ်ထားသည်။ ဝိုင်အချို့ကိုတော့ ဂန်နီက ရေမွှေးထဲ ထည့်စပ်ရန် ပေါင်းခံထားသည်။

ဒြူးယော့သည် အားအားရှိ မဒမ်အာနူဖီ၏ အိပ်ရာထဲသာ ရောက်နေတတ်ပြီး ပေါ်လာလျှင်လည်း ချွေးတလုံးလုံးနှင့် ဖြစ်နေတတ်သည်။ မဒမ်အာနူဖီလည်း အိမ်အောက်သို့ပင် ခဏခဏ ဆင်းမလာတော့ချေ။ နေ့ဘက်ဆိုလျှင် ဂန်နီကို နေ့လည်စာ စွပ်ပြုတ်တစ်ခွက်နှင့် ညနေစာ ပေါင်မုန့်နှင့် သံလွင်သီး လာချပေးတတ်သော အစေခံမှလွဲ၍ ဘယ်သူမှ မရှိသည့်နယ်။ ဂန်နီကလည်း အပြင်သို့ မထွက်သလောက်ပင်။ ထွက်စရာလည်း ဘာအကြောင်းမျှ မရှိ၊ အပေါင်းအသင်းလည်း မရှိ။ လူတွေက သူ့ကို တစ်ယောက်တည်း ပစ်ပယ်ထားသည်နှင့် တူသည်။ သူလိုချင်သည်မှာလည်း ဤအခြေအနေမျိုးပင် ဖြစ်သည်။

*****

အခန်း (၃၈)

ဂန်နီက အလုပ်ရုံထဲမှာပဲ အချိန်ဖြုန်းသည်။ သူက ဒြူးယော့ကို ကလုမ်းရေမွှေးသစ် ဖန်တီးရန် ဖော်မြူလာတစ်ခု တီထွင်ဖို့ ကြိုးစားနေကြောင်း၊ သို့သော် လက်တွေ့တွင် ရနံ့အမျိုးမျိုးကိုသာ စမ်းသပ်ကြည့်နေရကြောင်း ပြောပြသည်။ အမှန်မှာ မွန်တီပယ်လာမြို့က ယူလာသော ရေမွှေးကို ခြိုးခြံ၍ သုံးသော်လည်း ကုန်ခါနီးနေပြီဖြစ်၍ အသစ်တစ်ခု ဖန်တီးနေသောကြောင့် ဖြစ်သည်။ ဤတစ်ကြိမ်တွင် သူသည် အနံ့တစ်မျိုးတည်း မသုံးချင်တော့ဘဲ လူနံ့အမျိုးမျိုးကို ပြောင်းလဲ၍ သုံးစွဲချင်သည်။

ပထမဆုံး သူ့ကို သတိမထားစေသော ရေမွှေးတစ်ခု ဖန်တီးသည်။ တစ်နေကုန် အလုပ်လုပ်ထားရ၍ ချွေးစော်၊ ချဉ်စော်ထွက်နေသဖြင့် ဘယ်သူမှ အနားမကပ်ချင်သည့် အနံ့မျိုး။ သူသည် ထိုရနံ့ကို ဆွတ်၍ လူကြားထဲ လျှောက်သွားသောအခါ အနီးအပါးက လူများက နှာခေါင်းရှုံ့၍ ရှဲသွားကြသည်။ ထိုအနံ့ကို ဆွတ်ထားခြင်းဖြင့် လူတောထဲမှာ ရှိနေသော်လည်း သူ့ကို ဘယ်သူမှ အဖက်မလုပ်ကြပေ။ သို့သော် ထိုအနံ့က အခြေအနေတိုင်းမှာ အဆင်မပြေလှချေ။ ဒြူးယော့က သူ့ကို ကုန်သည်တစ်ယောက်ယောက်ဆီ လွှတ်၍ ကြောင်ကတိုးနံ့သာ သို့မဟုတ် ဒရယ်သို အနည်းငယ် သွားဝယ်ခိုင်းသည့်အခါ လူတွေက မသိချင်ယောင်ဆောင်နေတတ်ကြသည်။ သို့နှင့် အလျှင်လိုနေသည့် အနံ့မျိုး ထပ်မံဖန်တီးရသည်။

နောက်ရေမွှေးတစ်ခုက သက်လတ်ပိုင်းအရွယ် မိန်းမတစ်ယောက်၏ အနံ့ဖြစ်သည်။ နို့ရည်ကြည်နှင့် နူးညံ့သော သစ်သားနံ့တို့ ပေါင်းစပ်ထားသည့် အနံ့မျိုး။ ထိုအနံ့ကို ဆွတ်ထားသည့်အခါ မုတ်ဆိတ်မွေး ထူလပျစ်နှင့် ဂန်နီ မျက်မှောင်ကုပ်ထားလျှင်ပင် သူ့အနံ့ကို ရှူမိသူတွေက အကူအညီမဲ့ နေရှာသည့် သနားစရာလူရွယ်လေးဟု ထင်ကြသည်။ တစ်ကြိမ်တွင် ဈေးထဲက မိန်းမတစ်ယောက်က သူ့ကို ဆာနေရှာသည် အထင်ဖြင့် အခွံမာသီးနှင့် သစ်တော်သီးများ အိတ်ကပ်ထဲ အတင်းထည့်ပေးသည်။ အသားသည်၏ မိန်းမက သူ့အနံ့ကြောင့် မိခင်စိတ်ဝင်လာပြီး ခုတ်ထစ်ထားသည့် အသားနှင့် အရိုးပိုင်းလက်ကျန်များကို ကောက်ယူသွားခိုင်းသည်။ သူက ထိုအပိုင်းများယူကာ အရက်ဆီနှင့် ဖျော်၍ အနံ့တစ်ခု ထပ်ဖန်တီးလိုက်သည်။

ထိုအနံ့မှာ သူ့အနားမှ ထွက်ခွာစေသော အနံ့ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ဒြူးယော့ကို သူ့အနားမှာ မရှိစေချင်လျှင် ထိုအနံ့ကို

ဆွတ်ထားတတ်သည်။ ထိုအခါ ဒြူးယော့သည် အကြောင်းပြချက် ရေရေရာရာမရှိဘဲ တစ်ယောက်ယောက်က မောင်းထုတ်လိုက်သလိုမျိုး သူ့အနားမှ ဝေးရာသို့ ထွက်သွားလေသည်။ ထိုအနံ့ကို သူ့တဲထဲမှာ ဖျန်းထားလိုက်သောအခါ ဘယ်လူသား၊ ဘယ်တိရစ္ဆာန်မှ သူ့ဆီ မလာတော့ဘဲ ရှောင်ကွင်း၍သာ သွား ကြလေသည်။

သူသည် အနံ့အမျိုးမျိုးကို အကျႌဝတ်သလို အခြေအနေအလိုက် ထည့်လဲဆွတ်သည်။ ထို့ကြောင့် သူ၏ ပင်ကိုစရိုက်မှန်ကို ဘယ်သူမှ မသိကြတော့ချေ။ ထိုအခါမှ စမ်းသပ်ချင်ရာကို စိတ်ကြိုက်စမ်းသပ်သည်။ ဘာဒီနီဆီမှာ ရပ်ထားခဲ့ရသော စိတ်ကူးများကို ပြန်စသည်။ ကျောက်ခဲ၊ သံမဏိ၊ ဖန်၊ သစ်သား၊ ဆား၊ ရေ၊ လေ စသည်တို့၏ အနံ့ကို ထုတ်ယူရန် နည်းမှန် လမ်းမှန်နှင့် စနစ်တကျ ဆောင်ရွက်တတ်ဖို့သာ လိုသည်ဟု သူက ထင်သည်။

ဂန်နွီသည် ကြေးတံခါးလက်ကိုင်ဘု တစ်ခုကို ယူသည်။ ၎င်း၏ အေးမြသော အောက်သိုးသိုးအနံ့ကို သူသဘောကျသည်။ သူက လက်ကိုင်ဘုကို အမဲဆီ လိမ်းကျံ၍ ရက်အတန်ကြာအောင် ထုပ်ထားလိုက်သည်။ အချိန်ကျသောအခါ အမဲဆီတို့ကို ခွာ၍ ရှူကြည့်ရာ တံခါးလက်ကိုင်ဘု အနံ့ကို သေသေချာချာ ရသော်လည်း အလွန်တရာ ဖျော့တော့လှကြောင်း တွေ့ရသည်။ အရက်ဆီနှင့် ရောစပ်သည့်တိုင် အနံ့ကျန်နေသေးသော်လည်း ၎င်းကို ဂန်နွီ့နှာခေါင်းဖြင့်သာ ခံလို့ရပေမည်။ အကယ်၍ တံခါးလက်ကိုင်ဘုပေါင်း တစ်သောင်းလောက်ကို အမဲဆီလိမ်း၍ အကြာကြီး ထားလိုက်လျှင်တော့ ကြေးတံခါးလက်ကိုင်ဘုနံ့ အဆီရည် တစ်စက်လောက် ထုတ်ယူ၍ ရပေလိမ့်မည်။

သူ့တဲအိမ်မရောက်ခင် သံလွင်ပင်တန်းထဲက ကျောက်ခဲတစ်လုံး၏ အနံ့ကိုလည်း ထိုနည်းအတိုင်းပင် ထုတ်ယူရရှိသည်။ ကျောက်ခဲအဆီနံ့မှာ သာမန်လူ အနံ့ခံ၍ မရနိုင်အောင် ဖျော့တော့လှသော်လည်း ထိုအနံ့ကိုရအောင် ဖန်တီးနိုင်သဖြင့် ဖော်မပြနိုင်အောင် ဝမ်းသာမိသည်။ တဲအိမ်နားက အရာဝတ္ထုအမျိုးမျိုးက အနံ့များကို တစ်ခုချင်းစီ အဆီထုတ်ယူကာ ပေါင်းစပ်လိုက်သောအခါ ဖရန်စစ်ကန်ဘုရားကျောင်းနောက်က သံလွင်ပင်တန်း၏ ရနံ့မျိုး ရလာသည်။ ထိုရနံ့ကို လိုချင်သည့်အချိန် ထုတ်ရှူလို့ရအောင် ဖန်ပုလင်းငယ် တစ်လုံးဖြင့် သွားလေရာ သယ်သွားသည်။

ထိုရက်ပိုင်းတွင် သူလိုရာကို ဖန်တီးနိုင်သဖြင့် ဂန်နွီတစ်ယောက် မိုးမမြင်လေမမြင် ပျော်ရွှင်နေမိသည်။ ထို့နောက် သက်ရှိသတ္တဝါများ၏ အနံ့ကိုပါ ဖန်တီးရန် ကြိုးစားလာလေသည်။ သူသည် ယင်ကောင်၊ လောက်၊ ကြွက်နှင့် ကြောင်ပေါက်စလေးများကို ဆီနွေးနွေးထဲ နှစ်၍ ကျိုသည်။ ညအခါ၌ တင်းကုပ်များထဲ တွား၍ဝင်ကာ နွား၊ သိုး၊ ဆိတ်နှင့် ဝက်ပေါက်လေးများကို အမဲဆီသုတ်ထားသော အဝတ်ဖြင့် နာရီအနည်းငယ်ကြာ ပတ်သည်။ ထို့နောက်

အရက်ပျံဖြင့် ဆေးသည်။

ပထမတော့ ရလဒ်က စိတ်ကျေနပ်စရာ သိပ်မကောင်းချေ။ တံခါးလက်ကိုင်ဘု၊ ကျောက်ခဲတို့နှင့် မတူသည်မှာ တိရစ္ဆာန်များသည် ၎င်းတို့ကို အသာတကြည် အကိုင်မခံခြင်း ဖြစ်သည်။ ဝက်များမှာ အမဲဆီကို ခြံတိုင်နှင့် ပွတ်ကြသလို သိုးများကလည်း သူ့အနားကပ်လာသည်နှင့် အော်မြည်ကြသည်။ နွားများကလည်း ပတ်ထားသော အဝတ်ကို ခါချကြသည်။ နွားချေးပိုးများကို ဖမ်း၍ အဆီထုတ်ရန် ကြိုးစားစဉ် ၎င်းတို့က နံစော်သော အရည်များကို ပန်းထုတ်ကြသည်။ ကြွက်များမှာ ကြောက်လန့်တကြား ပြေးလွှားရင်း ချေးထွက်ကျသည်။ အင်းဆက်ပိုးမွှားများနှင့် အကောင်ငယ်များကို အရှင်လတ်လတ် အိုးထဲ ထည့်မွှေသည့်အခါ ၎င်းတို့မှာ ဇောချွေးပြန်၍ မသေမချင်း ကြောက်လန့်တကြား ထွက်ပြေးကြသဖြင့် ဆီများ ပစ်ရကုန်သည်။ ထို့ကြောင့် ငြိမ်သွားအောင် သတ်ပြီးမှ ထည့်ရမည်ဟု နားလည်လိုက်သည်။

ပထမဆုံး ခွေးပေါက်လေး တစ်ကောင်နှင့် စကြည့်သည်။ ဂရန်နွီက ထိုခွေးလေးကို သားသတ်ရုံနားက ခွေးမကြီးဆီမှ အလုပ်ရုံဆီသို့ လိုက်လာသည်အထိ အသားပိုင်းလေး တစ်ခုနှင့် မျှားခေါ်လာသည်။ ခွေးလေးက သူ့ဘယ်လက်ထဲမှ အသားပိုင်းလေးကို စိတ်လှုပ်ရှားစွာ ဝမ်းသာအားရ ဆတ်ခနဲ လှမ်းဆွဲလိုက်သောအခါ ညာလက်ထဲက သစ်သားချောင်းနှင့် ခပ်ပြင်းပြင်း တစ်ချက်တည်း ခေါင်းကိုရိုက်၍ သတ်လိုက်သည်။ ခွေးလေးမှာ ရုတ်တရက် ဘာဖြစ်သွားမှန်း သိလိုက်ပုံမရဘဲ ရွှင်ပျသော အသွင်ဖြင့် ပါးစပ်လေး ဟလျက် သေသွားသည်။

ဂရန်နွီက ခွေးသေလေးကို ကောက်ကာ အထူးခန်းထဲက အနံ့ခွဲ ထုတ်သည့် ဆီပန်းကန်ပြားနှစ်ချပ်ကြား ညှပ်ထည့်၍ စိမ်ထားလိုက်သည်။ တိရစ္ဆာန် အသေကောင်သည် ပန်းများကဲ့သို့ လျင်မြန်စွာ ပျက်စီးသွားသလား သေချာအောင် မတ်တတ်ရပ်၍ စောင့်ကြည့်သည်။ ဆယ့်နှစ်နာရီခန့်ကြာသောအခါ ပထမဆုံး ခွေးသေကောင်ပုပ်နံ့ ထွက်လာသည်ကို သူ သတိထားမိသည်။ သူက အဆီထုတ်ခြင်းကို ရပ်၍ အသေကောင်ကို ဖယ်ရှားလိုက်သည်။ ထိုဆီများကို သေချာဆေးထားသော အိုးတစ်လုံးထဲ ထည့်၍ အရက်ဆီနှင့် ပေါင်းခံသည်။ ရရှိလာသော အဆီရည်လေး အနည်းငယ်ကို ဖန်ပိုက်ပြွန်ဖြင့် စုပ်ယူထားလိုက်သည်။ စူးရှလတ်ဆတ်သည့် အနံ့နှင့် ထိုအဆီရည်သည် ခွေးအစစ်နံ့ ထွက်သည်။ သားသတ်ရုံနားရှိ ခွေးမကြီးကို ထိုအနံ့ပေးလိုက်သောအခါ ၎င်းမှာ ခုန်ပေါက်မြူးထူးလျက် ဖန်ပိုက်ပြွန်နားမှ မခွာတော့ချေ။ ဂရန်နွီက အဖုံးပြန်ပိတ်၍ အောင်ပွဲခံနိုင်သည့် အမှတ်တရအဖြစ် အိတ်ကပ်ထဲ ထည့်သိမ်းထားလိုက်သည်။ ဤသည်မှာ ဂရန်နွီ့အတွက် ပထမဆုံးအကြိမ် သက်ရှိသတ္တဝါတစ်ကောင်၏ အသက်ဝိညာဉ်နံ့ကို အောင်မြင်စွာ ခားပြတိုက်၍ ရယူလိုက်နိုင်ခြင်း ဖြစ်လေသည်။

ထို့နောက် တဖြည်းဖြည်း သတိကြီးစွာထား၍ လူသားနှင့် စမ်းသပ်ရန် ကြိုးစားသည်။ သူသည် လူသတိမထားမိစေသော ရေမွှေးနံ့ကို ဆွတ်ကာ ကွာတားဒေါ်ဖင်ပျော်ပွဲစားရုံသို့ သွားသည်။ ဆီစိမ်ထားသော အဝတ်ပိုင်းများကို ခုံတန်းရှည်၊ စားပွဲခုံနှင့် လူမမြင်ကွယ်ရာ ချောင်ကြိုချောင်ကြားများတွင် ခင်းထားလိုက်သည်။ ရက်အတန်ကြာသောအခါ သူက ပြန်လာသိမ်းသွားသည်။ ထိုအဝတ်များကို ညှစ်၍ အဆီထုတ်သောအခါ မီးဖိုချောင်နံ့၊ ဆေးလိပ်မီးခိုးနံ့၊ ဝိုင်နံ့နှင့် လူနံ့ အနည်းငယ်သာ ထွက်လာသည်။

ဒီဇင်ဘာ ၂၄ ရက်တွင် အဝတ်ပိုင်းများကို ဘုရားကျောင်းထဲက ခုံများမှာခင်း၍ ၂၆ ရက်တွင် ပြန်လာယူသည်။ ထိုအပေါ်မှာ ထိုင်ခဲ့သူက ခုနစ်ယောက်မျှပင် မရှိ။ ထိုအဝတ်စများကို အဆီထုတ်သောအခါ ခန္ဓာကိုယ်အောက်ပိုင်းမှ အနံ့များ၊ ချွေးစို့နေသော ဒူးခေါင်းနှင့် လက်သီးဆုပ်နံ့များ၊ အမွှေးတိုင်မှ အနံ့များ ထွက်လာသည်။

ထို့နောက် ဒီလာချာရိုက်ဆေးရုံကို သွားကာ အဆုတ်ရောဂါနှင့် နှစ်လလောက် ဆေးရုံတက်၍ သေဆုံးသွားသော အလုပ်သမားတစ်ယောက်၏ အိပ်ရာခင်းစကို ယူ၍ အဆီထုတ်ကြည့်သည်။ ထွက်လာသော အနံ့မှာ ထိုသူသေရာက ပြန်၍ ရှင်လာသကဲ့သို့ မခံမရပ်နိုင်အောင် ဆိုးဝါးလွန်းလှသည်။ အနံ့ရလဒ်အရ ထိုသူမှာ အသက်သုံးဆယ်ခန့်၊ နှာခေါင်းပွပွ၊ ခြေလက် တိုတိုတုတ်တုတ်၊ ခန္ဓာကိုယ် ပြားကပ်ကပ်ဖြစ်၍ ကလီစာများ ရောင်ရမ်းဖောင်းပွကာ ခံတွင်းနံ့ နံ့ကြောင်း သိရသည်။ ထိုသူ့အနံ့မှာ ခွေးနံ့ကဲ့သို့ သိမ်းထားချင်စရာ မရှိသော်လည်း ဂရန်နွီက ထိုအနံ့ကို တစ်ညလုံး တရှုံ့ရှုံ့ နမ်းကြည့်၍ ကျေနပ်နေလေသည်။ ဤကား သူ၏ နောက်ထပ် အောင်မြင်မှုတစ်ခုပင် ဖြစ်သည်။ နောက်တစ်နေ့တွင် ထိုအဆီရည်ကို သွန်ပစ်လိုက်သည်။

ပို၍ သေချာအောင် ထိုဆောင်းရက်များတွင် နောက်ထပ် စမ်းသပ်မှုတစ်ခုကို ထပ်ကြိုးစားကြည့်သည်။ သူသည် မြို့ထဲ၌ ခြေဦးတည့်ရာ လျှောက်သွားနေသော ဆွံ့အနားမကြား မိန်းမတစ်ယောက်ကို တွေ့သဖြင့် တစ်ဖရန့်ပေးကာ ဆီစိမ်ထားသော အဝတ်ကို ဝတ်ခိုင်းသည်။ သိုးဆီ၊ ဝက်ဆီ၊ အမဲဆီနှင့် သံလွင်ဆီသန့် အနည်းငယ်ကို နှစ်အချိုး၊ ငါးအချိုး၊ သုံး ဖော်မြူလာနှင့် ပေါင်းစပ်၍ သူမ၏အရေပြားပေါ် လိမ်းစေသည်။ အဆီထုတ်ကြည့်သောအခါ ရလဒ်မှာ သူထင်ထားသည့်အတိုင်း ကွက်တိထွက်လာလေသည်။

သူသည် ယောကျ်ား၊ မိန်းမ ဘယ်သက်ရှိလူသားကိုမဆို အဆီထုတ်၍ရသည့် နည်းလမ်းကို တွေ့သွားလေပြီ။ တကယ်တော့ သူ့အတွက် လူနံ့က အရေးမကြီး၊ ပုံမှန်လူနံ့များကို သူ့ဘာသာ တုပ၍ ဖန်တီးနိုင်သည်။ သူလိုချင်သည်က လူ့ခန္ဓာကိုယ်မှ ရှားရှားပါးပါး ထွက်ပေါ်တတ်သည့် အချစ်စိတ်ကို လှုံ့ဆော်သော

ရန့်သာ ဖြစ်လေသည်။ ထိုရန့်ပိုင်ရှင်များသာ သူ၏ သားကောင် ဖြစ်သည်။

*****

အခန်း (၃၉)

ဇန်နဝါရီလတွင် မဒမ်အာနူဖီက ဒြူးယော့ကို လက်ထပ်လိုက်သည်။ ဒြူးယော့သည် အလိုအလျောက် ရေမွှေးနှင့် လက်အိတ်ပညာရှင်ဟူသော ရာထူးတိုးသွားသည်။ ကုန်သည်များစွာနှင့် စားသောက်ပွဲကြီး ကျင်းပသည်။ မဒမ်အာနူဖီက မွေ့ရာအသစ်တစ်လုံး ဝယ်သည်။ အခုတော့ သူမသည် ဒြူးယော့နှင့် တရားဝင် အိပ်စက်ခွင့် ရသွားလေပြီ။ အရောင်စုံသော အဝတ် ဗီရိုအသစ်တစ်လုံး ဝယ်သည်။

သို့သော် ကျန်အရာအားလုံး ထူး၍ ပြောင်းလဲမသွားချေ။ သူမသည် "အာနူဖီ" ဟူသော နာမည်ဟောင်းကိုသာ ဆက်၍ ယူထားသလို ပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာများ၊ ငွေကြေးစီမံမှုနှင့် မြေတိုက်ခန်းကိုလည်း သူမကပဲ ထိန်းသိမ်းထားသည်။ ဒြူးယော့မှာ သူမအတွက် ညအိပ်ဖော်တစ်ယောက်ထက် မပိုချေ။ သူသည်လည်း လိုင်ကိစ္စနှင့် ဝိုင်ကိုသာ တစ်လှည့်စီ သုံးဆောင်နေသဖြင့် အလုပ်သမားဟူ၍ ဂရန်နွီ တစ်ဦးတည်းသာ ရှိတော့သည်။

ဂရန်နွီသည် ရှိသမျှ အလုပ်များကို သိမ်းကျုံးလုပ်ရသော်လည်း လစာကတော့ ယခင်အတိုင်း အနည်းငယ်သာ ဖြစ်သည်။ ထိုနှစ်စတွင် အဝါရောင် ကက်ရှားပန်း၊ ခရမ်းရောင်ဟိုင်ယားစင့်သ်ပန်းနှင့် နာဆစ်ဆက်ပန်းများ လှိုင်နေအောင် ပွင့်ကြသည်။

မတ်လ၏ တစ်ခုသော တနင်္ဂနွေနွေနေ့တွင် ဂရန်နွီက မြို့စွန်ရှိ အုတ်တံတိုင်းနောက်က ဥယျာဉ်ထဲ၌ ဘာများပြောင်းလဲနေမလဲဟု သိချင်စိတ်ဖြင့် ထွက်လာခဲ့သည်။ အခုတော့ သူ ဂရက်ဆေးမြို့ကို ရောက်ခဲ့သည်မှာ တစ်နှစ်ခန့် ရှိပြီဖြစ်၍ အဆင်သင့် ဖြစ်နေလေပြီ။

အုတ်တံတိုင်းသို့ မရောက်မီ လမ်းတစ်ဝက်မှာပင် သူ အနံ့ရသည်။ သူ့နှလုံးသည် ပြင်းစွာခုန်၍ ပျော်ရွှင်မှုကြောင့် စီးနေသော သွေးထဲက ဖျဉ်းခနဲ ခံစားရသည်။ တုန်ိုင်းမဲ့ အလှပန်းကလေးက ထိုနေရာမှာပင် ရှိနေသေးသည်။ တစ်စတစ်စ ဖွံ့ဖြိုးလာသော ပန်းဖူးကလေးမှာ ပန်းဝတ်ရည်တို့ ပြည့်လျှံ၍ ပွင့်အာရန် အသင့်ဖြစ်နေသည်။ သူမ၏ ရနံ့သည် သူ မျှော်လင့်ထားသည့်အတိုင်း နူးညံ့မှုတို့ လျော့ပါးမသွားဘဲ ပို၍ အားကောင်းလာသည်။ ဆယ့်နှစ်လသာ ထပ်စောင့်ရတော့မည်။ နောက်တစ်နှစ်ဆိုလျှင် ပန်းရနံ့ကို ခူးဆွတ်၍ ရပြီ။

ဂရန်နွီက ဥယျာဉ်ရှိသောနေရာ အုတ်တံတိုင်းနံရံနောက်ကို

လျှောက်သွားသည်။ မိန်းကလေးသည် ဥယျာဉ်ထဲမှာ ရှိပုံမရ၊ အိမ်ထဲမှာသာ ရှိသည်။ သူမ၏ အခန်းထဲမှာ ဖြစ်သော်လည်း သူမ၏ ရနံ့က သူ့ဆီသို့ လေသယ်ဆောင်ရာအတိုင်း သင်းပျံ့စွာ လွင့်နေသည်။

ဂန်နီက ငြိမ်သက်စွာ မတ်တတ်ရပ်နေမိသည်။ ပထမတစ်ခေါက်တုန်းကလို မူးရီခြင်း မရှိတော့ဘဲ အဝေးမှ ပြန်လာသည့် ချစ်သူကို မြင်ရ၊ ကြားရသလို ကြည်နူးပျော်ရွှင်နေသည်။ သည်နှစ်ထဲမှာ သူမ၏ရနံ့ကို ရအောင်ယူမည်ဟု ကျိန်ဆိုမိသည်။ ဂန်နီသည် အထီးကျန် သန်းလေးကောင်ဖြစ်သလို အချစ်ကို တစ်ခါမျှ မခံစားဖူးသော သတ္တဝါတစ်ကောင် ဖြစ်သည်။ သို့သော် ထိုနေ့က အုတ်တံတိုင်းကိုမှီကာ အချစ်စိတ်နှင့် ကြည်နူးပျော်ရွှင်မိသည်ကတော့ အမှန်ပင် ဖြစ်သည်။

စင်စစ် သူသည် ဘယ်လူသားကိုမျှ မချစ်ခဲ့၊ စံအိမ်ထဲက မိန်းကလေးကိုလည်း မချစ်ပါ။ သူ ချစ်မြတ်နိုးသည်က မိန်းကလေး၏ရနံ့ကိုသာ ဖြစ်သည်။ ထိုရနံ့ကို တစ်နှစ်အတွင်း လာယူမည်ဟု သူ့ကိုယ်သူ ကျိန်ဆိုသည်။ ထို့နောက် ပေါ့ပါးသော ခြေလှမ်းအစုံနှင့် အိမ်ပြန်သွားလေသည်။

ထိုညက တဲလေးထဲမှာ ရနံ့ကို စိတ်စွဲ၍ အိပ်ပျော်သွားသည်။ သို့သော် မျက်လုံးမှိတ်၍ အိပ်ပျော်သွားသည်နှင့် ရုတ်တရက် သူ့နေရာ တစ်ခုလုံး အေးစက်ကာ စူးရှသော အောက်သိုးသိုး အနံ့များ ဝင်ရောက်လာသည်။ ဂန်နီသည် ကြောက်လန့်တကြား လန့်နိုးသွားကာ "ရနံ့ကို လက်ဝယ်ရပြီးမှ ပျောက်သွားလျှင် မည်သို့ လုပ်ရပါ့" ဟု တွေးလိုက်မိသည်။

လောကတွင် မည်သည့်အရာမှ တာရှည်မခံ။ ရနံ့ကို ထုတ်လိုက်လျှင် မူလအရင်းအမြစ် ပျောက်ကွယ်သွားလိမ့်မည်။ ထိုရနံ့သာ သူ့ဆီက ပျောက်ကွယ်သွားလျှင် ယခင်လို ဗလာပြန်ဖြစ်သွားမည်။ ထိုအဖြစ်သည် ပို၍ ဆိုးသည်။ ထိုအတွေးကြောင့် ဂန်နီ စိတ်မချမ်းမသာ ဖြစ်လာသည်။ သူ့အဖြစ်က မုန့်ဆီကြော် ဘယ်နေမှန်းမသိဘဲ နှုတ်ခမ်းနာနှင့် တည့်မတည့် တွေးပူနေသလို ဖြစ်သည်။ ရနံ့ကို မပိုင်ဆိုင်ရသေးခင်မှာပင် ပျောက်ရှသွားမည့် အဖြစ်ကို တွေး၍ စိတ်မချမ်းသာနိုင်ချေ။ ထိုရနံ့ကို သူ မည်မျှကြာအောင် ထိန်းသိမ်းထားနိုင်ပါ့မလဲ။ တစ်ပတ်လား၊ တစ်လလား။ နောင်ကျရင် ဘယ်လိုလုပ်ရပါ့မလဲ။

အတွေးထဲတွင် ရေမွှေးပုလင်းထဲမှ နောက်ဆုံး တစ်စက်ကို လှုပ်ခါကြည့်နေသော သူ့ကိုယ်သူ ပြန်မြင်သည်။ ဤမျှ မြတ်နိုးဖွယ်ရာ ရနံ့မျိုး မူလအတိုင်း လေထဲမှာ ထာဝရ ပျောက်သွားရမှာ နမျောစရာ ကောင်းလှသည်။ တွေးရင်း ကျောချမ်းသလို ဖြစ်လာသည်။ သူ့အကြံကို စွန့်လွှတ်လိုက် ရတော့မှာလား။ သူ ညအမှောင်ထဲ လမ်းထွက်လျှောက်၍ ပျောက်ကွယ်သွားချင်သည်။ နှင်းဖုံးသော

တောင်တန်းများပေါ် သွားနေချင်သည်။ သူ့ လိုဏ်ဂူလေးထဲမှာ အိပ်စက်ရင်း သေဆုံးသွားချင်သည်။ သို့သော် သူ ထိုသို့မလုပ်ခဲ့ချေ။ သူ့ဆန္ဒ မည်မျှ ကြီးမားပြင်းထန်သလဲဟုသာ တဲလေးထဲမှာ ထိုင်၍ စဉ်းစားသည်။ ဂူလေးထဲမှာပဲ ပုန်းကွယ်နေထိုင်သွားဖို့ သူ ဆုံးဖြတ်ခဲ့ဖူးသည်ပဲ။ ထိုခံစားချက်ကို သူ သိပြီးပြီ။ သို့သော် အုတ်တံတိုင်းနောက်က မိန်းကလေး၏ မွှေးရနံ့မျိုး ပိုင်ဆိုင်ရလျှင် ဘယ်လိုနေမလဲ သူ မသိ။ ထိုရနံ့ကို ပိုင်ဆိုင်ပြီးမှ ထပ်မံပျောက်ဆုံးခြင်းနှင့် ရင်ဆိုင်ရလျှင် ဘယ်လိုနေမလဲ ပို၍ပင် မသိ။ ပိုင်ဆိုင်ပြီးမှ ပျောက်ဆုံးခြင်းဟူသော ခံစားချက်မျိုးကို သူ တစ်ခါမျှ မခံစားခဲ့ရဖူးသေး။ သူ ဘာကိုရွေးချယ်ရမလဲ။ အနည်းဆုံးတော့ မကြုံဖူးသေးသော ခံစားချက်ကို တစ်စက်လောက်ပဲဖြစ်ဖြစ် ရင်ဆိုင်ကြည့်ချင်သည်။

ဂရန်နွီသည် ကောက်ရိုးမွေ့ရာပေါ် ပြန်လှဲကာ ဒုတိယဆန္ဒကို ရွေးချယ်လိုက်သည်။ ဘာပဲဖြစ်ဖြစ် အုတ်တံတိုင်းနောက်က မိန်းကလေး၏ ရနံ့ကို ပိုင်ဆိုင်ဖို့ ကြိုးစားမည်ဟု ဆုံးဖြတ်လိုက်သည်။ တစ်လလောက် ပိုင်ဆိုင်ပြီးမှ ပျောက်ဆုံးသွားတော့ရော ဘာဖြစ်မှာလဲ။ မပိုင်ဆိုင်ဖူးတာ ထက်စာရင် ပိုမကောင်းဘူးလား။ ပိုမွှေးအောင်၊ ပိုကြာကြာခံအောင် လုပ်လို့မရဘူးလား။ ဤသို့ ဖန်တီးနိုင်ရမှာက ရေမွှေးပညာရှင်တစ်ယောက်ရဲ့ အနုပညာ မဟုတ်ဘူးလား။ ဆယ်စုနှစ်ပေါင်းများစွာ ကြာတောင် ပျောက်ကွယ်မသွားသည့် ရနံ့များ ရှိသည်ပဲ။ ဒရယ်သိုဆီမွှေးနှင့် ပွတ်တိုက်ထားသည့် ဗီရို၊ သစ်ကြံပိုးခေါက်ဆီ စိမ်ထားသည့် သားရေထည်၊ ဝေလငါးဆီနှင့် ပြုလုပ်ထားသည့်ပစ္စည်း၊ သစ်ကတိုးသား သေတ္တာ စသဖြင့်။

သို့သော် သံပရာဆီ၊ ရှောက်ဘီလူး၊ ဂျုံကေးလ်၊ ကျူးဘားရိစ့် စသည့် ပန်းအဆီများကတော့ နာရီပိုင်းမှာတင် အငွေ့ပျံသွားတတ်ကြသည်။ ထိုရနံ့များ ခဏနှင့် ပျောက်မသွားအောင် ရေမွှေးပညာရှင်များက အခြားသော ရနံ့တူပါဝင်ပစ္စည်းများနှင့် ရောစပ်ကြသည်။ သူလည်း ဤပညာကို တစ်ဖက်ကမ်းခပ် တတ်မြောက်ထားသူ ဖြစ်သည်။ ဤမိန်းကလေး၏ ရနံ့နှင့် ဆင်တူသော အခြားရနံ့တစ်ခုကို ရောစပ်လိုက်လျှင် ပို၍ ကြာကြာခံမည်၊ ပို၍လည်း မွှေးမည်။ ထိုရနံ့ကို မူလအတိုင်း ဘာကြောင့် အလဟဿ အဖြစ်ခံရမလဲ။ စိန်ကို မသွေးဘဲ အရောင်လက်မလာနိုင်သလို ရွှေကို ဘယ်သူကလည်းမှာ အတုံးလိုက်ဆွဲလို့လဲ။ ရေမွှေးဖော်စပ်ခြင်းကို ပန်းအဆီ သတ်သတ်ချည်း ဘယ်သူက ဖန်တီးလို့လဲ။ သူကရော လောကမှာ အကြီးမြတ်ဆုံး ရေမွှေးပညာရှင် မဟုတ်ဘူးလား။

ဂရန်နွီက သူ့နဖူးသူ လက်သီးဆုပ်ဖြင့် ထုကာ ယခင်က ဘာလို့သည်လိုမတွေးမိပါလိမ့်ဟု ကျိတ်မနိုင်ခဲမရ ဖြစ်သွားသည်။ အနှိုင်းမဲ့သော ဤမွှေးရနံ့ကို သူ့ချည်းသက်သက် မထားလို၊ တန်ဖိုးမဖြတ်နိုင်သော ရနံ့တို့၏

ထိပ်ခေါင် ရတနာတစ်ပါးအဖြစ် ပုံသွင်းရမည်။ သရဖူတစ်ခုမှာ အလင်းလက်ဆုံး ရတနာကို အခြားကျောက်မျက်များက ဝန်းရံလိမ်ယှက်ထားသလိုမျိုး အမွှေးမြဆုံး ဤရနံ့ကိုလည်း အခြားရနံ့များနှင့် ပေါင်းစပ်ဖန်တီးရမည်။ အုတ်တံတိုင်းနောက်က မိန်းကလေး၏ ဝိညာဉ်နှင့် ဤရနံ့သည် သူ၏ ပညာကုန်၊ လက်စွမ်းကုန်သုံးထားသော ရေမွှေးတစ်ခု ဖြစ်ရမည်။ ဤကဲ့သို့သော လူသားရေမွှေးအတွက် အခြားပါဝင်ပစ္စည်းများ သူလိုအပ်နေသည်။

*****

အခန်း (၄၀)

ထိုနှစ်၏ မေလတွင် မြို့အရှေ့ဘက် အိုပီယိုရွာလေးနှင့် ဂရက်ဆေး မြို့ကြားလမ်းတစ်ဝက်ရှိ နှင်းဆီခင်းထဲ၌ အသက်ဆယ့်ငါးနှစ်အရွယ် မိန်းကလေးတစ်ယောက်၏ အဝတ်မဲ့ အလောင်းကို တွေ့ကြရသည်။ သူမ၏ နောက်စေ့ကို အရာဝတ္ထုတစ်ခုနှင့် ပြင်းထန်စွာ တစ်ချက်တည်း ရိုက်နှက်၍ သတ်ဖြတ်ထားခြင်း ဖြစ်သည်။ အလောင်းကို ပထမဆုံး တွေ့သည့် လယ်သမားက ပုလိပ်ကို အကြောင်းကြားသောအခါ ထိုမြင်ကွင်းမှာ လွန်စွာလုပ၍ ကြောက်မက်ဖွယ် ကောင်းလွန်းလှသည်ဟု ထွက်ဆိုသည်။ ထိုထွက်ဆိုချက်ကြောင့် သူ့အား တရားခံအဖြစ် သံသယစာရင်းထဲ သွင်းလုနီးပါး ဖြစ်ခဲ့သည်။

ထိုမိန်းကလေးသည် ငယ်ရွယ်နုပျိုကာ အမှန်ပင် လှပချောမောသည်။ သူမ၏ ခြေလက်များမှာ ချောမွတ်နေပြီး ဆံပင်များ မရှိတော့ချေ။ လူသတ်သမားက သူမ၏ အဝတ်အစားနှင့်အတူ ဆံပင်ကို ပြောင်အောင်ရိတ်ယူ သွားသည်။ သူမ၏အလောင်းကို လာကြည့်သူတိုင်း အံ့သြတုန်လှုပ်ကာ ဘုရားတမိကြသည်။ ဤလူသတ်မှု၏ လက်သည်မှာ ဂျစ်ပစီများ ဖြစ်လိမ့်မည်ဟု ထင်ကြေးပေးကြသည်။ ဂျစ်ပစီများသည် ဘာမဆို လက်ရဲဇက်ရဲ ရှိကြသည်။ အဝတ်များကို အခင်းရက်ရန်၊ ခေါင်းအုံးထဲသိပ်ထည့်ရန်နှင့် ဆံပင်များကို အရုပ်တွင် တပ်ဆင်ရန် သုံးတတ်ကြသည်ဟု ဆိုသည်။ ယခင်ကလည်း ဤသို့သော အမှုအခင်းများ၌ ဂျစ်ပစီများ ပါဝင်ပတ်သက်ခဲ့ဖူးသည်။

သို့သော် ထိုအချိန်က အနီးပတ်ဝန်းကျင်မှာရော အဝေးမှာပါ ဂျစ်ပစီများ တစ်ယောက်မှ မရှိကြ။ ၎င်းတို့သည် ဒီဇင်ဘာလကျမှသာ ဤဒေသသို့ လာတတ်ကြသည်။ ဂျစ်ပစီများ မရှိသည့်အတွက် တစ်နယ်တစ်ကျေးမှ လာရောက်လုပ်ကိုင်တတ်ကြသော အီတလီအလုပ်သမားများကို သံသယ စာရင်းထဲသွင်းရန် ဆုံးဖြတ်ကြသည်။ သို့သော် ၎င်းတို့သည်လည်း စံပယ်ပန်း ရာသီချိန် ဇွန်လပိုင်းမှာသာ စတင်ဝင်ရောက်လာတတ်ကြရာ အနီးအပါး၌ ဘယ်အီတလီ လုပ်သားမျှ ရှာမတွေ့ကြချေ။ ထို့ကြောင့် အီတလီလုပ်သားများ လက်ချက်ဟုလည်း စွပ်စွဲ၍ မရပြန်တော့ချေ။

နောက်ဆုံး၌ ဆံပင်တုလုပ်သူများကို သံသယဝင်ကြသည်။ ပုလိပ်များက အသတ်ခံရသည့် မိန်းကလေး၏ ဆံပင်ကို သူတို့ဆီ လာရှာကြသော်လည်း မတွေ့ရချေ။ သို့နှင့်အနီးရှိ ဘန်နဒစ်တိုင်းဘုရားကျောင်းက ဘုန်းကြီးများကို သံသယစာရင်း သွင်းပြန်သည်။ ဘုန်းကြီးများမှာ အသက်

ခုနစ်ဆယ်ကျော်ကုန်ကြပြီ။

ထို့နောက် ဂျူးလူမျိုးများ၊ စစ်စတာဆီးယန်း ဘာသာဝင်များ၊ ဖရီးမေဆင် ဘာသာဝင်များ၊ ချာရိုက်ဆေးရုံက အရူးများ၊ ကျောက်မီးသွေး လုပ်သားများ၊ သူတောင်းစားများနှင့် နောက်ဆုံး အနီးရှိ ကက်ဘရစ်မြို့က ဂုဏ်သရေရှိ အမတ်ငယ်တစ်ဦးပါမကျန် သံသယစာရင်းထဲ ထည့်ကြသည်။ အမတ်ငယ်ကို ထည့်ရခြင်းမှာ သူသည် သုံးကြိမ်တိုင် လက်ထပ်ဖူး၍ ကာမအားတိုးရန် အပျိုစင်တို့၏သွေးကို သောက်တတ်သည်ဟူသော လက်ဆုပ်လက်ကိုင် မပြနိုင်သည့် ကောလာဟလစကားကြောင့် ဖြစ်သည်။ သို့သော် မည်သူမျှ လူသတ်သမား မဟုတ်ကြောင်း သက်သေပြနိုင်ကြသည်။ သူတို့အားလုံးတွင် သေဆုံးသူ မိန်းကလေး၏ အဝတ်အစားနှင့် ဆံပင်ကို မတွေ့ကြရချေ။ ရက်ပေါင်းများစွာ ကြာသောအခါ ပုလိပ်အဖွဲ့က စုံစမ်းစစ်ဆေးမှုကို ရပ်နားလိုက်ကြသည်။

ဇွန်လလယ်တွင် အီတလီလူမျိုးများ မိသားစုလိုက် ဝင်ရောက်လာကြသည်။ လယ်သမားများက ၎င်းတို့ကို ထုံးစံအတိုင်း အလုပ်ခိုင်းကြသော်လည်း လူသတ်မှုကိုတော့ စိတ်ထဲမှာဖျောက်၍ မရသေးသဖြင့် ဇနီးများ၊ သမီးများကို သူတို့နှင့် အဆက်အဆံမလုပ်ရန် တားမြစ်ထားကြသည်။ ရွှေ့ပြောင်းအလုပ်သမားများမှာ လူသတ်မှုနှင့် ဘာမှမဆိုင်သော်လည်း မပြေးသော်လည်း ကန်ရာရှိ ယိုးစွပ်၍ သတိထားစောင့်ကြည့်ခံကြရသည်။ စံပယ်ပန်းရာသီချိန် စ၍မှ မကြာသေးခင် လူသတ်မှုနှစ်ခုထပ်၍ ပေါ်လာသည်။ ဤတစ်ကြိမ်တွင်လည်း အသတ်ခံရသူများမှာ အလွန်တရာ လှပချောမောသည့် မိန်းမပျိုလေးများ ဖြစ်ကြသည်။ ယခင်ကလိုပင် နောက်စေ့ကို ပြင်းထန်စွာ အရိုက်ခံရခြင်းဖြစ်၍ အဝတ်မဲ့ခန္ဓာကိုယ်နှင့် ပန်းခင်းထဲမှာ တွေ့ကြရသည်။ ရှိသမျှ အမွေးအမျှင် ပြောင်စင်အောင် အရိတ်ခံထားရသည်။ တစ်ကိုယ်လုံး စေးကပ်ချောမွတ်နေသည်။ ပြစ်မှုကျူးလွန်သူ၏ ခြေရာလက်ရာ ဘာအစအနမျှ မကျန်ခဲ့။ ထိုသတင်းသည် တောမီးလို ပျံ့သွားသည်။ အသတ်ခံရသူ နှစ်ယောက်စလုံးမှာ ဂျီနိုအာမြို့သား နေ့စား အလုပ်သမားကြီးတစ်ယောက်၏ သမီး အီတလီသူလေးများ ဖြစ်ကြ၍ ရွှေ့ပြောင်းအလုပ်သမားများအပေါ် သံသယ မဝင်ကြတော့ချေ။

ယခုအခါ ထိတ်လန့်ချောက်ချားမှုမှာ တစ်နယ်လုံးသို့ ပျံ့၍နေသည်။ မည်သူ့ကို သံသယဝင်ရမှန်းလည်း မသိကြ။ အရူးများနှင့် လျှို့ဝှက်ဆန်းကြယ်သော အမတ်ငယ်ကို သံသယ ဝင်ကြသော်လည်း ဘယ်သူကမှ တကယ် မယုံကြပေ။ အကြောင်းမှာ သံသယရှိသူများကို နေ့ရောညပါ အစောင့်အကြပ်များက ကြည့်ရှုနေကြသောကြောင့် ဖြစ်သည်။ အမတ်ငယ်မှာလည်း ပါရီမြို့သို့ ပြောင်းသွားတာ ကြာလှပြီ။ သွားစရာရှိလျှင် လူစုလူဝေးနှင့်သာ သွားလာရသည်။

ယခင်က ကွင်းပြင်ထဲမှာ အိပ်ကြရသော ရွှေ့ပြောင်းအလုပ်သမားများကို လယ်ရှင်များက ကျီထဲမှာ နေထိုင်ခွင့်ပေးလိုက်သည်။ ညဆိုလျှင် အလှည့်ကျ ကင်းစောင့်ကြရသည်။ ပုလိပ်အဖွဲ့က မြို့တံခါးမှာ အစောင့်များ ထပ်ဖြည့်ပေးသည်။ သို့သော် မည်မျှ ကာကွယ်ထားထား အရာမထင်ချေ။

နှစ်ယောက်တွဲ လူသတ်မှု ဖြစ်အပြီး ရက်အနည်းငယ်အကြာတွင် ယခင်ပုံစံအတိုင်း အသတ်ခံထားရသည့် နောက်ထပ် မိန်းကလေးတစ်ယောက်၏ အလောင်းကို တွေ့ကြရပြန်သည်။ ဤတစ်ကြိမ် သားကောင်မှာ ဆာဒီးနီးယားကျွန်းသူ ခဝါသည်မလေးတစ်ယောက် ဖြစ်သည်။ သူမသည် ဒီလာဖောက်ဇ်ရေပန်းနားတွင် အရိုက်ခံထားရခြင်း ဖြစ်သည်။ ထိုနေရာမှာ မြို့တံခါးကို တည့်တည့်ကြီး မျက်နှာမူထားသည်။ ထိုအခါ မြို့တံခါးမှ အဝင်အထွက်ကို တင်းကျပ်ထားလိုက်တော့သည်။ ညစောင့်များ ထပ်ဖြည့်သည်။ အမျိုးသမီးမှန်သမျှ ညမထွက်ရ အမိန့်ထုတ်သည်။ သို့သော် ထိုတစ်နွေလုံး တစ်ပတ်လျှင် မိန်းကလေးတစ်လောင်း အမြဲတွေ့ရသည်။ အမြဲတမ်းလိုလို ထိုသူအားလုံးမှာ အလွန်ချောမောလှပပြီး မှောင်သောအချိန်တွင် အသတ်ခံထားကြရသည်။

အစပိုင်း၌ အသတ်ခံရသူများမှာ ဖြူဖြူဖျော့ဖျော့၊ ပိန်ပိန်သွယ်သွယ်များ ဖြစ်သော်လည်း နောက်ပိုင်းတွင် ဂုဂုဖြိုးဖြိုး မိန်းကလေးများလည်း ပါဝင်လာသည်။ မကြာမီ လူသတ်သမားက ပို၍ အတင့်ရဲလာပုံရသည်။ နောက်ပိုင်းတွင် အိမ်ထဲတွင် အသတ်ခံထားရသော မိန်းကလေး အလောင်းများကိုပါ တွေ့ကြရသည်။

လက်သမားဆရာတစ်ယောက်၏ သမီးလေးမှာ ငါးလွှာရှိသူမ၏အခန်းထဲတွင် ယခင်ပုံစံများအတိုင်း သေဆုံးနေသည်။ အသတ်ခံရချိန်တွင် အိမ်ထဲရှိ မည်သူမျှ အသံတစ်ချက် မကြားခဲ့ရချေ။ ခွေးရှိသည့်တိုင် လူစိမ်းအနံ့ မရသလိုမျိုး မဟောင်ကြ။ လူသတ်သမားသည် တစ္ဆေသရဲ တစ်ကောင်များလား၊ရုပ်ဒြပ်ခန္ဓာမျှ ရှိပါလေစဟု တွေးကြသည်။ လူထုသည် အာဏာပိုင်များအပေါ် တရားခံကို မမိရကောင်းလားဟု ဒေါသထွက်လာကြပြီး အထိန်းအကွပ်မဲ့စ ပြုလာသည်။ ပီယဆေးနှင့် နာရှုဆေးများရောင်းသော နယ်လှည့်အရောင်းသမားတစ်ဦးကို သူ၏ ဆေးရည်ထဲ၌ အမျိုးသမီး၏ အမွှေးအမျှင်ထည့်၍ ဖော်စပ်သည်ဟု ဆိုသဖြင့် လူအုပ်ကြီးက ဝိုင်း၍ သတ်ပစ်လိုက်သည်။ ကက်ဘရစ်မြို့က အမတ်ငယ်၏ စံအိမ်တော်နှင့် ဒီလာချာရိုက် ဆေးရုံကို မီးသွားရှို့ကြသည်။ အလက်ဇန္ဒားမစ္စနာ့ဒ်ဆိုသူက ညဘက်ကြီး အိမ်ပြန်လာသော အစေခံတစ်ဦးကို လူသတ်သမားဟု အထင်မှားကာ သေနတ်နှင့် ပစ်သတ်လိုက်သည်။ ပိုက်ဆံတတ်နိုင်သူများက မြီးကောင်ပေါက်စ သမီးလေးများကို နီစ်၊ အဇ်၊ မာဆယ်လီမြို့များသို့ ကျောင်းအိပ်ကျောင်းစား ပို့ထားလိုက်ကြသည်။

မြို့နယ်ကောင်စီက ပုလိပ်အရာရှိကို ရာထူးချသည်။ သေဆုံးသူ မိန်းကလေးများကို ဆေးပညာကောလိပ်သို့ ပို့၍ စစ်ဆေးကြည့်ရာ အားလုံးမှာ အပျိုစင်များ ဖြစ်နေကြောင်း သိရသည်။ မိန်းကလေးများမှာ အဓမ္မကျင့်၍ အသတ်ခံရခြင်းဖြစ်သည်ဟု အထင်မှားကြ ထိုသတင်းအစအနကပင် လူထုကို ပို၍ ထိတ်လန့်စေသည်။ လူသတ်သမား၏ လက်ချက်ကို အချိန်လွန်မှ သိရသည်။ ဇဝေဇဝါ ဖြစ်ရုံမှအပ ဘာတစ်ခုမျှ ရေရေရာရာ မသိကြ။ ဘုရားတရား ကိုင်းရှိုင်းသူများက မိမိနေအိမ်ကို ဤဒုက္ခမှ လွတ်ကင်းအောင် ဆုတောင်းရုံကလွဲ၍ ဘာမျှ မတတ်နိုင်ကြပေ။

ဂရက်ဆေးမြို့နယ်ကောင်စီကို အချမ်းသာဆုံး၊ ဩဇာအာဏာအရှိဆုံး ဂုဏ်သရေရှိ လူကြီးများဖြင့် ဖွဲ့စည်းထားသည်။ သူတို့ထဲမှ စီးပွားရေးလုပ်ငန်းကို အထိခိုက်ခံလာရသည့် အရေးပါအရာရောက်သူများမှာ ဂိုဏ်းချုပ်ဘုန်းကြီးကိုပင် အရေးမစိုက်ဘဲ ဘုရားကျောင်းများကို ဂိုထောင်နှင့် စက်ရုံများအဖြစ် ပြောင်းလဲချင်သူများ ဖြစ်ကြသည်။ သူတို့သည် မိန်းမပျိုလေးများအား ရက်စက်စွာ သတ်ဖြတ်ခဲ့သော ထိုမိစ္ဆာကောင်ကို ခရစ်ယာန်ဘာသာထဲမှ ထုတ်ပယ်ရန် သနားခံစာ ရေးတင်ကြသည်။

စက်တင်ဘာလကုန်တွင် ဂရက်ဆေးမြို့က အလှအမျိုးမျိုးရှိ အလှဆုံး အပျိုစင် နှစ်ဆယ့်လေးယောက်တိတိကို သတ်ဖြတ်ခဲ့သော လူသတ်သမားကို မကောင်းဆိုးဝါးကောင်အဖြစ် ဘာသာရေးနယ်ပယ်မှ ထုတ်ပယ်လိုက်ကြောင်း နိုထရာဒမ်ဒူပိုင်ဘုရားကျောင်း၌ ဂိုဏ်းချုပ်ဘုန်းကြီးကိုယ်တိုင် ကြေညာလိုက်သည်။ ထိုအချိန်မှစ၍ လူသတ်မှုများ ရပ်တန့်သွားသည်။ အောက်တိုဘာနှင့် နိုဝင်ဘာတွင် ဘာအလောင်းကိုမျှ မတွေ့ကြရတော့ချေ။ ဒီဇင်ဘာလဆန်း၌ ဂရန်နိုဘဲလ်မြို့တွင် လူသတ်သမားကို ဖမ်းမိပြီဟူသော သတင်းတစ်ခု ထွက်လာသည်။ တရားခံသည် မိန်းကလေးများကို လည်ပင်းညှစ်သတ်၍ အဝတ်အစားများ ဆုတ်ဖြဲကာ ဆံပင်များကို ဆွဲနုတ်ပစ်သည်ဟု ဆိုသည်။ ဂရက်ဆေးမြို့က လူသတ်မှုများနှင့် အခင်းဖြစ်ပွားပုံချင်း လားလားမျှ မတူညီသော်လည်း တရားခံမှာ တစ်ဦးတည်း ဖြစ်မည်ဟု ယူဆလိုက်ကြပြီး ဂရက်ဆေးမြို့သားများ စိတ်အေးသွားကြသည်။

ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ဂိုဏ်းချုပ်ဘုန်းကြီးအတွက် ဂုဏ်ပြုပွဲကြီး ခမ်းနားစွာ ကျင်းပသည်။ ၁၇၆၆ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့တွင် ညမထွက်ရအမိန့်ကို ရုပ်သိမ်းလိုက်ပြီး လုံခြုံရေးများ ပြန်၍ လျှော့လိုက်သည်။ လူထုသည် ပုံမှန်အခြေအနေသို့ လျင်မြန်စွာ ပြန်ရောက်သွားသည်။

အကြောက်တရားများမှာ လေနှင့်အတူ လျှော့ပါးပျောက်ကွယ်သွားကြပြီး ကြောက်မက်ဖွယ် ထိုဖြစ်ရပ်ကြီးကို မည်သူမျှ တခုတ်တရ ပြောမနေ ကြတော့ချေ။ အသတ်ခံရသည့် မိသားစုများပင် ထိုအကြောင်း စကားမဟကြတော့။

ဂိုဏ်းချုပ်ဘုန်းကြီး၏ တိုင်တည်စကားများမှာ လူသတ်သမားကို တားဆီးပိတ်ပင်နိုင်ရုံမျှမက လူများ၏ မှတ်ဉာဏ်ထဲကပါ ဖျောက်ဖျက်ပစ်လိုက်ပုံ ရသည်။ ထိုသို့ ဖြစ်သွားမှပင် လူအများ စိတ်ချမ်းသာသွားကြသည်။

သို့သော် အိမ်မှာ ကြီးကောင်ဝင်ခါစအရွယ် သမီးငယ် ရှိကြသူများကတော့ အခုထိ စိတ်မအေးနိုင်ကြသေးသလို ညနေစောင်းလာလျှင် သို့မဟုတ် မနက်အစောပိုင်းများ၌ အရိပ်တကြည့်ကြည့်နှင့် သံသယဝင်နေကြဆဲပင်။ သူတို့အား ကျန်းမာပျော်ရွှင်စွာ အိမ်ပြန်ရောက်လာသည်ကို တွေ့ရမှသာ ဟင်းချနိုင်သည်။ ဘာအကြောင်းကြောင့်မှန်းတော့ ရေရေရာရာ မသိ။

*****

အခန်း (၄၁)

ယခုထိ စိတ်မအေးနိုင်သည့် လူတစ်ယောက် ဂရက်ဆေးမြို့မှာ ရှိနေသည်။ သူ၏အမည်မှာ အန်တွိုင်းရစ်ချီ ဟူ၏။ သူသည် ဒရှိုက်လမ်းမအဝင်က ကြီးကျယ်ခမ်းနားသော စံအိမ်ကြီးမှာ နေထိုင်သည်။ ဒုကောင်စစ်ဝန်ရာထူးကို ရထားသည်။ မုဆိုးဖို တစ်ဦးဖြစ်၍ လော်ရာအမည်ရှိ သမီးငယ်တစ်ယောက် ရှိသည်။ လိမ္မာပါးနပ်၍ သွက်လက်ကြံ့ခိုင်သော ရစ်ချီသည် အသက်လေးဆယ်ပင် မပြည့်သေးချေ။ တစ်ချိန်ချိန်တွင် အိမ်ထောင်ထပ်ပြုရန် ရည်ရွယ်ထားသည်။ သို့သော် သူ့သမီးကို အရင်ဆုံး အိမ်ထောင်ချပေးခဲ့ချင်သည်။ တွေ့ကရာ လူနှင့်တော့မဟုတ်၊ ရာထူးရာခံ အဆင့်အတန်း တစ်ခုခုရှိသူနှင့် ပေးစားချင်သည်။

ဗန့်စ်မြို့အနီး ပြည်နယ်တစ်ခုကို အပိုင်စားရသော ဘူယွန်အမတ်တစ်ဦးမှာ သားတစ်ယောက် ရှိသည်။ ထိုအမတ်သည် ကောင်းမွန်သည့် ဂုဏ်သတင်း ကျော်စောသော်လည်း ငွေရေးကြေးရေးတော့ သိပ်မပြေလည်ချေ။ ရစ်ချီသည် လော်ရာ့ကို ထိုအမတ်၏သား အယ်လ်ဖွန်ဆေနှင့် ပေးစားရန် လူကြီးချင်း သဘောတူထားခဲ့သည်။ သူသည် ဂုဏ်မောက်သူ မဟုတ်သော်လည်း နိုင်ငံရေး၊ လူမှုရေးများ၌ ဩဇာအာဏာ ကြီးမားသော မျိုးဆက်တစ်ခုကို တည်ထောင်လိုသည်။ သူ၏ လုပ်ငန်းနှင့် အရိုက်အရာကို ဆက်ခံရန် တစ်ယောက်၊ လွှတ်တော်အထိ ပေါက်မြောက်စေသော ဥပဒေအရာရှိဖြစ်အောင် ကြိုးစားမည့် တစ်ယောက်၊ အနည်းဆုံး သားနှစ်ယောက်လောက်တော့ ထပ်လိုချင်သည်။

ဤသို့ ရည်မှန်းချက် မြင့်မားသည့်တိုင် သူ၏ လက်ရှိပိုင်ဆိုင်မှုကလည်း ကြီးမားသည်။ ဂရက်ဆေးမြို့တစ်ဝိုက်ရှိ လိမ္မော်၊ ဂျုံ၊ လျှော် စိုက်ခင်းများသာမက ဗန့်စ်မြို့အနီးက စိုက်ခင်းများကို လယ်အငှားချထားသည်။ အဇ်မြို့တွင် အိမ်ပိုင်များ ရှိသည်။ အိန္ဒိယသို့ ကုန်သွယ်သော သင်္ဘောများကိုလည်း ရှယ်ယာဝင်ထားသည်။ ဂျီနိုအာမှာ သူထိုင်နေကျ ရုံးခန်းရှိသည်။ ပြင်သစ်နိုင်ငံရှိ အမွှေးနံ့သာပစ္စည်းများ၊ ဆီနှင့် သားရေထည် ဈေးကွက်မှာ အကြီးဆုံး ဒိုင်လည်းဖြစ်သည်။ သူ့ပိုင်ဆိုင်မှုထဲမှာ တန်ဖိုးအရှိဆုံးကတော့ ဆယ့်ခြောက်နှစ်ပြည့်ရုံသာ ရှိသေးသော သူ့သမီး လော်ရာပဲ ဖြစ်သည်။

နီညိုရောင် ဆံနွယ်များ၊ အစိမ်းရောင် မျက်လုံးများနှင့် လော်ရာသည် မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါစေဟူသော ဆုတောင်းနှင့် ပြည့်စုံသူကလေး ဖြစ်သည်။ ခန္ဓာကိုယ်ကလည်း နတ်ဘုရားများကိုယ်တိုင် ထုလုပ်ထားသည့်အလား တင့်တယ်လှသည်။ သူစိမ်းမဆိုနှင့်၊ ဖခင်ဖြစ်သူ

ရစ်ချီကိုယ်တိုင်ပင် ကြည့်မဝ၊ ရှုမဝသည့် အလှပဂေးလေး ဖြစ်သည်။ လူသတ်မှုများ ဖြစ်ပျက်နေချိန်တွင် ကြမ္မာဆိုးက သူတို့သားအဖဆီ ကျရောက်မလာခဲ့။ လူသတ်သမားသည် ကလေးနှင့် အရွယ်ရောက်ပြီး မိန်းမပျိုများကို မသတ်ဟု သိရသဖြင့် သိပ်မစိုးရိမ်ခဲ့သော်လည်း တစ်အိမ်လုံးကို အစောင့်ချထားခဲ့သည်။ လော်ရာ၏ အစေခံကိုပင် သူမနှင့်အတူတူ အိပ်ခိုင်းသည်။ အပေါင်းအသင်းများက သူတို့၏ သမီးကညာများကို အဝေးသို့ ပို့သူပို့၊ မိသားစုလိုက် ပြောင်းသူပြောင်း လုပ်နေသော်လည်း သူကတော့ သမီးကို မျက်စိအောက်က အပျောက်မခံချေ။ မြို့နယ်ကောင်စီဝင် တစ်ဦးလည်းဖြစ်၊ ဒုကောင်စစ်ဝန်လည်း ဖြစ်သောကြောင့် ဂရက်ဆေးမြို့မှာတော့ သူ့သတ္တိနှင့် သမာဓိက စံနမူနာယူစရာ ဖြစ်ခဲ့သည်။ မြို့ခံများ ထိတ်လန့်တကြား ဖြစ်နေချိန်တွင် သူကတော့ ခြောက်တိုင်းလည်း မကြောက်၊ မြှောက်တိုင်းလည်း မမြောက်ဘဲ တည်ငြိမ်စွာ နေနိုင်ခဲ့သဖြင့် လူသတ်သမား၏ ခြိမ်းခြောက်မှုကို ခေါင်းမာစွာ ခံနိုင်ရည်ရှိသည့် လူနည်းစုထဲ ပါဝင်ခဲ့သည်။

သို့သော် ရစ်ချီက ယခုတော့ ထူးဆန်းစွာပင် ပြောင်းလဲသွားသည်။ လူသတ်သမားကို ကြိုးပေး၍ စီရင်ပြီးပြီဆိုသဖြင့် ချောက်ချားတုန်လှုပ်ဖွယ် နေ့ရက်များကို အခြားသူများက မေ့ပျောက်သွားသော်လည်း သူကတော့ မမေ့နိုင်ဘဲ ယခုမှပင် စကြောက်လာသည်။ သွားစရာရှိသည့် ခရီးများကိုလည်း အချိန်ဆွဲထားသဖြင့် နှောင့်နှေးကြန့်ကြာကုန်သည်။ အစည်းအဝေး ဆိုလျှင်လည်း ကိစ္စပြီးသည်နှင့် အိမ်မြန်မြန် ပြန်သည်။ ဘာကိုကြောက်နေမှန်း ဝန်မခံသော်လည်း အလုပ်ကြိုးစားလွန်းခြင်းနှင့် အိမ်ထောင်ချပေးတော့မည့် သမီးလေးကို စိတ်မချသောကြောင့်ဟု သူ့ကိုယ်သူ ဆင်ခြေပေးတတ်သည်။ အရွယ်ရောက်လာစပြုလာသော လော်ရာ၏ အလှဂုဏ်သတင်းကတော့ အနယ်နယ်အရပ်ရပ်သို့ မွှေးပျံ့နေပြီဖြစ်သည်။

*****

အခန်း (၄၂)

မတ်လ၏ တစ်ခုသောနေ့တွင် ရစ်ချီက ဧည့်ခန်းမထဲမှာထိုင်၍ အိမ်ထဲကနေ ဥယျာဉ်ထဲ လမ်းလျှောက်ထွက်သွားသော လော်ရာကို စောင့် ကြည့်နေမိသည်။ သူမသည် ဆံပင်ကို ဖြန့်ချထားကာ အပြာရောင် ဝတ်စုံကလေး ဝတ်ထားသဖြင့် နေရောင်ခြည်ထဲတွင် အပြာရောင်မီးတောက် ကလေးနှင့် တူနေသည်။ မလှုစဖူး အလှထူးနေသော လော်ရာက ခြံစည်းရိုးတစ်ခုနောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ရစ်ချီက ချက်ချင်း ပြန်ပေါ်လာလိမ့်မည်ဟု ထင်လိုက်သော်လည်း သူမက တစ်အောင့်လောက် ကြာမှ ပြန်ပေါ်လာသည်။ ထိုခဏ၌ ရစ်ချီ၏ ရင်ထဲထိတ်ခနဲ ဖြစ်သွားကာ သမီးလေးကို ထာဝရ ပျောက်ဆုံးသွားသလို ခံစားရသည်။

ထိုညတွင် ရစ်ချီသည် အိပ်မက်ဆိုးတစ်ခု မက်ကာ လန့်နိုးလာသည်။ အသေးစိတ်ကို မမှတ်မိသော်လည်း လော်ရာနှင့် ပတ်သက်နေသဖြင့် အိပ်ရာထဲမှာများ အသတ်ခံထားရပြီလား၊ သေများသွားပြီလား အထင်ဖြင့် သူမ၏ အခန်းဆီ ပြေးကြည့်မိသည်။ သို့သော် လော်ရာမှာ ဘေးမသီရန် မခဘဲ အိပ်မောကျနေသည်ကို တွေ့ရသည်။ ထိုအခါမှပင် စိုးရိမ်သောက ကြောင့် ချွေးများရွှဲနစ်စွာဖြင့် သူ့အိပ်ခန်း ပြန်နိုင်သည်။ မဟုတ်သေး၊ ထိုချွေးများမှာ စိုးရိမ်သောကကြောင့် ထွက်လာသည်မဟုတ်၊ နောက်ဆုံးတွင် ကြောက်ရွံ့ထိတ်လန့်မှုကြောင့် ထွက်လာခြင်း ဖြစ်သည်ဟု သူ့ကိုယ်သူ အမှန်အတိုင်း ဝန်ခံလိုက်သည်။ ထိုသို့ ဝန်ခံလိုက်တော့မှပင် စိတ်တည်ငြိမ်ကာ ရှင်းလင်းစွာ စဉ်းစားတတ်လာသည်။

ရိုးသားစွာဆိုရလျှင် ဘုန်းတော်ကြီး၏ ကြေညာချက်ကြောင့် သစ္စာစုံးကာ လူသတ်သမားအား ဂရန်နိုဘဲလ်မြို့၌ ဖမ်းမိသည်ဆိုခြင်းကို အစကတည်းက သူမယုံချေ။ လူသတ်သမားသည် ဂရက်ဆေးမြို့က ထွက်ခွာသွားသည်ကိုလည်း မယုံ။ ၎င်းသည် ဤမြို့ထဲမှာပင် ရှိနေသေးသည်၊ ဂရက်ဆေးမြို့သားများကြားတွင် အသက်ရှင်နေသေးသည်။ တစ်ချိန်ချိန်တွင် ပြန်ဖြစ်လိမ့်မည်ဟု ထင်သည်။

ဩဂုတ်လနှင့် စက်တင်ဘာလထဲမှာ အသတ်ခံရသည့် မိန်းကလေးများကို သူမြင်ဖူးခဲ့သည်။ ထိုမြင်ကွင်းသည် အလွန်ကြောက်မက်ဖွယ်ရာ ကောင်းသလို ဆန်းကြယ်လှပသည်ကိုလည်း ဝန်ခံရမည်။ မိန်းကလေး အလောင်းများသည် သူ့အလှတရားနှင့်သူ ကြည့်ကောင်းနေသည်။ ဂရက်ဆေးမြို့မှာ သည်လောက် အမှတ်ရစရာ မြင်ကွင်းမျိုးကို သူ ယခင်က တစ်ခါမျှ မမြင်ဖူးခဲ့ချေ။

လူသတ်သမားမှာ ဆန်းသော အမြင်ရှိသည်။ ထူးခြားသိမ်မွေ့မှု တစ်မျိုးကို ပိုင်ဆိုင်သည်။ စနစ်ကျသည်။ ကြုံရာလူကို သတ်ခြင်းမဟုတ်။ သားကောင်ကို စီစဉ်တကျ ရွေးချယ်ထားသည်။ လူသတ်သမားသည် ထိုမိန်းကလေးများဆီက တစ်ခုခုကို အငမ်းမရ ရှာဖွေခဲ့သည်။ ဘာကိုလည်းတော့ သူမသေချာမသိ။ သားကောင်များအားလုံးတွင် နုပျိုမှု၊ ချောမောလှပမှုနှင့်အတူ အခြားသော အလုတရားတစ်ခုခု ရှိရမည်။ ထိုအရာကြောင့် အသတ်ခံရခြင်း ဖြစ်သည်။ လူသတ်သမားသည် ထိုအရာကို ဖျက်ဆီးခြင်းမဟုတ်၊ ဂရုတစိုက် စုဆောင်းနေခြင်း ဖြစ်သည်။ လူသတ်သမားသည် အလှတရား တစ်ခုခုကို စုဆောင်းသူ ဖြစ်သည်ဟု ရစ်ချီ ယူဆသည်။ ထိုအလှတရားကို ပြီးပြည့်စုံစေဖို့ ဆောင်ရွက်နေခြင်း ဖြစ်သည်။

ရစ်ချီသည် ဉာဏ်ကောင်းသူ ဖြစ်သော်လည်း အမြင်အရသာ ဆုံးဖြတ်ရခြင်း ဖြစ်သောကြောင့် လူသတ်သမား၏ ရည်ရွယ်ချက်ကို မှန်းဆနိုင်လောက်အောင် ဉာဏ်မမီချေ။ သို့သော် အသတ်ခံရသော မိန်းမလှလေးများကို ကြည့်၍ အလှတရားတစ်ခုခုနှင့် ပတ်သက်ရမည်ဟု ခန့်မှန်းမိသည်။ လော်ရာသည် အလှထိပ်ခေါင်တင်ကလေး ဖြစ်သောကြောင့် လူသတ်သမား၏ အဓိက ပစ်မှတ်ဖြစ်နေလောက်သည်ဟု ခံစားရသည်။ ရစ်ချီသည် ညဝတ်အင်္ကျီဖြင့် ခုတင်ပေါ်တွင် ထိုင်ရင်း တည်ငြိမ်လေးနက်စွာ စဉ်းစားနေသည်။ ဤမျှ ကြောက်မက်ဖွယ်ကောင်းသော ကောက်ချက်ကို တည်တည်ငြိမ်ငြိမ် တွေးတောနေနိုင်သဖြင့် သူ့ကိုယ်သူပင် အံ့သြမိသည်။

သူသည် အန္တရာယ် အငွေ့အသက်ကို ရိပ်စားမိသဖြင့် ယခင်ရက်ပိုင်းများကဲ့သို့ ကြောက်ရွံ့တုန်လှုပ်နေခြင်း မရှိတော့ဘဲ မည်သို့ ရင်ဆိုင်ရမည်ကိုသာ ခေါင်းအေးအေးထား၍ စဉ်းစားသည်။ လော်ရာသည် အစကတည်းက လူသတ်သမား၏ ပန်းတိုင် ဖြစ်ရမည်။ တန်ဖိုးအကြီးဆုံး အရာကို နောက်ဆုံးမှ လာယူမည့် သဘောများလား။ ဘာအတွက်များပါလိမ့်။

လူသတ်မှုများ၏ ရည်ရွယ်ချက်ကိုတော့ ရှင်းရှင်းလင်းလင်း စဉ်းစားလို့ မရချေ။ ရစ်ချီသည် လူသတ်သမားနေရာ ဝင်၍ စိတ်ကူးများ၊ ခံစားချက်များကို ပုံဖော်ကြည့်သည်။ လော်ရာ့ကို တစ်နည်းနည်းဖြင့် လူသတ်သမား၏ ရှုပ်ထွေးသော လုပ်ရပ်ထဲမှာ ချိတ်ဆက်ကြည့်သည်။ လွတ်မြောက်နိုင်မည့် နည်းလမ်းကို ရှာသည်။ အသတ်ခံရသည့် မိန်းကလေးအားလုံးမှာ ချောမောလှပသည့် အပျိုစင်ချည်းသာ ဖြစ်ကြသည်။ ရုပ်ဆိုးလျှင်၊ အပျိုစင် မဟုတ်လျှင် အသတ်ခံရမည့် အခွင့်အလမ်း နည်းသည်။ နောက်ဆုံးတွင် အကြံတစ်ခု ရသွားလေသည်။

*****

အခန်း (၄၃)

ရစ်ချီသည် စိတ်သက်သာရာ ရသွားဟန်ဖြင့် ခုတင်ပေါ်မှ ခုန်ထကာ အစေခံများကို ခေါင်းလောင်းတီး၍ ခေါ်သည်။ အိပ်ချင်မူးတူးနှင့် ဒယီးဒယိုင် ရောက်လာသော သူ၏ အစေခံယောက်ျားကို ရိက္ခာနှင့် အထုပ်အပိုး ပြင်ခိုင်းသည်။ နေထွက်လာသည်နှင့် သမီးနှင့်အတူ ဂရန်နိုဘဲလ်မြို့သို့ ခရီးထွက်မည်ဟု ဆိုသည်။ သူက အဝတ်အစားလဲ၍ ကျန်အစေခံများကို အိပ်ရာမှ လိုက်နှိုးသည်။

ညဥ့်နက်သန်းခေါင်ကြီးတွင် ဒရွိုက်လမ်းထိပ်က စံအိမ်တော်မှာ လှုပ်လှုပ်ရွရွနှင့် အသက်ဝင်လှုပ်ရှားလာသည်။ မီးဖိုချောင်ထဲမှာ မီးမွှေးသူက မွှေး၊ ကော်ရစ်ဒါတစ်လျှောက် စိတ်လှုပ်ရှားစွာ ပြေးသူကပြေးနှင့် တစ်အိမ်လုံး အပေါ်တက်သူ၊ အောက်ဆင်းသူများဖြင့် အလုပ်ရှုပ်ကုန်သည်။ မြေတိုက်ခန်းထဲတွင် ဘဏ္ဍာစိုး၏သော့တွဲသံ တချွင်ချွင် မြည်နေသည်။ ခြံထဲတွင် မီးတိုင်များ တောက်လာသည်။ မြင်းထိန်းများကလည်း မြင်းများကြားမှာ ဟိုသည်ပြေးလွှားနေကြသည်။ တချို့က ဇောင်းထဲက မြည်းများနှင့် လှည်းယာဉ် ပြင်ကြသည်။ ကြီးမားသော ခြံဝင်းကြီး တစ်ခုလုံး ပစ္စည်းသယ်သူ၊ ကုန်းနှီးဆင်သူ၊ ပြေးလွှားနေသူများနှင့် စည်ကားနေသဖြင့် မသိလျှင် စစ်တိုက်ထွက်ဖို့များ ပြင်နေသလားဟု ထင်မိယောင်မှား ဖြစ်နိုင်သည်။

စံအိမ်တော်တစ်ခုလုံး အုံးအုံးကျွက်ကျွက် ဆူညံနေသဖြင့် သူတို့၏ အရှင်သခင်လည်း ဆောက်တည်ရာမရ ဖြစ်နေမည်ဟု ထင်လျှင်တော့ မှားပေလိမ့်မည်။ ရစ်ချီသည် ကော်ဖီထိုင်သောက်ရင်း အစေခံများကို တစ်ခုချင်း ညွှန်ကြားနေသည်။ တစ်ဖက်မှာလည်း ကောင်စစ်ဝန်၊ သူ့အတွင်းရေးမှူး၊ မြို့တော်ဝန်၊ ရှေ့နေ၊ မာဆယ်လီမြို့က ဘဏ်အရာရှိ၊ ဘူယွန်အမတ်နှင့် စီးပွားရေး လုပ်ဖော်ကိုင်ဖက်များဆီ ပေးစာများ ရေးသည်။

မနက်ခြောက်နာရီဝန်းကျင်တွင် စာရေးခြင်းမှာ အောင်မြင်စွာ ပြီးဆုံးသွားသလို ခိုင်းစရာလည်း ကုန်သွားလေသည်။ သူက ခရီးဆောင် ပစ္စတိုသေနတ်ငယ် နှစ်လက်ကို ခါးမှာထိုးသည်။ ပိုက်ဆံအိတ်ကို ချိတ်ဖုံးနှင့်ပိတ်သည်။ စားပွဲခုံအံဆွဲကို သော့ခတ်သည်။ ထို့နောက် သမီးဖြစ်သူကို သွားနှိုးသည်။

ရှစ်နာရီတွင် ခရီးသည် ယာဉ်တန်းကလေးက လမ်းအတိုင်း စ၍ထွက်ခွာသည်။ ရစ်ချီက ထိပ်ဆုံးမှာ မြင်းစီး၍ ဦးဆောင်သည်။ သူသည်

ရွှေဖွတ်မြီးကြိုးနှင့် ဘာဂန်ဒီကုတ်အင်္ကျီကို အောက်ကခံ၍ အနက်ရောင် မြင်းစီးကုတ်ကို အပေါ်က ထပ်ဝတ်ထားပြီး အရောင်အသွေးစုံသော ငှက်မွေးဦးထုပ်ကို ဆောင်းထားသည်။ သူ့နောက်က လော်ရာကတော့ အရောင်ခပ်မှိန်မှိန်သာ ဝတ်ဆင်ထားသော်လည်း ထင်းထင်းကြီး လှနေသဖြင့် လမ်းတစ်လျှောက်ရှိ လူများ၊ ပြတင်းပေါက်ဖွင့်ကြည့်သူများက သူမကိုသာ ငေးကြည့်ကြသည်။ လူအုပ်ထဲက ဟယ်ခနဲ ဟာခနဲ ရေရွတ်သံများလည်း ထွက်လာသည်။ ယောက်ျားများက ဒုကောင်စစ်ဝန်ကို အရိုအသေပေးသည့် ဟန်ဖြင့် ဦးထုပ်ချွတ်၍ ဦးညွှတ်ကြသော်လည်း အမှန်မှာ လော်ရာ့ကို ဦးညွှတ်ကြခြင်းသာ ဖြစ်သည်။

လော်ရာ့နောက်တွင် သူမ၏ အစေခံမိန်းကလေး၊ ထို့နောက် အထုပ်နှစ်ခုကို မြင်းပေါ်တင်၍ သယ်လာသော ရစ်ချို့အစေခံယောက်ျားတို့ ပါလာသည်။ ဂရန်နီဘဲလ်မြို့သို့ သွားရာလမ်းမှာ ဆိုးဝါးလှသည်ဟု နာမည်ကျော်သဖြင့် ဝန်တင်လှည်းကို သုံး၍မရချေ။ လူတန်းအဆုံးတွင် အထုပ်အပိုးမျိုးစုံ တနင့်တပိုး တင်ထားသော မြည်းတစ်ကောင်ကိုထိန်းရင်း လိုက်ပါလာသည့် မြင်းထိန်းနှစ်ယောက် ရှိသည်။ မြို့ထိပ်နားရောက်တော့ နောက်ဆုံးမြည်း ဖြတ်ကျော်သွားသည်အထိ လူများက လက်ပြနှုတ်ဆက်ကြသည်။ ကလေးများက အနောက်က ပြေးလိုက်သွားကြပြီး နောက်ဆုံးက လုပ်သားများကို တာ့တာပြကြသည်။ သူတို့သည် တောင်တန်းရှိရာသို့ မတ်စောက်သော လမ်းမအတိုင်း တရွေ့ရွေ့ ခရီးဆက်သွားကြသည်။

ရစ်ချီနှင့် လော်ရာတို့ ထွက်ခွာသွားကြပုံက ထူးဆန်းလှသော်လည်း လူများ၏ စိတ်ထဲ၌ ယဇ်ပူဇော်မှုတစ်ခုကို မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရသလိုမျိုး အမှတ်ထင်ထင် ဖြစ်ကျန်ခဲ့သည်။ ရစ်ချီသည် မိန်းမရွယ်လေးများကို သတ်ဖြတ်သော မိစ္ဆာကောင်ရှိရာ ဂရန်နီဘဲလ်မြို့ဆီ ထွက်သွားခြင်း ဖြစ်သည်ဟု သတင်းစကား ပျံ့သွားသည်။ လူအများက ရစ်ချီသည် ရာဇဝတ်သားကို လုံးဝမမှုဟု ပြသလိုက်ခြင်းလော၊ သူ့မှာ တကယ်ပဲ လေးစားကြည်ညိုစရာ သတ္တိရှိသလောဟု သို့လောသို့လောနှင့် တွေးရကျပ်ကုန်ကြသည်။ မိန်းမလှလေး လော်ရာကို မြင်ရသည်မှာ ဤတစ်ကြိမ်သည် နောက်ဆုံးများ ဖြစ်နေမလားဟုလည်း ယောင်ဝါးဝါး ခန့်မှန်းကြသည်။ သူတို့က လော်ရာတစ်ယောက် ဂရက်ဆေးမြို့သို့ ပြန်မှ လာနိုင်ပါ့မလားဟု သံသယဝင်နေကြလေသည်။

အမှန်တော့ ရစ်ချီသည် ဂရန်နီဘဲလ်မြို့သို့ ဦးတည်သွားခြင်း လုံးဝ မဟုတ်ချေ။ ဟိတ်ဟန်ထုတ်၍ ထွက်ခွာပြခြင်းမှာလည်း အာရုံလွှဲသော နည်းဗျူဟာတစ်ခုသာ ဖြစ်သည်။ ဂရက်ဆေးမြို့၏ အနောက်မြောက်အရပ် စိန့်ဗယ်လျာရွာအနီး တစ်မိုင်ခွဲလောက်တွင် သူက ခရီးတစ်ထောက်နားရန်

အမိန့်ပေးလိုက်သည်။ ရစ်ချီက သူ့အစေခံကို ဘဏ္ဍာရေးအကျိုးဆောင် ရှေ့နေအား ပေးရမည့်စာများ လှမ်းပေးကာ ဂရန်နီဘဲလ်သို့ ကိုယ်တိုင်သွားခိုင်းလိုက်သည်။ ကျန်အစေခံများနှင့် မြည်းကိုပါ ခေါ်သွားခိုင်းသည်။ သူကတော့ လော်ရာ၊ အစေခံမိန်းကလေးတို့နှင့်အတူ ကက်ဘရစ်မြို့ဘက်သို့ ဆက်သွားသည်။ သုံးယောက်သားသည် နေ့လယ်တွင် ခရီးတစ် ယောက်နားကာ တန်နာရွှန်တောင်တန်းများကို ဖြတ်၍ တောင်အရပ်သို့ မြင်းဒုန်းစိုင်း၍ ဆက်သွားကြသည်။ လမ်းခရီးကား ဆိုးဝါးကြမ်းတမ်းလွန်းလှသည်။ သို့သော် ဂရက်ဆေးနှင့် ချိုင့်ဝှမ်းကို ကွေ့ပတ်၍ ရှောင်သွားလို့ရသည်။ ပင်လယ်ကမ်းရိုးတန်းဘက်သို့ ညနေစောင်းမှ ရောက်မည်ဖြစ်၍ သူတို့ကို မှတ်မိသွားမှာလည်း မပူရတော့ချေ။

ရစ်ချီအကြံမှာ ဤညတွင် ကက်ဘရစ်မြို့မှာ အိပ်၍ နောက်တစ်နေ့တွင် လော်ရာနှင့်အတူ လဲဟာစ်ကျွန်းပေါ်ရှိ စိန့်အောနာရက်ဘုရား ကျောင်းသို့သွားကြရန် ဖြစ်သည်။ ဘုရားကျောင်းကို ထိုကျွန်းပေါ်က ကျန်းမာသန်စွမ်းသော သက်ကြီးရွယ်အို ဘုန်းကြီးအနည်းငယ်က အုပ်ချုပ်သည်။ သူတို့ကို ရစ်ချီ ကောင်းကောင်း သိသည်။ လွန်ခဲ့သောနှစ်များစွာက ဘုန်းကြီးကျောင်းမှ ယူကလစ် အချိုရည်၊ ထင်းရှူးဆန်နှင့် ဆိုက်ပရက်စ်ပန်းဆီများ ဝယ်ရောင်းလုပ်ဖူးသည်။ လော်ရာ့ကို ထိုဘုရားကျောင်းထဲမှာ လောလောဆယ် ခဏစောင့်ခိုင်းထားမည်။ သူကတော့ ဂရက်ဆေးမြို့ကို အရှေ့အရပ်မှ ပြန်ပတ်၍ ဗန့်စ်မြို့သို့ နေ့ချင်းပြန်သွားမည်။ ထိုနေ့ညနေ စောင်းမှာ ကက်ဘရစ်မြို့ကို ပြန်ရောက်လိမ့်မည်။

အစေခံနှင့် ထည့်ပေးလိုက်သော စာထဲတွင် သူ့အတွင်းရေးမှူးကို လော်ရာနှင့် အယ်လ်ဖွန်ဆေတို့အား မင်္ဂလာဆောင်နှင်းရန် ဘူယွန်အမတ်ဆီသွား၍ သဘောတူညီချက် ရယူထားဖို့ စီစဉ်ခိုင်းထားသည်။ သူက ဘူယွန်အမတ်ကို ငြင်းလို့မရသော ကမ်းလှမ်းချက်တစ်ခု ပေးထားသည်။ လော်ရာတို့ လင်မယားအတွက် တစ်နှစ်လျှင် ဖရန့်ငွေသုံးထောင်ဝင်သော မားဂန့်နိုစ်မြို့အနီးက ဆီစက်နှင့် မြေကွက်များစွာကို လက်ဖွဲ့မည့်အပြင် လုပ်ကိုင်စားသောက်ရန် ဖရန့်ငွေ လေးသောင်းကိုလည်း ထုတ်ချေးမည်ဖြစ်သည်။ ရစ်ချီက မင်္ဂလာပွဲကို ဆယ်ရက်အတွင်း ကျင်းပစေချင်သလို အမြန်ဆုံး လင်မယားအရာ မြောက်စေချင်သည်။ ပြီးလျှင် သူတို့စုံတွဲကို ဗန့်စ်မြို့က စံအိမ်မှာ နေခိုင်းမည်။

နှစ်အိမ်ထောင် မြန်မြန်ပေါင်းစည်းရေးအတွက် ရစ်ချီ ပေးဆပ်ရမည့်တန်ဖိုးက များလွန်းနေမှန်း သူ့ဘာသာ သိပြီးသားဖြစ်သည်။ အချိန်အနည်းငယ် ထပ်စောင့်လိုက်ရုံဖြင့် သူ့အတွက် သက်သာသွားမည်ကိုလည်း သိသည်။ လော်ရာ၏ အလှဂုဏ်သတင်းမှာ ပို၍ ကျော်စောလာမည်ဖြစ်သလို ရစ်ချီလည်း ယခင်ကထက် ပို၍ ချမ်းသာကြွယ်ဝလာလိမ့်မည်။ ထိုအခါ အမတ်

ကိုယ်တိုင် သူ့သားနှင့် လက်ဆက်ပေးဖို့ ရစ်ချီ့ဆီ ခွင့်တောင်းလာလိမ့်မည်။ ခုတော့ အိုးကမပူဘဲ စလောင်းကအလျင် ပူရလေပြီ၊ မတတ်နိုင်။ ယခုကိစ္စက အမတ်နှင့် အပေးအယူ လုပ်ရမှာမဟုတ်၊ လူသတ်သမား လက်ကလွတ်အောင် ရန်းရမှာ ဖြစ်သည်။ လော်ရာ့အသက်ထက် ဘယ်အရာမျှ သူ့အတွက် တန်ဖိုးမရှိ၊ စည်းစိမ်ပြုတ်ချင် ပြုတ်စမ်းပါစေ။ လော်ရာ အပျိုရည် ပျက်သွားမှသာ၊ ကိုယ်ဝန်ရှိသွားမှသာ လူသတ်သမား၏လက်က လွတ်လိမ့်မည်။ ထိုအခါမှ သူမဆီက လူသတ်သမား လိုချင်သော အရာအားလုံး ပျောက်ဆုံးသွားမှာ၊ အကြံအစည် ပျက်သွားမှာ ဖြစ်သည်။ မင်္ဂလာအခမ်းအနားကိုတော့ ဂရက်ဆေးမြို့မှာ ပြန်ကျင်းပမည်။ ရန်သူကို သူမသိနိုင်သည့်တိုင်၊ ဘယ်တော့မှ သိရမှာ မဟုတ်သည့်တိုင် မင်္ဂလာပွဲကြီး ကျင်းပကာ အနိုင်ပိုင်းလိုက်ပြီ ဖြစ်ကြောင်း သက်သေပြချင်သည်။

သူ့အကြံမှာ အတော်ပင် ထောင့်စေ့သည်။ ရစ်ချီ၏ လိမ္မာပါးနပ်မှုကလည်း အမှန်တရားနှင့် လွန်စွာနီးကပ်သည်။ လော်ရာနှင့် အယ်လ်ဖွန်ဆေတို့၏ မင်္ဂလာပွဲသည် လူသတ်သမားအတွက် ကျဆုံးခန်း ဖြစ်သည်။ အခုတော့ မြင်းသုံးစီးက တန်နာရွှန်တောင်တန်းများကို ဖြတ်သန်း၍ သွားနေတုန်းသာ ရှိသေးသည်။ တစ်ခါတလေ လမ်းကဆိုးလွန်းသဖြင့် မြင်းပေါ်ကပင် ပြုတ်ကျမတတ် ဖြစ်ရသည်။ ညနေစောင်းမှာတော့ လာနပိုလီမြို့လေးအနီးက ပင်လယ်နားသို့ ရောက်လိမ့်မည်ဟု မျှော်လင့်သည်။

*****

အခန်း (၄၄)

ရစ်ချီနှင့် လော်ရာတို့ ဂရက်ဆေးမြို့က ထွက်ခွာနေစဉ် တစ်ချိန်တည်းတွင် မြို့စွန်ရှိ မဒမ်အာနူဗီ၏ အလုပ်ရုံထဲက ဂန်နီက ဂျုံကေးလ်ပန်းများကို ဆီနှင့် နူးနပ်နေသည်။ တစ်ယောက်တည်းရှိနေချိန် ဖြစ်၍ စိတ်ကောင်းဝင်နေသည်။ ဂရက်ဆေးမြို့မှာ နေရသောနေ့ရက်များ ကုန်ဆုံးတော့မည်ဟု တွေးနေသည်။ အောင်ပွဲက သူနှင့် အလှမ်းဝေးသွားသည်ကိုတော့ မသိသေးချေ။

သူ့တဲလေးထဲမှာတော့ ဂွမ်းစများခံ၍ ဖန်ရေမွှေးပုလင်း နှစ်ဆယ့်လေးလုံး ထည့်ထားသော သစ်သားသေတ္တာရှည်ကလေး တစ်လုံးရှိသည်။ ထိုဖန်ပုလင်းများထဲမှာ ဆီအေးနှင့် အဆီထုတ်သော နည်းဖြင့် ထုတ်ယူထားသော အပျိုစင်နှစ်ဆယ့်လေးယောက်၏ ရေမွှေးရည်များ ရှိသည်။ အားလုံးထဲမှာ အဓိကလိုအပ်သော နှစ်ဆယ့်ငါးခုမြောက် ရနံ့ကိုသည်ကနေ့ရယူမည်။ သူက အရက်ဆီအိုးကြီး တစ်လုံးထဲသို့ အကောင်းစား လီနင်ပိတ်တစ်စကို နှစ်၍ အကြိမ်ကြိမ်သန့်စင်ကာ ဆီအိုးငယ်လေးတစ်လုံးထဲထည့်သည်။

သူသွားရမည့် နေရာအကွက်အကွင်းကိုလည်း အသေးစိတ် လေ့လာထားပြီးပြီ။ အိမ်ထဲ ဝင်ရောက်ဖို့ နည်းလမ်းများကိုလည်း သိသည်။ ထို့ကြောင့် စံအိမ်တံခါးများမပိတ်ခင် မှောင်ရီပျိုးလာသည်နှင့် သွားဖို့ ကြံထားသည်။ ဘာရေမွှေးမှ ဆွတ်သွားမှာ မဟုတ်သဖြင့် တိတ်တဆိတ် ဖောက်ထွင်း ဝင်ရောက်လာသော သူ့ဆီက ဘာအနံ့မှရမှာ မဟုတ်ကြ။ စံအိမ်၏ ချောင်ကြိုချောင်ကြား တစ်နေရာရာမှာ ပုန်းနေဖို့ပဲလိုသည်။

လူခြေတိတ်၍ အိပ်ပျော်သွားကြသော အချိန်ရောက်မှ သူ့နှာခေါင်းကို သံလိုက်အိမ်မြှောင်သဖွယ် အသုံးပြုကာ ရတနာအိပ်ခန်းရှိရာသွား၍ ဆီစိမ်အဝတ်များနှင့် လုပ်ငန်းစရုံသာ ဖြစ်သည်။ပြီးလျှင် ထုံးစံအတိုင်း ဆံပင်နှင့် အဝတ်အစားများကို သူနှင့်တစ်ပါတည်း ပြန်ယူလာခဲ့မည်။ ၎င်းတို့ကို အလုပ်ရုံထဲမှာ ယခု ပြင်ဆင်ထားသော အစီအမံများနှင့် အဆင်သင့် အဆီထုတ်ယူရုံသာ ကျန်သည်။ ပေါင်းခံဖို့ကိုတော့ နောက်တစ်ညလောက် ထပ်၍ စောင့်ရမည်။ အရာအားလုံး စီစဉ်ထားသည့်အတိုင်း ဖြစ်လာခဲ့လျှင် သန်ဘက်ခါကျ လောကမှာ အကောင်းဆုံး ရေမွှေးကို ဖန်တီးရန် အဆီအနှစ်အားလုံး သူပိုင်ဆိုင်သွားလိမ့်မည်။ ထို့နောက် သူသည် တစ်လောကလုံးမှာ အမွှေးပျံ့ဆုံး လူသားအဖြစ် ဂရက်ဆေးမြို့က ထွက်ခွာသွားတော့မည်။

နေ့လယ်လောက် ရောက်တော့ ဂျုံကေးလ်ပန်း အဆီထုတ်ခြင်း ပြီးဆုံးသွားသည်။ သူက မီးဖိုကိုငြိမ်းကာ ဆီအိုးကို အဖုံးပိတ်ထားလိုက် သည်။ ထို့နောက် အလုပ်ရုံထဲက ထွက်၍ လေညင်းခံသည်။ လေက အနောက်အရပ်က တိုက်ခတ်နေသည်။

လေကို ပထမဆုံး ရှူလိုက်သောအချိန်မှာပင် တစ်ခုခု မှားယွင်းနေမှန်း သူသိလိုက်သည်။ လေထုက ထိုသို့ ဖြစ်နေရမှာမဟုတ်။ လေထုသည် ချည်စပေါင်းများစွာဖြင့် ရက်လုပ်ထားသော ပိတ်စတစ်ခုသာ ဖြစ်လျှင် ထိုချည်စများထဲမှာ ချည်မျှင်တစ်စ ပျောက်ဆုံးနေသည်။ အဖိုးတန်ဆုံး ရွှေချည်မျှင်စ။ ထို့အတူ လေထုထဲမှာ ရောယှက်ပါလာနေကျ ရနံ့တစ်ခု ပျောက်နေသည်။ ခြေရာခံ၍ မရအောင် ပျောက်ဆုံးနေခြင်း။

ဂရန်နွီသည် ထိတ်လန့်အံ့သြမှုကြောင့် အကြောအခြင်များ ရပ်ဆိုင်းသွားသလို ခံစားရသည်။ ပထမတော့ သူမ သေသွားပြီဟု ထင်လိုက်မိသည်။ မဟုတ်သေး၊ တစ်စုံတစ်ယောက်က သူ့ထက်အလျင် သူမကို ခေါ်ယူသွားခြင်း ဖြစ်မည်။ ထိုသူသည် သူ၏ ပန်းကလေးကို ခူးဆွတ်သွားချေပြီ။ ပန်းကလေး၏ ရနံ့ပျောက်ကွယ်သွားပြီ။ ယူကျုံးမရ ထိတ်လန့်ကြေကွဲမှုကြောင့် အော်လို့ပင် အသံမထွက်တော့၊ မျက်ဝန်းထောင့်မှာလည်း မျက်ရည်စများ စို့စွတ်လာသည်။

ထိုစဉ် ဒြူးယော့က နေ့လယ်စာစားရန် ကွာတားဒေါ်ဖင် အရက်ဆိုင်မှ ပြန်လာသည်။ မနက်အစောပိုင်းက ဒုကောင်စစ်ဝန်နှင့် သမီးဖြစ်သူတို့ မြည်းဆယ့်နှစ်ကောင်နှင့်အတူ အဖွဲ့လိုက် ဂရန်နိုဘဲလ်မြို့သို့ ထွက်သွားတာ သူမြင်ခဲ့ရသည်။ ဒြူးယော့က ကြက်သေသေလျက် မတ်တတ်ရပ်နေသော ဂရန်နွီ့ကို မနက်က မြင်ကွင်းအား အခုထိ မျက်လုံးထဲက မထွက်ကြောင်း ဖောက်သည်ချသည်။

ဂရန်နွီက ဝဲနေသော မျက်ရည်စများကို သုတ်ကာ မြို့တံခါးဘက် ပြေးထွက်သွားသည်။ ဂိတ်ဝမရောက်ခင် တရှုံ့ရှုံ့ အနံ့ခံကြည့်သည်။ အနောက်အရပ်က တိုက်ခတ်လာသည့် သန့်စင်သောလေထဲမှာ ရွှေချည်စ၏ ရနံ့ကို ပါးပါးကလေး ပြန်ရသည်။ လုံးဝ မမှားနိုင်။ သို့သော် ထိုရနံ့သည် ဂရန်နိုဘဲလ်မြို့ တည်ရှိရာ အနောက်မြောက်အရပ်က လာခြင်းမဟုတ်။ ကက်တရစ်မြို့တည်ရှိရာ အနောက်တောင်အရပ်က လာခြင်းဖြစ်သည်။

ဂရန်နွီက မြို့တံခါးစောင့်ကို ဒုကောင်စစ်ဝန် ဘယ်လမ်းကို သွားသလဲဟု မေးမြန်းကြည့်တော့ အစောင့်က မြောက်ဘက်ကို ညွှန်ပြသည်။ သူက ကက်ဘရစ်မြို့ဘက် မဟုတ်ဘူးလား။ ဒါမှမဟုတ် လာနပိုလီမြို့ရှိရာ တောင်ဘက်လားဟု မေးတော့ အစောင့်က လုံးဝမဟုတ်ကြောင်း၊ သူ့မျက်စိနှင့် တပ်အပ်မြင်ခဲ့ရတာ ဖြစ်ကြောင်း ပြန်ပြောသည်။ ဂရန်နွီက သူ့တဲလေးဆီ

အမြန်ပြေးကာ လီနင်ပိတ်စထုပ်၊ ကတ်ကြေး၊ ဆီအိုး၊ ယောက်မနှင့် ချောမွတ်သော သံလွင်သား တင်းပုတ်လေးကို ကျောပိုးအိတ်ထဲ ထည့်၍ လမ်းအတိုင်း အမြန် ပြန်ထွက်သွားသည်။ ဂရန်နိုဘဲလ်မြို့ဘက်သို့ မဟုတ်၊ သူ့နှာခေါင်းညွှန်ပြရာ တောင်အရပ်သို့ ဖြစ်သည်။ ထိုလမ်းသည် လာနပိုလီမြို့ကို သွားသောလမ်း ဖြစ်သည်။ တန်နာရွှန် တောင်ကုန်းများ၏ အောက်ခြေဖြစ်သည်။ ဖရေယာတောင်တန်းများကြားမှာ ဆီညဲအမည်ရှိ မြစ်တစ်စင်းဖြတ်၍ စီးနေသည်။ လမ်းလျှောက်၍ သွားလို့ရသဖြင့် ဂန်နွီက အမြန် သုတ်ခြေတင်သည်။ အော်ရီပြူးမြို့က သူ၏ညာဘက်ခြမ်းက တောင်တန်းများဘက်မှာ ရှိသည်။

သူ့လိုပင် အလျှင်အမြန် ခရီးဆက်နေသည့် လူတစ်စု၏ အနံ့ကိုလည်း ရသည်။ အချိန်အနည်းငယ်ကြာတော့ ထိုသူ တစ်ယောက်ချင်းစီ၏ အနံ့ကိုပင် ခံနိုင်လာသည်။ သူတို့မြင်းများ၏ အနံ့ကိုလည်း ရသည်။ သူတို့သည် ဂန်နွီနှင့် မိုင်ဝက်လောက်သာဝေးသည့် တန်နာရွှန်တောအုပ်ထဲက တစ်နေရာမှာ ရှိသည်။ သူ့လိုပင် ပင်လယ်ဘက်သို့ ဦးတည်၍ ထွက်ခွာနေသည်။

ညနေ ငါးနာရီလောက်တွင် လာနပိုလီမြို့ကို ဂန်နွီ ရောက်သွားသည်။ သူက ပျော်ပွဲစားရုံသို့ သွားကာ ထမင်းစားသည်။ စျေးပေါသော အခန်းတစ်ခုခု ငှားရန် ရှိသလားဟု မေးသည်။ သူသည် နိစ်မြို့ကလာသော သားရေနယ်လုပ်သား ဖြစ်ကြောင်း၊ မာဆယ်လီသို့ သွားမည်ဖြစ်ကြောင်း လိမ်ပြောလိုက်သည်။ သူတို့က ဂန်နွီအား အခန်းမငှားကြောင်း၊ အိပ်ချင်လျှင် သည်တစ်ညတော့ တင်းကုပ်ထဲမှာ သွားအိပ်၍ ရကြောင်း ပြောသည်။

ဂန်နွီက တင်းကုပ်ထဲက ထောင့်တစ်နေရာမှာ သွားလှဲရင်း အနားယူသည်။ မြင်းစီးသမား သုံးယောက်၏ အနံ့ကို သူရပြီးပြီ။ သူတို့ရောက် အလာကိုသာ စောင့်နေရုံ ရှိသည်။

နှစ်နာရီကြာသောအခါ ညနေစောင်း၍ မှောင်သွားသည်။ ထိုအချိန်ကျမှ မြင်းစီးသမားများ ရောက်လာသည်။ သူတို့သည် ရုပ်ဖျက်ထားသဖြင့် အဝတ်အစားများ ပြောင်းနေသည်။ အမျိုးသမီးနှစ်ယောက်မှာ အနက်ရောင်ဇာပဝါ ကိုယ်စီခြုံထားသည်။ ရစ်ချီကတော့ အနက်ရောင်ဝတ်စုံ ပွပွကြီး ဝတ်ထားသည်။ သူက ကက်စတယ်လိန်းမြို့ကလာသည့် ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက် ဖြစ်ကြောင်း၊ မနက်ကျလျှင် လဲဟာစ်ကျွန်းသို့ လိုက်ပို့မည့် လှေတစ်ခုခု စီစဉ်ပေးစေလိုကြောင်း ပြောသည်။ ပျော်ပွဲစားရုံပိုင်ရှင်က နေထွက်သည်နှင့် သွားလို့ရအောင် လှေတစ်စီး အဆင်သင့် စီစဉ်ပေးပါမည်ဟု ဆိုသည်။ ရစ်ချီက သူတို့အပြင် တခြားဧည့်သည်များ ရှိသေးသလားဟု မေးတော့မရှိကြောင်း၊ နိစ်မြို့က သားရေနယ် လုပ်သားတစ်ယောက်သာ သည်ညတင်းကုပ်ထဲမှာ အိပ်မည်ဖြစ်ကြောင်း ပြောသည်။

ရစ်ချီက မိန်းကလေးများကို သူတို့နေရမည့် အခန်းထဲလိုက်ပို့ပြီး မြင်းပေါ်က အထုပ်အပိုးများ ပြန်သွားယူဦးမည်ဟု ဆိုကာ တင်းကုပ်ဘက် ထွက်လာသည်။ လမိုက်ညဖြစ်၍ ပထမတော့ တင်းကုပ်ထဲမှာ သားရေနယ်လုပ်သားဆိုသူကို ညအလင်းရောင်ဖြင့် သူ ရှာမတွေ့ချေ။ သူက မြင်းထိန်းတစ်ယောက်ဆီက မီးအိမ်တစ်လုံး တောင်းသည်။ ထိုအခါမှ ထောင့်တစ်နေရာတွင် ကျောပိုးအိတ်ကို ခေါင်းအုံး၍ စောင်အဟောင်း တစ်ထည်ခြုံကာ နှစ်ခြိုက်စွာ အိပ်ပျော်နေသော ဂန်နီ့ဦးခေါင်းကို တွေ့ရသည်။

မီးအိမ်၏ အလင်းရောင်ဖြင့် မြင်ရရုံနှင့်ပင် ဂန်နီ့ပုံစံကို ဘာမျှအမှုထားစရာ မလိုသည့် လူဖလံလေးတစ်ဦးမှန်း သိလိုက်သည်။ ဤသတ္တဝါ၏ အနေအထားက ဘာအန္တရာယ်မျှ ပေးနိုင်သည့်ပုံ မရချေ။ သူကသာ အစိုးရိမ်ကြီးလွန်းနေခြင်း ဖြစ်သည်ဟု သူ့ကိုယ်သူ ပြန်သုံးသပ်မိသည်။

သူက ဂန်နီ မနိုးအောင် ခြေဖျားထောက်၍ အသာလေး ပြန်ထွက်လာပြီး ပျော်ပွဲစားရုံထဲ ပြန်ဝင်သွားသည်။ ညစာကို သမီးနှင့်အတူ သူ့အခန်းထဲမှာ ယူစားသည်။ လော်ရာ့ကို ခရီးစဉ်၏ ရည်ရွယ်ချက်အကြောင်းတော့ တစ်ခွန်းမျှ ပြောမထားပေ။ လော်ရာက မေးသည့်တိုင် အင်းမလှုပ် အဲမလှုပ်သာ နေသည်။ သူက ယခု လုပ်သမျှမှာ သူမ ကောင်းစားဖို့အတွက်သာ ဖြစ်ကြောင်း၊ မနက်ဖြန်ကျလျှင် ကျွန်းပေါ်ရှိ ဘုရားကျောင်းမှာ လျှို့ဝှက်စွာ နေထိုင်ရန်နှင့် သည့်အတွက် နောင်ကျလျှင် စိတ်ချမ်းသာရမှာဖြစ်ကြောင်း နားချသည်။

စားသောက်ပြီးတော့ ဖဲကစားကြသည်။ ရစ်ချီက ကတ်ကို ကြည့်ရမည့်အစား လော်ရာ့မျက်နှာ လုလုလေးကိုသာ တစိမ့်စိမ့် စိုက်ကြည့်နေသဖြင့် သူချည်း ရှုံးလေသည်။ ကိုးနာရီဝန်းကျင်တွင် သူမ၏ အခန်းသို့ ရစ်ချီကိုယ်တိုင် ပြန်လိုက်ပို့ကာ နမ်း၍ နှုတ်ဆက်သည်။ ထို့နောက် အပြင်ဘက်မှ သော့ခတ်၍ ပိတ်ထားလိုက်သည်။ ထို့နောက် သူကိုယ်တိုင်လည်း အခန်းသို့ ပြန်၍ အိပ်ရာဝင်သည်။

မနေ့ညက အိပ်ရေးပျက်ထားသည်နှင့် သည်နေ့ တစ်နေကုန် ပင်ပန်းထားသောကြောင့် လည်းကောင်း၊ သူ့အစီအစဉ်အတိုင်း ဖြစ်တော့မည်ဟု ကျေနပ်သွားသောကြောင့် လည်းကောင်း၊ မသင်္ကာစရာ ဘာတစ်ခုမျှ မတွေ့ရသဖြင့် စိတ်ချသွားသောကြောင့် လည်းကောင်း မီးငြိမ်း၍ အိပ်ချလိုက်သည်နှင့် ဘာအိပ်မက်မျှ မမက်တော့ဘဲ တစ်ချိုးတည်း အိပ်ပျော်သွားသည်။ ရစ်ချီသည် ကိုယ်ခန္ဓာကို ဟိုဘက်သည်ဘက် လူးလိမ့်ခြင်း၊ ညည်းတွား ယောင်ယမ်းခြင်း၊ တွန့်လိမ်ခြင်း အလျှင်းမရှိဘဲ ငြိမ်းချမ်းစွာ၊ နှစ်ခြိုက်စွာ အိပ်ပျော်သွားလေသည်။

တစ်ချိန်တည်းမှာပင် တင်းကုပ်ထဲက ဂန်နီ နိုးလာပြီး လှဲနေရာမှ ထသည်။ သူဖြစ်စေချင်သလို ဖြစ်လာသောကြောင့် ကျေနပ်၍ လန်းဆန်း တက်ကြွနေသည်။

တကယ်တော့ သူသည် တစ်မေးမျှ မအိပ်ချေ။ ရစ်ချီ တစ်ယောက် တင်းကုပ်ထဲဝင်ရှာတုန်းက အိပ်ချင်ယောင်ဆောင်နေခြင်းသာ ဖြစ်သည်။ သတိမထားမိစေသော ရေမွှေးနံ့ကိုလည်း ဆွတ်ထားသဖြင့် သူ့ဆီက အန္တရာယ်အငွေ့အသက် လုံးဝပျောက်နေခဲ့သည်။ ရစ်ချီက သူ့ကို ယူဆသလိုပင် သူကလည်း ရစ်ချီအနံ့မှတစ်ဆင့် စိတ်သက်သာရာရသွားကြောင်း သိနေခဲ့သဖြင့် စိတ်အေးသွားသည်။

သူတို့နှစ်ယောက် တွေ့ဆုံမှု၏ ကောက်ချက်အသီးသီးကို နှစ်ယောက်စလုံးက သူတို့ကိုယ်သူတို့ မှန်သည်ဟု ထင်နေကြသည်။ သို့သော် ရစ်ချီ၏ ကောက်ချက်ကြောင့် ဂန်နီ့အဖို့ သူ့အလုပ်ဆက်လုပ်ဖို့ ပို၍ လွယ်ကူသွားသည်။ ဤသို့ဆိုလျှင် မှားယွင်းစွာ ကောက်ချက်ချမိသော ရစ်ချီအဖို့ သက်ရောက်လာမည့် အကျိုးဆက်ကား ဂန်နီနှင့် ပြောင်းပြန်သာ ဖြစ်သွားပေတော့မည်။

*****

အခန်း (၄၅)

ဂန်နီက ပညာရှင်ဆန်စွာ လုပ်ငန်းစသည်။ ကျောပိုးအိတ်ကိုဖွင့်၍ လီနင်ပိတ်စ၊ ဆီအိုး၊ ယောက်မတို့ကို ထုတ်သည်။ စောင်ကိုခင်း၍ တစ်ခုချင်း ဖြန့်တင်သည်။ ထို့နောက် ဆီအိုးထဲကို ယောက်မဖြင့်ကော်၍ ပိတ်စကို ဆီသုတ်သည်။ ထိုအလုပ်မှာ ပညာသားပါသည်။ ခန္ဓာကိုယ်ပေါ်ပတ်မည့် နေရာအလိုက် ဆီကို ထူထူတစ်မျိုး၊ ပါးပါးတစ်မျိုး သုတ်လိမ်းရ သည်။ ပါးစပ်၊ ချိုင်း၊ ရင်သား၊ လိင်အင်္ဂါနှင့် ခြေဖဝါးများသည် ညို့သကျည်း၊ ကျောကုန်း၊ တံတောင်ဆစ်တို့ထက် အနံ့ပိုထွက်သည်။ လက်ဖဝါးသည် လက်ဖမိုးထက်၊ မျက်ခုံးသည် မျက်ခွံထက် စသဖြင့် ပို၍အနံ့ထွက်သော အစိတ်အပိုင်းအလိုက် ဆီအထူအပါး ညီအောင် သုတ်ရသည်။ ဂန်နီသည် အဝတ်စပေါ်တွင် ဆီသုတ်၍ လူပုံစံငယ်တစ်ခုကို ဖန်တီးနေသည်။ စိတ်ကူး၊ ကျွမ်းကျင်မှု၊ အတွေ့အကြုံ ဤသုံးမျိုးကို အချိုးကျ ပေါင်းစပ်ဖန်တီးရသည့် သည်အလုပ်ကို သူအကျေနပ်ဆုံး ဖြစ်သည်။ ပြီးတော့ သည်ပိတ်စကို အသုံးပြုရမည့် တစ်စုံတစ်ယောက်ကလည်း စောင့်နေသည် မဟုတ်လား။

ဆီတစ်အိုးလုံး ကုန်အောင် သုတ်ပြီးတော့ နောက်ဆုံးတစ်ခေါက် အချောပြန်ညှိသည်။ တကယ်တော့ ထိုအလုပ်များကို မျက်စိဖြင့် ကြည့်၍ လုပ်ခြင်းမဟုတ်။ လမိုက်ည ဖြစ်၍ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရ။ ထိုအလုပ်များကို သူ့နှာခေါင်း၏ သိစိတ်အစွမ်းဖြင့် လုပ်ကိုင်နေခြင်း ဖြစ်သည်။ လမိုက်ညဖြစ်ဖြစ်၊ လကွယ်ညဖြစ်ဖြစ် သူ့အတွက် ဘာမှမထူးချေ။ သူ့အတွက် လောကကြီးကို ရနံ့များကတစ်ဆင့် မြင်နေရပြီး ဖြစ်သည်။ ထို့နောက် ဆီမျက်နှာပြင် တစ်ခုနှင့်တစ်ခု မပေအောင်ခေါက်ကာ ယောက်မ၊ ကတ်ကြေးနှင့် သံလွှင်သားတင်းပုတ်ကို ယူ၍ တင်းကုပ်ထဲမှ အသာလေးထွက်လာသည်။ ကောင်းကင်မှာ တိမ်ထူထပ်နေသဖြင့် ပျော်ပွဲစားရုံရှိ မီးရောင်ကလွဲ၍ အရာအားလုံး မှောင်မဲနေသည်။ ပြင်ပအလင်းရောင်ဟူ၍ အရှေ့အရပ် တစ်မိုင်အကွာ ဆာ့ထ်မာဂါရီကျွန်းပေါ်ရှိ ခံတပ်က မီးပြတိုက်မှ အလင်းရောင်သာ မှိတ်တုတ်မှိတ်တုတ် လက်နေသည်။ ထိုအလင်းရောင်ကလည်း ယခုအချိန်တွင် အနက်ရောင် အဝတ်စပေါ်က အပ်ပေါက်ရာလို သေးငယ်လှသည်။ ညှီစို့စို့ လေညင်းက ပင်လယ်ဘက်က တိုက်ခတ်လာ သည်။ ခွေးများလည်း အိပ်နေကြချေပြီ။

ဂန်နီက တင်းကုပ်နောက်ဘက်ကို လျှောက်လာသောအခါ လှေကားတစ်ခု ထောင်ထားသည်ကို တွေ့ရသည်။ သူက အားနေသော လက်တစ်ဖက်ဖြင့် လှေကားကို အလျားလိုက်မကာ ပခုံးနှင့်ဖိ၍ သယ်သွားသည်။ သူက ခြံထဲက

ဖြတ်သန်းကာ လော်ရာ့အခန်း ပြတင်းပေါက်သို့ သွားသည်။ ပြတင်းပေါက်က တစ်ဝက်တစ်ပျက် ဟနေသည်။ သူက လှေကားကို ပြတင်းပေါက်နှင့် တည့်အောင် ချိန်ရွယ်ကာ အိမ်နံရံနှင့်မှီ၍ ထောင်သည်။ ထို့နောက် တစ်ထစ်ချင်း အလွယ်တကူ တက်သွားသည်။

မိန်းကလေး၏ရနံ့ကို ရိတ်သိမ်းရန် လာနပိုလီမြို့သို့ ရောက်လာရသည့် အခြေအနေကိုပင် သူဝမ်းသာသည်။ ဂရက်ဆေးမြို့မှာဆိုလျှင် ပြတင်းပေါက်များ၊ တံခါးများကို အစောင့်များ တင်းကျပ်စွာ ချထားနိုင်သဖြင့် ဤမျှလွယ်ကူမှာ မဟုတ်ချေ။ စံအိမ်တော်မှာဆိုလျှင်လည်း အစေခံ မိန်းကလေးက သူမနှင့် တစ်ခန်းတည်း ရှိနေမည့်အတွက် သူ့အလုပ်ကိုများစွာ အနှောင့်အယှက် ဖြစ်နိုင်သည်။ အခုတော့ သည်အခန်းထဲမှာ လော်ရာ တစ်ယောက်တည်းသာ အိပ်နေသည်။

သူက ပြတင်းပေါက် တံခါးရွက်ကို အသာဆွဲဖွင့်ကာ အခန်းထဲသို့ တိတ်တဆိတ် လှမ်းဝင်သည်။ ပါလာသော ပိတ်စကို အောက်ခဏ ချထားလိုက်သည်။ အိပ်ရာဘက်သို့ လှည့်ကြည့်လိုက်တော့ သူမက ခေါင်းအုံးပေါ် မှောက်လျက် အိပ်နေသဖြင့် ဆံပင်ထဲက ထူးကဲသော ရနံ့တစ်ခု ပျံ့လွင့်နေသည်။ ထိုအနေအထားသည် ဦးခေါင်းကို တင်းပုတ်ဖြင့် တစ်ချက်တည်း ထုနှက်ရန် အကောင်းဆုံး ဖြစ်သည်။

တင်းပုတ်နှင့် ထုလိုက်သံ ခွပ်ခနဲ ခပ်အုပ်အုပ် ထွက်လာသည်။ ထိုအသံကို သူ မုန်းသည်။ အသံတိတ် လှုပ်ရှားရသည့် သူ့လုပ်ငန်းအတွက်တော့ ကြီးကျယ်သော အသံတစ်ခု ဖြစ်နေနိုင်သဖြင့် မုန်းသည်။ သို့သော် အံကို တင်းတင်းကြိတ်၍ သူ့အလုပ်သူ ဆက်လုပ်သည်။ ထိုအသံသည် သူမျှော်လင့်ထားသလောက်လည်း ကျယ်လောင်မနေ၊ ဘာအသံမှလည်း ပဲ့တင်ထပ်၍ ပြန်ထွက်မလာချေ။ ယင်းအစား မိန်းကလေး၏ အသက်ရှူသံ ပျောက်သွားသဖြင့် အခန်းသည် ပို၍ပင် တိတ်ဆိတ်ငြိမ်သက်သွားသည်။ ထိုအခါမှ တောင့်ထားသော သူ့ခန္ဓာကိုယ်က စိတ်သက်သာရာ ရသွားသဖြင့် လျော့ကျသွားသည်။

တင်းပုတ်ကို ခပ်ဝေးဝေးမှာ ချထားလိုက်ပြီးနောက် သူ့လုပ်ငန်း စသည်။ ခေါက်ယူလာသော ပိတ်စကို ဖြန့်၍ ဆီသုတ်ထားသော နေရာကို မထိအောင် စားပွဲခုံပေါ်မှာ လွှားထားလိုက်သည်။ အိပ်ရာခင်းစများကို ဆွဲဖယ်သည်။ ထိုအခါ မိန်းကလေး၏ ခမ်းနားသော ရနံ့ပူပူနွေးနွေးက ရုတ်တရက် လှိုက်၍ တက်လာသည်။ ထိုရနံ့ကို မကြာခင် သူ ပိုင်ဆိုင်ရတော့မည်၊ ၎င်း၏ ညှို့ငင်အားမှာ ယစ်မူးမနေသင့်။ အခုလောလောဆယ် ထိုရနံ့ကို တတ်နိုင်သမျှ ဖမ်းဆုပ်၍ ယူထားရမည်။ အနည်းငယ်လောက် အငွေ့ပျံ့သွားသည်ကို နမျောမနေသင့်တော့။

သူက ညအိပ်ဂါဝန်ကို ကတ်ကြေးဖြင့် လျှင်မြန်စွာညှပ်၍ ဆွဲချွတ်လိုက်သည်။ ဆီသုတ်ထားသော လီနင်ပိတ်စကို ယူကာ သူမ၏ အဝတ်မဲ့ခန္ဓာကိုယ်ကို ခေါင်းစခြေဆုံး ပတ်၍ လိပ်ထားလိုက်သည်။ အဝတ်အစား များကိုတော့ တစ်နေရာတွင် ပုံထားလိုက်သည်။

သူမသည် ဆံပင်များမှလွဲ၍ မံမီရုပ်အလောင်းတစ်ခုလို ဖြစ်သွားသည်။ သူက ဆံပင်များကို ဦးရေပြားမှ ဖြတ်ယူကာ အဝတ်များဖြင့် ထုပ်ထားလိုက်သည်။ ကျန်ရှိသော ဆီအဝတ်ကို လွတ်နေသော ဦးခေါင်းပေါ်မှ ပိတ်၍ ဖုံးလိုက်သည်။ အစွန်းထွက်နေသော ပိတ်စများကို လက်ချောင်းထိပ်များဖြင့် ညင်သာစွာ ဖိပေးသည်။ နောက်ဆုံးတွင် မိန်းကလေး၏ တစ်ကိုယ်လုံး အနံ့ထွက်စရာ ဘယ်မွေးညင်းပေါက်မှ မကျန်အောင် အဝတ်စဖြင့် ထုပ်ပြီး သွားလေသည်။ အရက်တက်သည်အထိ ခြောက်နာရီကြာအောင် စောင့်နေဖို့သာ ကျန်တော့သည်။ သူက နောက်မှီ ကုလားထိုင်လေးတစ်လုံးကို ခုတင်ခြေရင်းနားသို့ ဆွဲယူ၍ ထိုင်စောင့်နေလိုက်သည်။

အဝတ်ထုပ်တွင် သူမ၏ ရနံ့ပါးပါးလေး စွဲကျန်နေသည်။ သူမ၏ အင်္ကျီအိတ်ကပ်ထဲက လမ်းမှာ စားဖို့ထည့်ထားသည့် စမုန်စပါးကိတ်မုန့်လေး တစ်လုံး၏ အနံ့ကိုရသဖြင့် ထုတ်စားလိုက်သည်။ သူ ပင်ပန်းနေသည်။ သို့သော် အိပ်ချင်စိတ်တော့ မရှိ။ သူ့အလုပ်က စောင့်နေဖို့သာဖြစ်၍ အိပ်လို့လည်း မဖြစ်ချေ။ သို့နှင့် ဘာဒီနီ၏ အလုပ်ခန်းထဲမှာ ပေါင်းခံရည်ဖြင့် စမ်းသပ်ခဲ့သည့် ညများအကြောင်း ပြန်တွေးနေမိသည်။

ဘယ်လောက်ပဲ အိပ်ချင်နေပါစေ မအိပ်မနေ စောင့်ဖို့က သူ့ အတွက် သိပ်ခက်ခဲသည်တော့ မဟုတ်ချေ။ စောင့်ရတာကိုပင် ပျော်သေးသည်။ တခြားမိန်းကလေး နှစ်ဆယ့်လေးယောက်တုန်းကလည်း သည်လိုပဲ စောင့်လာခဲ့ဖူးသည်။ စောင့်ရင်း တစ်ရေးတမောလောက် အိပ်လို့ရသော်လည်း တစ်ခုခုထဖြစ်လျှင် မခက်ပါလား။ ထို့ကြောင့် ဘာမှလုပ်စရာ မရှိလျှင်တောင် တစ်ချက်ကလေးမျှ မငိုက်မြည်းအောင် နေသည်။ သူ့အလုပ်ကို ဘာအမှားအယွင်းမှ မရှိရအောင် အကောင်းဆုံး ဆောင်ရွက်သည်။ ထိုသို့ ဆောင်ရွက်ခဲ့သောကြောင့်လည်း အောင်မြင်မှု သရဖူကို ဆောင်းနိုင်တော့မည်။ သူထပ်စောင့်ရ နောက်နာရီ အနည်းငယ်ပေါ့။ ထိုအတွေးကြောင့် သူ ကျေနပ်ပီတိ ဖြစ်နေသည်။ သူ့ဘဝမှာ တစ်ခါမျှ သည်လောက် စိတ်မချမ်း သာခဲ့ဖူးချေ။ လိုဏ်ဂူထဲ ပြန်သွားရမည်ဆိုလျှင်တောင် သည်လောက် ပျော်မိမှာမဟုတ်။

ဂရ်နွီသည် သူ့အတွေးနှင့်သူ ပျော်နေသည်။ အပျိုစင် နှစ်ဆယ့်ငါးယောက်၏ရနံ့ကို ပေါင်းစပ်၍ အကြီးကျယ်ဆုံး ရေမွှေးတစ်ခု ဖန်တီးနိုင်တော့မည်ကို တွေးမိခြင်းကြောင့်တော့ မဟုတ်။ အတိတ်ကို တစိမ့်စိမ့်

ပြန်တွေး၍ ကျေနပ်နေခြင်းကြောင့်သာ ဖြစ်သည်။ အမြဲတမ်း အမှောင်ကျနေခဲ့သော သူ့အတိတ်မှာ ပျော်စရာစိတ်ကူးနှင့်တူသော အချိန်ကာလများ ရှိတော့ ရှိခဲ့သည်ဟု တွေးသည်။ မဒမ်ဂါယာ၏ အိမ်က ပူနွေးစိုစွတ်သောထင်းပုံမှ အစပြု၍ သားရေနယ်သမားကြီး ဂရင်မယ်၊ ဂျူဆက်ပီဘာဒီနီ၊ မားကွစ်ဒီလာတိုင်လာဒီအက်စ်ပင်နက်စ်၊ ယခု ရောက်ရှိနေသော လာနပိုလီမြို့အထိ သူ့ဘဝကို အစကပြန်၍ စဉ်းစားကြည့်သည်။ ဆိုးဝါးကြမ်းတမ်းသော ရနံ့ထောင်ပေါင်းများစွာဖြင့် ပြိုးပြက်ဝင်းလက်နေသည့် ပါရီမြို့တော်ကြီး။ မားရစ်လမ်းထဲက ဆံပင်နီနှင့် မိန်းကလေး။ လူသားများနှင့် ကင်းဝေးရာ အော်ဗန်ညီတောင်တန်းများထဲက လိုဏ်ဂူနှင့် တောင်ထွတ်။ ထူးဆန်းသော အိပ်မက်။ အားလုံးကို သူ အကျေနပ်ကြီး ကျေနပ်နေသည်။ အတိတ်က အကြောင်းအားလုံးသည် ယခုအကျိုးဆက်ကို ဖြစ်ပေါ်စေသည့် မူလအရင်းခံ။ သူ့ဘဝကို သူ ကျေနပ်သည်။ သူ့ဘဝ၏ ရည်မှန်းချက်ကို မှောင်မည်းသော ဤအိပ်ခန်းထဲမှာ ရှာတွေ့လိမ့်မည်ဟု ယောင်လို့မျှ မတွေးမိခဲ့ပါတကား။ သည်အတွက် တစ်ခုခုကို ကျေးဇူးတင်ချင်သည်။ ဂန်နီက “ကျေးဇူးတင်ပါတယ်...” ဟု တိုးညင်းစွာ ရေရွတ်လိုက်သည်။

“ငါ မင်းကို ကျေးဇူးတင်တယ်။ မင်းက ယန်းဘပ်တိစ်ဂန်နီ ဖြစ်နေတဲ့အတွက်ကို ကျေးဇူးတင်တယ်”

ဂန်နီသည် သူ့ကိုယ်သူ အလွန်တရာ လေးစားကြည်ညိုနေသည်။ သူ့ကိုယ်သူ လက်လျှော့အရှုံးပေးလိုက်သည့်ဟန်ဖြင့် မျက်လုံးများကို မှိတ်လိုက်သည်။ အိပ်ဖို့မဟုတ်၊ မွန်မြတ်သော ဤညၡ၏ ငြိမ်းချမ်းမှုကို အပြည့်အဝ ခံစားဖို့သာ။ ထိုအခါ သူ့နှလုံးသားထဲမှာ အေးချမ်းသာယာမှုတို့ ပြည့်လျှမ်းလာလေသည်။

ဘေးချင်းကပ် အခန်းထဲမှာ ငြိမ်းချမ်းစွာ အိပ်စက်နေသော အစေခံမိန်းကလေးကို သူ အနံ့ခံမိသည်။ ထောင့်ဆုံးအခန်းမှာ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်စက်နေသော အန်တွိုင်းရစ်ချီ၏ အနံ့ကိုလည်း ရသည်။ ပျော်ပွဲစားရုံ ပိုင်ရှင်နှင့် သူ့အစေခံများ၊ ခွေးများ၊ တင်းကုပ်ထဲက တိရစ္ဆာန်များ၊ နောက်တစ်ရွာလုံး၊ ပင်လယ်၊ အရာအားလုံး တိတ်ဆိတ်ငြိမ်သက်စွာ၊ အေးချမ်းစွာ အိပ်စက်နေသည်ကို သူခံစားမိသည်။ လေပင် မတိုက်ခတ်ဘဲ ငြိမ်နေသည်။ ဘယ်အရာကမှ ငြိမ်းချမ်းမှုကို မနှောင့်ယှက်၊ မဖျက်ဆီးကြ။

သူသည် ခြေတစ်ဖက်ကိုမြှောက်၍ လော်ရာ့ခြေဖဝါးနှင့် သူ့ခြေဖဝါးချင်း ညင်သာစွာ ထိလိုက်သည်။ ခြေဖဝါးဟု ပြော၍မရ၊ ခြေဖဝါးကို ပတ်ထားသည့် အဝတ်ကို။ ဆီသုတ်လိမ်းထားသော အဝတ်ကတော့ သူ့ကိုယ်ပိုင်ရနံ့ ဖြစ်လာတော့မည့် သူမ၏ ထူးကဲမွှေးပျံ့သော ကိုယ်သင်းရနံ့ကို အစွမ်းကုန် စုပ်ယူသောက်သုံးနေလေသည်။

*****

အခန်း (၄၆)

ငှက်ကလေးများ၏ ကျီကျီကျာကျာအသံ စထွက်လာသည်။ အရုဏ်တက်တော့မည်။ ဂန်နီက ထိုင်ရာမှထ၍ သူ့လုပ်ငန်းကို လက်စသတ်သည်။ သူသည် အလောင်းပေါ်က အဝတ်စကို အနာကပ်ပလတ်စတာတစ်ခု ခွာသလို ဆွဲခွာလိုက်သည်။ အဆီလွှာက သူမ၏ အရေပြားပေါ်မှ အသာအယာ ကွာကျလာသည်။ သူကယောက်မဖြင့် သူမ၏ အသားပေါ်က အဆီလွှာကို ခြစ်ယူသည်။ နောက်ဆုံးတစ်ခေါက်အဖြစ် ခေါင်းစခြေဆုံး ကျန်တာကို သူမ၏ အတွင်းခံအင်္ကျီနှင့် သုတ်၍ ယူသည်။ သူမ၏ မွေးညင်းတစ်ပေါက်မျှ အဆီတစ်စက် မကျန်ခဲ့စေရ။ သူမသည်သာ ပန်းကြွေတစ်ပွင့်က ပွင့်ဖတ်တစ်ခုလို ဖြူလျော်ပျော့ခွေ၍ ကျန်ရစ်ခဲ့သည်။ ဂန်နီ့ အတွက်တော့ သူမက အခုမှ တကယ်သေဆုံးသွားခြင်း ဖြစ်လေသည်။

ဂန်နီက အတွင်းခံအင်္ကျီကို ဆံပင်နှင့် အဝတ်အစားများ ရောထုပ်ထားသည့် အဝတ်ထုပ်ထဲ ထည့်သည်။ ထိုအဝတ်ထုပ်ကသာ သူမ၏ ရနံ့ထွက်နေသဖြင့် အသက်ဝိညာဉ်ကို ထုပ်ထားသည့်နှယ်။ သူက ထိုအထုပ်ကို ပခုံးမှာ လွယ်သည်။ ခုတင်ပေါ်က အလောင်းကိုတော့ ဘာမျှပြန်၍ မဖုံးထားခဲ့ချေ။

မှောင်မည်းသောညသည် ပြာရီသောအရုဏ်ဦး ဖြစ်လာသည်။ ထိုအခါ အခန်းထဲရှိ အရာဝတ္ထုများက မှုန်ပျပျ အလင်းရောင်မှာ ခပ်ရေးရေး ပေါ်လာသည်။ ခုတင်ပေါ်က မိန်းကလေးကိုတော့ သူနှင့် မဆိုင်တော့သလို တစ်ချက်မျှ လှမ်း၍မကြည့်။ သူမ၏ အသွင်က သူ့ကို လုံးဝ မဆွဲဆောင်နိုင်တော့ချေ။ ဂန်နီသည် သူမကို အစကတည်းက ရုပ်နှင့်နာမ်နှင့် ခန္ဓာကိုယ်တစ်ခုအဖြစ် မသတ်မှတ်ခဲ့ချေ။ သူ့အတွက်တော့ သူမသည် ခန္ဓာကိုယ်ရှိသော ရနံ့တစ်ခုသာ ဖြစ်သည်၊ အခုတော့ ခန္ဓာကိုယ်မဲ့သွားသော ရနံ့။ ထိုရနံ့ကို သူ့လက်ထဲမှာ ဆောင်ယူလာချေပြီ။ သူက ပြတင်းပေါက်ပေါင်ကို ကျော်ခွ၍ လှေကားအတိုင်း ညင်သာစွာ ပြန်ဆင်းသွားလေသည်။

အပြင်မှာ လေပြန်တိုက်လာသည်။ ရွာကလေး၏ အထက်မှ အပြာရင့်ရောင် ကောင်းကင်က ကြည်လင်အေးမြလျက်။

တစ်နာရီခန့်ကြာသောအခါ အစေခံမလေးတစ်ယောက်က မီးဖိုချောင်ထဲမှာ မီးထမွှေးသည်။ အပြင်ကို ထွက်လာတော့ အိမ်နံရံကို မှီထောင်ထားသော လှေကားကို တွေ့သည်။ သို့သော် အိပ်ချင်မူးတူး ဖြစ်နေသောကြောင့် ဘာကိုမှထူး၍

မစဉ်းစားမိချေ။

ခြောက်နာရီကျော်သည်နှင့် နေထွက်လာသည်။ နေလုံးကြီးက လဲဟာစ်ကျွန်းများကြားရှိ ပင်လယ်ထဲမှ ရွှေရောင်အလင်းတန်းများ ဖြန့်ကျက်၍ ထွက်ပေါ်လာသည်။ ကောင်းကင်မှာ တိမ်တစ်စမျှ ရှိမနေ။ နွေဦးပီသသော နေ့တစ်နေ့ အစပျိုးလာခဲ့ပြီ။

ရစ်ချီ၏အခန်းမှာ အနောက်အရပ်သို့ မျက်နှာမူထားသဖြင့် ခုနစ်နာရီထိုးသည့်တိုင် နိုးမလာချေ။ သည်လပိုင်းများထဲ၌ ပထမဆုံးအကြိမ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခဲ့သောကြောင့်လည်း ပါသည်။ နောက်ထပ် ဆယ့်ငါးမိနစ်ကြာတော့ အောက်ထပ်ရှိ မီးဖိုချောင်ထဲက အသံဗလံများ ထွက်လာသည်။ ထိုအသံများကြားမှပင် နိုးလာပြီး သက်ပြင်းချ၍ အပျင်းကြောဆန့်မိသည်။ အိပ်ရာမှထ၍ ပြတင်းပေါက်ကို အကျယ်ကြီး ဖွင့်လိုက်သောအခါ အပြင်ဘက်ရှိ လှပသော ရာသီဥတုကို မြင်ရသည်။ လတ်ဆတ်သော မနက်ခင်းလေကို အားပါးတရရှူသည်။ လှိုင်းပုတ်သံကို နားစွင့်သည်။ စိတ်ထဲမှာ ကြည်လင်လန်းဆန်းနေသဖြင့် နှုတ်ခမ်းစူကာ လေကလေးတောင် ချွန်မိသည်။ အဝတ်အစား လဲတော့လည်း လေချွန်မပျက်သလို အခန်းထဲကထွက်၍ လော်ရာ့အခန်းဆီ လျှောက်လာသည့် တစ်လမ်းလုံး ဆက်၍ လေချွန်သွားသည်။ သူက လော်ရာ့အခန်းတံခါးကို အသာအယာ ပုတ်သည်။ သူမကို လန့်မသွားစေချင်သဖြင့် ခပ်ဖွဖွ ထပ်ပုတ်လိုက်သည်။ ပြန်ဖြေသံ မကြားရ။ လော်ရာ အိပ်ပျော်နေတုန်းဖြစ်မည်ဟု သဘောပေါက်လိုက်သဖြင့် ပြုံးလိုက်မိသည်။ သူက သော့ခလောက်ထဲသို့ သော့တံကို ဂရုတစိုက် ထိုးထည့်၍ ဖွင့်သည်။ လော်ရာ နိုးသွားမှာစိုး၍ လက်ကိုင်ဘုကိုပင် ညင်ညင်သာသာလေး လှည့်ဖွင့်ကာ ဝင်လိုက်သည်။ သူမ အိပ်နေတာပဲ သူ မြင်ချင်သည်။ သမီးကလေးကို သူတစ်ပါးလက်ထဲ မထည့်ခင် နောက်ဆုံး အကြိမ်အဖြစ် တစ်ခါလောက်တော့ နမ်းရှုပ်၍ နှိုးချင်သည်။

တံခါးပွင့်သွားတော့ အထဲကို သူ လှမ်းဝင်လိုက်သည်။ ပြတင်းပေါက်ပွင့်နေသဖြင့် အခန်းထဲက အလင်းရောင်က ဝင်းခနဲ ဖြာထွက်၍ သူ့မျက်လုံးများဆီ စူးခနဲ တိုးဝင်လာသည်။ တစ်ခန်းလုံး ငွေရောင်များလက်သလို မျက်စိထဲ ဖြူတက်သွားသဖြင့် မျက်လုံးကို မှိတ်ထားလိုက်မိသည်။ သူ့ မျက်လုံးများ ပြန်ဖွင့်လိုက်သောအခါ ဦးခေါင်းမှာ ဆံပင်များမရှိတော့ဘဲ တစ်ကိုယ်လုံး ဖြူဆုတ်ပျော့ခွေလျက် အိပ်ရာပေါ်တွင် အဝတ်မဲ့ ခန္ဓာကိုယ်ဖြင့် လဲလျောင်းနေသော လော်ရာ့အလောင်းကို မြင်လိုက်ရလေသည်။

ထိုမြင်ကွင်းသည် တစ်နေ့ညက ဂရက်ဆေးမြို့မှာ မက်ခဲ့သော အိပ်မက်ဆိုးနှင့် တစ်ထပ်တည်းဖြစ်သည်။ ထိုစဉ်က အိပ်မက်ဆိုးကြောင့်

သူလန့်နိုးခဲ့သော်လည်း သေချာမမှတ်မိခဲ့။ အခုတော့ အိပ်မက်ဆိုးထဲက အသေးစိတ်မြင်ကွင်းကို ဖျတ်ခနဲ ပြန်မြင်ရသလိုမျိုး မှတ်မိသွားသည်။

အရာအားလုံး အိပ်မက်ထဲကအတိုင်း တစ်သဝေမတိမ်း တူညီနေသည်။ တစ်ခုပဲ ကွာသည်၊ ယခုမြင်ကွင်းက ပို၍ ရှင်းလင်းတောက်ပလွန်းသည်။

*****

အခန်း (၄၇)

လော်ရာ အသတ်ခံရသည့်သတင်းက ဂရက်ဆေးမြို့ကို တစ်မဟုတ်ချင်း ပျံ့နှံ့သွားသည်။ ထိုသတင်းသည် 'ဘုရင်ကြီး နတ်ရွာစံပြီ'၊ 'စစ်ကြီး ဖြစ်ပြီ'၊ 'ပင်လယ်ဓားပြတွေ ကမ်းရိုးတန်းပေါ် ရောက်လာပြီ' ဟူသော သတင်းစကားများလိုပင် ထိတ်လန့်ချောက်ချားဖွယ် ကောင်းလှသည်။

ဆောင်းဦးပေါက်တုန်းက ဖြစ်ပွားခဲ့သော လူတွေမေ့နေသည့် အကြောက်တရားက တစ်ဖန်ပြန်၍ ရိုက်ခတ်လာသည်။ထိုသတင်းကို ကြားကြားချင်းပင် မယုံသင်္ကာဖြစ်သူများ၊ ဒေါသထွက်သူများ၊ ရန်လိုသူများ၊ အကြောက်ကြောက်အလန့်လန့်နှင့် ထွက်ပြေးတိမ်းရှောင်သူများ ပြန်ပေါ်လာသည်။ ညဆိုလျှင် သမီးပျိုလေးများကို အိမ်ထဲမှာ တံခါးပိတ်၍ သော့ခတ်ထားကြသည်။ တစ်ယောက်နှင့် တစ်ယောက်လည်း မယုံကြတော့သလို အိပ်၍ပင် မပျော်နိုင်ကြတော့ချေ။ ဤတစ်ကြိမ်တွင်လည်း ယခင်ကလိုပင် တစ်ပတ်လျှင် တစ်ယောက် အသတ်ခံကြရဦးမည်ဟု ယူဆကြသည်။ အချိန်ကာလသည် ခြောက်လလောက် နောက်ပြန်ဆုတ်သွားသည့်အလား။

လူအများ၏ စိတ်ထဲတွင် အန္တရာယ်က ရတ်တရက်ကြီး နောက်ကျောကို ရောက်ချလာသလို ခံစားရသဖြင့် ယခုအခြေအနေက လွန်ခဲ့သော ခြောက်လကထက် ပို၍ဆိုးသည်။ ဂိုဏ်းချုပ်ဘုန်းကြီး၏ သစ္စာစကားပင် ဘာမှအရာရောက်ခြင်း မရှိဟု သက်သေပြလိုက်သည့်နှယ်။ အလိုရှိရာ အခွင့်အရေးမှန်သမျှကို တောင့်တနိုင်သော တစ်မြို့လုံးမှာ အချမ်းသာဆုံး၊ အာဏာအရှိဆုံးနှင့် အပါးနပ်ဆုံး ဒုကောင်စစ်ဝန် မဟာအန်တွိုင်းရစ်ချီပင် သူ့သမီးကို မကာကွယ်နိုင်တော့မှန်း သိရသဖြင့် အစိုးရိမ်လွန်ကုန်ကြသည်။ လော်ရာသည် လူတိုင်းက တန်ဖိုးထားသော အလှထိပ်ခေါင် သခင်မလေး ဖြစ်သည်။ သူမကို မြင်ဖူးသမျှ လူတိုင်းက သူတော်စင် နတ်ဘုရားမလေး တစ်ပါးနှယ် မထိရက်၊ မကိုင်ရက်အောင် ချစ်မြတ်နိုးကြသည်။ အခုတော့ အလှပန်းကလေး လော်ရာခမျာ လူသတ်သမားလက်ချက်ဖြင့် ကြွေလွင့်ရရှာချေပြီ။ သူမလို တစ်လောကလုံး အထွတ်အမြတ်ထားခံရ သူကိုပင် အလွတ်မပေးလျှင် အခြားသူများဆို လွတ်ဖို့လမ်း လုံးဝမမြင်။

လူသတ်သမားသည် ပလိပ်ရောဂါထက် ပို၍ ရက်စက်သည်။ ပလိပ်ရောဂါကို မဖြစ်ခင် ရှောင်ပြေးလို့ရသည်။ လူသတ်သမား၏ လက်ကတော့ ဘယ်နေရာ ထွက်ပြေးပြေး ရှောင်၍မရကြောင်း ရစ်ချီက သက်သေပြသွားခဲ့လေပြီ။ ၎င်းမှာ သဘာဝလွန် စွမ်းအင်များ ရှိနေသလားမသိ။ လူသတ်သမားသည် သူကိုယ်တိုင်က

နတ်ဆိုးတစ်ကောင်ဖြစ်ရင် ဖြစ်၊ မဖြစ်ရင်လည်း နတ်ဆိုးအဖွဲ့ထဲက မိစ္ဆာတစ်ကောင်ကောင်ဖြစ်မှာ သေချာသည်။

လူအများမှာ ဘုရားမှတစ်ပါး အားကိုးရာ မရှိတော့သည့်အလား ဘုရားကျောင်းသို့ ပြေး၍သာ အသနားခံကြလေသည်။ မိစ္ဆာကောင်၏ လက်မှလွတ်ဖို့ ဘုရားရိပ်ကိုသာ ခိုလှုံရာ ရှိတော့သည်ဟု မှတ်ယူကြပြီး သော့ပြင်ဆရာများက သူတော်စင် အယ်လွိုင်းစီးယပ်စ်ကို၊ အထည်ရက်သူများက သူတော်စင် ခရစ်စပင်ကို၊ ဥယျာဉ်မှူးများက သူတော်စင် အန်ထော်နီကို၊ ရေမွှေးပညာရှင်များက သူတော်စင် ယောသပ်ကို စသဖြင့် ကိုးကွယ်ရာ အသီးသီးကို တိုင်တည်ဆုတောင်းကြသည်။ သူတို့သည် မိန်းမနှင့်သမီးများကို တစ်ပါတည်း ခေါ်၍ နေ့ဘက်မှာပင် အပြင်မထွက်တော့ဘဲ ဘုရားကျောင်းထဲမှာပင် စားကြ၊ အိပ်ကြပြီး အားအားရှိ ထိုင်၍သာ ဘုရားရှိခိုးနေကြ တော့သည်။

ဘုရားကျောင်း၏ လုပ်ရပ်သည် ပထမတစ်ခေါက်ကတည်းက အရာမရောက်ကြောင်း လျင်မြန်စွာ သဘောပေါက်သည့် လူအချို့ကတော့ လျှို့ဝှက်သော အုပ်စုကလေးများ ဖွဲ့စည်းကာ ဂေါ်ဒွန်အရပ်မှ ဗိန္ဓောဆရာမတစ်ယောက်ကို အခကြေးငွေ အမြောက်အမြားပေး၍ ရပ်ရွာကို စောင့်ရှောက်ဖို့ ငှားရမ်းလိုက်ကြသည်။ သူတို့သည် ဂရက်ဆေးမြို့နားက လူသူမရောက်မပေါက်နိုင်သော ထုံးကျောက်လိုဏ်ဂူများထဲ တွားသွားဝင်ရောက်ကာ ဒလိနတ်စာ ကျွေးခြင်း၊ ခေါစာပစ်ခြင်း စသဖြင့် ဆိုင်ရာပိုင်ရာများကို ပူဇော်ပသကြလေသည်။

ပညာလည်းတတ်၊ ပိုက်ဆံလည်း ရှိသော အထက်တန်းလွှာများကမူ သမီးပျိုများကို အိပ်မွေ့ချထားခြင်း၊ အိမ်ကို သံလိုက်ဓာတ်နှင့် အရန်အတားပြုခြင်း၊ စိတ်တန်ခိုးဟု ခေါ်ဆိုကြသော တယ်လီပသီနည်းဖြင့် လူသတ်သမား၏ စိတ်ကူးထဲမှ မိမိတို့၏ သမီးပျိုများကို ဖျောက်ဖျက်စေခြင်း စသည့် ခေတ်အမီဆုံး သိပ္ပံနည်းလမ်းများနှင့် ငွေကုန်ကြေးကျခံ၍ ကာကွယ်ကြသည်။

ဂရက်ဆေးမြို့မှ လာနပိုလီမြို့အထိ ကုန်သည်အားလုံး စုဝေးကာ အစည်းအဝေး ထိုင်ကြသလို ဘုရားကျောင်းငါးကျောင်းရှိ ဘုန်းကြီးများမှာလည်း အသံမစဲ မဟာပဋ္ဌာန်းပွဲ ရွတ်ဖတ်သလိုမျိုး နေ့ညမပြတ် ဆုတောင်းစာများ ရွတ်ဖတ်နေကြရသည်။ ထို့ကြောင့် အိမ်တိုင်း၊ လမ်းတိုင်းတွင် နေ့ရောညပါ ဘုရားသံ၊ တရားသံများ ဝေစည်၍နေပြီး အလုပ်လုပ်သူ မရှိသလောက် ရှားကုန်သည်။ ဂရက်ဆေးမြို့သူမြို့သားများမှာ လူသတ်သမား ဘယ်အချိန်၊ ဘယ်နေရာမှာ ပေါ်လာမလဲ၊ မည်သူ သားကောင်ဖြစ်ဦးမလဲဟု စိတ်မရှည်မှု တစ်ပိုင်း၊ ထိတ်လန့်ကြောက်ရွံ့မှု တစ်ပိုင်းနှင့် အကယ်၍ ဖြစ်ချင်းဖြစ်လျှင် မိမိ မဟုတ်ပါစေနှင့်ဟု ဆုတောင်းရင်း သတင်းဆိုးကိုသာ ရင်တမမနှင့် ကျိတ်၍

စောင့်ဆိုင်းနေကြရသည်။

သို့သော် ပြည်နယ်နှင့် တိုင်းအစိုးရမှ အာဏာပိုင် အဖွဲ့အစည်းများက ယခင်လို ရှန်းရင်းဆန်ခတ် အဖြစ်မခံတော့ချေ။ ဤတစ်ကြိမ်တွင် အပျိုစင်လူသတ်သမား ပြန်ပေါ်လာကတည်းက ဂရက်ဆေး၊ တူလွန်၊ ဒရာဂီညွှန်မြို့များရှိ စီရင်စုနယ်ပယ်များတွင် တရားသူကြီးများ၊ ပုလိပ်များ၊ ထောက်ပို့အရာရှိများ၊ လွှတ်တော်နှင့် ရေတပ်များက စုံစမ်းစစ်ဆေးရေးအဖွဲ့များ စေလွှတ်လိုက်ကြသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်ကြသဖြင့် လူထုခမျာ အတော်အတန် အကြောက်လျော့သွားသလို စနစ်တကျ စုံစမ်းစစ် ဆေးမှုများကြောင့် ဤလူသတ်မှုမှတစ်ဆင့် လူသတ်သမားကို ပထမဆုံးအကြိမ် ခြေရာခံမိသွားကြသည်။

လူသတ်သမားကို သူတို့ မြင်လိုက်ကြရသည်။ ထိုညက ပျော်ပွဲစားရုံသို့ ရောက်လာသည့် သားရေနယ်လုပ်သား ခရီးသွားတစ်ယောက် ရှိခဲ့သည်။ သူ့ကို မြင်လိုက်ကြသူများက နိမိတ်မကောင်းသလို ခံစားကြရသည်။ ထိုသူသည် နောက်တစ်နေ့မနက်၌ ခြေရာဖျောက်သွားသည်။

ပျော်ပွဲစားရုံပိုင်ရှင်၊ မြင်းထိန်း၊ ရစ်ချီတို့က ထိုသူကို မြင်လိုက်သော်လည်း ပုံပန်းသွင်ပြင်ကိုတော့ သေချာမဖော်ပြတတ်ကြောင်း၊ အညိုရောင် ကုတ်အကျႌ၊ အညှို့စား လီနင်သား ကျောပိုးအိတ်တစ်လုံးနှင့် အရပ်ပုပု သူတစ်ယောက်ဖြစ်ကြောင်း ထွက်ဆိုသည်။ ထိုသူ၏ မျက်နှာ၊ ဆံပင်အရောင်၊ စကားပြောပုံဆိုပုံကို မပြောပြနိုင်ကြသဖြင့် မျက်မြင်သက်သေ သုံးယောက်၏ သဲလွန်စများကို စုစည်းကြည့်သော်လည်း တိတိကျကျရေရာမှု သိပ်မရှိချေ။ ပျော်ပွဲစားရုံပိုင်ရှင်က သူ့အထင် မမှားဘူးဆိုလျှင် ထိုသူ၏ ပုံပန်းမကျသော လူပုံသဏ္ဌာန်က တစ်မျိုးထူးသည်၊ ခြေဆာ၍နေခြင်း သော်လည်းကောင်း၊ ခြေထောက်မှာ ဒဏ်ရာတစ်ခုခု ရနေခြင်းကြောင့် သော်လည်းကောင်း ဖြစ်နိုင်သည်ဟု သတိထားမိကြောင်း ထပ်ဖြည့်ပြောသည်။

ထိုသဲလွန်စများကို ပေါင်းစပ်၍ ထိုနေ့ နေ့လယ်ခင်း၌ ကင်းစောင့် တပ်သားနှစ်ယောက်အား ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် မာဆယ်လီမြို့ရှိရာ မာဟွန်ရှော့ဆိတပ်ရင်းသို့ တစ်ယောက်၊ ကုန်းမြေဘက်သို့ တစ်ယောက် စေလွှတ်လိုက်သည်။ လာနပိုလီမြို့ပတ်ဝန်းကျင်က ရွာများတွင် လုပ်အားပေးများ စုဆောင်း၍ ရှာဖွေကြသည်။ ဂရက်ဆေးမြို့ရှိ ပြည်နယ်တရားရုံးမှ စုံစမ်းရေးအဖွဲ့ဝင် နှစ်ယောက်က နိစ်မြို့အထိထိ တက်၍ သားရေနယ်လုပ်သားများကို လိုက်မေးသည်။ ကန်းနိစ်၊ အန်တီဘ်စ်၊ ဖရက်ရှုးမြို့များရှိ ဆိပ်ကမ်းများမှ ထွက်ခွာမည့်သင်္ဘောများကို လိုက်စစ်ကြသည်။

ဆာဗွိုင်းမြို့သို့ အဝင်လမ်းများကိုလည်း ပိတ်ဆို့ကာ ခရီးသည်များ၏

မှတ်ပုံတင်ကို စစ်သည်။ စာဖတ်တတ်သူများအတွက် တရားခံ၏ ပုံပန်းသဏ္ဍာန်ဖော်ပြချက်နှင့် ဝရမ်းကို ဗန်စ်၊ ဂေါ်ဒွန်နှင့် ဂရက်ဆေးမြို့ ဂိတ်တံခါးဝများနှင့် ရွာထဲရှိ ဘုရားကျောင်းတံခါးများမှာ လိုက်ကပ်သည်။

ရွာသော်များက နေ့စဉ် သုံးကြိမ်တိတိ လိုက်ကြေညာသည်။ ဖော်ပြပါ အချက်အလက်များကြောင့် လူသတ်မှုများ၏ လက်သည်မှာ လူအများကြားထဲမှာ နာမည်ကြီးနေသလို နတ်ဆိုးမဟုတ်ကြောင်း သဘောပေါက်လာသဖြင့် ထိတ်လန့်ကြောက်ရွံ့မှုများ နည်းပါးသွားကြသည်။

သိပ်မကြာခင် ရစ်ချီကိုယ်စား ဂရက်ဆေးမြို့နယ် တရားသူကြီးက လူသတ်သမားအကြောင်း သတင်းအချက်အလက်ပေးနိုင်သူ မည်သူမဆို ဖရန့်ငွေ နှစ်ရာထက်မနည်း ဆုချမည်ဖြစ်ကြောင်း ကြေညာလိုက်ရာ ဂရက်ဆေး၊ အိုပီယို၊ ဂေါ်ဒွန်မြို့ရှိ သံသယရှိသူ သားရေနယ်လုပ်သား ခရီးသွားများကို ဖမ်းမိလာကြသည်။ ထိုသူထဲက တစ်ယောက်ကတော့ ကေန်မုချ လူသတ်သမားဖြစ်ရပေမည်။ သို့သော် ထိုသူများမှာ အလီဘိုင် ခိုင်ခိုင်မာမာ ပြသနိုင်သော မျက်မြင်သက်သေများ ရှိကြသဖြင့် လွှတ်ပေးလိုက်ကြသော်လည်း လူသတ်မှု ဖြစ်ပွားအပြီး ဆယ်ရက်အကြာနေ့လည်ခင်းတစ်ခုၙ မြို့စောင့်တစ်ယောက်က အောက်ရုံးတရား အောက်ရုံးတရားသူကြီး၏ ရုံးခန်းဆီ သံသယ တရားခံတစ်ယောက်ကို လာရောက်ထွက်ဆိုသည်။

မြို့စောင့်အမည်မှာ ဂေဘရီယယ်တက်လီယက်စကို ဟူ၏။ သူသည် အစောင့်တပ်သား ခေါင်းဆောင် ဖြစ်သည်။ တစ်နေ့ ဂရက်ဆေးမြို့ထိပ်တွင် ထုံးစံအတိုင်း တာဝန်ထမ်းဆောင်နေစဉ် လူတစ်ယောက် ရောက်လာကြောင်း၊ ထိုသူမှာ ဝရမ်းပါ အချက်အလက်များနှင့် အတိအကျ ကိုက်ညီနေသည်ကို ယခုမှ မှတ်မိသွားသဖြင့် လာ၍သတင်းပေးခြင်း ဖြစ်ကြောင်း၊ ထိုနေ့မနက်က ဒုကောင်စစ်ဝန်မြို့မှ ထွက်ခွာသွားပြီးနောက် ထိုသူက မည်သည့်အရပ်သို့ သွားသည်ကို လာ၍ မေးမြန်းကြောင်း၊ ထိုအဖြစ်ကို အရေးမကြီးလောက်ဟု ယူဆသဖြင့် အမှုမဲ့အမှတ်မဲ့သာ နေမိကြောင်း၊ မနေ့ကမှ ထိုသူကို ဂရက်ဆေးမြို့ထဲမှာ ပြန်မြင်၍ သတိရလာကြောင်း၊ ထိုသူသည် မဒမ်အာနူဖီနှင့် မစ္စတာဒြူးယော့တို့၏ အလုပ်ရုံ အရှေ့တည့်တည့်မှာ နေထိုင်ကြောင်း၊ အလုပ်ရုံထဲ ပြန်လျှောက်သွားချိန်တွင် ထိုသူမှာ ခြေဆာနေသည်ကို သတိထားမိကြောင်း ပြောပြသည်။

တစ်နာရီလောက် ကြာတော့ ဂရန်နွီ အဖမ်းခံလိုက်ရသည်။ လာနပိုလီမြို့မှ ပျော်ပွဲစားရုံပိုင်ရှင်နှင့် မြင်းထိန်းက ထိုညက သူတို့ဆီ လာသွားသူမှာ ဤသားရေနယ်လုပ်သားပင် ဖြစ်ကြောင်း ချက်ချင်း မှတ်မိသွားသည်။ သူတို့ အလိုရှိနေသော လူသတ်သမားက ဂရန်နွီပင် ဖြစ်ရမည်ဟု ယူဆကြသည်။

သူတို့က အလုပ်ရုံထဲ ဝင်ရောက်ရှာဖွေကြသည်။ ဖရန်စစ်ကန် ဘုရားကျောင်းနောက်ရှိ သံလွင်ပင်တန်းထဲက တဲအိမ်လေးကိုလည်း ရှာကြသည်။ ထိုအခါ စုတ်ပြဲနေသော ညအိပ်ဂါဝန်၊ အတွင်းခံအကျီနှင့် လော်ရာ့ ဆံပင်များကို တွေ့သွားကြသည်။ ထို့နောက် ကြမ်းပြင်ကို တူးဆွကြည့်သောအခါ မိန်းကလေး နှစ်ဆယ့်လေးယောက်၏ အဝတ်အပိုင်းအစများ၊ ဆံပင်များနှင့် လူသတ်ရာတွင်သုံးသော တင်းပုတ်နှင့် လီနင်သား ကျောပိုးအိတ်ကို တွေ့ကြရလေသည်။ သက်သေများမှာ ငြင်း၍ မရအောင် ခိုင်လုံသွားသဖြင့် ဘုရားကျောင်း ခေါင်းလောင်းများကို တီးခိုင်းလိုက်ကြသည်။ အောက်ရုံး တရားသူကြီးက နောက်ဆုံး၌ လူသတ်သမားကို ဖမ်းမိပြီဖြစ်၍ အချုပ်ထဲ ထည့်ထားလိုက်ပြီ ဖြစ်ကြောင်း ကြေညာလိုက်သည်။ လူထုသည် မိန်းမပျိုလေးများကို ရက်ရက်စက်စက် သတ်ဖြတ်သူကို တစ်နှစ်လောက်ကြာအောင် ရှာဖွေခဲ့ကြသော်လည်း အခုတော့ ဘယ်ကမှန်း မသိသည့် လူတစ်ယောက်ပါလားဟု တအံ့တသြ ဖြစ်နေကြလေသည်။

*****

အခန်း (၄၈)

ပထမတော့ လူအများက ထိုသတင်းကို မယုံကြချေ။ သက်ဆိုင်ရာ အဖွဲ့အစည်းများသည် ၎င်းတို့၏ ညံ့ဖျင်းမှုကို ဖုံးကွယ်လိုခြင်းနှင့် လူထု၏ ဆူပူအုံကြွမှုကို ငြိမ်သက်စေလိုခြင်းကြောင့် လုပ်ကြံ့ကွက်တစ်ခု ဖန်တီးယူလိုက်ခြင်းဟုသာ ယူဆကြသည်။ ဂရန်နီဘဲလ်မြို့တွင်လည်း အလားတူ ဖြစ်ရပ်မျိုး ပေါ်ပေါက်ခဲ့ဖူးသည်ကို ပြန်အမှတ်ရကြသည်။

ဤတစ်ကြိမ်တွင် အကြောက်တရားက လူထု၏ အသက်ဝိညာဉ်ထဲမှာပါ ခိုင်မြဲစွာ ကုပ်တွယ်ထားပုံ ရလေသည်။ ထို့ကြောင့် နောက်တစ်နေ့ရောက်အောင်ပင် မစောင့်ကြတော့ဘဲ တရားရုံးရှေ့ရှိ ဘုရားကျောင်းရင်ပြင်တွင် သက်သေများကို ထုတ်ပြရလေသည်။ မိန်းကလေး နှစ်ဆယ့်ငါးယောက်၏ အဝတ်အစားများနှင့် ဆံပင်များကို စာခြောက်ရုပ်များတွင် ဆင်၍ ရင်ပြင်တွင် ထောင်ပြထားသည်။ ထိုမြင်ကွင်းမှာ ထိတ်လန့် ချောက်ချားဖွယ် ကောင်းလှသည်။ ဤသက်သေများကို တွေ့ကြရတော့မှပင် လူထုက အမြင်ပြောင်းသွားသည်။

ထိုအနိဋ္ဌာရုံမြင်ကွင်းကို လူရာပေါင်းများစွာ လာကြည့်ကြသဖြင့် ရင်ပြင်တစ်ခုလုံး လူအုပ်ကြီးဖြင့် ပြည့်နေသည်။ အသတ်ခံရသူ၏ ဆွေမျိုးများက အဝတ်အစားများကို မှတ်မိသွားသောအခါ အော်ဟစ်ငိုသူက ငို၊ ခူးမေ့လဲသူက လဲ၊ တမ်းတအော်ခေါ်သူက ခေါ်ဖြင့် အလဲလဲအပြိုပြို ဖြစ်ကုန်သည်။ လူအုပ်တစ်ဝက်မှာ မမြင်ဖူး၍ လာကြည့်ကြသူများ ဖြစ်ကြပြီး တစ်ဝက်မှာ လုံးဝမယုံကြည်သူများ ဖြစ်သည်။ ထို့ကြောင့် လူသတ်သမားကို ထုတ်ပြဖို့ တောင်းဆိုကြလေသည်။ တစ်ခဲနက် ဝိုင်း၍ တောင်းဆိုကြွေးကြော်သံမှာ တဖြည်းဖြည်း လွန်စွာကျယ်လောင်လာသဖြင့် တရားရုံးက ဂရန်နွီကို အချုပ်ခန်းထဲမှ ထုတ်ပြရန် ဆုံးဖြတ်လိုက်ကြသည်။ ထို့နောက် ဂရန်နွီ့အား တရားရုံး ဒုတိယထပ် ပြတင်းပေါက်မှ လူလုံးထုတ်ပြလိုက်သည်။

ပြတင်းပေါက်တွင် ဂရန်နွီ ပေါ်လာသောအခါ လူအုပ်ကြီးမှာ ချောင်းဆိုးသံ၊ ခြေဆောင့်သံ၊ အသက်ရှူသံပင် မကြားရလောက်အောင် ရုတ်တရက် ငြိမ်ကျသွားသည်။ မျက်လုံးအဝိုင်းသား၊ ပါးစပ်အဟောင်းသား ဖြစ်နေသော လူအားလုံးက ပြတင်းပေါက်မှာ ရပ်နေသည့် ပခုံးတစ်ခြမ်း စောင်းနေသော အရပ်ပုပုနှင့် လူညက်ကလေးကို ကြည့်ကာ လူနှစ်ဆယ့်ငါးယောက်ကို သတ်ဖြတ်ခဲ့သော တရားခံဟု မည်သို့မျှ မယုံကြည်ချေ။ သူ့ပုံစံက ရက်စက်ကြမ်းကြုတ်သော လူသတ်သမားနှင့် လုံးဝမတူဘဲ ဘယ်နေရာမျှ

သုံးစားမရသည့် လူ့အန္တအသွင်သာ ရှိသည်။ သူ့ကို လူသတ်သမားဟု မည်သို့မျှ ပုံဖော်ကြည့်လို့ မရ၊ နတ်ဆိုး ဖြစ်ဖို့ ဝေလာဝေး။

လူသတ်သမားသည် သူတို့၏ အထင်နှင့်အမြင် တက်တက်စင်အောင် လွဲနေသော်လည်း ခိုင်လုံသော အထောက်အထားနှင့် သူမှလွဲ၍ အခြားမည်သူ့ကိုမျှ စွပ်စွဲရန် မရှိတော့သဖြင့် အားလုံးက သဘောတူလိုက်ကြသည်။ သူတို့၏ စိတ်ထဲတွင် ဤအဖြစ်ကို အမှန်ဟု လုံးဝ မယူဆသော်လည်း တစ်ဖက်တွင် ကျီးလန့်စာစား နေရသည့်အဖြစ်မှ လွတ်မြောက်ချင်စိတ်ဖြင့် အမှန်ဖြစ်ပါစေဟု ယုံချင်ကြသည်။

ခဏကြာတော့ အစောင့်အကြပ်များက သူ့ကို ပြန်ခေါ်သွားကြသည်။ ဂရန်နွီ မြင်ကွင်းမှ ပျောက်သွားသောအခါ လူအုပ်ကြီး၏ မျက်လုံးများ အသက်ပြန်ဝင်လာကြသည်။ ထို့နောက် လက်စားချေလိုစိတ် ပြင်းပြစွာ ဒေါသတကြီး အော်ဟစ်လိုက်သော “ငါတို့ကို ပေးလိုက်” ဟူသော အသံတစ်သံက ဟိန်း၍ ထွက်လာသည်။ လူအုပ်ကြီးသည် ဂရန်နွီအား ကိုယ်ထိလက်ရောက် တစ်စစီ ဆွဲဆုတ်ပစ်ချင်ဟန်ဖြင့် တရားရုံးဆီ တိုးဝှေ့၍ ဝင်လာသည်။ အစောင့်အကြပ်များက ဂိတ်တံခါးဝကို မင်းတုပ်ကြီးများချကာ ပိတ်ဆို့ထားနိုင်၍သာ တော်တော့သည်။ ပြတင်းပေါက်တွင် အောက်ရုံးတရားသူကြီး ပေါ်လာပြီး သူ့အား တရားခွင်မှာ အမြန်ဆုံးတင်၍ စီရင်ချက်ချမည် ဖြစ်ကြောင်း၊ ယခုတော့ တစ်မြို့လုံး အုတ်အုတ်ကျက်ကျက် မဖြစ်ရအောင် လူစုခွဲကြဖို့ မေတ္တာရပ်ခံသည်။ ဂရန်နွီအား တရားစွဲဆိုကာ ပြစ်မှုကျူးလွန်ကြောင်း အထောက်အထားများ ပြ၍ အပြစ်ကို ဝန်ခံခိုင်းသည်။ သို့သော် သူ့မှာ အပြစ်ရှိသလားဟု မေးသည့်အခါတိုင်း ဂရန်နွီ့ကို ကြီးလေးသည့် ပြစ်ဒဏ်ချမှတ်ဖို့ လုံလောက်သည့် အဖြေကို မရချေ။ သူကမိန်းကလေးများကို သတ်ပစ်ရသည်မှာ လိုအပ်ချက်အရ လုပ်ရခြင်းသာ ဖြစ်ကြောင်း အထပ်ထပ် ပြောဆိုသည်။ ဘာအတွက် လိုအပ်သနည်းဟု မေးသောအခါ ဂရန်နွီက ဘာမှ ပြန်မဖြေတော့ဘဲ ဆိတ်ဆိတ်သာနေသည်။ ထိုအခါ သူ့ကို နှိပ်စက်၍မေးဖို့ အမိန့်ချ လိုက်သည်။

ဂရန်နွီအား နာရီပေါင်းများစွာ ကြာအောင် ဇောက်ထိုးဆွဲထားသည်။ ရေစည်ထဲ နှစ်သည်။ သို့သော် မအောင်မြင်ချေ။ သူသည် ရုပ်ပိုင်းဆိုင်ရာ နာကျင်မှုများကို အသံတစ်ချက်မျှ မထွက်အောင် ခံနိုင်ရည်ရှိပုံ ရသည်။ သူ့ကို မည်မျှနှိပ်စက်၍ မေးမြန်းသည်ဖြစ်စေ၊ ‘လိုအပ်လို့ပါ’ ဟူသော အဖြေကိုသာ ရသည်။ တရားသူကြီးက သူ့အား ရူးနေသည်ဟု ယူဆလိုက်ပြီး မနှိပ်စက်ခိုင်းတော့ချေ။ မေးခွန်းများ ထပ်မမေးတော့ဘဲ အမှုကိုသာ အဆုံးသတ် စီရင်ချက်ချရန် ဆုံးဖြတ်လိုက်သည်။

သို့သော် အင်္ဂမြို့က လွှတ်တော်နှင့် ဒရာဂီညွန်မြို့က အောက်ရုံးတရားသူကြီးက တရားခွင်ကို ဝင်ရောက်စွက်ဖက်ရန်

ဆောင်ရွက်လာသဖြင့် နှောင့်နှေးကြန့်ကြာသွားသည်။ ဂရက်ဆေးမြို့က တရားသူကြီးကတော့ တရားခံကို သူ့လက်မှ အလွတ်မခံနိုင်ချေ။ အဓိက လူသတ်မှုများ ကျူးလွန်သည့်နေရာမှာ သူ၏ တရားစီရင်ပိုင်ခွင့်ရှိရာ နယ်မြေ ဖြစ်သောကြောင့် အခြားတရားရုံးကို လက်လွှဲမပေးချင်သလို ဒေါသထွက်နေသော မြို့သူမြို့သားများကလည်း ဂန်နီ့သွေးကို ဂရက်ဆေးမြေပေါ်မှာသာ ကျစေချင်ကြသည်။

၁၇၆၆ ခုနှစ် ပေရယ်လ ၁၅ ရက်နေ့တွင် စီရင်ချက်ကို ဂန်နီ၏ အချုပ်ခန်းမှာပင် ဖတ်ကြားသည်။ ယင်းမှာ "ရေမွှေးပညာရှင် ယန်းဘပ်တိစ်ဂန်နီအား မြို့ဂိတ်တံခါးဝရှိ လူစုဝေးရာ ရင်ပြင်သို့ နောက်ထပ် လေးဆယ့်ရှစ်နာရီအတွင်း ခေါ်ဆောင်မည်။ သင့်အား ပက်လက်အနေအထားဖြင့် ကားစင်တွင် ချည်နှောင်၍ ခြေ၊ လက်၊ တင်ပါးနှင့် ပခုံးတို့ကို ကျိုးအောင် သံချောင်းဖြင့် အရှင်လတ်လတ် ဆယ့်နှစ်ချက်တိတိ ရိုက်နှက်စေ၊ ထိုကားစင်တွင် ချည်နှောင်လျက်သား အနေအထားဖြင့်ပင် မသေမချင်း ထောင်၍ထားစေ" ဟူ၏။

ပြစ်ဒဏ်အား ရက်ပေါင်းများစွာ ခံစားရမည်ကို သနားညာတာသည့်အနေဖြင့် အာဏာပါးကွက်သားက ထုံးစံအတိုင်း သူ့ကိုယ်မှာ ချည်နှောင်ထားသော ကြိုးကို ဖြုတ်ပေးသည်။ သူ့အလောင်းကိုတော့ မြင်းသတ်ကွင်းတစ်ခုမှာ မထင်မရှား မြေပုံတစ်ခုအဖြစ် မြှုပ်နှံ၍ သင်္ဂြိုဟ်မည် ဖြစ်သည်။

ဂန်နီက စီရင်ချက်ကို ခံစားချက်မဲ့စွာ လက်ခံလိုက်သည်။ အမိန့်ကို ဖတ်ပြသော တရားရုံးစာရေးက တရားခံ၏ နောက်ဆုံးဆန္ဒကို မေးတော့ သူလိုအပ်သမျှ အရာရာ ရနေပြီဖြစ်၍ 'ဘာမျှမရှိပါ' ဟုသာ ဖြေလိုက်သည်။ မိမိကျူးလွန်ခဲ့သော ပြစ်မှုအား အာပတ်ဖြေသည့် ဖြောင့်ချက်ကို နာကြားရန် အချုပ်ခန်းထဲသို့ ဘုန်းကြီးတစ်ပါး ဝင်လာသည်။ သို့သော် ဆယ့်ငါးမိနစ် ကြာသည့်တိုင် ဂန်နီက ဘာမျှမပြောသဖြင့် ဘုန်းကြီးက ဘုရားသခင်၏ အလိုတော်အတိုင်း ဖြစ်ပါစေဟု ဆုတောင်းပေးသည်။ ထိုအခါ သူက "ဘုရားသခင်" ဟူသော အမည်ကို အခုမှ ပထမဆုံး ကြားဖူးသည့်ဟန်ဖြင့် ဘုန်းကြီးကို တစ်ချက်လှမ်းကြည့်သည်။ ထို့နောက် ခြေလက်ဆန့်ကာ လှဲ၍ အိပ်ပျော်အောင် အိပ်လိုက်လေသည်။

နောက်နှစ်ရက်အတွင်းမှာပင် လူများစွာက နာမည်ကြီးနေသော လူသတ်သမားကို အနီးကပ်လာ၍ ကြည့်ကြသည်။ အစောင့်များက အချုပ်ခန်းတံခါးက အပေါက်ငယ်ကိုသာ ဖွင့်ပြသည်။ တစ်ခါကြည့်လျှင် မိနစ်လေးဆယ်မျှ အချိန်ပေးသည်။ ပုံကြမ်းရေးဆွဲရန် ပြင်ဆင်လာသည့် ပုံဆွဲဆရာတစ်ဦးက အစောင့်ကို နှစ်ဖရန့် ပေးရသော်လည်း အကျဉ်းသားက

တစ်ချိန်လုံး ဒူးနှစ်ဖက်ကြား မျက်နှာအပ်ကာ ခွေခွေကလေးလှဲ၍ အိပ်နေသဖြင့် သူ့အားထုတ်မှုက အချည်းနှီး ဖြစ်သွားသည်။

ဂန္ဒီသည် အုတ်နံရံဘက်သို့သာ မျက်နှာကို လှည့်ထားသည်။ အော်ဟစ်ခြင်း၊ တံခါးကို တီးခေါက်ခြင်း လုံးဝမရှိ။ သေဆုံးသူ၏ ဆွေမျိုးတစ်ယောက်ယောက်က ရာဇဝတ်သားကို မစီရင်မီ လာသတ်သွားမှာ စိုးသောကြောင့် လာကြည့်သူများကို အချုပ်ခန်းနား မကပ်ရန် အစောင့်များက တင်းကြပ်စွာ တားမြစ်ထားသည်။ အဆိပ်ခတ်မည် စိုးသဖြင့် အစာရေစာပေးခြင်း၊ ကျွေးခြင်းကိုလည်း ခွင့်မပြု။

အချုပ်ကျနေသည့် တစ်ချိန်လုံး ဂန္ဒီ့အတွက် အစားအစာကို ဂိုဏ်းချုပ်ဘုန်းကြီး၏ အစေခံက မီးဖိုချောင်မှ ယူလာပေးသည်။ ထိုအစာများကိုလည်း ထောင်မှူးက အလျင်မြည်းပြီးမှ ပေးသည်။ သို့သော် သူက နောက်နှစ်ရက်လုံး ဘာအစာမျှမစားဘဲ အိပ်၍သာ နေသည်။

အစောင့်က ချည်ထားသော သံကြိုးက အသံမြည်လာလျှင် အပေါက်ငယ်ကို ပြေး၍ ဖွင့်ကြည့်တတ်သည်။ ထိုအခါ ဂန္ဒီက ရေထသောက်ပြီး ပြန်အိပ်သွားသည်ကိုသာ တွေ့ရသည်။ သူ့ပုံစံက တစ်သက်လုံး ပင်ပင်ပန်းပန်း လှုပ်ရှားလာခဲ့ရသဖြင့် နောက်ဆုံးအချိန်လေးမှာ တစ်ဝကြီး အိပ်၍သာ နေချင်ဟန် တူသည်။

ထိုအချိန်တွင် စုရပ်ကွင်းရင်ပြင်မှာ ကွပ်မျက်ဖို့ အသင့် ဖြစ်သွားသည်။ လက်သမားဆရာများက အလျား၊ အနံ ကိုးပေစီ ရှည်၍ ခြောက်ပေမြင့်သော လှေကားထစ်နှင့် ကားစင်တစ်ခုကို ဆောက်သည်။ ဤမျှ ကောင်းမွန်သော ကားစင်ကို ဂရက်ဆေးမြို့မှာ တစ်ခါမျှ မမြင်ခဲ့ရဖူးချေ။ ဂုဏ်သရေရှိ မြို့ခံလူကြီးမင်းများအတွက် အထူးတန်းနှင့် အဝေးက ကြည့်ရမည့် သာမန်လူများအတွက် သစ်သားတန်းကိုများလည်း ခွဲ၍ ထည့်ထားသည်။ မြို့တံခါး၏ ဘယ်နှင့်ညာတွင် မြင့်မားသော အစောင့်တဲများ ရှိကြရာ ထိုနေရာများကို မတန်တဆ ဈေးပေး၍ ငှားရမ်းကြလေသည်။ အာဏာပါးကွက်သား၏ လက်ထောက်များက စုရပ်ကွင်းပြင်ကို မျက်နှာချင်းဆိုင်ထားသော ချာရိုက်ဆေးရုံထဲက လူနာခန်းကိုယူကာ တစ်ဆင့်ပြန်၍ အငှားချကြရာ အတော်ပင် အမြတ်ထွက်ကြသည်။ သံပရာရည်သည်ကလည်း နွယ်ချိုရည်များကို ရေကရားအိုးကြီးများနှင့် ထည့်၍ ရောင်းသည်။ မုန့်ဖုတ်သမားများက အမှတ်တရ ကွတ်ကီးမုန့်များ လာရောင်းသည်။ ပုံဆွဲဆရာက စိတ်မှန်းဖြင့် ဆွဲထားသော လူသတ်သမား၏ ပုံကြမ်းများကို ရာနှင့်ချီ ပုံနှိပ်၍ ရောင်းချသည်။ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များလည်း ဒါဇင်နှင့်ချီ၍ ရောက်လာသည်။

အာဏာပါးကွက်သား အမည်မှာ မွန်စီယာပါပွန် ဟူ၏။ သူ့အဖို့ သည်လိုတရားခံမျိုးကို မရိုက်နှက်ရသည်မှာ ကြာလှပြီ ဖြစ်သည်။ သူက ပန်းပဲဖိုမှာ လေးလံသော သံချောင်းကြီးတစ်ချောင်း အပ်သည်။ ထို့နောက် သားသတ်ရုံသို့ သွား၍ တိရစ္ဆာန်အသေကောင်များကို အရိုက်ကျင့်သည်။ သူ့ကို ဆယ့်နှစ်ချက်သာ ရိုက်ဖို့ ခွင့်ပြုထားသဖြင့် ထိုဆယ့်နှစ်ချက်တည်းဖြင့် ရင်ဘတ်၊ ဦးခေါင်း စသည့် တခြားအစိတ်အပိုင်းများကို မထိခိုက်စေဘဲ အရိုး ဆယ့်နှစ်ချောင်းကို ကျိုးအောင် မိမိရရ ရိုက်ရမှာ ဖြစ်သည်။ လိုရာကိုသာထိအောင် ချိန်သားကိုက်၍ ရိုက်ရမည်ဖြစ်သဖြင့် ထိုတာဝန်က ခက်တော့ခက်သည်။

မြို့သူမြို့သားများမှာ ထိုနေ့ကို အားလပ်ရက်အနေဖြင့် အသင့်ပြင်ထားသည်။ ထိုနေ့တွင် အလုပ်လုပ်မှာ မဟုတ်ဟု တိုင်ပင်မထားဘဲ ညီညွတ်နေကြသည်။ မိန်းမများက ဝတ်စုံကို မီးပူတိုက်သည်။ ယောကျ်ားများက ကုတ်အကျႌများကို ဖုန်ခါ၍ ဘွတ်ဖိနပ်များကို အရောင်တင်သည်။ အဖွဲ့အစည်းများရှိ လူအသီးသီးကလည်း မိမိယူနီဖောင်းကို ကြော့ကော့နေအောင် ပြင်ထားကြသည်။ လူတိုင်းသည် ပွဲလမ်းသဘင်ကြီးတစ်ခုကို ဆင်နွှဲရတော့မည့်အလား မိမိမှာရှိသမျှ အကောင်းဆုံး အဝတ်အစားများကို ထုတ်ဝတ်ဖို့ အသင့်ပြင်ထားကြသည်။ ကွပ်မျက်ခြင်း ပြုပြီးလျှင် ဆုတောင်းကြဖို့ ဘာသာရေး အစီအမံများကိုလည်း စီစဉ်ကြသည်။ မီးဖိုချောင်များတွင် မုန့်ဖုတ်သည့်အနံ့၊ ကြော်ကြ၊ လှော်ကြသည့် အနံ့များ ထွက်လာသည်။ မြေတိုက်ထဲမှ ဝိုင်ပုလင်းများ ထုတ်ကြသည်။ ပွဲပြီးလျှင် သီဆိုရန် ဘုရားကျောင်းတွင် အော်ဂင်ဆရာနှင့် ဓမ္မတေး တိုက်ကြသည်။

လူသတ်ကောင်အား စီရင်မည့်နေ့ကို လွတ်လပ်ရေးနေ့အလား ပျော်ပွဲရွှင်ပွဲကြီး ကျင်းပဖို့ တစ်မြို့လုံး လှုပ်လှုပ်ရွရွ ဖြစ်နေချိန်တွင် ဒရှိုက်လမ်းက ရစ်ချီ့စံအိမ်ကတော့ တိတ်ဆိတ်ငြိမ်သက်နေသည်။ လူတွေ ပျော်နေသည်ကို မြင်ရလေ၊ သူက စက်ဆုပ်ရွံရှာလာလေ ဖြစ်သည်။ ရစ်ချီသည် အသတ်ခံရသူများကို သရုပ်ပြထားသည့် ဘုရားကျောင်း ရင်ပြင်သို့လည်း သွားမကြည့်၊ တရားခွင်သို့လည်း မသွားသလို တရားခံကို ဖမ်းထားသည့် အချုပ်ထောင်သို့လည်း မရောက်ချေ။ လူတွေကလည်း သူ့ကို အရေးမလုပ်ချေ။

လော်ရာ့ဆံပင်နှင့် အဝတ်အစားများ ဟုတ်၊ မဟုတ် တရားရုံးက လူများကို သူ့အိမ်သို့ လာပြခိုင်းသည်။ ပစ္စည်းများကို ငြိမ်သက်စွာ အသေးစိတ် စစ်ဆေးပြီးနောက် သူ့အိမ်မှာပဲ ထားရစ်ခဲ့ဖို့ တောင်းဆိုသည်။ ထားရစ်ခဲ့သော ဆံပင်နှင့်အဝတ်အစားများကို လော်ရာ့အခန်းသို့ ယူသွားသည်။ စုတ်ပြဲနေသော အတွင်းခံအကျႌနှင့်ညအိပ်ဂါဝန်ကို ခုတင်ပေါ်မှာ ဖြန့်ခင်းသည်။ ဆံပင်နီနီလေးများကို ခေါင်းအုံးပေါ်မှာတင်ပြီး ခုတင်ဘေးမှာ ထိုင်၍

ကြည့်နေမိသည်။ ရစ်ချီသည် ၎င်းတို့ကို ပျောက်ကွယ်သွားမှာစိုး၍ စောင့်ကြပ်နေသည့်အလား ထိုအခန်းထဲက နေ့ရောညပါ ထွက်မလာတော့။

ထိုညက လာနပိုလီမြို့မှာ ပျက်ကွက်ခဲ့သည့် သူ့တာဝန်ကို အခုမှ ထမ်းဆောင်နေရသလိုမျိုး။ သူ့တစ်ကိုယ်လုံး အမုန်းတရားများ ပြည့်နေသည်။ လောကကြီးကို မုန်းသည်။ သူ့ကိုယ်သူလည်း မုန်းသည်။ မုန်းတီးလွန်းအားကြီးသဖြင့် ၎င်းကြွေးဖို့ပင် မျက်ရည်က ကျမလာတော့ချေ။ လူသတ်သမားကိုလည်း မုန်းသည်။ ထိုသူကို လူသားတစ်ယောက်ဟု မသတ်မှတ်ချင်ပေ။ လူအုပ်ကြီးက ဝိုင်းသတ်လိုက်မှ အေးမည့်အကောင်ဟု တွေးသည်။ ကားစင်ပေါ်တင်ပြီး ဆယ့်နှစ်ချက် ရိုက်၍ ကွပ်မျက်မည့်အကြောင်း သိရသည့်တိုင် ဒင်းကို မကြည့်ချင်ပေ။ မဟုတ်သေး၊ သူ ကြည့်ချင်သည်။ ဒင်းကို အနီးကပ် ကြည့်ချင်သည်။ သူ့အတွက် ရှေ့ဆုံးတန်းမှာ နေရာယူထားရမည်။ ဒင်းကို ကွပ်မျက်ပြီး၍ နာရီပေါင်းများစွာ ကြာလျှင် လူတွေ ထွက်သွားကြလိမ့်မည်။ ထိုအခါမှ ကားစင်ပေါ် သွေးအလိမ်းလိမ်းနှင့် တက်၍ ဒင်းကို အနားကပ်၍ စောင့်ကြည့်မည်။ တစ်ညလုံး၊ တစ်နေ့လုံး ဘယ်လောက်ကြာကြာ အသက်ထွက်သွားသည်အထိ မျက်စိနှင့် တည့်တည့်ကြီးကို စိုက်ကြည့်မည်။ သမီးလေးကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် လူသတ်သမား၏ မျက်လုံးထဲကို သူ၏ မုန်းတီးရွံရှာမှုများ တစ်စက်ချင်း လောင်းထည့်မည်။ ထိုအမုန်းများက ဒင်းကို အက်ဆစ်လို လောင်စားသွား စေရမည်။ ထိုအရိုင်းအစိုင်းကောင်ကို သူ့အမုန်းများ တငွေ့ငွေ့ လောင်ကျွမ်း၍ သေစေရမည်။

ပြီးတော့ရော…၊ ဘာများ လုပ်စရာ ရှိသေးလဲ။ သူ မသိချေ။ သူ့ဘဝသည် ဤနေရာမှာတင် ခဏရပ်တန့်သွားပုံရသည်။ သူ အိမ်ထောင်ထပ်ပြုချင် ပြုမည်။ သားတစ်ယောက် မွေးချင် မွေးမည်။ ပြီးတော့ရော…၊ သေရုံအပြင် ဘာမျှ လုပ်စရာမရှိတော့။ ဘာကြီးပဲ ဖြစ်လာလာ သူ့အတွက် သိပ်မထူးခြားတော့ချေ။ အခုလည်း ဘာလုပ်ရမှန်း သူ မသိပါ။

*****

အခန်း (၄၉)

ကွပ်မျက်ခြင်းကို ညနေ ငါးနာရီမှာ ပြုလုပ်မည်ဖြစ်သည်။ ပွဲကြည့်ပရိသတ်မှာ မနက်ခင်းကတည်းက နေရာလာဦးထားကြသည်။ တချို့က ကုလားထိုင်များ၊ ခွေးခြေခုံများ၊ ခေါင်းအုံးများ၊ စားစရာများ၊ ဝိုင်များ ယူလာသလို ကလေးများပါ ခေါ်လာကြသည်။ နေ့လယ်ခင်းတွင် အနယ်နယ် အရပ်ရပ်က လူများ ထပ်ရောက်လာသဖြင့် စုရပ်ကွင်းပြင်ကြီးတစ်ခုလုံး တိုး၍မျှ မပေါက်အောင် ပြည့်နှက်သွားသည်။ လူများသည် ဂရန်နိဘဲလ်မြို့ဘက် သွားရာ လမ်းတစ်လျှောက်မှာရော အနီးအနားရှိ နှင်းဆီခင်းများ၊ ကွင်းပြင်များအထိ များပြားလှသည်။ ဈေးသည်များလည်း ရှိသဖြင့် စားကြ၊ သောက်ကြ၊ တိုးကြ၊ ဝှေ့ကြနှင့် လူတစ်သောင်းထက် မနည်းသော ပွဲခင်းကြီး ဖြစ်နေသည်။ သည်လို မြင်ကွင်းမျိုးကို ဂရက်ဆေးမြို့မှာ တစ်ခါမျှ မမြင်ဖူးကြချေ။ တချို့က ကုန်းကမူပေါ်၊ သစ်ပင်ပေါ်၊ အိမ်ခေါင်မိုးပေါ်၊ အုတ်တံတိုင်းပေါ် တက်ကြည့်ကြသလို ပြတင်းတစ်ပေါက်မှာ လူဆယ်ယောက်၊ ဆယ့်နှစ်ယောက်လောက် ပြုံတိုးနေကြသည်။

ကွင်းပြင်အလယ်မှာတော့ လူသွားလမ်းတစ်ခု ဖွင့်ပေးထားသည့် သစ်သားခြံစည်းရိုး ကာရံထားသော ကားစင်ရှိသည်။ သုံးနာရီ ထိုးပြီးနောက် မကြာခင် မွန်စီယာပါပွန်နှင့် လက်မရှံ့နောက်လိုက် တစ်ယောက်ပေါ်လာရာ လူအုပ်ကြီးဆီမှ မိုးခြိမ်းလိုက်သလို ကျယ်လောင်သော သြဘာပေးသံကြီး ထွက်လာသည်။ သူတို့က လက်သမားဆရာ၏ မြင်းလေးကောင် ထမ်းလာသော လက်ဝါးကပ်တိုင်ပုံ သစ်သားတိုင်ကို ကားစင်ပေါ် သယ်လာသည်။ လက်သမားဆရာက တိုင်ကို ကားစင်ပေါ်ထောင်ကာ သံရိုက်လိုက်သည်။ လက်သမားဆရာနှင့် အာဏာပါးကွက်သား၏ လှုပ်ရှားမှုတိုင်းကို လူအုပ်ကြီးက တဟေးဟေးနှင့် ဝိုင်း၍ သြဘာပေးကြသည်။ ပါပွန်က သံချောင်းကို ကိုင်ကာ ကားစင်ပေါ်မှာ လှည့်ပတ်လျှောက်ရင်း ရိုက်နှက်မည့်နေရာနှင့် ခြေလှမ်းအကွာအဝေးကို တိုင်းတာ၍ ဟန်ရေးပြသည်။

လေးနာရီ ထိုးသောအခါ အထူးတန်းများမှာ လူပြည့်လာသည်။ ထိုနေရာတွင် ဂုဏ်သရေရှိ လူချမ်းသာများက ၎င်းတို့၏ ယောကျ်ားအစေခံများနှင့်အတူ ရောက်လာသလို မိန်းမလှများက တောက်တောက်ပြောင်ပြောင် အဝတ်အစားများနှင့် ဦးထုပ်ကြီးများ ဆောင်းလျက် နေရာယူကြသည်။ ကားစင်နှင့် အနီးဆုံးတန်းမှာ မြို့မိမြို့ဖများနှင့် ကောင်စစ်ဝန်နှစ်ဦး ရောက်လာသည်။ ရစ်ချီက တစ်ကိုယ်လုံးကို အနက်ရောင် ဆင်မြန်းထား သည်။ ဦးထုပ်နှင့် ခြေစွပ်ကအစ အနက်ရောင်။ သူတို့နောက်မှာ

တရားရုံးကလူကြီးများ ချီတက်လာသည်။ နောက်ဆုံးတွင် ခရမ်းရောင်ဝတ်ရုံနှင့် အစိမ်းရောင် ခေါင်းပေါင်းဦးထုပ်လေး ဆောင်းထားသော ဂိုဏ်းချုပ်ဘုန်းကြီးက ဝေါယာဥ်ဖြင့် ကြွလာသည်။

လူစုံတက်စုံ နေရာယူပြီးကြသောအခါ ဆယ်မိနစ်လောက် အားလုံးက ငြိမ်သက်စွာ စောင့်ဆိုင်းလိုက်ကြသည်။ ဘယ်သူမှ မနှ်စားမနေကြတော့။ ပါပွန်နှင့် သူ့နောက်လိုက်က စင်ပေါ်မှာ သံမှိုနှက်ထားသလို တုတ်တုတ်မျှ မလှုပ်ဘဲ မတ်တတ်ရပ်နေကြသည်။

နေရောင်ကြောင့် တစ်လောကလုံး ဝင်းဝါနေသည်။ ဂရက်ဆေးတောင်ကြားမှ လေပူပူကလေး တိုက်လာသောအခါ လိမ္မော်ပန်းနံ့များ သင်းသွားသည်။ လူအားလုံး ပူနွေး၍ မယုံနိုင်လောက်အောင် ငြိမ်သက် နေကြသည်။

နောက်ဆုံးတွင် လူအုပ်ကြီးဆီမှ ဟင်ခနဲ ဟာခနဲ အသံများ ပေါ်လာပြီး ရုတ်ရုတ်သဲသဲ ဖြစ်လာကာ မြင်းခွာသံများနှင့် လှည်းဘီးသံများ ကြားရသည်။ အသံလာရာ ကြည့်လိုက်ကြသောအခါ ပုလိပ်အရာရှိက အရှေ့မှ ဦးဆောင်၍ မြင်းနှစ်ကောင်ကသော ရထားလုံးတစ်စီး ဒရွိုက်လမ်းအတိုင်း မောင်းလာသည်ကို တွေ့ကြရသည်။

ရာဇဝတ်သားကို ရထားလုံးနှင့် ခေါ်လာခြင်းမှာ ထုံးစံ မဟုတ်ချေ။ တကယ်တော့ အချုပ်ခန်းမှ ကွပ်မျက်သည့်နေရာသို့ ခြေကျင်လျှောက်၍ လာလျှင်ပင် ငါးမိနစ်မျှ မကြာချေ။ သို့သော် ထိုသို့ ခြေကျင်လျှောက်လာလျှင် ပုလိပ်အရာရှိအဖို့ သွေးဆာနေသော လူအုပ်ကြီးကြောင့် ရာဇဝတ်သား၏ လုံခြုံမှုကို အာမမခံနိုင်ချေ။ သည်လို ရထားလုံးနှင့်၊ ရထားမောင်းနှင့်၊ အစေခံနှင့်၊ အစောင့်အကြပ်များ လိုက်ပါစောင့်ရှောက်ရသော ရာဇဝတ်သားကို တစ်ခါမျှ မမြင်ဖူးကြ။ သို့သော် မည်မျှ ဟိတ်ဟန်ရှိပါစေ၊ လူအုပ်ထဲက ဘယ်သူမှ အားပေးအားမြှောက်ပြုဟန် မပြုကြချေ။ လူများက အထူးအဆန်း တစ်ခုအနေဖြင့်သာ အေးအေးဆေးဆေး ဝိုင်းကြည့်နေသည်။ အချို့က ဤသို့ ခမ်းနားကြီးကျယ်စွာ ဝင်ရောက်လာသည်ကိုပင် သင့်လျော်သည်ဟု ယူဆသည်။ သဘာဝလွန် ရာဇဝတ်သား တစ်ယောက်အား သာမန်သူခိုးတစ်ယောက်ကို ဖမ်းခေါ်လာသည့်အတိုင်း သံကြိုးတန်းလန်းနှင့် ဆွဲခေါ်မလာဘဲ ဤသို့ သာလွန်ထူးကဲစွာ ခေါ်ဆောင်လာသည်ကို ဖြစ်သင့်သည်ဟု သဘောတူကြသည်။

ရထားလုံးသည် ကားစင်နှင့် အထူးတန်းကြား လမ်းလယ်တွင် ရပ်တန့်သွားသည်။ အစေခံက ရထားလုံးပေါ်မှ ခုန်ဆင်းကာ တံခါးဖွင့်ပေး သည်။ ပုလိပ်က မြင်းပေါ်မှ ဆင်းကာ တံခါးနားမှာ သွားစောင့်သည်။ နောက်ဆုံးတွင် ဂရန်နွီ ရထားလုံးထဲက ထွက်လာသည်။

သူသည် အဖြူရောင် ရှပ်အင်္ကျီကို အောက်ခံ၍ အပြာရောင် ကုတ်အင်္ကျီကို အပေါ်မှ ထပ်ဝတ်ထားသည်။ အဖြူရောင် ပိုးသားခြေစွပ်နှင့် အနက်ရောင် ဘက်ကဲလ်ရှူးဖိနပ် စီးထားသည်။ သူ့ကို ကြိုးတုပ်မထားသလို ဘယ်သူကမှ လက်မောင်းကို ဆွဲမခေါ်ကြ။ သူသည် ရထားလုံးပေါ်မှ သာမန် လူလွတ်တစ်ယောက်လိုပင် ဆင်းလာသည်။

ထိုအချိန်မှာပင် အံ့ဖွယ် ဖြစ်ရပ်တစ်ခု စတင် ဖြစ်ပေါ်လာသည်။ သို့မဟုတ် ထိုဖြစ်ရပ်က မယုံနိုင်စရာ ကောင်းလွန်းတာလည်း ဖြစ်နိုင်သည်။ အနည်းဆုံး ထိုဖြစ်ရပ်ကို မျက်မြင်ကြုံခဲ့ရသူများသည် သူတို့ကိုယ်သူတို့ ဘာဖြစ်သွားမှန်း မသိနိုင်၊ မယုံကြည်နိုင်၊ နားမလည်နိုင် ဖြစ်ကြရသည်။

ကွင်းပြင်ထဲက လူတစ်သောင်းသည် ရထားလုံးထဲက ဆင်းလာသော အပြာရောင် ကုတ်အင်္ကျီနှင့် လူကို လူသတ်သမားဟု လုံးဝ မယုံကြည်တော့ချေ။ ထိုမျှသာမက လူသတ်သမားဟူသော သံသယစိတ်ပင် မဝင်မိကြ။ ထိုသူသည် တစ်နေ့က တရားရုံး ပြတင်းပေါက်မှာ မတ်တတ်ထွက် ရပ်ပြခဲ့သူ ဖြစ်သည်။ သူတို့လက်သို့ အပ်ဖို့ တစာစာ တောင်းဆိုခဲ့သူ ဖြစ်သည်။ လူအုပ်ကြီးက ဒေါသတကြီး မုန်းတီးစက်ဆုပ်စွာ ကိုယ်ထိလက်ရောက် ဖမ်းဆီးသတ်ဖြတ်ဖို့ အားထုတ်ခဲ့သူ ဖြစ်သည်။ ခုနကတင် အာဏာ ပါးကွက်သားလက်သို့ အပ်၍ ကွပ်မျက်သည်ကို ကြည့်ရန် စောင့်နေခဲ့သူ ဖြစ်သည်။ သူသည် လူအုပ်ကြီးက စောင့်နေသူ ဖြစ်မှန်း လုံးဝ မမှားနိုင်ချေ။

သို့သော်လည်း သူ မဟုတ်ပြန်ချေ။ သူသည် လူသတ်သမား လုံးဝ မဖြစ်နိုင်ချေ။ ကားစင်နားမှာ မတ်တတ် ရပ်နေသူသည် အပြစ်ကင်းစင်သူ ဖြစ်ကြောင်း ဂိုဏ်းချုပ်ဘုန်းကြီးမှအစ သံပရာရည်သည် အဆုံး၊ ရာထူးအကြီးဆုံး ပုဂ္ဂိုလ်မှအစ ခဝါသည် အဆုံး၊ တရားသူကြီးမှအစ လမ်းဘေး ကလေးငယ်အဆုံး လျှပ်တစ်ပြက် အချိန်အတွင်းမှာပင် သိလိုက်ကြသည်။

ပါပွန်လည်း သိသည်။ သံချောင်းကို ကိုင်ထားသော သူ့လက်ကြမ်းကြီးများက တဆတ်ဆတ် တုန်ယင်လာသည်။ သန်မာထွားကျိုင်းလှသော သူ့လက်မောင်းကြီးများမှာ ချက်ချင်းလိုလို အားနည်းသွားသည်။ ဒူးများလည်း မခိုင်တော့။ သူ့စိတ်ကလည်း ကလေးလေး တစ်ယောက်လို ကြောက်လန့်လာသည်။ ဟိုအရှေ့က အပြစ်မဲ့သော လူဖလံလေးကို ဤသံချောင်းကြီးဖြင့် ရိုက်ရမတဲ့လေ။ ကွပ်မျက်ရမည့် အလုပ်ကိုလည်း တွေး၍ ကြောက်လန့်ကာ မလုပ်ရဲတော့။ ဗလကြီးပါပွန်သည် လက်ထဲက သံချောင်း လွတ်ကျကာ ဒယီးဒယိုင် ဖြစ်လာပြီး ဒူးထောက်ကျသွားသည်။

ဂိုဏ်းချုပ်ဘုန်းကြီး အပါအဝင် ယောက်ျား၊ မိန်းမ၊ ကလေးငယ်

လူတစ်သောင်း၏ စိတ်ထဲတွင် တူညီသော စိတ်တစ်ခုသာ ရှိသည်။ ၎င်းမှာ ချစ်သူကို တမ်းတမ်းစွဲနေသော မိန်းမငယ်လေးတစ်ယောက်၏ ခံစားချက်မျိုး ဖြစ်သည်။ ထိုခံစားမှုမှာ နူးညံ့သိမ်မွေ့သော၊ ရှုးသွပ်သော၊ ကလေးဆန်စွာ အရူးအမူး ချစ်မြတ်နိုးသော၊ မေတ္တာ၊ စေတနာ၊ ကရုဏာတို့ ယိုဖိတ်ကျမတတ် ကြီးမားသော စွမ်းအင်ရှိသည်။ လူအားလုံးသည် ဤလူရွယ်ကလေးကို ဘာတစ်ခုမှ အထိခိုက် မခံနိုင်အောင် နှစ်သက်မြတ်နိုး တန်ဖိုးထားမိသည်။ ထိုလူရွယ်ကို တွေ့လိုက်ရသည့် အချိန်မှာပင် သူတို့၏ နှလုံးသားများ အရည်ပျော်ကျသွားသည်။ သူတို့အားလုံး ဂန္ဒီ့ကို ချစ်သည်။

ဂန္ဒီက တံခါးဖွင့်ထားသော ရထားလုံးနားတွင် အကြာကြီး မလှုပ်မယှက် ငြိမ်သက်နေသည်။ သူ့ဘေးက အစေခံက ဂန္ဒီ့ကို ကိုးကွယ်ရာ နတ်ဘုရားတစ်ပါး၏ ရှေ့မှောက်မှာ ခံစားသလိုမျိုး မြေပြင်ပေါ် လေးဘက် ထောက်၍ ဝပ်တွားခယသည်။ ဂန္ဒီအား အာဏာပါးကွက်သား၏ လက်ကို လိုက်ပို့ရမည့် ပုလိပ်အရာရှိနှင့် အစောင့်အကြပ်က သူတို့အလုပ်ကို မေ့လျော့သွားဟန်ဖြင့် ဦးထုပ်ကို ချွတ်ကာ တရှုပ်ရှုပ် ငိုကြသည်။ ထို့နောက် ဦးထုပ်ကို ပြန်ဝတ်ကာ တစ်ယောက်ကို တစ်ယောက် ဖက်ထားလိုက်ကြသည်။

ဂန္ဒီကို အဝေးက လှမ်းကြည့်နေသော မိန်းမများက လက်နှစ်ဖက်ကို အသာအယာ ဆုပ်နယ်ရင်း ကြည်နူးစွာ သက်ပြင်းချလိုက်ကြသည်။ ငယ်ရွယ်သော ယောကျ်ားပျိုတို့ခမျာ ရင်တွင်းက ချစ်မီးလျှံတို့၏ လှိုက်တက် လောင်ကျွမ်းမှုဒဏ်ကို မခံနိုင်ကြသည့်အလား သတိလစ်၍ လဲကျကုန်သည်။

ထိုင်လိုက်၊ ထလိုက်နှင့် ကြည့်ရှုနေကြသော ဂုဏ်သရေရှိ လူကြီးမင်းများကတော့ လက်ခုပ်လက်ဝါး ထတီးကြသည်။ အချို့က ကောင်းကင်ကို မော့ကြည့်ကာ လက်ခုပ်နှစ်ဖက်ဆုပ်၍ ဆုတောင်းစာ ရွတ်ကြသည်။ ဂိုဏ်းချုပ် ဘုန်းတော်ကြီးသည်ပင် ဖျားချင်သလိုလို ဖြစ်လာပြီး အရှေ့သို့ ငိုက်ကျသွားလေရာ နဖူးနှင့်ဒူးနှင့် တိုက်မိသည်။ ခေါင်းပေါ်က အစိမ်းရောင် ဦးထုပ်လည်း ကျွတ်၍ လိမ့်ထွက်သွားသည်။ သူ့စိတ်ထဲတွင် ဤသူငယ်မှာ လူသတ်သမား လုံးဝ မဟုတ်၊ တမန်တော်နတ်သား တစ်ပါးပင် ဖြစ်နေလေသည်။

အို...၊ ၁၈ ရာစုမှာသည်လို အံ့ဖွယ်ဖြစ်ရပ်မျိုး ပေါ်ပေါက်လာသတဲ့လား။ ကြီးမြတ်လှစွာသော အရှင်၊ သင်သည် သေးငယ်၍ တင့်တယ်လှပါတကား။ သင့်ကို မြင်ရုံမျှဖြင့် ရင်ထဲ အသည်းထဲဝယ် ငြိမ်းချမ်းလှပါတကား။ သင့်ကို ခရစ်ယာန်ဘာသာထဲမှ ထုတ်ပယ်လိုက်မိသည့် ကျွန်ုပ်မှာမူ ရှက်ဖွယ်လိလိပါတကား။ ကျွန်ုပ်ကား ယုံကြည်မှုဟူသော သဒ္ဓါတရားကင်းမဲ့သဖြင့် သိမ်ငယ်ရလေပြီ။ ကျွန်ုပ်ကို အပြစ်ပေးရန် ဘုရားသခင်က ဤသို့သော အံ့ဖွယ်ဖြစ်ရပ်ကို ဖန်ဆင်းပြချေပြီ။ ပြစ်ဒဏ်သည်ပင် ချိုမြိန်လှပါ တကား။

ထိုအချိန်တွင် ဂန္ဒီ့ရုပ်သွင်ကို ရှင်းရှင်းလင်းလင်း မြင်ရသူတို့မှာ ချစ်ဆိပ်ရည်တို့ လျှံတက်လာကြသည်။ သူတို့စိတ်ထဲတွင် အပြာရောင်ကုတ်အင်္ကျီနှင့် လူရွယ်က ချောမောခန့်ညားလှသလို ညှို့ငင်စွမ်းအား ပြင်းထန်လှသည်။ သီလရှင်များအဖို့ ဘုရားသခင်ကို အရှင်လတ်လတ် တွေ့လိုက်ရသလို ခံစားရသည်။ နတ်ဆိုးကိုးကွယ်သူများအဖို့ စေတန်ကို အကောင်လိုက် တွေ့လိုက်ရသလို ခံစားရသည်။ မိန်းမငယ်များအတွက် သူသည် နတ်သမီးပုံပြင်ထဲက မင်းသားလေးတစ်ပါး ဖြစ်သည်။ ယောကျ်ားများအတွက်တော့ ဂန္ဒီသည် သူတို့စိတ်ကူးထဲက စံပြယောကျ်ားသား တစ်ယောက် ဖြစ်နေလေသည်။

ဂန္ဒီ့ကို မြင်ရသူအပေါင်းသည် သူတို့ တန်ဖိုးအထားရဆုံး အရာများကို သူ့ဆီမှာ မြင်ကြရသည်။ သူတို့သည် ဂန္ဒီ့ကို ကြည့်၍ ကာမဆန္ဒများ ထိန်းမနိုင်သိမ်းမရ နိုးကြွ၍ လာကြလေသည်။ ဂန္ဒီသည် မမြင်ရသော သူ၏ လက်အစုံဖြင့် သူတို့၏ ရာဂစိတ်ကိုလိုက်၍ နှုးနှပ်နေသကဲ့သို့ လူတိုင်းသည် ပီတိဖြာ၍ ကြည်နူးသာယာနေကြသည်။ ထိုအခါ ရာဇဝတ်သားကို ကွပ်မျက်သည့် အခမ်းအနားမှသည် တစ်လောကလုံး ပါဝင်ဆင်နွှဲကြသော အပျော်ကြူး ပွဲကြီးအဖြစ် ကူးပြောင်းသွားလေတော့သည်။

ဂုဏ်သရေရှိ အမျိုးသမီးတို့က ကယောင်ကတမ်း မြည်တမ်းကာ ဝတ်ထားသော အင်္ကျီများကို ချွတ်လိုက်ကြရာ ရင်သားတို့မှာ အဝတ်မဲ့သွားသည်။ ထို့နောက် စကပ်ကို ဆွဲမ၍ မြေပေါ်သို့ ပစ်လှဲလိုက်ကြသည်။ ယောကျ်ားများမှာ သူတို့ရှေ့မှောက်ရှိ အသားစိုင်တို့ကို အသိမဲ့စွာ ငေးစိုက်၍ ကြည့်နေမိကြသည်။ ထို့နောက် တစ်စုံတစ်ရာက ပြုစားထားသကဲ့သို့ ချုပ်တည်းခြင်းငှာ မတတ်နိုင်ကြတော့ဘဲ တုန်ယင်သော လက်များဖြင့် ဘောင်းဘီချွတ်၍ စိတ်ဖြင့်ပင် မတွေးကြံဖူးသော စပ်ယှက်နည်းမျိုးစုံတို့ဖြင့် နီးရာလူကို သံဝါသ ပြုကြလေသည်။ ချိုအီမွှေးမြသော လေထုထဲ၌ လူသားတစ်ပိုင်း အရိုင်းအစိုင်းများ၏ ရမ္မက်ဆန္ဒ နိုးကြွသော ညည်းညူမြည်တမ်းသံများဖြင့်သာ ပြည့်နှက်၍ နေလေသည်။ ထိုမြင်ကွင်းမှာ ငရဲခံနေကြရသည့်အလား စက်ဆုပ်ရွံရှာဖွယ်၊ ထိတ်လန့်ကြောက်မက်ဖွယ် ကောင်းလှသည်။

ဂန္ဒီက နေရာမှာပင် ရပ်၍ ပြုံးနေသည်။ အပြစ်ကင်းစင်ဆုံး၊ ချစ်မြတ်နိုးဖွယ် အကောင်းဆုံး၊ အပြုစားနိုင်ဆုံး၊ အညှို့ငင်နိုင်ဆုံး အပြုံး။ မဟုတ်သေး၊ သူ့ကို မြင်သည့်လူတိုင်းက သူပြုံးနေသည်ဟု မြင်ရခြင်းသာ ဖြစ်သည်။ အမှန်မှာ ဂန္ဒီ့အပြုံးက ထိုသို့မဟုတ်၊ အရုပ်ဆိုးလှသော မထီတရီ လှောင်ပြုံးသာ ဖြစ်လေသည်။ အားလုံးကို မမှုသောအပြုံး၊ အောင်ပွဲဆင်သည့် အပြုံး။

ယန်းဘပ်တိစ်ဂန္ဒီသည် အမှိုက်ပုံ၊ အညစ်အကြေး၊ အပုပ်အသိုးများ အလယ်တွင် ကိုယ်ပိုင်အနံ့မရှိဘဲ မွေးဖွားလာခဲ့သည်။ အကြင်နာ၊ မေတ္တာမခံစားရဘဲ

ကြီးပြင်းလာခဲ့သည်။ သူ့စိတ်ဝိညာဉ်ထဲမှာ နွေးထွေးမှုဟူ၍ ဘာမျှမရှိ။ မသေရုံတမယ် အသက်ဆက်လာခဲ့ရသည်။ သူသည် လူကောင် သေးသည်၊ ရုပ်ဆိုးသည်၊ ခါးကုန်းသည်၊ ခြေဆာသည်၊ ပြီးတော့ အပယ်ခံ။ အခုတော့ တစ်လောကလုံးက သူ့ကို ကိုးကွယ်ရာတစ်ခုပမာ ချစ်မြတ်နိုးနေကြလေပြီ။

သူ၏ အပြုအမူသည် နတ်ဘုရားများကို အာခံ၍ လူသားတို့အား မီးတောက်ကို ဖန်တီးပေးခဲ့သော ပရိုမီးသီးယပ်စ်ကဲ့သို့ ထူးခြားပြောင်မြောက် လှသည်။ သူသည်လည်း ရန့်ဟူသော မီးတောက်ကို ထိန်းသိမ်းထားသည်။ ထိုမျှသာမက အခုဆိုလျှင် ထိုမီးတောက်နှင့် သူ့ကိုယ်သူ တောက်ပစေလိုက်သည်။ လူသားတွေမှာ ရှိသည်ထက် ပို၍ လင်းလက်တောက်ပသော၊ အကျိုးသက်ရောက်သော ကိုယ်ရောင်ရှိန်ဝါတစ်ခုကို ဖန်တီးနိုင်ခဲ့သည်မို့ သူကပင် ပရိုမီးသီးယပ်စ်ထက်ပို၍ ကြီးမြတ်သည်။ ပြီးတော့ ကျေးဇူးဆပ်စရာ မိဘလည်း မရှိ၊ ဘုရားသခင်ကိုပင် ကျေးဇူးတင်စရာမလို။ ကျေးဇူးတင်ရမည့်သူရှိလျှင် ထိုသူမှာ သူကိုယ်တိုင်ပဲ ဖြစ်သည်။ ဘုရားကျောင်းက အမွှေးတိုင်စော်နံသော ဘုရားသခင်ထက် သူက ပို၍မွှေးမြသည်။

ဂိုဏ်းချုပ်ဘုန်းကြီးပင် သူ့ကို ဒူးထောက်၍ ကြည်နူးစွာ တဟင်းဟင်း အသံပြုနေသည်။ ချမ်းသာသော၊ အင်အားကြီးသော၊ မာနကြီးသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် အမျိုးသမီးအပေါင်းတို့ကား သူ့နာမည်ကို တရိုတသေတကာ အပျော်ကြူးပွဲကြီးကို ခြိမ့်ခြိမ့်သဲ ဆင်နွှဲနေကြလေသည်။ သူခေါင်းတစ်ချက် ညိတ်လိုက်သည်နှင့် သူတို့က ဘုရားသခင်ကို စွန့်လွှတ်ကာ “မဟာဂရန်နွီ” ဟု ခေါ်တွင်စေမည့် သူ့ကို ကိုးကွယ်ကြလိမ့်မည်။

ဟုတ်သည်၊ မဟာဂရန်နွီ။ ယခင်က စိတ်ကူးယဉ်ခဲ့သမျှ အခုလက်တွေ့မှာ ပို၍ ရှင်းလင်းပီပြင်စွာ ရုပ်လုံးကြွလာပြီ။ ထိုခဏတွင် ဂရန်နွီသည် သူ့ဘဝ၏ အကြီးကျယ်ဆုံး အောင်ပွဲကြီးကို ခံစားရသည်။ ပြီးတော့ သူ ထိတ်လန့်လာသည်။ အကြောင်းမှာ ယခုအဖြစ်ကို မပျော်မှုန်း သူ့ကိုယ်သူ သိလိုက်ရ၍ ဖြစ်သည်။

သူ့ကိုယ်သူ ရေမွှေးနှင့် ဖုံးအုပ်၍ ရထားလုံးထဲက ထွက်ကာ နေရောင်တောက်နေသော ကွင်းပြင်ထဲ ခြေချလိုက်စဉ်မှာပင် ယင်း၏ အစွမ်းကို သိလိုက်သည်။ ထိုရေမွှေးကို နှစ်နှစ်လောက် ကြာအောင် ဖန်တီးခဲ့ရသည်။ ထိုရေမွှေးမျိုးကို ဖန်တီးဖို့ တစ်သက်လုံး စိတ်ကူးယဉ်ခဲ့ရသည်။ ယင်း၏ အစွမ်းကိုတော့ ယခုပင် မျက်ဝါးထင်ထင် တွေ့ရလေပြီ။ ရေမွှေးနံ့သည် သူ့အနားက လူများမှတစ်ဆင့် လေတိုက်ခတ်ရာ အရပ်ရှစ်ခွင်လုံးကို လျှပ်ပြက်သည့်အလား ပျံ့လွင့်သွားသည်။ ထိုအခါ အသက်ရှူနေသည့် မည်သည့် သက်ရှိ သတ္တဝါမျှ ရန့်၏လက်က ပြေးမလွတ်တော့။

သူ့အရှေ့တွင် ဖြစ်ပျက်နေသည့် လူအုပ်ကြီးကို ကြည့်ရင်း စက်ဆုပ်ရွံရှာလာမိကာ သူ၏ အောင်မြင်မှုကိုလည်း လုံး၀ မနှစ်မြို့တော့ချေ။ ပျော်ရွှင်မှုကို မခံစားရသလို ကျေနပ်စိတ်ပင် နည်းနည်းကလေးမျှ ၀င်မလာချေ။ ယခင်က ဆိုလျှင် လူတွေ သူ့ကိုချစ်လာဖို့ သူအမြဲတောင့်တမိခဲ့သည်။ ယခုလို မြင်ရသည့်အခါ လူတွေကို ချစ်ဖို့မပြောနှင့်၊ လူဖြစ်နေသည့် သူ့ကိုယ်သူပင် မုန်းတီးမိလေသည်။ သူ့ကို လူတွေ ချစ်မှာကိုလည်း မလိုလားတော့။ မေတ္တာတရား ဆိုသည့် အရာကို သူ ဘယ်တော့မှ ရှာတွေ့မှာ မဟုတ်မှန်း ရုတ်တရက် နားလည်သွားသည်။ သူရှာတွေ့ခဲ့သည်က အမုန်း တရားသာလျှင် ဖြစ်လေသည်။ လူတွေကို သူမုန်းသည်။ လူတွေကလည်း သူ့ကို မုန်းသည်။

သို့သော် လည်း လူတွေကန်းနေသော် ယခုလောလောဆယ်တွင် လူတွေကို သူမုန်းနေ သူ့ကို မုန်းမနေဘဲ ကိုယ်ရေ ဆောင်ထားသော သူ့ရနံ့ကိုသာ ကွယ်နေသည်မှာ သူ့ကို မဟုတ်၊ ကိုယ်ဝါအငင တမ်းတမ်းစွဲနေကြသည်။ အယောင် လူတွေ ကိုး ရနံ့ကိုသာ ဖြစ်သည်။ တဏှာရမ္မက် ကြီးမား၍ အသိဉာဏ်နည်းလှသော ထိုလူများကို ကမ္ဘာပေါ်မှ ပျောက်ကွယ်သွား စေချင်သည်။ သူတို့ကို သူဘယ်လောက်တောင် မုန်းတီးနေသည်ကိုလည်း သိစေချင်သည်။ လူတွေကြားမှာ သူ၏ အစစ်အမှန် ဖြစ်တည်မှုနှင့်သာ နေထိုင် လိုက်ချင်သည်။

သို့သော် ယခုတော့ သူသည် လောကမှာ အမွှေးမြဆုံးသော ရေမွှေး မျက်နှာဖုံးဖြင့် သူ့ကိုယ်သူ ဖုံးအုပ်ထားသည်။ သူ့မှာ မျက်နှာမရှိ၊ တစ်နည်း ဆိုရသော် ရနံ့ မရှိ။ ရုတ်တရက် အစာအိမ်ထဲမှ အောင့်သလို ဖြစ်လာပြီး တစ်ခါတုန်းက အိပ်မက်ထဲမှာ ကြုံရသည့် မြူထုက ပြန်၍ ထွက်ပေါ်လာသလို ခံစားရသည်။

ရနံ့ကင်းမဲ့သော ထိုမြူထုကသာ သူ့ကိုယ်ပိုင် အနံ့။ သူအနံ့ကို သူ ခံစားလို့ မရ၊ သူ့မှာ အနံ့ မရှိ။ တစ်ခါတုန်းက ခံစားခဲ့ရသော မွန်းကျပ်မှုမျိုးဖြင့် သူထိတ်လန့်လာသည်။ သို့သော် ဤတစ်ကြိမ်မှာတော့ သူသည် အိပ်မက်ထဲမှာ၊ လိုဏ်ဂူထဲမှာ မဟုတ်၊ လူအထောင်အသောင်းရဲ့ အလယ်မှာ။ အိပ်မက်မက်နေခြင်း မဟုတ်၍ လန့်နိုးမသွား၊ လွတ်မြောက် မသွားတော့ချေ။ သူ့အိပ်မက်က အခုတော့ အမှန်တကယ် ဖြစ်ပေါ်လာ ချေပြီ။

ထိုစဉ် လူတစ်ယောက် သူ့ဆီ ပြေးလာသည်။ ထိုသူသည် ဂုဏ် သရေရှိလူကြီးများ ထိုင်နေသော အထူးတန်းမှ ခုန်ဆင်း၍ သူ့တည့်တည့်ကို ပြေးလာခြင်း ဖြစ်သည်။ အားကုန်ပြေးလာသောကြောင့် ထိုသူ၏ ကုတ်အင်္ကျီ က လေအဟုန်နှင့် တလွှားလွှား ဖောင်းပွလွင့်ပျံနေပြီး ဆောင်းထားသော အနက်ရောင် ဦးထုပ်ပင် အနောက်မှာ လွင့်၍ ကျန်ရစ်ခဲ့သည်။ မသိလျှင် ကြိုးနက်ကြီး တစ်ကောင် ပျံသန်းလာသလိုလို၊ အနက်ရောင် နတ်သားတစ်ပါး တောင်ပံခတ်လာသလိုလို။ ထိုသူမှာ ရစ်ချီပင် ဖြစ်လေသည်။

ဂန်နီက သူ့ကို သတ်ဖို့လာသည်ဟု ထင်လိုက်သည်။ သူသည် ရေမွေးနံ့ ဖမ်းစားခြင်းမခံရသော တစ်ဦးတည်းသောသူ ဖြစ်လိမ့်မည်။ သို့မဟုတ် ဤရနံ့က သူ့ကို ဖမ်းစား၍မရခြင်း ဖြစ်နိုင်သည်။ လော်ရာ့ရနံ့ကြောင့် သွေးက စကားပြောခြင်း ဖြစ်လိမ့်မည်။ ရစ်ချီသည် ဂန်နီ့ကို မှတ်မိကာသတ်ဖို့ ပြေးလာခြင်းပင် ဖြစ်ရမည်။

ဂန်နီက သူ့ဆီ တစ်ဟုန်ထိုး ဆင်းသက်လာသော တမန်တော် ရစ်ချီကို လက်နှစ်ဖက်မြောက်၍ ကြိုဆိုလိုက်သည်။ ဓားမြှောင် သို့မဟုတ် ဓားသွားတစ်လက်နှင့် သူ့ရင်ကို၊ အေးစက်သော သူ့နှလုံးသား အလယ်တည့်တည့်ကို ထိုးခွဲသွားပါစေ၊ သို့မှသာ သူ့ကို လွှမ်းခြုံထားသော ရေမွှေးနံ့နှင့် မြူထုကြီး ပေါက်ကွဲပျက်စီးသွားလိမ့်မည်။

သို့သော် ရစ်ချီသည် သူ့ကို တင်းကျပ်စွာ ပြေးဖက်သည်။ သူ့ရင်ကို ဓားမြှောင်နှင့်လည်း မထိုး၊ နှလုံးသားကို ဓားဖြင့်လည်းမခွဲ၊ မုန်းတီးစွာပင် မကျိန်ဆဲချေ။ ယင်းအစား ရစ်ချီပါးပြင်တွင် မျက်ရည်များ စီးကျကာ တုန်ယင်သော နှုတ်ခမ်းအစုံဖြင့် သူ့အား

"သား...၊ သားလေး၊ ခွင့်လွှတ်ပါ သားရယ်" ဟု ရေရွတ်မြည်တမ်း နေလေသည်။

ဂန်နီ့မျက်စိထဲမှာ အရာအားလုံး ဖြူဖွေးဝင်းလက်သွားသည်။ သူ့ကို လှောင်ပိတ်၍ လွှမ်းခြုံထားသော မြူထုကြီးသည် ဆူပွက်နေသော နို့ရည်များလို ပျစ်ခဲလာသည်၊ ထွက်ပေါက်ဟူ၍ ဘာမျှမရှိတော့ချေ။ မွန်းကျပ်သော မြူလှောင်အိမ်ထဲက သူလွတ်မြောက်ချင်သည်။ ဖြစ်နိုင်လျှင် သူ့ခန္ဓာကိုယ်ကြီးကိုပါ ပေါက်ကွဲပစ်လိုက်ချင်သည်။ နောက်ဆုံးတွင် ဂန်နီသည် သတိလစ်၍ မေ့လဲသွားလေတော့သည်။

*****

အခန်း (၅၀)

ဂန်နီ သတိဝင်လာတော့ လော်ရာ့အိပ်ရာထဲမှာ လှဲနေမိမှန်း သဘောပေါက်လိုက်သည်။ အစောပိုင်းက ခုတင်ပေါ်မှာ တင်ထားသည့် ဆံပင်နှင့် အဝတ်အစားများ မရှိတော့ချေ။ အိပ်ရာဘေးက စားပွဲခုံပေါ်မှာ ဖယောင်းတိုင် တစ်ချောင်း ထွန်းထားသည်။ ပြတင်းပေါက်ကို ဟထားသဖြင့် ဟိုးအဝေးက မြို့သားများ၏ အပျော်ကြူးနေသံများကို ကြားရသည်။ ရစ်ချီက ခုတင်ဘေးက ခွေးခြေတစ်လုံးမှာ ထိုင်၍ သူ့ကို စောင့်ကြည့်ရင်း ဂန်နီ့လက်ဖဝါးတစ်ဖက်ကို သူ့လက်ခုပ်ထဲ ထည့်၍ ပွတ်သပ်နေသည်။

ဂန်နီသည် မျက်လုံး မပွင့်ခင်မှာပင် နှာခေါင်းဖြင့် ပတ်ဝန်းကျင်ကို စစ်ဆေးကြည့်လိုက်သည်။ ဤအခန်းထဲမှာ အရာအားလုံး ငြိမ်သက်နေသည်။ အေးစက်သောညက သူ့စိတ်ကို တည်ငြိမ်အောင် ဖန်တီးပေးသည်။ သူ့ကိုယ်မှ ပြောင်းလဲနေသော ရေမွှေးနံ့ကို ရသည်။ ယခုအခါ ရနံ့မှာ ရေမွှေး၏ အထွတ်အထိပ်ပိုင်း ဖြစ်သော လော်ရာ့ရနံ့ ထွက်နေသည်။ ပြီးတော့ မူလထက် ပို၍ နက်ရှိုင်းစွာ မွှေးနေသဖြင့် စိတ်ချလက်ချ ဖြစ်သွားသည်။ ထိုရနံ့သည် နောက်ထပ် နာရီအနည်းငယ်ကြာသည့်တိုင် ပြောင်းလဲဦးမှာ မဟုတ်ချေ။ ထိုသို့ သေချာသွားသောအခါမှ သူ မျက်လုံး ဖွင့်ကြည့်လိုက်သည်။

ရစ်ချီက သူ့ကို ငေးကြည့်နေသည်။ ထိုအကြည့်ထဲတွင် နူးညံ့သိမ်မွေ့ခြင်း၊ သနားကြင်နာခြင်းတို့ ပြည့်လျှမ်း နေသည်။ ရစ်ချီက ဂန်နီ့ကို ပြုံးပြ၍ လက်ကို ခပ်တင်းတင်း ဆုပ်ကာ...

"အားလုံး အဆင်ပြေသွားမှာပါကွယ်။ တရားသူကြီးက စီရင်ချက်ကို ပယ်ဖျက်လိုက်ပြီ။ မျက်မြင် သက်သေ တွေကိုလည်း လွှတ်လိုက်ပြီ။ မင်း လွတ်လပ်သွားပါပြီ။ မင်း လုပ်ချင်တာ လုပ်လို့ရပြီ။ ဒါပေမဲ့ ငါကတော့ မင်းကို ဒီမှာပဲ နေစေချင်တယ်ကွယ်။ ငါ့မှာ သမီးတစ်ယောက် ဆုံးရှုံးခဲ့ပြီးပြီ။ ဆံပင်၊ သူ့နှုတ်ခမ်း၊ သူ့လက် အို...၊ အကုန် သူ့လိုပဲ၊ သိပ်လှတယ်။ မင်းကို ငါ့သားအဖြစ် မွေးစားပါရစေ။ မင်းဟာ သူနဲ့ သိပ်တူတယ်။ သူ့ မင်းရဲ့လက်ကို ငါ တစ်ချိန်လုံး ကိုင်ထားခဲ့တာ။ မင်းလက်က သူ့လက်ကလေး အတိုင်းပဲကွယ်။ မင်းမျက်လုံးတွေကို မြင်ရင်လည်း သမီးကိုယ်တိုင် ကြည့်နေသလိုပဲ။ မင်းက သူ့ရဲ့ အစ်ကိုပေါ့။ ငါ့သားများ ဖြစ်လိုက်ပါတော့လားကွယ်။ ငါ့သား၊ ငါ့မိတ်ဆွေ၊ ငါ့ပျော်ရွှင်မှု၊ ငါ့ရဲ့ ဂုဏ်သိက္ခာ၊ ငါ့ရဲ့ အမွေ။ မင်းမှာ မိဘတွေရော သက်ရှိထင်ရှား ရှိသေးသလားဟင်" ဟု မေးသည်။

ဂန်နီက ခေါင်းခါပြတော့ ရစ်ချီမျက်နှာက ဝမ်းသာပျော်ရွှင်မှုကြောင့် နီမြန်းသွားသည်။

"ဒါ...၊ ဒါဆို ငါ့..၊ ငါ့သားအဖြစ် လက်ခံမယ်ပေါ့နော်"

ရစ်ချီ့ခမျာ ဝမ်းသာလုံးဆို့၍ စကားများပင် ထစ်ကုန်သည်။ သူက ခွေးခြေခုံမှ ခုန်ထကာ ခုတင်စွန်းမှာ ဝင်ထိုင်ရင်း ဂန်နီ့တခြားလက်ကိုပါ ဆွဲယူဆုပ်ကိုင်၍...

"လက်ခံမယ် မဟုတ်လားဟင်။ ငါ့ကို ဖခင်အဖြစ် လက်ခံမယ် မဟုတ်လား။ အို...၊ မပြောနဲ့၊ စကား မပြောနဲ့။ မင်းက စကားပြောဖို့ သိပ်အားနည်းနေသေးတယ်။ ခေါင်းပဲ ညိတ်ပြပါ" ဟု ဆိုသည်။

ဂန်နီက ခေါင်းညိတ်ပြသည်။ ရစ်ချီက ချွေးများပင် စို့လာပြီး ဂန်နီ့နှုတ်ခမ်းကို ကုန်း၍ နမ်းလိုက်ရင်း...

"ကဲ အခုတော့ အိပ်လိုက်ဦး သား။ သား မအိပ်မချင်း ဖေဖေ သားကို စောင့်ကြည့်နေမယ်" ဟုဆိုကာ နောက်ဆုတ်၍ မတ်တတ်ရပ်သည်။ ရစ်ချီက ပီတိဖြစ်၍ အသံမထွက်ဘဲ အကြာကြီး ငြိမ်နေသည်။ "သားကြောင့် ဖေဖေ သိပ်စိတ်ချမ်းသာတာပဲ"

ဂန်နီက နှုတ်ခမ်းထောင့်စွန်းနှစ်ဖက်ကို အထက်သို့ ကော့တက်ပြသည်။ လူတွေပြုံးလျှင် သည်လိုအမူအရာ လုပ်တတ်ကြောင်း သူ သတိထားမိခဲ့သည်။ ထို့နောက် မျက်လုံးများ ပြန်မှိတ်ထားလိုက်သည်။ သူက နှစ်ခြိုက်စွာ အိပ်ပျော်သည့်ပုံစံမျိုး အသက်ပြင်းပြင်းရှူရင်း စောင့်နေလိုက်သည်။ ရစ်ချီက သူ့မျက်နှာကို ချစ်မြတ်နိုးစွာ ငေးကြည့်နေသည်ကို သူသိသည်။ ရစ်ချီက သူနိုးသွားမှာ စိုးသည့်ပုံဖြင့် အသာကလေး ထပ်လာနမ်းသည်။ ထို့နောက် ဖယောင်းတိုင်ကို မှုတ်၍ အခန်းထဲက ခြေဖျားထောက်၍ ထွက်သွားသည်။

ဂန်နီသည် တစ်အိမ်လုံး၊ တစ်မြို့လုံး အိပ်မောကျသွားမည့် အချိန်ကို စောင့်ရင်း လဲလျောင်းနေသည်။ သူ အိပ်ရာက ထတော့ အရုဏ်တက် ပြီးလေပြီ။ သူက အင်္ကျီလဲကာ အောက်ထပ်ရှိ ဧည့်ခန်းထဲသို့ လှေကားမှ ညင်သာစွာ ဆင်းသည်။ ထို့နောက် ဧည့်ခန်းမှတစ်ဆင့် အပြင်ကို ထွက်လိုက်သည်။

ထိုနေရာမှ ကြည့်လျှင် မြို့အုတ်တံတိုင်းကို အပေါ်စီးမှ မြင်ရသည်။ ဂရက်ဆေးမြို့၏ တောင်ကြားကိုလည်း တွေ့ရသည်။ ပင်လယ်နှင့် ဝေးသော်လည်း ရာသီဥတုက ကြည်လင်နေပြီး ကွင်းပြင်ကို မြူခိုးငွေ့ ပါးပါးကလေး လွှမ်းခြုံထားသည်။ ထိုကွင်းပြင်မှ မြက်၊ နှင်းဆီပန်းတို့၏ သန့်စင်သောရနံ့များ

ပျံ့လွင့်လာသည်။ ဂန်နီက ဥယျာဉ်ထဲက ဖြတ်ကာ အုတ်တံတိုင်းကို ကျော်တက်သည်။ မြို့တံခါးဘက် ရောက်သောအခါ စစ်စခန်းကြီးတစ်ခု စတည်းချနေသလို ဖြစ်ကတတ်ဆန်း အိပ်မောကျနေသော လူအုပ်ကြီးကို ခဲခဲယဉ်းယဉ်း ကျော်ဖြတ်ရသည်။

ထောင်ပေါင်းများစွာသော လူတို့မှာ အရက်မူး၍ လဲနေကြသလိုမျိုး အဝတ်မဲ့သူကမဲ့၊ တစ်ဝက်တစ်ပျက်ပေါ်သူက ပေါ်နှင့် ရသမျှ အဝတ်စကို စောင်လို ခြုံ၍ ကွေးနေကြသည်။ ဝိုင်နံ့၊ ဘရန်ဒီနံ့၊ ချွေးနံ့၊ သေးနံ့၊ ကလေးချေးနံ့၊ အသားကင် မီးကျွမ်းသည့်အနံ့များက နေရာတိုင်း ဟောင်ထနေသည်။ ဟိုနားတစ်ခု၊ သည်နားတစ်ခု ဖိုထားသော မီးပုံကလေးများဆီက မီးခိုးများ ထွက်နေဆဲ ဖြစ်သည်။ တရှူးရှူး၊ တခေါခေါ ဟောက်သံများ၊ တဟင်းဟင်း ညည်းညူသံများကလည်း တစ်ချက်တစ်ချက် ထွက်နေသည်။ အချို့သူများမှာ နိုးလျက် ရှိသော်လည်း ဘာဖြစ်နေမှန်း မသိဘဲ စိတ်ရှုပ်ထွေး နောက်ကျိနေသဖြင့် ဗွက်အိုင်များ ရှောင်သလို သတိထား၍ ကျော်ခွသွားသော ဂန်နီကို မမြင်ကြချေ။ မြင်လိုက်သည့်တိုင် မည်သူမှန်း မမှတ်မိကြ။ အခုတော့ သူ့မှာ ဘာရန့်မျှ မရှိတော့ပေ။ အံ့ဖွယ်ဖြစ်ရပ်ကြီး ပြီးဆုံးသွား ခဲ့ချေပြီ။

ကွင်းပြင်ကို ကျော်ဖြတ်လာပြီးနောက် ဂရန်နိဘဲလ်မြို့ဘက်ကိုလည်း မသွား၊ ကက်ဘရစ်မြို့ဘက်ကိုလည်း မသွားဘဲ အနောက်အရပ်သို့သာ တည့်တည့်ကြီး ဆက်လျှောက်သွားသည်။ သူ့အနောက်ကိုတော့ တစ်ချက်မျှ လှည့်မကြည့်တော့ချေ။ နေမြင့်လာသောအခါ ဂရက်ဆေးမြို့ အနီးတစ်ဝိုက် တွင် သူ့အရိပ်အယောင် လုံးဝ ပျောက်ကွယ်သွားလေသည်။

ထိုမနက်တွင် ဂရက်ဆေးမြို့က လူများသည် အရက်နာ ကျထားသလို နိုးထလာကြသည်။ တစ်ခွက်မျှ သောက်မထားသူပင် ဆိုးဆိုးဝါးဝါး ဦးခေါင်းများ အုံခဲကာ ရင်ဘတ်များ အောင့်လျက် ဗိုက်ထဲမှာလည်း မအီမသာ ဖြစ်နေကြသည်။ တောသူတောင်သားများက သူတို့ချွတ်ထားခဲ့သော အဝတ်များကိုလိုက်၍ ကောက်ကြသည်။ ဂုဏ်သရေရှိ မိန်းမများက သူတို့၏ခင်ပွန်းသည်များ၊ ကလေးများကို တကြော်ကြော်ခေါ်၍ လိုက်ရှာကြသည်။ သူတို့သည် လူမြင်ကွင်းတွင် အဝတ်မဲ့ ခန္ဓာကိုယ်ဖြင့် ရှက်ရွံ့နာကျင်စွာ ရုတ်တရက် မျက်နှာချင်းဆိုင် ထရပ်လိုက်မိကြသောအခါမှပင် အိမ်နီးချင်းများ၊ ဆွေမျိုးအရင်းများ၊ တစ်ခါမျှ မသိကျွမ်းသော တစ်သူစိမ်းများနှင့် စိတ်လွတ်ကိုယ်လွတ် ပွေ့ဖက်နမ်းရှုပ်၍ လွန်ကျူးကြမိသည်ကို ထိတ်လန့်တကြား နားလည်သွားကြသည်။

ထိုအတွေ့အကြုံမှာ လွန်စွာ ခါးသီးစက်ဆုပ်ဖွယ် ကောင်းလှသဖြင့် ဘယ်တုန်းကမျှ မဖြစ်ခဲ့ဖူးသလို သူတို့၏မှတ်ဉာဏ်ထဲမှ လုံးဝ ဖျောက်ဖျက်လိုက်ရသည်။ ရှက်စရာလည်း အလွန်ကောင်းသဖြင့် ထိုအကြောင်းကို

တစ်ခွန်းမျှထပ်၍ မဟကြသလို မမြင်ဖူးသလို၊ မကြားဖူးသလို၊ မတွေးဖူးသလိုသာ နေကြရသည်။ နေ့လည်ခင်းတွင် ကွင်းပြင်ကြီးကို ဘာသဲလွန်စမျှ မကျန်ခဲ့အောင် ရှင်းလင်းလိုက်သည်။

မြို့ခံများမှာ ညနေအထိ ဘယ်သူမှ အိမ်ထဲက အိမ်ပြင် မထွက်ကြတော့ချေ။ နောက်ရက်များ၌ တစ်ဦးနှင့် တစ်ဦး တွေ့သည့်အခါတွင်လည်း မျက်နှာချင်း မဆိုင်ရဲကြသလို စကားပင် များများစားစား မပြောဖြစ်ကြတော့။ သို့သော် ရုံးများ ပြန်ဖွင့်သည့်အခါ ထိုကိစ္စကို အမြန်ဆုံး အရေးယူဖို့ တိုင်ပင်ကြသည်။ ညနေတွင် မြို့နယ်ကောင်စီက အစည်းအဝေး တစ်ခုလုပ်သည်။ ဒုကောင်စစ်ဝန် အပါအဝင် ဂုဏ်သရေရှိ လူကြီးမင်းများက တိုတိုနှင့် လိုရင်းကိုသာ ပြောကြသဖြင့် မသိလျှင် ဆွံ့အသူများ အစည်းအဝေး ထိုင်နေကြသည်နှင့်ပင် တူသည်။ ထိုအဖြစ်အပျက်ကိုလည်း တစ်ခွန်း ဂန်နီ့နာမည်ကိုပင် မပြောကြချေ။ သူတို့က ကွင်းပြင်ရှိ ကားစင်နှင့် နေရာထိုင်တန်းများကို ချက်ချင်း ဖယ်ရှားရန်နှင့် မူလအခြေအနေ ပုံစံအတိုင်း ပြန်၍ ထားရှိရန် ဖရန့်ငွေ တစ်ရာ့ခြောက်ဆယ် အကုန်ခံ၍ ပြုပြင်လိုက်ကြသည်။

တစ်ချိန်တည်းမှာပင် တရားသူကြီးက ဂရက်ဆေးမြို့လော၊ ဂန်နီလော မသေချာစွာ “ဂငယ် အမှု”ဟု ခေါင်းစဉ်တပ်ကာ ယခင်ဖိုင်တွဲများကို ပိတ်ပစ်လိုက်ပြီး “ဂရက်ဆေးမြို့ဝန်းကျင်က အပျိုစင် နှစ်ဆယ့်ငါးယောက် အသတ်ခံရမှု” ဟူသော ခေါင်းစဉ်သစ်ဖြင့် ပုလိပ်အရာရှိကို ချက်ချင်း စုံစမ်းခိုင်းသည်။

နောက်တစ်နေ့တွင် ပုလိပ်က သက်သေအသစ်များ ပြန်၍ ဖန်တီးလိုက်သည်။ ဒြူးယော့ ပိုင်ဆိုင်သော တဲလေးထဲတွင် အသတ်ခံရသူများ၏ ဆံပင်နှင့် အဝတ်အစားများတွေ့ရသဖြင့် သူ့ကို ဖမ်းဆီးလိုက်ကြသည်။ ပထမတော့ ဒြူးယော့က တရားသူကြီးကို လှည့်ပတ်ပြောဆိုသော်လည်း ဆယ့်လေးနာရီကြာ အနှိပ်စက်ခံရပြီးနောက် အားလုံးကို သူ့လက်ချက်ဟု ဝန်ခံလိုက်လေသည်။ ဒြူးယော့ကိုယ်တိုင်က မြန်မြန်ကွပ်မျက်ဖို့ တောင်းဆိုသဖြင့် နောက်တစ်နေ့မှာပင် စီရင်ဖို့ မိန့်ချလိုသည်။

နောက်တစ်နေ့ အရုဏ်တက်ချိန်တွင် မည်သို့မျှ ဇာချဲ့မနေတော့ဘဲ တရားသူကြီးတစ်ယောက်၊ ကြိုးပေးသူ တစ်ယောက်၊ ဆရာဝန်တစ်ယောက်၊ ဘုန်းကြီးတစ်ပါးနှင့်ပင် ဒြူးယော့ကို ကြိုးပေး၍ သတ်လိုက်သည်။ အလောင်းကို သတ်မှတ်ထားသော နေရာတွင် ချက်ချင်း မြှုပ်နှံသင်္ဂြိုဟ်လိုက်ပြီး အမှုပိတ်လိုက်သည်။

ထို့နောက် တစ်မြို့လုံးက ထိုအဖြစ်အပျက်ကို တစ်ခါမျှ မဖြစ်ခဲ့ဖူးသလို မေ့လျော့သွားကြသည်။ အပျိုစင်များ အသတ်ခံရမှုအကြောင်း ကြားဖူးနားဝရှိသော

ခရီးသွားများက မေးလျှင်လည်း ဘာတစ်ခုမျှ ရေရေရာရာ မသိကြရပေ။ မြို့အဝင်နားရှိ ချာရိုက်ဆေးရုံရှိ အရူးများကသာ ထိုနေ့က သူတို့၏ အခန်းများကို ပြောင်းရွှေ့ခိုင်းကြကြောင်း၊ ကွင်းပြင်က အပျော်ကြူးပွဲကြီးအကြောင်းလိုလို ဘာလိုလို မရေမရာ ပြန်ပြောတတ်ကြသည်။

အားလုံးသည် ပုံမှန်အတိုင်း လုံးဝ ပြန်ဖြစ်သွားသည်။ လူများသည် ကြိုးကြိုးစားစား အလုပ်လုပ်ကြသည်။ နှစ်ခြိုက်စွာ အိပ်ကြသည်။ အလုပ်ကိစ္စအတွက် ကောင်းကောင်းမွန်မွန် ပြောဆိုဆက်ဆံကြသည်။ ရေတွင်းများက မသတီစရာ ရေများကလည်း လမ်းပေါ်သို့ အမြဲစိမ့်ကျနေသည်။ မြို့ကလေးသည် ယခင်အတိုင်းပင် ချိုင့်ဝှမ်းအထက်မှာ ဂုဏ်ယူဝင့်ကြွားစွာ တည်ရှိနေသည်။

နေရောင်ကလည်း တောက်ပ၍ နွေးထွေးသည်။ အလုပ်ကြသည်။ မကြာမီ မေလ ရောက်လာသဖြင့် နှင်းဆီပန်းများ ရိတ်သိမ်းကြသည်။

*****

WHISPER of WORDS

စတုတ္ထပိုင်း

အခန်း (၅၁)

ဂန္နီသည် ညကျမှ ခရီးဆက်သည်။ သူ၏ အစောပိုင်း ခရီးစဉ်များလိုပင် မြို့များ၊ လူသွားလမ်းများကို ကွေ့ပတ်၍ ရှောင်သွားသည်။ နေ့ဘက်ဆိုလျှင် တစ်နေရာမှာ အိပ်နေတတ်၍ ညကျမှ ထလာပြီး ဆက်လျှောက်သည်။ လမ်းမှာတွေ့သမျှ မြက်၊ မှို၊ ပန်း၊ ငှက်သေ၊ ပိုးကောင်မွှားကောင်များကို စားသည်။ သူသည် ပရောဗန့်စ်ဒေသကို ချီတက်သွားသည်။ လှေတစ်စီးခိုး၍ ရုန်းမြစ်ကို ဖြတ်သည်။ ဆီဗန်ကြဲတောင်တန်းများကို ကျော်၍ မြောက်ဘက်ရှိ အဲလျာမြစ်ဆီ ရောက်သွားသည်။

အူဗယ်ဟ်ညီဒေသသို့ ရောက်လာသောအခါ ပလွမ်ဒူကန်တဲလ်တောင်နှင့် နီးလာသည်။ အနောက်အရပ်တွင် လဲလျောင်းနေသော တောင်တန်းကြီး၏ ငွေရောင်အနားသတ်ကို လရောင်နှင့် မြင်ရသည်။ အေးမြသောလေက ထိုအရပ်က တိုက်ခတ်လာသည်။ သို့သော် ထိုနေရာသို့ သူ မသွားပါ။ သူ့ဘဝကို လိုဏ်ဂူထဲမှာ ကုန်ဆုံးသွားဖို့ မတောင့်တမိတော့။ တစ်ခါတုန်းက ထိုဘဝမျိုးမှာ သူနေဖူးခဲ့သလိုထပ်၍ နေလို့ရမှာ မဟုတ်မှန်း သိနေသည်။ လူတွေနဲ့လည်း အတူနေလို့ မရ။ သူ့မှာ သွားစရာ မြေမရှိ။ ဘယ်လောကမှာမှ သူနေလို့ မရ။ အသက်လည်း ဆက်၍ မရှင်ချင်တော့ပေ။ သူ ပါရီမြို့မှာ သွား၍ သေချင်သည်။ သူ့ဆန္ဒက ဒါပဲဖြစ်သည်။

အိတ်ကပ်ထဲကို သူ ခဏခဏ စမ်းကြည့်မိသည်။ အထဲမှာ အရည်အပြည့်နှင့် ရေမွှေးပုလင်းလေး တစ်လုံးရှိသည်။ ဂရက်ဆေးမြို့မှာ ရေမွှေးတစ်စက်ပဲ သုံးခဲ့ခြင်းဖြစ်သည်။ ဤမျှနှင့်ပင် တစ်လောကလုံးကို ကျွန်ပြုနိုင်သည်။ သူသာ ဆန္ဒရှိလျှင် လူသန်းပေါင်းများစွာရှိသော ပါရီမြို့ကြီးကိုပါ ရနိုင်သည်။ မဟုတ်လျှင်လည်း ဗာဆေးနန်းတော်ကိုသွား၍ ဘုရင်ကိုပင် သူ့ခြေဖမိုးကို နမ်းခိုင်းလို့ရသည်။ သည့်ထက်မက ကြီးကျယ်သော အရာများစွာကိုလည်း ဖန်တီးနိုင်သည်။ သူသာ ဆန္ဒရှိလျှင် အလိုရှိသမျှ အရာရာကို ပိုင်ဆိုင်နိုင်သည်။

ရေမွှေးပုလင်းကို ကိုင်၍ သူစဉ်းစားသည်။ ငွေ၊ အာဏာ၊ ထိတ်လန့်မှု၊ သေခြင်းတရားထက်တို့ထက် ပို၍ အင်အားကြီးသော စွမ်းအားတစ်ခုကို သူ ပိုင်ဆိုင်ထားသည်။ လူသားမျိုးနွယ်တစ်ခုလုံး သူ့ကို ချစ်မြတ်နိုးလာအောင် သူလုပ်နိုင်သည်။ သို့သော် ရေမွှေး၏ စွမ်းအားဖြင့် မတတ်နိုင်သော အရာတစ်ခုရှိသည်။ ယင်းမှာ သူ့အား အနံ့ထွက်လာအောင် မတတ်နိုင်ခြင်းပင် ဖြစ်သည်။ ရေမွှေးသည် သူ့အား လောက၏ အရှင်သခင်အဖြစ် စွမ်းဆောင် နိုင်သည် ထားဦးတော့၊ သူ့မှာ လူလို အနံ့မရှိသည့်အတွက် ဘဝမှာ အသက်ရှင်နေ၍ ဘာများ ထူးလာမည်နည်း။ အနံ့မရှိခြင်း၏ ဆိုးဝါးသော ဖြစ်အင်ကို တစ်ဘဝလုံး ခံစားလာခဲ့ရပြီးပြီ။

ပုလင်းကို ဆုပ်ကိုင်ခဲ့သော သူ့လက်ကို နမ်းကြည့်တော့ မွှေးရနံ့ ခပ်သင်းသင်း စွဲကျန်နေသည်။ သူလမ်းဆက်လျှောက်ဖို့ မေ့ကာ ခဏလောက် မတ်တတ်ရပ်၍ လက်ကို သေချာအောင် ထပ်နမ်းကြည့်သည်။ ဤရေမွှေး မည်မျှမွှေးသလဲ ဘယ်သူမှမသိ။ မည်သို့ ဖော်စပ်ထားမှန်းလည်း သိမှာ မဟုတ်ကြ။ အနံ့ကို ရှူမိလျှင်တောင် ရေမွှေးနံ့မှန်းသိမှာ မဟုတ်ချေ။ ထိုရေမွှေး၏ အလှတရားကို အမှန်အတိုင်းသိသူက ဂရန်နွီ တစ်ဦးတည်းသာ ရှိသည်။ ထို့ကြောင့် ထိုရေမွှေးကို သူသာ ဖန်တီးနိုင်ခြင်း ဖြစ်သည်။ ရေမွှေးက ပြုစား၍ မရနိုင်သည်မှာလည်း သူပဲ ရှိသည်။ သို့သော် ထိုရေမွှေးသည် သူ့အတွက် ဘာအဓိပ္ပာယ်မျှ ရှိမလာချေ။

ထို့နောက် ဘာဂန်ဒီဒေသ အိုလီယာနဲပြည်နယ်သို့ သူရောက်လာသည်။ ဆူလီမြို့နားက လွာမြစ်ကို ဖြတ်သည်။ နောက်တစ်နေ့တွင် ပါရီ မြို့တော်ကြီး၏ အနံ့ကို ရသည်။

၁၇၆၆ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့ မနက်ခြောက်နာရီမှာ ပါရီမြို့ထဲကို သူဝင်လာခဲ့သည်။ ထိုနေ့က နေအလွန်ပူသည်။ တစ်နှစ်လုံးမှာ အပူဆုံးနေ့များထဲက တစ်နေ့ ဖြစ်သည်။ အနံ့ပေါင်း ထောင်သောင်းများစွာက နေရာအနံ့က ထွက်နေသည်။ လေကလေး တစ်ချက်ပင် လုံးဝမတိုက်။ ဈေးထဲကဆိုင်များရှိ အသီးအနှံများကလည်း ရှုံ့တွနေသလို အသား၊ ငါးများလည်း ပုပ်သိုးနေသည်။ လမ်းကျဉ်းကလေးများမှာလည်း အောက်သိုးသိုးအနံ့ ထွက်နေကြသည်။ မြစ်ရေသည်ပင် နံ့လွန်းလှ၍ ဆက်လက်စီးဆင်းဖို့ ငြင်းဆန်ကာ ရပ်တန့်နေသယောင်ယောင်။ ထိုနေ့သည် ဂရန်နွီ မွေးဖွားလာနေ့က အခြေအနေမျိုးနှင့် တူသည်။

သူသည် ပွန့်နျူတံတားကို ဖြတ်ကာ ညာဘက်ရှိ မြစ်ကမ်းပါးသို့ လျှောက်လာသည်။ ထို့နောက် အင်နိုးစန့်သင်္ချိုင်းကို သွားသည်။ အော့စ်ဖဲလမ်းကပ်လျက်ရှိ အရိုးအိုးများ ထားရာ ဂူဗိမာန်ထဲ ဝင်နေလိုက်သည်။ သူ့အရှေ့မှာတော့ သင်္ချိုင်းကုန်းမြေက စစ်မက်ဖြစ်ပွားခဲ့သလိုမျိုး မြေပုံများ၊

မြောင်းများကြားတွင် လူရိုးများ၊ ဦးခေါင်းခွံများနှင့် ပွထနေသည်။ မြက်ပင်၊ ချုံပင်၊ သစ်ပင်ဟူ၍ တစ်ခုမျှ မရှိ။ သက်ရှိဟူ၍လည်း တစ်ကောင်တစ်မြီးမျှ မရှိချေ။ ညဆိုလျှင် တချို့အလောင်းကောင်များ၏ အပုပ်နံ့မှာ သုဘရာဇာပင် ပြန်ပြေးလောက်အောင် ပြင်းထန်လှသည်။ ထို့ကြောင့် နေဝင်သွားသောအချိန်ကျမှ သုဘရာဇာများက မီးတုတ်များထွန်းကာ အလောင်းများ လာမြှုပ်တတ်ကြသည်။ သို့သော် ညနက်အောင် မနေကြ။

သုဘရာဇာများ ထွက်သွားပြီးနောက် ညသန်းခေါင်ယံအချိန်တွင် သင်္ချိုင်းမြေသည် သူခိုး၊ လူသတ်သမား၊ ပြည့်တန်ဆာ၊ အိမ်ခြေရာမဲ့နှင့် လက်ရဲဇက်ရဲ လူငယ်များ ရောက်လာပြီး အသက်ဝင်လာသည်။ တချို့က မီးပုံကလေးဖို၍ ချက်ကြပြုတ်ကြသဖြင့် အပုပ်နံ့ အနည်းငယ် လျော့သွားသည်။

ဂန်နီက ဂူဗိမာန်ထဲက ထွက်ကာ မီးပုံတစ်ခုနားက လူများဆီ ရောက်သွားသည်။ သူသည် ၎င်းတို့အုပ်စုထဲက လူတစ်ယောက်လိုပင် အေးအေးလူလူ လျှောက်လာသဖြင့် ပထမတော့ သူတို့က သတိမထားမိချေ။ နောက်တော့ သူ့ကိုတွေ့ကာ သရဲသဘက်ထင်၍ ထအော်ကြသည်။ ပုံမှန်ဆိုလျှင် သူတို့သည် အလွန် သတိရှိကြသဖြင့် လူစိမ်းကပ်လာလျှင် ချက်ချင်း သိကြသည်။ သို့သော် အပြာရောင် ကုတ်အင်္ကျီနှင့် သူက ပျောက်ကွယ်မသွားဘဲ ထိုနေရာမှာပင် အမြစ်တွယ်နေသည့်အလား ငြိမ်နေသည်။

သူ့လက်ထဲမှာ ပုလင်းလေးတစ်လုံး ကိုင်ထားသည်။ ထို့နောက် ဂန်နီက ပုလင်းအဖုံးကို ဖွင့်လိုက်သည်။

ဤအရာသည် ထိုသူများ ပထမဆုံး ပြန်သတိရလာသည့် မှတ်ဉာဏ်ဖြစ်သည်။ ထိုသူသည် မတ်တတ်ရပ်၍ ပုလင်းအဖုံးကို ဖွင့်သည်။ ထို့နောက် ပုလင်းထဲက အရည်များကို ခေါင်းမှတစ်ဆင့် သူ့ကိုယ်ပေါ် လောင်းချလိုက်ရာ မီးလျှံလို တောက်ပသော အလုတရားများဖြင့် ရွှဲနစ်၍ သွားလေသည်။

ထိုခဏတွင် သူတို့သည် အံ့သြထိတ်လန့်စွာ ဟင်ခနဲ ဟာခနဲ အော်၍ နောက်ဆုတ်သွားကြသည်။ သို့သော် ချက်ချင်းပင် ဆွဲအားတစ်ခုက ခေါ်ဆောင်လိုက်သလို ထိုသူ့ဆီ သတိလက်လွတ် ပြေးသွားကြသည်။ သူတို့စိတ်ထဲတွင် လူစင်စစ်မှ နတ်တစ်ပါးအဖြစ် ပြောင်းလဲသွားသည်ကို မျက်ဝါးထင်ထင် တွေ့လိုက်ကြရသလို ခံစားရသည်။ သူတို့က ဂန်နီ့ကို တဖြည်းဖြည်း ဝန်းရံလာသည်။ အယောက်နှစ်ဆယ်၊ သုံးဆယ်လောက် ဝိုင်းဝန်းရံထားသော လူစက်ဝိုင်းကြီးသည် အလယ်ဗဟိုသို့ ရောက်အောင် သူ့ထက်ငါ အလုအယက် တိုးဝှေ့ကြသဖြင့် တစ်ယောက်ကို တစ်ယောက် တံတောင်နှင့် တွန်းထိုးမိကြသည်။

လူတိုင်းက ထိုနတ်သား၏ အမွေးကလေး တစ်ပင်ကိုပဲရရ တို့ထိကိုင်တွယ်ချင်ကြသည်။ သူတို့က ထိုသူ၏ အဝတ်အစားများကို ဆုတ်ဖြဲ၍ ဆံပင်၊ အရေပြားရရာ အစိတ်အပိုင်းကို တို့ကြဆိတ်ကြသည်။ ထို့နောက် အားမရတော့ဟန်ဖြင့် ခွေးအများကဲ့သို့ လက်သည်းများဖြင့် ထိုးကုတ်ကြသည်။ သွားများဖြင့် ကိုက်ဖြတ်ကြသည်။ သို့သော် လူ့ခန္ဓာကိုယ်၊ အရေပြားသည် တော်ရုံဖြင့် ပြတ်တောက် မသွားသဖြင့် ဓားများဖြင့် လှီးဖြတ်ကြ၊ ပေါက်ဆိန်များဖြင့် ခုတ်ထစ်ကြလေရာ ထိုနတ်သားသည် တစ်ခဏအတွင်းမှာပင် အပိုင်းသုံးဆယ်လောက် ပြတ်တောက်၍ သွားလေသည်။

ထိုလူ့တိရစ္ဆာန်အုပ်ထဲက သတ္တဝါများသည် ရရာအစိတ်အပိုင်းကို ယူပြေး၍ အငမ်းမရ စားသောက် ဝါးမျိုကြလေရာ နာရီဝက်မျှ အကြာတွင် ယန်းဘပ်တိစ်ဂရန်နွီ ဟူသော လူတစ်ယောက်မှာ ကမ္ဘာပေါ်မှ အစအနပင် မကျန်အောင် ပျောက်ကွယ်၍ သွားလေတော့သည်။

ထိုသူများသည် စားသောက်၍ ပြီးကြသောအခါ ဘာစကားတစ်ခွန်းမျှမဆိုဘဲ လာရာလမ်းအတိုင်း ပြန်သွားကြသည်။ အချို့က သွားကြားညပ်နေသော အသားစ၊ အရိုးစတို့ကို ထွေးထုတ်ကြပြီး အချို့မှာ လျှာတသပ်သပ် ဖြစ်နေကြသည်။ အချို့က ကျန်ရစ်ခဲ့သော အပြာရောင် ကုတ်အင်္ကျီစကို မီးပုံထဲ ပစ်ထည့်လိုက်ကြသည်။ သူတို့သည် အနည်းငယ် ရှက်ရွံ့နေကြဟန်ဖြင့် တစ်ယောက်ကို တစ်ယောက် စေ့စေ့မကြည့်ကြ။ သူတို့အားလုံး လူသတ်မှု တစ်မျိုးမျိုးကို အနည်းဆုံး တစ်ကြိမ်လောက်တော့ ကျူးလွန်ကြဖူးသူများချည်းသာ ဖြစ်သည်။ သို့သော် လူသား တစ်ယောက်ကိုတော့ အရှင် လတ်လတ် စားဖူးပုံမရကြ။ ဤမျှ ဆိုးဝါးရက်စက်သော အမှုကို ဘယ်တော့မှ ကျူးလွန်မှာ မဟုတ်ဟု သူတို့ကိုယ်သူတို့ တွေးနေကြသည်။ သို့သော် ဤသို့သော အမှုကို လူစိတ်တစ်စက်မျှမရှိဘဲ အလွယ်တကူ ကျူးလွန်လိုက်ကြမိသည့်အဖြစ်ကိုလည်း သူတို့ကိုယ်သူတို့ ပြန်၍ ရှက်ရွံ့ အံ့သြနေကြသည်။

သူတို့ နောင်တများ ရနေကြသလား။ မဟုတ်ပါ၊ ဆန့်ကျင်ဘက်အနေဖြင့် ဗိုက်ထဲသို့ ရောက်သွားသောအစာက အူထဲမှာ တောက်လောင်နေသော ဝမ်းမီးတို့ကို ချုပ်ငြိမ်းသွားစေသောကြောင့်လား မသိ၊ ကျေနပ်နေကြသည်။ သူတို့၏ မျက်နှာသည် စိတ်ချမ်းသာနေဟန်ဖြင့် နူးညံ့နေသည်။ ထို့ကြောင့်ပင် တစ်ယောက်ကို တစ်ယောက် မျက်လုံးချင်း မဆုံမိအောင် ရှက်နေကြဟန် တူသည်။ နောက်ဆုံးတွင် တစ်ယောက်ကို တစ်ယောက် ခိုးကြည့်ကြသည်။ ထို့နောက် ရဲရဲတင်းတင်းပင် ကြည့်နိုင်လာပြီး ပြုံးပြလိုက်ကြသည်။ သူတို့သည် ပထမဆုံးအကြိမ်အဖြစ် တစ်စုံတစ်ရာကို ချစ်မြတ်နိုးလွန်း၍ ဤသို့ ရက်ရက်စက်စက် ကျူးလွန်မိသည်ကိုပင် ကြံဖန်၍ ဂုဏ်ယူနေကြလေသည်။

ဩဂုတ်လ ၂၅ ရက် ၊ ၂၀၁၈

လင်းခန့်

*****

W H I S P E R of W O R D S